www.burmeseclassic.com

ရန်အောင်စာပေ



ဦးအေးမောင်၊ ဦးဝင်းမောင်

# သေသည်၏ အခြားမဲ့၌

## သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များ

BURMESE CLASSIC .com

သတ္တမအကြိမ်

2008.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

ဦးအေးမောင်၊ ဦးဝင်းမောင်

# သေသည်၏ အခြားမှဲ့၌

သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များ

BURMESE CLASSIC .com

ဤစာအုပ်သည် ဘာသာရေးစာအုပ်မဟုတ်၊
တမလွန်ဘဝပြဿနာကို သုတေသနဆရာတို့၏ လေ့လာတွေ့ရှိရချက်နှင့်အညီ
သိပ္ပံနည်းကျ တင်ပြ ထားခြင်းဖြစ်သည်။
မည်သည့်ဘာသာတရား အဆိုအမိန့်များ မပါရှိဘဲ
ဝါဒစွဲ၊ ကျမ်းဂန်စွဲ၊ ဆရာစွဲ ကင်းရှင်းသဖြင့် ဘာသာဝင်အားလုံးနှင့်
မည်သည့် ဘာသာတရားမျှ မရှိသောသူတို့သည်ပင် ဖတ်ရှုနိုင်သောစာအုပ်ဖြစ်သည်။

သေရမှာ ကြောက်စရာလား ဟူသောမေးခွန်းကို
ဤစာအုပ်က ပိုင်ပိုင်နိုင်နိုင် ဖြေဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ဟောင်းက ဂျပန်စစ်သားဖြစ်ခဲ့သူ မတင်အောင်မျိုး (အလယ်ပုံ) သူမ၏အကြောင်းကို ဤစာအုပ်၏ နောက်ဆက်တွဲ ဖြည့်စွက်ချက်တွင် ဖော်ပြထားသည်။



ရန်ကုန်မြို့၊ အုတ်ကျင်းရပ်ကွက်တွင် ယခင်ဘ၀က သူငယ်ချင်းများ ရန်ဖြစ်ကြပြီး၊ မှိန်းဖြင့် အထိုးခံရ၍ သေဆုံးသွားသူတစ်ဦး ပြန်လည် ဝင်စားသည် ဟုဆိုသော သူငယ်တစ်ဦး။ မွေးကာစကပင် ထိုသူငယ်၏ ရင်ဝတွင် ဒဏ်ရာ၊ အမာရွတ်အမှတ်အသားတစ်ခု ထင်ထင်ရှားရှား ပါလာသည်။



ယခင်ဘ၀က မြစ်ထဲ၌ လက်ပစ်ဗုံးဖောက်ခဲ့ပြီး၊ ငါးဖမ်းရာ၌ ထိုနိုက်ဒဏ်ရာ ရရှိ၍ သေဆုံးခဲ့သော လူငယ်တစ်ယောက် ပြန်လည်ဝင်စားသည့် အမျိုးသမီးတစ်ဦး၏ မွေးရာပါ ကိုယ်အင်္ဂါ ချို့တဲ့မှု။

www.burmeseclassic.com

www.burmeseclassic.com

# သေသည်၏ အခြားမဲ့၌

တရားနက်သိပ္ပံကျမ်း
(ဘာသာရေးစာအုပ် မဟုတ်)

ဦးအေးမောင် ● ဦးဝင်းမောင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| * | ကျမ်းဦးစကား | ၁ |
| * | ဒုတိယနှိပ်ခြင်း | ၃ |
| * | တတိယနှိပ်ခြင်း | ၅ |
| * | ကျွန်တော်သိသော ဦးဝင်းမောင် | ၇ |
| * | စာရေးသူများ | ၉ |
| | – ဦးအေးမောင် | ၉ |
| | – ဦးဝင်းမောင် | ၁၀ |
| ၁။ | တမလွန်ဘဝ ရှိ၊မရှိ | ၁၁ |
| | (က) ယုံကြည်သူများ၏ အဆို | ၁၂ |
| | (ခ) မယုံကြည်သူများ၏ အဆို | ၁၇ |
| ၂။ | တမလွန်ဘဝနှင့် သိပ္ပံပညာ | ၁၉ |
| ၃။ | လေ့လာတွေ့ရှိချက်များ | ၂၇ |
| | (က) တယ်လီပသီ | ၂၈ |
| | (ခ) အာရုံထင်ခြင်း | ၂၉ |
| | (ဂ) နတ်ဝင်နှင့် ဝိညာဉ်လောက | ၃၃ |
| ၄။ | နတ်ဝင်၏ တယ်လီပသီလော၊ တမလွန်ဘဝလော | ၄၂ |
| ၅။ | လူသေ လူဝင်စား | ၆၁ |
| ၆။ | လူဝင်စားမှု သုတေသန | ၇၁ |
| | (က) ဒေါက်တာစတီဗင်ဆင်၏ သုတေသန | ၇၁ |
| | (ခ) ထူးခြားသော လူဝင်စားမှုများ | ၇၄ |
| ၇။ | လူဝင်စားမှုကို မယုံကြည်သူတို့၏ အဆိုများ | ၈၂ |
| ၈။ | စဉ်းစားဖွယ်ရာများ | ၉၂ |
| ၉။ | လူ၏ကိုယ်ခွဲ | ၁၁၀ |


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၀။ | သေရွာပြန်တို့၏ ကိုယ်တွေ့ | ၁၁၅ |
| | (က) ဒေါက်တာမူဒီ၏ စူးစမ်းလေ့လာချက် | ၁၁၅ |
| | (ခ) ရှေးဟောင်းစာပေမှ အထောက်အထားများ | ၁၂၇ |
| | (ဂ) စဉ်းစားဖွယ်ရာများ | ၁၃၁ |
| | (ဃ) နောက်ထပ်တွေ့ရှိရချက်များ | ၁၃၆ |
| ၁၁။ | သေခါနီး နိမိတ်အာရုံထင်မှု | ၁၄၃ |
| | (က) သေခါနီးလူနာကို စူးစမ်းလေ့လာမှု | ၁၄၃ |
| | (ခ) စိတ်ငြိမ်းချမ်းသာယာမှု | ၁၄၇ |
| | (ဂ) နိမိတ်အာရုံထင်မှု | ၁၅၁ |
| | (ဃ) သူတို့မြင်သော တမလွန်လောက | ၁၆၂ |
| | (င) သုတေသီတို့၏ ထင်မြင်ချက် | ၁၆၅ |
| ၁၂။ | ပြန်လည်သုံးသပ်ချက် | ၁၆၈ |
| ၁၃။ | စာရေးသူတို့၏ ယုံကြည်ချက် | ၁၈၆ |


**နောက်ဆက်တွဲ**


| | | |
|---|---|---|
| ၁။ | ဒေါက်တာစတီဗင်ဆင်လေ့လာခဲ့သော မြန်မာနိုင်ငံလူဝင်စားမှုများ၏ ထူးခြားချက် | ၁၉၁ |
| ၂။ | ရှေးဟောင်းတိဗက်စာပေမှ တမလွန်လောက | ၁၉၄ |
| ၃။ | သေရွာပြန်များ၏ ကိုယ်တွေ့ | ၂၀၂ |
| ၄။ | ဘဝချုပ်ငြိမ်းခါနီး သတိပညာရှိမှု | ၂၀၉ |
| ၅။ | သေဘေးကို ကြောက်သူများအတွက် ဆေးတစ်ခွက် | ၂၂၆ |
| * | ဝေါဟာရများ | ၂၃၀ |
| * | မှီငြမ်းပြုသော စာအုပ်များ | ၂၃၁ |


www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကသို့ သေသူ၏ ဝိညာဉ်ကို သယ်ဆောင်သွားရန်အတွက် သချိုင်းဂူ၌တွေ့ရသော လှေပုံစံ။ ဘီစီ (၁၄၀၀) လောက်က အီဂျစ်ရှေးဟောင်းထုံးစံ အမှတ်အသား ဖြစ်သည်။



ဘီစီ -၂၀၀၀ခန့်က ရှေးအီဂျစ်လူမျိုးတို့သည် သေသူ၏ ဂူအတွင်း၌ စစ်သည်တော် ပုံတူ ရုပ်တုငယ်များကိုပါ ထည့်သွင်းထားကြောင်း တွေ့ရသည်။

ထိုရုပ်တုများကို ဂါထာမန္တရားတို့ဖြင့် အသက်သွင်းနိုင်သည်ဟူ၍ ယူဆကြသည်။ သေသူအား နောက်ဘဝတွင် စောင့်ရှောက်ရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဤပုံများကို ဘီစီ ၁၃၀၀ ခန့်က ရှေးအီဂျစ်စာပေများ၌ ဖော်ပြထားသည်။ ပထမပုံ၌ နောင်ဘဝတွင် စကားပြောနိုင်ရန်နှင့် အစားအစာများ စားနိုင်ရန် ရုပ်အလောင်း၏ ပါးစပ်ကို ဖွင့်လှစ်သည့် အစီအစဉ် ဖြစ်သည်။ ဒုတိယပုံတွင် ပရလောကသို့ ဝင်ခွင့်မပြုမီ သေသူ၏ နှလုံးကို ချိန်တွယ်၍ သူ ပြုခဲ့သော အမှုများကို အကောင်းအဆိုး ဆုံးဖြတ်ခြင်းခံရပုံ ဖြစ်သည်။



တမလွန်ဘဝကို ရှေးခေတ်လူမျိုးတို့ ယုံကြည်ကြောင်းမှာ သူတို့၏ အသုဘဓလေ့ထုံးစံများ၌ ထင်ရှား၏။ သေသည်၏ အခြားမဲ့၌ ဝိညာဉ်သည် ကိန်းဝပ်ရန် ကိုယ်ခန္ဓာ ရှိမှ သာလျှင် ဆက်လက်တည်တံ့နိုင်မည်ဟူ၍ ယုံကြည်ကြသဖြင့် သေသူ၏ အလောင်းကို ကြာရှည်ခံအောင် ဆေးစီရင်လေ့ရှိသည်။ အထက်ပါပုံသည် ဘီစီ ၁၄၀၀ခန့်က နေပူဖြင့် အခြောက်လှန်းထားသော ရုပ်ကလာပ် ဖြစ်သည်။ နောင်ဘဝတွင် လိုလေသေး မရှိစေရန် သေသူ၏ ပစ္စည်းများ၊ လက်နက်ပစ္စည်းများနှင့် အစားအသောက်များကို တစ်ပါတည်း မြှုပ်နှံထားကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် အချို့လူတို့သည် တစ္ဆေကို မယုံကြည်ဟု ဆိုသော်လည်း သေသူ၏ ဝိညာဉ်ကို လက်ခံယုံကြည်မှု လက္ခဏာများကို အချို့သော ဓလေ့ထုံးစံများ၌ ယနေ့တိုင် တွေ့ရဆဲ ဖြစ်၏။ သေသူအလောင်း၏ မျက်စေ့များကို ပိုက်ဆံပြားတို့ ဖြင့် ဖုံးအုပ်ထားခြင်းသည် လိပ်ပြာဝိညာဉ်ကို မျက်လုံးမှ ထွက်ပေါက် မရရှိစေရန် ကာကွယ်သော ဓလေ့ထုံးစံ ဖြစ်၏။




ကမ္ဘာပေါ် ရှိ တိုင်းပြည်အများအပြား၌ လူဝင်စားပြဿနာကို ကိုယ်တိုင် သွားရောက် လေ့လာလျက်ရှိသော အမေရိကန် ပြည်ထောင်စု၊ ဗားဂျီးနီးယား တက္ကသိုလ်၊ ပရစ်ဗွာဗေဒဌာန ပါမောက္ခ ဒေါက်တာအီအန် စတီဗင်ဆင်။




ပျော်ဘွယ်မြို့အနီး ရွာတစ်ရွာတွင် ဒေါက်တာ စတီဗင်ဆင် လူဝင်စားတစ်ဦးအား စိတ်ဝင်စားစွာ မေးမြန်းနေပုံ

www.burmeseclassic.com






တမလွန်လောကအကြောင်း နှိုက်နှိုက်ချွတ်ချွတ်လေ့လာခဲ့ကြသော သုတေသီပညာရှင်
အက်ဒမွန် ဂါနီ (ဝဲပုံ)၊ ဖရက်ဒရစ် မိုင်းလား (ယာပုံ)



ဗြိတိသျှ စိတ်ဝိညာဉ်
အသင်းကြီး၏ ပထမဥက္ကဋ္ဌ
ဒဿနိကပါမောက္ခ
ဟင်နရီ ဆစ်(ဂျ)ဝစ်




နတ်ဝင်များကို
ယထာဘူတကျကျ
လေ့လာစူစမ်းခဲ့သော
ဗြိတိသျှ သိပ္ပံပညာကျော်
ဆာ ဝီလျံ ခရု

www.burmeseclassic.com

www.burmeseclassic.com





သေသူ၏ အသိမိတ်ဆွေများနှင့် သားချင်းများထံမှ (**automatic Writing**) အလိုအလျောက်ရေးသော စာဖြင့် သတင်း ရယူပေးနိုင်သည်ဟု ဆိုသော ဗြိတိသျှနတ်ဝင် ဂရေစီ ရိုးရှား၏ပုံ ဖြစ်သည်။ နတ်ဝင် ခပ်ဖော့ဖော့ ကိုင်ထားသော ဖောင်တိန်ဖြင့် ခ‌ာတ်စီးများက ယင်းစာများကို မိမိတို့၏ လက်ရေးဖြင့် ရေးပေး၏။

www.burmeseclassic.com

www.burmeseclassic.com



## နှစ်ပေါင်း ၁၂၀ ကျော်က အံ့ဖွယ်ဓာတ်ပုံ

၁၈၆၅-ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့တွင် ကျင်းပသော ဗြိတိသျှကိုလံဘီယာ ပါလီမန်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ် ကောင်စီ အမတ်များ၏ ဓာတ်ပုံကို ရိုက်ယူလိုက်စဉ်၊ ဓာတ်ပုံရိုက်စဉ်က မပါရှိသော အမတ်တစ်ဦး၏ မျက်နှာပုံသည် ဓာတ်ပုံပေါ်တွင် ထူးဆန်းစွာ ပါဝင်ခဲ့လေသည်။ ထိုသူမှာ ယင်းအစည်းအဝေးကျင်းပနေချိန်တွင် မိမိ၏ နေအိမ်၌ အသည်းအသန် ဖျားနာနေ၍ လွှတ်တော်အစည်းအဝေးသို့ လုံးဝ မတက်ရောက်နိုင်သော အမတ် ချားလ်(စ) ဥတ် ဆိုသူ ဖြစ်သည်။ ချားလ်(စ) ဥတ် နေအိမ်၌ အသည်းအသန် ဖြစ်နေချိန် သူ၏ ကိုယ်ခွဲ (ဝါ) ဝိညာဉ်ပုံရိပ်သည် အစည်းအဝေးသို့ ရောက်လာခိုက် ဓာတ်ပုံရိုက်ကူးလိုက်ချိန်တွင် ချားလ်(စ) ဥတ် (မြားပြထားသည်) ပုံပေါ် လာခြင်း ဖြစ်ရာ ဤဓာတ်ပုံသည် သမိုင်းဝင် ထူးခြား ဆန်းကြယ်သော ပုံတစ်ပုံ ဖြစ်ခဲ့သည်။

ဤဓာတ်ပုံ၏ မူရင်းကို ကိုလံဘီယာမြို့တော်၊ ဗစ်တိုရိယ ပါလီမန် အဆောက်အအုံတွင် ချိတ်ဆွဲထားသည်။

**Ref : This is Spiritualism by Maurice Bar Banell**

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁)

## မိဖုရား ကိုယ်ရောင်ပြ

ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂန်မြို့တော်ရှိ စိတ်ဝိညာဉ် စမ်းသပ်ခန်းတစ်ခုတွင် မကြာခင်က ကားမှောက်၍ သေဆုံးခဲ့သူ ဘယ်ဂျီယံဘုရင် လီယိုပိုး၏ မိဖုရား အက်စတြစ် ရောက်လာပြီး ကိုယ်ရောင်ပြခဲ့သည်ကို ကင်မရာသုံးလုံးဖြင့် တစ်ပြိုင်တည်း အမိအရ ဖမ်းရိုက်နိုင်ခဲ့လေသည်။ (ပုံ-၁)

ထို မိဖုရား အက်စတြစ်၏ပုံကို အကြီးချဲ့လိုက်ရာတွင် မြင်ရသောပုံ (ပုံ-၂)

ဘယ်လဂျီယံ တံဆိပ်ခေါင်းပေါ်မှ ဘုရင်မ အက်စတြစ်၏ မူလပုံ (ပုံ-၃)



ပုံ (၂)



ပုံ (၃)

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှနတ်ဝင်တစ်ဦး ဘဝင်ကျ (Trance) နေစဉ် လေးလံသော စားပွဲတစ်ခုက လေထဲသို့ အလိုလို မြောက်တက်လာပုံ။



ဗြိတိသျှလူမျိုး နတ်ဝင် ကော်လင် အီဗင်က လန်ဒန်မြို့ အဲလဗတ် ခန်းမ၌ လူပရိသတ်ရှေ့တွင် လေထဲသို့ ကိုယ်ကြွ တက်ပြပုံ။

အထက်ပုံတို့မှာ ၁၉၂၀ နှင့် ၁၉၃၀ ပတ်ဝန်းကျင် နှစ်များအတွင်းက အမှောင်ထဲ၌ အင်ဖရာရက် ရောင်ခြည်ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃-ခုနှစ်က အမေရိကန်ပြည်ထောင်စု၊ ပင်စယ်လဗင်နီးယားပြည်နယ် ဖရားတာ စိတ်ဝိညာဉ် လေ့လာရေးစခန်း၌ မှောင်ထဲတွင်(**Infra-Red**) ရောင်ခြည်တစ်မျိုးဖြင့် ၅၀-စက္ကန့်လျှင် တစ်ပုံကျ ရိုက်ကူးထားသော ပုံများ။

လိုက်ကာအတွင်းရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသူမှာ နတ်ဝင်ဖြစ်သည်။ နတ်ဝင်ကိုယ်ပေါ်မှ ထွက်လာသော (**Ectoplasm**) ခေါ် ဓာတ်စီးပစ္စည်းသည် မိမိအစောင့်ဖြစ်သော စီးလဗားဘဲလ် (**Silver Belle**) ပုံသဏ္ဍာန်ကို တစ်စတစ်စ အသွင်ဆောင်ပုံ ဖြစ်သည်။ ထိုဓာတ်စီးပစ္စည်းမှ ရုပ်ပုံဖြစ်ပေါ်လာပုံကို လူပေါင်း ၈၁-ယောက်ကတွေ့မြင်ကြရသည်ဟု ဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းဦးစကား

လူသည် သေသည်၏အခြားမဲ့၌ မည်သို့ဖြစ်သွားသနည်းဟူသော ပြဿနာနှင့် ပတ်သက်၍ အနောက်နိုင်ငံ စိတ်ဝိညာဉ် သုတေသီပညာရှင်တို့၏ စူးစမ်းလေ့လာ တွေ့ရှိရချက်များကို ဤစာအုပ်၌ ရေးသားထားပါသည်။

တမလွန်ဘဝပြဿနာသည် ရှေးအစဉ်အလာအားဖြင့် လူတို့၏ ဘာသာရေးနယ်၌ ပါဝင်နေသော်လည်း ဤစာအုပ်သည် ဘာသာရေးစာအုပ် မဟုတ်ချေ။ အနောက်နိုင်ငံများ၌ ဘာသာရေး ယုံကြည်ချက်ကြောင့် မဟုတ်ဘဲ တစ်နည်းဆိုသော် ဝါဒစွဲ၊ ဆရာစွဲ၊ ကျမ်းဂန်စွဲမရှိဘဲ အမှန်တရားကို သိရှိလိုသော ဆန္ဒသက်သက်ဖြင့် တမလွန်ဘဝပြဿနာကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာနေသော ပညာရှင်များ ရှိ၏။ ဤစာအုပ်၌ ဘာသာရေး အတွေးအခေါ်၊ အဆိုအမိန့်များကို လုံးဝရှောင်ကြဉ်၍ ထိုသုတေသီဆရာတို့၏ လေ့လာတွေ့ရှိရချက်များကိုသာ တင်ပြထားပါသည်။

အချို့သော အကြောင်းအရာများမှာ ဤစာအုပ်ရေးသားသော ပုဂ္ဂိုလ်နှစ်ဦးအနက် ရှေးကတစ်ဦး ရေးသားခဲ့သော စာအုပ်နှစ်အုပ်[၁]၌ ပါရှိပြီးဖြစ်သောကြောင့် ယခုစာအုပ်၌ အကျဉ်းချုပ်၍ ရေးသားထားပါသည်။ အချို့နေရာများ၌ ထိုစာအုပ်များကို ညွှန်းထားပါသည်။ သာဓကများပြဆိုရာ၌ ဆိုင်ရာလူများ အမည်နေရာဌာန နေ့ရက် စသည်တို့ကို အတိအကျ မဖော်ပြတော့ဘဲ အကျဉ်းချုပ်မျှသာ ဖော်ပြထားပါသည်။

ဤစာအုပ်၌ပါရှိသော စိတ်ဝိညာဉ်သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များမှာ အများအားဖြင့် မြန်မာနိုင်ငံနှင့် အခြားကမ္ဘာအရပ်ရပ်ရှိ များစွာသော သူတို့အဖို့ အသစ်အဆန်းဖြစ်မည် မဟုတ်ချေ။ ၎င်းတို့အကြောင်းကို ကမ္ဘာသူကမ္ဘာသားများ ကြားဖူးကြပေမည်။ အချို့သော အဖြစ်အပျက်မျိုးကို ကိုယ်တိုင်ကြုံတွေ့ဖူးသော သူများသည်ပင် ရှိပေလိမ့်မည်။ လူအများ ကြားဖူးကြုံဖူးသော အဖြစ်ဆန်းများသည် စိတ်ဝိညာဉ် သုတေသန မှတ်တမ်း၌ ပါရှိသော သာဓကများနှင့် အသေးစိတ် မတူညီစေကာမူ ယေဘုယျ သဘောလက္ခဏာ တူညီလိမ့်မည်ဟု ယူဆဖွယ်ရှိ၏။

---

၁။ ဦးအေးမောင် "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" ၁၉၇၄၊ "လူ့စိတ်သဘာဝ" ၁၉၆၇။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဓိက ခြားနားချက်မှာ လူတို့ ကြားဖူးကြုံဖူးသော ဖြစ်ရပ်များမှာ သုတေသီတို့ လေ့လာသုံးသပ်ရလောက်အောင် အထောက်အထား ခိုင်လုံခြင်းမရှိ။ စိတ်ပိညာဉ် သုတေသန မှတ်တမ်းမှ သာဓကများမှာမူ တိကျခိုင်မာ၍ စူးစမ်းလေ့လာရာ၌ အရေး ပါသော အထောက်အထားများ ဖြစ်၏။ ဤစာအုပ်၌ ဖော်ပြထားသော သာဓကများမှာ သုတေသီတို့ တွေ့ရှိစုဆောင်းထားသော သာဓက အမြောက်အမြားမှ အနည်းငယ်မျှသာ ဖြစ်၏။

ဤစာအုပ်သည် တမလွန်ဘဝ ပြဿနာကို ဆန္ဒစွဲ၊ ဆရာစွဲ၊ ကျမ်းဂန်စွဲမထားဘဲ သိပ္ပံနည်းကျကျ ဆင်ခြင်သုံးသပ်လိုသော ပုဂ္ဂိုလ်များ စိတ်ဝင်စားကြလိမ့်မည်ဟု စာရေးသူ တို့ ယုံကြည်ပါသည်။ တမလွန်ဘဝနှင့် ပတ်သက်သော စာရေးသူတို့၏ ခံယူချက်ကို သုတေသီဆရာတို့၏ အယူအဆ၊ အတွေးအခေါ်နှင့် မရောထွေးစေဘဲ စာအုပ်အဆုံး၌ တသီးတခြား ဖော်ပြထားပါသည်။

ဦးအေးမောင်၊ ဦးဝင်းမောင်



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယနှိပ်ခြင်း

ဤ ဒုတိယအကြိမ်ရိုက်နှိပ်သော စာအုပ်၌ ပထမစာအုပ်တွင် ပါရှိသော အမှားများကို ပြင်ထားပါသည်။ အခန်း(၁၀)ကို အနည်းငယ် ဖြည့်စွက်ရေးသားး၍ အခန်း(၁၁) နှင့် (၁၂)ကို အသစ် ပြန်လည်ရေးသားထားပါသည်။

သေရွာပြန်များအကြောင်း သုတေသနပြုသော ဒေါက်တာမူဒီ၏ ဒုတိယစာအုပ်ကို ဤစာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေပြီးသည့်နောက်မှ ရရှိခဲ့ပါသည်။ ထိုစာအုပ်မှ ဒေါက်တာမူဒီတွေ့ရှိသော နောက်ထပ် စိတ်ဝင်စားဖွယ်ရာများကို အခန်း(၁၀)၌ ဖြည့်စွက်ရေးသားထားပါသည်။ သေခါနီး နိမိတ်အာရုံထင်မှုများအကြောင်း အမေရိကန် စိတ်ပိညာဉ် သုတေသီနှစ်ဦး လေ့လာတွေ့ရှိရသော အချက်များကို စုံစုံစေ့စေ့ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည့် စာအုပ်မှာလည်း "သေသည်၏ အခြားမဲ့၌" ပထမအကြိမ် ထွက်ပေါ်ပြီးသည့်နောက်မှ ကျွန်ုပ်ထံ ရောက်ရှိလာပါသည်။ ထိုစာအုပ်ကို မှီငြမ်းပြု၍ အခန်း(၁၁)ကို ပြန်လည်ရေးသားထားပါသည်။

အခန်း(၁၂)မှာ အထက်ပါ စာအုပ်နှစ်အုပ်နှင့် အခြား နောက်ထပ်ဖတ်ရှုခဲ့ရသော စာအုပ်စာတမ်းများကို အခြေပြု၍ ပြန်လည်ရေးသားထားခြင်း ဖြစ်ပါသည်။ ပြန်လည်ရေးသားထားသည်ဆိုသော်လည်း ရှေးကတင်ပြခဲ့သော ပဓာနအချက်များကို မပြောင်းလဲဘဲ စိတ်ပိညာဉ် သုတေသီတို့၏ တွေ့ရှိရချက်များကို ဆင်ခြင်သုံးသပ်ရာမှ ထွက်ပေါ်လာသော အတွေးအခေါ်များကို ရှေးကထက် ပို၍ စုံစုံစေ့စေ့ တင်ပြထားပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသော စုံစမ်းလေ့လာမှုများအနက် အချို့တွင် သက်ဆိုင်ရာ သုတေသီများသည် မိမိတို့ကိုယ်တိုင် တွေ့ရှိထားသောအချက်များနှင့် မိမိတို့ ကိုးကွယ်သော ဘာသာရေးတရားများ၏ အဆိုများ ဆန့်ကျင်ဘက်ဖြစ်နေသည့်တိုင်အောင် သိပ္ပံပညာရှင်ပီပီ အစွဲအလမ်း လုံးဝကင်းစွာဖြင့် မိမိတို့ကိုယ်တိုင် တွေ့ရှိထားသော အချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ထုတ်ဖော်ရေးသားကြပေသည်။ ယခုအခါ အမေရိကန်ပြည်မှ ခရစ်ယာန်ဘာသာဝင်နှင့် အိန္ဒိယပြည်မှ ဟိန္ဒူဘာသာဝင် အမြောက်အမြားတို့၏



www.burmeseclassic.com

www.burmeseclassic.com



သေခါနီးနှင့် သေရွာပြန် အတွေ့အကြုံများကို စိတ်ဝိညာဉ် သုတေသီများက စနစ်တကျ လေ့လာစုံစမ်းပြီး မှတ်တမ်းတင်ထားခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ၏ အလားတူ အတွေ့အကြုံနှင့် ခံစားရချက်များကိုမူ အရေးအသားအားဖြင့် ကျွန်တော်များ မတွေ့ဖူးပါ။ ယင်းတို့ကို စုံစမ်းလေ့လာရန် လိုအပ်သည်ဟု ကျွန်တော်များ ယူဆပါသည်။

သို့ဖြစ်ပါ၍ အကယ်၍ အလားတူ သုတေသနလုပ်ငန်းရပ်များ လေ့လာစုံစမ်းလိုသော မြန်မာသိပ္ပံပညာရှင်များနှင့် ဆရာဝန်များရှိပါက ကျွန်တော်များက သက်ဆိုင်ရာ စာအုပ်၊ စာရွက်စာတမ်းများနှင့်တကွ အခြားအကူအညီများကို တတ်အားသရွေ့ ရှာဖွေ မှာယူပေးမည် ဖြစ်ပါသည်။ အောက်ပါလိပ်စာမှတစ်ဆင့် ကျွန်တော်များနှင့် ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ဦးအေးမောင်၊ ဦးဝင်းမောင်
လှမေ စာပေတိုက်
လောကနတ် အလှပညာဆိုင်ခန်း
အမှတ် ၆၂၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်။
စာပို့သင်္ကေတ အမှတ် ၁၁၁၈၁။



www.burmeseclassic.com

www.burmeseclassic.com

# တတိယနှိပ်ခြင်း

ဤ တတိယအကြိမ်ရိုက်နှိပ်သော စာအုပ်၌ အကြောင်းအရာသုံးခုကို ဖြည့်စွက်ရေးသားထားပါသည်။

ပထမအကြောင်းမှာ ရှေးတိဗက်လူမျိုးတို့၏ တမလွန်လောကစာအုပ် ဖြစ်၏။[၁] ဤရှေးဟောင်း တိဗက်ကျမ်းကို ဒေါက်တာမူဒီက သူ၏သေရွာပြန်များအကြောင်း လေ့လာတွေ့ရှိချက် စာအုပ်၌ ရည်ညွှန်းထား၏။ အနောက်နိုင်ငံ အသိပညာရှင်များ စိတ်ဝင်စားသောစာအုပ်ဖြစ်၍ မြန်မာစာဖတ်ပရိသတ် လေ့လာသုံးသပ်နိုင်ရန်အတွက် စာအုပ်၏ ဆိုလိုရင်းအချက်များကို တင်ပြထားပါသည်။

ဒုတိယအကြောင်းအရာများမှာ သေရွာပြန်များ၏ ကိုယ်တွေ့ကို လေ့လာခဲ့သော ဒေါက်တာကင်နက်ရိန်း၏ 'တွေ့ရှိချက်များ ဖြစ်၏။[၂] သူ၏ တွေ့ရှိချက်မှာ အများအားဖြင့် ဒေါက်တာမူဒီ၏ တွေ့ရှိချက်နှင့်တူညီ၍ ဒေါက်တာမူဒီ၏ စာအုပ်၌ မပါသော အသစ်အဆန်း တွေ့ရှိချက်များကိုသာ ဖော်ပြထား၏။ စိတ္တဗေဒရှုထောင့်မှ တင်ပြထားသော ဒေါက်တာရိန်း၏ ထင်မြင်ချက်မှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

တတိယ အကြောင်းအရာမှာ ဘဝချုပ်ငြိမ်းခါနီး၌ သတိပညာရှိမှု ဖြစ်၏။ ဘာသာတရားကြီးများသည် သေခါနီးကာလ၌ ဘဝကူးကောင်းရန်အတွက် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်မှု (ဝါ) သတိပညာရှိမှု၏ အရေးကြီးပုံကို အလေးအနက်ဟောကြားခဲ့ကြ၏။ တစ်နည်းဆိုသော် ဤ တတိယနောက်ဆက်တွဲမှာ မရဏာနုဿတိအကြောင်း ဖြစ်၏။ ဤအကြောင်းကို ရေးသားရာ၌ စာအုပ်၏ အခြားအခန်းများမှာကဲ့သို့ပင် ဘာသာရေး အတွေးအခေါ်၊ အဆိုအမိန့်များမပါစေဘဲ ယခုခေတ် ပညာရှင်တို့၏ အသိအမြင်နှင့် လေ့လာတွေ့ရှိချက်များကို အခြေပြု၍ ရေးသားထားပါသည်။

နောက်ဆုံး ရေးသားထားသော အကြောင်းအရာမှာ သေမည့်ဘေးကို ကြောက်ရွံ့သော်သူများအတွက် လက်တွေ့ကုထုံးတစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်သည်။

---

၁။ Dr. Evans Wentz, "The Tibetan Book of the Dead"

၂။ Dr. Kenneth Ring, "Life at Death"



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့်ဆိုသော် ဤစာအုပ်တွင် သေခါနီးနှင့် သေရွာမှပြန်လာသူ(သေရွာပြန်)တို့၏ အတွေ့အကြုံများ၊ ခံစားရချက်များကို အဓိကထား ဦးစားပေး၍ ရေးသားထားခြင်းဖြစ်ပါသည်။ သေသည်၏အခြားမဲ့၌ ဘဝပြောင်းပြီး လူတစ်ဖန် ပြန်လည်ဖြစ်ရသော လူဝင်စားကိစ္စရပ်များကို အကျယ်တဝင့် ရေးသားတင်ပြနိုင်ခွင့် မရှိပါ။ ယင်းကိစ္စနှင့် ပြဿနာရပ်များကို ပြည့်ပြည့်စုံစုံ၊ ကျယ်ကျယ်ပြန့်ပြန့်၊ သိပ္ပံနည်းကျကျ ဆွေးနွေးတင်ပြထားသော "ဘဝအိုးအိမ် အကြိမ်ကြိမ်" (ဦးဝင်းမောင်)စာအုပ်ကို ဆက်လက်လေ့လာသင့်ပါသည်။

ကျွန်တော်များအမြင်ဖြင့် ဝမ်းနည်းစရာ ကိစ္စတစ်ရပ် ရှိပါသည်။ ဤစာအုပ်၏ "ဒုတိယပုံနှိပ်ခြင်း" အမှာစာ၌ မြန်မာနိုင်ငံရှိ ဆရာဝန်များနှင့် သိပ္ပံပညာရှင်တို့အား ခရစ်ယာန်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်များကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့၏ သေခါနီးနှင့် သေရွာပြန် အတွေ့အကြုံများ၊ ခံစားရမှုများကို လေ့လာစုံစမ်းသင့်ကြောင်း တင်ပြခဲ့ပါသည်။ လိုအပ်သော စာအုပ်၊ စာရွက်စာတမ်းများနှင့် အခြားအကူအညီများကို တတ်အား သရွေ့ ရှာဖွေမှာယူပေးပါမည် ဟူ၍လည်း ကတိပြုခဲ့ပါသည်။ သို့ရာတွင် ယခုအချိန်အခါအထိ မည်သူ တစ်ဦးတစ်ယောက်မျှ မေးမြန်းစုံစမ်းခြင်း မပြုပါ။

ဦးအေးမောင် ၊ ဦးဝင်းမောင်

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်သိသော ဦးဝင်းမောင်

ကျွန်တော်နှင့် ဦးဝင်းမောင်သည် ဒုတိယကမ္ဘာစစ်မဖြစ်မီက မန္တလေးမြို့၌ ပညာသင်ကြားရင်း တစ်ခေတ်တည်း ကြီးပြင်းခဲ့ကြသော်လည်း ကျောင်းတစ်ကျောင်းစီ ဖြစ်နေ၍ ငယ်သူငယ်ချင်း မဖြစ်ခဲ့ကြချေ။ စစ်ပြီး လွတ်လပ်ရေးခေတ်ရောက်မှ ရန်ကုန်မြို့၌ အလုပ်လုပ်ရင်း တွေ့ဆုံ၍ ခင်မင်ရင်းနှီးလာကြ၏။ သူသည် ကျွန်တော်နှင့် စရိုက်ဝါသနာ မတူချေ။ အထူးအားဖြင့်မူ ကျွန်တော်ကဲ့သို့ ငယ်စဉ်က မိဘမဲ့ဖြစ်ပြီး ဆင်းရဲချို့တဲ့စွာ ပညာသင်ကြားခဲ့ရသူ မဟုတ်ချေ။

စင်စစ် ဦးဝင်းမောင်သည် ဘဝအကျိုးပေး ထူးခြားသော ပုဂ္ဂိုလ်ဖြစ်၏။ တစ်ခါက ရွှေဘုံသာလမ်းရှိ ဗေဒင်လက္ခဏာ ဆရာတစ်ဦးထံ သူ၏ရှေ့ဖြစ်ကို မေးမြန်းလိုသဖြင့် ကျွန်တော် သူနှင့်အတူ လိုက်ပါသွား၏။ လက္ခဏာဆရာသည် သူ၏လက္ခဏာကို စစ်ဆေးပြီးနောက် ရှေ့ဖြစ်ကိန်းသုံးခုကို ဟော၏။ ယင်းတို့မှာ (၁) ဆွေမျိုးတစ်ဦးထံမှ အမွေရမည် (၂) နိုင်ငံခြားသို့ သွားရမည် (၃) စာအုပ်တစ်အုပ် ရေးသားထုတ်ဝေ ရမည် ဖြစ်၏။ ဤဟောပြောချက် သုံးခုစလုံးမှာ ဦးဝင်းမောင်အဖို့ ယုံတမ်းစကားကဲ့သို့ ဖြစ်နေတော့၏။ ထိုအချိန်က သူ့မှာ မည်သည့် ဆွေမျိုးသားချင်းထံကမှ အမွေရရန် မျှော်လင့်ချက် မရှိ။ ဒုတိယဟောကိန်းမှာ သဘာဝယုတ္တိ ပိုမိုကင်းမဲ့သော ဟောကိန်း ဖြစ်၏။ သူကဲ့သို့ အသက်ခုနစ်ဆယ်နီးနေပြီဖြစ်သော အစိုးရဝန်ထမ်း ပင်စင်စား၊ အငြိမ်းစားတစ်ဦးသည် နိုင်ငံခြားသို့သွားရန် အဘယ်မှာ အခွင့်အလမ်း ရှိနိုင်ပါမည်နည်း။ နောက်ဆုံး ဟောကိန်းမှာမူ ဦးဝင်းမောင်ကဲ့သို့ မြန်မာစာရေးသားရန် လုံးဝစိတ်မဝင်စား၊ ဝါသနာ မပါ၊ ရေးသားဖူးခြင်းမရှိ၊ ရေးရန်အကြောင်းရပ်လည်း ဗလာနတ္ထိဖြစ်နေသော သူ့အဖို့ ရယ်ဖွယ်ရာ ဖြစ်နေတော့၏။

သို့ဖြစ်စေကာမူ နောက်ကာလ၌ အထက်ပါ ဟောကိန်းသုံးခုစလုံး အံ့ဖွယ်လိလိ မှန်ကန်နေတော့၏။ မန္တလေးမြို့နေ အဒေါ်အပျိုကြီးတစ်ယောက်က ဦးဝင်းမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမသုံးယောက်တို့အား သူမသေမီ စိန်ရွှေရတနာ အတော်များများ ခွဲဝေ၍ အမွေပေးခဲ့၏။ ၁၉၆၀ ပြည့်နှစ်အလယ်၌ အမေရိကန်ပရစိတ္တဗေဒပညာရှင် ဒေါက်တာ စတီဗင်ဆင်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်၍ လူဝင်စားမှုများကို ကွင်းဆင်း သုတေသနပြုလေ့လာခဲ့ရာ ဦးဝင်းမောင်က အမြဲလိုက်ပါ၍ ကူညီဆောင်ရွက်ပေးခဲ့၏။ သို့ဖြင့် ဒေါက်တာ စတီဗင်ဆင် အလုပ်လုပ်သော ဗာဂျီးနီးယားတက္ကသိုလ်၊ ပရစိတ္တဗေဒ ဌာနသည် လူဝင်စားမှု လေ့လာတွေ့ရှိချက်များကို ခွဲခြားစိတ်ဖြာ စိစစ်ရာ၌ ပါဝင်ကူညီရန် ဖိတ်ကြားသဖြင့် ဦးဝင်းမောင်သည် အမေရိကန်ပြည်ထောင်စုသို့ နှစ်ကြိမ်တိုင် သွားရောက် ခဲ့ရ၏။

သုတေသီဆရာ ဒေါက်တာစတီဗင်ဆင်သည် ကမ္ဘာ့အရပ်ရပ်မှ နှစ်ပေါင်းများစွာ သူ လေ့လာသိရှိရသော လူဝင်စားများအကြောင်း စာအုပ်သုံးလေးအုပ် ရေးသားဖူး၏။ သူနှင့်တွဲဖက်၍ သုတေသနပြုခဲ့သော ဦးဝင်းမောင်အား အလားတူ မြန်မာစာအုပ်တစ်အုပ် ရေးသားရန် ကျွန်တော် မကြာခဏ တိုက်တွန်းအားပေးခဲ့သည်။ သို့ရာတွင် ရေးသားရန် စာတွေ့၊ ကိုယ်တွေ့ အကြောင်းအရာများ၊ များစွာရှိပါလျက် ရေးက လုံးဝမလုပ်ဖူးသော အလုပ်မျိုးပြုလုပ်ရန် သူ့မှာ တွန့်ဆုတ်နေခဲ့၏။ စာပေရေးသားရန် လက်တွန့်နေဟန် တူ၏။

"သေသည်၏အခြားမဲ့၌" စာအုပ်ကို ရေးသားရန် ကျွန်တော် စိတ်ကူးကြံစည် သောအခါ၌ကား ဦးဝင်းမောင်ကို စာပေတွန်းအားပေးရန် ကျွန်တော် အခွင့်အလမ်း ရရှိလာ၏။ စာအုပ်ထွက်လာသောအခါ စာအုပ်မျက်နှာဖုံး၌ ကျွန်တော်တို့နှစ်ဦး အမည် ဖော်ပြထားသော်လည်း အခန်း(၁၃)တွင် သူ၏ယုံကြည်ချက်နှင့် နောက်ဆက်တွဲ-၅ မှ တစ်ပါး အခြားစာများမှာ ကျွန်တော်၏ ရေးသားချက်များ ဖြစ်၏။ သို့ရာတွင် ရုပ်ပုံများ နှင့် အကြောင်းအရာ၊ အချက်အလက်များမှာ ဦးဝင်းမောင်ထံမှ ရရှိသော ပရစိတ္တဗေဒ စာအုပ်စာတမ်းနှင့် ဂျာနယ်များကို မှီငြမ်းပြု၍ ရေးသားထားခြင်း ဖြစ်၏။

ထို ပရစိတ္တ သုတေသန စာအုပ်စာတမ်းများကို အခြေပြု၍ "သေသည်၏အခြား မဲ့၌" ကို အတော်အတန် ပြီးပြည့်စုံသော စာအုပ်ဖြစ်အောင် ရေးသားခွင့် ရရှိသောကြောင့် ဦးဝင်းမောင်၏ ကျေးဇူးကား ကြီးမားလှပေသည်။ ထိုကျေးဇူးကို အသိအမှတ်ပြုသော အားဖြင့် သူ၏နာမည်ကို စာအုပ်အဖုံး၌ ဖော်ပြခဲ့ခြင်းဖြစ်၏။ သို့ဖော်ပြရာ၌ ကျွန်တော်၏ မျှော်လင့်ချက်တစ်ခုမှာ ဦးဝင်းမောင်အား သုတေသန စာပေလုပ်သားတစ်ဦး အဖြစ်သို့ တွန်းပို့ရန် ဖြစ်ပါ၏။ ကျွန်တော်၏ မျှော်လင့်ချက်နှင့်အညီ သူ မကွယ်လွန်မီ "ဘဝအိုးအိမ် အကြိမ်ကြိမ်" ဟူသောစာအုပ်ကို သူ ရေးသားထုတ်ဝေနိုင်ခဲ့ခြင်းကို ပြန်လည်စဉ်းစားရင်း ကျေနပ်နှစ်သိမ့်မိပါတော့သည်။

ဦးဝင်းမောင်သည် ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

**အေးမောင်**

၂၅-၈-၉၃



www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူများ

### ဦးအေးမောင်

မန္တလေးမြို့တွင် ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ကျောင်းဆရာအဖြစ်လုပ်ကိုင်၍ စစ်ပြီးခေတ်တွင် စာပေဗိမာန် အယ်ဒီတာအဖြစ်ဖြင့် ၁၉၇၅ ခုနှစ်၊ ပင်စင် အငြိမ်းစားယူသည်အထိ လုပ်ကိုင်ခဲ့သည်။

နေးရှင်းသတင်းစာ၊ ဂါးဒီးယန်းသတင်းစာနှင့် မဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ် အင်္ဂလိပ်–မြန်မာ သတင်းစာများနှင့် မြဝတီမဂ္ဂဇင်း၌ ဘာသာရေး၊ စိတ်ပညာနှင့် သိပ္ပံပညာ အကြောင်း မြန်မာ–အင်္ဂလိပ် ဆောင်းပါးများ ရေးသားခဲ့ပါသည်။

အောက်ပါစာအုပ်များ ရေးသားခဲ့၍ အချို့စာအုပ်များကို ဤစာအုပ်၏ အချို့နေရာများ၌ ရည်ညွှန်းထားပါသည်။

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ (သုံးတွဲ) | ၁၉၆၃–၆၅ |
| ၂။ | ဗိဇနှင့်ပတ်ဝန်းကျင် | ၁၉၆၅ |
| ၃။ | လူ့စိတ်သဘာဝ | ၁၉၆၇ |
| ၄။ | သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော | ၁၉၆၈ |
| ၅။ | ဘဝဆည်းဆာ | ၁၉၇၂ |
| ၆။ | စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ | ၁၉၇၄ |
| ၇။ | စိတ်ပညာနှင့်ကိုယ်ကျင့်တရား | ၁၉၇၇ |
| ၈။ | စိတ်ပညာနှင့်စိတ်ငြိမ်းချမ်းမှု | ၁၉၈၁ |
| ၉။ | ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ | ၁၉၉၃ |
| ၁၀။ | လူ့ဘဝလူ့လောကအမြင် (နှစ်တွဲ) | ၂၀၀၀–၀၁ |
| ၁၁။ | သိပ္ပံနည်းစူးစမ်းလေ့လာမှုနှင့် အတွေးအမြင်စာစုများ | ၂၀၀၁ |
| ၁၂။ | ဗုဒ္ဓအမြင် လူသားစွမ်းအင် | ၂၀၀၂ |
| ၁၃။ | လူတစ်ယောက်၏ခွန်အား | ၂၀၀၃ |

မဟာစည် ဆရာတော်၏ တရားစာအုပ်ငါးအုပ် (အရိယာဝါသသုတ်၊ သလ္လေခသုတ်၊ သက္ကပဉှာသုတ်၊ ဓမ္မဒါယာဒသုတ်နှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်)ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

ပိဋကတ် ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့အတွက် အောက်ပါ ဗုဒ္ဓစာပေများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

၁။ မဇ္ဈိမနိကာယ် (မူလပဏ္ဏာသ)
၂။ ထေရအပါဒါန် (ပထမပိုင်း)
၃။ မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ)

**ရန်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

## ဦးဝင်းမောင် (နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ ဒုတိယဆင့်)

Dip Engg(Rgn) A.M.I.W.M (London)
A.M.I.M: Wood T (Liv) M.A.S.P.R. (N.Y)

အသက် ၇၂ နှစ်ရှိပြီ။ မန္တလေးမြို့ ကယ်လီ အထက်တန်းကျောင်းနှင့် ဥပစာကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီအိုစီ အင်ဂျင်နီယာကောလိပ်မှ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ ဒီပလိုမာလက်မှတ်ရ သင်တန်းမှ အောင်မြင်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် သစ်တောဌာန၊ သစ်သားပစ္စည်း သုတေသနခရိုင်တွင် ပညာသင်အလုပ်ရုံ အုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၄၀–၄၆ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလန်ပြည်သို့ အစိုးရပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည်။ ၁၉၄၆–၁၉၅၂ ခုနှစ်အတွင်း သစ်တောဌာန၊ သစ်သားပစ္စည်း သုတေသန အလုပ်ရုံမှူးအဖြစ်လည်းကောင်း၊ ၁၉၅၃–၅၆ ခုနှစ်အတွင်း အောင်ဆန်းမြို့ စက်မှုလက်မှုပညာသင်ကျောင်း ကျောင်းအုပ်ဆရာကြီးအဖြစ်လည်းကောင်း၊ ၁၉၅၇–၆၃ ခုနှစ်အတွင်း သစ်တောထွက် ပစ္စည်းလုပ်ငန်းဌာနခွဲ အထွေထွေမန်နေဂျာအဖြစ်လည်းကောင်း တာဝန်ဝတ္တရားအသီးသီးတို့ကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် သစ်တောဌာန၊ သစ်သားသုတေသနအရာရှိအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ပြီး ၁၉၆၈ ခုနှစ်တွင် အငြိမ်းစားယူသည်။

၁၉၇၀ ပြည့်နှစ်မှစ၍ အမေရိကန်ပြည်၊ ဗာဂျီးနီးယားဆေးတက္ကသိုလ်မှ ပရစိတ္တဗေဒဌာန ပါမောက္ခ ဒေါက်တာအီအင်စတီဗင်ဆင်နှင့် တွဲဖက်၍ မြန်မာပြည်ရှိ လူဝင်စားကိစ္စများကို ရှာဖွေစုဆောင်း လေ့လာစုံစမ်းသည်။ အခြား ပရစိတ္တဗေဒပညာရပ်များကိုသိပ္ပံနည်းကျကျ စနစ်တကျ လေ့လာဆောင်ရွက်ရန် ဗာဂျီးနီးယားတက္ကသိုလ်၏ ဖိတ်ခေါ်ချက်အရ ၁၉၇၉ ခုနှစ်အတွင်း လေးလကြာမျှ အမေရိကန်ပြည်သို့ သွားရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ၏ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)ကို ချီးမြှင့်အပ်နှင်းခြင်း ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

# တမလွန်ဘဝ ရှိ၊ မရှိ

လူသတ္တဝါသည် သေပြီးသည့်နောက် ဘဝသစ်တစ်ဖန် ဖြစ်ပါသလော။ တစ်နည်းဆိုသော် တမလွန်ဘဝဟူ၍ ကောန်ရှိပါသလော။ သို့တည်းမဟုတ် အသက်ဇီဝိန် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ဘာမျှမဖြစ်တော့ဘဲ ဘဝလုံးဝ ပြတ်တောက်သွားပါသလော။ တစ်နည်းဆိုသော် တမလွန်ဘဝ ရှိသည်ဟု ဆိုခြင်းမှာ လွဲမှားသော အယူသက်သက် ဖြစ်ပါသလော။

ရှေးပဝေသဏီမှစ၍ ယနေ့အထိ များစွာသော ကမ္ဘာသူ၊ ကမ္ဘာသားတို့သည် တမလွန်ဘဝကို ယုံကြည်ကြ၏။ တမလွန်ဘဝသည် မည်သို့သောဘဝမျိုး ဖြစ်သည်ဟူ၍ ခံယူရာ၌ ကွဲပြားခြားနားသော်လည်း သေသည်၏အခြားမဲ့၌ အချည်းနှီးမဖြစ်ဘဲ ဘဝသစ်တစ်ခုခုသို့ ရောက်ရှိသွားသည်ဟု တညီတညွတ်တည်း ယုံကြည်ကြ၏။ ဤယုံကြည်ချက်သည် ပုဂ္ဂိုလ်၏ အသိပညာ၊ လူတန်းစား၊ သဘောအယူဝါဒ စသည်တို့နှင့် မသက်ဆိုင်ချေ။ ရှေးဂရိ တွေးခေါ်ရှင်ကြီး ပလေတို[၁]၏ ရေးသားချက်များ၌လည်းကောင်း၊ သမိုင်းဦးခေတ် လူမျိုးတို့၏ ဓလေ့ထုံးစံများ၌လည်းကောင်း တမလွန်ဘဝအယူသည် ထင်ရှား၏။ ပုံစံအားဖြင့် ရှေးအီဂျစ်လူမျိုးတို့သည် ၎င်းတို့၏ ဘုရင်အလောင်းများကို နှစ်ပေါင်းများစွာ မပုပ်မသိုးအောင် ပြုပြင်စီရင်ထားကြ၏။ ရှေးက ရှမ်းပြည်နယ်၌ စော်ဘွားတစ်ဦးသေလျှင် ကျေးကျွန်များကိုသတ်၍ အတူမြှုပ်နှံကြ၏။ မြန်မာနိုင်ငံ၌ တရုတ်လူမျိုးအချို့သည်လည်း ယနေ့တိုင်ပင် သေသူ၏ မသာခေါင်း၌ နောင်ဘဝတွင် ပြည့်စုံလုံလောက်စေရန် အဝတ်အစားနှင့် အခြားအသုံးအဆောင်များကို ထည့်ပေးလေ့ရှိကြ၏။

---

၁။ Plato



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက အချို့ တိုင်းပြည်များ၌ တမလွန်ဘဝကို မယုံကြည်သောသူများ ရှိသော်လည်း ယုံကြည်ကြသူများနှင့်စာသော် သူတို့ဦးရေမှာ မပြောပလောက်ချေ။ ယခုခေတ်၌မူ တမလွန်ဘဝကို သံသယရှိသော၊ သို့မဟုတ် လုံးဝ အယုံအကြည်မရှိသောသူများမှာ ရှေးကထက် ပိုမိုများပြားလာ၏။ သိပ္ပံပညာထွန်းကားလာ၍ ရုပ်ပိုင်းကြီးပွားတိုးတက်မှုတွင် ရှေ့တန်းရောက်နေသော အနောက်နိုင်ငံများတွင် ထို မယုံကြည်သောသူ အမြောက်အမြားရှိ၏။ မြန်မာနိုင်ငံတွင် ခေတ်ပညာတတ် လူတန်းစားများ၌ အတော်များများ တွေ့ရ၍ နောင်ကာလ၌ သူတို့၏ဦးရေ တိုးပွားလာမည့် လက္ခဏာရှိ၏။

လူတို့သည် တမလွန်ဘဝရှိသည်ဟု ခံယူရာ၌လည်းကောင်း၊ တမလွန်ဘဝမရှိဟု ခံယူ၌လည်းကောင်း အများအားဖြင့် ဘိုးဘွားဆရာသမားတို့၏ အစဉ်အလာ ဟောပြောဆုံးမမှု၊ သို့မဟုတ် ဝါဒစွဲ၊ ဆန္ဒစွဲတစ်ခုခုကြောင့် ခံယူကြခြင်းဖြစ်၍ မိမိတို့၏ ခံယူချက်ကို ဓမ္မစိဋ္ဌာန်ကျကျ ဝေဖန်ဆန်းစစ်လေ့ မရှိကြချေ။ သို့ဖြစ်၍ အဘယ်ကြောင့် မိမိအယူမှန်ကန်သည် ထင်ပါသနည်းဟု မေးပါက အကြောင်းပြချက်များမှာ အခြေအမြစ်မရှိဘဲ သဘာဝယုတ္တိ ကင်းမဲ့နေသည်က များ၏။

ရှေးဦးစွာ တမလွန်ဘဝကို လက်ခံယုံကြည်သောသူတို့၏ အချို့သော အကြောင်းပြချက်များကို စဉ်းစားရန်ရှိ၏။

## (က) ယုံကြည်သူများ၏ အဆို

တမလွန်ဘဝ ရှိသည်ဆိုသော အယူသည် ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာသူ ကမ္ဘာသား **အများဆုံး** လက်ခံထားသော အယူဖြစ်သောကြောင့် မှန်ရမည်ဟုဆို၏။ ဤအယူသည် **ကမ္ဘာ့လူဦးရေ**၏ အကြီးမားဆုံး အစိတ်အပိုင်းက လက်ခံသော အယူဖြစ်ခြင်းကို သံသယရှိရန် မလိုချေ။ အမှန်ဆိုသော် ယခုအခါ တမလွန်ဘဝ ရှိမရှိ ပြဿနာကို စိတ်မဝင်စားဘဲ လျစ်လျူပြုထားသောသူများ၊ သို့မဟုတ် တမလွန်ဘဝကို ပြတ်ပြတ်သားသား လက်မခံ၊ မယုံကြည်သောသူများ သိသိသာသာ ဦးရေတိုးပွားလျက်ရှိ၏။ ထိုသို့ လုံးဝ စိတ်မဝင်စားသောသူများ၊ လုံးဝ အယုံအကြည်မရှိသောသူများ ရှေးကထက် တိုးတက်များပြားလာသည် မှန်သော်လည်း စွဲစွဲမြဲမြဲ လက်ခံယုံကြည်သောသူများကသာ လွန်စွာ အင်အားကြီးမားလျက်ပင်ရှိကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေမည်။

သို့ရာတွင် အယူဝါဒတစ်ခု၏ မှန်ကန်မှုသည် လက်ခံယုံကြည်သော ပုဂ္ဂိုလ်ဦးရေ၊ သို့မဟုတ် ထိုအယူဝါဒ၏ စွဲမြဲခိုင်မာမှုနှင့် မသက်ဆိုင်ချေ။ များစွာသော ကမ္ဘာ့လူသားတို့၏ အတွေးအခေါ်နယ်၌ ရှေးပဝေသဏီကစ၍ အစွဲအမြဲ အခြေစိုက်ခဲ့သော အယူဝါဒများ၏ လွဲမှားတတ်ပုံကို လူ့သမိုင်းက အထင်အရှားပြလျက်ရှိ၏။ လူ့သိများသော ပုံစံတစ်ခုမှာ ရှေးအခါက ကမ္ဘာကို နေက လှည့်ပတ်သွားလာသည်ဟု ကမ္ဘာ့သူ၊ ကမ္ဘာသားအားလုံးက လက်ခံယုံကြည်ခဲ့ရာ သိပ္ပံပညာ ပေါ်ထွန်းလာသောအခါမှ ထိုအယူ လွဲမှားကြောင်း သိကြရ၏။ လူတို့သည် အများအားဖြင့် အသိပညာခေါင်းပါး၍ လူအများ



www.burmeseclassic.com

www.burmeseclassic.com



စု၏ ယုံကြည်ချက်များ မကြာခဏ မှားယွင်းတတ်ခြင်းမှာ လူ့လောက၏ ထင်ရှားသော လက္ခဏာခြင်းရာတစ်ရပ် ဖြစ်၏။

အချို့လူတို့က တမလွန်ဘဝကို ယုံကြည်သော ကမ္ဘာ့ပညာရှင်များကို ထောက်ပြ၍ မိမိတို့ အယူမှန်ကန်သည်ဟု ဆိုကြ၏။ ရှေးအခါကစ၍ ယနေ့အထိ အတိုင်းတိုင်း အပြည်ပြည်၌ တမလွန်ဘဝကို လက်ခံယုံကြည်သော စာရေးဆရာကြီးများ၊ သိပ္ပံပါရဂူများနှင့် အခြားပုဂ္ဂိုလ်ကျော်များ အများအပြား ထွက်ပေါ်ခဲ့သည် မှန်၏။ သို့ရာတွင် ကမ္ဘာပေါ်တွင် တမလွန်ဘဝကို လက်ခံသော ပညာရှင်ပုဂ္ဂိုလ်ကျော်များ (ပလေတို၊ ဆော့ကရေးတီး၊ ဆာအာသာကယ်နွန်ဒိုင်[၁]စသည်) ရှိခဲ့ကြသည်နှင့်အမျှ လက်မခံဘဲ ငြင်းဆိုကြသော ပညာရှင်အကျော်အမော်များ၊ (ဘားနတ်ရှော၊ ဆစ်ဂမန်ဖရွိုက်[၂] စသည်) လည်း ရှိခဲ့ကြောင်းကို မမေ့သင့်ချေ။ စင်စစ် မိမိအယူအတွက် ပညာရှင်တို့ကို ကိုးကား ခြင်းသည် ပုဂ္ဂိုလ်စွဲ အကြောင်းပြချက်သက်သက်ဖြစ်၍ အမှားအမှန်ဆုံးဖြတ်ရာ၌ မည်သို့မျှ အကျိုးမပြုချေ။ ယထာဘူတကျကျ ဆုံးဖြတ်ရန်အတွက် ပညာရှင်များ၏ အရေးအတွက်၊ ဂုဏ်အရည်အချင်းနှင့် ထင်ပေါ်ကျော်ကြားမှုကို မကြည့်ဘဲ သူတို့၏ အဆိုအမိန့်ကိုသာ လျှင် ဆန်းစစ်ရန် လိုပေလိမ့်မည်။

အချို့ကမူ တမလွန်ဘဝကို ယုံကြည်မှုသည် သဘာဝဓမ္မ၏ဖြစ်စဉ်နှင့် ကိုက်ညီ သည်ဟု ယူဆကြ၏။ နေ့ဖြစ်ပြီးလျှင် ညရောက်၍ ညပျောက်သောအခါ၌လည်း နေ့ ပြန်လည် ပေါ်ပေါက်လာရ၏။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးသည်လည်း ထိုနည်း အတူ အမြဲ သံသရာစက် လည်လျက်ရှိ၏။ ဤသဘာဝနိယာမနှင့်အညီ လူသတ္တဝါ၏ ဘဝဖြစ်စဉ်သည် ဘယ်အခါမျှ အကြွင်းမဲ့ ပြတ်စဲခြင်းမရှိဘဲ သေသည်၏အခြားမဲ့၌ ဘဝသစ်တစ်ဖန် ဖြစ်လာရမည်ဟု ဆို၏။ ဤသည်မှာ သဘာဝချင်းမတူသော အကြောင်း ခြင်းရာများကို နှိုင်းယှဉ်သော ဥပမာဖြင့် ကြံဆခြင်းဖြစ်၍ ထိုကြံဆမှုမျိုး၏ အားနည်း ချက်ကို သတိပြုသင့်ပေသည်။[၃] နှိုင်းယှဉ်ထားသော သဘာဝဓမ္မ[၄] နှစ်ခုမှာ များစွာ ကွဲပြား ခြားနားရကား အကြောင်းတစ်ခုကို အခြေပြု၍ အခြားတစ်ခုကို အကြောင်းကြံဆရန် ယုတ္တိအထောက်အထား မခိုင်လုံချေ။

တမလွန်ဘဝရှိသည်ဟု ယုံကြည်သောသူတို့ အထူးထောက်ပြလေ့ရှိသော အချက် တစ်ခုမှာ လူတို့၏ ကောင်းမှု၊ မကောင်းမှုနှင့် ပတ်သက်သော အချက်ပင်ဖြစ်၏။ သူတော်ကောင်းများသည် မိမိ၏ အကျင့်သီလ မြင့်မြတ်မှုအတွက် အခါခပ်သိမ်း ကောင်းကျိုးချမ်းသာ မခံစားရဘဲ ကွယ်လွန်ကြ၏။ အချို့သော သူယုတ်မာများသည် မိမိတို့ပြုသော ဒုစရိုက်မှုများအတွက် ဆင်းရဲဒုက္ခမခံကြရဘဲ ဘဝချုပ်ငြိမ်းသွားကြ၏။

---

၁။ Plato, Socrates, Sir Arthur Conaan Doyle

၂။ Bernard Shaw, Sigmund Freud

၃။ သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော။ စာ-၁၄၉။

၄။ Phenomenon



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လူတို့၏ ကောင်းမှု၊ မကောင်းမှုများသည် မျက်မှောက်ဘဝ၌ ရာခိုင်နှုန်းပြည့် အထင်အရှား အကျိုးပေးလေ့ မရှိသောကြောင့် ထိုသို့ အကျိုးပေးရန်အတွက် တမလွန်ဘဝ မုချရှိရမည်ဟု ဆိုကြ၏။ ဤသည်လည်း အတွေးအခေါ်နယ်၌သာ ရှိသဖြင့် မှန်သည်ဟူ၍ မဆိုနိုင်ချေ။

ဤအဆိုမှာ ပုဂ္ဂိုလ်သတ္တဝါ အသီးသီးသည် မိမိပြုသော အမှုအတွက် ကောင်းကျိုး ဆိုးပြစ်ကို ထိုက်သည့်အားလျော်စွာ ပြည့်ပြည့်ဝဝ ခံယူရန် ကြည့်ရှုစီရင် ဆုံးဖြတ်သော စကြဝဠာသခင် အနန္တတန်ခိုးရှင် ရှိသည်။ သို့တည်းမဟုတ် လူတို့၏ ကောင်းမှု၊ မကောင်းမှုများအတွက် အစအဆုံး ကောင်းကျိုး ဆိုးကျိုးပေးရန်အတွက် သဘာဝဓမ္မက စီမံဖန်တီးသည်ဟူသော ယုံကြည်ချက်အပေါ်၌ တည်ရှိလျက်ရှိပေရာ ထိုယုံကြည်ချက် မှန်ကန်ကြောင်း တမလွန်ဘဝ လက်ခံသောသူများက ပြရပေလိမ့်မည်။

ထိုယုံကြည်ချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ တမလွန်ဘဝ ပြဿနာကို ငရင်းနှင့်ဆက်စပ်၍ ဆင်ခြင်သုံးသပ်မှုမှာ ယထာဘူတ နည်းလမ်းမကျချေ။ လူတို့၏ ကောင်းမှု၊ မကောင်းမှုများ ကျပ်ပြည့်တင်းပြည့် အကျိုးပေးခွင့်ရရှိစေမည့် တမလွန်ဘဝကို လက်ခံယုံကြည်ပါမှ အကျင့်သီလသည် အနက်အဓိပ္ပာယ် ရှိမည်။ တမလွန်ဘဝဟူ၍ မရှိပါက ကောင်းမှု၊ မကောင်းမှုမည်သည် အဓိပ္ပာယ်ရှိမည်မဟုတ်ဟု လူတို့ အစဉ်အလာ ခံယူကြ၏။ ဤ ခံယူချက်အရဆိုသော် လူတို့သည် မိမိတို့၏ အနာဂတ်ကောင်းစားရေး အတွက် ကောင်းမှုပြု၍ မကောင်းမှုကို ရှောင်ကြဉ်ကြရမည် ဖြစ်၏။ ထိုသို့ ကိုယ်ကျိုး စီးပွားကို ရှေးရှုသော အကျင့်သီလသည် အဘယ်မှာ အဆင့်အတန်းမြင့်မားသော အကျင့် သီလ ဖြစ်နိုင်ပါမည်နည်း။ မှန်ကန်မြင့်မားသော အကျင့်သီလသည် မေတ္တာတရား အရင်းခံ၍ လူသတ္တဝါအများ ကြီးပွားချမ်းသာရေးသို့ ဦးတည်သော အကျင့်သီလ ဖြစ်ရ ပေမည်။ စင်စစ် များစွာသော လူတို့သည် တမလွန်ဘဝ ကောင်းစားရေးကို မကြည့်ဘဲ အကျင့်သီလကို စောင့်ထိန်းနေကြခြင်း ဖြစ်၏။ တမလွန်ဘဝကို လုံးဝလက်မခံသော သူများထဲ၌ အကျင့်သီလကို အလေးဂရုပြုသော ပုဂ္ဂိုလ်များရှိကြောင်းကိုလည်း သတိပြု သင့်ပေသည်။

အချို့ ဆရာတို့ကမူ လူ့ဘဝ၏ မွန်မြတ်မှုကို အကြောင်းပြု၍ တမလွန်ဘဝကို လက်ခံယုံကြည်ကြ၏။ သတ္တလောကတွင် အထွတ်အထိပ်သို့ ရောက်ရှိနေသော လူသတ္တဝါ သည် အလွန်ဆုံး နှစ်ပေါင်း ၉၀၊ ၁၀၀ မျှသာ သက်တမ်းရှိပေရာ ထို တိုတောင်းလှသော ဘဝခရီးအဆုံး၌ အချည်းနှီး ဖြစ်ရမည်ဆိုခြင်းကို လက်မခံလိုကြချေ။ သို့ရာတွင် လောဘ၊ ဒေါသ ထူပြော၍ မတရားမှုပေါများသော ဤလူ့ဘုံသည် မြင့်မြတ်သော သတ္တဝါများ၏ ဘုံဌာန ဖြစ်ပါသလောဟု စဉ်းစားရန်ရှိ၏။ အချို့ကမူ လူသတ္တဝါတိုင်းသည် လူတော် လူကောင်း မဟုတ်သော်လည်း လူတော်လူကောင်းဖြစ်ရန် အလားအလာရှိသည်ဟု ယုံကြည်၍ ထိုအလားအလာကို သေမင်းက အကြွင်းမဲ့ ဖျက်ဆီးပစ်နိုင်လိမ့်မည် မဟုတ်ဟု ဆိုကြ၏။ လူမှန်းသူမှန်း မသိတတ်သေးမီ သေဆုံးကြရသော ကလေးငယ်များ၊ ပညာ



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားနေစဉ် သေမင်း ခေါ်ငင်ခြင်းခံကြရသော လူငယ်ကျောင်းသားများ၊ တိုင်းပြည် တာဝန် ထမ်းဆောင်နေစဉ် ရုတ်တရက် အသက်စွန့်လွှတ်သွားကြရသော ပုဂ္ဂိုလ်များ ဤသို့ဖြင့် ဇီဝသတ္တိများ အကျိုးပေးခွင့်မရဘဲ လုပ်ငန်းကိစ္စတန်းလန်းနှင့် သေဆုံးကြ ရသော သူတို့၏ဘဝသည် အသက်ဇီဝိန်ချုပ်သည်နှင့် အချည်းနှီး ဖြစ်ရမည်ဆိုပါက အဘယ်မှာ အဓိပ္ပာယ် အနှစ်သာရ ရှိပါမည်နည်း။ သူတို့၏ ကြီးပွားတိုးတက်မှု၊ လုပ်ငန်း ကိစ္စ ပြီးမြောက်မှုအတွက် တမလွန်ဘဝသည် ကေန်ရှိရမည် ဖြစ်သည်ဟု ဆို၏။

ဤအဆိုမှာ လူသတ္တဝါတိုင်း မိမိပြုသော ကောင်းမှု၊ မကောင်းမှုအတွက် ကောင်း ကျိုးဆိုးပြစ်ကို အစအဆုံး ခံယူရမည်ဆိုသော အယူကဲ့သို့ပင် လူသတ္တဝါတို့၏ အကျိုး စီးပွားကိုကြည့်၍ ထိုက်သည့်အားလျော်စွာ ပြုပြင်ဖန်တီးပေးသော စကြဝဠာအရှင် ရှိသည်။ သို့တည်းမဟုတ် သဘာဝဓမ္မက ထိုသို့ ပြုပြင် ဖန်တီးပေးသည်ဆိုသော ယုံကြည်ချက် တစ်ခုခုအပေါ်၌ တည်လျက်ရှိ၏။ စကြဝဠာတန်ခိုးတော်ရှင် ရှိမရှိ အပထား၍ သဘာဝ ဓမ္မက လူတို့၏ အကျိုးစီးပွားကို စောင့်ရှောက်သည်ဆိုသော အယူကိုကား လူ့လောက၊ လူ့ဘဝကို ဆင်ခြင်သုံးသပ်သော ပုဂ္ဂိုလ်များက လက်ခံမည် မဟုတ်ရချေ။ လျှင်လျှပ်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းစသော သဘာဝတရား၏ ဖောက်ပြန်မှု ကြောင့် လူများ သေကျေပျက်စီးကြခြင်းမှာ မျက်မြင်အထင်အရှား ဖြစ်၏။ စင်စစ် လူတို့သည် သဘာဝဓမ္မကို အတိုက်အခံပြု၍ ကြီးပွားတိုးတက်ခဲ့ခြင်းကို သတိပြုသင့် ပေ၏။

လောက၌ မှန်မြတ်သောတရားသည် ထာဝရတည်မြဲ၍ လူသတ္တဝါ၏ ဘဝသည် လည်း တည်မြဲရမည်ဟု အချို့က ခံယူကြ၏။ ထိုသူတို့ အလိုအားဖြင့် သူတစ်ပါးကို ချစ်ခင်ကြင်နာခြင်း၊ ကျေးဇူးစောင့်ရှောက်ခြင်း၊ ကတိသစ္စာရှိခြင်း၊ အမှန်တရားကို မြတ်နိုး ခြင်းစသော အမြတ်တရားများကို ပုဂ္ဂိုလ်သတ္တဝါနှင့် ခွဲခြား၍မရအပ်။ ယင်းတို့၏ ပြယုဂ်ဖြစ်သော လူသတ္တဝါသည် သေသည်နှင့် အချည်းနှီးဖြစ်သည်ဆိုပါက ထိုသတ္တဝါ၏ အမြတ်တရားများသည်လည်း အချည်းနှီး ဖြစ်ရပေတော့မည်။ သို့ရာတွင် အမြတ်တရား မည်သည် ထာဝရတည်မြဲသော တရားဖြစ်၍ အမြတ်တရား ကိန်းအောင်းရာ လူသား၏ စိတ်ဝိညာဉ်သည်လည်း တည်မြဲရမည် (ဝါ) သေသည်နှင့် ပြတ်တောက်မသွားဘဲ ဘဝသစ် တစ်ဖန် ဖြစ်ရမည်ဆို၏။

ဤအဆိုမှာ သဘာဝယုတ္တိ မရှိချေ။ ပုဂ္ဂိုလ်တစ်ဦး သေဆုံးသောအခါ တမလွန် ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုသူ၏ အမြတ်တရားများသည် ဆက်လက် တည်ရှိနေမည် ဖြစ်၏။ အမြတ်တရားများသည် ကမ္ဘာပေါ်၌ လူတို့ရှိနေသမျှ ကာလ ပတ်လုံး အကြွင်းမဲ့ ပျောက်ကွယ်သွားရန် အကြောင်းမရှိ။ လူသတ္တဝါမျိုးစုသည် အနိစ္စ တရားကို မလွန်ဆန်နိုင်ဘဲ နောက်ဆုံးတစ်နေ့တွင် ပျောက်ကွယ်သွားရန် ကိန်းရှိသည် မှန်၏။ တစ်နေ့သောအခါ၌ ဤကမ္ဘာပေါ်မှ သက်ရှိအားလုံးသည် အသက်ရှင်နေရန် အတွက် လိုအပ်သောအပူဓာတ်ကို နေထံမှ လုံလုံလောက်လောက် မရရှိသဖြင့် ဆိတ်သုဉ်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြလိမ့်မည်ဟု သိပ္ပံဆရာတို့က ယူဆကြ၏။ သို့ရာတွင် ထိုနေ့သို့ ရောက်ရှိရန် နှစ်ပေါင်းကုဋေကုဋာ လိုပေသေး၏။

အမြတ်တရားများဖြင့် မွန်းထုံအပ်သော ပုဂ္ဂိုလ်တစ်ဦး၏ ဘဝသည် သေခြင်းတရားဖြင့် အဆုံးသတ်ရမည်မှန်ပါက အချည်းနှီးဖြစ်သည်ဆိုသော စကားကို စဉ်းစားရန် ရှိ၏။ ဤအဆိုမှာ လောက၌ ထာဝရ၊ သို့မဟုတ် အစွန့်ရှည်ကြာ တည်မြဲသော တရားမှ သာလျှင် ကောင်းသည်၊ မြတ်သည်ဟူသော အဆိုဖြစ်ပေရာ အမြတ်တရားသည် တည်မြဲရမည်ဟု ဆိုခြင်းသည် ကြာရှည် အသုံးခံမှုကိုသာကြည့်၍ ဝတ္ထုပစ္စည်းတစ်ခုကို တန်ဖိုးဖြတ်သည်နှင့် တူလှချေသည်။ စင်စစ် အရာဝတ္ထုတစ်ခု၊ သို့မဟုတ် ဂုဏ်ဒြပ်သတ္တိတစ်ခု၊ သို့မဟုတ် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ဘဝအနှစ်သာရသည် တည်မြဲသော အချိန်ကာလ အတိုင်းအတာတစ်ခုတည်းနှင့် မသက်ဆိုင်ချေ။

"ကောင်းသောအရာသည် ထာဝရတည်မြဲခြင်းဖြင့် ပို၍ကောင်းလာမည် မဟုတ်၊ ကာလတာရှည်ခံသော အဖြူဝတ္ထုတစ်ခုသည် တစ်ရက်မျှသာခံသော အခြား အဖြူဝတ္ထု တစ်ခုထက် ပိုပြီးဖြူသည်ဟု မဆိုနိုင်ချေ"ဟု ဂရိပညာရှင်ကြီး အရစ္စတိုတယ်က မိန့်ဆိုခဲ့ဖူး၏။ ဂရိနိုင်ငံသည် ကြာရှည် မတည်မြဲသော်လည်း ထိုမတည်မြဲမှုကြောင့် ဂုဏ်ကျက်သရေ ယုတ်လျော့မသွားချေ။ အနော်ရထာ၊ ဗိုလ်ချုပ်အောင်ဆန်း၊ အာဘရာ လင်ကွန်းစသော ပုဂ္ဂိုလ်တို့သည် သက်ဆိုးမရှည်သော်လည်း သူတို့၏ဘဝသည် အချည်းနှီး မဖြစ်ချေ။ လူသတ္တဝါအများအတွက်၊ သို့မဟုတ် အမှန်တရားအတွက် ပုဂ္ဂိုလ်တစ်ဦး၏ ဆောင်ရွက်မှုသည် အချိန်ကာလအားဖြင့် မပြောပလောက်သော်လည်း မွန်မြတ်သော လုပ်ငန်းအနေဖြင့် ကျွန်ုပ်တို့ ချီးကျူးကြရမည် ဖြစ်၏။

များစွာသော လူတို့၏အမြင်အားဖြင့် လူသားသည် စကြဝဠာထဲ၌ သီးခြားနေရာ ကဏ္ဍ ရရှိထားသော ပုဂ္ဂိုလ်သတ္တဝါဖြစ်၏။ ထို့ကြောင့် ဤလူတို့၏ ကမ္ဘာသည် စကြဝဠာ၏ အလယ်ဗဟို၌ ရှိသည်။ လူတို့ ကမ္ဘာကို နေ၊ လ စသော ဂြိုဟ်နက္ခတ်တာရာများက ဝန်းရံ၍ လှည့်ပတ်သွားလာကြရသည်ဟု ရှေးလူတို့ ယုံကြည်ခဲ့ကြရာ သိပ္ပံပညာ ပေါ်ထွန်းလာမှ ထိုအယူ ကွယ်ပသွား၏။ ယခုအခါ၌မူ ဒါဝင်၏ အီဗော်လူးရှင်း[၁] နိယာမတရားအရ လူသည် မူလအစ သမိုင်းကြောင်းအားဖြင့် တိရစ္ဆာန်လောကနှင့် ဆက်စပ်နေခြင်းမှာ ယုံမှားစရာမရှိ။ စိတ်ပညာရှင်ကြီး ဆစ်ဂမန်ဖရွိုက်၏ ထောက်ပြချက် အရ လူသတ္တဝါအား စိုးမိုးနေသောတရားမှာ အသိဉာဏ်မဟုတ်ဘဲ လောဘ၊ ဒေါသ စသော စိတ်ယုတ်စိတ်ညံ့များ ဖြစ်ကြောင်းမှာလည်း ထင်ရှား၏။ သို့ဖြစ်ရကား လူသား သည် စကြဝဠာ၌ မိုးကျရွှေကိုယ် အခွင့်ထူးခံ ပုဂ္ဂိုလ်မဟုတ်ဘဲ သဘာဝဓမ္မနယ်ထဲမှ သတ္တဝါပင်ဖြစ်ကြောင်း ဝန်ခံရပေမည်။

---

၁။ evolution



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအားဖြင့် အခွင့်ထူးခံမဟုတ်သော လူသားသည် လူ့ဘဝ၊ လူ့လောကကို သုံးသပ်ရာ၌ ဆန္ဒစွဲဖြင့် တမလွန်ဘဝကို ဆွဲယူစဉ်းစားခြင်း မပြုသင့်ချေ။ ဤသည်မှာ တမလွန်ဘဝကို ငြင်းဆိုခြင်းမဟုတ်။ တမလွန်ဘဝသည် ရှိကောင်းရှိမည်။ သို့ရာတွင် လူ့လောက၏ ဒိဋ္ဌဓမ္မများကို သုံးသပ်ရာ၌ မျက်မှောက်ဘဝ အကြောင်းတရားများရှိပါက တမလွန်၊ သို့မဟုတ် အတိတ်ဘဝကို စဉ်းစားရန် မလိုချေ။

ပုံစံအားဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလို၌ ပညာတစ်ရပ်ရပ်တွင် အသက်အရွယ်နှင့် မလိုက်အောင် အံ့ဖွယ်လိလိ ပညာစွမ်းပြရသာ ကလေးသူငယ်များ၊ သို့မဟုတ် ပညာတစ်ရပ်ရပ်တွင် အထူးအားမထုတ်ရဘဲ ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်များ တစ်ခါတစ်ရံ ပေါ်ထွက်လာတတ်၏။ ထိုသူများ ပညာထူးချွန်မှုသည် အတိတ်ဘဝက ပညာဓာတ်ခံ ပါလာသောကြောင့်ဖြစ်သည်ဟု အချို့က ယူဆကြ၏။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ စွမ်းရည်သတ္တိသည် မိဘထံမှ ဆက်ခံရရှိသော ဗီဇမျိုးစေ့များနှင့် များစွာ ဆက်စပ်လျက်ရှိပေရာ ထိုဗီဇဆက်ခံမှုသည် ထူးထွေဆန်းပြား၍ သိပ္ပံပညာရှင်တို့သည်ပင် စေ့စေ့ချာချာ မသိကြရသေးချေ။ သို့ဖြစ်၍ ယခုအခါ၌ မျိုးရိုးဗီဇကို လုံးဝမစဉ်းစားဘဲ အတိတ်ဘဝက ပါလာသော ပါရမီဓာတ်ခံကြောင့် ပညာထူးချွန်ခြင်းဖြစ်သည်ဟု စွဲမှတ် မထားသင့်ချေ။

ဤသည်မှာ တမလွန်ဘဝကို ယုံကြည်သော သူတို့၏ အချို့သော မရေမရာ အကြောင်းပြချက်များ ဖြစ်၏။ မယုံကြည်သော သူတို့၏ အချို့သော အဆိုများမှာလည်း သဘာဝယုတ္တိ မရှိလှချေ။

## (ခ) မယုံကြည်သောသူတို့၏ အဆို

မယုံကြည်သောသူတို့သည် ယုံကြည်သောသူတို့၏ ခံစားရချက်နှင့် အလိုဆန္ဒကို အကြောင်းပြ၍ တမလွန်ဘဝကို ပယ်လေ့ရှိကြ၏။ သူတို့၏ အဆိုအားဖြင့် လူတို့သည် သေသောအခါ ဘဝပြတ်၍ အချည်းနှီးဖြစ်မည်ကို ကြောက်သောကြောင့် ဘဝသစ်တစ်ဖန် ဖြစ်မှုကို လိုလားတောင့်တ၍ တမလွန်ဘဝကို လက်ခံယုံကြည်ကြခြင်း ဖြစ်၏။ ထို့အပြင် များစွာသောလူတို့သည် ဘဝခရီးလမ်း ခက်ခဲကြမ်းတမ်း၍ ဆင်းရဲဒုက္ခ ကြုံတွေ့ကြရသောကြောင့် ထိုသူ၏စိတ် ဖြေသိမ့်ရန်အတွက် တမလွန်ဘဝကို ယုံကြည်မှု ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဆို၏။

ဤအဆိုများ မှန်သင့်သလောက် မှန်ပေလိမ့်မည်။ ကမ္ဘာ့လူသားတို့၏ အတွေးအခေါ်နယ်၌ တမလွန်ဘဝအယူ ပျံ့နှံ့၍ ခိုင်မာစွဲမြဲနေခြင်းမှာ ယေဘုယျအားဖြင့် သေခြင်းကိုကြောက်မှု၊ မျက်မှောက်ဘဝ အဆင်မပြေမှုနှင့် အလိုမပြည့်မှုကြောင့် ဖြစ်ပေမည်။ သို့ရာတွင် ဤသည်မှာ တမလွန်ဘဝကိုပယ်ရန် ခိုင်လုံသော အကြောင်းမဟုတ်ချေ။ တမလွန်ဘဝ ယုံကြည်ချက်ကို ဝေဖန်ခြင်းမဟုတ်ဘဲ ယုံကြည်သောပုဂ္ဂိုလ်များ၏ စိတ်ဓာတ်စရိုက်ကို ထောက်ပြခြင်းမျှသာ ဖြစ်၏။ ယုံကြည်သောသူများက မယုံကြည်သောသူများ



www.burmeseclassic.com

www.burmeseclassic.com



အား အလားတူ ပုဂ္ဂလဓိဋ္ဌာန် ဝေဖန်နိုင်ကြောင်း သတိပြုသင့်ပေ၏။ တမလွန်ဘဝကို အယုံအကြည်မရှိခြင်းမှာ သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်မည်ကိုကြောက်မှု၊ မျက်မှောက်ဘဝ ကြီးပွားချမ်းသာမှု၊ ကာမဂုဏ်စည်းစိမ် ခံစားရာ၌ ဝ,အီနေမှုကြောင့် ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ဤစကားမှားသည်ဟု မဆိုသာချေ။ အမေရိကန်၊ ဂျပန်စသော လူနေမှုအဆင့်အတန်း မြင့်မားသော နိုင်ငံများ၌ တမလွန်ဘဝကို ယုံကြည်မှုသည် သိသိသာသာ အားနည်းလျက်ရှိ၏။

မည်သို့ဖြစ်စေ ယုံကြည်သူတို့၏ စိတ်စရိုက်၊ သို့မဟုတ် သူတို့အကြောင်းပြချက်၏ ယုတ္တိမရှိမှုကို ထောက်ပြခြင်းသည် တမလွန်ဘဝ အယူကို ချေဖျက်ရာ မရောက်ချေ။ အကြောင်းပြချက်သည် ဆန္ဒစွဲ၍ အရင်းခံ၍ အခြေအမြစ်မရှိစေကာမူ ယုံကြည်ချက်သည် မှန်ကန်ကောင်း မှန်ကန်၍ တမလွန်ဘဝသည် ရှိကောင်းရှိနေပေလိမ့်မည်။

တမလွန်ဘဝကို မယုံကြည်သူတို့ အထူး ထောက်ပြလေ့ရှိသောအချက်မှာ တမလွန်ဘဝ ယုံကြည်မှုသည် သိပ္ပံပညာနှင့် ဆန့်ကျင်သည်ဆိုသော အချက်ဖြစ်၏။ ဤအဆိုကို ကျွန်ုပ်တို့ အလေးအနက် စဉ်းစားရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယခုခေတ်သည် သိပ္ပံပညာခေတ်ဖြစ်၍ သိပ္ပံပညာကို ကမ္ဘာလူသားတို့ အထူး ယုံကြည်ကိုးစားကြ၏။

တမလွန်ဘဝကို ယုံကြည်မှုသည် သိပ္ပံပညာ မပေါ်ထွန်းသေးသော ရှေးအခါက ကမ္ဘာလူသားတို့၏ အတွေးအခေါ်ကို ချုပ်ကိုင်လွှမ်းမိုးထားသော ယုံကြည်မှု ဖြစ်၏။ အနောက်နိုင်ငံများ၌ သိပ္ပံပညာ ထွန်းကားလာသောအခါ ထိုအစဉ်အလာ ခံယူချက်ကို စောကြောဝေဖန်သောသူများ ထွက်ပေါ်လာ၏။ ယခုအခါ၌မူ အနောက်နိုင်ငံသားတို့သည် သိပ္ပံပညာ၏ ချွတ်ယွင်းချက်၊ ဟာကွက်များကို သိမြင်၍ တမလွန်ဘဝ ပြဿနာကို ပြန်လည် စိတ်ဝင်စားလာကြ၏။ မြန်မာနိုင်ငံ၌မူ သိပ္ပံပညာကို အတိုင်းထက်အလွန် အထင်ကြီးသော ခေတ်ပညာတတ်များသည် တမလွန်ဘဝကို လေးလေးနက်နက် လက်ခံ ယုံကြည်ခြင်း မရှိကြချေ။

မည်သို့ဆိုစေ သိပ္ပံပညာသည် ယနေ့ ကမ္ဘာပေါ်၌ တန်ခိုးအရှိန်အဝါ ကြီးမားဆဲဖြစ်၍ တမလွန်ဘဝပြဿနာကို သိပ္ပံပညာရှုထောင့်မှ လေ့လာသုံးသပ်ရန် လိုပေလိမ့်မည်။ သိပ္ပံနည်းကျကျ မလေ့လာမီ တမလွန်ဘဝကို ယုံကြည်မှုသည် သိပ္ပံပညာနှင့် ဆန့်ကျင်သည် ဆိုသောအချက်ကို ဆန်းစစ်ရပေလိမ့်မည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

# တမလွန်ဘဝနှင့် သိပ္ပံပညာ

တမလွန်ဘဝကို မယုံကြည်သောသူတို့သည် အများအားဖြင့် သိပ္ပံပညာကို လွန်စွာ အထင်ကြီးကြ၏။ သိပ္ပံပညာသည် ဤစကြဝဠာ၏ ပြဿနာအားလုံးကို ဖြေရှင်းနိုင်စွမ်း ရှိသည်။ ၎င်း၏ အဆိုအမိန့်များ အမြဲမှန်ကန်သည်။ အမှန်တရားကိုရှာရာ၌ သိပ္ပံနည်းမှ တစ်ပါး အခြားနည်းမရှိ။ သိပ္ပံပညာသဘောတရားနှင့် ဆန့်ကျင်သော လူတို့၏ခံယူချက် အားလုံးသည် မုချမှားသည် စသည်ဖြင့် ပြောဆိုလေ့ ရှိကြ၏။

ဤအဆိုကို ယခုခေတ် သိပ္ပံပညာရှင်တို့က အကြွင်းမဲ့ ငြင်းဆိုကြပေလိမ့်မည်။ သိပ္ပံပညာအကြောင်း စေ့စေ့ငုငုသေချာစွာ လေ့လာဖူးသော ပုဂ္ဂိုလ်တို့ကလည်း လက်ခံမည် မဟုတ်ချေ။ လောက၌ သိပ္ပံပညာနှင့် လုံးဝမသက်ဆိုင်သော လူတို့၏ အသိပညာနယ် များသည် အထင်အရှားရှိ၏။ ပုံစံအားဖြင့် သိပ္ပံဆရာသည် အနုပညာ၊ ဘာသာတရား၊ ကိုယ်ကျင့်တရားစသော အသိပညာနယ်များ၌ မည်သို့မျှ စွမ်းဆောင်နိုင်စွမ်း မရှိချေ။ နာမည်ကျော် ပန်းချီဆရာ၊ သို့မဟုတ် ကဗျာစာဆို၏ အနုပညာလက်ရာသည် သိပ္ပံပညာ အမြင်ဖြင့် လုံးဝလေ့လာ၍ မရအပ်သောအရာ ဖြစ်၏။ သိပ္ပံပညာသည် ထာဝရဘုရား ရှိမရှိ ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်။ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ကျင့်တရားကိုလည်း အကောင်းအဆိုး၊ အမှားအမှန် ဝေဖန်ဆုံးဖြတ်နိုင်စွမ်း မရှိချေ။

သိပ္ပံပညာ နယ်အသီးသီး၌ပင် ဆိုင်ရာသိပ္ပံဆရာတို့ တိတိကျကျ မသိသေးသော အကြောင်းအရာ၊ သို့မဟုတ် အသေအချာ မဆုံးဖြတ်နိုင်ဘဲ အငြင်းပွားနေသော ပြဿနာ အမြောက်အမြားရှိ၏။ သို့ဖြစ်၍ သိပ္ပံဆရာတို့သည် မိမိတို့ အသိပညာ၏ နယ်နိမိတ် အကန့်အသတ်ရှိမှုကို အသိအမှတ်ပြုကြ၏။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး နယူတန်ကမူ မိမိ စူးစမ်းလေ့လာ၍ သိရှိရသော အချက်များမှာ ပင်လယ်ကမ်းစပ်ရှိ ကျောက်စရစ်ခဲ ကလေးများနှင့် တူပါသည်။ ၎င်း ကျောက်စရစ်ခဲကလေးများကို တွေ့ရရုံမျှနှင့် ပင်လယ် ပြင်ကြီးအကြောင်းကို အဘယ်မျှမသိနိုင်ပါ။ ထို့အတူ လောက၌ မိမိ မသိရသေးသော အကြောင်းအရာများမှာ ပင်လယ်ပြင်ကြီးတမျှ ကျယ်ပြန့်နက်ရှိုင်းလှပါသည်ဟု ဆို၏။

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာသည် အချို့ ပြဿနာများကို ယနေ့ မဖြေရှင်းနိုင်သေးသော်လည်း နောင်တစ်နေ့တွင် ဖြေရှင်းကောင်း ဖြေရှင်းနိုင်ပေလိမ့်မည်။ ဆေးသိပ္ပံပညာက ကင်ဆာရောဂါကို ယနေ့ မအောင်မြင်သေးစေကာမူ နောင်တစ်နေ့တွင် အောင်မြင်လိမ့်မည်ဟု မျှော်လင့်ရ၏။ အနုပညာနယ်၊ ဘာသာတရားနယ်မှ ပြဿနာများနှင့် ပတ်သက်၍မူ ထိုသို့ မျှော်လင့်ရန် အကြောင်းမရှိချေ။ ထာဝရဘုရားရှိသည်ဟုဆိုသော သိပ္ပံဆရာများ၊ သို့မဟုတ် ထိုသို့ မယုံကြည်ဟုဆိုသော သိပ္ပံဆရာများ ရှိသည်မှန်၏။ သို့ရာတွင် သူတို့အဆိုမှာ ရိုးရိုးပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ယုံကြည်ချက်ကို ဖော်ပြခြင်းဖြစ်၍ သိပ္ပံပညာ၏ လေ့လာတွေ့ရှိချက် မဟုတ်ကြောင်း သတိပြုသင့်ပေ၏။ စင်စစ် ထာဝရဘုရားရှိသည်ဟုလည်းကောင်း၊ မရှိဟူ၍သော်လည်းကောင်း သိပ္ပံပညာက အဆုံးအဖြတ် မပေးနိုင်ချေ။

သိပ္ပံပညာက ဆုံးဖြတ်နိုင်စွမ်း မရှိခြင်းမှာ ထိုပြဿနာမျိုးသည် သိပ္ပံနည်းကျစူးစမ်းလေ့လာမှုနှင့် ဆောင်မဝင်သောကြောင့် ဖြစ်၏။ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုမှာ ယေဘုယျအားဖြင့် ပြဿနာနှင့်ဆိုင်ရာ ဒိဋ္ဌမမှုများကို ရှာဖွေစုဆောင်းခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ အကြောင်းအကျိုး တွေးခေါ်ကြံဆခြင်း စသည်တို့ဖြစ်၏။ သိပ္ပံနည်းစူးစမ်းရာ၌ ထပ်တလဲလဲ စမ်းသပ်မှုနှင့် တိုင်းတာမှုသည် အထူးအရေးကြီး၏။ သိပ္ပံပညာရပ်များကို ရုပ်ပိုင်းသိပ္ပံပညာ၊ ဇီဝသိပ္ပံပညာ၊ လူမှုသိပ္ပံပညာဟူ၍ ခွဲခြားထားရာ ယင်းတို့တွင် ခေတ်မီဝစ္စည်းကိရိယာများဖြင့် လုပ်ကိုင်စမ်းသပ်မှုနှင့် သင်္ချာပညာကို အများဆုံး လက်ကိုင်ပြု၍ တိုင်းတာမှုများ၊ အထူးထင်ရှားသော ရုပ်ပိုင်းသိပ္ပံပညာနယ်၌ တွေ့ရှိချက်များသည် အတိကျဆုံး၊ အသေချာဆုံး ဖြစ်သည်ဆို၏။

သိပ္ပံဆရာတို့သည် သိပ္ပံနည်းဖြင့် စူးစမ်းလေ့လာ၍ မရအပ်သော ပြဿနာများကို လျစ်လျူပြုထားကြ၏။ သို့ရာတွင် အမှန်တရားကို ရှာဖွေရာ၌ သိပ္ပံနည်းတစ်ခုတည်းကိုသာ အားကိုးရမည်ဟု မထင်မှတ်သင့်ချေ။ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်သော စိန္တာမယနည်း၊ အလိုလို ထိုးထွင်းသိမြင်သော ဝိပဿနာနည်း စသည်ဖြင့် အမှန်တရားရှာကြသော အခြားနည်းများ ရှိပေသေး၏။ ထိုနည်းများကို လုံးဝ ပစ်ပယ်ရမည်ဆိုပါက ကမ္ဘာ့ဘာသာတရားကြီးများ၏ ဆုံးမသြဝါဒများ၊ ဒဿနပညာရှင်တို့၏ အဆိုအမိန့်များသည် အချည်းနှီး ဖြစ်ရပေတော့မည်။ လူတို့၏ အသိပညာနယ်သည်လည်း ရုပ်ဝတ္ထု၊ ရုပ်လောက အကြောင်းအရာများနှင့်သာ ပြီးဆုံးရပေတော့မည်။

သိပ္ပံပညာကို အလွန်အထင်ကြီးသော လူတို့ကမူ သိပ္ပံနည်းဖြင့်စူးစမ်း၍ တွေ့ရှိရသော အချက်များသည် အခြားနည်းဖြင့် လေ့လာသိရှိရသော အချက်များထက် ခိုင်မာသည်၊ သေချာသည်၊ မှန်ကန်သည်ဟု ဆိုကြ၏။ အမှန်ဆိုသော် သိပ္ပံပညာနယ်၌ ကောန်တရား ဟူ၍မရှိ၊ သိပ္ပံပညာ အမြင်အားဖြင့် နက်ဖြန်နံနက်၌ မုချဆတ်ဆတ် နေထွက်ရမည်ဟု ဆိုနိုင်ရန် အကြောင်းမရှိ၊ နေထွက်ရန် အလားအလာများစွာ ရှိသည်သာလျှင်

---

၁။ အကျယ်သိရှိလိုပါက "သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော" အေးအေးစာပေတိုက် (၁၉၆၈)ကို ဖတ်ရှုကြပါရန်။ ဤအခန်းကို ထိုစာအုပ် အခန်း ၇၊ ၁၅၊ ၁၈ များနှင့်ယှဉ်၍ ဖတ်ရှုသင့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပေရာ၏။ တစ်နည်းဆိုသော် ယခုခေတ် သိပ္ပံပညာက ခံယူသော သဘောတရားများသည် အမြဲထာဝရ တိကျမှန်ကန်သော နိယာမတရားများမဟုတ်ဘဲ အလားအလာကိုပြသော ယေဘုယျဥပဒေသများ[၁] ဖြစ်၏။ ထို့ကြောင့် သိပ္ပံပညာဆရာတို့၏ ခံယူချက်များသည် မကြာခဏ ပြောင်းလဲတတ်ပေရာ ဤအချက်သည် သိပ္ပံပညာသမိုင်း၌ အထူးထင်ရှား၏။

သိပ္ပံဆရာတို့ ရှာဖွေတွေ့ရှိသော အမှန်တရားသည် မည်သို့သောတရား ဖြစ်ပါသနည်းဟု စဉ်းစားရန်ရှိ၏။ ထိုတရားသည် ကျွန်ုပ်တို့ တွေ့မြင်နေရသော သင်္ခါရလောက[၂] (ဝါ) ပြင်ပလောက၏ နောက်ကွယ်ရှိ ပရမတ္ထတရား[၃] မဟုတ်ချေ။ သိပ္ပံဆရာသည် သင်္ခါရဓမ္မတစ်ခု၏ အကြောင်းတရားကို လေ့လာတွေ့ရှိရာ၌ ပကတိအရှိအတိုင်း မတွေ့ထိရဘဲ မျက်စိအသိ၊ နားအသိစသော အသိဝိညာဉ်ဖြင့်သာလျှင် သိရှိရ၏။ ဆိုလိုသည်မှာ သိပ္ပံဆရာ၏ အသိသည် တိုက်ရိုက်အသိမဟုတ်ဘဲ ဝိညာဉ်သိ (ဝါ) တစ်ဆင့်သိဖြစ်၏။ တစ်နည်းဆိုသော် ပြင်ပလောကနှင့် ဦးနှောက်နာဗ်ကြောစု ထိတွေ့ရာမှ ဖြစ်ပေါ်လာသော ဓမ္မာရုံများသာ ဖြစ်၏။

ထို့ကြောင့် ကမ္ဘာကျော် ဒဿနဆရာကြီး ဘာထရန်ရပ်ဆယ်က "ကျွန်ုပ်တို့ မြင်သည်ဆိုသော ကုလားထိုင်၊ စားပွဲ၊ နေလ စသည်တို့သည် စင်စစ် ဝိညာဉ်ကဖန်တီးသော ဓမ္မာရုံများသာဖြစ်၍ ကျွန်ုပ်တို့ မြင်ရသည်ထင်သော ရုပ်ဝတ္ထုအစစ်များ မဟုတ်ချေ။ အကယ်၍ လူတစ်စုသည် အရာဝတ္ထုတစ်ခုကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ပါက သူတို့မြင်ရသော ရူပါရုံများသည် အလင်းရောင်ကျပုံနှင့် ပါစပက်တစ် စည်းမျဉ်းဥပဒေသ[၄] များကိုလိုက်၍ ကွဲပြားခြားနားပေလိမ့်မည်။ မည်သည့်ရူပါရုံမျှ သူတို့အားလုံး မြင်နေသည်ဟုထင်သော အရာဝတ္ထုအစစ် ဖြစ်သည်မဟုတ်။ ထို့အပြင် ရူပဗေဒပညာ အလိုအားဖြင့် ကျွန်ုပ်တို့၏ ပသာဒရုပ် (နားမျက်စိစသည်)များနှင့် ပြင်ပရုပ်ဝတ္ထုများ ထိတွေ့ရာ၌ ဖြစ်ပေါ်လာသော အကြောင်းအကျိုး ဆက်စပ်နေသော ဖြစ်ပျက်မှုအစဉ်သည် ရှိ၏။ ထိုအစဉ်၌ နောက်ဆုံးအရာ (ဝါ) ပသာဒရုပ်၌ ထင်သောအရာသည် ပထမအရာ (ဝါ) ပြင်ပရုပ်ဝတ္ထုနှင့် ထပ်တူဖြစ်သည်ဟု မဆိုနိုင်ချေ[၅]"ဟု ရေးသားထား၏။

အာသာအက်ဒင်တန်နှင့် ဂျိမ်းဂျင်း[၆] စသော သိပ္ပံပညာကျော်များကလည်း ထိုသို့ယူဆကြ၏။ ဆာဂျိမ်းဂျင်းသည် ရှေး ဂရိဒဿနဆရာကြီး ပလေတို၏စာအုပ်မှ ဥပမာတစ်ခုကို ထောက်ပြ၏။ ဂူတစ်ခုရှိ အကျဉ်းသားများသည် ကြိုးဖြင့် ချည်တုပ်ထားသဖြင့်

---

၁။ Statistical or Probability Law

၂။ Phenomenal world

၃။ Reality

၄။ Laws of Perspective

၅။ Bertrand Russell, "Portraits from Memory and other Essays" pp 14, 150.

၆။ Sir Arthur Eddington, Sir James Jeans



www.burmeseclassic.com

www.burmeseclassic.com



နံရံတစ်ဖက်ကိုသာ မြင်ကြရ၏။ သူတို့၏ နောက်ကျောတွင် မီးပုံတစ်ပုံရှိ၏။ မီးပုံကြီးနှင့် သူတို့အကြား၌ အရာဝတ္ထုများရှိရာ ယင်းတို့၏ အရိပ်များသည် နံရံပေါ်သို့ကျရောက်၍ အကျဉ်းသားများသည် ထိုအရိပ်များကိုသာ မြင်ကြရ၏။ အရိပ်များ ဖြစ်ပေါ်စေသော အရာဝတ္ထုကိုကား မမြင်ကြရချေ။ ထို့အပြင် ပြင်ပလောက၏ အရိပ်ကိုသာ သိပ္ပံဆရာတို့ သိမြင်ကြရ၏။ သိပ္ပံပညာသည် ထိုအရိပ်များကို တိကျသေချာစွာ လေ့လာ၍ ယင်းတို့၏ နောက်ကွယ်ရှိ ပရမတ္ထတရားကို သိမြင်နိုင်စွမ်း မရှိချေ။

သိပ္ပံပညာရှင်တို့သည် လူ၏အကြောင်းကို လေ့လာရာ၌ တစ်ပိုင်းစီ၊ တစ်ကန့်စီ သီးခြားခွဲထုတ်၍ လေ့လာကြပေရာ ဤသည်မှာ လူ၏ ပရမတ္ထသဘာဝကို သိမြင်နိုင်ရန် အတွက် ထိရောက်သော စူးစမ်းလေ့လာနည်း မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် သက်ရှိသက်မဲ့ အရာဝတ္ထုတစ်ခုလုံးသည် ၎င်း၏ အစိတ်အပိုင်းများ၏ အစုအပေါင်းနှင့် တခြားစီ ဖြစ်၏။ ဥပမာအားဖြင့် မော်တော်ကား၏ လျင်မြန်စွာ သွားလာနိုင်သော ဂုဏ်သတ္တိကို ကား၏ အစိတ်အပိုင်းအမျိုးစုံ (ဝါ) ကားပစ္စည်း အစုအပုံ၌ ရှာ၍ရမည် မဟုတ်ချေ။

ဖီဆီအိုလိုဂျီ[၁]ပညာရှင်သည် လူ၏ နာဗ်ကြော၊ သွေးကြောအရိုး စသည်တို့နှင့် ယင်းတို့၏ လုပ်ငန်းကိစ္စများကို လေ့လာ၏။ သတ္တဗေဒဆရာသည် လူ၏ အသက်ဇီဝ အကြောင်းကို လေ့လာ၏။ မနုဿဗေဒဆရာသည် လူသတ္တဝါ၏ သဘာဝသမိုင်းကို လေ့လာ၏။ စိတ္တဗေဒပညာရှင်သည် လူတို့၏ စိတ်သဘာဝကို သုတေသနပြု၏။ ဤသို့ ဖြင့် သိပ္ပံပညာရှင် အသီးသီးသည် လူ့အကြောင်း၏ တစ်စိတ်တစ်ဒေသကို ခွဲထုတ်၍ စူးစမ်း လေ့လာရကား အဘယ်မှာလျှင် လူ့အကြောင်းကို အားလုံးခြုံ၍ အကုန်အစင်၊ အပြည့်အစုံ သိရှိနိုင်ပါမည်နည်း။ သိရှိနိုင်သည်ဆိုပါက ဆင်၏ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုကို စမ်းသပ်ပြီးနောက် ဆင်ဆိုသည်ကား ဤသို့ဖြစ်သည်ဆိုသော သူကန်းတို့၏ စကားနှင့် တူပေလိမ့်မည်။

သိပ္ပံပညာ၏ အစဉ်အလာခံယူချက်သည် ရုပ်ဝါဒဖြစ်၍ သိပ္ပံဆရာသည် လူ သတ္တဝါကို လေ့လာရာ၌ ရုပ်ဝါဒအမြင်ဖြင့် လေ့လာ၏။ သိပ္ပံနည်းကျ စိတ်ပညာသည် လူ၏စိတ်သဘာဝကို လေ့လာသည်ဆိုရာ၌ ဝေဒနာ၊ စေတနာ၊ သညာစသော စေတသိက် များ အရင်းခံသည့် လူတို့အပြုအမူကို လေ့လာခြင်းဖြစ်၍ ယင်းတို့နောက်ကွယ်၌ အတ္တ ဝိညာဉ် တသီးတခြားရှိသည် ဆိုခြင်းကို လက်မခံချေ။ သိပ္ပံပညာ၏အလိုအားဖြင့် စိတ် ခံစားရချက်၊ စိတ်အလိုဆန္ဒ စသည်တို့မှာ ဦးနှောက်နာဗ်ကြော အကျိတ်ဂလင်း[၂] စသော ရုပ်ဝတ္ထုများ၏ လုပ်ဆောင်မှုကို ခေါ်ဝေါ်သော စကားများဖြစ်၍ ကိုယ်ခန္ဓာနှင့် တသီး တခြားဖြစ်နေသော စိတ်ဝိညာဉ်ဟူ၍ မရှိ။ စိတ်နှင့်ကိုယ်သည် တစ်ပေါင်းတည်း၊ တစ်ခုတည်း ဖြစ်၏။

---

၁။ Physiology ၂။ Glands



www.burmeseclassic.com

www.burmeseclassic.com



ဤသိပ္ပံပညာ ခံယူချက်မှာ တမလွန်ဘဝ ယုံကြည်မှုနှင့် ဆန့်ကျင်လျက်ရှိ၏။ စိတ်နှင့်ကိုယ်သည် တစ်ခုတည်း၊ တစ်ပေါင်းတည်း ဖြစ်သည်မှန်ပါက သေသည်၏ အခြားမဲ့၌ လုံးဝပျက်စီးသွားသော ကိုယ်ခန္ဓာနှင့်အတူ နာမ်ခန္ဓာသည်လည်း အကြွင်းမဲ့ ပျက်သုဉ်း၍ ဘဝသစ် တစ်ဖန်ဖြစ်ရန် အကြောင်းမရှိချေ။

သို့ဖြစ်စေကာမူ စိတ်ဝိညာဉ် သုတေသီပညာရှင်တို့၏ လေ့လာချက်အရ နာမ်ခန္ဓာ (ဝါ) စိတ်ဝိညာဉ်သည် တစ်ခါတစ်ရံ ရုပ်ခန္ဓာနှင့် တခြားစီဖြစ်ကြောင်း ယူဆရန် အထောက်အထားများ ရှိ၏။ ၎င်းတို့ကို ရှေ့အခန်းများတွင် ဖော်ပြပါအံ့။ တမလွန်ဘဝကို မယုံကြည်သောသူတို့သည် ထို အထောက်အထားများ သေချာမှန်ကန်ခြင်း ရှိမရှိ မစူးစမ်းဘဲ တမလွန်ဘဝ တမလွန်ဘဝအယူမှာ သိပ္ပံပညာနှင့် ဆန့်ကျင်သည်ဟုသာ ထပ်တလဲလဲ ပြောဆိုနေကြ၏။ သိပ္ပံဆရာတို့ကလည်း အများအားဖြင့် တမလွန်ဘဝနှင့် ပတ်သက်သော အတန်တိကျ ခိုင်မာသော အထောက်အထားများကိုပင် အစွဲဥပါဒါန်ဖြင့် ဂရုမပြုဘဲ ကျော်ခိုင်းထားတတ်ကြ၏။ ဤသည်မှာ အံ့ဩစရာ မရှိချေ။ သိပ္ပံဆရာတို့သည် သာမန်လူတို့ကဲ့သို့ပင် ဒိဋ္ဌုပါဒါန်(အယူဝါဒတစ်ခုခု၌ အစွဲရှိမှု)နှင့် မကင်းသောသူများ ဖြစ်ကြ၏။ သိပ္ပံပညာနယ်၌ တွေ့ရှိချက်တစ်ခုသည် အသစ်အဆန်းဖြစ်၍ သိပ္ပံဆရာတို့၏ အစဉ်အလာ ခံယူချက်နှင့် ဆန့်ကျင်ပါက သိပ္ပံဆရာတို့ကပင် ဆိုင်ရာဒိဋ္ဌိမမှုများကို ဖွတ်အတင်း ငြင်းဆိုကြခြင်းမှာ သိပ္ပံပညာသမိုင်း၌ ထင်ရှားသော ခြင်းရာလက္ခဏာများ ဖြစ်၏။

သိပ္ပံဆရာအယ်ဒီဆင် တီထွင်လိုက်သော အသံသွင်းဓာတ်ပြားကို ပဲရီမြို့ သိပ္ပံပညာဗိမာန်၌ ပထမအကြိမ် ဖွင့်ပြသောအခါ နားထောင်နေသော ပညာရှင်အားလုံးက စားပွဲအောက်တွင် အသံတုဝိဇ္ဇာတစ်ဦးထားပြီး သူတို့ကို လှည့်စားခြင်း ဖြစ်သည်ဟု စွပ်စွဲကြ၏။ တယ်လီဖုန်း တီထွင်လိုက်ပြီဆိုသော သတင်းကို ကြားသောအခါ အီဒင်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက "ဒါ သက်သက်လိမ်ညာတာ ဖြစ်ရမယ်။ သူတို့ပြောသလို အဝေးကနေပြီး စကားပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး" ဟု ဆို၏။ ခန္ဓာကိုယ်၌ သွေး သွားလာလည်ပတ်ခြင်းကို ယခုအခါ လူတိုင်းက ယုံကြည်သော်လည်း စတင်တွေ့ရှိသော သိပ္ပံဆရာ ဟာဗေက ကြေညာသောအခါ ဆရာဝန်များက မယုံကြည်ကြချေ။ လူနာအား ခွဲစိတ်ကုသရန်အတွက် မေ့ဆေးပေးခြင်းကို ပထမ စတင်ပြုလုပ်စဉ်က ထိုခေတ်တွင် နာမည်အထင်ရှားဆုံး ဆေးသိပ္ပံပညာရှင်ကြီးကပင် မေ့ဆေးပေး၍ ခွဲစိတ်ရန် မဖြစ်နိုင်ဟု ဆိုခဲ့ဖူး၏။

အနောက်နိုင်ငံများ၌ တမလွန်ဘဝ ပြဿနာကို အချို့ပညာရှင်များက လေ့လာခဲ့ကြရာ သိပ္ပံဆရာတို့က အားမပေးခဲ့ကြချေ။ သို့စဉ်လျက် စိတ်ဝိညာဉ် သုတေသီတို့သည် မလျှော့သော ခွဲလုံ့လဝီရိယဖြင့် နှစ်ပေါင်းများစွာ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့ကြရာ ယခုအခါ စိတ်ဝင်စားဖွယ်ရာ အချက်အတော်များများ ရရှိထားပြီဖြစ်၏။ ဤနေရာတွင် တမလွန်ဘဝ ပြဿနာကို သိပ္ပံနည်းဖြင့် လေ့လာ၍ ရပါမည်လောဟု မေးဖွယ်ရှိ၏။ ဤပြဿနာကို လေ့လာရာ၌ ရူပဗေဒ၊ ဓာတုဗေဒစသော သိပ္ပံပညာများ လေ့လာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ အလိုရှိသော အခြေအနေကိုဖန်တီး၍ စမ်းသပ်မှုများ[၁] ပြုလုပ်ရန်သော်လည်းကောင်း၊ တွေ့ရှိရချက်များကို တိုင်းတာ တွက်ချက်ရန်သော်လည်းကောင်း မဖြစ်နိုင်ကြောင်း ထင်ရှား၏။ သို့ရာတွင် သိပ္ပံနည်းကျ လေ့လာမှုဟူသမျှ၌ စမ်းသပ်မှုနှင့် တိုင်းတာတွက်ချက်မှုများ ပါဝင်ရမည်ဟု စွဲမှတ်မထားသင့်ချေ။

တစ်နည်းဆိုသော် သိပ္ပံနည်းဟူသည် ဤသို့ဤပုံ ဖြစ်ရမည်ဟု ပုံသေကားကျ စွဲမှတ်ထားရန် မလိုချေ။ သိပ္ပံပညာနယ်မှအပ အခြား အကြောင်းအရာတစ်ခုကို လေ့လာရာ၌ဖြစ်စေ၊ လူတို့ နေ့စဉ်ကြုံတွေ့ရတတ်သော ကိစ္စတစ်ခုခုနှင့် ပတ်သက်၍ ဆင်ခြင်တွေးခေါ်ရာ၌ဖြစ်စေ သိပ္ပံနည်းကျသော လေ့လာမှု၊ စဉ်းစားမှုနှင့် သိပ္ပံနည်းမဟုတ်သော လူပြိန်းလေ့လာမှု၊ စဉ်းစားမှုဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်ရပေမည်။ မြန်မာနိုင်ငံသမိုင်းမှ ပုဂံခေတ်အကြောင်းကို သိရှိလိုသောသူသည် ဦးကုလားရာဇဝင် တစ်ခုတည်းကိုသာ မှီငြမ်းပြုပါက သိပ္ပံနည်းမကျသော လေ့လာမှုဖြစ်၍ အခြား မြန်မာရာဇဝင်များ၊ ခေတ်ပြိုင် အိန္ဒိယ၊ တရုတ်စသော နိုင်ငံခြားသား မှတ်တမ်းများ၊ ပုဂံကျောက်စာများနှင့် အခြား သမိုင်းအထောက်အထားများကို လေ့လာ၍မှ သိပ္ပံနည်းကျ လေ့လာမှုဖြစ်သည်ဟု ဆိုရပေမည်။ တရားခံလက်သည် မထင်ရှားသော လူသတ်မှုတစ်ခု၌ ဘာမျှမစူးစမ်းဘဲ အသတ်ခံရသူနှင့် တစ်ခါက ရန်ဖြစ်ခဲ့ဖူးသော လူတစ်ယောက်ကို စွပ်စွဲခြင်းသည် လူပြိန်းတွေး တွေးခြင်းမျှသာဖြစ်၍ စုံထောက်မောင်စံရှားကဲ့သို့သော ပုဂ္ဂိုလ်က အမှုနှင့်ပတ်သက်သော ဒိဋ္ဌမမ္မအားလုံးကို အခြေပြု၍ ယထာဘူတ ကောက်ချက်ချခြင်းသည်သာ သိပ္ပံနည်းကျသည်ဟု ဆိုရပေမည်။

အချုပ်အားဖြင့်ကား အသိပညာနှင့်ယှဉ်သော လေ့လာမှုသည် သိပ္ပံနည်းကျ လေ့လာမှု ဖြစ်၏။ ၎င်း၏ ဝိသေသလက္ခဏာမှာ အယူဝါဒတစ်ခုကို ပြင်းပြင်းမြဲမြဲစွာ မစွဲလမ်းခြင်း ဖြစ်၏။ ဤနေရာ၌ ပြင်းပြင်းမြဲမြဲစွာဆိုသော စကားကို သတိပြုသင့်ပေ၏။ လူသတ္တဝါမှန်သမျှသည် အယူဝါဒတစ်ခုခုနှင့် မကင်းနိုင်ချေ။ သို့ရာတွင် အယူတစ်ခုကို မြဲမြဲစွာ ဆုပ်ကိုင်ထားပါက ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ဆန့်ကျင်သော ဒိဋ္ဌမမ္မများကို သတိမမူဘဲ၊ သို့မဟုတ် သတိမူပါလျှင်လည်း မျက်စိမှိတ် ငြင်းဆိုလျက် လွဲမှားနေတတ်ပေသည်။

သို့ဖြစ်၍ ဗေဒင်ယုံသော သူတို့သည် မှားသောဗေဒင်ဆရာများကို သတိမပြုမိကြချေ။ ဗေဒင်မယုံသော သူတို့ကလည်း မှန်သောဗေဒင်ဆရာများကို မျက်ကွယ်ပြုထားကြ၏။ တမလွန်ဘဝကို စွဲစွဲမြဲမြဲ ယုံကြည်သောသူသည် မယုံကြည်သောသူများ၏ ရေးသားပြောဆိုချက်များကို လျစ်လျူပြုထားတတ်ကြ၏။ ရုပ်ဝါဒကို စွဲလမ်းသောသူတို့သည်လည်း တမလွန်ဘဝကို ရှိမရှိ စူးစမ်းလေ့လာသော ပညာရှင်တို့၏ တွေ့ရှိရချက်များကို လေးလေးနက်နက် မစဉ်းစားလိုကြချေ။

---

၁။ Controlled Experiment



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ပြဿနာမဆို သိပ္ပံနည်းကျကျ လေ့လာရာ၌ ကျွန်ုပ်တို့သည် ခံယူချက်တစ်ခုခုကို ဖက်တွယ်မထားဘဲ ဆိုင်ရာဒိဋ္ဌမေမျှများကို အမြဲ အလေးဂရုပြုရမည် ဖြစ်၏။ တမလွန်ဘဝ ပြဿနာကို လေ့လာရာ၌ ရုပ်ဝါဒ၏ မှန်မှု၊ မှားမှုသည် အကြောင်းမဟုတ်၊ သုတေသီပုဂ္ဂိုလ်တို့ တွေ့ရှိချက်များ၏ ဒိဋ္ဌမေမှုဖြစ်မှု၊ မဖြစ်မှု (ဝါ) သေချာမှန်ကန်ခြင်းရှိ၊ မရှိသည်သာ ပဓာနဖြစ်၏။ ဒိဋ္ဌမေမှုများသည် မိမိ၏မူလခံယူချက်နှင့် ဆန့်ကျင်နေပါက ထိုခံယူချက်ကို ပြန်လည်ဆန်းစစ်ရပေမည်။ ပြင်ဆင်သင့်က ပြင်ဆင်၍ စွန့်လွှတ်သင့်က စွန့်လွှတ်ရပေသည်။

တစ်နည်းဆိုသော် ဒိဋ္ဌမေမှုများသည် ပထမ၊ အယူအဆ (ဝါ) အတွေးအခေါ်သည် ဒုတိယဖြစ်၍ ယူဆချက်များကို ဒိဋ္ဌမေမှုများနှင့် မှတ်ကျောက်တင် ကြည့်ရမည် ဖြစ်၏။ ဒိဋ္ဌမေမှုများနှင့် ဘောင်ဝင်သော အယူအဆနှစ်ခုရှိပါက အသိခက်သော၊ ဆန်းကြယ်သော ယူဆချက်ကိုပယ်၍ သိသာထင်ရှားသော၊ ရိုးစင်းသော ယူဆချက်ကို လက်ခံစဉ်းစားရမည်။ ဤသည်မှာ သိပ္ပံပညာရှင်တို့ စူးစမ်းလေ့လာရာ၌ လက်ကိုင်ထားသော ဥပဒေသဖြစ်၏။ လောက၌ အချို့လူများ အသက်ရှည်၍၊ အချို့ ချမ်းသာ၍၊ အချို့ ဆင်းရဲ၍ စသည်ဖြင့် မတူညီခြင်းသည် အတိတ်ဘဝက ပြုသောအမှုများ မတူညီသောကြောင့် ဖြစ်သည်ဟု ဆိုလေ့ရှိ၏။ ဤအဆိုမှာ အတိတ်ဘဝသည်ရှိ၍ ထိုဘဝပြုသော အမှုများ အကျိုးပေးသည်ဆိုသော အယူအဆနှစ်ခုအပေါ်၌ တည်ရှိနေရကား သိပ္ပံနည်းကျလေ့လာရာ၌ လူတစ်ဦးနှင့်တစ်ဦး ဗီဇနှင့်ပတ်ဝန်းကျင် မတူသောကြောင့် ဖြစ်သည်ဟူသော သိသာထင်ရှားသော အဆိုကို လက်ခံရပေမည်။

တမလွန်ဘဝ ပြဿနာကို စူးစမ်းလေ့လာရာ၌ စိတ်ဝိညာဉ် သုတေသီဆရာတို့သည် ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များကို ကြုံတွေ့ကြရပေရာ အချို့က တမလွန်ဘဝရှိကြောင်း ခိုင်မာသော အထောက်အထားများ ဖြစ်သည်ဟု ယူဆကြ၏။ သို့ရာတွင် ဆန်းကြယ်သော အမှုများသည် အချို့လူများ၌ရှိသော တယ်လီပသီခေါ် စိတ်စွမ်းအင် သတ္တိကြောင့်လည်း ဖြစ်ပေါ်နိုင်ရကား အချို့ဆရာတို့က တမလွန်ဘဝ အယူကို လက်မခံဘဲ တယ်လီပသီကိုသာ လက်ခံကြ၏။ သူတို့အမြင်အားဖြင့် တယ်လီပသီကြောင့် ဖြစ်သည်ဟူသော အယူမှာ တမလွန်ဘဝရှိကြောင်း အထောက်အထားဖြစ်သည်ဟူသော အယူထက်ရိုးစင်း၍ သိသာထင်ရှားသည်ဟု ဆိုရမည်ဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်၍ စဉ်းစားဖွယ်ရာ အချက်များရှိပေရာ ရှေ့အခန်းများတွင် အကျယ်ပြဆိုပါအံ့။

တမလွန်ဘဝနှင့် ပတ်သက်သော လူတို့၏ စိတ်အစဉ်အလာ၊ ယုံကြည်ချက် အမျိုးမျိုးရှိ၏။ အချို့က လူသေလျှင် နတ်ပြည်၊ ဗြဟ္မာပြည်၊ ကောင်းကင်ဘုံ၊ ငရဲပြည် စသော ဘုံဌာနတစ်ခုခုသို့ ရောက်ရှိသွားသည်ဟု ယူဆကြ၏။ အချို့လူများမှာ သေပြီး

---

၁။ Occam's Razor or Law of Parsinony "သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော"



www.burmeseclassic.com

www.burmeseclassic.com



နောက် လူပြန်ဖြစ်သည်၊ အချို့မှာ တိရစ္ဆာန်ဘဝသို့ ရောက်ရှိသွားသည် ဆို၏။ လူသေလျှင် ဝိညာဉ်[၁] သာကျန်ရှိ၍ ကျွန်ုပ်တို့ မမြင်နိုင်သော လောက(ဝါ)ဘုံဘဝ၌ သွားလာကျင်လည်နေသည် ဟူ၍လည်း အချို့က ယုံကြည်၏။

ဤယုံကြည်ချက်များအနက် နတ်ပြည်၊ သို့မဟုတ် ငရဲပြည်သို့ ရောက်ရှိသွားသည် ဆိုသော လူတို့၏တမလွန်ဘဝကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရန် မဖြစ်နိုင်ချေ။ လူသေလျှင် တိရစ္ဆာန်ဖြစ်နိုင်၊ မဖြစ်နိုင် ဆိုသည်မှာလည်း သိပ္ပံနည်းဖြင့် စူးစမ်း၍ မရအပ်သော ကိစ္စဖြစ်၏။ ထိုယုံကြည်ချက်များကို မှားသည်မှန်သည် ဆုံးဖြတ်ရန် ဒိဋ္ဌမ္မ အထောက်အထားများ လုံးဝမရှိချေ။ လူသေလျှင် ဝိညာဉ်အဖြစ်ဖြင့် ဆက်လက်တည်ရှိသည်။ သို့တည်းမဟုတ် လူသတ္တဝါအဖြစ်ဖြင့် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုသော အယူနှင့် ပတ်သက်၍မူ စဉ်းစားဖွယ်ရာ ဒိဋ္ဌမ္မ အတော်များများကို သုတေသီပညာရှင်တို့ တွေ့ရှိထားပြီဖြစ်၏။

တမလွန်ဘဝ ရှိမရှိ ပြဿနာကို ရှေးဦးပထမ သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့သော ပုဂ္ဂိုလ်များမှာ ၁၈၈၂ ခုနှစ်က ဗြိတိန်နိုင်ငံ၌ တည်ထောင်ခဲ့သော စိတ်ဝိညာဉ်သုတေသနအသင်း[၂] ဝင် ပညာရှင်များ ဖြစ်၏။ အသင်း၏ မူလရည်ရွယ်ချက်မှာ တမလွန်ဘဝ ပြဿနာကို လေ့လာရန် သက်သက်မဟုတ်ဘဲ လူတို့၏ စိတ်ဝိညာဉ်ဆိုင်ရာ ယုံကြည်မှုများကို လေ့လာရန်ဖြစ်၏။ အသင်း စတင်တည်ထောင်သူများနှင့် စူးစမ်းလေ့လာသူများမှာ နယ်နယ်ရရ ပုဂ္ဂိုလ်များမဟုတ်၊ ၎င်းတို့အထဲတွင် ထိုအခါက နာမည်ကျော် သိပ္ပံပညာရှင် (ဆာဝီလျံကရု၊ ဆာအော်လီဗာလော့၊ ဝီလျံဂျိမ်း[၃] စသည်)နှင့် နိဘယ်ဆုရပညာရှင်(ဂျေဂျေသွမ်မဆင်၊ ဟင်နရီဘာတ်ဆွမ်[၄] စသည်)များ ပါဝင်လေသည်။

ယခုအခါ အခြားဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံ၌ စိတ်ဝိညာဉ် သုတေသနအသင်းများရှိ၍ ထိုသုတေသနလုပ်ငန်းကို ပရစိတ္တဗေဒ[၅] ဟူ၍ ခေါ်၏။ အချို့တက္ကသိုလ်ကျောင်းများ၌ ပရစိတ္တဗေဒကို သင်ကြားပို့ချလျက် ရှိ၏။ ပရစိတ္တဗေဒဂျာနယ်များ ထုတ်ဝေ၍ နှစ်စဉ်ထွက်ပေါ်နေသော ပရစိတ္တ (ဓါ) စိတ်ဝိညာဉ် သုတေသန စာအုပ်များမှာလည်း မနည်းလှချေ။

❑

၁။ Spirit, Soul.

၂။ Society For Psychical Research

၃။ Sir William Crookes, Sir Oliver Lodge, William James,

၄။ J.J Thompson, Henri Bergson

၅။ Parapsychology



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

# လေ့လာတွေ့ရှိချက်များ

အနောက်နိုင်ငံများ၌ လူသေလျှင် တမလွန်ဘဝရှိမရှိ ပြဿနာကို သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့ကြသည်မှာ နှစ်ပေါင်းတစ်ရာနီးပါး ကြာရှိပေပြီ။ လေ့လာမှုကို အချိန်ကာလပိုင်းခြား၍ အကြမ်းဖျင်း ဖော်ပြရမည်ဆိုသော် ၁၈၈၀ ပြည့်နှစ်များမှ ၁၉၃၀ ပြည့်နှစ်များအထိ သုတေသီဆရာတို့သည် သေသူ[၁]များ၏ အာရုံထင်မှုနှင့် နတ်ဝင်သည်[၂] များက သေသူများနှင့် ဆက်သွယ်နိုင်သည် ဆိုမှုများကို စူးစမ်းလေ့လာကြ၏။ ၁၉၃၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်အကြား နှစ်များအတွင်း၌မူ တမလွန်ဘဝ ပြဿနာနှင့် ရောထွေးနေသော တယ်လီပသီ[၃] ခေါ် စိတ်စွမ်းအင်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် အားထုတ်ကြ၏။ ၁၉၆၀ ပြည့်နှစ်၏ နောက်ပိုင်း၌ကား တယ်လီပသီ၏ လုပ်ဆောင်မှု မပါနိုင်သော စမ်းသပ်မှုများကို ပြုလုပ်ကြ၍ သေခါနီးဆဲဆဲ လူနာများနှင့် ကိုယ်ခန္ဓာမှ စိတ်ဝိညာဉ်ခွဲထွက်သည်ဆိုသော အမှုများကို လေ့လာကြ၏။ အထူးအားဖြင့်ကား ယခုနောက်ဆုံးအပိုင်း၌ လူသေလူပြန်ဖြစ်သည်ဆိုသော လူဝင်စားမှုများကို စူးစမ်းလေ့လာမှုမှာ သိသိသာသာ တိုးတက် ကျယ်ပြန့်လာလေသည်။

### (က) တယ်လီပသီ (ဝါ) အိုးအက်စပီ

တမလွန်ဘဝအကြောင်း စူးစမ်းလေ့လာကြရာမှ သုတေသီဆရာတို့ တွေ့ရှိသော အချက်များကို မတင်ပြမီ တယ်လီပသီအကြောင်း ဖော်ပြရန် လိုပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုတွေ့ရှိရချက်များကို စဉ်းစားရာ၌ တယ်လီပသီကို မျက်ကွယ်ပြု၍ မရအပ်ချေ။

---

၁။ Apparition

၂။ Medium

၃။ Telepathy



www.burmeseclassic.com

www.burmeseclassic.com



တယ်လီပသီဟူသည် လူတစ်ဦးမှ အခြားတစ်ဦးသို့ စိတ်ကူးစက်ခြင်း၊ သို့မဟုတ် လူတစ်ဦးသိသမျှကို အခြားလူတစ်ဦးက နား၊ မျက်စိ စသည်မသုံးဘဲ၊ အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင် မနေရဘဲ အလိုလိုသိရှိခြင်း ဖြစ်၏။ ဤစိတ်စွမ်းအင်ကို ယခုခေတ် စိတ်ဝိညာဉ် သုတေသီဆရာတို့က အီးအက်စ်ပီ[၁] ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ အီးအက်စ်ပီကို ပရဝိညာဉ်ဟု ပြန်ဆိုပါက မှားအံ့မထင်။ သို့ရာတွင် ပရဝိညာဉ်ဟုဆိုရာ၌ အတ္တဝိညာဉ်နှင့် မရောထွေးစေဘဲ အဆက်ဖော်ပြပါ စိတ်စွမ်းအင်ကိုသာ ဆိုလိုကြောင်း သတိပြုသင့်ပေ၏။

အီးအက်စ်ပီအကြောင်း အနောက်တိုင်း စိတ်ဝိညာဉ် သုတေသီဆရာတို့ သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၏။ ထိုစိတ်စွမ်းအင်နှင့် ပတ်သက်၍ တိကျခိုင်မာသော ကိုယ်တွေ့သာဓက အထောက်အထားများ အမြေရိုကန်ပြည်၊ ဂျူ့တက္ကသိုလ်မှ ပါမောက္ခရိုင်း၏ ဖဲချပ်များဖြင့် စမ်းသပ်လေ့လာမှုများနှင့် သိပ္ပံပညာရှင်တို့၏ ထင်မြင်ချက်များကို အခြားစာအုပ်နှစ်အုပ်[၂]၌ ရေးသားခဲ့ပြီးဖြစ်၍ ဤစာအုပ်၌ ထပ်မံဖော်ပြရန် မလိုချေ။ အီးအက်စ်ပီစွမ်းအင်၏ ထင်ရှားသော လက္ခဏာများကိုသာလျှင် အကျဉ်းချုံး၍ ပြဆိုပါအံ့။

ပုဂ္ဂိုလ်တစ်ဦး၌ အီးအက်စ်ပီ အစွမ်းသတ္တိ သက်ဝင်လှုပ်ရှားလာရန်အတွက် စိတ်ကြည်လင်ပေါ့ပါးနေရန် အရေးကြီး၏။ ၎င်း၏ အစွမ်းသတ္တိကို ယုံကြည်ရန်လည်း လို၏။ စိတ်ညစ်ညူးထိုင်းမှိုင်း၍ သံသယဝင်နေသောအခါ၌ အီးအက်စ်ပီသည် အားနည်းနေတတ်၏။ အီးအက်စ်ပီဖြင့် စိတ်ဓာတ်ဆက်သွယ်သောသူများမှာ အများအားဖြင့် စိတ်ဓာတ်စရိုက်နီးစပ်သော လင်နှင့်မယား၊ မိဘနှင့်သားသမီး၊ ညီအစ်ကို မောင်နှမသားချင်းနှင့် မိတ်ဆွေသူငယ်ချင်းများ ဖြစ်နေတတ်၏။

အီးအက်စ်ပီ၏ စွမ်းအင်သတ္တိသည် အချိန်ကာလ၊ နေရာဌာနနှင့် သက်ဆိုင်ဟန် လက္ခဏာမရှိချေ။ အချို့ပုဂ္ဂိုလ်တို့သည် အခြားပုဂ္ဂိုလ်တစ်ဦး၏ အတိတ်ကာလ အဖြစ်အပျက်များကို အလိုလိုသိရှိ၍ အချို့မှာ အနာဂတ်၌ ဖြစ်ပျက်မည့်အရာများကို မှန်ကန်စွာ ပြောပြနိုင်ကြ၏။ အီးအက်စ်ပီဖြင့် ဆက်သွယ်ရာ၌ လူတစ်ဦးနှင့်တစ်ဦး ဝေးကွာမှုသည် အခက်အခဲ၊ အတားအဆီး မဟုတ်ချေ။ ဆိုဗီယက်ပညာရှင်တို့၏ စမ်းသပ်မှုတစ်ခု၌ **မော်စကိုမြို့**မှ လူတစ်ဦးသည် ကီလိုမီတာ ၃၀၀၀ (၁၈၇၅ မိုင်) ကွာဝေးသော နိုဗိုဆီဗစ် **မြို့ရှိ အခြားလူ**တစ်ဦးထံသို့ မိမိအား စမ်းသပ်သူတို့ကပြသော အရာဝတ္ထုများကို စိတ်ဖြင့် သတင်း**ပို့ရာ နိုဗိုဆီဗစ်**မှလူသည် မှန်ကန်စွာ ပြောပြနိုင်သည် ဆို၏။

**စိတ်ဝိညာဉ်** သုတေသနနယ်ပယ်၌ အီးအက်စ်ပီသည် အထောက်အထား အခိုင်မာဆုံးဖြစ်၍ **သုတေသီပုဂ္ဂိုလ်**အားလုံးက လက်ခံယုံကြည်ကြ၏။ သိပ္ပံဆရာ အများစုကမူ

၁။ ESP-Extra Sensory Perception

၂။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" "လူ့စိတ်သဘာဝ"



www.burmeseclassic.com

www.burmeseclassic.com



၎င်းကို သိပ္ပံသဘောတရားများဖြင့် ရှင်းပြ၍ မရအပ်သောကြောင့် မယုံကြည်ကြချေ။ သို့ရာတွင် ရုပ်ဝါဒထွန်းကားသော ဆိုဗီယက်ရုရှားနိုင်ငံ၌ပင် ၎င်းကိုလက်ခံသော ပညာရှင်များရှိ၍ နိုင်ငံအစိုးရက ၎င်းအကြောင်း စူးစမ်းလေ့လာမှုကို အားပေးနေခြင်းမှာ စဉ်းစားဖွယ်ရာ ဖြစ်၏။

စိတ်ဝိဇ္ဇာဉ် သုတေသနလုပ်ငန်းကို စေ့စေ့သေချာစွာ လေ့လာခဲ့သော ဗြိတိသျှ စိတ်ပညာရှင်တစ်ဦး၏ ရေးသားချက်မှာ မှတ်သားဖွယ်ကောင်း၏။

"ကမ္ဘာအရပ်ရပ်ရှိ တက္ကသိုလ်ပေါင်း ၃၀ မှ သုတေသနဌာနများသည်လည်းကောင်း၊ ကျွန်ုပ်တို့ အထူးယုံကြည် လေးစားအပ်သော ပညာရှင်ပေါင်း မြောက်မြားစွာတို့သည်လည်းကောင်း၊ တယ်လီပသီ (ဝါ) အီးအက်စ်ပီအကြောင်း စူးစမ်းလေ့လာခဲ့ကြ၏။ ထိုသုတေသီပညာရှင်တို့အနက် ပုဂ္ဂိုလ် အတော်များများသည် လက်ဦးပထမက အီးအက်စ်ပီကို လက်မခံခဲ့ကြချေ။ ထိုသိပ္ပံပညာရှင်တို့ စူးစမ်းလေ့လာရာမှ တွေ့ရှိချက်များသည် အကယ်၍ အားလုံး ပူးပေါင်းကြံစည်၍ လိမ်လည်လုပ်ကြံမှုများ မဟုတ်ပါက ဆန္ဒစွဲ၊ ဝါဒစွဲကင်းသော ပုဂ္ဂိုလ်အဖို့ လက်ခံရန်အချက် တစ်ခုသာလျှင် ရှိ၏။ ယင်းမှာ အချို့လူများသည် အခြားလူများ၏ စိတ်၌သော်လည်းကောင်း၊ ပြင်ပလောက၌သော်လည်းကောင်း ရှိသောအကြောင်းအရာကို သိပ္ပံပညာက ယခုအထိ နားမလည်သေးသော နည်းဖြင့် သိရှိနိုင်သည်ဆိုသော အချက်ဖြစ်၏"[၁]

## (ခ) အာရုံထင်ခြင်း

တမလွန်ဘဝယုံကြည်မှုနှင့် ဆက်စပ်နေသော လူတို့၏ အခြားယုံကြည်မှုတစ်ခုမှာ တစ္ဆေရှိသည်ဆိုသော ယုံကြည်မှုဖြစ်၏။ ဤသည်မှာ ရှေးပဝေသဏီမှစ၍ ယနေ့အထိ များစွာသော ကမ္ဘာ့လူသားတို့၏ ယုံကြည်ချက်ဖြစ်၍ တစ္ဆေနှင့် ပတ်သက်သော လူတို့ အတွေ့အကြုံများကို တမလွန်ဘဝ ယုံကြည်မှုအတွက် ခိုင်မာသော အထောက်အထားအဖြစ်ဖြင့် ပြဆိုလေ့ရှိကြ၏။

တစ္ဆေအကြောင်းကို စေ့စေ့သေချာစွာ လေ့လာခဲ့ကြသော စိတ်ဝိဇ္ဇာဉ် သုတေသီဆရာတို့၏ ခံယူချက်မှာ ကမ္ဘာ့လူသားတို့၏ ခံယူချက်နှင့် တခြားစီဖြစ်၏။ တစ္ဆေခြောက်သည်၊ သေသူက ကိုယ်ထင်ပြသည်စသော စကားများမှာ လောက၌ တစ္ဆေဟူသော တမလွန်ဘုံသား မုချရှိသည်ဟု ဆိုလိုရာရောက်၍ သုတေသီဆရာတို့ အလိုအားဖြင့် ထိုသို့ယူဆရန် ခိုင်လုံသော အကြောင်းမရှိချေ။ စိတ်ဝိဇ္ဇာဉ် သုတေသနမှတ်တမ်းများ၌ တစ္ဆေဟူသော စကားကိုပင်မသုံးဘဲ တစ္ဆေတွေ့မြင်သည်ဆိုသော သူတို့၏ အတွေ့အကြုံကို လူပုဂ္ဂိုလ်တစ်ဦး၏ အရိပ်သဏ္ဌာန်၊ အသံ၊ အနံ့ စသည်တို့က စိတ်အာရုံ၌ ထင်မှုအနေဖြင့်သာ အသိအမှတ်ပြုကြ၏။ အာရုံထင်မှုဆိုရာ၌ သေသူများကိုသာလျှင် ဆိုလိုသည်မဟုတ်၊

---

၁။ H.J. Eysenck, "Sense and Nonsense in Psychology" pp. 13-32.



www.burmeseclassic.com

www.burmeseclassic.com



အသက်ထင်ရှားရှိသော ပုဂ္ဂိုလ်တစ်ဦးအား အာရုံထင်မှု၊ တစ်နည်းဆိုသော် သက်ရှိပုဂ္ဂိုလ်တစ်ဦးက အဝေးရှိ အခြားလူတစ်ဦးအား ကိုယ်ထင်ပြမှုမျိုးလည်းရှိကြောင်း သုတေသီဆရာတို့ လေ့လာခဲ့သော ' များစွာသော သာဓကများအရ အခိုင်အမာ သိရှိရ၏။[၂] ဤအကြောင်းကို ရှေ့အခန်းတစ်ခု၌ ဖော်ပြပါအံ့။

သုတေသီဆရာတို့၏ လေ့လာတွေ့ရှိချက်များမှာ လူတို့ စိတ်ဝင်စားသော တစ္ဆေပုံပြင်များနှင့် မတူချေ။ အထောက်အထား ခိုင်မာ၍ စိတ်ဝိညာဉ် သုတေသနအသင်း၌ မှတ်တမ်းတင်ထားသော အာရုံထင်မှုသာဓကများ၌ တစ္ဆေသည် သေသူဖြစ်နေသည့်တိုင် သက်ရှိလူများကို ခြောက်လှန့်ခြင်းမပြုချေ။ ၎င်းတို့ကို ထိတွေ့၍မရအပ်။ ဓာတ်ပုံရိုက်၍ မရအပ်။ ပြောသောစကားကို အသံဖမ်းယူ၍ မရအပ်။ ၎င်းသည် ရုတ်တရက်ပေါ်လာ၍ ရုတ်တရက် ပျောက်ကွယ်သွားတတ်၏။ တံခါးအလုံပိတ်ထားသော အခန်းထဲ၌လည်း ပေါ်လာတတ်၏။ တစ္ဆေခြောက်သည်ဆိုသော အိမ်၌ ကုလားထိုင်ရွေ့သံ၊ လဲကျသံများ ကြားရပြီးနောက် သွားကြည့်ပါက ကုလားထိုင်များကို နဂိုမူလအတိုင်း လက်ရာခြေရာ မပျက် တွေ့ရမည်ဖြစ်၏။ တစ္ဆေသည် ပတ်ဝန်းကျင်၌ များစွာ စိတ်ဝင်စားဟန်မရှိ။ ၎င်း၏အမူအရာမှာ မိန်းမောတွေဝေ၍ မှင်တက်မိနေဟန် အမူအရာမျိုး ဖြစ်၏။

အာရုံထင်မှုနှင့် တမလွန်ဘဝပြဿနာ ဆက်စပ်နေခြင်းမှာ ကမ္ဘာအရပ်ရပ်မှ ရရှိသော သာဓကများ၌ အာရုံထင်သော အရိပ်သဏ္ဌာန်(ဝါ)တစ္ဆေသည် များသောအားဖြင့် သေအံ့ဆဲဆဲ၊ သို့မဟုတ် မကြာသေးမီက သေဆုံးပြီး ပုဂ္ဂိုလ်ဖြစ်နေတတ်သောကြောင့် ဖြစ်၏။ ဤလက္ခဏာခြင်းရာကို သတိပြုမိသော သုတေသီတို့သည် တိုင်းပြည်တစ်ဝန်းလုံး၌ လူများသေသောနှုန်းဖြင့် ချိန်ထိုး၍ တွက်ချက်ပြီးနောက် လူသေမှုနှင့် အာရုံထင်မှု တိုက်ဆိုင်ခြင်းမှာ အကြောင်းမဲ့ တိုက်ဆိုင်မှု မဖြစ်နိုင်ပါဟု ဆိုကြ၏။ ဤအဆိုမှန်ပါက ပုဂ္ဂိုလ်တစ်ဦး သေခါနီးဆဲဆဲ၊ သို့မဟုတ် သေသည်၏အခြားမဲ့၌ နာမ်ခန္ဓာမှ တစ်စုံတစ်ခုသောအရာသည် ကျန်ရှိ၍ နီးစပ်သော အခြားပုဂ္ဂိုလ်တစ်ဦးနှင့် ဆက်သွယ်လေသလော (ဝါ) ထိုပုဂ္ဂိုလ်အား အာရုံထင်လေသလောဟု စဉ်းစားရန်ရှိ၏။

အချို့ဆရာတို့က အာရုံထင်ခြင်းမှာ သေပြီးနောက် တစ်စုံတစ်ခုသော နာမ်တရား ကျန်ရှိသောကြောင့် မဟုတ်ဘဲ သေခါနီးပုဂ္ဂိုလ်၌ အိုးအက်စ်ပီ(ပရစိညာဉ်) သက်ဝင်လှုပ်ရှားလာသောကြောင့် ဖြစ်သည်ဆိုကြ၏။ လူတစ်ဦးသေဆုံးမှုနှင့် အခြားတစ်ဦးအား အာရုံထင်မှုသည် နာရီ၊ သို့မဟုတ် ရက်အနည်းငယ်သာခြားပါက သေခါနီးဆဲဆဲ လူ၏ စိတ်သည် အခြားလူတစ်ဦးစိတ်နှင့် ဆက်သွယ်၍ ထိုလူ၏ဘဝင်၌ ကိန်းဝပ်နေပြီးလျှင် ပထမလူသေပြီးနောက် ကာလအတန်ကြာမှ လှုပ်ရှားပြီး အာရုံထင်လာခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ သို့ရာတွင် လူတစ်ဦးသေဆုံးကြောင်း အခြားတစ်ဦးကမသိဘဲ လပေါင်း၊

---

၁။ Hallucination

၂။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း အတန်ကြာမှ အာရုံထင်သော အမှုများလည်းရှိပေရာ ထိုအမှုများ၌ အထက်ပါ အတိုင်း ယူဆရန် မဖြစ်နိုင်ချေ။

သာဓကတစ်ခု၌ မစ္စစ်(C)ဆိုသော မိန်းမတစ်ဦးသည် မိမိကို များစွာချစ်ကြိုက် နေသောလူရွယ် မစ္စတာ(B)နှင့် နဖူးစာမဆုံဘဲ အခြားလူတစ်ဦးနှင့် အိမ်ထောင်ကျသွား၏။ နောက်နှစ်နှစ်ခန့်ကြာသောအခါ (B)သည် သူတို့အိမ်ကို အလည်ရောက်လာ၏။ ထိုအခါ သူသည် မစ္စစ်(C)ကို စိတ်ကုန်သေးဟန် မတူချေ။ ထို့နောက် အခြားတစ်နေရာသို့ ထွက်သွား၍ မစ္စစ်(C)သည် သူ့အကြောင်း ဘာမျှ မကြားရတော့ချေ။ သုံးလလွန်မြောက်၍ တစ်နေ့သော နံနက်စောစော၌ မစ္စက်(C)သည် မိမိကလေးကို နို့တိုက်နေစဉ် လေအေး တစ်ချက် အခန်းထဲသို့ ဝှေ့တိုက်လိုက်၍ တစ်စုံတစ်ယောက်က မိမိပခုံးကို လာကိုင်သလို ခံစားရသဖြင့် တံခါးဆီသို့ မော့ကြည့်လိုက်ရာ မစ္စတာ(B)ကို ရှပ်အင်္ကျီဘောင်းဘီဝတ်၍ မိမိအား ကြည့်နေသည်ကို တွေ့ရ၏။ ထို့နောက် (B)သည် ပျောက်ကွယ်သွား၏။ မစ္စစ်(C)သည် မိမိခင်ပွန်းအား ပြောပြ၍ မစ္စတာ(C)သည် သူပြောသမျှကို နေ့ရက် အချိန်နာရီဖြင့် တိတိကျကျ ရေးမှတ်ထား၏။ နောက်မှ သိရသည်ကား (B)သည် ဆေးစားမှား၍ သေဆုံးသွားရာ သူသေစဉ်က ရှပ်အင်္ကျီနှင့်ဘောင်းဘီကိုသာ ဝတ်ထား၏။ သူသေသောနေ့ရက်နှင့် မစ္စစ်(C)အာရုံထင်သော နေ့ရက်မှာ ရက်သတ္တပတ် ဆယ်ပတ် ကြာမျှ ခြား၏။

အချို့အမှုများ၌ အာရုံထင်ခြင်းသည် သေသူနှင့် ပတ်သက်နေကြောင်း ပိုမို ခိုင်မာသော အထောက်အထားများကို တွေ့ရ၏။ ၎င်းမှာ သေသူသည် မိမိအသက်ရှိစဉ်က အာရုံထင် ပုဂ္ဂိုလ်မသိသော ပုံသဏ္ဌာန်ဖြင့် ကိုယ်ထင်ပြခြင်း ဖြစ်၏။ ပုံစံအားဖြင့် အာရုံထင် ပုဂ္ဂိုလ်မသိသော်လည်း သူ၏သွင်ပြင်လက္ခဏာ အစစ်ဖြစ်သော မှတ်ဆိတ်မွေး ရှိခြင်း၊ တစ်စုံတစ်ခုသော အဝတ်အထည်ကို ဝတ်ဆင်ထားခြင်းဖြင့် ပြလေ့ရှိ၏။ အချို့ အမှုများ၌မူ သေပြီးနောက် သေသူ၏ကိုယ်ခန္ဓာ မည်သို့ဖြစ်ပျက်သည်၊ သူချစ်သော သက်ရှိပုဂ္ဂိုလ်တစ်ဦး မည်သို့ဖြစ်နေသည်ကို တစ္ဆေကသိရှိကြောင်း နိမိတ်လက္ခဏာ ပြတတ်၏။ ထင်ရှားသော သာဓကမှာ ပါးပြင်အနီခြစ်ရာနှင့် မိမိနှမ၏တစ္ဆေကို တွေ့မြင် ရသော လူငယ်တစ်ဦး၏ ကိုယ်တွေ့ဖြစ်၏။ မိမိအမေအား ပြောပြမှ အမေဖြစ်သူက သမီး၏အလောင်းကို မွမ်းမံရန် ပြင်ဆင်ရာ၌ ပါးတွင် တစ်စုံတစ်ခုနှင့် ခြစ်မိကြောင်း၊ ပေါင်ဒါဖြင့် ထိုခြစ်ရာကို ဖုံးဖိပြုပြင်လိုက်ပြီး ထိုအဖြစ်အပျက်ကို မည်သူမျှမသိအောင် လျှို့ဝှက်ထားခဲ့ကြောင်း ဖွင့်ဟဝန်ခံ၏။ ဤအမှု၌ တစ္ဆေသည် မိန်းမငယ်သေပြီး၊ ကိုးနှစ် ကြာမှ ပေါ်လာခြင်းဖြစ်၏။

ပရစိတ်ညာဉ်အားဖြင့် စိတ်ဓာတ်ချင်း ဆက်စပ်မှုသည် ဆွေမျိုးသားချင်း၊ မိတ်ဆွေ သူငယ်ချင်းကဲ့သို့သော နီးစပ်သောပုဂ္ဂိုလ်များသာ ဖြစ်ပွားလေ့ရှိသည်ဟု စိတ်ဝိညာဉ် သုတေသီဆရာတို့က ဆိုကြပေရာ ဤအဆိုမှန်ပါက သေသူအား အာရုံထင်သော အချို့ အမှုများမှာ ပရစိတ်ညာဉ်ကြောင့် ဖြစ်နိုင်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုအမှု



www.burmeseclassic.com

www.burmeseclassic.com



များ၌ တစ္ဆေသည် သက်ရှိပုဂ္ဂိုလ် ရှေးက လုံးဝမတွေ့မမြင်ဖူးသော လူတစ်ဦး၏ အရိပ်သဏ္ဌာန်ဖြစ်နေ၍ နောက်မှ တစ်စုံတစ်ယောက်သော သေသူဖြစ်နေကြောင်း သိရှိရ၏။

လသာသော ညတစ်ညဌ် မစ္စတာ(H)သည် စပိန်ပြည် ဟိုတယ်အခန်းတစ်ခုထဲ၌ အိပ်ပျော်နေစဉ် အခန်းထဲသို့ လူတစ်ဦး ရောက်ရှိလာသည်ဟူသော အထင်နှင့် လန့်နိုးလာ၏။ မျက်စိဖွင့်ကြည့်လိုက်သောအခါ အိပ်ရာနံဘေး၌ အသက် ၂၅ နှစ်ခန့်ရှိ လူရွယ်တစ်ယောက်ရပ်လျက် မိမိအိပ်နေသောနေရာကို လက်ညှိုးထိုးပြနေသည်ကို မြင်ရ၏။ (H)သည် အိပ်ရာမှ ထမည်အပြုတွင် တစ္ဆေသည် ပိတ်ထားသော တံခါးအကြားမှ တဖြည်းဖြည်း ပျောက်ကွယ်သွား၏။ နောက်ကာလ၌ (H)သည် ဓာတ်ပုံထဲတွင် မိမိမြင်ခဲ့သော ပုံသဏ္ဌာန်နှင့် လူရွယ်ကို မှန်ကန်စွာ ထောက်ပြနိုင်၏။ ထိုအခါ ဟိုတယ်၌ ရှိသော မစ္စတာ(F)က မစ္စတာ(H) မြင်ရသည်ဆိုသော ပုံသဏ္ဌာန်သည် သူနေသော အခန်း၌ လွန်ခဲ့သော တစ်နှစ်ကျော်လောက်က ရုတ်တရက်သေဆုံးသော လူငယ်တစ်ဦး ဖြစ်ကြောင်း၊ သူသည် ထိုလူငယ်အကြောင်းကို သော်လည်းကောင်း၊ သေဆုံးခြင်းကို သော်လည်းကောင်း ဘာမျှမသိကြောင်း၊ (H)သည် တစ္ဆေကိုမြင်ပြီး နောက်တစ်နေ့နံနက်၌ မိမိအားပြောပြရာ သူ၏ ပြောပြချက်အရ မည်သူမည်ဝါ ဖြစ်သည်ကို မိမိသိရှိကြောင်း ထုတ်ဖော်ဝန်ခံခဲ့၏။ (H)သည် တစ္ဆေဝတ်ဆင်ထားပုံကို ပြောပြရာ လူငယ် အသက်ရှိစဉ်က မကြာခဏ ဝတ်ဆင်လေ့ရှိပုံနှင့် တူညီနေကြောင်း သိရှိရ၏။

တစ္ဆေအကြောင်းကို ရှေးဦးပထမ စေ့စေ့သေချာစွာ လေ့လာခဲ့သော စိတ်ဝိညာဉ်သုတေသီ အက်ဒမွန်ဂါနီ၏ အလိုအားဖြင့် တစ္ဆေသည် မြင်သောပုဂ္ဂိုလ်၏ စိတ်အထင်သက်သက်မဟုတ်ဘဲ သေဆုံးပြီးသော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်နေရန်အတွက် အချက်သုံးချက်နှင့် ညီညွတ်ရမည်ဖြစ်၏။ ပထမအချက်မှာ တစ္ဆေကို လူနှစ်ဦး၊ သုံးဦးက မြင်ရမည်။ ဒုတိယအချက်မှာ တစ္ဆေကို မြင်သောသူသည် ရှေးက သေပြီးဖြစ်သော ဆိုင်ရာလူကို လုံးဝမြင်ဖူးခြင်း မရှိရ။ သို့ရာတွင် သူမြင်ရသော တစ္ဆေသည် ထို သေပြီးသော သူနှင့် ပုံပန်းသဏ္ဌာန် တူရမည်။ တတိယအချက်မှာ တစ္ဆေသည် သက်ရှိလူအား သတင်းတစ်ခုခု ပေးရမည်။ ထိုသတင်းမှာ တစ္ဆေကိုမြင်သောသူ ကြားသိပြီး မဖြစ်စေရ။ မှန်ကန်သော သတင်းဖြစ်ကြောင်း နောင်ကာလ၌ အတည်ပြုနိုင်ရမည် ဖြစ်၏။

စိတ်ဝိညာဉ် သုတေသနအသင်း၏ မှတ်တမ်းများ၌ တစ္ဆေကို ပုဂ္ဂိုလ်နှစ်ဦးသုံးဦးပင်မဟုတ်၊ ထိုထက်မက များပြားသော ပုဂ္ဂိုလ်များ တစ်ပြိုင်နက် မြင်ဖူးသောသာဓကများ ပြဆိုထား၏။ တစ္ဆေက သက်ရှိလူအား သတင်းပေးသော သာဓကများလည်း ရှိ၏။ အချို့သော ထိုသတင်းပေးမှုများ၌ တစ်စုံတစ်ခုသော ရည်ရွယ်ချက်ရှိမှု၊ ကြံစည်အားထုတ်မှုသည် ထင်ရှား၍ သက်ရှိလူ၏ စိတ်အထင်မဟုတ်ဘဲ တမလွန်လောကမှ တစ်စုံတစ်ဦး၏ လုပ်ဆောင်မှုဖြစ်ခြင်းကို ယုံမှားစရာမရှိချေ။

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"

www.burmeseclassic.com



ဤနေရာ၌ အထူးထင်ရှားသော အမှုမှာ ရှာဖင်သေတမ်းစာ အမှုဖြစ်၏။ အမှု အတိုချုပ်မှာ အမေရိကန်ပြည်၌ သေသူ မစ္စတာရှာဖင်သည် မိမိ၏ သားတစ်ယောက်အား မကြာခဏ အိပ်မက်ပေး၍ ထိုသားအား အကျိုးရှိစေမည့် သေတမ်းစာကို မည်သို့ ရှာဖွေရန် ပြော၏။ ဒုတိယ သေတမ်းစာရှိကြောင်း သက်ရှိလူ မည်သူမျှမသိကြချေ။ သေသူ ညွှန်ကြားချက်အတိုင်း ရှာဖွေရာ သေတမ်းစာကိုတွေ့ရှိ၍ ပြည်နယ်တရားရုံးတော်က ၎င်းကို လက်ခံအတည်ပြုလိုက်၏။ သားက အိပ်မက် စတင်မက်သောအခါ၌ မစ္စတာရှာဖင် သေဆုံးသည်မှာ လေးနှစ်ခန့် ကြာပြီဖြစ်၏။

တစ္ဆေသည် သေသူ၏ အရိပ်သဏ္ဌာန်မျှသာ ဖြစ်ကောင်းဖြစ်ပေမည်။ သို့တည်း မဟုတ် သေသူ၏စိတ်ဓာတ် အကြွင်းအကျန်နှင့် သက်ရှိပုဂ္ဂိုလ်တစ်ဦး၏ ဘဝင်စိတ် ပေါင်းဆုံရာမှ ပေါက်ဖွားလာသော ဓမ္မာရုံ ဖြစ်ကောင်းဖြစ်ပေမည်။ မည်သို့ဖြစ်စေ တစ္ဆေအကြောင်းကို စိတ်ဝိညာဉ် သုတေသီဆရာတို့၏ လေ့လာတွေ့ရှိရချက်မှာ လူသေ လျှင် ဘဝပြတ်သည်ဆိုသော ရုပ်ဝါဒနှင့် ဆန့်ကျင်လျက် ရှိပေသည်။

## (ဂ) နတ်ဝင်နှင့် ဝိညာဉ်လောက

အနောက်နိုင်ငံများ၌ လူသေလျှင် ဘဝပြတ်မသွားဘဲ အတ္တဝိညာဉ်အဖြစ်ဖြင့် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်သောသူ အမြောက်အမြား ရှိ၏။ သူတို့၏ အားထားရာပုဂ္ဂိုလ်များမှာ နတ်ဝင်များဖြစ်ကြ၏။ နတ်ဝင်[၁]သည် ဘဝင်ကျ[၂]နေစဉ် တမလွန်လောကမှ ဝိညာဉ်တစ်ခုသည် နတ်ဝင်ကို မိုးကပ်လာ(ဝါ) ဓာတ်စီး၍ နတ်မေးသူတို့သည် ထိုဓာတ်စီး[၃]မှုတစ်ဆင့် မိမိတို့သိလိုသော သေသူ့ဝိညာဉ် နှင့် ကိုယ်တိုင်ဆက်သွယ်ကြရ၏။ တစ်ခါတစ်ရံ၌မူ သေသူ့ဝိညာဉ်ကိုယ်တိုင် နတ်ဝင်ကို စီး၍ ၎င်းနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည် ဆို၏။

စိတ်ဝိညာဉ် သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက်အရ နတ်ဝင်တို့သည် အများအားဖြင့် လူလိမ်လူညာများ ဖြစ်ကြ၏။ နတ်ဝင်အားလုံး လူလိမ်များ ဖြစ်ပါသည် ဟုကား မဆိုနိုင်ချေ။ သုတေသီဆရာတို့သည် နတ်ဝင်များကို လေ့လာရာ၌ မယုံသင်္ကာ သောစိတ်ဖြင့် အထူးသတိဝီရိယထား၍ ၎င်းတို့၏ သွားလာလှုပ်ရှားမှုကို စုံစမ်းထောက် လှမ်းခြင်း၊ ၎င်းတို့မလိမ်နိုင်အောင် ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ပြီးမှ ဇေ့စေ့စပ်စပ် စူးစမ်းလေ့လာကြ၏။ ထိုသို့ လေ့လာခဲ့သော သုတေသီဆရာတို့က အနည်းငယ်သော

၁။ ပထမအချက်နှစ်ချက်နှင့် ညီညွတ်သော သာဓကတစ်ခုကို "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရ ချက်များ" စာ–၇၈ ၌ ကြည့်ပါ။

၂။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" စာ–၇၆ ၌ ဖော်ပြထားသည်။

၁။ Medium

၂။ Trance

၃။ Countrol



www.burmeseclassic.com

www.burmeseclassic.com



အချို့နတ်ဝင်များမှာ လိမ်လည်လှည့်စားခြင်း မရှိ၊ မည်သည့် ပရိယာယ်မျှကိုလည်း မသုံးဘဲ သေသူ၏ အကြောင်းကိုသော်လည်းကောင်း၊ နတ်မေးသူနှင့် သူ၏ ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်းများအကြောင်းကို သော်လည်းကောင်း တိကျမှန်ကန်စွာ ပြောပြနိုင်ပါသည်ဟု ဝန်ခံကြ၏။

ထိုသို့ မှန်ကန်စွာ ပြောပြနိုင်ခြင်းသည် သေသူ၏ဝိညာဉ်နှင့် ဆက်သွယ်မှုရှိသောကြောင့်ဖြစ်သည်ဟု နတ်ဝင်တို့က ဆိုကြမည်ဖြစ်ရာ စိတ်ဝိညာဉ် သုတေသီဆရာတို့ အမြင်အားဖြင့် ဤအဆိုကို လက်ခံရန်မလိုချေ။ နတ်မေးသူသည် အများအားဖြင့် သေသူနှင့် ခင်မင်ရင်းနှီးပြီးဖြစ်၍ နတ်ဝင် ပြောပြသောအချက်များသည် နတ်မေးသူ သိရှိထားသော အချက်များ ဖြစ်၏။ ထို့ကြောင့် နတ်ဝင်သည် မိမိ၏ ပရဝိညာဉ်စွမ်းအားဖြင့် နတ်မေးသူ၏ စိတ်ကို သိရှိပြီး သူပြောသောစကားများ တိကျမှန်ကန်နေခြင်း ဖြစ်ပေလိမ့်မည်။

သို့ရာတွင် အချို့သော နတ်ဝင်များသည် တစ်ခါတစ်ရံ နတ်မေးသူ လုံးဝမသိသော အချက်များကို ပြောပြနိုင်ကြ၏။ တစ်ခါက နာမည်ကျော် နတ်ဝင် မစ္စစ်ပိုက်ဝါ၏ ခာတ်စီးသည် ပါမောက္ခ ဝီလျံဂျိမ်းစ်အား နယူးယောက်မြို့ရှိ သူ၏ဆွေမျိုးသားချင်း နှစ်ဦး၏ ကျန်းမာရေးအခြေအနေကို ပြောပြ၏။ ထိုအချိန်က ဂျိမ်းစ်သည် ထိုအကြောင်းကို ဘာမျှမသိရသော်လည်း နောက်ကာလ၌ နယူးယောက်မှ ပေးပို့လိုက်သော စာအရ နတ်ဝင်၏ပြောပြချက် မှန်ကန်ကြောင်း သိရ၏။ အခြား တမလွန်ဘုံသားတစ်ဦးကလည်း နာမည်ကြီး အခြားနတ်ဝင်၏ ခာတ်စီးမှတစ်ဆင့် မိမိအသက်ရှင်စဉ်က ရောက်ဖူးသော အသိမိတ်ဆွေတစ်ဦး၏ အိမ်ထဲရှိ ပစ္စည်းများအကြောင်း ပြောပြရာ နတ်မေးသော အမျိုးသမီးနှစ်ဦးသည် ထိုအိမ် မည်သည့်နေရာ၌ ရှိသည်ကိုပင် မသိ။ သို့ရာတွင် သုတေသီဆရာတို့က နောက်မှ အိမ်ရှင်ကိုရှာဖွေ၍ စုံစမ်းကြည့်ရာ နတ်ဝင် ပြောပြသည့်အတိုင်း အားလုံးမှန်ကန်နေကြောင်း တွေ့ရှိရလေသည်။

နတ်ဝင်၏စကားများ မှန်ကန်နေခြင်းသည် နတ်မေးသူ၏စိတ်ကို ပရဝိညာဉ်အစွမ်းဖြင့် သိရှိသောကြောင့် ဖြစ်သည်။ သို့မဟုတ် ခာတ်စီးမှတစ်ဆင့် သေသူ့ဝိညာဉ်နှင့် ဆက်သွယ်သောကြောင့် ဖြစ်သည်ဟူ၍ အသေအချာသိရှိရန် သုတေသီဆရာ၊ သို့မဟုတ် နတ်မေးသူသည် နတ်ဝင်ထံသို့ ကိုယ်တိုင်မသွားဘဲ အခြား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား စေလွှတ်၍ စုံစမ်းဖူး၏။ ဒေါက်တာသောမတ်စ်ဆိုသော ပညာဝန်တစ်ဦးသည် မိမိ၏ လက်ထောက် အမျိုးသမီးတစ်ဦးကို နတ်ဝင်မစ္စစ်လီအိုနတ်ထံသို့ စေလွှတ်၍ ကွယ်လွန်သူ မိမိ၏ ဖနီးအကြောင်း မေးမြန်းစုံစမ်းစေ၏။ နတ်ဝင်၏ခာတ်စီးက မစ္စစ်သောမတ်၏ ဝိညာဉ်ထံမှ ရရှိသည်ဆိုသော အချက် ၁၁ ချက် (၎င်းတို့မှာ သူတို့ဇနီးမောင်နှံနှင့် ပတ်သက်သောအချက်များ)ကို ပြောပြရာ အားလုံးမှန်ကန်ပါသည်ဟု ဒေါက်တာသောမတ်စ်က ဝန်ခံလေသည်။

ဤအမှု၌ နတ်မေးသူသည် ဒေါက်တာသောမတ်စ်ကို သိပြီးဖြစ်သောကြောင့် သူ့ထံမှတစ်ဆင့် နတ်ဝင်က ပရဝိညာဉ်အစွမ်းဖြင့် ဒေါက်တာသောမတ်စ်၏စိတ်ကို သိလေ



www.burmeseclassic.com

www.burmeseclassic.com



သလောဟု စဉ်းစားရန်ရှိ၏။ သို့ရာတွင် အချို့အမှုများ၌ နတ်မေးသူသည် သေသူ့အကြောင်း စူးစမ်းလိုသော ပုဂ္ဂိုလ်ကို လုံးဝမသိချေ။ ပါမောက္ခတစ်ဦး၏ အကြံပေးချက်အရ သုတေသီတစ်ဦးသည် အဆိုပါနတ်ဝင်အား မစ္စစ်လီဝစ်ဆိုသော မိန်းမတစ်ဦး၏ ကွယ်လွန်သူ ဖခင်အကြောင်းကို မေး၏။ သုတေသီဆရာသည် မစ္စစ်လီဝစ်ကို လုံးဝမမြင်ဖူး၊ မကြားဖူးချေ။ နတ်ဝင် ပြောပြချက်များကို သုတေသီဆရာက ရေးမှတ်၍ ပါမောက္ခထံပေးပို့ရာ မစ္စစ်လီဝစ်က အားလုံးလိုလို မှန်ကန်နေကြောင်း အတည်ပြု၏။

မစ္စတာဒရေတန်သောမတ်စ်ဆိုသူ သုတေသီဆရာ လေ့လာသောအမှု၌ကား နတ်ဝင်မစ္စစ်လီအိုနတ်သည် သေသူ၏ ဆွေမျိုးသားချင်းများကို သော်လည်းကောင်း၊ ထိုဆွေမျိုးသားချင်းများကိုယ်စား နတ်မေးသော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း လုံးဝမသိသော အကြောင်းအရာများကို ပြောပြ၍ နောက်မှစုံစမ်းကြရာတွင် အားလုံးမှန်ကန်နေသည်ကို တွေ့ရ၏။ ဇနီးမောင်နှံနှစ်ဦးသည် မိမိတို့၏ ကွယ်လွန်သွားသော သားငယ်ဘော်ဘီထံမှ သတင်းရရှိလိုသောကြောင့် သုတေသီဆရာက သူတို့ကိုယ်စား နတ်ဝင်ထံသွားရောက်စုံစမ်း၏။ သုတေသီဆရာသည် ဘော်ဘီ၏မိသားစုထဲမှ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ဖူး၊ မမြင်ဖူးချေ။ သူတို့အကြောင်းကိုလည်း ဘာမျှမသိချေ။ နတ်ဝင်က ဘော်ဘီနှင့် သူ၏ အဖော်တစ်ဦးသည် ပိုက်လုံးများရှိသောနေရာ၌ ကစားခဲ့ကြကြောင်း၊ ထို ပိုက်လုံးများမှာ မည်သည့်နေရာ၌ရှိကြောင်း၊ ဘော်ဘီသည် ထိုပိုက်လုံးများမှ စီးကျသော ညစ်ညမ်းသောရေကို သောက်မိရာမှ အနာရောဂါစွဲကပ်၍ သေဆုံးကြောင်း ပြောပြ၏။

ဤအချက်များမှာ ဘော်ဘီ၏မိသားစု လုံးဝမသိသော အချက်များ ဖြစ်၏။ သို့ရာတွင် နတ်ဝင် ညွှန်ကြားသည့်အတိုင်း ရှာဖွေရာ ပိုက်လုံးများကိုတွေ့ရ၍ ဆရာဝန်တစ်ဦးက ပိုက်လုံးမှစီးဆင်းသောရေကို စစ်ဆေးပြီး ရောဂါဖြစ်ပွားစေလောက်အောင် ညစ်ညမ်းနေကြောင်း အတည်ပြု၏။ နတ်ဝင်၏ညွှန်ကြားချက်ဖြင့် ဘော်ဘီ၏သူငယ်ချင်းဂျက်ကိုလည်း ရှာဖွေတွေ့ရှိ၍ သူက ဘော်ဘီနှင့်အတူ ပိုက်လုံးများအနီးတွင် ကစားခဲ့ကြကြောင်း ဝန်ခံလေသည်။

အထက်ပါ အမှုကဲ့သို့ သေသူ၏ လျှို့ဝှက်သတင်းပေးမှုဟု ခေါ်ဆိုရမည်ဖြစ်သော အမှုမျိုးမှာ မမျှော်လင့်သော သေသူ့ဝိညာဉ်က နတ်ဝင်ကို ဓာတ်စီးမှုမျိုးဖြစ်၏။ တစ်နည်းဆိုသော် အိမ်၊ သို့မဟုတ် နေရာတစ်နေရာရာ၌ မည်သူမည်ဝါနှင့် ပတ်သက်မှန်းမသိသော တစ္ဆေကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့မြင်ရပုံမျိုး ဖြစ်၏။ သေသူ မည်သူမည်ဝါမှန်းမသိ၊ မည်သူကမှ ဖိတ်ခေါ်ခြင်းလည်း မရှိဘဲ ဝိညာဉ်တစ်ခုသည် နတ်ဝင်ကို ရုတ်တရက် ဓာတ်စီးပြီးလျှင် သူပြောလိုရာကို ပြောပြတတ်၏။ စိတ်ဝိညာဉ် သုတေသနဂျာနယ်၌ ထိုအမှုမျိုးတစ်ခုကို ဖော်ပြထားရာ ထိုအမှုတွင် ဝိညာဉ်တစ်ခုသည် ဒတ်(ချ်)နတ်ဝင်တစ်ဦးကို ဝင်ပူးပြီးလျှင် မိမိမှာ မကြာသေးမီက ကားတိုက်ပြီး သေဆုံးသော လူငယ်တစ်ဦး ဖြစ်သည်ဆို၏။ သူ့အမည်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့် ကျန်ရစ်သော နှမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် အစ်ကိုတစ်ယောက်၏ နာမည်များကိုပြောပြ၍ သူ့အမေထံသို့ သတင်းပေးပို့ရန် ပန်ကြား၏။ နောက်မှ စုံစမ်းသောအခါ လိပ်စာအမည်များနှင့် ကားတိုက်သေသည်ဆိုခြင်းမှာ မှန်ကန်နေကြောင်း သိရှိရ၏။

လောက၌ မည်သူမျှမသိသော ဖြစ်ပျက်မှုဟူ၍ မရှိ၊ သေသူနှင့် ပတ်သက်သော အကြောင်းအရာများကို သူ၏ဆွေမျိုးသားချင်းများနှင့် နတ်မေးသူက လုံးဝမသိစေကာမူ သိသော ပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးကား ရှိရမည်သာဖြစ်၏။ သို့ဖြစ်၍ တမလွန်လောကကို လက်မခံလိုသော သုတေသီဆရာတို့က နတ်ဝင်သည် ထို သက်ရှိပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏စိတ်ကို ပရစိတ္တညာဉ်အစွမ်းဖြင့် နှိုက်ထုတ်၍ မှန်ကန်စွာ ပြောပြနိုင်ခြင်း ဖြစ်သည်ဟု ဆိုကြ၏။ သူတို့အလိုအားဖြင့် အထက်ကဖော်ပြခဲ့သော ဘော်ဘီဆိုသော ကလေးငယ်၏ အမှု၌ နတ်ဝင်သည် ဘော်ဘီနှင့်အတူကစားခဲ့သော ဂျက်၏စိတ်ကို တစ်နည်းဖြင့်သိရှိ၍ ဘော်ဘီ သေဆုံးရခြင်းအကြောင်းကို ပြောပြနိုင်ခြင်း ဖြစ်ရပေမည်။

သို့ရာတွင် သေသူမှတစ်ပါး အခြား မည်သူမျှမသိနိုင်သော အကြောင်းအရာများ ပါဝင်သည့်အမှုများကို စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ ပြဆိုထား၏။[၁] မစ္စစ်ဟူးတယ်လဗော့ ဆိုသော မိန်းမသည် နတ်ဝင်မစ္စစ်လီအိုနတ်အား ကွယ်လွန်သူ မိမိ၏ ခင်ပွန်းအကြောင်း စုံစမ်း၏။ နတ်ဝင်၏ဓာတ်စီးသည် သေသူထံမှ သိရှိရသောအချက်များကို ပြောပြရာ၌ စာအုပ်တစ်အုပ်အကြောင်း ပါရှိ၏။ စာအုပ်မှာ ပုံနှိပ်စာအုပ်မဟုတ်ဘဲ အရှည် ၁၀ လက်မ၊ အကျယ် ၅ လက်မခန့်ရှိ မှတ်စုစာအုပ်ဖြစ်၍ အဖုံးမှာ အညိုရောင် သားရေဖုံး ဖြစ်သည်ဆို၏။ သေသူက သူ၏ဇနီးအား ထိုစာအုပ်ကို ရှာဖွေစေလိုသည်။ စာအုပ်အတွင်း ရှေ့စာမျက်နှာ၌ ဘာသာစကားများအကြောင်း ဖယားပါရှိသည်။ စာမျက်နှာ(၁၃)၌ စိတ်ဝင်စားဖွယ်ရာ အကြောင်းတစ်ခုကို တွေ့မည်ဟု ဆို၏။

မစ္စစ်တယ်လဗော့မှာ ထိုစာအုပ်ကို မြင်ဖူးသည် မဟုတ်၊ မည်သည့်နေရာ၌ ရှိမှန်းလည်း မသိချေ။ သို့ဖြင့် စိတ်မပါတပါနှင့် စာအုပ်ကိုရှာဖွေရာ စာအုပ်စင်တစ်ခု၏ နောက်တွင် မှတ်စုစာအုပ်ဟောင်းနှစ်ခုကို တွေ့ရ၏။ စာအုပ်တစ်အုပ်မှာ ဓာတ်စီးပြောသည့် အညိုရောင်အဖုံးနှင့် အရွယ်အတိုင်းဖြစ်၏။ အတွင်း၌ ဥရောပနှင့် အခြားဘာသာစကားများ၏ စာရင်းဇယားကို ရေးထား၏။ စာမျက်နှာ(၁၃)၌ သေခြင်းတရားသည် ကြောက်စရာမရှိပုံကို စာအုပ်တစ်အုပ်မှ ကူးရေးထားသည်ကို တွေ့ရလေသည်။

သေသူ၏အကြောင်း နတ်ဝင် ပြောပြချက်များကို စိစစ်လေ့လာရာ၌ အသေးအဖွဲကိစ္စများကို လျစ်လျူမပြုသင့်ချေ။ နတ်ဓာတ်စီးသည် သေသူအသက်ရှင်စဉ်က သူ၏ ထင်ရှားသောအဖြစ်အပျက်၊ အလုပ်အကိုင်၊ အပြုအမူ စသည်များကိုသာမက သူ၏သားချင်းအပေါင်းအသင်းတို့၏ အမူအကျင့် စရိုက်ဝါသနာ အသေးအဖွဲများကိုပါ တစ်ခါတစ်ရံ ပြောပြလေ့ရှိ၏။ ပုံစံအားဖြင့် မိဘ မောင်နှမသားချင်းများက သူ့ကို မည်သို့ ချစ်စနိုး

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြသည်။ ကျောင်းနေစဉ်က မည်သို့ ဝတ်ဆင်လေ့ရှိသည်။ တစ်ခါက မည်သူ့ထံမှ မည်သည့်စာအုပ် ငှားဖူးသည် စသည်များဖြစ်၏။ နတ်ဝင်သည် သေသူနှင့် ဆက်သွယ်မှု ရှိမရှိ စဉ်းစားရာ၌ ဤအသေးအဖွဲ ပြောပြချက်များ မှန်ကန်နေမှုကို ထင်ရှားသော ဘဝအဖြစ်အပျက် ပြောပြချက်များ မှန်ကန်နေမှုထက် ပို၍ အလေးပေး စဉ်းစားရပေလိမ့်မည်။

အခြားစဉ်းစားရန် အချက်တစ်ရပ်မှာ သေသူနှင့် ဆက်သွယ်နေသည်ဆိုသော အချိန်၌ နတ်ဝင်၏ ဟန်အမူအရာ ပြောင်းလဲသွားမှုဖြစ်၏။ နတ်ဝင်သည် ဓာတ်စီးထံမှ ရရှိသောသတင်းကို တစ်ခါတစ်ရံ နှုတ်ဖြင့်မပြောဘဲ စာဖြင့် ရေးပြလေ့ရှိ၏၊ ဤနည်းကို အော်တိုမက်တစ်(အလိုအလျောက်) စာရေးသားခြင်း[၁]ဟု ခေါ်၏။ နတ်ဝင်သည် လက်ထဲတွင် ခဲတံတစ်ချောင်းကို ခပ်ဖော့ဖော့ကိုင်ထား၍ အခြားအရာတစ်ခု၌ အာရုံစူးစိုက်နေစဉ် ခဲတံမှာ အလိုလို မသိမသာ ရွေ့လျား၍ အဓိပ္ပာယ်ရှိသော စာသားများ ပေါ်လာ၏။ ထိုစာများသည် ဓာတ်စီး၊ သို့မဟုတ် သေသူ၏ လက်ရာများဖြစ်သည်ဟု အချို့သုတေသီဆရာတို့က ယူဆကြ၍ အချို့ကမူ နတ်ဝင်က ဘဝင်စိတ်ဖြင့် ရေးသားခြင်းဖြစ်သည်ဆို၏။ မည်သို့ဆိုစေ ဓာတ်စီးနေသော အခိုက်အတန့်၌ နတ်ဝင်၏ ဟန်ပန်အမူအရာ၊ အသံနေအသံထား၊ စကားအသုံးအနှုန်းများ သိသိသာသာ ပြောင်းလဲသွားခြင်းမှာကား ယုံမှားစရာ မရှိချေ။ ၎င်းတို့မှာ သေသူ၏ လက္ခဏာအမူအရာများနှင့် အံ့ဖွယ်လိလိ တူပါသည်ဟု ဆိုင်ရာနတ်မေးသူက ဝန်ခံကြ၏။

သေသူများနှင့် ဆက်သွယ်ရာမှ ပေါ်လာသည်ဆိုသော အော်တိုမက်တစ် စာပေများအနက် စိတ်ဝင်စားဖွယ် အကောင်းဆုံးမှာ ၁၉၀၆ ခုနှစ်ကစ၍ ပေါ်ပေါက်ခဲ့သော စာပေများဖြစ်၏။[၂] စာရေးသူများတွင် နာမည်ကျော် အမေရိကန်နတ်ဝင် မစ္စစ်ပိုက်ပါ ပါဝင်သော်လည်း အများအားဖြင့် နတ်ဝင်များ မဟုတ်ဘဲ မစ္စစ်ဗာရယ်ဆိုသူ တက္ကသိုလ်ကထိကဆရာမတစ်ဦးနှင့် အခြား ပညာတတ် ဂုဏ်သရေရှိ အမျိုးသမီးများ ဖြစ်ကြ၏။ သူတို့နှင့် ဆက်သွယ်သည်ဆိုသော တမလွန်ဘုံသားများမှာ မကွယ်လွန်မီက ဗြိတိသျှစိတ်ဝိညာဉ်အသင်းကို တည်ထောင်ခဲ့သော ပညာရှင်သုံးဦး၊ အမေရိကန် စိတ်ဝိညာဉ်သုတေသီ ဒေါက်တာဟော့ဆင်နှင့် အခြားဂုဏ်သရေရှိ ပုဂ္ဂိုလ်သုံးဦး ဖြစ်ကြ၏။

ထိုတမလွန်ဘုံသားများထံမှ ရရှိသည်ဆိုသော အော်တိုမက်တစ်စာများ၏ ထူးခြားချက်မှာ အကြောင်းရပ်တစ်ခုနှင့်ဆိုင်သော စာများကို စာရေးသူတို့က တစ်ချိန်တည်းလိုလို၌ တသီးတခြားစီ ရေးသားကြခြင်းဖြစ်၏။ စာရေးသူတို့သည် တစ်ဦးအကြောင်းကိုလည်း တစ်ဦးက မသိချေ။ ၁၉၀၉ ခုနှစ် နွေရာသီ၌ မစ္စစ်ဗာရယ်သည် အင်္ဂလန်ပြည်၌ ထိုစာများကို ရေးနေစဉ် ထိုအချိန်၌ပင် မစ္စစ်ဟော်လန်ဆိုသော မိန်းမသည်

---

၁။ Automatic Writing

၂။ Cross-correspondence

www.burmeseclassic.com



အိန္ဒိယပြည်၌ ရေးသားလျက်ရှိရာ သူတို့နှစ်ဦးမှာ တစ်ဦးနာမည်ကိုပင် တစ်ဦးက မကြားဖူးချေ။

ထိုစာများကို လော့ဒ်ဘာလ်ဖိုး၊ ဆာအော်လီဗာလော့၊ မစ္စစ်ဆစ်ဂျဝစ်[၁] စသော ပညာရှင်တစ်စုက ဆန်းစစ်လေ့လာကြ၍ တွေ့ရှိရသည်ကား စာရေးသူတစ်ဦးစီ၏ ရေးသားချက်များကို ကြည့်ပါက မည်သည့်အကြောင်း ရေးသားထားမှန်း သိရမည်မဟုတ်။ ရေးသားချက်အားလုံးကို စုပေါင်းဆက်စပ်ကြည့်ပါမှ ဆိုင်ရာအကြောင်းရပ်သည် ထင်ရှားပေါ်လွင်လာမည် ဖြစ်၏။ ထိုစာများကို မူလက ဖန်တီးပေးသည်ဆိုသော တမလွန်ဘုံသားများမှာ အသက်ရှိစဉ်က ရှေးဟောင်းဂရိနှင့် လက်တင် စာပေပညာရှင်များဖြစ်၍ ထို ရှေးဟောင်းစာပေမှ အကြောင်းတစ်ရပ်ကို ဦးတည်ရေးသားထား၏။ သူတို့စာများတွင် ရှေးဟောင်းစာပေ ရည်ညွှန်းချက်များ၊ မရှင်းလင်းသော စာပိုဒ်များနှင့် ပဟေဠိဆန်ဆန် ရေးသားထားချက်များလည်း ပါရှိ၏။ ဂရိနှင့် လက်တင်စာပေ ကျွမ်းကျင်နှံ့စပ်သော ပညာရှင်များသာလျှင် ၎င်းတို့ကို လေ့လာဆန်းစစ်၍ အဓိပ္ပာယ် ဖော်ထုတ်နိုင်ကြလေသည်။

ဤအော်တိုမက်တစ် စာပေမှာ ကွယ်လွန်သူ စိတ်ဝိညာဉ် သုတေသီပညာရှင်များက တမလွန်လောက ကျေန်ရှိကြောင်း၊ ထိုလောကသို့ သူတို့ရောက်ရှိ၍ သူတို့ဘဝသည် အချည်းနှီးမဖြစ်ဘဲ ပြုဖွယ်ရာကိစ္စများကို ဆက်လက်ဆောင်ရွက်နေကြောင်း ထင်ရှားစေရန် တမင် တီထွင်ဖန်တီးခြင်း ဖြစ်သည်ဆို၏။ စင်စစ် တမလွန်လောကနှင့် ပတ်သက်နေသည်ဆိုသော ဤစာပေကိစ္စမှာ စနစ်တကျ ကြံစည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်ရှိမှုများဖြင့် ထင်ရှားရကား တမလွန်ဘဝပြဿနာကို လေ့လာရာ၌ လေးလေးနက်နက် ဆင်ခြင်သုံးသပ်ရမည့် ကိစ္စဖြစ်သည်ဟု သုတေသီဆရာတို့ ယူဆကြ၏။

ဗြိတိသျှ စိတ်ဝိညာဉ်သုတေသနအသင်းမှ ပညာရှင်များဦးဆောင်၍ လေ့လာရာမှ တွေ့ရှိခဲ့သော တမလွန်ဘဝရှိသည်ဟု ယူဆရန်အတွက် အထောက်အထားအမျိုးမျိုးကို ပြဆိုခဲ့ပေပြီ။ ဤတင်ပြချက်မှာ တတ်နိုင်သမျှ အကျဉ်းချုံး၍ ရေးသားထားသော တင်ပြချက်ဖြစ်၏။ မဖော်ပြဘဲ ချန်လှန်ထားခဲ့သော အထောက်အထားများ ရှိသေး၏။ အထောက်အထား တစ်မျိုးအတွက် စိတ်ဝိညာဉ် သုတေသီဆရာတို့ လေ့လာခဲ့သော အမှုတစ်မှု၊ နှစ်မှုကိုသာလျှင် ဖော်ပြခဲ့ရာ စင်စစ် သူတို့ သုတေသနမှတ်တမ်းများ၌ ဆိုင်ရာအမှုများမှာ တစ်မျိုးလျှင် ရာထောင်မကရှိ၍ ယင်းတို့နှင့်ပင် စာအုပ်တစ်အုပ် ဖြစ်နိုင်ပေသည်။ အော်တိုမက်တစ် စာပေကိစ္စအကြောင်း မှတ်တမ်းများမှာ စာမျက်နှာတစ်ထောင်ကျော်ခန့် ရှိ၏။

ဤ ကျွန်ုပ်တို့၏တင်ပြချက်ဖြင့်ပင် စာရှုသူတို့သည် သုတေသီဆရာတို့ တွေ့ရှိထားသော တမလွန်ဘဝအတွက် အထောက်အထားအမျိုးမျိုးကို အကြမ်းဖျင်း ရိပ်စားမိလိမ့်မည်ဟု မျှော်လင့်ရ၏။ အထောက်အထားများမှာ တစ်မျိုးနှင့်တစ်မျိုး ခိုင်မာလေးနက်မှု

---

၁။ Lord Balfour, Sir Oliver Lodge, Mrs. Sidgwick



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ချေ။ အချို့မှာ နတ်ဝင်၏ ပရဝိဉာဉ်ဖြင့် ရှင်းပြနိုင်သော အထောက်အထားများ ဖြစ်၏။ အချို့မှာမူ ပရဝိဉာဉ်ကို ထည့်သွင်းစဉ်းစားရန် မဖြစ်နိုင်သောကြောင့် ပိုမို ခိုင်မာသည်ဟု ဆိုရပေမည်။

တမလွန်ဘဝပြဿနာကို ကိုယ်တိုင်ကိုယ်ကျ စူးစမ်းလေ့လာ၍ အထက်ပါ အထောက်အထားအမျိုးမျိုးကို ဆင်ခြင်သုံးသပ်သော သုတေသီဆရာတို့၏ ထင်မြင်ချက်ကို စာရှုသူတို့ သိလိုကြပေလိမ့်မည်။ တွေ့ရှိရသော အထောက်အထားများကို မှီငြမ်းပြု၍ တမလွန်ဘဝကို ယုံကြည်သော သုတေသီဆရာတို့ ရာခိုင်နှုန်းမည်မျှရှိသည်ဟု အတိအကျ မသိရချေ။ အချို့မှာ တမလွန်ဘဝကို လက်ခံလို၍ အချို့မှာကား လက်ခံရန် တွန့်ဆုတ်နေကြဆဲ ဖြစ်ဟန်ရှိ၏။ မည်သို့ဖြစ်စေ ဤနေရာ၌ သုတေသီဆရာတို့၏ စိတ်သဘောထားနှင့် ပတ်သက်၍ မှတ်သားရန် အချက်တစ်ချက်ရှိ၏။

လောက၌ များစွာသော ပြဿနာတို့သည် တိကျပြတ်သားစွာ ဆုံးဖြတ်ရန် ခက်ခဲ၍ သုတေသီဆရာ (ဝါ) သိပ္ပံဆရာတို့သည် ဤသို့ဖြစ်သည်၊ ထိုသို့မဟုတ်ဟု ဘယ်အခါမျှ တထစ်ချ ပြောဆိုမည်မဟုတ်ချေ။ သိပ္ပံဆရာသည် မိမိ၏ သုတေသန နယ်၌ အကျုံးမဝင်သော ကိစ္စများနှင့်စပ်၍ တိကျပြတ်သားသော ထင်မြင်ချက်ကို ဖော်ပြပေမည်။ ပုံစံအားဖြင့် ဤလူ့ဘုံသည် ဒုက္ခဘုံသက်သက်ဖြစ်သည်။ တစ်လင်တစ်မယား စနစ်သည် မကောင်း။ သို့ရာတွင် ၎င်းတို့မှာ မိမိ၏ပညာနှင့် လုံးဝမပတ်သက်သော ယုံကြည်မှုများသာ ဖြစ်၏။ မိမိ၏ ပညာနယ်မှ ပြဿနာတစ်ရပ်နှင့် ပတ်သက်၍မူ အတော်အတန် စူးစမ်းလေ့လာပြီး ဖြစ်စေကာမူ ထိုသို့ တစ်ခွန်းတည်းသော စကားကို ဆိုမည် မဟုတ်ချေ။ ထိုနည်းအတူ စိတ်ဝိဉာဉ် သုတေသီဆရာသည် တမလွန်ဘဝ ပြဿနာကို စူးစမ်းလေ့လာပြီး ဖြစ်စေကာမူ တမလွန်ဘဝရှိသည်၊ သို့မဟုတ် မရှိဟူ၍ သေချာတပ်အပ် ပြောဆိုမှုကို ရှောင်ကြဉ်ပေလိမ့်မည်။

အချို့သော သုတေသီဆရာတို့၏ အမြင်အားဖြင့်ကား ယနေ့အထိ လေ့လာ တွေ့ရှိရချက်များသည် တစ်ခုစီအနေဖြင့် အရေးမပါလှသော်လည်း အားလုံးစုပေါင်းလိုက် ပါက တမလွန်ဘဝအတွက် အတန် အရေးပါအရာရောက်သော အထောက်အထားများ ဖြစ်၏။ သို့ဖြစ်၍ တမလွန်ဘဝကို ယုံကြည်သည်ဟု အတိအကျ ထုတ်ဖော်မပြောသော် လည်း ယုံကြည်ချင်သလိုလိုဖြစ်နေသော လက္ခဏာမှာ သူတို့၏ ရေးသားချက်များ၌ ထင်ရှား၏။

တစ်ခါက စိတ်ဝိဉာဉ် သုတေသနအသင်း၏ ဥက္ကဋ္ဌဖြစ်ခဲ့ဖူးသော ဗြိတိသျှ ဒဿနဗေဒ ပါမောက္ခစီဒီဗရော့[၁]သည် တမလွန်ဘဝကို စိတ်ဝင်စား၍ နှစ်ပေါင်းများစွာ လေ့လာခဲ့ဖူး၏။ သူသည် လူ့ဘဝကို စိတ်ပျက်ငြီးငွေ့သောကြောင့် သေပြီးနောက် ဘဝသစ် တစ်ဖန်ဖြစ်ခြင်းကို မလိုလားချေ။ သို့စဉ်လျက် သုတေသနဆရာတို့၏ တွေ့ရှိရချက်

၁။ C.D. Braod



www.burmeseclassic.com

www.burmeseclassic.com



များကို စေ့စေ့သေချာစွာ လေ့လာပြီးနောက် သူက "အကယ်၍ ကျွန်ုပ်သည် သေပြီးနောက် တမလွန်လောကသို့ ရောက်ရှိသွားပါက အတော် မကျေမနပ်ဖြစ်မည် မှန်ပါသည်။ အံ့သြခြင်း ဖြစ်မည်ကား မဟုတ်ပါ"ဟု ရေးသားခဲ့ပေသည်။

ဗြိတိသျှ စိတ်ဝိညာဉ် သုတေသနအသင်း၏ ပထမဥက္ကဋ္ဌ ပါမောက္ခဆစ်ဂျဝစ်[၁] ၏ဇနီး မစ္စစ်ဆစ်ဂျဝစ်မှာ အသင်း၏ စူးစမ်းလေ့လာမှုလုပ်ငန်း၌ တက်တက်ကြွကြွ ဆောင်ရွက်၍ နောက်ကာလ၌ အသင်း၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရ၏။ အသိဉာဏ်ထက်မြက်၍ ဝါဒစွဲ၊ ဆန္ဒစွဲမရှိဘဲ အရာရာကို နှိုင်းယှဉ်ချိန်စက်၍ ဆင်ခြင်တွေးခေါ်တတ်သောကြောင့် အခြားပညာရှင်များ၏ လေးစားခြင်းကို ခံရ၏။ ၁၉၃၂ ခုနှစ်၌ အသင်း၏ အနှစ် ၅၀ မြောက် ညီလာခံသဘင်၌ မစ္စစ်ဆစ်ဂျဝစ်၏ စာတမ်းကို သူ၏အစ်ကို ဖြစ်သူ လော့ဒ်ဘာလ်ဖိုး[၂] က ဖတ်ကြားပြီးနောက် "တမလွန်ဘဝရှိသည်ဟု မုချဆတ်ဆတ် ပြောဆိုနိုင်ရန် အထောက်အထားများ လိုနေပါသေးသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ တွေ့ရှိချက်များမှာ ထိုသို့ ရာခိုင်နှုန်းပြည့် တိကျခိုင်မာခြင်း မရှိစေကာမူ ယုံကြည်ရန် အထောက်အထားများ ဖြစ်နေပါသည်။ မစ္စစ်ဆစ်ဂျဝစ်၏ သဘောတူညီချက်ဖြင့် ဤအစည်းအဝေး၌ ကျွန်ုပ် ဖွင့်ပြောရန်ရှိသည်မှာ မစ္စစ်ဆစ်ဂျဝစ်သည် သူ ရရှိထားသော အထောက်အထားများအရ တမလွန်ဘဝကို အခိုင်အမာ ယုံကြည်နေပြီ ဖြစ်ပါသည်"ဟု ပြောဆိုခဲ့လေသည်။

မစ္စစ် ဆစ်ဂျဝစ်မှာ အသိပညာ၊ သိက္ခာ၊ သမာဓိအားဖြင့် ယုံမှားသံသယရှိရန် မလိုသော သုတေသီပုဂ္ဂိုလ်ဖြစ်ရကား အထက်ပါစကားမှာ ကျွန်ုပ်တို့ စဉ်းစားဖွယ်ရာဖြစ်၏။ သို့ဖြစ်စေကာမူ သူနှင့် အမြင်ချင်းမတူသော သုတေသီဆရာတို့လည်း ရှိ၏။ တစ်နည်းဆိုသော် အချို့က ဤအခန်း၌ဖော်ပြခဲ့သော စူးစမ်းလေ့လာ တွေ့ရှိချက်များကို တမလွန်ဘဝအတွက် အထောက်အထားများဖြစ်သည်ဟု မယုံကြည်ကြချေ။

စိတ်ဝိညာဉ်သုတေသနအသင်း၏ လေ့လာတွေ့ရှိချက်များကို သံသယဖြစ်နေသော ပုဂ္ဂိုလ်များမှာ အမျိုးမျိုးအစားစား ရှိ၏။ အချို့မှာ တမလွန်ဘဝနှင့် ပတ်သက်သော တွေ့ရှိရချက်များကို မဆိုထားဘိ၊ တယ်လီပသီ (ဝါ) ပရစိတ်ဉာဉ်စွမ်းအားနှင့် ပတ်သက်သော တွေ့ရှိချက်များကိုပင် အသိအမှတ် မပြုလိုကြချေ။ နာမည်ကျော် ရူပဗေဒပညာရှင် တစ်ဦးက "စိတ်ဝိညာဉ် သုတေသနအသင်းက သက်သေအထောက်အထား မည်မျှပြစေကာမူ၊ သို့မဟုတ် ကျွန်ုပ်တို့ကိုယ်တိုင် မျက်စိနှင့် တပ်အပ်တွေ့ရစေကာမူ တယ်လီပသီကို ကျွန်ုပ် လက်မခံနိုင်ပါ"ဟု ဆိုဖူး၏။

ထိုမျှ မယုံသင်္ကာစိတ် ကြီးမားနေသော ပုဂ္ဂိုလ်တို့၏ အမြင်အားဖြင့်ကား စိတ်ဝိညာဉ် သုတေသီဆရာတို့မှာ လူလိမ်လူညာများ ဖြစ်၏။ သို့တည်းမဟုတ် နတ်ဝင်နှင့် မှော်ဆရာ၊ မျက်လှည့်ဆရာတို့၏ လိမ်လည်လှည့်စားခြင်းကို ခံနေရသောသူများ ဖြစ်၏။

---

၁။ Sidgwick

၂။ Lord Balfour



www.burmeseclassic.com

www.burmeseclassic.com



ဤထင်မြင်ချက်မှာ လုံးဝ အခြေအမြစ်မရှိချေ။ အခန်း-၂ ၌ ဖော်ပြခဲ့သည့်အတိုင်း စိတ်ဝိညာဉ်သုတေသနအသင်းကို စတင်တည်ထောင်သူများနှင့် စူးစမ်းလေ့လာသူများမှာ ထိပ်တန်းပညာရှင်များဖြစ်၍ အသင်း၏ ရည်ရွယ်ချက်မှာ လူတို့၏ ရှေးအစဉ်အလာ ခံယူချက်များကို မှားသည်၊ မှန်သည် အစွဲဥပါဒါန်မရှိဘဲ အမှန်တရားကို ရှာဖွေရန်ဖြစ်၏။

သုတေသီဆရာတို့သည် နတ်ဝင် လူလိမ်လူညာများကို ဖော်ထုတ်ခဲ့၍ သူတို့ မည်သို့မျှ မစွပ်စွဲနိုင်သော မစ္စစ်ပိုက်ပါ၊ မစ္စစ်လီအိုနတ် အစရှိသည့် အနည်းငယ်သော နတ်ဝင်တို့၏ ရိုးသားဖြောင့်မတ်မှုကို ကျွန်ုပ်တို့ အသိအမှတ်ပြုရပေမည်။ နတ်ဝင်များကို စူးစမ်းလေ့လာရာ၌ စုံထောက်များငှားရမ်း၍ သူတို့၏ အသွားအလာ၊ အနေအထိုင်ကို စုံစမ်းစေခြင်း၊ သူတို့ထံ ရောက်လာသောစာများကို ဖောက်ဖတ်ခြင်း၊ နတ်မေးသူ၏ အတွင်းရေးကိစ္စများကို သူတို့ လုံးဝမသိအောင် စီမံကာကွယ်ခြင်း၊ သူတို့ထံ ရုပ်ဖျက်၍ သွားပြီး နာမည်၊ နေရပ်စသည် လွှဲပြောင်းခြင်းစသည်ဖြင့် အလွန် ပိရိသေချာရကား သုတေသီဆရာကို လိမ်လည်လှည့်စားရန် မဖြစ်နိုင်ချေ။

တမလွန်ဘဝအတွက် အထောက်အထား ဖြစ်သည်ဆိုသော အော်တိုမက်တစ်စာပေ ကိစ္စ၌ စာရေးသူများမှာ ဂုဏ်သရေရှိ အထက်တန်းစား ပညာတတ်များဖြစ်၍ သုတေသီ ဆရာတို့ကလည်း အထူး သတိဝီရိယထား၍ ဆယ်နှစ်ကျော်ကြာမျှ မကြာခဏ တွေ့ဆုံ လေ့လာခဲ့ပါလျက် သူတို့(စာရေးသူ) အားလုံးပူးပေါင်း၍ ကြံစည်လုပ်ကိုင်ခြင်းဖြစ်သည်ဟု မသင်္ကာစရာ နိမိတ်လက္ခဏာ စိုးစိမျှမတွေ့ကြရချေ။ သို့ဖြစ်၍ ဤကိစ္စမှာ အလွန်နက်နဲ ဆန်းကြွယ်သော်လည်း ကျွန်ုပ်တို့ အလေးအနက် ဆင်ခြင်သုံးသပ်ကြရမည့် ကိစ္စဖြစ်၏။

တမလွန်ဘဝပြဿနာနှင့် ပတ်သက်သော လေ့လာတွေ့ရှိရချက်များကို သုံးသပ်၍ ကောက်ချက်ချရာ၌ အထက်က ပြဆိုခဲ့သည့်အတိုင်း သုတေသီဆရာတို့မှာ ညီညီညွတ်ညွတ် မရှိကြချေ။ အချို့က တမလွန်ဘဝအတွက် အထောက်အထားဖြစ်သည်ဟု ယုံကြည်၍ အချို့က ထိုသို့ မယုံကြည်ကြချေ။ မယုံကြည်သောဆရာတို့၏ အဆိုကို ရှေ့အခန်း၌ တင်ပြပါအံ့။

□



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄

# နတ်ဝင်၏ တယ်လီပသီလော၊ တမလွန်ဘဝလော

လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သော လေ့လာတွေ့ရှိချက်များမှာ တမလွန်ဘဝ အတွက် အထောက်အထားများဖြစ်သည်ဟု အချို့သော စိတ်ဝိညာဉ် သုတေသီဆရာတို့က ယုံကြည်ကြ၍ အချို့ဆရာတို့က ထိုသို့ မယုံကြည်ကြချေ။ မယုံကြည်သော ဆရာတို့က ထိုတွေ့ရှိရချက်များသည် တမလွန်ဘဝနှင့် မည်သို့မျှ မပတ်သက်ဘဲ နတ်ဝင်တို့၏ ပရစိတ်ညာဉ် (ဝါ) တယ်လီပသီ စွမ်းအင်ကြီးမားပုံကိုသာ ညွှန်ပြသည်ဟု ဆိုကြ၏။

ပြဿနာတစ်ရပ်ကို သိပ္ပံနည်းကျလေ့လာရာ၌ အကြောင်းတရားကို ရိုးရိုးရှင်းရှင်း တွေးခေါ်ကြံဆရမည်ဖြစ်ကြောင်း အထက်က (အခန်း-၂) ပြဆိုခဲ့ပေပြီ။ ပရစိတ်ညာဉ် အကြောင်းကို စိတ်ဝိညာဉ် သုတေသီဆရာတို့ ရေဆုံးရေဖျား နှိုက်ချွတ်လေ့လာခြင်း မပြုကြရသေးသော်လည်း ၎င်း၏ စွမ်းအင်သတ္တိကို သုတေသီဆရာအားလုံးက အသိ အမှတ်ပြုကြပြီး ဖြစ်၏။ ထိုအစွမ်းသတ္တိကို သုတေသီများက နှစ်ပေါင်းများစွာ လေ့လာ၍ အချို့ပုဂ္ဂိုလ်များ၌ ထိုအစွမ်းသတ္တိရှိခြင်းမှာ ယုံမှားစရာ မရှိချေ။ သို့ဖြစ်၍ နတ်ဝင်တို့ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ၌ တမလွန်ဘုံသား (ဝါ) တမလွန်ဘဝလောကရှိသည်ဟု ယုံကြည်ရန်၊ သို့မဟုတ် သေသူ့ဝိညာဉ်နှင့် ဆက်သွယ်သည်ဆိုသော နတ်ဝင်၏စကားကို လက်ခံရန်မလိုဘဲ နတ်ဝင်၏ ပရစိတ်ညာဉ်ကိုသာ စဉ်းစားရမည် ဖြစ်၏။ စင်စစ် တမလွန် လောကနှင့် တမလွန်ဘုံသားမှာ ကျွန်ုပ်တို့ထိတွေ့၍ ရအပ်သည်မဟုတ်၊ ပရစိတ်ညာဉ် အစွမ်းသတ္တိမှာမူ မျက်မြင်အထင်အရှား ဖြစ်၏။ သို့ဖြစ်၍ နတ်ဝင်၏ ပရစိတ်ညာဉ်ကိုသာ လက်ခံစဉ်းစားခြင်းသည် အကြောင်းတရားရှာကြံရာ၌ သိပ္ပံနည်း စူးစမ်းမှုဥပဒေသနှင့် ညီညွတ်သည်ဟု ဆိုရပေမည်။

နတ်ဝင်မဟုတ်ဘဲ (ဝါ) တမလွန်လောကနှင့် ဆက်သွယ်သည်ဟုမဆိုဘဲ ပရစိတ်ညာဉ် အစွမ်းဖြင့် အံ့ဖွယ်သရဲအမှုများ ပြုလုပ်ပြသသော ပုဂ္ဂိုလ်များမှာ ရှေးပဝေသဏီကစ၍

www.burmeseclassic.com



ယနေ့အထိ ရှိခဲ့ကြ၏။ ရှေးဟောင်းစာပေများ၌ ထိုသူများအကြောင်းပါရှိ၍ ယခုခေတ်၌မူ ထိုပရဝိဉာဉ် စွမ်းအားရှိသော ပုဂ္ဂိုလ်များအား လေ့လာတွေ့ရှိချက်များကို စိတ်ဝိဉာဉ် သုတေသနမှတ်တမ်းများ၌ ဖော်ပြထား၏။ ပရဝိဉာဉ်အစွမ်းဖြင့် ပြသနိုင်သော အံ့ဖွယ်သရဲအမှုများမှာ သူတစ်ပါး၏စိတ်ကို သိခြင်း၊ အတိတ်နှင့်အနာဂတ်ကို သိမြင်ခြင်း၊ သက်မဲ့ဝတ္ထုပစ္စည်းများကို အလိုလို ရွေ့လျားစေခြင်း စသည်ဖြင့် ထူးထွေများပြားလှပေသည်။

ပရဝိဉာဉ်၏ စွမ်းအင်သတ္တိသည် အချို့သော သက်ရှိပုဂ္ဂိုလ်များ၌ အလွန်ထင်ရှားသောကြောင့် နတ်ဝင်တို့ကို လေ့လာရာ၌ သေသူ့ဝိဉာဉ်ကို ထည့်သွင်းစဉ်းစားရန် မလိုဟု အချို့သုတေသီဆရာတို့ ယူဆကြခြင်း ဖြစ်၏။ ပရဝိဉာဉ်စွမ်းအင်ဖြင့် အချို့သက်ရှိ လူတို့ စွမ်းဆောင်နိုင်ပုံကို ဖော်ပြပါအံ့။

အနောက်နိုင်ငံများ၌ အရာရာကို နတ်မျက်စိရထားဘိသကဲ့သို့ အံ့သြဖွယ်ရာ မြင်သိနိုင်သော ပုဂ္ဂိုလ်ထူးများရှိ၏။ ထိုပုဂ္ဂိုလ်များကို နှစ်ပေါင်းများစွာ စူးစမ်းလေ့လာခဲ့သော ပြင်သစ်နိုင်ငံ၊ ပဲရီမြို့ရှိ စိတ်ဝိဉာဉ် သုတေသနအသင်း၏ ညွှန်ကြားရေးမှူး ဒေါက်တာယူဂျင်းအော်စတီး၏ အဆိုအားဖြင့် ထိုအမြင်ရဆရာတို့အား မေးမြန်းလိုသောသူသည် မိမိ၏ ဝတ္ထုပစ္စည်းတစ်ခုကို ပေးရ၏။ အမြင်ရဆရာသည် ထိုပစ္စည်းကို ကိုင်လိုက်သည်နှင့် ပစ္စည်းရှင်၊ သို့မဟုတ် ထိုပစ္စည်းကို တစ်ကြိမ်တစ်ခါက ကိုင်ခဲ့ဖူးသော ပုဂ္ဂိုလ်၏ အကြောင်းအရာများသည် မနောဝိဉာဉ်၌ ကွက်ကွက်ကွင်းကွင်း ပေါ်လာ၏။

ပုံစံအားဖြင့် အော်စတီးသည် ကပ္ပတိန်(C)ထံမှ စာတစ်စောင်ရရှိရာ စာရေးသူမှာ သေဆုံးပြီးဖြစ်ကြောင်းမှ တစ်ပါး အခြားဘာမျှ သူမသိရချေ။ ထိုစာကို အမြင်ရဆရာက လက်ထဲ၌ ဆုပ်ခဲပြီးနောက် စာရေးသူမှာ သေပြီ၊ စစ်သားဖြစ်သည်၊ အလွန်ခေါင်းမာသည်၊ ဉာဏ်ထက်မြက်သည်၊ ဘုရားတရား ကြည်ညိုသည် စသည်ဖြင့် ပြောပြ၏။ ပြောပြချက်များအနက် ၂၄ ချက်မှာ မှန်ကန်၍ အချက် ၄ ချက်မှာ မှန်မမှန် စုံစမ်း၍ မရ။ မှားသောအချက်ဟူ၍ ဘာမျှမရှိချေ။

ဤပုဂ္ဂိုလ်များ၏ အမြင်ရရှိမှုသည် တမလွန်ဘုံသားများ၏ ပယောဂကြောင့် မဟုတ်။ သက်ရှိ လူတစ်ဦးတစ်ယောက်နှင့်လည်း မဆိုင်ဘဲ ဝတ္ထုပစ္စည်းတစ်ခုကို စွဲမှီ၍ သက်ဝင်လှုပ်ရှားသော ပရဝိဉာဉ်စွမ်းအင်ကြောင့် ဖြစ်၏။ ပရဝိဉာဉ်၏ အစွမ်းသတ္တိကြီးမားမှုသည် တမလွန်လောကနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်း အောက်ပါသာဓကများ၌ ထင်ရှား၏။

၁၉၂၂ ခုနှစ်က နတ်မေးသူ မစ္စတာဆိုးအား အင်္ဂလိပ်နတ်ဝင် မစ္စစ်ဗလန်ရှိ ကူးပါး၏ ခါတ်စီးက ဂေါ်ဒွန်ဒေးဗစ် ဆိုသောအမည်ကို ထုတ်ဖော်ပြော၏။ မစ္စတာဆိုးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဂေါ်ဒွန်ဒေးဗစ်ဆိုသော လူငယ်တစ်ဦးကို သိရှိ၍

---

၁။ "စိတ်ဝိဉာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်၌ ထိုလူငယ်နှင့် အဆက်ပြတ်သွား၏။ နောက်ကာလ၌ ဒေးဗစ်သည် ပထမကမ္ဘာစစ်အတွင်းက စစ်တိုက်ရင်း ကျဆုံးသွားပြီဟု မစ္စတာဆိုး၏ သတင်းရ၏။ နတ်ဝင်က ဒေးဗစ် နေထိုင်ခဲ့သောနေရာနှင့် မစ္စတာဆိုးအား မီးရထားပေါ်တွင် နောက်ဆုံးဒေးဗစ်နှင့် တွေ့ခဲ့ရပုံနှင့် အခြားအချက်များကို ပြောပြ၏။ ထိုအချက်များ အားလုံးမှန်နေ၏။ ဒေးဗစ်မှာ မယားတစ်ယောက်နှင့် သားတစ်ယောက်ရှိကြောင်း ပြောပြ၏။ ထိုအချက်ကို ထိုအခါက မစ္စတာဆိုး မသိ။ နောက်မှမှန်နေကြောင်း သိရ၏။ အိမ်တစ်အိမ်နှင့် အတွင်းရှိ ပစ္စည်းများအကြောင်းကိုလည်း နတ်ဝင်က ပြောပြ၏။ အံ့ဩစရာကောင်းသည်ကား နောက်သုံးနှစ်အကြာ ၁၉၅၅ ခုနှစ်၌ မစ္စတာဒေးဗစ်မှာ အသက်ရှင်နေ၍ ကျန်းမာစွာ ရှိကြောင်း မစ္စတာဆိုး ကြားသိရ၏။ သူသည် ဒေးဗစ်ထံ သွားရောက်လည်ပတ်ရာ ဒေးဗစ်၏အိမ်မှာ နတ်ဝင်၏ပြောပြချက်နှင့် အံ့ဖွယ်လိလိ ကိုက်ညီနေသည်ကို တွေ့ရလေသည်။

အခြားအလားတူ သာဓကတစ်ခုမှာ နွန်ဒေါက်ကလပ်ဆိုသူ၌ ရီလီယာဆိုသော ပြင်သစ်အမျိုးသား ဒရိုင်ဘာတစ်ယောက်ရှိ၏။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ရီလီယာသည် ပြင်သစ်ပြည်သို့ပြန်၍ စစ်ထဲဝင်သွား၏။ ထို့နောက် ဒေါက်ကလပ်သည် တစ်ခါတစ်ရံမှသာ ရီလီယာ၏သတင်းကို ကြားရ၏။ တစ်ခါသော် မစ္စစ်ဗာနွန်ဆိုသော နတ်ဝင်အား နတ်မေးစဉ် နတ်ဝင်၏ဓာတ်စီးက မိမိမှာ ရီလီယာဖြစ်သည်ဆို၍ အသက်ရှိစဉ်က အကြောင်းများကို ပြောပြ၏။ အချို့မှာ ဒေါက်ကလပ်သိသော အချက်များဖြစ်၍ မှန်ကန်နေပြီး အချို့မှာ သူမသိသော်လည်း မှန်ကန်နေကြောင်း နောက်မှ သူသိရ၏။ သို့ရာတွင် ထိုအချိန်က ရီလီယာမှာ အသက်ထင်ရှားရှိ၍ ဘယ်အခါကမျှ အသည်းအသန် မမာမကျန်းမဖြစ်ခဲ့ကြောင်း အံ့ဩဖွယ်ရာ သိရှိရလေသည်။

ဤသာဓက နှစ်ခုဖြင့် နတ်ဝင်က သေသူ့ဝိညာဉ်နှင့် ဆက်သွယ်သည်ဆိုခြင်းမှာ အမြဲမမှန်ကန်ဘဲ အမှန်တကယ် သေသူ့အကြောင်း ပြောပြချက်များ မှန်ကန်နေခြင်းသည် လည်း သေသူ့ (ဝါ) ဓာတ်စီး၏ စွမ်းဆောင်မှုကြောင့် မဟုတ်ဘဲ သက်ရှိလူများထံမှ နတ်ဝင်က ပရဝိညာဉ်အစွမ်းဖြင့် သိရှိမှုကြောင့် ဖြစ်လေသလောဟု သံသယဝင်ဖွယ်ရှိ၏။

အသက်ထင်ရှားရှိသောလူကို နတ်ဝင်က သေသူ့ဝိညာဉ်လိုလို ဖန်တီးခြင်းမှာ နတ်မေးသူ၏ အလိုဆန္ဒကို လိုက်လျောပြုလုပ်မှု ဖြစ်ပေလိမ့်မည်။ စင်စစ် နတ်ဝင်သည် ယခုခေတ်မှ ပေါ်ပေါက်လာသော လူတန်းစားမဟုတ်၊ နတ်ဝင်၊ နတ်ကတော်၊ ဝိဇ္ဇာ အထက်လမ်းဆရာ၊ အောက်လမ်းဆရာ၊ ဘိုးတော်စသည်တို့သည် ရှေးပဝေသဏီကစ၍ ကမ္ဘာအရပ်ရပ်၌ ရှိခဲ့ကြ၏။ သူတို့၏လုပ်ငန်းကိစ္စမှာ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ လိုအင်ဆန္ဒကို သူတို့၏ပညာဖြင့် ဖြည့်စွမ်းပေးရန် ဖြစ်၏။ လူတို့၏ အာသီသဆန္ဒမှာ တစ်ခေတ်နှင့်တစ်ခေတ်မတူဘဲ ပြောင်းလဲ၍ နတ်ဝင်တို့၏ လုပ်ငန်းသည်လည်း ပြောင်းလဲခဲ့၏။

ရှေးလူတို့သည် တမလွန်ဘဝကို အစွဲအမြဲ လက်ခံယုံကြည်၍ ဆွေမျိုးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသေသောအခါ မည်သို့ဖြစ်သွားသည်ကို သိလိုသောဆန္ဒမရှိဘဲ မိမိတို့၏ လုပ်ငန်းကိစ္စ အောင်မြင်ရန်အတွက်သာလျှင် နတ်ဝင်တို့ကို ဆည်းကပ်ကြ၏။ အချို့ကလည်း မိမိတို့၏ ရှေ့ရေးကို သိလိုသောကြောင့် နတ်ဝင်များထံ သွားကြ၏။ နတ်ဝင်တို့ကလည်း အကြံအစည်အောင်မြင်ရန် မည်သို့ပြုလုပ်ရမည်ဟု အကြံဉာဏ်ပေးကြ၏။ ရှေ့ ဘာဖြစ်မည်ဟု ဟောပြောပြ၏။ ယခုအခါ၌မူ အနောက်တိုင်းသားတို့သည် ကြီးပွားချမ်းသာရေးအတွက် နတ်ဝင်နှင့် နတ်သိကြားတို့၏ အကူအညီကို မမျှော်လင့်ကြ၊ ရှေ့ရေးကို သိလိုလျှင်လည်း ဗေဒင်ဆရာကို မေးကြ၏။ သို့ရာတွင် သူတို့သည် မိမိတို့ချစ်ခင်သော သူများ သေပြီးနောက် မည်သို့ဖြစ်သွားသည်ကို အထူး သိရှိလိုရကား နတ်ဝင်တို့သည် လူတို့၏ အလိုဆန္ဒနှင့်အညီ တမလွန်လောကနှင့် ဆက်သွယ်ဟန်ရှိသော အလုပ်များကို လုပ်ကြရ၏။

နတ်မေးသူ၏အကြိုက်၊ စရိုက်ကိုလိုက်၍ လုပ်ကြရသောကြောင့် နာမည်ကျော် နတ်ဝင်များပင် ရံဖန်ရံခါ အလွဲလွဲအမှားမှား ပြောဆိုကြခြင်းမှာ အံ့ဩစရာ မရှိချေ။ အထက်ပါ သာဓကများမှာကဲ့သို့ တစ်ခါတစ်ရံ သူတို့၏ဓာတ်စီးမှာ သက်ရှိလူ ဖြစ်နေတတ်၏။ တစ်ခါတစ်ရံ၌မူ လောက၌ ဘယ်အခါကမျှ မရှိခဲ့ဖူးသောလူကို တမလွန်ဘုံသားလိုလို ဖန်တီး၍ ပြောတတ်ကြ၏။

အထက်က ဖော်ပြခဲ့သော ဒေါက်တာဆိုးသည် နတ်ဝင်မစ္စစ်ကူးပါးအား သေသူမစ္စတာဖာဂက်ဆန်ဆိုသူအကြောင်း မေးကြည့်ရာ နတ်ဝင်က ဖာဂက်ဆန်၏ ဝိညာဉ်ကို ခေါ်ပေး၏။ အမှန်မှာ ဖာဂက်ဆန်ဆိုသူမှာ ဒေါက်တာဆိုး၏ ထွင်လုံးဖြစ်၍ ဘယ်အခါကမျှ မရှိခဲ့ချေ။ တစ်ခါသော် ဂျော့အဲလ်ယော့အမည်ခံ နာမည်ကျော် အမျိုးသမီးစာရေးဆရာမ၏ ဝိညာဉ်က နတ်ဝင်မစ္စစ်ပိုက်ပါးကို ဓာတ်စီးပြီးလျှင် ကောင်းကင်ဘုံ၌ ရှယ်လီ၊ ချော်ဆာ၊ ဟုမ္မာနှင့် အဒမ်ဘီဒီတို့ကို တွေ့မြင်ခဲ့ကြောင်း ပြောပြရာ အဒမ်ဘီဒီမှာ သူ့ဝတ္ထုထဲမှ ဇာတ်ကောင်တစ်ဦး ဖြစ်နေတော့၏။ ဒေါက်တာစတန်လီဟော ဆိုသူကလည်း မစ္စစ်ပိုက်ပါး၏ ဓာတ်စီးဟော့ဆန်အား မိမိ၏တူမ ဘက်စီဘီး ဆိုသူအကြောင်း မေးကြည့်၏။ ဟော့ဆန်မှာ အသက်ရှိစဉ်က နာမည်ကျော် စိတ်ဝိညာဉ် သုတေသီဆရာ ဖြစ်၏။ ဘက်စီဘီး ဆိုသူမှာ တကယ်မရှိဘဲ ဒေါက်တာဟောက နတ်ဝင်ကို စမ်းသပ်ရန် စိတ်ကူးတီထွင်ထားသော အမည်ဖြစ်၏။ သို့စဉ်လျက် ဓာတ်စီးက ဘက်စီဘီးအကြောင်းကို ပြောပြ၏။ နတ်မေးသူက ဘက်စီဘီးဆိုသူမရှိဘဲ မိမိက လုပ်ကြံမေးမြန်းခြင်း ဖြစ်ပါသည်ဟု ပြောသော်လည်း ဓာတ်စီးက ရှိပါသည်ဟု အတင်းငြင်းဆိုလေသည်။

တမလွန်လောကကို မစဉ်းစားလိုသော သုတေသီဆရာတို့၏ အဆိုအားဖြင့် ဓာတ်စီးသည် နတ်ဝင်၏ ဘဝင်စိတ် (ဝါ) နာမ်ခန္ဓာကွဲတစ်ခုဖြစ်၍ နတ်ဝင်၏အောင်မြင်မှုအတွက် နတ်မေးသူ၏စိတ်ဓာတ်သည် အရေးကြီး၏။ တစ်နည်းဆိုသော် နတ်ဝင်၏ ဟောပြချက်များ မှန်ကန်မှုသည် နတ်ဝင်နှင့်နတ်မေးသူတို့၏ ဘဝင်စိတ်များ ပူးပေါင်းလုပ်ဆောင်မှုအပေါ်၌ တည်သည်ဟု ဆိုရမည်ဖြစ်၏။ အမေရိကန်နိုင်ငံ၌ ဒေါက်တာရိုင်းက



www.burmeseclassic.com

www.burmeseclassic.com



လူအတော်များများအား တယ်လီပသီ အစွမ်းသတ္တိရှိမရှိ စမ်းသပ်ကြည့်ရာ အစမ်းသပ်ခံပုဂ္ဂိုလ်သည် စိတ်ကြည်လင် လန်းဆန်းနေပါမှ စမ်းသပ်မှုအောင်မြင်ကြောင်း (ဝါ) တယ်လီပသီ အစွမ်းသတ္တိ ပေါ်ထွက်လာကြောင်း တွေ့ရသည်ဆို၏။ ထို့အတူ နတ်ဝင်အား မေးမြန်းစုံစမ်းရာ၌ နတ်မေးသူသည် နတ်ဝင်နှင့် သဟဇာတဖြစ်၍ တယ်လီပသီ အစွမ်းရှိရမည်ဖြစ်၏။

သို့ရာတွင် တမလွန်လောကကို လက်မခံဘဲ နတ်ဝင်နှင့်နတ်မေးသူ၏ တယ်လီပသီကိုသာ အသိအမှတ်ပြုရမည်ဆိုပါက အချို့သောအမှုများ၌ ထို စိတ်တန်ခိုးသတ္တိမှာ ဒေါက်တာရိုင်း၏ စမ်းသပ်မှု၌ ဖဲချပ်ကို မှန်ကန်စွာ ပြောဆိုသော ရိုးရိုးတယ်လီပသီ အစွမ်းသတ္တိမဟုတ်ဘဲ ကြီးမားသော ပရဝိညာဉ်သတ္တိ ဖြစ်၏။ ထိုပရဝိညာဉ်သည် အထူးအားဖြင့် အတိတ်ကို အကန့်အသတ်မရှိ သိမြင်နိုင်စွမ်းရှိ၏။ အတိတ်ကို သိမြင်သည်ဆိုရာ၌ မိမိ တွေ့မြင်နေရသော သက်ရှိ လူတစ်ဦးတစ်ယောက်၏ အတိတ်ကို အကြားအမြင်ရပုဂ္ဂိုလ်က သိမြင်ပုံမျိုးမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ လွန်ခဲ့သော အတိတ်ကာလက အဖြစ်အပျက်များနှင့် နိမိတ်သင်္ကေတများ အလိုအလျောက် အာရုံထင်လာမှုကို ဆိုလိုခြင်းဖြစ်၏။

အတိတ်က အဖြစ်အပျက်များ အလိုလို အာရုံထင်လာသော သာဓကများကို စိတ် ဝိညာဉ် သုတေသနမှတ်တမ်းများ၌ ဖော်ပြထား၏။ ၁၉ဝ၁ ခုနှစ်က အင်္ဂလန်ပြည်မှ ကျောင်းအုပ်ဆရာမနှစ်ဦးသည် ပြင်သစ်ပြည်တစ်နေရာ၌ ထူးဆန်းသော အဆောက်အအုံ၊ လူသတ္တဝါနှင့် ရှုခင်းများကို တွေ့မြင်၍ စာအုပ်တစ်အုပ် ရေးသားခဲ့ကြ၏။ အမှန်မှာ သူတို့ ရောက်ခဲ့သောနေရာ၌ သူတို့ မြင်သည်ဆိုသောအရာ ဘာမျှမရှိချေ။ သူတို့၏ ရေးသားချက်ကို သုတေသီတို့က လေ့လာကြည့်မှ ၁၇၈၉ ခုနှစ်က ပြင်သစ်မိဖုရား နန်းတွင်းသူ နန်းတွင်းသားများနှင့် ထိုခေတ်က အခြေအနေကို ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရ၏။ ထိုအမျိုးသမီးနှစ်ဦးမှာ စင်စစ် ပြင်သစ်နိုင်ငံသမိုင်းကို စိုးစိမျှ လေ့လာဖူးသူများ မဟုတ်ချေ။

တစ္ဆေကို သေသူ့ဝိညာဉ်နှင့် လုံးဝပတ်သက်ခြင်းမရှိဟု ခံယူသော သုတေသီဆရာတို့ အလိုအားဖြင့် အချို့သောတစ္ဆေများက သက်ရှိလူ မည်သူမျှမသိသော အချက်များကို ထုတ်ဖော်နိုင်သည်ဆိုခြင်းမှာ သေသူ့ပယောဂမပါဘဲ တစ္ဆေကို တွေ့မြင်သော သက်ရှိလူ၌ အလိုလို အတိတ်အာရုံ ထင်လာခြင်းဖြစ်၏။ အမေက သမီး၏အလောင်းကို ပြုပြင်ရာ၌ မျက်နှာတွင် မတော်တဆ ခြစ်ရာတစ်ခု ဖြစ်သွား၍ ထိုကိစ္စကို မည်သူမျှမသိအောင် လျှို့ဝှက်ထားရာမှ သမီးတစ္ဆေက မိမိ၏အစ်ကိုအား ကိုယ်အမှတ်အသားနှင့် ကိုယ်ထင်ပြသောအမှုကို လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့ပေပြီ။ အထက်ပါဆရာတို့၏ အဆိုအားဖြင့် ထိုအမှုမှာ သေသူနှင့် ဘာမျှမဆိုင်ဘဲ မိခင်ဖြစ်သူက မိမိ၏လျှို့ဝှက်ချက်ကို သားဖြစ်သူ

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"၌ အခြားသာဓကနှစ်ခု ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ တယ်လီပသီဖြင့်ပေးပို့ခြင်း၊ သို့မဟုတ် အစ်ကိုဖြစ်သူက နမ၏အလောင်း မမြုပ်နှံမီက မျက်နှာ၌ခြစ်ရာ အမှတ်အသားရှိကြောင်း တယ်လီပသီဖြင့် သိမြင်ခြင်းဖြစ်သည်ဟု ယူဆရပေမည်။ သေသူဖခင်က မိမိ၏ သေတမ်းစာအကြောင်း သားအား အိပ်မက်ပေးသည်ဆိုသော အမှု၌လည်း သေသူ့ဝိညာဉ်၏ ပယောဂမပါဘဲ သားဖြစ်သူက ဖခင်မသေမီက လျှို့ဝှက်စွာ စီမံလုပ်ကိုင်ခဲ့ပုံကို တယ်လီပသီအစွမ်းဖြင့် သိမြင်ခြင်း ဖြစ်သည်ဆို၏။

သေသူ့အကြောင်း နတ်ဝင်တို့၏ ပြောပြချက်များ မှန်ကန်နေခြင်းသည်လည်း သေသူ့ဝိညာဉ်နှင့်မဆိုင်ဘဲ နတ်ဝင်၏ တယ်လီပသီ(ဝါ)ပရစိတ်ညာဉ် စွမ်းအားကောင်းသောကြောင့် ဖြစ်သည်ဆို၏။ သေသူ၏ ဆွေမျိုးသားချင်း၊ သို့မဟုတ် အသိမိတ်ဆွေသည် နတ်ဝင်ထံ ကိုယ်တိုင်မသွားဘဲ မိမိအကြောင်း၊ သို့မဟုတ် သေသူ့အကြောင်း ဘာမျှမသိသော သူစိမ်းလူတစ်ယောက်ကို စေလွှတ်၍ နတ်မေးခိုင်းသည်ဆိုစေ နတ်ဝင်သည် ထိုလူမှတစ်ဆင့် နတ်မေးသူ၏ အသိနယ်ကိုနှိုက်၍ သေသူ့အကြောင်း သိရှိမည်ဖြစ်သည်ဆို၏။ ဤနေရာ၌ အရာဝတ္ထုတစ်ခုကို ကိုင်လိုက်ရုံနှင့် ရှေးက ထိုအရာဝတ္ထုကိုင်တွယ်ခဲ့သော ပုဂ္ဂိုလ်အကြောင်း သိမြင်သော အမြင်ရပုဂ္ဂိုလ်ထူးများ၏ ပရစိတ်ညာဉ်စွမ်းအားကို သတိပြုသင့်ပေ၏။

နတ်ဝင်သည် သေသူ့အကြောင်းကို မိမိ၏ ပရစိတ်ညာဉ်စွမ်းအားဖြင့် သိရှိခြင်းဖြစ်သည်မှန်ပါက အဘယ်ကြောင့် တမလွန်လောကနှင့် ဆက်သွယ်၍ သိရှိရခြင်း ဖြစ်သည်ဆိုပါသနည်း ဟူငြားအံ့။ နတ်မေးသူနှင့် ပတ်ဝန်းကျင်လူတို့၏ အလိုအန္တအကြိုက်ကိုလိုက်၍ နတ်ဝင်က သေသူ့ဝိညာဉ်ထံမှ သိရှိရသလိုလို ဖန်တီးပြုလုပ်ထားခြင်း ဖြစ်သည်ဆို၏။ ဓာတ်စီးနေစဉ် နတ်ဝင်၌ ဆိုင်ရာသေသူ၏ ဟန်ပန်အမူအရာလက္ခဏာများ ထင်ရှားလာခြင်းမှာလည်း အနီးရှိ နတ်မေးသူနှင့် နတ်ပွဲလာသူများ ယုံကြည်အောင် နတ်ဝင်က ဟန်ဆောင်ပြုလုပ်သောကြောင့် ဖြစ်သည်ဆို၏။

ဟန်ဆောင်ပြုလုပ်သည်ဆိုရာ၌ နတ်ဝင်သည် လူများအား လိမ်လည်လှည့်စားလိုသောစိတ်ဖြင့် တမင်တကာ ကြံစည်အားထုတ်၍ ဟန်ဆောင်ခြင်းမဟုတ်ဘဲ မိမိ၏ ဘဝင်စိတ် (ဝါ) မသိစိတ်ဖြင့် ပြုလုပ်နေခြင်းဖြစ်သည်။ ဥပမာအားဖြင့် စိတ်ညှို့အိပ်မွေ့ဆရာသည် လူတစ်ဦးအား အိပ်မွေ့ချပြီးနောက် မင်း ယခု စစ်သားဖြစ်ပြီ၊ စစ်တိုက်ထွက်ရတော့မည်ဆိုပါက ထိုသူသည် စစ်သားဟန်ပန်အမူအရာဖြင့် သွားလာလှုပ်ရှားပြပေလိမ့်မည်။ ထိုနည်းအတူ လွန်ခဲ့သော အနှစ်နှစ်ဆယ်က သေဆုံးခဲ့သော သူ၏လျှို့ဝှက်ချက်ကို ပရစိတ်ညာဉ်အစွမ်းဖြင့် သိရှိခြင်းသည်လည်း ဘဝင်စိတ်နယ်၌ သိရှိခြင်းဖြစ်၏။ ဘဝင်စိတ်အရင်းခံသော လူ့အလိုဆန္ဒများသည် ရုပ်ဖျောက်၍ အသိနယ်ထဲသို့ ဝင်လာသကဲ့သို့ ဘဝင်စိတ်ဖြင့်ရရှိသော အသိအမြင်သည် တစ္ဆေ၊ သို့မဟုတ် နတ်ဝင်၏ဓာတ်စီး (ဝါ) သေသူ့ဝိညာဉ်ထံမှရရှိသော အသိအမြင်လိုလို နတ်မေးသူက ထင်မှားနေခြင်း ဖြစ်သည်ဆို၏။

ဓာတ်စီးနေသော နတ်ဝင်၏စကားများသည် တစ်ခါတစ်ရံ လွဲမှား၍ အချို့



www.burmeseclassic.com

www.burmeseclassic.com



စကားများမှာ ပြည့်စုံရှင်းလင်း ပြတ်သားခြင်းမရှိချေ။ သို့ဖြစ်၍ အချို့ဆရာတို့က တမလွန်ဘဝနှင့် ဆက်သွယ်သည်ဆိုသော အချက်ကို ငြင်းဆိုကြ၏။ နတ်ဝင်တို့၏စကားများ လွဲမှားပုံကို အထက်က ပြဆိုခဲ့ပြီ။ သို့ရာတွင် တစ်ကြိမ်လွဲမှားမှုကို ထောက်ပြ၍ ကိုးကြိမ်မှန်ကန်မှုကို ကျွန်ုပ်တို့ လျစ်လျူပြုမထားသင့်ချေ။ တစ်ခါက နတ်ဝင်၏ဓာတ်စီးသည် လူ ၁၅၀ ထဲမှ လူသုံးဆယ်ကို ရွေးထုတ်၍ သေသူ၏အသိမိတ်ဆွေများ ဖြစ်ပါသည်ဟုပြောရာ လူတစ်ယောက်သာလျှင် သူ့စကားနှင့် လွဲမှားနေသည်ကို တွေ့ရ၏။ ဤအမှားတစ်ခုကြောင့် နတ်ဝင်၏ စကားအားလုံးကို ပယ်ရမည်ဆိုပါက ဆရာဝန်ကုသော လူနာတစ်ရာအနက် ကိုးဆယ်ပျောက်ကင်းသော်လည်း ဆယ်ဦးမှာ သက်သာမှုမရှိဆို၍ ဆရာဝန်အား အယုံအကြည်မရှိသည်နှင့် တူပေလိမ့်မည်။

နတ်ဝင်၏စကားများ မပြည့်စုံမှု၊ မရှင်းလင်းမပြတ်သားမှုနှင့် ပတ်သက်၍ သုတေသီပညာရှင် ဒေါက်တာဟော့ဆင်၏ ရေးသားချက်ကို စဉ်းစားရန်ရှိ၏။ ဒေါက်တာဟော့ဆင်၏အဆိုအားဖြင့် မိမိ ပြောလိုသောအကြောင်းကို ရှင်းလင်းပြောပြရန် သေသူ့အဖို့ လွယ်ကူသောကိစ္စ မဟုတ်ချေ။ သေပြီးခါစတွင် သူ့မှာ အတော်ကြာမျှ စိတ်ထုံထိုင်းနေပေလိမ့်မည်။ တမလွန်လောက၌ အသားကျပြီးသည့် နောက်၌လည်း သူသည် စိတ်မကြည်လင်ဘဲ ကြောင်တောင်တောင် ဖြစ်နေပေလိမ့်မည်။ လူ့လောကသို့ သူရောက်လာရာ၌ မူလခန္ဓာကိုယ်နှင့်မဟုတ်ဘဲ သူတစ်ပါး၏ကိုယ်ကို အမှီပြု၍ ရောက်ရှိလာခြင်းကိုလည်း ကျွန်ုပ်တို့ သတိပြုရပေမည်။

နတ်ဝင်နှင့် ဆက်သွယ်သည်ဆိုသော အချို့သော သေသူ့ဝိညာဉ်များမှာ အသက်ရှိစဉ်က စိတ်ဝိညာဉ်သုတေသီဆရာတို့ပင် ဖြစ်ကြသည် အဆိုရှိရာ ထိုသေသူ့ဝိညာဉ်များမှာ အတွေးအခေါ်၊ အသိအမြင် သိသိသာသာ နိမ့်ကျနေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ ကွယ်လွန်သူ သုတေသီပညာရှင်တို့၏ ဝိညာဉ်များမဖြစ်နိုင်ဟု အချို့ဆရာတို့က ဆိုကြ၏။ ထိုတမလွန်ဘုံသားများသည် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် မတူကြချေ။ လူ့ဘဝပြဿနာများနှင့် ပတ်သက်၍ ညီညီညွတ်ညွတ်မရှိဘဲ တစ်ယောက်တစ်မျိုးစီ ပြောဆိုတတ်ကြ၏။

ပုံစံအားဖြင့် လူသေပြီးနောက် လူပြန်ဖြစ်၊ မဖြစ် (ဝါ) လူဝင်စားမှုပြဿနာနှင့် ပတ်သက်၍ နတ်ဝင်တစ်ဦးမှတစ်ဆင့် တမလွန်ဘုံသား ဆာအော်လီဗာလော့ ပြောသောစကားအရဆိုသော် နာမ်ခန္ဓာသည် ဘဝအတွေ့အကြုံ မရင့်ကျက်ပါက တမလွန်လောက၌ နေသားတကျ ဖြစ်မည်မဟုတ်၊ သာမန်လူတို့သည် တမလွန်ဘဝကို မိမိတို့ အကျိုးစီးပွားအတွက် ပြည့်ပြည့်ဝဝ အသုံးမချတတ်သောကြောင့် လူ့ပြည်သို့ ပြန်သွားကြရ၏။ မသေဆုံးမီက ရုပ်နာမ်ခန္ဓာ အစွမ်းကုန်တိုးတက်ခဲ့သောသူမှာ အမတဘုံသို့ရောက်ရှိ၍ လူ့ဘဝသို့ ပြန်သွားရန်မလို။ သို့ရာတွင် လူအများစုမှာ ပြန်သွားကြရသည် ဆို၏။

၁၉၃၅ ခုနှစ်က ဂျေဂျမိုးဆိုသော နတ်ဝင်တစ်ဦးမှတစ်ဆင့် တမလွန်ဘုံသား တစ်ဦး၏ ပြောပြချက်မှာ ဤလူ့သေလျှင် လူဝင်စားဖြစ်သည် ဆိုသောစကား မမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကမှာ သေသူ၏ ကြီးပွားမှုအတွက် ပြီးပြည့်စုံပြီးဖြစ်၏။ လူသတ္တဝါတစ်ဦး ဖြစ်လာပုံကို လူတို့ သေချာဂဏ သိရှိနားလည်သော တစ်နေ့တွင် လူဝင်စားသေလူအဖြစ် အယူမှုချ ပျောက်ကွယ်သွားရမည် ဖြစ်ပါသည် ဆို၏။

ဤသို့ဖြင့် အသက်ရှိစဉ်က လူဝင်စားမှုကို လက်ခံယုံကြည်သော သူ အတော်များများသည် သေပြီးနောက် တမလွန်လောကမှနေ၍ နတ်ဝင်များမှတစ်ဆင့် ထိုအယူကို ငြင်းဆိုကြကြောင်း သုတေသနမှတ်တမ်းများ၌ ဖော်ပြထား၏။ ဤနေရာ၌ အထူးအံ့သြစရာကောင်းသော စကားမှာ သီအိုဆိုဖီအသင်းကို တည်ထောင်ခဲ့သော အမျိုးသမီးကြီး မဒမ်ဘလာဗစ်စကီ[၁] က သူသေပြီးနောက် နတ်ဝင်တစ်ဦးမှတစ်ဆင့် ပြောသည်ဆိုသော စကားဖြစ်၏။ ဘလာဗစ်စကီ၏ဝိညာဉ်က "လူပြန်ဖြစ်သည်ဆိုခြင်းမှာ မမှန်ပါ။ ကျွန်ုပ်သည် လူပြန်ဖြစ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ပါ။ ကျွန်ုပ်တို့ လူပြန်မဖြစ်နိုင်ပါ။ လူ့ပြည်သို့ ပြန်မလာနိုင်ပါ"ဟု ပြောသည်ဆို၏။ သို့ရာတွင် သူသည် အသက်ရှိစဉ်က လူတို့ ဘဝသစ်တစ်ဖန် ပြန်ဖြစ်ခြင်းအကြောင်းကို အလေးအနက် ဟောပြောရေးသားခဲ့သော အသိပညာရှင်တစ်ဦး ဖြစ်၏။

ထိုသို့ အချို့လူများ၏ အတွေးအခေါ်၊ ထင်မြင်ယုံကြည်ချက်နှင့် သေပြီးနောက် တမလွန်လောကမှ သူတို့ ပြောသည်ဆိုသော စကားများမှာ ကွဲလွဲဆန့်ကျင်နေသောကြောင့် နတ်ဝင်၏စကားများသည် တမလွန်ဘုံသားများ၏ စကားများ ဖြစ်ပါသလောဟု သံသယဖြစ်ဖွယ်ရှိ၏။ စင်စစ် တမလွန်လောကကို လက်ခံသော သုတေသီဆရာတို့ကပင် နတ်မေးသူကို သေသူ့ဝိညာဉ်နှင့် ဆက်သွယ်ပေးသော ဓာတ်စီးမှာ တမလွန်ဘုံသားမဟုတ်ဘဲ နတ်ဝင်၏နာမ်ခန္ဓာကွဲ[၂] ဖြစ်သည်။ နတ်ဝင်၏ လုပ်နည်းလုပ်ဟန်နှင့် ပြောသော စကားများသည် သေသူ့ဝိညာဉ်နှင့် နတ်ဝင်၏ နာမ်ခန္ဓာကွဲ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံသည်ဟု ယူဆကြ၏။ သို့ဖြစ်၍ ဓာတ်စီးနေခိုက် နတ်ဝင်ဖော်ပြသော ယုံကြည်ချက်မှာ သေသူ့ဝိညာဉ်နှင့် မဆိုင်ဘဲ သူ (နတ်ဝင်)ခံယူထားသော ယုံကြည်ချက် ဖြစ်ရပေမည်။

တမလွန်လောကကို လက်မခံသော သုတေသီဆရာတို့၏ အမြင်အားဖြင့်မူ သေသူ့ဝိညာဉ် ဟူ၍မရှိ။ နတ်ဝင်၏ စကားအားလုံးသည် သူ၏ နာမ်ခန္ဓာကွဲမှ ပေါ်ထွက်လာသော စကားများဖြစ်၏။ သေသူ့အကြောင်းနှင့် ပတ်သက်၍ နတ်ဝင်ပြောသော စကားများ မှန်ကန်နေခြင်းသည် သေသူ့ဝိညာဉ်နှင့် မဆိုင်ဘဲ နတ်ဝင်က ပရဝိညာဉ် အစွမ်းဖြင့် သိမြင်သောကြောင့် ဖြစ်သည်ဆိုသော ထိုဆရာတို့၏ ယူဆချက် မည်မျှ အကြောင်းယုတ္တိရှိမရှိ ယခု ကျွန်ုပ်တို့ စဉ်းစားရပေမည်။

ထိုဆရာတို့၏ အလိုအားဖြင့် နတ်ဝင်၏ ပရဝိညာဉ်သည် မသိစိတ်(ဝါ)ဘာဝင်စိတ်နယ်၌ အလုပ်လုပ်၍ နတ်ဝင်သည် ယင်း၏ လုပ်နည်းလုပ်ဟန်ကို မသိချေ။ လူတို့၌ မသိစိတ်သည် မုချရှိ၍ အပြင်ပန်းအမှုအရာ၊ အကြံအစည်နှင့် မသိစိတ်မှာ တခြားစီ

---

၁။ Madame Blavatsky

၂။ Secondary Personality, subliminal self



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတတ်သည် မှန်၏။[၁] ခက်သည်ကား မသိစိတ်ကို အခါခပ်သိမ်း ရှေ့တန်းတင်၍ ပြောသော သူ၏စကားကို ကျွန်ုပ်တို့ချေပရန် မလွယ်ကူချေ။

ပုံစံအားဖြင့် (အေ)သည် မိမိ၏ သူငယ်ချင်းထံသို့ စာရေးပြီးနောက် စာကို စာတိုက်ပုံး၌ သွားရောက်ထည့်ရန် မေ့နေ၏။ (ဘီ)သည် မိမိ သားသမီးများကို ဆင်းရဲဒုက္ခခံ၍ ကျွေးမွေးပြုစုနေ၏။ မသိစိတ်ဆရာတို့က (အေ)သည် သူငယ်ချင်းထံစာထည့်ရန် မေ့လျော့နေခြင်းမှာ မသိစိတ်က သူငယ်ချင်းကို မလိုမုန်းထားသောကြောင့် ဖြစ်သည်။ (ဘီ)က မိမိသားသမီးများကို ကျွေးမွေးပြုစုခြင်းမှာ ဇရာအရွယ်၌ သူတို့ကို မှီခိုအားထားလိုသော မသိစိတ်ကြောင့်ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ လူတို့သည် အများအားဖြင့် အာဃာတစိတ်၊ အတ္တစိတ်အားကြီး၍ မသိစိတ်ကလည်း လှည့်စားတတ်သောကြောင့် အထက်ပါ ယူဆချက် မှားသည်ဟု ကျွန်ုပ်တို့ တထစ်ချ မပြောနိုင်ချေ။ သို့ရာတွင် မသိစိတ်ဆရာသည် မိမိ၏အယူအတွက် ခိုင်မာသော အထောက်အထားများ ပြရပေလိမ့်မည်။ မသိစိတ်ကို မျက်စိမှိတ် လက်ခံယုံကြည်၍ သန့်ရှင်းသော မေတ္တာစေတနာကို ငြင်းဆိုရခြင်းမှာ ယထာဘူတ မကျလှချေ။

ကမ္ဘာပေါ်ရှိ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတိတ်နှင့် အနာဂတ်ကို တိကျမှန်ကန်စွာ ဟောပြောနိုင်သော လက္ခဏာဗေဒင်ဆရာများ ရှိ၏။ အထက်ပါ သုတေသီဆရာတို့ အလိုအားဖြင့်မူ သူတို့၏ ဟောပြောချက်များ မှန်ကန်ခြင်းမှာ လက္ခဏာဗေဒင် တတ်ကျွမ်းသောကြောင့် မဟုတ်ဘဲ သူတို့၏ ပရစိတ္တဉာဉ် အစွမ်းသတ္တိကြောင့် ဖြစ်၏။ မိမိတို့၌ ပရစိတ္တဉာဉ် စွမ်းရှိသည်ဟု သူတို့ ဝန်မခံကြခြင်းမှာ ထိုအစွမ်းသတ္တိကို သူတို့ မသိစိတ်က အသုံးပြုသောကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ လက္ခဏာဗေဒင်ပညာကို စေ့စေ့ဆော်ဆော်စွာ မလေ့လာဘဲ အစွဲဥပါဒါန်ဖြင့် ပစ်ပယ်လိုသော်လည်း အချို့ လက္ခဏာဗေဒင်ဆရာတို့၏ ဟောပြောချက်များ အံ့သြဖွယ်ရာ မှန်ကန်ခြင်းကိုလည်း မငြင်းဆိုနိုင်သော သူတို့သည် အထက်ပါအဆိုကို လက်ခံရပေလိမ့်မည်။

မသိစိတ်ကို အချို့ သုတေသီဆရာတို့က ဆွဲသွင်းခြင်းမှာ နတ်ဝင်တို့က သူတို့ ဟောပြောချက် မှန်ကန်မှုအတွက် သူတို့၏ ပရစိတ္တဉာဉ်အစွမ်းကို အကြောင်းမပြဘဲ တမလွန်လောကနှင့် ဆက်သွယ်မှုကြောင့် ဖြစ်သည်ဟုဆိုသောကြောင့် ဖြစ်၏။ စိတ်ဝိညာဉ် သုတေသန မှတ်တမ်းများ၌မူ ထိုသို့ မသိစိတ်နှင့် ပရစိတ္တဉာဉ်အစွမ်း ထွေးရောယှက်တင် ဖြစ်နေသော အမှုများကို မတွေ့ရချေ။ ပရစိတ္တဉာဉ်အစွမ်းဖြင့် အကြားအမြင် ရရှိသော ပုဂ္ဂိုလ်တို့သည် မိမိတို့ စိတ်အစွမ်းသတ္တိကို ခြေခြေမြစ်မြစ် ရှင်းမပြနိုင်သော်လည်း ကိုယ်ပိုင်သတ္တိအဖြစ်ဖြင့် သိသိမှတ်မှတ် သိရှိနားလည်ကြ၏။ မသိစိတ်၏ လှည့်စားမှုကို ခံကြရခြင်း (ဝါ) ပုံစံအားဖြင့် နတ်သိကြား၊ ဝိဇ္ဇာ၊ ဘိုးဘိုးအောင်တို့၏ အကူအညီဖြင့် မှန်ကန်စွာ ဟောပြောနိုင်ခြင်း ဖြစ်သည်ဟု မဆိုကြချေ။

---

၁။ "လူ့စိတ်သဘာဝ" အခန်း ၁၇၊ "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု" အခန်း ၃။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တမလွန်လောကကို လက်မခံဘဲ နတ်ဝင်၏ ပရဝိဇ္ဇာဥ်အစွမ်းသတ္တိကို အစားထိုးလိုသော ဆရာတို့သည် စိတ်ဗိဇ္ဇာဥ် သုတေသနမှတ်တမ်းများ၌ အထောက် အထား အထင်အရှားမရှိသော မသိစိတ်ကို ရှေ့တန်းတင်သည်သာမက ပရဝိဇ္ဇာဥ် စွမ်းအားကိုလည်း အတိုင်းမသိ တိုးချဲ့၍ အကြောင်းမတန် လက်ခံယုံကြည်လိုကြ၏။ ပရဝိဇ္ဇာဥ်၏ အစွမ်းသတ္တိသည် အလွန် ကျယ်ပြန့်နက်ရှိုင်း၍ ယင်း၏ နယ်နိမိတ် ကန့်သတ်ချက်ကို ယခုတိုင် ကျွန်ုပ်တို့ မသိရှိရသေးသည် မှန်၏။ သို့ရာတွင် ကျွန်ုပ်တို့ အစအဆုံး တိကျသေချာစွာ မသိရသေးသော စွမ်းအင်၊ သို့မဟုတ် အကြောင်းခြင်းရာ တစ်ခုခုနှင့် ပတ်သက်၍ အတိုင်းထက်အလွန် စိတ်ကူးကြံစည်ပါက သိပ္ပံနည်းကျသော တွေးခေါ်ယူဆချက် ဖြစ်မည်မဟုတ်ချေ။

ပုံစံအားဖြင့် အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့ ကိုယ်ခန္ဓာကို လေထဲသို့ ၁၀ ပေ၊ ၁၅ ပေခန့် အလိုလို မြင့်တက်လာအောင် ပြုလုပ်နိုင်သည်ဆို၏။ ဤအံ့ဖွယ်သရဲ အမှု မျိုး¹ကို သုတေသီဆရာတို့ စေ့စေ့သေချာစွာ လေ့လာခြင်းမရှိသော်လည်း ဒိဋ္ဌဓမ္မ တွေ့ မြင်ခဲ့ဖူးသော လူတို့၏ ရေးသားချက်များ ရှိ၏။ သို့ရာတွင် အလွန်မြင့်မားသော အုတ် နံရံများ ကာရံထားသည့် ထောင်တစ်ခုထဲမှ အကျဉ်းသားတစ်ဦးသည် ပရဝိဇ္ဇာဥ်အစွမ်း ဖြင့် ထောင်နံရံပေါ် ဖြတ်ကျော်ပျံသန်း လွတ်မြောက်သွားသည်ဆိုပါက ကျွန်ုပ်တို့ ယုံရ တော့မည်လော။

အနာဂတ်ကို တိကျမှန်ကန်စွာ သိမြင်သော ပုဂ္ဂိုလ်များအကြောင်းကို သုတေသန မှတ်တမ်းများ၌ ဖော်ပြထားရာ အချို့လူများ ထိုသို့ သိမြင်နိုင်စွမ်းရှိခြင်းကို သုတေသီ ဆရာတို့က လက်ခံယုံကြည်ကြ၏။ သို့ဖြစ်လျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထိမဖွင့်မီ တစ်ရက်က ကြိုတင်၍ ပေါက်ဂဏန်းအားလုံးကို သိရှိသည်၊ သို့မဟုတ် မည်သည့်နေ့ ရက်တွင် ရန်ကုန်မြို့၌ သေမည့်လူများ၏ အမည်အားလုံးကို မှန်ကန်စွာ ပြောပြနိုင်သည် ဆိုပါက ထိုစကားကို ကျွန်ုပ်တို့ လက်ခံရတော့မည်လော။

အတိတ်ကာလ အဖြစ်အပျက်နှင့် အကြောင်းအရာများ အာရုံထင်လာသော အမှု များကို သုတေသနမှတ်တမ်းများ၌ ပြဆိုထား၏။ ထိုအမှုများမှာ သက်ရှိပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြစ်စဉ်များနှင့် နေရာဌာနတစ်ခုတွင် တစ်ခါက ဖြစ်ပေါ်ခဲ့သော အခြေအနေများကို အလိုလို မြင်ယောင်လာမှုများ ဖြစ်၏။ အထက်က ပြဆိုခဲ့သော လွန်ခဲ့သော နှစ်ပေါင်း များစွာက သေဆုံးခဲ့သော လူတစ်ဦး၏ မသေမီက မည်သူမျှမသိအောင် လျှို့ဝှက်ခဲ့သည့် အချက်ကို အပ်ကျမပ်ကျ သိမြင်မှုမျိုး မဟုတ်ချေ။

ထို သိမြင်မှုမျိုး ဖြစ်နိုင်သည်ဆိုသော သုတေသနဆရာသည် သေသူက တစ္ဆေ အနေဖြင့် သော်လည်းကောင်း၊ အိပ်မက်ပေး၍ သော်လည်းကောင်း မိမိလျှို့ဝှက်ချက်ကို အသိပေးသည်ဆိုခြင်းကို မယုံသောကြောင့် ပရဝိဇ္ဇာဥ်ကို အကြောင်းပြု၍ ပြောဆိုခြင်း

---

၁။ Levitation
"စိတ်ဝိဇ္ဇာဥ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" "စိတ်ဝိဇ္ဇာဥ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ရာတွင် ထိုသိမြင်မှုမျိုးကို တစ္ဆေအကြောင်းထက်ပို၍ ကျွန်ုပ်တို့ နားလည်နိုင်သည်၊ လက်ခံယုံကြည်ရန် ဖြစ်နိုင်သည်ဟု မဆိုသာချေ။ မသိစိတ်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့်လည်း ပြဿနာ ပြေလည်မည်မဟုတ်ချေ။

နတ်ဝင်တို့၏ အံ့ဖွယ်သရဲ သိမြင်မှုအတွက် တမလွန်လောကကို လက်မခံဘဲ သူတို့၏ ပရဝိဉာဉ်စွမ်းအားကိုသာ လက်ခံရမည်ဆိုပါက ထိုပရဝိဉာဉ်သည် အတိုင်းမသိ တန်ခိုးကြီးရပေလိမ့်မည်။ အချို့သော နတ်ဝင်တို့၏ သိမြင်မှုသည် ရိုးရိုးတယ်လီပသီ သိမြင်မှုမျိုးနှင့်မတူဘဲ အံ့ဖွယ်လိလိ ထူးခြားဆန်းကြယ်လှပေရာ ထိုသိမြင်မှု၏ အကြောင်းရင်းဖြစ်သည်ဆိုသော ပရဝိဉာဉ်သည် အောက်ပါ ဝိသေသလက္ခဏာများဖြင့် ထင်ရှားရပေမည်။

ထို ပရဝိဉာဉ်သည် နယ်နိမိတ် အကန့်အသတ်မရှိဘဲ အချိန်ကာလနှင့် နေရာဒွာနကို ထိုးဖောက်၍ သိမြင်ရပေမည်။ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးသည် မည်သည့်အချိန်၊ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ၊ သက်ရှိ၊ သို့မဟုတ် ယခုမရှိတော့ဘဲ ကွယ်လွန်သွားပြီဖြစ်သည်ဆိုစေ နတ်ဝင်သည် ထိုပုဂ္ဂိုလ် သိရှိပြီးဖြစ်သော အချက်ကို သိရှိနိုင်ရမည် ဖြစ်၏။ ထို့အပြင် နတ်ဝင်သည် နတ်မေးသူကို ဖြေကြားရန်အတွက် သိန်းသန်းမကသော ကမ္ဘာလူသားတို့၏ နာမ်ခန္ဓာများထဲမှ ဆိုင်ရာအချက်အလက်များကို ရွေးထုတ်နိုင်ရမည်။ ထိုရွေးထုတ်မှုသည် အချိန်ကြန့်ကြာခြင်း မရှိစေရ။ နတ်ဝင်က နတ်မေးသူအား ဖြေကြားပုံမှာ လူတစ်ဦးက မိမိအကြောင်းကိုမေးသော အခြားသူတစ်ဦးအား ဖြေကြားသကဲ့သို့ ဒိုးဒိုးဒေါက်ဒေါက်နှင့် လျင်မြန်လှရကား သူ၏ ပရဝိဉာဉ်သည် ဆိုင်ရာအချက်ကို ရှာဖွေနှုန်းချယ်နေရန်ပင် မလိုဘဲ မေးခွန်းနှင့် ဆီလျော်သောအဖြေကို တစ်မုဟုတ်ချင်း ပေးနိုင်စွမ်းရှိရပေမည်။ ထို့မျှသာမက ပရဝိဉာဉ်သည် နတ်ဝင်၌ သေသူ၏ အသံအနေအထား ပြောပုံဆိုပုံ၊ ဟန်ပန်အမူအရာ ထင်ရှားလာအောင် တစ်မုဟုတ်ချင်း ဖန်တီးပေးနိုင်စွမ်းရှိရပေမည်။

နတ်ဝင်၏ ပရဝိဉာဉ်သည် သေသူအကြောင်းကိုသာမက အခြား မည်သူမျှ မသိနိုင်သော အကြောင်းအရာများကိုလည်း သိမြင်၍ မဆိုင်းမတွ ဒိုးဒိုးဒေါက်ဒေါက် ပြောပြနိုင်ရပေမည်။ တစ်ခါက သုတေသီဆရာတစ်ဦးသည် မှောင်နေသော အခန်းထဲရှိ စာအုပ်ပုံမှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး အိတ်တစ်ခုထဲသို့ထည့်ပြီး ချိတ်ပိတ်လိုက်၏။ ထို့နောက် ဓာတ်စီးနေသော နတ်ဝင်အား စာအုပ်အကြောင်းကိုမေးရာ နတ်ဝင်က စာအုပ်နှင့်ပတ်သက်သော အချက်ငါးချက်ကို ပြောပြ၏။ ပထမအချက်မှာ စာအုပ်မျက်နှာ ၁၅ ၌ ဂျီသြမေတြီနှင့်ဆိုင်သော အကြောင်းအရာ ပါရှိသည်ဆိုသောအချက် ဖြစ်၏။ သူ၏ ပြောဆိုချက်များကို ရေးမှတ်ထားပြီးလျှင် အိတ်ဖွင့်၍ စာအုပ်ကိုကြည့်ရာ ထိုအချက်များအားလုံး မှန်ကန်နေသည်ကို တွေ့ရ၏။

ဤသာကေ၌ နတ်ဝင်၏ဓာတ်စီးကို ပယ်ရမည်ဆိုပါက သူ၏ ပရဝိဉာဉ်မှာ နတ်မျက်စိတစ်မျိုးဖြစ်သည်ဟု မှတ်ယူရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောက၏ နေရာ၌ အစားထိုးသော ပရဝိဉာဉ်သည် သက်ရှိလူများ ထံမှသာမက ကမ္ဘာပေါ်ရှိ သက်မဲ့စာအုပ်များမှလည်း လိုအပ်သော ပညာဗဟုသုတများကို အလွယ်တကူ နှိုက်ယူသုံးစွဲနိုင်ပေမည်။ ဤနေရာ၌ ၁၉၁၃ ခုနှစ်က အမေရိကန်အမျိုးသမီး မစ္စစ်ကာရန်[၁]၏ အော်တိုမက်စ် စာပေအကြောင်းကို စဉ်းစားရန် ရှိပေသည်။

ထိုစာပေမှာ အင်္ဂလိပ်စာပေသမိုင်း၌ အလွန်ထူးခြားသော စာပေဖြစ်၏။ မစ္စစ်ကာရန်က ပေးရှင့်ဝါ့သ်[၂] ခေါ်သော ဓာတ်စီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရေးသားသည် ဆို၍ ပေးရှင့်ဝါ့သ်မှာ ၁၇ ရာစုအတွင်းက အင်္ဂလန်ပြည်မှ အမေရိကန်ပြည်သို့ ပြောင်းရွှေ့လာသောအမျိုးသမီး ဖြစ်သည်ဆို၏။ ဓာတ်စီးနေသောအချိန်၌ မစ္စစ်ကာရန်သည် ဝတ္ထုကဗျာ အတော်များများ ရေးသားခဲ့ပေရာ အတန့် အဆင့်အတန်းမြင့်သော စာများ ဖြစ်သည်ဟု စာပေပညာရှင်တို့က ယူဆကြ၏။ ထူးခြားချက်မှာ ထိုဝတ္ထုများတွင် ၁၇ ရာစုခေတ်က သုံးစွဲသော အင်္ဂလိပ်ဆက်ဆွန်စကားများ ၉၀ ရာခိုင်နှုန်းပါရှိ၍ ထိုခေတ်က အင်္ဂလန်ပြည်အခြေအနေကို တိကျမှန်ကန်စွာ ဖော်ပြထားခြင်း ဖြစ်သည်။

မစ္စစ်ကာရန်မှာ အင်္ဂလန်ပြည်ကို ရောက်ဖူးသူမဟုတ်၊ သမိုင်းအခြေခံ ဗဟုသုတ အလွန်နည်းပါး၍ ၁၇ ရာစုခေတ်က အင်္ဂလန်ပြည်အကြောင်း၌ စိတ်ဝင်စားခြင်းမရှိ၊ အထူးလေ့လာရန် အခွင့်အလမ်းလည်း မရှိခဲ့ချေ။ သို့ဖြစ်၍ သူ၏စာပေများသည် သူ ပြောသည့်အတိုင်း ဓာတ်စီး၍ ဖန်တီးမှုမဟုတ်ဘဲ သူ၏ပရဝိဉာဉ် လုပ်ဆောင်မှုဖြစ်သည် ဆိုပါက ပရဝိဉာဉ်သည် ကမ္ဘာ့စာကြည့်တိုက်များရှိ စာအုပ်များဆိုင်ရာ အထွေထွေ ဗဟုသုတများကို ထုတ်နုတ် သုံးစွဲနိုင်စွမ်းရှိသည်ဟု မှတ်ယူရပေလိမ့်မည်။

လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သော အော်တိုမက်တစ် ပယောဂ္ဂစာပေကို ဖန်တီးသည့် ပရဝိဉာဉ်မှာကား မစ္စစ်ကာရန်၏ ပရဝိဉာဉ်များထက် များစွာပိုမို၍ တန်ခိုးကြီးရပေမည်။ ထိုစာပေကို နတ်ဝင်တို့က ကွယ်လွန်သူ ဂရိနှင့်လက်တင် စာပေပညာရှင်များထံမှ တစ်ပိုင်းစီ၊ တသီးတခြားစီ ရရှိသည်ဆို၍ အားလုံးကို စုပေါင်းဆက်စပ်ကြည့်ပါမှ ဆိုင်ရာ အကြောင်းရပ် ပေါ်လွင်ထင်ရှားလာပုံကို ပြဆိုခဲ့ပေပြီ။ ဤကိစ္စ၌ တမလွန်လောကမှ ရရှိသည်ဆိုသော နတ်ဝင်တို့၏စကားကို လက်မခံလိုပါက သူတို့၏ ပရဝိဉာဉ်များသည် ပညာရှင်များ မကွယ်လွန်မီက သူတို့ထံမှ ဆိုင်ရာအကြောင်းအရာများကို ရရှိထားပြီး ဖြစ်ရပေမည်။ ရေးသားနေသောအချိန်၌ ပညာရှင်အသီးသီး၏ ဟန်ပန်အမူအရာ၊ လက္ခဏာ များထင်ရှားလာအောင် ဖန်တီးနိုင်စွမ်း ရှိရပေမည်။ စာပေဖန်တီးသူများတွင် အချို့မှာ တစ်ဦးကိုတစ်ဦး လုံးဝမသိသည့်အပြင် အင်္ဂလန်၊ အမေရိကန်နှင့် အိန္ဒိယပြည်များ၌ နေထိုင်သူများ ဖြစ်ရကား ထိုမျှ ဝေးလံသောအရပ်များ၌ တကွဲတပြားစီ နေထိုင်သော နတ်ဝင်တို့၏ မသိစိတ်များသည် စာပေ စုပေါင်းထုတ်လုပ်ရန်အတွက် အချင်းချင်း

---

၁။ Mrs. Curran

၂။ Patience Worth



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ညှိနှိုင်းခြင်း၊ အစီအစဉ်ချမှတ်ခြင်း၊ တာဝန်ခွဲဝေခြင်း စသည်များ ပြုလုပ်ကြရပေမည်။ သို့ဖြစ်၍ ဤပယောဂ၌ စာပေကိုစွဲ၍ ပရဝိဉာဉ်၏ အံ့ဖွယ်သရဲ အစွမ်းသတ္တိကိုသာမက မသိစိတ်၏ အံ့ဖွယ်သရဲ စွမ်းဆောင်နိုင်မှုကိုပါ လက်ခံ ယုံကြည်ကြရပေလိမ့်မည်။

ဤသို့ဖြင့် တမလွန်လောကကို ကျွန်ုပ်တို့ လက်မခံလိုပါက ပရဝိဉာဉ်သည် နတ်ဝင်တို့နှင့် ပတ်သက်သော သုတေသီဆရာတို့၏ လေ့လာတွေ့ရှိရချက်များ အားလုံး ဘောင်ဝင်ရန်အတွက် အတိုင်းမသိ ကျယ်ပြန့်နက်ရှိုင်းသော တန်ခိုးသတ္တိ ဖြစ်ရပေမည်။ တစ်နည်းဆိုသော် နတ်ဝင်တို့၏ ပရဝိဉာဉ်သည် ကမ္ဘာပေါ်ရှိ အုံရာခပ်သိမ်းကို အချိန်ကာလ၊ နေရာဌာနအားဖြင့် ကန့်သတ်ချက်မရှိဘဲ ရုတ်ခြည်းသိမြင်နိုင်သော ဉာဏ်တစ်မျိုး ဖြစ်ရပေမည်။ သို့ဖြစ်၍ နတ်ဝင်တို့ကို လေ့လာတွေ့ရှိရချက်များနှင့် ပတ်သက်၍ တမလွန်ဘဝနှင့် နတ်ဝင်တို့၏ အလုံးစုံ သိမြင်သော၊ ဉာဏ်ဟူသော ဖြစ်နိုင်သည့် အကြောင်းနှစ်ပါးရှိရာ မည်သည့်အရာကို လက်မခံသင့်ပါသနည်း (ဝါ) မည်သည့်အရာက လက်ခံရန် ပိုမိုခက်ခဲပါသနည်းဟု စဉ်းစားရန်ရှိ၏။

တမလွန်ဘဝကို အချို့ဆရာတို့ မစဉ်းစားလိုကြခြင်းမှာ သိပ္ပံပညာ ခံယူချက်နှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်သည်ဆို၏။ သို့ရာတွင် အလုံးစုံသိမြင်သော ဉာဏ်လက္ခဏာ ဆောင်နေသည့် ပရဝိဉာဉ်ကိုလည်း သိပ္ပံပညာက လုံးဝ လက်ခံစဉ်းစားမည် မဟုတ်ချေ။ ထိုပရဝိဉာဉ်မျိုးကို မဆိုထားဘိ။ ရိုးရိုးတယ်လီပသီကိုပင် သိပ္ပံပညာက ခြေခြေမြစ်မြစ် ရှင်းမပြနိုင်သဖြင့် သိပ္ပံဆရာ အတော်များများက အယုံအကြည် မရှိကြခြင်းကို သတိပြုသင့်ပေသည်။

ပရဝိဉာဉ်သည် အလွန် နက်နဲဆန်းကြယ်၍ ၎င်း၏နယ်နိမိတ်ကို သုတေသီဆရာတို့ တိတိကျကျ မသိရှိရသေးသည် မှန်၏။ သို့ရာတွင် ယနေ့အထိ ၎င်း၏အစွမ်းသတ္တိနှင့် ပတ်သက်သော လေ့လာတွေ့ရှိရချက်များမှာ နတ်ဝင်တို့၏ အံ့ဖွယ်သရဲစွမ်းဆောင်မှုများနှင့် ပြေပလောက်အောင် နီးစပ်ခြင်း မရှိသေးချေ။ ဥပမာဆိုသော် ဆေးသိပ္ပံပညာသည် ယခုအခါ အံ့ဖွယ်လိလိ တိုးတက်နေ၍ ရှေ့ဆက်လက်၍ မည်မျှအထိ တိုးတက်ဦးမည်ဟု ကျွန်ုပ်တို့ မပြောနိုင်သော်လည်း ၎င်း၏မျက်မှောက်စွမ်းဆောင်မှုကို အကဲဖြတ်ရာ၌ ကြီးပွားတိုးတက်သော နိုင်ငံကြီးများ၌ လူတို့၏ကျန်းမာရေး၊ အသက်ရှည်ရေးကိုကြည့်၍ အကဲဖြတ်ရပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံ၌ အသက်တစ်ရာကျော်အထိ ကျန်းမာနေသော ပုဂ္ဂိုလ်တစ်စုကိုကြည့်၍ ဤသည်ကား ဆေးပညာ၏ စွမ်းဆောင်မှု ဖြစ်သည်ဟု မဆိုသာချေ။ ထိုမျှ ကျန်းမာအသက်ရှည်ခြင်းအတွက် အခြား အကြောင်းတရားတစ်ခု ရှိကောင်းရှိပေမည်။

တမလွန်ဘဝပြဿနာနှင့် ပတ်သက်နေသော စိတ်နှင့်ကိုယ်ခန္ဓာ၏ ဆက်သွယ်နေမှုမှာလည်း ဆန်းကြယ်၍ စိတ်ပညာရှင်နှင့် စိတ်ဝိဉာဉ် သုတေသီဆရာတို့ အစအဆုံး စေ့ငုသေချာစွာ မလေ့လာရသေးချေ။ သို့ရာတွင် အချို့သော တွေ့ရှိရချက်များမှာ တမလွန်ဘဝအတွက် အထောက်အထားလိုလို ဖြစ်လျက်ရှိ၏။ ယင်းတို့မှာ နတ်ဝင်တို့၏ အံ့ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



သရဲ အမှုများသာလျှင် မဟုတ်။ ထိုအမှုများအပြင် အခြားစဉ်းစားဖွယ်ရာ အချက်များလည်း ရှိပေသေးရာ ရှေ့အခန်းများတွင် ဆက်လက်ဖော်ပြပါအံ့။

မည်သို့ဖြစ်စေ အချို့ သုတေသီဆရာတို့သည် နတ်ဝင်တို့မှာ တန်ခိုးအနန္တ (ဝါ) အလုံးစုံ သိမြင်ဉာဏ်ရှိသည်ဟု မယုံကြည်နိုင်သောကြောင့် သူတို့နှင့်ပတ်သက်သော တွေ့ရှိရချက်များကို တမလွန်ဘဝအတွက် အထောက်အထားအဖြစ် လက်ခံကြ၏။ ဤနေရာ၌ အထောက်အထားဆိုသော စကားကို သတိပြုသင့်ပေ၏။ ၎င်းတို့သည် တမလွန်ဘဝ မုချရှိသည်ဟု ဆိုနိုင်လောက်အောင် ခိုင်လုံပြည့်စုံသည်ဟု ဆိုလိုခြင်းမဟုတ်။ တမလွန်ဘဝပြဿနာကို လေ့လာရာ၌ အလေးအနက် စဉ်းစားသင့်သော အချက်များ ဖြစ်သည်ဟု ဆိုလိုခြင်းမျှသာ ဖြစ်၏။ ရှေ့ဆက်လက်၍ လေ့လာရန် လိုသေးကြောင်း၊ ပိုမိုခိုင်လုံသော အထောက်အထားများ ရရှိရန် လိုအပ်ကြောင်းကို သုတေသီဆရာများက ဝန်ခံကြ၏။

သို့ရာတွင် နောက်ထပ် တွေ့ရှိရချက်များသည် မည်မျှ ပိုမိုခိုင်လုံသော အထောက်အထားများဖြစ်စေကာမူ တမလွန်လောကကို လက်မခံလိုသော ဆရာတို့အဖို့ အကြောင်းထူးမည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူတို့တွေးခေါ်သော ပရစိတ်ဉာဉ်သည် မည်သည့်တွေ့ရှိချက်မျှ မလွန်ဆန်နိုင်သော တံတိုင်းကြီး ဖြစ်၏။ အချို့ဆရာတို့က တမလွန်ဘဝရှိမရှိ စမ်းသပ်ရန် နည်းတစ်ခုကို ကြံစည်ကြ၏။ ထိုနည်းမှာ ပုဂ္ဂိုလ်တစ်ဦးသည် စာတစ်စောင်ရေး၍ စာအိတ်ကို ချိပ်ပိတ်ပြီး မိမိ ရေးသားထားသော အကြောင်းအရာကို မည်သူ့ကိုမျှမပြောဘဲ လျှို့ဝှက်ထားရန်၊ သေပြီးနောက်မှ နတ်ဝင်ကို ဓာတ်စီးပြီး လျှို့ဝှက်ချက်ကို ပြောပြရန် ဖြစ်၏။ သို့ရာတွင် ထိုစမ်းသပ်မှု၌ နတ်ဝင်ကို ပြောသော စကားသည် တိကျမှန်ကန်ပါက ပရစိတ်ဉာဉ်ဆရာတို့က နတ်ဝင်သည် ကနဦးကပင် မိမိတန်ခိုးဖြင့် သေသူ၏လျှို့ဝှက်ချက်ကို အလိုလို သိပြီးဖြစ်သည်ဟု ဆိုပေလိမ့်မည်။

တမလွန်လောက ရှိသည်မှန်ပါက ထိုလောကသည် မည်သို့သော လောက ဖြစ်လေသနည်းဟု စဉ်းစားရန်ရှိ၏။

မိမိတို့ တမလွန်လောကသို့ ရောက်ရှိကြောင်း ပြသရန် အော်တိုမက်တစ် ပဟေဠိ စာပေကို ဖန်တီးခဲ့သည်ဆိုသော ကွယ်လွန်သူ စိတ်ဝိဉာဉ် သုတေသီဆရာတို့သည် နတ်ဝင်များမှတစ်ဆင့် မိမိတို့၏ ဘဝသစ်အကြောင်းကို ပြောပြကြသည်ဆို၏။ သူတို့၏ အချို့သော စကားများမှာ ကျွန်ုပ်တို့ စဉ်းစားဖွယ်ရာဖြစ်၏။

စိတ်ဝိဉာဉ် သုတေသီဆရာ မေယာက မိမိသည် တမလွန်လောကသို့ ရောက်ရှိနေသော်လည်း အသိအမြင် တိုးပွားမလာပါ။ လူ့ဘဝက မဖြေရှင်းနိုင်သော ပြဿနာများကို ဆက်လက်ရင်ဆိုင်၍ အတွေးအခေါ်များဖြင့် အချိန်ကုန်ရပါသည်။ သေပြီးသည့်နောက် အသိအမြင် တိုးမလာဘဲ မူလအတိုင်းရှိနေခြင်းမှာ အံ့ဩစရာ ဖြစ်နေသည်ဟု ဆို၏။ အခြား တမလွန်ဘုံသား သုတေသီပညာရှင် ဂါနေကလည်း ကျွန်ုပ်တို့၏ အသိနယ်ကျဉ်းမြောင်းမှုကို သင်တို့ နားလည်ဟန်မတူပါ။ ကျွန်ုပ်သိသော်လည်း သင်တို့အား ပြောမပြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အကြောင်းအရာများ ရှိပါသည်။ သို့ရာတွင် ကျွန်ုပ် မသိသောအရာက များပါသည်ဟု ဆိုလေသည်။

ဤစကားများ မှန်ပေလိမ့်မည်။ တမလွန်ဘုံသားများသည် သက်ရှိလူတို့ထက် အသိဉာဏ် အဆင့်အတန်းမြင့်သည်ဟု ထင်မြင်ရန် အကြောင်းမရှိချေ။ သေလျှင် လူဝင်စားဖြစ်မဖြစ် ပြဿနာနှင့် ပတ်သက်၍ သူတို့ ညီညီညွတ်ညွတ်မရှိဘဲ အမျိုးမျိုး ပြောဆိုကြခြင်းကိုထောက်သော် ကျွန်ုပ်တို့ထက် ပို၍မသိကြောင်း ထင်ရှား၏။

သက်ရှိလူများနှင့် ဆက်သွယ်ရာ၌ အခက်အခဲရှိပုံကိုလည်း မေယာက ပြောပြ၏။ မိမိသည် တမလွန်ဘဝမှနေ၍ လူများနှင့် ဆက်သွယ်ရခြင်းမှာ ဥပမာအားဖြင့် မှန်နံရံနောက်မှနေ၍ ခပ်ထုံထိုင်းထိုင်း စာရေးမတစ်ဦးအား ပြောပြနေရသည်နှင့် တူပါသည်။ ကျွန်ုပ် ပြောပြလိုသောအချက်ကို လူများနားလည်အောင် ပြောပြရန် အလွန်ခက်ပါသည်ဟု ဆိုလေသည်။

သို့ရာတွင် တမလွန်လောကနှင့် ပတ်သက်၍ ကွယ်လွန်သူတို့က ပြောပြသည်ဆိုသော အကြောင်းအရာများကို အချို့ အနောက်နိုင်ငံ စာအုပ်များ၌ ပြဆိုထား၏။ ထိုပြောပြချက်များမှာ နတ်ဝင်၏ အတွေးအခေါ်များနှင့် ထွေးရောယှက်တင် ဖြစ်နေဟန်ရှိ၏။ မည်သို့ဖြစ်စေ ၎င်းတို့မှာ မည်မျှမှန်ကန်နေသည်ကို ကျွန်ုပ်တို့ လေ့လာစူးစမ်းနိုင်မည် မဟုတ်သောကြောင့် သုတေသီဆရာအဖို့ အရေးမကြီးလှချေ။

အရေးကြီးသည်ကား လူသေသောအခါ ဘဝပြတ်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်သလော (ဝါ) တမလွန်ဘဝ ရှိသလောဟူသော မေးခွန်းဖြစ်၏။ အထက်ဖော်ပြခဲ့သော တမလွန်ဘဝအတွက် အထောက်အထားများကို သုတေသီဆရာတစ်ဦးက အောက်ပါအတိုင်း ဥပမာဆောင်၍ ဆင်ခြင်သုံးသပ်ထား၏။

တစ်ခါသော် ခရီးသည်တင် လေယာဉ်ပျံတစ်စင်းသည် လူသူအရောက်အပေါက် အလွန်နည်းသော အရပ်ဒေသတစ်ခု၌ ပျံသန်းနေစဉ် မီးလောင်ပျက်ကျ၍ လူအားလုံးသေဆုံးပြီး အလောင်းများမှာ မီးလောင်ကျွမ်းထားသော ဒဏ်ရာ၊ အခြားဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောကြောင့် မည်သူမည်ဝါဖြစ်သည်ဟု ခွဲခြား၍ မရတော့ချေ။

ထို့နောက် တစ်လခန့်ကြာသောအခါ ထိုလေယာဉ်ပျံပျက်ကျ သေဆုံးသွားသော ခရီးသည်များတွင် တစ်ဦးအပါအဝင်ဖြစ်သော ဂျွန်စမစ်ဆိုသူ၏ မိဘများထံသို့ လူတစ်ယောက် တယ်လီဖုန်းဆက်၍ သတင်းပေးပို့၏။ ထိုသူက မိမိသည် ဂျွန်စမစ်ဖြစ်ကြောင်း၊ ၎လေယာဉ်ပျက်ကျရာ၌ မိမိတစ်ယောက်တည်း အသက်မသေဘဲ ကျန်ရှိနေကြောင်း၊ ယခု ကျန်းမာ ချမ်းသာစွာ ရှိသော်လည်း အရေးကြီးသော အကြောင်းတစ်ခုကြောင့် မိဘများထံသို့ ပြန်မလာနိုင်ကြောင်း စသည်ဖြင့် ပြော၏။ သူနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာ အသေးအဖွဲကိစ္စများ (အသက်အာမခံစာချုပ်ကို မည်သည့်နေရာ၌ ထားသည်။ မည်သူမည်ဝါအား ငွေမည်မျှ ချေးထား၍ မည်သည့်နေ့တွင် ရရန်ရှိသည် စသည်)ကိုလည်း သူပြော၏။ သူ၏ အသံနေအသံထားနှင့် ပြောပုံဆိုပုံမှာ ဂျွန်စမစ် အသံနေအသံထား ပြောပုံဆိုပုံမျိုးပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်စမစ်၏ မိဘများသည် အသံရှင်မှာ မိမိတို့၏သား မုချဖြစ်သည်ဟု ယုံကြည်ကြ၏။ သူတို့ ကြားသိရသမျှကို အသိမိတ်ဆွေများအား ပြောပြရာ အားလုံးကပင် ဂျွန်စမစ်သည် လေယာဉ်ပျက်ကျရာ၌ မသေဘဲ တစ်နေရာ၌ အသက်ရှင်လျက်ရှိသည်ဟု ယုံကြည်ကြ၏။

သူတို့ ယုံကြည်ချက် မှားသည်ဟု ဆိုရပါမည်လော။ သူတို့၏ယုံကြည်ချက်မှာ အကြောင်းယုတ္တိ ရှိသည်ဆိုပါက နတ်ဝင်၏စကား (ဝါ) တမလွန်လောကမှ သေသူ့ ဝိညာဉ်က သူ့ကို ဓာတ်စီး၍ ပြောသည်ဆိုသော စကားကိုလည်း ယုံကြည်သင့်သည် မဟုတ်ပါလော။ စင်စစ် ဂျွန်စမစ် အသက်ရှင်နေကြောင်း တယ်လီဖုန်းမှတစ်ဆင့် ကြားသိရသည့်နည်းတူ သေသူသည် တမလွန်လောက၌ရှိကြောင်း နတ်ဝင်ထံမှ တစ်ဆင့် ကြားသိရ၏။ နတ်ဝင်၏စကားများ မှန်ကန်ခြင်း၊ ပြောပုံဆိုပုံ သေသူနှင့်တူခြင်းမှာလည်း တယ်လီဖုန်းအသံရှင်၌ တွေ့ရသော ထူးခြားသည့် လက္ခဏာမျိုးပင် ဖြစ်၏။

သို့ရာတွင် ဤဥပမာဖြင့် တမလွန်ဘဝ ဧကန်မုချရှိရမည်ဟု တထစ်ချ မဆိုသာချေ။ တစ်နည်းဆိုသော် ဤဥပမာမှာ နတ်ဝင်က သေသူနှင့် ဆက်သွယ်သည်ဆိုမှုနှင့် ရာခိုင်နှုန်းပြည့် ဆီလျော်သည်ဟု မဆိုနိုင်ချေ။

ပထမအချက်မှာ တယ်လီဖုန်းအသံရှင်ကို ဂျွန်စမစ်ဖြစ်သည်ဟု ယုံကြည်ရခြင်း၏ အကြောင်းတစ်ရပ်မှာ လေယာဉ်ပျံ ပျက်ကျနေသောနေရာ၌ ဂျွန်စမစ်၏အလောင်းကို အထင်အရှား မတွေ့ရခြင်း ဖြစ်၏။ အလောင်းကို တွေ့ရပါက အသံရှင်ကို မည်သူမျှ ယုံကြည်မည်မဟုတ်။ နတ်ဝင်နှင့် သေသူကိစ္စ၌မူ သေသူ၏ ကိုယ်ခန္ဓာမှာ အကြွင်းမဲ့ လုံးဝပျက်စီးသွားပြီ ဖြစ်၏။ ဤအချက်သည်ပင် များစွာသော လူတို့အဖို့ တမလွန်ဘဝကို အယုံကြည်မရှိရန် အဓိကအကြောင်းဖြစ်၏။

ဒုတိယအချက်မှာ အကယ်၍ ဂျွန်စမစ် အသက်ရှင်နေသေးသည် ဆိုပါက သူ မည်သည့်အရပ်သို့ ရောက်နေသည်ဖြစ်စေ၊ ပုံစံအားဖြင့် အမေရိကန်ပြည်မှနေ၍ အင်္ဂလန်ပြည်ရှိ မိဘများထံသို့ တယ်လီဖုန်းဖြင့် ပြောသည်ဆိုစေ သူ မည်သို့နေထိုင်မည်ကို ကျွန်ုပ်တို့ စိတ်ကူးတွေးခေါ်နိုင်၏။ တမလွန်လောကရှိ သေသူဝိညာဉ်ကိုကား ကျွန်ုပ်တို့ မည်သို့မျှ စိတ်ကူးကြံစည်၍ မရအပ်ချေ။

နတ်ဝင်တို့နှင့် ပတ်သက်သော လေ့လာ တွေ့ရှိရချက်များအရဆိုသော် သူတို့နှင့် ဆက်သွယ်သည်ဆိုသော တမလွန်ဘုံသားများ၌ အမှတ်သညာ ရှိကြောင်းကိုသာလျှင် ကျွန်ုပ်တို့ အသေအချာ သိရ၏။ ကြံစည်အားထုတ်မှုမှာ အော်တိုမက်တစ် ပဟေဠိစာပေ ဖန်တီးသည်ဆိုသော ကွယ်လွန်သူ စိတ်ဝိညာဉ် သုတေသီအချို့မှတစ်ပါး မည်သည့် တမလွန်ဘုံသား၌မျှ မတွေ့ရချေ။ သို့ရာတွင် သက်ရှိသတ္တဝါတစ်ဦး ဘဝသည် အမှတ်သညာအပြင် ကိုယ်ခန္ဓာရှိခြင်း၊ ခံစားခြင်း၊ ကြံစည်အားထုတ်ခြင်းစသော စေတသိက်များဖြင့် ထင်ရှားပေရာ ထိုစေတသိက်များကင်းသော (အကယ်၍ မကင်းလျှင်လည်း အထင်အရှား မတွေ့ရသော) အခြေအနေကို ဘဝသစ်ဖြစ်မှုဟု ခေါ်ဆိုနိုင်ပါမည်လော။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ကျွန်ုပ်တို့ အလေးအနက် စဉ်းစားရန်အချက် ဖြစ်၏။ သုတေသီဆရာတို့၏ လေ့လာတွေ့ရှိချက်များသည် လူသေလျှင် ဘဝပြတ်တောက်သည်ဆိုသော ရုပ်ဝါဒကို ငြင်းဆိုရန် ခိုင်မာသော အထောက်အထားများဖြစ်သည် မှန်၏။ သို့ရာတွင် ထိုတွေ့ရှိချက်များအရ လူသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဟု ယူဆနိုင်ပါသလော။ သို့တည်းမဟုတ် နာမ်တရား၏ တစ်စုံတစ်ခုသော အစိတ်အပိုင်း (ဝါ) စေတသိက် ကျန်ရှိသည်ဟုသာလျှင် ယူဆရမည် ဖြစ်ပါသလောဟု စဉ်းစားရန်ရှိ၏။

ဤနေရာ၌ ဗြိတိသျှ ဒဿနဗေဒပညာရှင် ဗရော့၏တင်ပြချက်ကို ဖော်ပြပါအံ့။

"ပုဂ္ဂိုလ်သတ္တဝါသေပြီးနောက် ဆက်လက်ရှိနေခြင်းနှင့် တစ်စုံတစ်ခု ကျန်ရှိနေခြင်းကို ကျွန်ုပ်တို့ ခွဲခြားနားလည်ရန် အရေးကြီး၏။ သေသောလူ တစ်ဦးတစ်ယောက်၏ နာမ်တရား ဆက်လက်တည်ရှိနေသည်ဟု ယူဆရန်အတွက် အထောက်အထားဖြစ်သည်ဆိုသော တွေ့ရှိချက်များမှာ နာမ်တရား၏ အစိတ်အပိုင်းတစ်ခုခု ကျန်ရှိနေခြင်းကိုသာ ပြသည်ဟု ကျွန်ုပ် တင်ပါသည်။ ဂျွန်၏နာမ်တရားသည် သူ သေပြီးသည့်နောက်၌ ဆက်လက်ရှိနေသည်ဟု ဆိုနိုင်ရန်မှာ သူ၏စိတ်အစဉ်သည် ဆက်လက်၍ ရှိနေရန်လို၏။ ထိုစိတ်အစဉ်သည် သူသေပြီးနောက် ကြုံတွေ့ရမှုများ ဖြစ်ရပေမည်။ ၎င်းတွင် ခံစားရမှု၊ သိမှု၊ စေ့ဆော်မှု၊ မျှော်မှန်းမှု၊ အားထုတ်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှုများ ပါရှိရပေမည်။ ထို စိတ်အစဉ်သည် အတိတ်မှ အတွေ့အကြုံများ အပေါ်၌တည်၍ ဂျွန်သည် ဆက်လက်ရှိနေရန်အတွက် အတိတ်ကာလ အဖြစ်အပျက်များကို မှတ်မိရန်လို၏။ သို့ရာတွင် အမှတ်သညာရှိရုံနှင့် မပြီးချေ။ အမှတ်သညာသာလျှင်ရှိ၍ သိမှု၊ ခံစားမှု၊ အားထုတ်မှု စသော စေတသိက်များ ကင်းနေပါက သေဆုံးသော ဂျွန်သည် ဆက်လက်ရှိနေသည်ဟု မဆိုနိုင်ချေ။ ဂျွန်၏ နာမ်တရားမှ တစ်စုံတစ်ခုသော အပိုင်း (ဝါ) စေတသိက် ကျန်ရှိနေသေးသည်ဟုသာ ဆိုရပေလိမ့်မည်။

ပါမောက္ခဗရော့၏ အလိုအားဖြင့်ကား ထိုကျန်ရှိသော မူလစေတသိက်သည် ရုပ်တရားနှင့်ပေါင်းစပ်၍ သက်ရှိပုဂ္ဂိုလ်သတ္တဝါ၏ စိတ်သည် ထိုဓာတ်နှစ်ပါး ဖွဲ့စည်းထားမှုဖြစ်၏။ ဥပမာဆိုသော် ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်နှစ်ပါးကို ပေါင်းဖွဲ့ထားမှုဖြစ်၏။ ရေ၏ဂုဏ်သတ္တိကို ထိုဓာတ်အသီးသီး၌ ရှာ၍မရအပ်။ သို့ရာတွင် ရေသည် ထိုဓာတ်များအပေါ်တည်၍ ၎င်းတို့၏ ဖွဲ့စည်းမှုကို စွဲမှီ၍ ဖြစ်ပေါ်လာ၏။ ထိုနည်းအတူ နာမ်တရားသည် ထို မူလစေသိက်နှင့် ရုပ်နာမ်တရား ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော တရားဖြစ်၏။

လူ၏ရုပ်တရား ပျက်စီးသောအခါ မူလစေတသိက်သည် ချုပ်ငြိမ်းမသွားဘဲ ကာလအတန်ကြာ ဆက်လက်ကျန်ရှိနေမည်ဖြစ်၏။ ၎င်းသည် နာမ်တရားမဟုတ်သဖြင့် နာမ်တရား၏ ဂုဏ်လက္ခဏာ အပြည့်အစုံ ရှိမည်မဟုတ်။ နတ်ဝင်၏ ကိုယ်ခန္ဓာနှင့် ခေတ္တဆုံစည်းသောအခါမှသာ နာမ်တရားအဖြစ်ဖြင့် သက်ဝင်လှုပ်ရှားလာခြင်း ဖြစ်သည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအဆို မည်မျှမှန်ကန်သည်ကို ကျွန်ုပ်တို့ အသေအချာ မပြောနိုင်ချေ။ မည်သို့ပင်ဖြစ်စေ စိတ်ဝိညာဉ်သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များအရ တမလွန်ဘဝရှိသည်မှန်ပါက ထိုဘဝသည် သေသူ၏ နာမ်ခန္ဓာတစ်ခုလုံးနှင့် မဆိုင်ဘဲ နာမ်ခန္ဓာ၏ အစိတ်အပိုင်းသာလျှင် ဖြစ်သည်ဟု ယူဆရန်ရှိ၏။

ထို့အပြင် သိပ္ပံနည်းကျ စူးစမ်းလေ့လာသော ပုဂ္ဂိုလ်၏ အမြင်အားဖြင့် လူသတ္တဝါအားလုံးသည် သေသည်၏အခြားမဲ့၌ ထိုတမလွန်ဘဝသို့ ရောက်ရှိသွားသည်ဟု သေချာတပ်အပ် မဆိုနိုင်ချေ။ သေသူအားလုံး တမလွန်လောကသို့ ရောက်ရှိသွားသည်ဆိုပါက အမေရိကန်သူဌေး အချို့အကြောင်းကို ကြားဖူးသည်နှင့် အမေရိကန်နိုင်ငံသားတိုင်း ချမ်းသာကြွယ်ဝသည်ဟု ကောက်ချက်ချသကဲ့သို့ သိပ္ပံနည်းကျ ဆင်ခြင်စဉ်းစားမှုနှင့် ဆန့်ကျင်နေပေလိမ့်မည်။ စင်စစ် ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်၌ သေသူက သက်ရှိလူတစ်ဦးကိုပူး၍ (ဝါ) ဝတ်စီး၍ မိမိအကြောင်းကို ပြောသောအမှုများရှိ၏။ သို့ရာတွင် ထိုသို့ပြောသော သေသူများမှာ အသက်ဇီဝိန်ချုပ်သည်နှင့် တစ်ပြိုင်နက်နှောင် ဘာသတင်းမျှ မကြားရတော့ဘဲ စုပ်စ၊ မြုပ်စ လုံးဝပျောက်ကွယ်သွားသော ကမ္ဘာ့လူထုကြီးနှင့်စာသော် အရေအတွက်အားဖြင့် မပြောပလောက်ချေ။

တမလွန်လောက ရှိသည်မှန်ပါက ထိုသို့ မြောက်မြားလှစွာသော ကမ္ဘာ့လူသားများသည် အဘယ့်ကြောင့် သေသည်၏အခြားမဲ့၌ စုပ်စ၊ မြုပ်စ ပျောက်ကွယ်သွားကြပါသနည်းဟု စဉ်းစားရန်ရှိ၏။ သေသူ့ဝိညာဉ်က သက်ရှိလူများအား မိမိပြောလိုသမျှကို ပြောပြရန် ခက်ခဲသည်ဆိုသော ကွယ်လွန်သူ သုတေသီဆရာမယော၏ စကားကို အထက်က ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် ထိုစကားမှာ မိမိစိတ်ဆန္ဒရှိသလောက် စုံစုံစေ့စေ့ ပြောပြရန် ခက်ခဲမှုကို ဆိုလိုဟန်ရှိ၍ စင်စစ် တမလွန်လောကသို့ မိမိရောက်ရှိနေကြောင်း စကားတစ်ခွန်း၊ နှစ်ခွန်းဖြင့် ကျန်ရစ်သူများအား အသိပေးရန် ခက်ခဲစရာ အကြောင်းမရှိချေ။

သေသူများသည် တမလွန်လောက၌ ပျော်မွေ့၍ သက်ရှိလူများကို ပြောပြရန် မေ့လျော့နေသောကြောင့်၊ သို့မဟုတ် သက်ရှိလူများနှင့် ပြန်လည်ဆက်သွယ်ရန် အလိုဆန္ဒလုံးဝမရှိသောကြောင့် သူတို့အကြောင်း ကျွန်ုပ်တို့ ဘာမျှမသိရခြင်း ဖြစ်သည်ဟု အချို့က ဆိုကြပေလိမ့်မည်။ သေခါနီး အချို့လူနာများသည် မေ့မြောသွားရာမှ သတိပြန်လည်လာသောအခါ မိမိတို့ တွေ့ကြုံခံစားရမှု၏ သာယာနှစ်သက်ဖွယ်ကောင်းပုံကို ပြန်ပြောတတ်ကြကြောင်း သုတေသီဆရာတို့၏ လေ့လာချက်အရ သိရှိရ၏။ သို့ရာတွင် စဉ်းစားရန်ရှိသည်ကား လူတို့သည် များသောအားဖြင့် ငြိမ်းချမ်းစွာ ဇီဝိန်မချုပ်ကြချေ။ မကျေနပ်မှု၊ အလိုမပြည့်မှု၊ ပူပန်ကြောင့်ကြမှု၊ အလုပ်အကိုင်၊ ပစ္စည်းဥစ္စာ၊ သားသမီး စသည်တို့အား တွယ်တာစွဲလမ်းမှု စသည်တို့ဖြင့် သေကြရသည်က များ၏။ ဤသို့ စိတ်မငြိမ်းချမ်းဘဲ သံယောဇဉ်တန်းလန်းနှင့် သေကြရသူများသည် ဆိုင်ရာသက်ရှိပုဂ္ဂိုလ်များနှင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်လိုကြမည် ဖြစ်ပါလျက် ထိုဆက်သွယ်မှုများ အလွန်နည်းပါးခြင်းသည် အံ့သြဖွယ်ရာဖြစ်၏။

မည်သို့ဖြစ်စေ အချို့သော သေသူ့ဝိညာဉ်များက သက်ရှိလူများကို ဝင်ပူး၍ ပြောဆိုမှု၊ တစ္ဆေအဖြစ် ကိုယ်ထင်ပြမှုများကို ထောက်ပြ၍ လူသတ္တဝါတိုင်းသည် သေလျှင် တမလွန်ဘဝသို့ ရောက်ရှိသွားသည်ဟု လူအများ ယုံကြည်ကြ၏။ ဤသို့ "အချို့"မှ "အားလုံး"သို့ ခုန်ကျော်၍ တွေးခေါ်လေ့ရှိခြင်းမှာ သာမန်လူများအဖို့ မဆန်းသော်လည်း သိပ္ပံနည်းကျ ဆင်ခြင်သုံးသပ်သော ပုဂ္ဂိုလ်အနေဖြင့် ရှောင်ကြဉ်ရပေလိမ့်မည်။

အချို့သော သေသူများ တမလွန်ဘဝသို့ ရောက်ရှိသွားသည်ဟု ယူဆရန်အတွက် ပင်လျှင် အထက်ပါ နတ်ဝင်များနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များသည် အထောက်အထားမှုသာဖြစ်ကြောင်း သတိပြုသင့်ပေ၏။ အထက်က တင်ပြခဲ့သော လေယာဉ်ပျက်ကျကြရာ၌ ပါသွားသော ဂျွန်စမစ် ဥပမာ၌ တစ်စုံတစ်ယောက်က တယ်လီဖုန်းဖြင့် မိမိသည် ဂျွန်စမစ် အသက်ရှင်လျက် ရှိသည်ဟုဆိုခြင်းမှာ မသေသေးဟု ယူဆရန်အတွက် အထောက်အထားတစ်ခုမျှသာဖြစ်ရာ ထိုယူဆချက် ခိုင်မာရန်အတွက် ဆက်လက်စုံစမ်းရပေလိမ့်မည်။ ထို့အတူ တမလွန်ဘဝ ပြဿနာများကို လေ့လာရာ၌ အထက်ကဖော်ပြခဲ့သော တွေ့ရှိချက်များနှင့်မပြီးဘဲ အခြား အထောက်အထားများကို ရှာဖွေလေ့လာရပေလိမ့်မည်။

❏



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

# လူသေ လူဝင်စား

အရှေ့တိုင်းသားတို့သည် တစ္ဆေ၊ နတ် စသည်တို့၏ တမလွန်လောကကို ယုံကြည်သည့်အပြင် အများအားဖြင့် လူသေလျှင် လူဝင်စားဖြစ်သည်ဟု ယုံကြည်ကြ၏။ အနောက်တိုင်းသားတို့မှာမူ ရှေးအခါက လူသေလူဝင်စားဖြစ်သည် ဆိုခြင်းကို လက်မခံခဲ့ကြချေ။ သို့ဖြစ်၍ ဗြိတိသျှ စိတ်ဝိညာဉ် သုတေသနအသင်းသည်ပင် တမလွန်လောက ပြဿနာကိုသာ စူးစမ်းလေ့လာ၍ လူသေလူဝင်စားဖြစ်မှု ပြဿနာကို ဂရုမပြုခဲ့ကြချေ။ ယခုအခါ၌မူ ဤအယူသည် အရှေ့တိုင်း ဘာသာရေးတရားများနှင့်အတူ အနောက်နိုင်ငံများသို့ ပျံ့နှံ့၍ လက်ခံယုံကြည်သော အနောက်တိုင်းသား အတော်များများရှိ၏။

စင်စစ် ရှေးအခါက အနောက်နိုင်ငံများတွင် လူသေလူဝင်စားမှုအယူကို လူထုက လက်မခံသော်လည်း စိတ်ဝင်စားသော အသိပညာရှင်များမှာ မနည်းလှချေ။ ရှေးဂရိပညာရှင် ပိုင်သာဂိုရပ်စ်[၁]ကမူ လူများသေလျှင် တစ်ခါတစ်ရံ လူဝင်စားဖြစ်၍ တစ်ခါတစ်ရံ တိရစ္ဆာန်ဖြစ်သွားသည်ဟု ဟောပြောခဲ့၏။ ဂရိဒဿနဗေဒဆရာကြီး ပလေတိုကလည်း လူသည် သေလျှင် တိရစ္ဆာန်အဖြစ်သို့၊ လျှောကျသွားနိုင်သည်။ လူဝင်စားဖြစ်သော သူတို့မှာမူ မိမိတို့၏ ကိုယ်ကျင့်တရား၊ အသိပညာ၊ အဆင့်အတန်းနှင့် လျော်ညီသောဘဝမျိုး၌ ဖြစ်ကြရသည် ဆို၏။

အရာရာကို သံသယဖြင့် စဉ်းစားတွေးခေါ်တတ်သော နာမည်ကျော် ဗြိတိသျှ ဒဿနဆရာ ဒေးဗစ်ဟျူမ်(မ်)[၂]ကမူ အတ္တဝိညာဉ် ထာဝရတည်မြဲမှုကို ယုံကြည်သောသူတို့၏အကြောင်းပြချက်များ မခိုင်လုံပုံကို ထောက်ပြပြီးလျှင် ဒဿနဗေဒပညာရှင်များ လက်ခံစဉ်းစားသင့်သော တမလွန်ဘဝအယူမှာ လူသေလူဝင်စားဖြစ်မှု အယူတစ်ခုတည်းဖြစ်သည်ဟု ရေးသားခဲ့ပေသည်။

---

၁။ Pythagoras

၂။ David Hume



www.burmeseclassic.com

www.burmeseclassic.com



ဤအယူကို လက်ခံယုံကြည်သော အသိပညာရှင်များအနက် အထူးထင်ရှားသော ပုဂ္ဂိုလ်မှာ ဂျာမန်ဒဿနဆရာ ရှိုပင်ဟွာ[၁]ဖြစ်၏။ ရှိုပင်ဟွာ၏ အလိုအားဖြင့် လူသေပြီး နောက် ဘဝသစ်တစ်ဖန် ဖြစ်သောတရားမှာ ရုပ်နာမ်တရားမဟုတ်ဘဲ ဘဝတဏှာသာလျှင် ဖြစ်၏။ လူသတ္တဝါ၏ မူလဘူတဓာတ်မှာ ဘဝတဏှာဖြစ်၍ ဤဘဝတဏှာသည် ဘယ် အခါမျှ ပျက်စီးခြင်းမရှိ၊ ရုပ်နာမ်တရား လုံးဝပျက်စီးသော်လည်းကောင်း (ဘဝတဏှာ) သည် တည်မြဲ၍ လူပြန်ဖြစ်ရသည် ဆို၏။

အထက်ပါ ပညာရှင်များအပြင် လူသေလူဝင်စား ဖြစ်မှုအယူကို စိတ်ဝင်စားသော၊ သို့မဟုတ် လက်ခံယုံကြည်သော အခြား အနောက်တိုင်းပညာရှင်များ ရှိသေး၏။[၂] ဤ အယူကို လက်ခံစဉ်းစားသော ပညာရှင်တို့သည် တစ်ဦးနှင့်တစ်ဦး အမြင်မတူကြချေ။ ထို့အတူ ယနေ့ ကမ္ဘာ့လူသားများသည် လူသေလူဝင်စား ဖြစ်မှုအယူနှင့် ပတ်သက်၍ ခံယူချက် ကွဲပြားခြားနား၏။ အချို့က လူသေလျှင် တိရစ္ဆာန်ဘုံသို့ ရောက်ရှိနိုင်သည်ဟု ယူဆ၍ အချို့ကမူ လူသည် တစ်စုံတစ်ခုသော အဆင့်အတန်းသို့ ရောက်ရှိနေပါက သေသောအခါ တိရစ္ဆာန်ဘဝသို့ ကျဆင်းရန် အကြောင်းမရှိဟု ယုံကြည်ကြသည်။ အချို့က လူသေလျှင် မိန်းမတစ်ဦး၏ဝမ်း၌ ချက်ချင်းဝင်စားသည်ဟု ခံယူ၍ အချို့ကမူ သေပြီးနောက် နှစ်ပေါင်း ရာထောင်မကကြာမှ လူဝင်စားဖြစ်သည် ဆို၏။ အချို့က လူဝင်စားဖြစ်သောအခါ အတိတ်ဘဝက ပြုခဲ့သောအမှုများ၏ ကောင်းကျိုးဆိုးပြစ်ကို ခံယူရသည်ဟု ယုံကြည်၍ အချို့ကမူ လူသေလူဝင်စားဖြစ်သည်ဟု ခံယူသော်လည်း အတိတ်ဘဝက အမှုများ၏ အကျိုးပေးမှုကို မယုံကြည်ကြချေ။

လူသေလူဝင်စား ဖြစ်မှုအယူကို ယခုခေတ် အချို့ အနောက်တိုင်းသားများ နှစ်သက်ကြခြင်းမှာ တမလွန်ဘဝနှင့် ပတ်သက်သော အယူဝါဒအမျိုးမျိုး ရှိကြသည့် အနက် ဤအယူက နားလည်သဘောပေါက်ရန် လွယ်ကူသောကြောင့် ဖြစ်၏။ လူသေလျှင် ကောင်းကင်ဘုံ၌ မအိုမနာမသေဘဲ အမြဲထာဝရ ခံစားနေရမည်ဆိုသော အယူမှာ အပေါ်ယံ အားဖြင့် နှစ်သက်ဖွယ်ဖြစ်သော်လည်း အချို့ကမူ ဘဝင်မကျဘဲ ထိုဘုံ၌ မည်သို့ အချိန် ကုန်လွန်ရပါမည်နည်း။ ဘာမျှမလုပ်ဘဲ ထာဝရ အသက်ရှင်နေခြင်းသည် ပျင်းရိငြီးငွေ့ ဖွယ်ရာဖြစ်နေမည် မဟုတ်ပါလော စသည်ဖြင့် စောကြောဝေဖန်လိုကြ၏။ နတ်ပြည် ဗြဟ္မာ့ပြည် စသည်တို့မှာလည်း မည်သို့သော ဘုံဌာနများ ဖြစ်သည်ဟု စိတ်ကူးကြည့်ရန် မလွယ်ကူချေ။ လွန်ခဲ့သောအခန်းများ၌ ဖော်ပြခဲ့သော ဝိညာဉ်လောကမှာလည်း ရုပ်မရှိဘဲ ဝိညာဉ်ချည်း မည်သို့ အသက်ရှင်နေသည်ကို နားလည်ရန် ခဲယဉ်း၏။ လူသေလူဝင်စား ဖြစ်သည်ဆိုသည်ကား အယုံအကြည်မရှိသည့်တိုင် နားလည်သဘောပေါက်ရန် အခက်အခဲ မရှိချေ။

---

၁။ Schopenhauer

၂။ Kant, Fichte, Plotinus, Ongen, Teuouvier, Mctaggart, James Ward, etc



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ လူသေလူဝင်စား ဖြစ်မှုအယူကို လက်ခံသောလူများ ရှိသည်နှင့်အမျှ လက်မခံသောသူများလည်းရှိပေရာ ထိုအယူကို စူးစမ်းလေ့လာသော သုတေသီဆရာတို့၏ တွေ့ရှိရချက်များကို မဖော်ပြမီ လက်တွေ့မစူးစမ်းဘဲ တွေးခေါ်သုံးသပ်ခြင်းဖြင့် လက်ခံသောသူ၊ လက်မခံသောသူတို့၏ အကြောင်းပြချက်များကို စဉ်းစားရန်ရှိ၏။ ရှေးဦးစွာ လက်မခံလိုသောသူတို့၏ အဆိုများကို တင်ပြပါအံ့။

ပထမအဆိုမှာ အတိတ်ဘဝကို မှတ်မိသည်ဆိုသောသူများ အလွန်နည်း၍ လုံးဝ မမှတ်မိသောလူများမှာ ဒုနှင့်ဒေးရှိ၏။ သို့ဖြစ်၍ ၉၉ ရာခိုင်နှုန်းမျှဖြစ်သော ကမ္ဘာ့လူသားတို့က မမှတ်မိသော အတိတ်ဘဝသည် ဧကန်မရှိဘဲ အထင်မှားမှုသာ ဖြစ်ရမည်ဆို၏။ ဤသည်မှာ လူအများစု မတွေ့ကြုံဖူးသောအရာကို ငြင်းဆိုခြင်းဖြစ်၍ ဤအဆိုမှန်ပါက လောက၌ လူအနည်းငယ်သာလျှင် သိရှိနားလည်သော အနုပညာနှင့် တရားဓမ္မ၏ အနှစ်သာရများသည် အချည်းနှီး ဖြစ်ရပေတော့မည်။ စင်စစ် လုံးဝမမှတ်မိသောအရာသည် ဒိဋ္ဌဓမ္မမဟုတ်ဟု ဆိုပါက လူတစ်ဦး၏ နို့စို့သူငယ်ဘဝသည် အိပ်မက်မျှသာ ဖြစ်ပေလိမ့်မည်။ မျက်မှောက်ဘဝ၌ပင် ကျွန်ုပ်တို့ မှတ်မိသောအရာများမှာ လုံးဝ မေ့ပျောက်နေပြီဖြစ်သော အရာများနှင့်စာသော် အလွန်နည်းပါးလှကြောင်း သတိပြုသင့်ပေ၏။

A သည် သေပြီးနောက် B ဖြစ်လာသည် ဆိုပါစို့။ B သည် အတိတ်ဘဝက A ၏ အကြောင်းကို လုံးဝမမှတ်မိပါက A သေပြီး လူပြန်ဖြစ်သည်ဟု ဆိုရမည်မဟုတ်ပါလောဟု အချို့က စောဒကတက်ကြ၏။ အမှတ်သညာသည် မိမိ မည်သူမည်ဝါ ဖြစ်သည်ဟူသော ငါစွဲ အတ္တဒိဋ္ဌိအတွက် အရေးပါသော အခြေခံ စေတသိက်တရား ဖြစ်သည်မှန်၏။ သို့ရာတွင် ယင်းတစ်ခုတည်း မရှိကာမျှနှင့် ဘဝပြတ်တောက် သွားသည်ဟု မထင်မှတ်သင့်ချေ။ ဦးနှောက်၌ ထိခိုက်ဒဏ်ရာ ရရှိသောကြောင့် သော်လည်းကောင်း၊ စိတ္တရောဂါကြောင့် သော်လည်းကောင်း၊ အမှတ်သညာပျက်ပြား၍ ဘဝကို လုံးဝမေ့သွားသော[1] အချို့လူများ ရှိပေရာ ထိုသူတို့သည် ဘဝပြောင်းလဲသွားသလို ဖြစ်သော်လည်း အခြားပုဂ္ဂိုလ်သတ္တဝါ ဖြစ်သွားသည်ဟု မဆိုနိုင်ချေ။

စင်စစ် လောက၌ မည်သည့် သက်ရှိသက်မဲ့မျှ မတည်မြဲဘဲ အစဉ်ထာဝရ ပြောင်းလဲလျက်ရှိလေရာ ဤမမြဲမှု အနိစ္စသဘောတရားနှင့်အညီ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ရုပ်ခန္ဓာတို့သည် အမြဲ အသစ်အသစ်ဖြစ်နေခြင်း (ဝါ) ခန္ဓာဟောင်းနှင့် ခန္ဓာသစ်တို့၏ အကြောင်းအကျိုး ဆက်စပ်မှုမှတစ်ပါး အခြားဆက်စပ်မှုမရှိဘဲ တခြားစီဖြစ်နေခြင်းကို သတိပြုသင့်ပေ၏။ ပုဂ္ဂိုလ်တစ်ဦး၏ ကလေးသူငယ်ဘဝနှင့် လူကြီးဘဝ၊ လူကြီးဘဝနှင့် လူအိုဘဝသည် သိသိသာသာ ခြားနား၍ လူငယ်မောင်ဘ၊ လူရွယ်ကိုဘနှင့် အဘိုးအို ဦးဘတို့သည် ရုပ်နာမ်တရား နှစ်ပါးအားဖြင့် ပုဂ္ဂိုလ်တစ်ဦးစီ ဖြစ်ကြ၏။ လောက

---

၁။ Amnesia



www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရအားဖြင့်မူ တစ်ဦးတည်းသော ပုဂ္ဂိုလ်၏ ဘဝဖြစ်စဉ်ပြောင်းလဲမှုဟု ခေါ်ဆိုရ၏။ ထိုနည်းအတူ Aသေပြီးနောက် Bဖြစ်ပေါ်လာငြားအံ့။ Aနှင့်B သည် ပုဂ္ဂိုလ်တစ်ဦးစီ ဖြစ်သော်လည်း ဘဝဖြစ်စဉ် ဆက်စပ်မှုရှိပါက Aသေ၍ လူဝင်စားဖြစ်သည်ဟု မဆိုနိုင်စရာ အကြောင်းမရှိချေ။

အချို့ကမူ လူသတ္တဝါ အသီးသီးသည် အသိအလိမ္မာပညာကို အောက်ခြေမှစ၍ ဆည်းပူးကြရသည်။ အတိတ်ဘဝရှိသည်မှန်ပါက ထိုအတိတ်ဘဝက အားထုတ်ဆည်းပူးခဲ့သော အသိအလိမ္မာပညာသည် အဘယ်ကြောင့် အချည်းနှီး ဖြစ်သွားရပါသနည်း။ ယခုဘဝသို့ပါလာ၍ ကြီးပွားတိုးတက်မှုအတွက် အထောက်အကူဖြစ်သင့်သည် မဟုတ်ပါလောဟု ဆိုကြ၏။ ဤသည်မှာ လူ့ဘဝသည် အမြဲ တိုးတက်နေသည်ဟု ဆိုလိုရာရောက်၍ သဘာဝယုတ္တိ မရှိချေ။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ခါတစ်ရံ မတိုးတက်သည့်အပြင် ကာယအား၊ ဉာဏအား ဆုတ်ယုတ်သွားခြင်းမှာ ကျွန်ုပ်တို့မျက်မြင် အထင်အရှားဖြစ်၏။ ဘဝဟောင်းမှ အသိအလိမ္မာပညာများ အားလုံး အချည်းနှီးဖြစ်သွားသည် ဆိုခြင်းမှာလည်း မမှန်ချေ။ လူဝင်စားများကို လေ့လာတွေ့ရှိချက်များအရ စရိုက်ဝါသနာများသည် တစ်ဘဝမှတစ်ဘဝသို့ လိုက်ပါသွားတတ်ကြောင်း သိရ၏။ ဤအကြောင်းကို ရှေ့အခန်းများတွင် ဖော်ပြပါအံ့။

လူသေလူဝင်စား ဖြစ်မှုအယူကို လက်မခံလိုသောသူတို့၏ အခြား အကြောင်းပြချက်မှာ ကမ္ဘာ့လူဦးရေနှင့် ပတ်သက်သော အချက်ဖြစ်၏။ လူသေလူဝင်စား ဖြစ်သည်မှန်ပါက အဘယ့်ကြောင့် ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ကြောက်ဖွယ်လိလိတိုးနေပါသနည်း။ သိသိသာသာ တိုးခြင်းလျော့ခြင်းမရှိဘဲ တည်ငြိမ်နေရမည် မဟုတ်ပါလောဟု ဆိုကြ၏။ ဤအဆိုကား သိပ္ပံနည်းကျကျ ပြန်လည်ချေပရန် မလွယ်ကူချေ။ အသိဉာဏ်အဆင့်အတန်းမြင့်သော တိရစ္ဆာန်များက လူဝင်စားဖြစ်လာကြသည်။ သို့မဟုတ် အင်္ဂါဂြိုဟ်သားနှင့် အခြားဘုံသတ္တဝါများက လူ့ပြည်သို့ ရောက်ရှိလာကြခြင်းဖြစ်သည် စသော အတွေးအခေါ်များဖြင့်သာ ဖြေရှင်းရပေလိမ့်မည်။

လူသေလူဝင်စားဖြစ်သည်ဟု ယုံကြည်သောသူတို့၏ အဆိုများကို ယခု စဉ်းစားရန်ရှိ၏။

လူသတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦးမတူဘဲ အချို့မှာ အသက်ရှည်၍ အချို့မှာ အသက်တိုသည်။ အချို့မှာ ရုပ်လှ၍ အချို့မှာ အရုပ်ဆိုးသည်။ အချို့မှာ ချမ်းသာ၍ အချို့မှာ ဆင်းရဲသည်။ ဤသို့ လူတို့ ကွဲပြားခြားနားမှုသည် အတိတ်ဘဝက ပြုခဲ့သော အမှုများ၏ အကျိုးတရားများ ဖြစ်ရမည်ဆို၏။ ဤအဆိုနှင့် ပတ်သက်၍ အခန်း(၁)၌ အနည်းငယ် ရေးသားခဲ့ပေပြီ။ ဤအဆိုမှာ လူတို့သည် မိမိတို့ပြုသော အမှုများအတွက် ဆီလျော်သော ကောင်းကျိုးဆိုးပြစ်ကို ခံယူကြရန် အနန္တတန်ခိုးရှင်၊ သို့မဟုတ် သဘာဝတရားက စီမံပြဋ္ဌာန်းထားသည်ဟူသော ခံယူချက်နှင့် ဆက်စပ်နေသောကြောင့် သိပ္ပံသုတေသီတို့က စဉ်းစားလိမ့်မည် မဟုတ်ချေ။ လူတစ်ဦးနှင့်တစ်ဦး မတူမှုသည် စီးပွားရေး၊



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး၊ မျိုးရိုးဗီဇစသော အကြောင်းတရားများ၌ အရင်းခံ၍ ထို မျက်မြင်ဒိဋ္ဌမေမ္မများကိုသာ စဉ်းစားကြပေမည်။ စင်စစ် လူတစ်ဦးပြုသော အမှုများ၏ တမလွန်အကျိုးပေးမှုမှုချရှိသည်ဆိုစေ၊ ထိုသို့ရှိသောကြောင့် လူသေလူဝင်စား ဖြစ်ရမည်ဟု မဆိုနိုင်ချေ။ လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သော တမလွန်လောက (ဝါ) ဝိညာဉ်လောက၌ သော်လည်းကောင်း၊ လူတို့ယုံကြည်သော နတ်ပြည်၊ ငရဲပြည်၌ သော်လည်းကောင်း အကျိုးပေးမှုဖြစ်နိုင်ပေသည်။

သို့ရာတွင် လူသတ္တဝါတို့သည် အချို့နေရာများ၌ မွေးစကပင် တစ်ဦးနှင့်တစ်ဦး မတူကြောင်း ကလေးသူငယ်များ၌ ထင်ရှား၏။ တစ်အူထုံ့ဆင်း ညီအစ်ကို၊ ညီအစ်မ အရင်းဖြစ်၍ ပတ်ဝန်းကျင်နှင့် ဘဝအခြေအနေ တူသော်လည်း စိတ်နေသဘောထား၊ စရိုက်ဝါသနာအားဖြင့် သိသိသာသာ ကွဲပြားခြားနားကြ၏။ အချို့မှာ ငယ်စဉ်က စရိုက်ကြမ်းတမ်း၍ အချို့မှာ သိမ်မွေ့၏။ အချို့မှာ ဉာဏ်ထုံထိုင်း၍ အချို့မှာ ဉာဏ်ထက်မြက်၏။ ဤပတ်ဝန်းကျင်နှင့် မဆိုင်သော ကွဲပြားခြားနားမှုများသည် ဗီဇကြောင့်ဖြစ်သည်ဟု ပညာရှင်အများက ယူဆကြသော်လည်း မည်သို့မည်ပုံ ဗီဇက ပြုပြင်ဖန်တီးကြောင်း စေ့စေ့ချာချာ ရှင်းမပြနိုင်ကြချေ။ သို့ဖြစ်၍ ထိုပင်ကိုသဘောပါ ခြားနားမှုများသည် တစ်စိတ်တစ်ဒေသအားဖြင့် အတိတ်ဘဝနှင့် ဆက်စပ်နေသည်ဟု ယူဆရန်ရှိ၏။

လူသေလူဝင်စား ဖြစ်မှုအယူအတွက် အထောက်အထားဖြစ်ဟန်ရှိသော အချို့လူတို့၏ တွေ့ကြုံခံစားမှု တစ်မျိုးရှိ၏။ ၎င်းတို့မှာ တစ်စုံတစ်ခုသောနေရာသို့ ပထမအကြိမ် ရောက်သွားသောအခါ ထိုနေရာသို့ ရှေးအခါက မိမိရောက်ဖူးပြီးဖြစ်သလို၊ ထင်မှတ်ခြင်း၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ပထမအကြိမ် တွေ့မြင်သောအခါ ထိုသူကို ရှေးယခင်က တွေ့မြင်ဖူးသလို၊ စိတ်၌ဖြစ်ပေါ်ခြင်းမျိုး ဖြစ်၏။[၁] စိတ်ပညာရှင်တို့ကမူ ဤသို့ထင်မှတ်ခြင်းမှာ အတိတ်ဘဝနှင့် ဘာမျှမဆိုင်ဘဲ ရှေးက မိမိရောက်ဖူးသောနေရာ၊ သို့မဟုတ် ပုဂ္ဂိုလ်နှင့်တူ၍ ထိုနေရာ၊ ထိုပုဂ္ဂိုလ်ကိုလည်း လုံးဝမေ့ပျောက်နေပြီဖြစ်သောကြောင့် စိတ်ကလှည့်စားခြင်း ဖြစ်သည်ဆို၏။

လူတို့၏ အခြားဆန်းကြယ်သော အတွေ့အကြုံများသည်လည်း အတိတ်ဘဝနှင့် ဆက်စပ်မှုမရှိဘဲ ပရဝိညာဉ်(ဝါ)တယ်လီပသီ စွမ်းအင်လက္ခဏာ ဖြစ်ဟန်ရှိ၏။ ပရဝိညာဉ်သည် အနာဂတ်နှင့်အတိတ်ကို အံ့ဖွယ်လိလိ ထိုးဖောက်မြင်စွမ်းနိုင်ကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ သို့ဖြစ်၍ လူတစ်ဦးသည် ရှေးက မိမိမရောက်ဖူးသော မြို့တစ်မြို့သို့ ရောက်သွားပြီးနောက် ဤလမ်းအတိုင်း လျှောက်သွားပါလျှင် လမ်းထောင့်တစ်ခု၌ စာသင်ကျောင်းတစ်ခုကို တွေ့ရမည်။ လက်ဝဲဘက်သို့ချိုး၍ အတန်ငယ် ဆက်လျှောက်သွားလျှင် တိုက်တစ်တိုက်ကို တွေ့ရမည်။ တိုက်ရှေ့၌ ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ညောင်ပင်အောက်၌ ကလေးများ ကစားနေကြသည်။ တိုက်ထဲမှ အသားဖြူဖြူဝဝ မိန်းမကြီး

---

၁။ ဤခံစားမှုမျိုးကို deja vu ဟု ပြင်သစ်ဘာသာဖြင့် ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထွက်လာလိမ့်မည်ဟု စိတ်ထဲ၌ မြင်ယောင်လာသဖြင့် မည်သူ့ကိုမျှ စုံစမ်းမေးမြန်းမနေဘဲ လျှောက်သွားရာ မိမိထင်သည့်အတိုင်း တစ်သဝေမတိမ်း တွေ့ကြုံရပြီးအံ့၊ ဤဆန်းကြယ်သော တွေ့ကြုံမှုမှာ အတိတ်ဘဝက ထိုမြို့၌ မိမိနေထိုင်ခဲ့သောကြောင့် ဖြစ်သည်ဟု ယူဆရန် မလိုချေ။ အနာဂတ်ကိုမြင်နိုင်သော ပရဝိဉာဉ်၏ စွမ်းအင်လက္ခဏာမျှသာ ဖြစ်နေပေလိမ့်မည်။

ထိုနည်းအတူ မိမိမမွေးမီ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်က လူတစ်ဦး၏ အဖြစ်အပျက်ကို ရုတ်တရက် ထင်မြင်လာ၍ နောက်မှစုံစမ်းကြည့်ရာ ထင်မြင်သည့်အတိုင်း မှန်ကန်နေပါက ထိုသိမြင်မှုသည် မိမိ၏ အတိတ်ဘဝကို မှတ်မိမှုမဟုတ်ဘဲ အတိတ်ကိုမြင်နေသော ပရဝိဉာဉ်၏ စွမ်းအင်လက္ခဏာ ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ဤသို့သော အတိတ်၊ အနာဂတ် သိမြင်မှုအားလုံးသည် ပရဝိဉာဉ်ကြောင့် ဖြစ်သည်ဟု စွဲမှတ်မထားသင့်ချေ။ ထိုသိမြင်မှုမျိုးသည် အတိတ်ဘဝ မှတ်မိမှု၏ လက္ခဏာခြင်းရာများနှင့် ရောထွေးနေတတ်ပုံကို ရှေ့အခန်းများတွင် ဖော်ပြပါအံ့။

လူသေလူဝင်စားဖြစ်ခြင်းကို သိပ္ပံနည်းကျလေ့လာရာ၌ အထက်ပါ အတွေးအခေါ် ထင်မြင်ယူဆချက်များနှင့် မပြီးဘဲ ဒိဋ္ဌမေ့ကို ဦးစားပေးရပေမည်။ ဒိဋ္ဌမေ့ဆိုရာ၌ အတိတ်ဘဝနှင့် ပတ်သက်သော မှတ်မိချက်များ မှန်ကန်မှုအပြင် သတိပြုရမည့် အခြားလက္ခဏာခြင်းရာများလည်း ရှိသေး၏။ ဤအယူအဆကို စိတ်ဝိဉာဉ် သုတေသီဆရာတို့ စနစ်တကျ မလေ့လာမီ ရှေးအခါက အတိတ်ဘဝကို မှတ်မိသည်ဆိုသော ပုဂ္ဂိုလ်များ အနောက်နိုင်ငံများ၌ ရှိခဲ့ကြ၏။ ထိုသူတို့၏ အတွေ့အကြုံများကို အားလုံးစိတ်လှည့်စားမှု၊ ဉပါဒါန် စွဲလမ်းမှု၊ သို့မဟုတ် ပရဝိဉာဉ်၏ လုပ်ဆောင်မှုဖြစ်သည်ဟု ပေါ့ပေါ့တန်တန် ပြောဆို၍ မရအပ်ချေ။

ဤနေရာ၌ နာမည်ကျော် အမေရိကန် စာရေးဆရာမ တေလာကာဝယ်[၁] ၏ ကိုယ်တွေ့ကို အကျဉ်းချုံး၍ ပုံစံအဖြစ် ပြဆိုပါအံ့။

တေလာကာဝယ်သည် ငယ်စဉ်က အင်္ဂလန်ပြည်၌ ကြီးပြင်းခဲ့ရာ လူဝင်စားမှု အကြောင်း ဘာမျှမသိသေးသော အသက်ခြောက်နှစ်၌ တစ်နေ့တွင် မိဘများနှင့်အတူ အိမ်တစ်အိမ်သို့ အလည်သွားကြ၏။ ထိုအိမ်၌ အသက် ၁၄ နှစ်အရွယ် မိန်းကလေး တစ်ဦး ဖတ်နေသော စာအုပ်တစ်အုပ်ကို အမှတ်မထင် တွေ့မြင်သည်နှင့် တေလာကာဝယ်က "ဒီစာအုပ်ဟာ ကျွန်မရေးခဲ့တဲ့ စာအုပ်တွေထဲမှာ ကျွန်မအကြိုက်ဆုံးပဲ"ဟု ဆို၏။ စာအုပ်မှာ ၁၉ ရာစုခေတ်က နာမည်ကျော် စာရေးဆရာမ ဂျော့အဲလီယော့၏ဝတ္ထုတစ်ပုဒ် ဖြစ်၏။[၂] ကာဝယ်သည် ထိုဝတ္ထုကို မဖတ်ဖူးသေး၊ သူတစ်ပါးပြောသံကိုလည်း မကြားဖူး

၁။ Mark Twain, Benjamin Franklin, Emerson, General George S, Patton, etc. Tavlor Caldwell

၂။ "Mill on the Floss." ဂျော့အဲလီယော့မှာ ကလောင်နာမည်ဖြစ်၍ နာမည်ရင်းမှာ Mary Ann Evans ဖြစ်သည်။

www.burmeseclassic.com



သော်လည်း ဓာတ်လမ်းကို ပြောပြနိုင်၏။ ဂျော့အဲလီယော့၏ဝတ္ထုများကို မဖတ်ဖူးမီကပင် သူသည် စာပေဝါသနာပါ၍ ဝတ္ထုတိုများ ရေးသားခဲ့ရာ သူ၏ဆရာမက သူ၏ အရေးအသားမှာ ဂျော့အဲလီယော့၏ ရေးဟန်နှင့်တူသည်ဟု ပြော၏။

တေလာကာဝယ်သည် မိမိ၏ အခြား အတိတ်ဘဝတစ်ခု အကြောင်းကိုလည်း မကြာခဏ အိပ်မက်မက်၏။ အိပ်မက်ထဲ၌ သူသည် ဥရောပအလယ်ခေတ်က အကျဉ်းထောင်တစ်ခုထဲသို့ ရောက်ရှိနေ၍ ဒိုမီနီကန်ဘုန်းကြီးတစ်ပါး အပါအဝင် လူသုံးယောက်က သူ့ကိုသတ်ရန် တံခါးဖွင့်နေစဉ် ပြတင်းပေါက်တစ်ခုမှ ခုန်ချလိုက်၍ အိပ်ရာမှ လန့်နိုးသွား၏။ သူသည် မိမိခင်ပွန်းနှင့်အတူ အီတလီနိုင်ငံ၊ ဖလော့ရင့်မြို့သို့ ပထမအကြိမ်သွားရောက်လည်ပတ်ရာ ထိုမြို့ရှိ လမ်းမကြီးများ၊ သွားလာနေသော လူအုပ်ကြီးများနှင့် မော်တော်ကားများနေရာတွင် ရှေးအဆောက်အအုံများ၊ တံတားများနှင့် ကျောက်ရုပ်များကို မြင်ယောင်လာ၏။ သူတို့တည်းခိုသောအိမ်မှ အိမ်ရှင်မြို့စားက ဖလောရင့်မြို့ သမိုင်းစာအုပ်ကို ထုတ်ပြရာ ထိုစာအုပ်၌ မိမိမျက်စိထဲတွင် မြင်ယောင်နေသော အဆောက်အအုံ တံတားနှင့် ကျောက်ရုပ်ပုံများကို အံ့ဩစွာ တွေ့ရ၏။ မြို့စားမှာ အင်္ဂလိပ်လိုမတတ်၊ အီတလီစကားကိုသာ ပြောတတ်၍ ကာဝယ်မှာ အီတလီစကားကို မတတ်သော်လည်း မြို့စားက အီတလီဘာသာဖြင့် မြို့သမိုင်းကို ပြောပြရာ သူကောင်းစွာ နားလည်နေကြောင်း တွေ့ရ၏။

ဤ အမေရိကန်စာရေးဆရာမ၏ အချို့သော ကိုယ်တွေ့(ရှေးအဆောက်အအုံများ အာရုံထင်လာမှု စသည်) များကို အချို့သုတေသီဆရာတို့က အတိတ်ကို မြင်ရသော ပရဝိညာဉ်စွမ်းအင်အဖြစ်ဖြင့် ရှင်းပြပေလိမ့်မည်။ သို့ရာတွင် ငယ်စဉ်ကပင် ဂျော့အဲလီယော့၏ ရေးဟန်အတိုင်း စာရေးသားခြင်း၊ သူ လုံးဝမတတ်သော အီတလီစကားကို နားလည်ခြင်းကို မည်သို့ ရှင်းပြပါမည်နည်း။ ထို့အပြင် ထူးခြားချက်မှာ ကာဝယ်သည် ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို လိုလားသူမဟုတ်ချေ။ ငယ်စဉ်ကပင် လူ့ဘုံကို ဒုက္ခဘုံအဖြစ် စိတ်ပျက်ငြီးငွေ့၍ သံသရာလည်ရမည်ကို ကြောက်ရွံ့သောသူဖြစ်၏။

အတိတ်ဘဝကို ကောင်းစွာ မှတ်မိသောသူများအကြောင်း (ဂ) လူဝင်စားများကို မလေ့လာမီ မိမိအလိုအလျောက် မှတ်မိခြင်းမဟုတ်ဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဖော်ထုတ်သဖြင့် အတိတ်ဘဝ ပေါ်လာသည်ဆိုသော အမှုများကို ပြဆိုပါအံ့။

တစ်ခါက အမေရိကန်နိုင်ငံ၌ ထိုသို့ သူတစ်ပါး၏ အတိတ်ဘဝကို မြင်သည်ဆိုသော အက်ဒဂါကေ့[၁]ဆိုသူ ပုဂ္ဂိုလ်တစ်ဦးရှိ၏။ အက်ဒဂါကေ့မှာ အလွန်ထူးသော ပုဂ္ဂိုလ်ဖြစ်၏။ သူသည် ပထမက ပျောက်စေဆရာဖြစ်၍ ဓာတ်စီးနေစဉ် လူနာ၏ရောဂါ ပျောက်ကင်းရန် နည်းပေးညွှန်ပြ၏။ လူနာသည် သူ့ထံ သွားရန်မလို၊ ရပ်ဝေးမှနေ၍ အကုသခံနိုင်၏။ သူ၏ကုသမှုမှာ ထူးထူးခြားခြား အောင်မြင်၍ တစ်ခါတစ်ရံ ဆရာဝန်

၁။ Edgar Cayce

www.burmeseclassic.com



များ လက်လွှတ်ထားရသော လူနာများပင် ရောဂါပျောက်ကင်းကြသည် ဆို၏။ အက်ဒဂါကေ့သည် လက်ဦးပထမက လူသေလူဝင်စား ဖြစ်သည်ဆိုခြင်းကို လက်မခံသော်လည်း နောက်ကာလ၌ ယုံကြည်လာ၍ လူနာများနှင့် အခြားလူများ၏ အတိတ်ဘဝများကို ပြောပြ၏။ သူ၏ ဟောစာတမ်း၌ပါသော အတိတ်ဘဝများမှာ အများအားဖြင့် လွန်လေပြီးသော ရှေးပဝေသဏီခေတ်က အီဂျစ်၊ အိန္ဒိယ၊ ပါရှား အစရှိသည့် ပင်လယ်ရပ်ခြား တိုင်းပြည်များကို နောက်ခံထားသော အတိတ်ဘဝများဖြစ်၍ မည်မျှမှန်ကန်သည်ကို မသိရချေ။

ပုဂ္ဂိုလ်တစ်ဦး၏ အတိတ်ဘဝကိုလေ့လာ၍ နောင် မည်သို့ သူပြုလုပ်လိမ့်မည်ဟု ဟောရာ၌မူ တစ်ခါတစ်ရံ အံ့ဖွယ်လိလိ မှန်ကန်ကြောင်းတွေ့ရ၏။ တစ်ခါသော် မွေးစ ကလေးတစ်ယောက်၏ အတိတ်ဘဝကိုကြည့်၍ ကလေးကြီးလာသောအခါ ဆေးပညာနှင့် စိုက်ပျိုးရေးပညာ နှစ်ခုစလုံးကို ဝါသနာပါသောသူ ဖြစ်ရမည်ဟု ဟော၏။ မိဘများက ဟောစာတမ်းကို လျှို့ဝှက်ထား၍ အသက်နှစ်ဆယ်အထိ သူသည် အက်ဒဂါကေ့၏ ဟောထားချက်ကို လုံးဝမသိ။ သို့ရာတွင် ထိုအချိန်၌ သူသည် ဆေးတက္ကသိုလ်တစ်ခုတွင် မိမိ၏ အဆောင်ရှေ့၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနေသော ဆေးကျောင်းသားတစ်ဦး ဖြစ်နေတော့၏။

အတိတ်ဘဝ ပေါ်လာသည်ဆိုသော အခြားအမှုမျိုးမှာ အက်ဒဂါကေ့ကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးတည်း၏ သိမြင်မှုမျိုးမဟုတ်ဘဲ အိပ်မွေ့ချ၍ ဖော်ထုတ်သော အမှုမျိုးဖြစ်၏။ လူတစ်ဦးအား အိပ်မွေ့ချပြီးလျှင် ပဋိသန္ဓေမတည်မီက အတိတ်ဘဝကို ပြန်ဖော်ထုတ်ခြင်း[၁]ကို အချို့ သံသယရှိမည်ဖြစ်သော်လည်း နက်ရှိုင်းစွာ ဘဝင်ကျနေသောအခိုက်၌ ဘဝခရီးကို တစ်စတစ်စ နောက်ပြန်ဆုတ်စေ၍ ကလေးအရွယ်က အဖြစ်အပျက်များကို ပြန်လည်သတိရစေနိုင်ကြောင်း စမ်းသပ်ချက်များအရ သိရ၏။ ထိုနည်းဖြင့် ခုနစ်နှစ်မြောက်မွေးနေ့ကို မှတ်မိသူများမှာ ၈၂ ရာခိုင်နှုန်း၊ လေးနှစ်မြောက်မွေးနေ့ကို မှတ်မိသူများမှာ ၆၉ ရာခိုင်နှုန်းခန့်ရှိ၏။ ကလေးဘဝကို မှတ်မိသောခဏ၌ အိပ်မွေ့ချထားသူသည် ကလေးအမူအရာ လက္ခဏာများ ပြလာတတ်၏။

၁၉၁၁ ခုနှစ်က ပြင်သစ်အမျိုးသား သုတေသီတစ်ဦးသည် လူ ၁၉ ယောက်အား အိပ်မွေ့ချ၍ အတိတ်ဘဝရှိမရှိ စုံစမ်းခဲ့ပုံကို စာအုပ်တစ်အုပ်၌ ရေးသားဖော်ပြထား၏။[၂] အိပ်မွေ့ချခံလူများသည် မိမိတို့၏ အတိတ်ဘဝအကြောင်းကို အသေးစိတ် ပြောပြကြ၏။ သို့ရာတွင် ထိုသို့ ပြောပြချက်များ မည်မျှမှန်ကန်သည်ကို စုံစမ်း၍မရချေ။ သုတေသီဆရာကိုယ်၌က လူသေလူဝင်စားဖြစ်သည်ဟု ယုံကြည်ချင်သလိုလို ရှိသော်လည်း သူ၏ အစမ်းသပ်ခံလူများသည် အတိတ်ဘဝကို ကေန်အမှန် မမှတ်မိဘဲ တီထွင်လုပ်ကြံ၍

---

၁။ Hypnotic Regression

၂။ Colonel Albert de rochas

www.burmeseclassic.com

www.burmeseclassic.com



ပြောကြလေသလောဟု သံသယရှိကြောင်း ဝန်ခံခဲ့ပေသည်။

အခြားဆရာတို့၏ အလားတူ စမ်းသပ်မှုများ ရှိသေး၏။ သို့ရာတွင် ထိုစမ်းသပ်မှုများ မည်မျှအောင်မြင်သည်၊ စမ်းသပ်ခံလူများ၏ ပြောဆိုချက် မည်မျှမှန်ကန်သည်ကို စုံစုံလင်လင် တိတိကျကျ မသိရချေ။ ယခုအခါ အမေရိကန်နိုင်ငံ၌ လူသေလူ့ဝင်စားမှု စူးစမ်းလေ့လာရန်အတွက် မဟုတ်ဘဲ ယုံကြည်သောသူတို့၏ အလိုဆန္ဒအရ အိပ်မွေ့ချ၍ အတိတ်ဘဝကိုဖော်ပေးသော ဆရာများမှာ မနည်းလှချေ။

သုတေသီပုဂ္ဂိုလ်အဖို့ အထူး စိတ်ဝင်စားဖွယ်ကောင်း၍ တစ်ခါက အမေရိကန်နိုင်ငံ၌ ဟိုးလေးတကျော်ဖြစ်ခဲ့သော အိပ်မွေ့ချပြီး အတိတ်ဘဝ စုံစမ်းမှုသည်ကား ဘရိုက်ဒီမာဖီ[၃] အမှုဖြစ်၏။

၁၉၅၂ ခုနှစ်က အမေရိကန်ကုန်သည် မောရေးဘန်စတိန်ဆိုသူသည် ဗာဂျီးနီးယား ဗန်တီဆိုသော အမျိုးသမီးတစ်ဦးကို ခြောက်ကြိမ်တိတိ အိပ်မွေ့ချ၍ အတိတ်ဘဝကို ဖော်ထုတ်ရန် ကြိုးစားခဲ့၏။ ဗာဂျီးနီးယား၏ စိတ်ဝိညာဉ်သည် ပထမကလေးဘဝ၊ ထို့နောက် ပဋိသန္ဓေမတည်မီကာလသို့ ရောက်ရှိသွားပြီးနောက် မိမိသည် အိုင်ယာလန်ပြည်၌ ၁၇၉၈ ပြည့်နှစ်တွင် မွေးဖွားသော ဘရိုက်ဒီမာဖီဆိုသူ မိန်းမဖြစ်ကြောင်း ပြောပြ၏။ ဗာဂျီးနီးယား၏ ပြောပြချက်များမှာ ဘရိုက်ဒီ၏မိဘနှင့် မောင်နှမသားချင်းတို့၏ အမည်များ၊ သူ ပညာသင်ခဲ့သော ကျောင်း၊ သူ့ အိမ်ထောင်ကျပုံနှင့် အခြား အသေးစိတ်ဘဝအတွေ့အကြုံများ ဖြစ်၏။ ဘန်စတိန်သည် ဗာဂျီးနီးယား ပြောပြချက်များကို အသံသွင်းယူပြီးလျှင် စာအုပ်တစ်အုပ်၌ အစအဆုံး ရေးသားဖော်ပြခဲ့လေသည်။

ဗာဂျီးနီးယားက မိမိ အတိတ်ဘဝအဖြစ် ပြောပြသော ဘရိုက်ဒီမာဖီ အကြောင်းအရာများမှာ အမည်၊ နေရပ်၊ ခုနှစ်များဖြင့် တိကျစုံလင်လှသဖြင့် လူအများက စိတ်ဝင်စားလာကြ၏။ စာအုပ်ထုတ်ဝေသူနှင့် သတင်းစာတိုက်နှစ်တိုက်သည် အိုင်ယာလန်ပြည်ရှိ ဥပဒေပညာရှင်နှင့် စာကြည့်တိုက်မှူးများနှင့် ဆက်သွယ်၍လည်းကောင်း၊ သတင်းထောက်များစွာ စေလွှတ်၍သော်လည်းကောင်း စုံစမ်းကြည့်ရာ ဗာဂျီးနီးယား၏ အချို့စကားများ မှန်ကန်ကြောင်း တွေ့ရ၏။ အချို့မှာ မမှန်၊ အချို့မှာမူ ဆိုင်ရာအမှတ်အသားများ မရှိတော့သဖြင့် မှန်မမှန် မသိရချေ။

အချို့စကားများ မှန်ကန်နေခြင်းမှာ အံ့ဩဖွယ်ရာဖြစ်၏။ ပုံစံအားဖြင့် ဘရိုက်ဒီမာဖီက သူ မကြာခဏ ဈေးဝယ်လေ့ရှိသော ကုန်စုံဆိုင်နှစ်ဆိုင်၏ ပိုင်ရှင်အမည်များကို ပြောပြရာ ဘဲလ်ဖတ်မြို့ရှိ စာကြည့်တိုက်မှူးနှင့် လက်ထောက်များ၏ ရှာဖွေစူးစမ်းချက်အရ ၁၉၆၅ ခု၊ ၆၆ ခုနှစ် (ဘရိုင်ဒီမာဖီ ၁၈၆၄ ခုနှစ်၌ သေသည်ဆိုသည်။) ဆိုင်ရာ ဘဲလ်ဖတ်မြို့ အညွှန်းစာအုပ်၌ ထိုပိုင်ရှင်နှစ်ဦး၏ အမည်များကို တွေ့ရ၏။ ဗာဂျီးနီးယားသည် မိမိ၏အတိတ်ဘဝအကြောင်း ပြောပြရာ၌ ဝေါဟာရစကား အသစ်အဆန်းများကို ပြောဆို

---

၃။ Bridy Murphy



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေရာ သုတေသီဆရာ၏စူးစမ်းလေ့လာချက်အရ ဘရိုက်ဒီမားဗီ ရှိသည်ဆိုသော ခေတ်က အိုင်ယာလန်ပြည်သားတို့၏ စကားအသုံးအနှုန်း ဖြစ်နေကြောင်း သိရှိရသည်။

ဗာဂျီးနီးယားသည် အိုင်ယာလန်ပြည်သို့ တစ်ကြိမ်မျှ ရောက်ဖူးသူမဟုတ်၊ အိုင်ယာလန်ပြည်အကြောင်း စာအုပ်များကိုလည်း ဖတ်ဖူးခြင်းမရှိသဖြင့် နှစ်ပေါင်းတစ်ရာ ကျော်လောက်က ထိုနိုင်ငံ အကြောင်းအရာများကို အဘယ့်ကြောင့် အသေးစိတ် မှန်ကန်စွာ ပြောပြနိုင်ပါသနည်း။ အတိတ်ဘဝကို လက်မခံလိုသော သူတို့ကမူ သူ၏ အမှတ်သညာ၌ လုံးဝမေ့ပျောက်နေပြီဆိုသော ငယ်စဉ်က အတွေ့အကြုံ ဗဟုသုတများကြောင့် ဖြစ်သည် ဆို၏။ ထို အတွေ့အကြုံ ဗဟုသုတများကို မည်သည့်အချိန်က မည်သို့မည်ပုံ ရှိခဲ့သည်ကို ကား မည်သူမျှ တိတိကျကျ ထောက်မပြနိုင်ချေ။

မည်သို့ဆိုစေ ယခုခေတ် စိတ်ဝိဉာဉ် သုတေသီဆရာတို့သည် အိပ်မွေ့ချ၍ အတိတ်ဘဝရှိမရှိ စုံစမ်းလေ့လာမှုကို မနှစ်သက်ကြချေ။ ထိုလေ့လာမှုမျိုး၌ အိပ်မွေ့ဆရာ၏ ပယောဂ ပါဝင်နိုင်သည်။ အစမ်းသပ်ခံပုဂ္ဂိုလ်သည် နက်ရှိုင်းစွာ ဘဝင်ကျနေသောအခိုက်၌ ဆရာ၏ အကြိုက်ကိုလိုက်၍ လုပ်တတ်သည်။ စိတ်ကူးဉာဏ်ရွှင်၍ အမျိုးမျိုး တီထွင် ပြောဆိုတတ်သည်ဟု ယူဆကြ၏။ ထို့အပြင် သူ၏ပြောပြချက်များ မှန်ကန်မှုသည် အတိတ်ဘဝအတွက် ခိုင်လုံသော အထောက်အထား မဟုတ်ချေ။ သူ၏ ပရဝိဉာဉ်အစွမ်း ကြောင့် မှန်ကန်စွာ ပြောပြနိုင်ခြင်း ဖြစ်ကောင်းဖြစ်နေပေမည်။

သို့ဖြစ်၍ သုတေသီဆရာတို့သည် ရှေးဆရာများ လျစ်လျူပြုခဲ့သော လူဝင်စားများကို သိပ္ပံနည်းကျ ဂယနကာ စူးစမ်းလေ့လာရန် အားထုတ်လာကြလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၆

# လူ့ဝင်စားမှု သုတေသန

## (က) ဒေါက်တာစတီဗင်ဆင်၏ သုတေသန

ကမ္ဘာအရပ်ရပ်၌ အတိတ်ဘဝကို ကောင်းစွာမှတ်မိ၍ ဇာစ်စွေသေချာစွာ ပြောပြနိုင်သည်ဆိုသော ကလေးသူငယ်များ တစ်ခါတစ်ရံ ပေါ်ထွက်လာလေ့ရှိ၏။ မြန်မာတို့က လူ့ဝင်စားဟုခေါ်၍ ရှေးအခါက မည်သူမျှ သေချာစွာ မလေ့လာခဲ့ကြချေ။ အတိတ်ဘဝကို ယုံကြည်သူများက လူသတ္တဝါ၏ ဖြစ်ရိုးဖြစ်စဉ် အခြင်းအရာအဖြစ် မှတ်ယူ၍ စိတ်မဝင်စားကြ။ မယုံကြည်သူများကလည်း ကလေး၏ ပေါက်တတ်ကရ ပြောဆိုမှုဆို၍ ဂရုမပြုဘဲ မေ့ပစ်လိုက်ကြသည်က များ၏။

ဗြိတိသျှ စိတ်ဝိညာဉ် သုတေသနအသင်းသည် လူ့ဝင်စားမှုများကို စူးစမ်းလေ့လာခြင်း မပြုခဲ့ချေ။ အမေရိကန်နိုင်ငံ၌ ဒေါက်တာစတီဗင်ဆင်က သိပ္ပံနည်းကျ လေ့လာရာမှ အစ လူ့ဝင်စားမှုလေ့လာခြင်းသည် သုတေသနလုပ်ငန်းအဆင့်သို့ ယခု ရောက်ရှိနေပေပြီ။

ဒေါက်တာစတီဗင်ဆင်[၁]သည် အသက် ၆၀ ရှိ၍ ဗာဂျီးနီးယားတက္ကသိုလ် စိတ်ရောဂါဗေဒဌာနတွင် ပါမောက္ခဖြစ်၏။ စိတ်ဝင်စားသော သူဌေးကြီးများနှင့် ပညာရေး သုတေသန ဖောင်ဒေးရှင်းအဖွဲ့များ၏ အားပေးကူညီမှုဖြင့် ၁၉၆၀ ပြည့်နှစ်ကစ၍ လူ့ဝင်စားမှုကို လေ့လာခဲ့၏။ လူ့ဝင်စားမှုများကို တစ်ဆင့်စကားမဟုတ်ဘဲ ဆိုင်ရာနိုင်ငံများသို့ ကိုယ်တိုင်သွားရောက် လေ့လာရာ၌ ဆင်းရဲပင်ပန်းခံမှု၊ သေချာစေ့စပ်မှု၊ တွေ့ရှိရချက်များကို ဆင်ခြင်တိုင်းထွာ၍ အကဲဖြတ်မှု၊ ဝါဒစွဲဆန္ဒစွဲမရှိဘဲ ယထာဘူတကျကျ တင်ပြမှု စသည်တို့ကြောင့် သူ၏ သုတေသနလုပ်ငန်းမှာ အခြားပညာရှင်တို့၏ ချီးကျူးလေးစားခြင်းကို ခံရ၏။ ပညာရှင်တစ်ဦးကမူ လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာအတွင်း ကမ္ဘာပေါ်၌

---

၁။ Ian Stevenson, M.D.



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်ခဲ့သော လူဝင်စားမှု သုတေသနစာပေတွင် ဒေါက်တာစတီဗင်ဆင်၏ ရေးသား တင်ပြချက်များမှာ အကောင်းဆုံးဖြစ်သည်ဟု စိတ်ဝိညာဉ်သုတေသန ဂျာနယ်တစ်စောင်၌ ရေးသားခဲ့ပေသည်။

ဒေါက်တာစတီဗင်ဆင်၏ သုတေသနပြုမှု လုပ်နည်းလုပ်ဟန်ကို အကြမ်းဖျင်း ဖော်ပြရမည်ဆိုသော် ဆိုင်ရာနိုင်ငံ၌ ဒေါက်တာစတီဗင်ဆင်အတွက် အကူအညီဆောင်ရွက် ပေးမည့် ဒေသခံသုတေသီသည် လူဝင်စားကိစ္စရပ်များကို ရှေးဦးစွာ စုံစမ်းစစ်ဆေးရ၏။[၁] လူဝင်စားပြောသော အတိတ်ဘဝက ကွယ်လွန်သူပုဂ္ဂိုလ်အကြောင်းကို ဆိုင်ရာအရပ်ဒေသ သို့ သွား၍စူးစမ်းရ၏။ သူတို့နှစ်ဦးနှင့် သက်ဆိုင်သော အချက်အားလုံး (မိဘဆွေမျိုး သားချင်းနှင့် အပေါင်းအဖော်များ၏ ထွက်ဆိုချက်များ၊ အရပ်ဒေသအခြေအနေ၊ ဆက် သွယ်ခြင်းရှိမရှိ၊ ဆိုင်ရာပုဂ္ဂိုလ်နှစ်ဦး၏ ရုပ်လက္ခဏာ၊ စိတ်ဓာတ်စရိုက်ဝါသနာ၊ လူဝင်စား က မည်မျှရွေ့မည်မျှ မှတ်မိသည်၊ အတိတ်ဘဝနှင့် ပတ်သက်၍ သူ၏ စိတ်ခံစားချက်စသည်) တို့ကို စုံစုံစေ့စေ့ ရှာဖွေစုဆောင်းရ၏။ ဤသို့ စုဆောင်းလေ့လာ၍ တွေ့ရှိရသော အချက်များကို ဒေါက်တာစတီဗင်ဆင်ထံသို့ ပေးပို့ရ၏။

ဒေါက်တာစတီဗင်ဆင်သည် ထိုအချက်များကို လေ့လာဆန်းစစ်ပြီးလျှင် မသိ နားမလည်၊ မရှင်းလင်းသောအချက်များနှင့် ပတ်သက်၍ ဒေသခံသုတေသီအား စာဖြင့် မေးမြန်းစုံစမ်း၏။ ထို့နောက် ဆိုင်ရာနိုင်ငံသို့ သွားရောက်၍ ဆိုင်ရာပုဂ္ဂိုလ်များကို တွေ့ဆုံပြီး စေ့စေ့သေချာစွာ စုံစမ်းမေးမြန်း၏။ ထို့နောက် ဆိုင်ရာနိုင်ငံသို့ သွားရောက်၍ ဆိုင်ရာပုဂ္ဂိုလ်များကို တွေ့ဆုံပြီး စေ့စေ့သေချာစွာ စုံစမ်းမေးမြန်း၏။ တစ်နှစ်လျှင် ခြောက်လ ကြာမျှ ထို ကွင်းဆင်းသုတေသနလုပ်ငန်းကို ဆောင်ရွက်ရ၏။

ထို့နောက် ရှာဖွေလေ့လာ တွေ့ရှိရချက်များကို ဗာဂျီးနီးယားတက္ကသိုလ်၌ ကွန်ပျူတာစက်ဖြင့် ဆန်းစစ်ရ၏။ တစ်ဘဝနှင့်တစ်ဘဝ လိင်မတူမှု၊ လူဝင်စားမဖြစ်မီ ကြားကာလ၊ သေခါနီးစွဲလမ်းမှု၊ ဘဝဟောင်းမှ အလေ့အကျင့်၊ စရိုက်ဝါသနာများ ပါလာမှု စသည်တို့ကို နိုင်ငံ၊ လူမျိုး၊ ဘာသာဝါဒ၊ အစဉ်အလာ၊ ယုံကြည်ချက် စသည် များနှင့် ချိန်ထိုး၍ ဆန်းစစ်လေ့လာရ၏။ ဤကိစ္စမှာ မလွယ်ကူချေ။ လူသတ္တဝါတို့၏ ရုပ်နာမ်တရား ဖြစ်ပျက်မှုနှင့်ပတ်သက်၍ သိပ္ပံပညာက မသိသေးသောအချက် အများအပြား ရှိနေသေးရာ စိတ္တဗေဒ၊ စိတ်ဝိညာဉ်သုတေသန၊ ဇီဝဗေဒစသော သိပ္ပံပညာရှင်များ တိုးတက် လာသည်နှင့်အမျှ လူဝင်စားမှုဆိုင်ရာ တွေ့ရှိရချက်များကို ဆန်းစစ်မှု ပိုမိုခရီးရောက်ပေ လိမ့်မည်။

ထိုသို့ လေ့လာဆန်းစစ်၍ သိရှိရသောအချက်များကို နောက်ဆုံး၌ စာအုပ်များ ရေးသား၍ ကမ္ဘာ့ပညာရှင်နှင့် စိတ်ဝင်စားသော အခြားလူများအား တင်ပြရ၏။ ဒေါက်တာ စတီဗင်ဆင်သည် ယနေ့အထိ မိမိ၏ သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များကို ရေးသား

၁။ ဦးဝင်းမောင်မှာ မြန်မာနိုင်ငံ၏ ဒေသခံသုတေသီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ စာအုပ်သုံးအုပ်နှင့် စာတမ်း အတော်များများ ရှိနေပြီဖြစ်၏။ စာအုပ်များမှာ ကမ္ဘာ အရပ်ရပ်မှ လူဝင်စားမှုနှစ်ဆယ်၊ အိန္ဒိယပြည်မှ လူဝင်စားမှုဆယ်မှုနှင့် သီဟိုဠ်ကျွန်းမှ လူဝင်စားမှုအကြောင်း ဖြစ်၏။ ထိုစာအုပ်များမှာ ကမ္ဘာက စိတ်ဝင်စား၍ ပြင်သစ်၊ ဂျာမန်၊ အီတလီနှင့် စပိန်ဘာသာသို့ ပြန်ဆိုထုတ်ဝေရ၏။ မြန်မာ၊ ထိုင်း၊ ဥရောပနှင့် အမေရိကန် ပြည်ထောင်စုမှ လေ့လာတွေ့ရှိရချက်များကို ဆက်လက်ရေးသားရန် ရည်ရွယ်ထားသည်ဟု ဆို၏။

ယခုအခါ ဗာဂျီနီးယားတက္ကသိုလ်ရှိ ဒေါက်တာစတီဗင်ဆင်၏ သုတေသနဌာန၌ မှတ်တမ်းတင်ထားသော လူဝင်စားမှုများမှာ အားလုံး ၁၆၆၄ မှုရှိ၏။ အာရှတိုက်မှ ၈၆၁ မှု၊ ဥရောပတိုက်မှ ၂၅၂ မှု၊ မြောက်အမေရိကတိုက်မှ ၄၉၉ မှုနှင့် အခြား တိုက်များမှ ၅၂ မှုဖြစ်၏။ ၎င်းတို့တွင် အထောက်အထား မခိုင်မာသောအမှုများ၊ စူးစမ်း လေ့လာခွင့်မရသော အမှုများနှင့် အကြောင်းအရာ မပြည့်စုံသောအမှုများ မပါဝင်ချေ။ အထက်ပါစာရင်းမှာ ၁၉၇၈ ခုနှစ်၊ ဇွန်လအထိ သိရှိရသောစာရင်းဖြစ်၍ စာရင်းဝင် အမှုများမှာ တစ်နေ့တခြား တိုးပွားလျက်ရှိ၏။ ၎င်းတို့အနက် လေးပုံတစ်ပုံမှာ စေ့စေ့စပ်စပ် စူးစမ်းလေ့လာပြီးဖြစ်၍ တစ်ဝက်လောက်မှာ တစ်ပိုင်းတစ်စ စုံစမ်းပြီးပြီဖြစ်၏။

ဒေါက်တာစတီဗင်ဆင်သည် ၁၉၇၀ ပြည့်နှစ်က မြန်မာနိုင်ငံသို့ ပထမအကြိမ် ရောက်လာ၍ မန္တလေးမှ ဆရာဝန်ဒေါက်တာဆိုနီ၏ အကူအညီဖြင့် မိတ္ထီလာနှင့် ပြင်ဦး လွင်မြို့မှ လူဝင်စားမှုနှစ်မှုကို ရှေးဦးစွာ လေ့လာခဲ့၏။ ထိုမှနောက်၌ မြန်မာနိုင်ငံသို့ လာရောက်စူးစမ်းခဲ့သည်မှာ ဆယ်ကြိမ်ရှိပေပြီ။ အမှုတစ်ခုလျှင် တစ်ကြိမ်နှင့်မပြီးဘဲ အထပ်ထပ်အခါခါ လေ့လာလေ့ရှိရာ ထိုသို့လေ့လာခဲ့သော အမှုပေါင်း ၆၀ ခန့်ရှိ၏။ သူ ကွင်းဆင်းလေ့လာရန် ရောက်ရှိခဲ့သော ဒေသများမှာ မန္တလေး၊ ပျော်ဘွယ်၊ ငါန်းဇွန်၊ ပြည်၊ နတ်တလင်း၊ ချောက်၊ မြင်းမူ၊ ဒိုက်ဦး အစရှိသော မြို့များနှင့် ထိုမြို့နယ်အတွင်းရှိ ရွာကြီးရွာငယ်များ ဖြစ်၏။ အချို့ရွာများသို့ ဒေသခံသုတေသီနှင့်အတူ နွားလှည်းနှင့် တစ်မျိုး၊ ခြေကျင်လျှောက်၍တစ်ဖုံ ဆင်းရဲဒုက္ခမျိုးစုံကို ပမာမထားဘဲ သွားရောက် လေ့လာခဲ့ကြ၏။

ရှေ့အခန်းများတွင် ဒေါက်တာစတီဗင်ဆင်၏ စာအုပ်များကို မှီငြမ်းပြုစု၍ လူသေလူဝင်စား ဖြစ်သည်ဆိုခြင်းနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များ၊ စဉ်းစား ဖွယ်ရာများကို ရေးသားပါအံ့။ ဒေါက်တာစတီဗင်ဆင်၏ လေ့လာခဲ့သော ကမ္ဘာအရပ်ရပ်မှ လူဝင်စားမှုငါးခုကို အခြားစာအုပ်တစ်အုပ်၌ ဖော်ပြခဲ့ပြီးဖြစ်၏။[၂] သို့ဖြစ်၍ ဤအခန်း၌ ထူးခြားသော အမှုများကိုသာ အကျဉ်းချုပ် ပြဆိုပါသည်။

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" အခန်း ၁၄

၂။ ဦးဝင်းမောင် "ဘဝအိုးအိမ် အကြိမ်ကြိမ်" (၁၉၈၂၊ လှမေစာပေ)၌ ဒေါက်တာစတီဗင်ဆင်၏ လူဝင်စားမှု သုတေသနအကြောင်း အကျယ်ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



## (ခ) ထူးခြားသော လူဝင်စားမှုများ

### ၁။ ဂျပန်ပြည်မှ ကတ်စူးဂိုရီ

ဒေါက်တာစတီဗင်ဆင် မှတ်တမ်းတင်ထားသော လူဝင်စားမှု သုတေသနမှတ်တမ်းများ၌ ဂျပန်ပြည်မှ လူဝင်စားမှုမှာ ခုနစ်ခုမျှသာရှိ၏။ အာရှတိုက်တွင် အနည်းဆုံးဖြစ်၍ နိုင်ငံလူဦးရေနှင့်စာသော် ထိုမျှနည်းပါးခြင်းမှာ အံ့သြဖွယ်ရာဖြစ်၏။ ကတ်စူးဂိုရီ[၁]အမှုမှာ လူဝင်စားမှုများသည် လူမျိုး၏အစဉ်အလာ၊ ယုံကြည်ချက်နှင့် ဓလေ့ထုံးစံ ကွဲပြားခြားနားမှုကိုလိုက်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူဘဲ ကွဲပြားခြားနားခြင်းရှိမရှိ သိလိုသော သူများအဖို့ စိတ်ဝင်စားဖွယ် ကောင်း၏။ ကတ်စူးဂိုရီ၏အမှု၌ စတီဗင်ဆင် လေ့လာခဲ့သော အခြားတိုင်းပြည်များမှ အမှုများနှင့် တူညီသောအချက်များ (အတိတ်ဘဝက ပုဂ္ဂိုလ်သည် အသက်ငယ်ရွယ်စဉ် သေဆုံးခြင်း၊ သေပြီးနောက် လူအိုတစ်ဦးက လူဝင်စားရမည့်နေရာကို ညွှန်ပြခြင်း၊ နေရာဌာနကို မှတ်မိခြင်းစသည်များ)ရှိ၍ အခြားအမှုများနှင့် တစ်ပုံစံတည်းလို ဖြစ်နေသည်ကို တွေ့ရ၏။

ဤအမှုမှာ မျက်မြင်သက်သေများက လက်မှတ်ရေးထိုး၍ ခိုင်မာသည်ဟု ယူဆရသဖြင့် အမေရိကန်စာရေးဆရာတစ်ဦး၏ စာအုပ်၌ ဖော်ပြထား၏။

ကတ်စူးဂိုရီသည် ၁၈၁၅ ခုနှစ်၌ မွေးဖွား၍ ဂင်ဇိုခေါ် ဂျပန်လယ်သမားတစ်ဦး၏ သားဖြစ်၏။ အသက်ခုနစ်နှစ်၌ အစ်မဖြစ်သူနှင့်အတူ ကစားရင်း မိမိ၏ အတိတ်ဘဝကို ပြောပြ၏။ အတိတ်ဘဝက သူသည် ဒေါက္ကဒိုအရပ်ရှိ ကျူးဘေးဆိုသူ၏ သားဖြစ်သည်။ နာမည်တိုဇို ဖြစ်သည်။ သူအသက်ငါးနှစ်၌ ဖခင်သေဆုံးသည်။ ထို့နောက် သူ အသက်ခြောက်နှစ်၌ ကျောက်ပေါက်၍သေသည်။ နောက်အဘိုးအိုတစ်ယောက်က သူ့ကို ဂင်ဇို၏ အိမ်သို့ခေါ်လာ၍ မင်း သေဆုံးသည်မှာ သုံးနှစ်ခန့်ရှိပြီ။ ယခု ဒီအိမ်မှာ လူပြန်ဖြစ်ရမည်ဟု ပြောသည်။ သို့ဖြင့် သူသည် မိခင်ဝမ်းထဲဝင်၍ မွေးလာသည်ဟု ဆို၏။

ကတ်စူးဂိုရီက ဘဝဟောင်းမှ မိမိအဖေ၏ သင်္ချိုင်းဂူကို ကြည့်လိုသည်ဆိုသဖြင့် အဘွားဖြစ်သူက သူ့ကို ဟောဒိုကူဘိုသို့ ခေါ်သွား၏။ ထိုရွာသို့ရောက်သော် သူသည် အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြ၍ "ဒီအိမ်ပဲ"ဆိုပြီး အထဲသို့ဝင်ပြေး၏။ အိမ်ရှင်များမှာ ဘဝဟောင်းမှ မိဘများဖြစ်နေ၏။ သူတို့၌ တိုဇိုခေါ် သားတစ်ယောက်ရှိကြောင်း၊ အသက်ခြောက်နှစ်အရွယ်၌ သေဆုံးကြောင်း ပြော၏။ အဘွားနှင့် မိဘဟောင်းများ စကားပြောနေစဉ် ကတ်စူးဂိုရီသည် လမ်းတစ်ဖက်ရှိ ဆေးလိပ်ဆိုင်တစ်ဆိုင်နှင့် သစ်ပင်တစ်ပင်ကို ထိုးပြ၍ ရှေးက ၎င်းတို့မရှိကြောင်း ပြောပြ၏။ သူပြောသည့်အတိုင်း မှန်သည်ဟု အိမ်ရှင်လင်မယားက ထောက်ခံကြ၏။

---

၁။ Katsugore

www.burmeseclassic.com



## ၂။ အီတလီပြည်မှ အလက်ဇန္ဒရင်းဆမိုနာ¹

ဤအမှုမှာ အထောက်အထားခိုင်လုံ၍ လူသိများပြီး သတင်းစာများ၌ ပညာရှင်များ လေ့လာဆွေးနွေးခဲ့ကြသော အမှုဖြစ်၏။ အတိတ်ဘဝမှာ အထက်ကဖော်ပြခဲ့ပြီးသော ဝိညာဉ်လောကနှင့် ဆက်စပ်နေ၍ ထူးခြားသည်ဟု ဆိုရပေမည်။

အလက်ဇန္ဒရင်းသည် ဒေါက်တာကာဗိလိုဆမိုနာနှင့် ဇနီးအဒီလာတို့၏ သမီးဖြစ်၍ ၁၉၁၀ ပြည့်နှစ်၊ မတ်လ၌ အသက်ငါးနှစ်အရွယ်တွင် သေဆုံး၏။ သေပြီးနောက် သုံးရက် အကြာ၌ မိခင်ဖြစ်သူသည် အိပ်မက်မြင်မက်ရာ၌ အိပ်မက်ထဲ၌ ကလေးက မိမိအား မေမေငိုမနေနဲ့တော့၊ သမီးပြန်လာမယ်။ သမီးကို မေမေ မွေးပေးရဦးမည်ဟု ပြော၏။ နောက်သုံးရက်ကြာသောအခါ ထိုအိပ်မက်ကို တစ်ကြိမ်ထပ်မက်၏။ မဒမ်ဆမိုနာသည် သေဆုံးသူ သမီး၏စကားကို မယုံသေး။ အဘယ့်ကြောင့်ဆိုသော် သူ့မှာ ခွဲစိတ်ကုသ ခံထား၍ နောက်ထပ် သားသမီးရရန် မျှော်လင့်ချက်မရှိသောကြောင့် ဖြစ်၏။

နောက် ရက်များမကြာမီ တစ်နေ့တွင် မဒမ်ဆမိုနာသည် ခင်ပွန်းဖြစ်သူနှင့်အတူ ကွယ်လွန်သူ သမီးကလေးအတွက် ဝမ်းနည်းပူဆွေးနေကြစဉ် တံခါးခေါက်သံကို သုံးကြိမ် ကြားရ၏။ သို့ဖြစ်၍ သူတို့သည် သေသူ့ဝိညာဉ်ထံမှ သတင်းကြားရန် နတ်ဝင်တစ်ဦးကို မေးကြ၏။ ထိုအခါ အလက်ဇန္ဒရင်းသည် ကွယ်လွန်သူ အဒေါ်တစ်ဦးနှင့်အတူ ကိုယ်ထင် ပြ၍ အိပ်မက်ပေးသူ၊ တံခါးခေါက်သူမှာ မိမိပင်ဖြစ်ကြောင်း၊ ခရစ္စမတ်နေ့မတိုင်မီ မိမိသည် ညီမတစ်ယောက်နှင့်အတူ မိခင်ဝမ်းမှ မွေးဖွားမည်ဖြစ်ကြောင်း ပြော၏။

၁၉၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ အမြွှာ သမီးကလေးနှစ်ယောက် မွေးဖွား၏။ တစ်ယောက်မှာ အလက်ဇန္ဒရင်းနှင့် အလွန်တူ၍ ဒုတိယအလက်ဇန္ဒရင်းဟု ခေါ်ဝေါ်ကြ၏။ အခြားမိန်းကလေးမှာ သူနှင့် စိတ်ဓာတ်စရိုက်မတူဘဲ တက်ကြွလှုပ်ရှား၍ အပေါင်းအဖော် ကို ခင်၏။ ဒုတိယအလက်ဇန္ဒရင်းမှာ သေဆုံးသော ပထမအလက်ဇန္ဒရင်းကဲ့သို့ပင် တည်ငြိမ်သန့်ရှင်း၍ တစ်ကိုယ်တည်း ကစားနေတတ်၏။ မျက်နှာပုံပန်းနှင့် ဘယ်သန်ခြင်း၊ လက်များကို အမြဲ သန့်သန့်ရှင်းရှင်းထားတတ်ခြင်း၊ ဒိန်ခဲကို မကြိုက်ခြင်း၊ အဝတ်အထည် များခေါက်၍ သပ်သပ်ရပ်ရပ် ထားတတ်ခြင်း စသည်များ၌ ကွယ်လွန်သော သူ၏အစ်မနှင့် တူ၏။

အသက် ၁၀ နှစ်အရွယ်၌ အမြွှာညီအစ်မကို မိဘများက ရှေးက သူတို့မရောက် ဖူးသော မြို့တစ်မြို့သို့ ခေါ်သွားမည်ပြုရာ အလက်ဇန္ဒရင်းက ထိုမြို့သို့ အမေနှင့်အတူ ရောက်ဖူးကြောင်း၊ ထိုအခါ သူတို့နှင့်အတူ ဦးချိုနှင့် မိန်းမတစ်ယောက် လိုက်ပါလာ ကြောင်း၊ မြို့ထဲ၌ အနီရောင်ရဟန်းငယ်များကို တွေ့မြင်ခဲ့ကြောင်း ပြောပြ၏။ ထိုအခါ မဒမ်ဆမိုနာသည် သူ၏ပထမသမီး မသေမီ လအနည်းငယ်က ကလေးကိုခေါ်၍ မိန်းမ တစ်ယောက်နှင့်အတူ ထိုမြို့သို့ သွားရောက်ခဲ့ပုံ၊ အဖော်မိန်းမမှာ နဖူးပေါ်မြင့်မားသော

---

၁။ Alexandrian Samona



www.burmeseclassic.com

www.burmeseclassic.com



အသားဖုကြီးများရှိပုံနှင့် မြို့ထဲ၌ အနီရောင်ကိုယ်ရုံ ဝတ်ဆင်ထားသော ဂရိရဟန်းများကို တွေ့မြင်ခဲ့ရပုံတို့ကို ပြန်လည်သတိရလာလေသည်။

ဤအမှုမှာ အခြားလူဝင်စားများထက် အထောက်အထားများ ပိုမိုပြည့်စုံခိုင်မာသော အမှုဖြစ်သည်။ သေဆုံးသူသမီးက မိခင်ဝမ်းထဲ ပြန်ဝင်စားမည့်အကြောင်း အိပ်မက်ပေးပုံ၊ ကိုယ်ထင်ပြ၍ ပြောပုံများကို ကလေးမမွေးမီကပင် မိဘများက အခြားသူများအား ကြိုတင် ပြောကြားထားခဲ့ကြပေသည်။

## ၃။ အင်္ဂလန်ပြည်မှ ရို့စ်မေရီ[၁]

ဤအမှုမှာ ထူးခြားချက်သုံးခု ရှိ၏။ ပထမအချက်မှာ အထက်ပါအလက်ဇန္ဒရင်း အမှုကဲ့သို့ပင် လူဝင်စားအကြောင်း ဝိညာဉ်လောကမှ သတင်းပေးပို့ခြင်းဖြစ်၏။ ဒုတိယ အချက်မှာ အတိတ်ဘဝသည် လွန်ခဲ့သော နှစ်ပေါင်း ၃၃၀၀ လောက်က ဘဝဖြစ်၏။ တတိယအချက်မှာ လူဝင်စားက သူမသိသော ဘာသာစကားကို ပြောဆိုနိုင်ခြင်း ဖြစ်၏။

ဤအချက် သုံးချက်အနက် အံ့သြစရာအကောင်းဆုံးမှာ တတိယအချက်ဖြစ်၏။ အချို့လူများ ဘယ်အခါကမျှ သင်ကြားတတ်မြောက်ထားခြင်း မရှိသော ဘာသာစကား တစ်ခုကို ရုတ်တရက် သွက်လက်စွာ ပြောဆိုနိုင်မှုသည်။[၂] ယခုတိုင် စိတ်ဝိညာဉ်သုတေသန နယ်၌ မဖြေရှင်းနိုင်သေးသော ပြဿနာဖြစ်၏။ နတ်ဝင်က ခတ်စီးနေသော အခိုက်၌ သော်လည်းကောင်း၊ အိပ်မွေ့ချ၍ အတိတ်ဘဝကို ထုတ်ဖော်နေသောအခါ၌ သော်လည်း ကောင်း၊ လူဝင်စားကလေးသူငယ်ကပင် သော်လည်းကောင်း ထိုသို့ မိမိမသိသော၊ နိုင်ငံခြားဘာသာဖြင့်ပြောသော အမှုများရှိ၏။

အမေရိကန် စာရေးဆရာတစ်ဦး၏စာအုပ်၌ အနောက်တိုင်း နတ်ဝင်တစ်ဦးက ခတ်စီးနေခိုက် ကရင်စကားပြောပုံကို ဖော်ပြထား၏။ မြန်မာနိုင်ငံ၊ ကရင်ဒေသ၌ ခရစ်ယာန်သာသနာပြုခဲ့သော အမေရိကန်တစ်ဦးသည် ဝါရှင်တန်မြို့ရှိ နတ်ဝင်တစ်ဦးမှ တစ်ဆင့် ကိုစံရီဆိုသော ကွယ်လွန်သူ ကရင်အမျိုးသား၏ ဝိညာဉ်နှင့် ဆက်သွယ်ခွင့် ရသည်ဆို၏။ ကိုစံရီမှာ သူ မြန်မာနိုင်ငံ၌ရှိစဉ်က သိကျွမ်းခင်မင်ခဲ့သောသူ ဖြစ်၏။ အခြားနတ်ဝင်များကလည်း သာသနာပြုဆရာကို ကိုစံရီ၏ဝိညာဉ်နှင့် ဆက်သွယ်ပေး၍ ခတ်စီးက သူ့ကို ကရင်ဘာသာဖြင့် စကားပြောသည်။ သူ့အမည်ကိုခေါ်ရာ၌ အသံထွက် လွဲမှားနေသည် ဆို၏။

ယခု ဖော်ပြမည့်အမှု၌ အခြားအလားတူ အမှုများမှာထက် ပိုမိုအံ့သြစရာကောင်း သောအချက်မှာ လူဝင်စားပြောသော ဘာသာစကားမှာ ယခုခေတ်ပြောသော ဘာသာစကား မဟုတ်ဘဲ လူသိအလွန်နည်း၍ ယခု မည်သူမျှမပြောသော ရှေးဟောင်းဘာသာစကား

---

၁။ Rose Mary
၂။ Xenoglossy



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခြင်းဖြစ်၏။ ဤအမှုအကြောင်း ရေးသားထားသောစာအုပ် အတော်များများရှိ၏။

၁၉၁၅ ခုနှစ်လောက်က ဒေါက်တာဝုဆိုသော စိတ်ပညာဉ်ဆရာသည် ရို့စ်မေရီ ခေါ် မိန်းကလေးတစ်ဦးနှင့် ခင်မင်ရင်းနှီး၏။ သူတို့နှစ်ဦးစလုံးကပင် ဂီတဝါသနာပါကြ၏။ သို့ရာတွင် ရို့စ်မေရီသည် ဒေါက်တာဝုကဲ့သို့ စိတ်ဝိညာဉ်ကိစ္စများ၌ စိတ်မဝင်စားချေ။ သို့ဖြစ်၍ သူသည် အလိုအလျောက်(အော်တိုမက်တစ်) စာရေးတတ်သောအကျင့် ထူးဆန်းစွာ ရရှိလာသောအခါ စိတ်နှလုံးမသာမယာဖြစ်၍ ဒေါက်တာဝုအား ပြောပြ၏။

ဒေါက်တာဝု၏ လေ့လာချက်အရ ရို့စ်မေရီ၏ အော်တိုမက်တစ် ရေးသားချက်များမှာ နိုနာခေါ် ဓာတ်စီးထံမှသိရှိရသော အကြောင်းအရာများဖြစ်၏။ နိုနာမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၄၀၀ လောက်က အီဂျစ်ပြည်သို့ တတိယဖရိုဘုရင် အာမင်ဟုတက်၏ မိဖုရားအဖြစ် ရောက်ရှိလာသော ဘက်တီလုံမင်းသမီးတစ်ပါး ဖြစ်သည်ဆို၏။ နိုနာအဆို အရားဖြင့် အီဂျစ်ပြည်၌ သူ မိဖုရားဖြစ်စဉ်က ရို့စ်မေရီမှာ ဆီးရီးယားမင်းသမီးတစ်ပါး ဖြစ်ခဲ့ကြောင်း၊ အီဂျစ်ပြည်သို့ စစ်သုံ့ပန်းအဖြစ် ရောက်ရှိလာရာ သူက သနားကြင်နာ၍ ကြည့်ရှုစောင့်ရှောက်ခဲ့ကြောင်း၊ ဘုရင်၏ ရန်သူများက မကောင်းကြံ၍ သူတို့နှစ်ဦးစလုံး ရေနစ်သေဆုံးခဲ့ကြရကြောင်း ပြောပြ၏။

ရို့စ်မေရီသည် ဓာတ်စီးနေသောအခါ၌ ရှေးအီဂျစ်ပြည်၌ မိမိကြုံတွေ့ခဲ့ရပုံများကို စာဖြင့်ရေးပြ၏။ နှုတ်ဖြင့်လည်း ပြော၏။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ လောက် ဖြစ်ပျက်ကြုံတွေ့မှုများ ဖြစ်သဖြင့် ပြောပြချက်များ မည်မျှမှန်ကန်သည် မသိရချေ။ ထိုပြောပြချက်များထက် ပိုမိုထူးဆန်းသည်ကား သူပြောသော ရှေးဟောင်းအီဂျစ်ဘာသာ စကား ဖြစ်၏။ သူသည် အီဂျစ်စကားလုံးပေါင်း ငါးထောင်ခန့်နှင့် ဝါကျတိုများကို ပြောခဲ့ရာ ဒေါက်တာဝုက အသံထွက်များကို အင်္ဂလိပ်အက္ခရာဖြင့် ဖမ်းယူရေးမှတ်ထား ၏။ သူ၏မှတ်တမ်းကို အီဂျစ်ဘာသာစကားဆိုင်ရာ ပါရဂူတစ်ဦးက လေ့လာ၍ ရှေး အီဂျစ်ဘာသာစကားအဖြစ် အသိအမှတ်ပြု၏။ ဒေါက်တာဝုလည်း အီဂျစ်ဘာသာကို သင်ယူလေ့လာ၍ နောက်ကာလ၌ သူ ရေးမှတ်ထားသမျှကို နားလည်လာ၏။ သို့ဖြင့် သူတို့နှစ်ဦးသည် ပထမအီဂျစ်စကား ရှစ်ရာခန့်ကို ပြန်ဆိုကြည့်ရာ ပေါက်တတ်ကရ ဗရွတ်ရွတ်တ စကားများမဟုတ်ဘဲ အဓိပ္ပာယ်ရှိရှိ၊ ရည်ရွယ်ချက်အပြည့်နှင့် အသိဉာဏ် ရှေ့ဆောင်၍ ပြောသောစကားများ ဖြစ်နေကြောင်း တွေ့ကြရလေသည်။

ဤသို့ ဘာသာခြားစကားကို အံ့ဩဖွယ်ရာ ပြောဆိုနိုင်ခြင်းသည် တစ်ခါက ထို ဘာသာစကားဖြင့် အော်၍ရွတ်ဆိုလေ့ရှိသော လူတစ်ဦးသည် မိမိအနီး၌ မကြာခဏ ရှိ၍ ထိုစကားကို ဘာမျှ နားမလည်သော်လည်း အသံများမှာ မသိစိတ် (ဝါ) ဘဝင်၌ အမှတ်မထင် ကျန်ရစ်ပြီးနောက် ဘဝင်ကျနေသောအခိုက်၌ အမှတ်ရ၍ ပြန်လည်ရွတ်ဆို နိုင်ခြင်း ဖြစ်သည်ဆို၏။ ဤအဆိုမှာ အချို့သော နိုင်ငံခြားဘာသာစကား ရွတ်ဆိုသော သူများအဖို့ မှန်မည်ဖြစ်သော်လည်း ရို့စ်မေရီအဖို့ မဖြစ်နိုင်ချေ။ အကြောင်းမူ သူသည် ထိုသို့ရွတ်ဆိုသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ သိကျွမ်းခြင်းမရှိချေ။ ထို့ပြင် သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောသောစကားများမှာ ပံရမ်းပတာမဟုတ်ဘဲ တစ်စုံတစ်ခုသော အကြောင်းနှင့်ပတ်သက်၍ စီကာပတ်ကုံး ပြောသောစကား ဖြစ်၏။

ဤပြဿနာကို ပရဝိဉာဉ်စွမ်းအင်ဖြင့်လည်း ဖြေရှင်း၍မရအပ်ချေ။ အဘယ့်ကြောင့်ဆိုသော် ပရဝိဉာဉ်သည် နတ်မျက်စိကဲ့သို့ သူတစ်ပါး၏ ဝေးလံသော အတိတ်ကာလကို ထိုးဖောက်မြင်နိုင်သည်ဆိုစေ တစ်စုံတစ်ခုသော တတ်မြောက်ကျွမ်းကျင်မှုကိုကား ဖန်တီးနိုင်စွမ်း ရှိမည်မဟုတ်ချေ။

သို့ဖြစ်၍ ရှေးအီဂျစ်ဘာသာစကားကို အံ့ဖွယ်သရဲ ပြောနိုင်ခြင်းသည် ဓာတ်စီးဖြစ်သူ နိနာက အကယ်ပင် အီဂျစ်မိဖုရား ဖြစ်ခဲ့သည်။ သို့မဟုတ် ရို့စ်မေရီသည် အီဂျစ်ခေတ်က မင်းသမီးဖြစ်ခဲ့သည်ဟု ယူဆရန် အထောက်အထား ဖြစ်ပေလိမ့်မည်။ အတိတ်ဘဝနှင့် ပတ်သက်၍ ရို့စ်မေရီ ပြောပြချက် မည်မျှမှန်ကန်သည်ဟု မသိရသောကြောင့် လူဝင်စားဖြစ်သည်ဟု ယူဆရန် ခိုင်မာသော အထောက်အထားဖြစ်သည်ဟုကား မဆိုသာချေ။ မည်သို့ဖြစ်စေ နှစ်ပေါင်း ၃၀၀၀ ကျော်လောက်က ပုဂ္ဂိုလ်တစ်ဦး၏ အီဂျစ်စကား တတ်မြောက်မှုသည် တစ်နည်းနည်းဖြင့် ယနေ့အထိ ဆက်လက်တည်ရှိနေကြောင်း ထင်ရှားလှပေသည်။

## ၄။ မြန်မာနိုင်ငံမှ မောင်မြင့်အောင်

မြန်မာနိုင်ငံ၌ ရှာဖွေစုဆောင်း၍ ဗာဂျီးနီးယားတက္ကသိုလ်၌ မှတ်တမ်းတင်ထားသော လူဝင်စားမှုများမှာ ၃၀၀ ကျော်ရှိ၏။ ၎င်းတို့အနက် ၆၀ ခန့်မှာ ဒေါက်တာစတီဗင်ဆင် လေ့လာပြီး လေ့လာဆဲမှုများ ဖြစ်၏။ ယခင် စာအုပ်တစ်အုပ်၌ မြန်မာနိုင်ငံမှ လူဝင်စားမှုနှစ်မှု (ဒေါ်ဗလပြန်နှင့် မပုရီ)ကို ဖော်ပြခဲ့ပေပြီ။

ယခုဖော်ပြမည့် လူဝင်စားမှု၌ မောင်မြင့်အောင်[၂]သည် သာယာဝတီမြို့တွင် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က မွေးဖွား၏။ သူ မွေးပြီးနောက် မကြာမီ မိဘများသည် စီးပွားရေးအတွက် ရန်ကုန်သို့ ပြောင်းရွှေ့လာကြသည်။ ရန်ကုန်၌ စီးပွားရေးအဆင်မပြေသဖြင့် ငါးထပ်ကြီးဘုရားအနီးရှိ ဇရပ်တစ်ခုတွင် နေထိုင်ကြသည်။

တစ်နေ့သော် မောင်မြင့်အောင်သည် ကစားနေစဉ် ဘုရားကုန်းတော်ပေါ်မှ ဖြတ်လာသော သားအမိသုံးယောက်ကို မြင်လိုက်သည်။ သို့မြင်သည်နှင့် တစ်ပြိုင်နက် သူတို့အနီးသို့သွားပြီး "ဟဲ့–သစ္စာမရှိတဲ့ကောင်မ။ နင် ဒီကိုဘာလုပ်ဖို့ လာသလဲ။ ငါ နင့်ကို မတွေ့ချင်ဘူး"ဟု ၎င်းတို့အထဲမှ အသက်လေးဆယ်ကျော်အမေ ဖြစ်ဟန်တူသော မိန်းမကို ဒေါသနှင့်ရန်တွေ့၏။ သားအမိသုံးယောက်နှင့် အနီးအနားတွင် ဘုရား ဝေယျာဝစ္စဆောင်ရွက်နေသော သီလရှင်များမှာ အံ့အားသင့်သွားကြ၏။ ခရီးသွား မိန်းမက "ဟဲ့

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"

၂။ အမည်နှင့် နေရာဌာနများ ပြောင်းလဲဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်င်လေး။ နင် ဘယ်သူလဲ”ဟု မေး၏။ မောင်မြင့်အောင်က “ငါ အောင်ကျော်ဟ။ နင် ခင်မိမိ မဟုတ်လား။ နင့်ကို ငါ မှတ်မိပါတယ်”ဟု ပြန်ပြော၏။ ထိုအခါ မိန်းမသည် မျက်စိမျက်နှာပျက်လျက် ဘာမျှမပြောတော့ဘဲ သူ့သားသမီးများနှင့်အတူ ထွက်သွားလေသည်။

ထို့နောက်၌ အမေဖြစ်သူနှင့် ဇရပ်တန်းလျားရှိ သီလရှင်များကပါ ချော့မော့မေးမြန်းသောအခါ မောင်မြင့်အောင်၏ အတိတ်ဘဝဇာတ်ကြောင်း တစ်စထစ်စ ပေါ်လာတော့၏။ သူ၏ပြောပြချက်အရ သူသည် ဘဝဟောင်းက ရုပ်ရှင်စက်ပစ္စည်း အင်ဂျင်နီယာ ဦးအောင်ကျော်ဖြစ်သည်။ သူ၏ဇနီးမှာ ဒေါ်ခင်မိမိဖြစ်၍၊ သူတို့တွင် သားသမီးသုံးယောက်ရှိရာ အမည်များမှာ ကိုကို၊ သန်းသန်းနှင့် စန်းစန်းဖြစ်သည်။ သူနေထိုင်ခဲ့သော အိမ်မှာ ရေချိုးခန်း၊ ရေဆွဲအိမ်သာဖြင့် ခံ့ညားသောအုတ်တိုက် ဖြစ်သည်။ သူ့အိမ်မှနေ၍ ကျောက်ကုန်းဘုရားစေတီကို မြင်နိုင်သည်။

သူ့မှာ ထိုအခါက မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ရှိကြောင်း၊ ထိုစဉ်အခါကကဲ့သို့ ယခု သူ ဘီယာသောက်ချင်ကြောင်း၊ သူ မသေခင်က မိန်းမနှင့်ရန်ဖြစ်ပြီး ဒေါ်ခင်မိမိနှင့် ကလေးများ အိမ်ပေါ်မှ ဆင်းသွားကြကြောင်း၊ သူ့ကားနှင့် အခြားကားတစ်စီး တိုက်မိပြီး သူ သေကြောင်း၊ သူမသေမီ အနီးအနားရှိ ရဲစခန်းသို့ သူ့ကိုသယ်သွားကြောင်း၊ မိမိလက်ပတ်နာရီကို ဖြုတ်ယူသိမ်းဆည်းထားသည်ကိုပင် မှတ်မိကြောင်း ပြောပြ၏။

မိခင်ဖြစ်သူနှင့် စိတ်ဝင်စားသော အခြားပုဂ္ဂိုလ်အချို့က လိုက်လံစုံစမ်းကြည့်ရာ မောင်မြင့်အောင်၏စကားများ မှန်ကန်နေသည်ကို တွေ့ကြရ၏။ ဒေါ်ခင်မိမိသည် ရုပ်ရှင်အသံသွင်း အင်ဂျင်နီယာဦးအောင်ကျော်၏ ဇနီးဖြစ်ခဲ့ကြောင်း၊ မောင်မြင့်အောင် ပြောသည့် နာမည်များနှင့် ကလေးသုံးယောက်၏ အမေဖြစ်ကြောင်း၊ ကျောက်ကုန်းဘုရားအနီးရှိ အိမ်တစ်အိမ်၌နေခဲ့ရာ အိမ်၏ရှေ့ပြတင်းပေါက်မှ ဘုရားကို ဖူးမြော်နိုင်ကြောင်း၊ ဦးအောင်ကျော်သည် အလွန် အရက်သောက်ပြီး မယားငယ်များနှင့် ပျော်ပါးတတ်သောကြောင့် ဒေါ်ခင်မိမိသည် သားသမီးများနှင့်အတူ အိမ်မှဆင်းသွားကြောင်း၊ ဦးအောင်ကျော်သည် တစ်ညတွင် ပါတီတစ်ခုမှ အရက်မူးမူးနှင့် ကားမောင်းပြန်လာရာ အဝေးပြေးကားတစ်စီးနှင့် ဝင်တိုက်မိပြီး သေဆုံးခဲ့ကြောင်း စသည်တို့ကို သိရှိကြရ၏။

ဤအမှုနှင့် ပတ်သက်၍ ဒေါက်တာစတီဗင်ဆင်သည် ဆိုင်ရာပုဂ္ဂိုလ်များကို နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် စေ့စေ့ချာချာ အထပ်ထပ်စစ်ဆေးရာ မောင်မြင့်အောင်၏စကားများ အနည်းဆုံး ရာခိုင်နှုန်း ၈၀ မျှ မှန်ကန်ကြောင်း တွေ့ရ၏။ မောင်မြင့်အောင်မှာ ယခု ၁၂ နှစ်ရှိပြီး သွက်လက်၏။ ဉာဏ်ထက်မြက်၍ ကျန်းမာသည်။

အထက်ဖော်ပြပါအမှု၌ ဖြစ်ရပ်များကို အမှန်အတိုင်း ဖော်ပြထားသော်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များအား အနှောင့်အယှက် ဖြစ်မည်စိုး၍ နာမည်နှင့် နေရပ်အချို့ကို ပြောင်းလဲထားပါသည်။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၅။ အိန္ဒိယပြည်မှ ဆွမ်လာတာ[၁]

ဆွမ်လာတာသည် အိန္ဒိယနိုင်ငံ၊ မာဗယာပရာဒက်ဒရိုင်၊ ချာတာပူမြို့ရှိ ခရိုင်ဝန်ရုံးမှ လက်ထောက်အရာရှိ ရိမ်စ်တရာ၏သမီးဖြစ်၏။ ၁၉၄၈ ခုနှစ်၊ မတ်လ၌ မွေးဖွား၏။ သူ့အသက် သုံးနှစ်နှင့်ခြောက်လတွင် ဖခင်ဖြစ်သူက သူ့ကို ဂျဗလ်ပူမြို့သို့ ခေါ်သွား၏။ အပြန်ခရီးတွင် ကတ်တနီမြို့ကို ဖြတ်သွားကြရာ ဆွမ်လာတာက လမ်းတစ်နေရာတွင် ချိုးလိုက်ပါက မိမိ၏အိမ်ကို တွေ့ရမည်ပြော၏။ အိမ်သို့ ပြန်ရောက်သောအခါ ညီအစ်ကိုမောင်နှမများအား ကတ်တနီမြို့ရှိ ပသတ်မိသားစုအိမ်၌ ယခင်ဘဝက မိမိနေထိုင်ခဲ့ပုံ အသေးစိတ် ပြောပြ၏။

ဆွမ်လာတာသည် မိမိ မိခင်၏ရှေ့၌ ထူးဆန်းသော အကတစ်မျိုးကို ကပြ၍ ထူးဆန်းသော သီချင်းများဆိုပြ၏။ ၁၉၅၈ ခုနှစ်၌ ကတ်တနီမြို့မှလာသော မိန်းမတစ်ယောက်ကို ပါမောက္ခတစ်ဦး၏ ဇနီးအဖြစ် မှတ်မိ၍ ဘဝဟောင်းက မိမိ၏ အသိမိတ်ဆွေဖြစ်ခဲ့သည် ဆို၏။

၁၉၅၉ ခုနှစ်၌ ရှရီအိပ်(ချ)အင်ဘနာဂျီသည် ချာတာပူမြို့သို့လာ၍ ဆွမ်လာတာအကြောင်း စုံစမ်းလေ့လာ၏။ ကတ်တနီမှ ပသတ်မိသားစုနှင့် မိမိ၏ ဘဝဟောင်းအကြောင်း ဆွမ်လာတာပြောသော အချက်များကို မှတ်သား၍ ကတ်တနီမြို့သို့သွား၏။ ဆွမ်လာတာ၏အညွှန်းအတိုင်း အိမ်ကိုရှာရာ အလွယ်တကူတွေ့၏။ သူ၏ ပြောပြချက်များမှာ အိမ်ရှင်ပသတ်၏သမီးဘိယ၏ ဘဝဖြစ်စဉ်နှင့် ကိုက်ညီ၍ ဘိယမှာ ၁၉၃၉ ခုနှစ်က သေဆုံးကြောင်း သိရ၏။ ပသတ်မိသားစုနှင့် ဘိယ၏လင်ယောက်ျားဘက်မှ ဆွေမျိုးများသည် ချာတာပူသို့ လာလည်ကြရာ ဆွမ်လာတာက အားလုံးကို မှတ်မိ၏။ သူနှင့် သူ့မိဘများသည် ကတ်တနီမြို့သို့ ရောက်ရှိသွားသောအခါ နေရာများနှင့် လူများကို အတော်များများ သူ မှတ်မိ၏။

ဆွမ်လာတာသည် ဘိယသေပြီးနောက် အရှေ့ဘင်္ဂလားပြည်နယ်၊ ဆိုင်ဟက်အရပ်ဒေသ၌ လူဝင်စားဖြစ်ခဲ့ပုံကို ပြောပြသေး၏။ ထိုအခါက သူသည် အသက်ကိုးနှစ်၌ သေဆုံးခဲ့သည်ဆို၏။ ဆိုင်ဟက်အရပ်ဒေသအကြောင်း သူ ပြောပြချက်များ မှန်ကန်သော်လည်း သူ လူဝင်စားဖြစ်ခဲ့သော ကလေးအကြောင်းကိုကား စုံစမ်း၍မရချေ။

သူ ကပြသော အကဆန်းနှင့် ဆိုပြသော သီချင်းဆန်းများမှာ အရှေ့ဘင်္ဂလားပြည်နယ်မှ အကနှင့် သီချင်းဖြစ်နေသည်ကို တွေ့ရ၏။ ထို သီဆိုကပြမှုမျိုးကို သူ ရှေးက မမြင်ဖူးမကြားဖူးချေ။

ကတ်တနီမြို့မှ သူ၏ဘဝဟောင်းနှင့် ပတ်သက်၍ ဆွမ်လာတာ၏ ပြောပြချက်နှင့် နေရာဌာန ပုဂ္ဂိုလ်များကို မှတ်မိမှု အချက်အလက် စုစုပေါင်း ၄၉ ခုရှိရာ ဒေါက်တာစတီ

---

၁။ Swarlata



www.burmeseclassic.com

www.burmeseclassic.com



ဗင်ဆင်နှင့် အခြားသုတေသီများ၏ စစ်ဆေးလေ့လာချက်အရ သုံးခုသာလွှဲမှား၍ ကျန်အချက်အားလုံး မှန်ကန်ကြောင်း တွေ့ရ၏။

ဘဝဟောင်းနှင့် ပတ်သက်၍ ဆွမ်လာတာ၏ အမှုအရာ ထူးခြားချက်ကိုလည်း သုတေသီတို့ သတိပြုမိကြ၏။ ကတ်တနီမြို့ရှိ ပသတ်မိသားစုအိမ်၌ ဆွမ်လာတာသည် မိမိထက် အသက်လေးဆယ်ကျော်ကြီးသော ယောကျ်ားကြီးများနှင့် ဆက်ဆံရာ၌ အစ်မကြီးတစ်ဦးကဲ့သို့ ပြုမူဆက်ဆံလေ့ရှိ၏။ ပသတ်မိသားစုနှင့် ခွဲခွာရတော့မည် ဖြစ်သောအခါ စိတ်လှုပ်ရှား၍ မျက်ရည်ကျရ၏။ ၁၉၆၁ ခုနှစ်က ဒေါက်တာစတီဗင်ဆင်အား မိမိ၏ ဘဝဟောင်းအကြောင်း ပြောပြစဉ် မျက်ရည်စို့နေသည်ကို သုတေသီဆရာ သတိပြုမိ၏။

အထက်ပါ အကျဉ်းချုပ် ဖော်ပြထားသော အမှုငါးခုကို ဖတ်ရှုခြင်းဖြင့် လူဝင်စားမှုများ၏ သဘောလက္ခဏာကို စာရှုသူတို့ အကြမ်းဖျင်း ရိပ်စားနိုင်ပေပြီ။ ရှေးအခါက အထောက်အထား ခိုင်မာ၍ ပညာရှင်များ စိတ်ဝင်စားခဲ့ကြသော လူဝင်စားမှုများနှင့် ယခု ဒေါက်တာစတီဗင်ဆင် သိပ္ပံနည်းကျ လေ့လာခဲ့သော လူဝင်စားမှုများတွင် အများအားဖြင့် ထင်ရှားသော လက္ခဏာလေးခုကို တွေ့ရပေမည်။ ၎င်းတို့မှာ–

၁။ လူဝင်စားဖြစ်သည် ဆိုသောသူသည် ကလေးအရွယ် အသက်သုံးနှစ်လောက်ကစ၍ မိမိ၏ အတိတ်ဘဝအကြောင်းကို မှန်ကန်စွာ ပြောပြနိုင်ခြင်း။

၂။ ဘဝဟောင်းမှ မိဘဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း၊ နေရာဌာနနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို ကောင်းစွာ ခွဲခြားမှတ်မိခြင်း။

၃။ မိမိဘဝဟောင်းနှင့် ပတ်သက်၍ စိတ်လှုပ်ရှား ခံစားမှုရှိခြင်း၊ ဘဝဟောင်းက လူများ၊ နေရာဌာနများနှင့် ဖြစ်ပျက်မှုများသည် ချစ်စိတ်၊ မုန်းစိတ်၊ ကြောက်စိတ် စသည်တို့ကို ဖြစ်ပေါ်စေခြင်း။

၄။ လူဝင်စားနှင့်ဆိုင်ရာ အတိတ်ဘဝ ပုဂ္ဂိုလ်တွင် စရိုက်ဝါသနာ တူညီမှုရှိခြင်း။

ဤသည်မှာ လူဝင်စားမှု အားလုံးလိုလို၌ အနည်းနှင့်အများ တွေ့ရသော ယေဘုယျလက္ခဏာများဖြစ်၏။ အချို့သော လူဝင်စားများ၌သာ တွေ့ရသော လက္ခဏာများလည်း ရှိသေးရာ အချို့သော ဝိသေသလက္ခဏာများမှာ အထက်ပါ ရို့စ်မေရီ အမှုမှာကဲ့သို့ နိုင်ငံခြားဘာသာစကားကို ပြောမှု၊ အလိဗန္ဒရီနာ အမှုမှာကဲ့သို့ လူဝင်စားမည့်အကြောင်း အိပ်မက်မက်မှုနှင့် အတိတ်ပုဂ္ဂိုလ်၏ ကိုယ်ပေါ်ရှိ အမှတ်အသားမျိုးကို လူဝင်စား၌ မွေးရာပါ အမှတ်အသားအဖြစ် တွေ့ရှိရမှု စသည်တို့ဖြစ်၏။

ဤလက္ခဏာ အခြင်းအရာများသည် လူသေလူဝင်စားဖြစ်သည်ဟု ယူဆရန်အတွက် အထောက်အထားများ ဖြစ်လေသလော၊ သို့တည်းမဟုတ် ယင်းတို့ကိုရှင်းပြရန် အခြားအကြောင်းတရားများ ရှိလေသလော။ လူသေလူဝင်စားဖြစ်သည်ဟု မယုံကြည်သောသူတို့၏ အဆိုများကို ရှေ့အခန်းတွင် လေ့လာဆန်းစစ်ရပေမည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၇

# လူဝင်စားမှုကို မယုံကြည်သူတို့၏ အဆိုများ

လူသေလူဝင်စား ဖြစ်သည်ဆိုခြင်းကို လက်မခံလိုသော သူတို့သည် ဒေါက်တာ စတီဗင်ဆင် သိပ္ပံနည်းကျ လေ့လာထားသော အမှုများအတွက် အခြားဖြစ်နိုင်သော အကြောင်းတရားများကို ရှာဖွေကြံဆကြ၏။ သို့ရာတွင် ထို အခြားအကြောင်းတရားများ သည် လွန်ခဲ့သောအခန်း၌ ဆိုခဲ့သော လူဝင်စားဖြစ်ဟန်ရှိသော အမှုများ၏ လက္ခဏာ ခြင်းရာများနှင့် ညီညွတ်သော အကြောင်းတရားများ ဖြစ်ရပေလိမ့်မည်။

အချို့သော မယုံကြည်သူတို့က ထိုအမှုများအားလုံးသည် လိမ်လည်လှည့်စားမှု ဖြစ်သည်ဟု ဆိုကြပေရာ ဤအဆိုကို စဉ်းစားရန်လို၏။ သုတေသီဆရာသည် မည်မျှ စေ့စေ့စပ်စပ်၊ နိုက်နိုက်ချွတ်ချွတ် စူးစမ်းလေ့လာသည်ဆိုစေ များစွာသော အချက်တို့မှာ တစ်ဆင့်စကားဖြင့် သိရှိရခြင်းဖြစ်၏။ မိမိ၏ အတိတ်ဘဝအကြောင်းကို ကလေး စတင် ပြောပြစဉ်က သုတေသီဆရာမှာ အနီး၌ ရှိသည်မဟုတ်။ နောင်နှစ်ကာလ အတန်ကြာမှ မိဘဆွေမျိုးနှင့် အပေါင်းအသင်းများထံမှ ကြားသိရ၏။ သို့ဖြစ်လျှင် သူတို့စကားကို အဘယ့်ကြောင့် လက်ခံယုံကြည်ရပါမည်နည်း။ သူတို့အားလုံး စုပေါင်း၍ လိမ်လည်ခြင်း ဖြစ်နိုင်သည် မဟုတ်ပါလော။ သုတေသီကိုယ်တိုင် စမ်းသပ်စစ်ဆေး၍ သိရှိရသောအချက် (ပုံစံအားဖြင့် ဘဝဟောင်းက အသိမိတ်ဆွေနှင့် ပစ္စည်းဥစ္စာများကို မှတ်မိခြင်း။)များမှာလည်း ကလေးနှင့် အတိတ်ဘဝပုဂ္ဂိုလ်၏ မိဘဆွေမျိုးသားချင်းများ ပူးပေါင်း၍ လှည့်စားခြင်း ကြောင့် ဖြစ်နိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

သို့ရာတွင် လူဝင်စားမှုများကို လိမ်လည်ပြုလုပ်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ ကလေးကို လူကြီးများကပင် အပင်ပန်းခံ၍ သွန်သင်ရပေမည်။ သေသူနှင့် သူ၏မိသားစု အကြောင်းအချက်အလက်များ ရှာဖွေစုဆောင်းကြရပေမည်။ အချို့ အချက်



www.burmeseclassic.com

www.burmeseclassic.com



များမှာ မိသားစု၏ အတွင်းရေးကိစ္စများဖြစ်ပေရာ ယင်းတို့ကို သိရှိရန် မည်သို့ပြုလုပ်ရပါမည်နည်း။ သေသူ၏ ဆွေမျိုးသားချင်းနှင့် ပစ္စည်းများကို မှတ်မိရန်နှင့် စိတ်လှုပ်ရှားခံစားမှု ပြသရန်မှာလည်း ကလေးအဖို့ လွယ်ကူသော အလုပ်မဟုတ်။ သုတေသီဆရာ၏ ရှေ့၌ ပီပီရိရိ သရုပ်ဆောင်ပြနိုင်ရန်အတွက် စောစောက ကြိုတင်လေ့ကျင့်ထားရပေမည်။ အများအားဖြင့် လူဝင်စားမှုများမှာ ဆင်းရဲသား လူတန်းစားအလွှာ၌ တွေ့ရှိရပေရာ ဝမ်းရေးအတွက် ရုန်းကန်နေရသော ထိုလူတို့သည် ထိုသို့ အချိန်ကုန်လူပန်း ဖြစ်စေမည့် လိမ်လည်မှုကို အဘယ်ကြောင့် ပြုလုပ်လိုကြပါမည်နည်း။

လူဝင်စားများတွင် ကလေးသူငယ်နှင့် မိဘဆွေမျိုးများသည် ခဏာယာယီ ထင်ပေါ်သော်လည်း ထို ထင်ပေါ်မှုမှာ ပိုက်ဆံငွေကြေးရရှိသော ထင်ပေါ်မှုမဟုတ်ချေ။ လူဝင်စားမှုဖြစ်ပွားသော အရပ်ဒေသများသည် အများအားဖြင့် အတိတ်ဘဝကို လူတို့ အစဉ်အလာယုံကြည်ခဲ့ကြသော ဒေသများဖြစ်သောကြောင့် ထိုအမှုကို စိတ်မဝင်စားဘဲ ဘာမျှမဆန်းသောအမှုအဖြစ် လျစ်လျူပြုထားကြသည်က များ၏။ အကယ်၍ မဟတ္တမဂန္ဒီ၊ မိုလ်ချုပ်အောင်ဆန်းစသော ပုဂ္ဂိုလ်ကျော်တို့၏ လူဝင်စားမှုဖြစ်လျှင်လည်း လူအများ အာရုံစူးစိုက်၍ ထိုနည်းဖြင့် ထင်ပေါ်လိုသောသူများ ရှိပေလိမ့်မည်။ သို့ရာတွင် လူဝင်စားမှုများသည် ပုဂ္ဂိုလ်ကျော်တို့၏ လူဝင်စားများမဟုတ်။ လူဝင်စားကလေးများမှာ ဘဝဟောင်းက မထင်ရှားသော အညတရ လူသတ္တဝါများဖြစ်၍ အချို့အမှုများ၌မူ ပစ္စုပ္ပန်ဘဝမှာထက် ယုတ်နိမ့်သောသူများ ဖြစ်ခဲ့ကြ၏။ စတီဗင်ဆင် လေ့လာသော သီဟိုဠ်ကျွန်းမှ အမှုတစ်ခုတွင် လူဝင်စားမှာ အတိတ်ဘဝက လူသတ်မှုကျူးလွန်၍ ကြိုးပေးခံခဲ့ရသူ ဖြစ်လေသည်။

ထို့ကြောင့် သက်ဆိုင်ရာကလေး၏ မိဘဆွေမျိုးများသည် လူဝင်စားမှုကို လုပ်ကြံဖန်တီးလိုသော ဆန္ဒရှိသည်ဟု ယူဆရန် အကြောင်းမရှိချေ။ စင်စစ် လူဝင်စားမှုသည် သူတို့ အစဉ်အလာ၊ ယုံကြည်ချက်နှင့် ကိုက်ညီသော်လည်း သူတို့မလိုလားသော အမှုဖြစ်၏။ အတိတ်ဘဝကို ယုံကြည်သော အချို့ အရှေ့တိုင်းသားတို့သည် လူဝင်စားသောကလေးမှာ အသက်တိုတတ်သည်ဟု အယူရှိကြ၏။ သို့ဖြစ်၍ ကလေးမိဘများသည် ဘဝဟောင်းအကြောင်း မပြောအောင် ကလေးကို ပိတ်ပင်ဟန့်တားတတ်ကြလေသည်။

ဤအချက်များကို ထောက်ချင့်၍ လူဝင်စားများမှာ လိမ်လည်လှည့်စားမှု မဖြစ်နိုင်ကြောင်း ထင်ရှား၏။ အခြားအဆိုတစ်ခုကို ကျွန်ုပ်တို့ ယခု စဉ်းစားရပေမည်။

ထိုအဆိုအားဖြင့် ကလေးသည် သေသူ့အကြောင်းကို တစ်နည်းနည်းဖြင့် သိရှိထား၍ နောက်ကာလတွင် မည်သို့မည်ပုံ သိရှိခဲ့သည်ကို လုံးဝမေ့သွားပြီး ထိုအကြောင်းအရာနှင့်ဆိုင်သော အမှတ်သညာများ ကျန်ရစ်၏။ မိဘဆွေမျိုး သားချင်းများသည်လည်း မည်သည့်နည်းဖြင့် ကလေးသိရှိသည်ကို မသိကြ။ သို့ဖြင့် သူတို့မှာ အတိတ်ဘဝကို မိရိုးဖလာ လက်ခံယုံကြည်ခဲ့သူများ ဖြစ်ရကား ကလေးက သေသူကို မိမိ၏အတိတ်ဘဝနှင့်ထင်မှား၍ မိဘများကလည်း သူ့ကို လူဝင်စားဟု ထင်မှားကြခြင်း ဖြစ်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုကို ကောင်းစွာ မှတ်မိသော်လည်း မည်သည့်နေရာ၊ မည်သည့်အချိန်က စတင်မှတ်မိကြောင်း မေ့သွားတတ်ခြင်းမှာ မဆန်းလှချေ။ စာဖတ်ရာမှ ရရှိသော အသိသည် တစ်ခါတစ်ရံ မိမိဘာသာ ကြံစည်၍ ရရှိသော အသိလိုလို ဖြစ်သွားတတ်၏။ သိရှိရချက်သည် အမှတ်သညာနယ်၏ အောက်လွှာ၌ ငုပ်ကွယ်နေ၍ အိပ်မွေ့ချသော အခါ၊ သို့မဟုတ် သတိကင်းလွတ်နေသောအခါ၌ ပေါ်လာတတ်၏။ အင်္ဂလိပ်မတစ်ယောက်သည် ဖျားနာ၍ ကယောင်ကတမ်း ပြောသောအခါ ဟိန္ဒူစတန်နီစကားကို ပြော၏။ သူသည် ထိုဘာသာစကားကို လေ့လာခြင်း မရှိခဲ့ချေ။ နောက်မှ အိန္ဒိယပြည်၌ရှိစဉ် ကလေးဘဝက ကုလားအခိုင်းအစေများ စကားပြောသံကို သူ ကြားခဲ့ကြောင်း သိရှိရ၏။

သို့ရာတွင် အစမေ့ပျောက်မှုမျိုးဖြင့် လူဝင်စားမှုများကို ရှင်းပြရန် မလွယ်ကူချေ။ လူဝင်စားမှု၌ ကလေးသိရှိသော သေသူ၏ အကြောင်းအရာများမှာ အတော်အတန် များပြား၍ ရိုးရိုးနည်းဖြင့် ကလေးသိရှိရန် အလွန်ခဲယဉ်း၏။ သူနေသော အရပ်ဒေသ၌ သေသူ့အကြောင်း ရေးသားထားသော စာအုပ်မရှိ။ စာအုပ်ရှိသည့်တိုင် အသက်သုံးလေးနှစ် အရွယ်ကလေးသည် စာဖတ်တတ်မည် မဟုတ်ချေ။

သေသူ့အကြောင်းကို သူစိမ်းတစ်ရံစာ လူတစ်ဦးတစ်ယောက်ထံမှ ကလေးက သိရှိရန်မှာလည်း မဖြစ်နိုင်ချေ။ လူတစ်ဦးတစ်ယောက်သည် ကလေးအား အဘယ့်ကြောင့် သေသူ၏အကြောင်းကို ပြောပြရပါမည်နည်း။ ပြောပြရသည့်တိုင် ကလေးက စိတ်ဝင်စား ပါမည်လော။ ပြောပြရမည့် အချက်များမှာလည်း အပေါ်ယံ အနည်းအကျဉ်းမဟုတ်ဘဲ အတွင်းကျကျ အသေးစိတ် အချက်အလက်များဖြစ်ကြောင်း သတိပြုသင့်ပေ၏။

ကလေးသည် မိမိနေထိုင်သော ရပ်ကွက်အတွင်း နှစ်ပေါင်း မကြာသေးမီက သေဆုံးသွားသော ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို တစ်နည်းနည်းဖြင့် အနည်းအကျဉ်း သိရှိကောင်း သိရှိပေမည်။ သို့ရာတွင် လူဝင်စားမှုများမှာကဲ့သို့ လွန်ခဲ့သော လေးငါး ဆယ်နှစ်က မိမိနေအိမ်နှင့် အတော်အတန်ဝေးသော အရပ်ဒေသ၌ သေဆုံးသွားသော လူတစ်ဦး၏အကြောင်းကို စုံစုံစေ့စေ့ အတွင်းကျကျ သိရှိရန်မှာ အလွန်ခဲယဉ်းသောကိစ္စ ဖြစ်၏။ ထို့ကြောင့် အထက်ပါအဆိုမှာ သဘာဝယုတ္တိ မရှိလှချေ။

လူဝင်စားများ၌ နှစ်ပေါင်းအတန်ကြာက သေဆုံးခဲ့သော လူတစ်ဦးအကြောင်း အပ်ကျမပ်ကျ အတွင်းကျကျ သိရှိခြင်းကို အကြောင်းရှင်းရှာကြံရာ၌ အချို့ သုတေသီ ဆရာတို့သည် ပရစိညာဉ်ကို ရှေ့တန်းတင်လာကြ၏။ သူတို့၏အလိုအားဖြင့် ကလေးမှာ အကြားအမြင် (ဝါ) တယ်လီပသီ (ဝါ) ပရစိညာဉ် တန်ခိုးသတ္တိရှိသည်။ ကလေးသည် ထိုအစွမ်းသတ္တိဖြင့် သေသူ၏အကြောင်းကို စုံစုံလင်လင် သိရှိ၍ ထိုသိရှိမှုကြောင့်ပင် နောက်ဆုံး၌ မိမိကိုယ်ကို ဘဝဟောင်းက ထိုသေသူဖြစ်သည်ဟု ယုံကြည်လာခြင်း ဖြစ်သည်ဆို၏။

ကလေးသည် ဤအဆိုအတိုင်း ပရစိညာဉ်အစွမ်းသတ္တိ ရှိသည်မှန်ပါက သေသူ၏ အကြောင်းကိုသိသော သက်ရှိပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နှင့် အဆက်အသွယ်ရှိရန် မလို



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ထိုပုဂ္ဂိုလ်၊ သို့မဟုတ် သေသူ၏ပစ္စည်းတစ်ခုခုကို အမှတ်မထင် တွေ့မြင်ကာမျှနှင့် သေသူ၏ ဘဝဖြစ်စဉ်နှင့် စိတ်ဓာတ်စရိုက်၊ အမူအကျင့် စသည်တို့ကို စုံစုံစေ့စေ့ သိမြင်နိုင်ကြောင်း လွန်ခဲ့သောအခန်းများ၌ ပြဆိုခဲ့ပေပြီ။ သို့ရာတွင် ဤအဆို ရင်ဆိုင်ရမည့် အခက်အခဲများရှိ၏။ ကလေးသည် ပရစိတ္တဉ် အစွမ်းသတ္တိရှိကြောင်း အဘယ့်ကြောင့် အခြား အထောက်အထားများ မတွေ့ရပါသနည်း။ ကလေး၏ ပရစိတ္တဉ်သည် အဘယ့်ကြောင့် သေသူ လူအမြောက်အမြားထဲမှ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ရွေးချယ်၍ ထိုပုဂ္ဂိုလ်အကြောင်းကိုသာ သိရှိရပါသနည်း။ အကယ်၍ ကလေး၏ မိဘဆွေမျိုးများသည် သေသူ၏အကြောင်းကို ကောင်းစွာသိရှိထားသူများ ဖြစ်ပါက ပရစိတ္တဉ်၏ ဦးတည်ချက်ကို ကျွန်ုပ်တို့ အံ့သြရန်လိုမည်မဟုတ်။ သို့ရာတွင် မိဘဆွေမျိုးများက သေသူကို လုံးဝမသိသော အမှုများနှင့် ပတ်သက်၍ မည်သို့ ရှင်းပြပါမည်နည်း။

လူဝင်စားသည်ဆိုသော ကလေးများ၌ ပရစိတ္တဉ် အစွမ်းသတ္တိရှိသည် မှန်ပါက အဘယ့်ကြောင့် လူဝင်စားမဟုတ်သော ကလေးများ၌ ထိုသတ္တိကို မတွေ့ရပါသနည်းဟုလည်း စဉ်းစားရန်ရှိ၏။ စိတ်ပိဉာဉ်သုတေသီတို့၏ အဆိုအားဖြင့် ပရစိတ္တဉ်အစွမ်းပြသော ကလေးများ၊ အထူးသဖြင့် လူဝင်စားမှုများမှာကဲ့သို့ အသက်လေးငါးနှစ်ရွယ် ကလေးများမှာ အလွန်ရှား၏။ အကယ်ပင် ပရစိတ္တဉ်အစွမ်းရှိသော ပုဂ္ဂိုလ်များနှင့် လူဝင်စားဖြစ်သည်ဆိုသော ကလေးများမှာလည်း လက္ခဏာခြင်းရာအားဖြင့် တခြားစီဖြစ်၏။ ကလေးသည် နတ်ဝင်ကဲ့သို့ မိမိအား သေသူက ဓာတ်စီး၍ပြောသည်ဟု မဆို။ နတ်ဝင်သည်လည်း လူဝင်စားကဲ့သို့ မိမိသည် အတိတ်ဘဝက မည်သူမည်ဝါ ဖြစ်ပါသည်ဟု ဘယ်သောအခါမျှ မပြောချေ။

ကလေးသည် ပရစိတ္တဉ်ဖြင့်သာလျှင် သေသူ့အကြောင်းကို သိရှိခြင်းဖြစ်သည် မှန်ပါက မိမိကိုယ်ကို ရှေးအခါက ကေန်ထင်ရှားရှိသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်ခဲ့သည်ဟု အစွဲအမြဲ ထင်မြင်ယုံကြည်နေခြင်းမှာ အကြောင်းမဲ့ အဓိပ္ပာယ်မဲ့ ဖြစ်နေပေလိမ့်မည်။ ထိုထင်မြင်မှုမှာ ဟန်ဆောင်မှုဖြစ်သည်ဟု မဆိုနိုင်ချေ။ ကလေးမှာ ထိုသို့ ဟန်ဆောင်ရန်အကြောင်း ဘာမျှမရှိ။ ထိုသို့ ဟန်ဆောင်နေခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးမျှ ခံစားရမည်မဟုတ်ချေ။ စင်စစ် မိမိ၏ယုံကြည်မှုကြောင့် တစ်ခါတစ်ရံ ဒုက္ခကြုံတွေ့ရ၏။ မိဘများ၏ အားပေးမှုကိုမရရှိဘဲ ဘဝဟောင်းက ဆွေမျိုးများထံ ပို့ပေးရန် နားပူသောအခါ ဆူပူရိုက်နှက်ခြင်း ခံရတတ်၏။

ထို့အပြင် အကယ်၍ ကလေး၏ ထင်မြင်ယုံကြည်မှုသည် ဟန်ဆောင်မှုဖြစ်လျှင် ထိုဟန်ဆောင်မှုသည် ကြာရှည်တည်မြဲမည် မဟုတ်ချေ။ ယခုမှု ကလေးက မိမိကိုယ်မိမိ ရှေးကသေဆုံးခဲ့သော လူတစ်ဦးဖြစ်သည်ဟု ထင်မြင်မှုသည် လပိုင်းအတွင်း ပျောက်ကွယ်မသွားဘဲ နှစ်ကာလကြာရှည်သော ထင်မြင်မှုဖြစ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာသော လူဝင်စားမှုများတွင် အတိုဆုံးကာလမှာ နှစ်နှစ်ဖြစ်၍ အရှည်ဆုံးကာလမှာ ၁၆ နှစ်ဖြစ်၏။ ပထမတွင် ကလေးသည် မိမိ၏ ဘဝဟောင်းအကြောင်းကို အလိုအလျောက် မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ မေးမှပြော၏။ ထို့နောက် မှတ်မိသောအချက်များ တစ်စတစ်စ နည်းပါးလာ၍ နောက်ဆုံးတွင် ဘာမျှမမှတ်မိတော့ချေ။

လူ့ဝင်စားမှုများ၌ သေသူ့အကြောင်းကို ကလေးက ပရစိညာဉ်ဖြင့် သိခြင်းဖြစ်သည်မှန်ပါက ထိုပရစိညာဉ်သည် အတိတ်ကာလ အဖြစ်အပျက်များကို သိမြင်သော ပရစိညာဉ် ဖြစ်ရပေမည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ပျက်မှုကို နတ်မျက်စိကဲ့သို့ သိမြင်သော ပုဂ္ဂိုလ်များရှိ၏။ ထိုသိမြင်မှုသည် လူ့ဝင်စားဆိုသော ကလေး၏သိမြင်မှုနှင့် မတူချေ။ စိတ်ဝိညာဉ် သုတေသနမှတ်တမ်း၌လာသော အတိတ်သိမြင်မှုများတွင် ကျွန်ုပ်တို့ သတိပြုသင့်သော အချက်တစ်ချက်ရှိ၏။ အတိတ်ကာလ အဖြစ်အပျက်တစ်ခုကို ပရစိညာဉ်ဖြင့် သိမြင်မှု၌ အမြင်ရဆရာသည် ထို ဖြစ်ပျက်ခဲ့သောနေရာ၌ ရှိနေစဉ် သိမြင်ခြင်းဖြစ်၏။ သို့တည်းမဟုတ် ထို ဖြစ်ပျက်မှုနှင့်ဆိုင်သော နေရာဌာနမှဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးထံမှဖြစ်စေ အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးမှ သိမြင်ခြင်းဖြစ်၏။ လူ့ဝင်စားမှုများတွင် အထက်က ဖော်ပြခဲ့သော ဆွမ်လာတာကဲ့သို့ သေသူ၏မြို့ရွာသို့ ရောက်ရှိသွားမှ ကလေးက ဘဝဟောင်းကို စတင်သတိရသော အမှုများရှိသော်လည်း အများအားဖြင့်မူ ကလေးသည် သေသူ၏ မြို့ရွာသို့ တစ်ခါမျှ မရောက်ဖူးဘဲ၊ သေသူ၏ ဝတ္ထုပစ္စည်းတစ်စုံတစ်ခုကိုမျှ လုံးဝမမြင်ဖူးဘဲ အတိတ်ဘဝကို မှတ်မိသောအမှုများ ဖြစ်၏။

ပရစိညာဉ်ဖြင့် လုံးဝရှင်းပြ၍ မရအပ်သော လူ့ဝင်စားမှုများ၏ အဓိကလက္ခဏာခြင်းရာမှာ ဘဝဟောင်းနှင့် ဆက်စပ်နေဟန်ရှိသော လူ့ဝင်စား၏ စိတ်လှုပ်ရှားခံစားရချက်များနှင့် စရိုက်ဝါသနာ၊ အမူအကျင့် စသည်တို့ဖြစ်၏။ အထက်ကဖော်ပြခဲ့သော မောင်မြင့်အောင်က ဒေါ်ခင်မိမိအား ဒေါ်သနှင့်ပြောဆိုမှု၊ အလက်ဇန္ဒရင်းက သေသူနှင့် စရိုက်ဝါသနာတူညီမှု၊ ဆွမ်လာတာက ဘဝဟောင်းမှ ဆွေမျိုးသားချင်းများကို ခင်မင်တွယ်တာမှု၊ ဘက်လားပြည်နယ်မှ မိန်းကလေးများကဲ့သို့ သိဆိုကပြမှု စသည်များမှာ ပရစိညာဉ် အစွမ်းသတ္တိနှင့် မည်သို့မျှ မသက်ဆိုင်ချေ။

အချို့သော အမှုများ၌ အတိတ်ဘဝက ပုဂ္ဂိုလ်ဖြစ်သည်ဆိုသော သေသူ၌ တွေ့ရသည့် မွေးရာပါအမှတ်အသားမျိုး၊ သို့မဟုတ် ဘဝဟောင်းနှင့် ဆက်စပ်နေဟန်ရှိသော မွေးရာပါ အမှတ်အသားမျိုး (ဘဝဟောင်းက သေနတ်ပစ်ခံရသည်။)ဆိုသော ကလေး၌ သေနတ်ထိမှန်သောနေရာတွင် အမာရွတ်ဖြစ်နေခြင်း စသည်ကို လူ့ဝင်စားဖြစ်သည်ဆိုသော ကလေးများ၌ တွေ့ရ၏။ ဤလက္ခဏာခြင်းရာကိုလည်း ပရစိညာဉ်ဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။

အတိတ်ဘဝကို လက်မခံလိုသော စိတ်ဝိညာဉ် သုတေသီဆရာတို့က လူ့ဝင်စားမှုကိုရှင်းပြရန် တင်ပြသော နောက်ဆုံးအဆိုကို ယခု ကျွန်ုပ်တို့ စဉ်းစားရန်ရှိ၏။ ထိုဆရာတို့အလိုအားဖြင့် အချို့သော လူတို့သည် သေသောအခါ တမလွန်လောကသို့ ချောချော

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



မောမော ရောက်ရှိမသွားကြချေ။ သူတို့၏ဝိညာဉ်များသည် လူ့ဘဝကို စွဲလမ်းနေသောကြောင့် လူ့ပြည်၌ လှည့်လည်သွားလာနေ၍ အခါအခွင့်သာသောအခါ သက်ရှိလူများကို ဝင်ပူးလေ့ရှိကြ၏။ သို့ဖြစ်၍ လူဝင်စားသည်ဆိုသော ကလေးသည် ရှေးအခါက သေဆုံးသွားသော လူတစ်ဦးနှင့် ဘဝချင်း ဆက်နေသော ကလေးမဟုတ်။ ထိုသေသူ၏ လိပ်ပြာ ဝိညာဉ်အခိုက်အတန့် နားခိုမှီးကပ်ခြင်းခံရသော ကလေးဖြစ်သည်ဆို၏။ တစ်နည်းအားဖြင့်ဆိုသော် လူဝင်စားမှုဖြစ်သည်ဆိုသော အမှုများသည် အပမှီမှုများဖြစ်သည်ဟု ထိုဆရာတို့က ယူဆကြ၏။

စင်စစ် နတ်ဝင်များသည် ဓာတ်စီးနေသောအခိုက်၌ အပမှီနေသောသူများ ဖြစ်ကြ၏။ နတ်ဝင်မဟုတ်ဘဲ အပမှီခံရသော သူတို့အကြောင်း သာဓကများကို ခိုင်လုံသော အထောက်အထားများနှင့် စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ ပြဆိုထား၏။ လူဝင်စားမှုများနှင့် နှိုင်းယှဉ်ကြည့်ရန် အထူးထင်ရှားသော အပမှီမှုတစ်ခုကို ဖော်ပြပါအံ့။

လူရန်စီဆိုသော မိန်းမငယ်တစ်ဦးသည် အမေရိကန်နိုင်ငံ၊ အီလီနွိုက်ပြည်နယ်၌ မိဘများနှင့်အတူ နေထိုင်လျက်ရှိစဉ် တစ်နေ့တွင် နံနက် အိပ်ရာမှနိုးသောအခါ မိဘများကို ရှေးက မမြင်ဖူးသကဲ့သို့ စိုက်ကြည့်ပြီးလျှင် သူ့မိဘများထံ ပြန်သွားလိုသည်။ သူ့ကို အိမ်ပြန်ပို့ပေးပါဟု ပြော၏။ မိဘများက သူ စိတ်အထင်မှားနေကြောင်း၊ သူတို့သည်ပင် သူ၏ မိဘများဖြစ်ကြောင်း ပြောသော်လည်း မယုံချေ။ သူက မိမိသည် မေရီရော့(ဖ်)ဖြစ်၍ သူ့မိဘများထံသို့ ပို့ရန်သာ ထပ်တလဲလဲ ပြော၏။

မေရီရော့(ဖ်)ဆိုသူမှာ လူရန်စီမိဘများ၏ အိမ်နီးချင်းတစ်ဦး၏ သမီးဖြစ်၍ လွန်ခဲ့သော ၁၂ နှစ်လောက်က စိတ္တဇဆေးရုံ၌ ကွယ်လွန်ခဲ့ပြီး ဖြစ်၏။ လူရန်စီသည် မေရီရော့(ဖ်) သေဆုံးစဉ် အခါလည်ကျော်မျှသာ ရှိသေး၏။ မေရီရော့(ဖ်)၏ မိဘများမှာ သူတို့သမီး၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ကိုပြောသော အလေ့အထမရှိသဖြင့် မေရီရော့(ဖ်)အကြောင်းကို လူရန်စီ ကြားဖူးမည်မဟုတ်ချေ။

လူရန်စီ၏မိဘများသည် သူကအမျိုးမျိုး နားပူနေသဖြင့် နောက်ဆုံး မစ္စတာရော့(ဖ်)ထံသို့သွား၍ ပြောရတော့၏။ မစ္စတာရော့(ဖ်)သည် အိမ်သို့လိုက်ပါလာရာ လူရန်စီသည် သူ့ကိုမြင်သည်နှင့် တစ်ပြိုင်နက် ဖေဖေဟုအော်ခေါ်ပြီး ရင်ခွင်ထဲသို့ ပြေးဝင်လေသည်။ လူရန်စီသည် မစ္စတာရော့(ဖ်)အိမ်သို့ သွားရောက်နေထိုင်ရာ အိမ်သားများမှာ သူ့ကို မေရီရော့(ဖ်)ဖြစ်သည်ဟု ယုံရမလိုလို ဖြစ်လာကြသည်။

ရော့(ဖ်)မိသားစုနှင့် လူရန်စီမိသားစုများမှာ ကနဦးက သိကျွမ်းသူများ မဟုတ်ကြချေ။ သို့စဉ်လျက် လူရန်စီသည် မိမိမမွေးဖွားမီ လွန်ခဲ့သော နှစ်ပေါင်း ၁၂ နှစ်နှင့် ၂၅ နှစ်အတွင်းက မေရီရော့(ဖ်)၏ အကြောင်းအရာအားလုံးကို သိရှိနေတော့၏။ မေရီ၏ အသိမိတ်ဆွေများကို နာမည်နာမနှင့်တကွ ကောင်းစွာမှတ်မိ၍ မေရီ၏ ဘဝဖြစ်စဉ်ကို အပ်ကျမပ်ကျ ပြောပြနိုင်၏။ သူ၏ပြောပြချက်များမှာ ဘယ်အခါမျှ မမှားချေ။ သူသည် မိမိ၏မိဘများကို သူစိမ်းတရံစာကဲ့သို့ ဆက်ဆံ၍ မေရီ၏မိဘများကိုမူ များစွာ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



လေးစား၏။ ရှေးကကဲ့သို့ စိတ်လိုက်မာန်ပါ တစ်ဖွတ်ထိုး မလုပ်တော့ဘဲ စိတ်နှလုံး သိမ်မွေ့နူးညံ့သောအဖြစ်သို့ ပြောင်းလဲသွား၏။

သို့ဖြင့် နောက် ရက်သတ္တပတ် လေးပတ်ကြာသောအခါ မေရီရော့(ဖ်)၏စိတ်များ ကွယ်ပျောက်၍ လူရန်စီသည် မစွတာရော့(ဖ်)အား မိမိ၏အိမ်သို့ ပြန်ပို့ပေးရန် ပြော၏။ အိမ်သို့ပြန်ရောက်သော် မိဘ၊ အစ်ကိုညီမများကို ပွေ့ဖက်နမ်းရှုပ်၍ ဝမ်းသာအားရသော အမူအရာကိုပြ၏။ ထိုမှနောက်၌ လူရန်စီသည် ရှေးကလို မဟုတ်တော့ဘဲ အသိအလိမ္မာ နှင့် ယဉ်ကျေးသိမ်မွေ့သော မိန်းမပျိုကလေး ဖြစ်လာပြီးနောက် နောက် ရှစ်နှစ်ကြာသော အခါ အိမ်ထောင်ကျသွား၏။

ဤအပမှီသူများနှင့် လူဝင်စားမှုများမှာ တူညီသောအချက်များ ရှိ၏။ အပမှီခံ ရသောသူသည် လူဝင်စားကဲ့သို့ပင် မိမိကိုယ်ကို အတိတ်ကာလက သေဆုံးခဲ့သော လူတစ်ဦးဖြစ်သည်ဟု ယုံကြည်၍ ဘဝဟောင်းအကြောင်းကို မှန်ကန်စွာ ပြောပြနိုင်၏။ ဆွေမျိုးသားချင်း၊ ဝတ္ထုပစ္စည်းများကို မှတ်မိ၏။ ဘဝဟောင်းနှင့် ဆက်စပ်နေသော စိတ်လှုပ်ရှား ခံစားရမှုများနှင့် အမူအရာ စရိုက်ဝါသနာကို အထင်အရှားပြတတ်၏။

သို့ရာတွင် မတူညီသောအချက် အတော်များများ ရှိခြင်းကိုလည်း ကျွန်ုပ်တို့ သတိပြုသင့်ပေ၏။ အပမှီခံရသူများမှာ လူငယ်လူရွယ် လူလတ်များဖြစ်၍ လူဝင်စားမှု များမှာ အများအားဖြင့် ကလေးများဖြစ်၏။

အပမှီခံရသော အချိန်ကာလမှာ လူဝင်စားဖြစ်နေသော ဘဝဟောင်းအကြောင်း မှတ်မိနေသော အချိန်ကာလလောက် ကြာရှည်ခြင်း မရှိချေ။ အပမှီခံရသောသူသည် သူ့အား မှီးကပ်နေသောပုဂ္ဂိုလ် မသေမီက မွေးဖွား၍ လူဝင်စားမှုမှာမူ အတိတ်ဘဝ ပုဂ္ဂိုလ် သေဆုံးပြီး နှစ်ကာလအတန်ကြာမှ မွေးဖွား၏။

နတ်ဝင်မဟုတ်ဘဲ အပမှီခံရသောသူများမှာ လူဝင်စားများလောက် များများစားစား မရှိချေ။ အထက်ပါ လူရန်စီ၊ မေရီရော့(ဖ်) အမှုကဲ့သို့ အချက်အလက်၊ အထောက်အထား ခိုင်လုံပြည့်စုံသော အပမှီမှုများမှာ ရှား၏။ အပမှီခံရသောသူသည် သေသူနှင့် ပတ်သက် သော အမှတ်သညာများ မပြတ်သားဘဲ ဝိုးတဝါးဖြစ်နေသည်က များ၏။

အပမှီမှုများနှင့် မည်သို့မျှ ရောထွေး၍မရအပ်သော လူဝင်စားမှုများမှာ မွေးရာပါ အမှတ်အသား၊ အထောက်အထား ပါရှိသောအမှုများ ဖြစ်၏။ ဒေါက်တာစတီဗင်ဆင် စူးစမ်းလေ့လာခဲ့သော လူဝင်စားမှုများတွင် ထိုမွေးရာပါ အမှတ်အသားများ တွေ့ရသော အမှုများ ၄၊ဆယ်ခန့်ရှိ၏။ သီဟိုဠ်မှ အမှုတစ်ခုတွင် လူသတ်မှုကျူးလွန်၍ ကြိုးပေး ခံရပြီးနောက် လူဝင်စားဖြစ်လာသည်ဆိုသော လူတစ်ယောက်မှာ ညာဘက်လက်မောင်း သိမ်၍ လက်ချောင်းများ ပုံမမှန်ဘဲ အနေအထားပျက်နေသည်ကို တွေ့ရ၏။ အတိတ် ဘဝက အသတ်ခံရသော အိန္ဒိယပြည်မှ ရဗီသျှန်ကာဆိုသူ၏ လည်ပင်း၌ အမာရွတ် တစ်ခုတွေ့ရ၍ အလက်စကားပြည်နယ်မှ လူဝင်စားနှင့် အတိတ်ဘဝ ပုဂ္ဂိုလ်နှစ်ဦးစလုံး၌ ကိုယ်ခန္ဓာ တစ်နေရာတည်းတွင် မှဲ့များတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မွေးရာပါ အမှတ်အသားမပါသော လူဝင်စားများသည်ပင် အပမိုသူများနှင့် သိသိသာသာခြားနား၍ အထင်လွဲမှားစရာ မရှိချေ။ စင်စစ် အပမိုမှုကို ယုံကြည်ပါက တမလွန်လောကကို လက်ခံခြင်းပင်ဖြစ်၍ လူသေလူဝင်စားဖြစ်သည်ဆိုခြင်းမှာ လူသေပြီး အရူပဝိညာဉ် ဖြစ်သည်ဆိုခြင်းထက် ပိုမိုရှုပ်ထွေးဆန်းကြယ်၍ နားလည်ရန် ခက်ခဲသည် ဟု မဆိုသာချေ။ အချို့သော အသိပညာရှင်တို့၏ အမြင်အားဖြင့် လူသေလူဝင်စား အယူမှာ တမလွန်ဘဝ အယူအဆများတွင် သဘာဝယုတ္တိ အရှိဆုံးဖြစ်ကြောင်း အထက်က ဖော်ပြခဲ့ပေပြီ။

အမှန်ဆိုသော် လူသေလူဝင်စားအယူနှင့် ပတ်သက်သော ငုလေ့လာတွေ့ရှိချက် များမှာ လွန်ခဲ့သောအခန်းများ၌ ပြဆိုခဲ့သော နတ်ဝင်များအကြောင်း လေ့လာတွေ့ရှိချက် များထက် ထူးထွေများပြား၍ လူသေလူဝင်စားမှုမှာ ဝိညာဉ်လောကရှိမှုထက် ပို၍ အထောက်အထားများသည်ဟု ဆိုရပေမည်။ သေသူနှင့် ပတ်သက်သော ပြောဆိုချက် မှန်ကန်မှု၊ မှတ်မိမှု၊ ခံစားမှုစသည် အားလုံးကို နတ်ဝင်၌ တွေ့ရသည့်နည်းတူ လူဝင်စား၌ တွေ့ရသည့်အပြင် နတ်ဝင်၌မတွေ့ရသော သေသူနှင့် စရိုက်ဝါသနာ၊ မွေးရာပါအမှတ် အသားတူညီမှုကို လူဝင်စား၌ တွေ့ရ၏။ ထို့အပြင် သေသူ့အကြောင်းကို သိရှိခြင်းသည် ကလေး၏ ပရဝိညာဉ်ကြောင့် ဖြစ်သည်ဟု ပြောဆိုရန်မှာ နတ်ဝင်၏ ပရဝိညာဉ်ကြောင့် ဖြစ်သည်ဟု ဆိုရန်လောက် လွယ်ကူသော ကိစ္စမဟုတ်ချေ။

ထို့ကြောင့် လူဝင်စားမှုအားလုံးသည် အပမိုမှုများ မဖြစ်နိုင်ချေ။ အထူးသဖြင့် ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော အချို့အမှုများသည် လူသေလူဝင်စား (ဝါ) အတိတ်ဘဝရှိသည်ဟု ယူဆရန်အတွက် အထောက်အထားများ ဖြစ်၏။

ဤနေရာ၌ ကျွန်ုပ်တို့သည် သိပ္ပံသုတေသနရှုထောင့်မှ ရေးသားနေခြင်းဖြစ်၍ လူဝင်စားမှုများကို နှစ်ပေါင်းများစွာ သိပ္ပံနည်းကျ လေ့လာခဲ့သော ဒေါက်တာစတီဗင်ဆင် ၏ ထင်မြင်ချက်ကို ဖော်ပြရပေမည်။

၁၉၆၀ ပြည့်နှစ်က သူ တင်ပြခဲ့သော သုတေသနစာတမ်း အဆိုအားဖြင့်မူ ထိုအချိန် အထိ သူလေ့လာခဲ့သော အချို့အမှုများမှာ အပမိုမှုများ ဖြစ်ကောင်းဖြစ်ပေမည်။ အချို့မှာ ကလေး၏ ပရဝိညာဉ်ဖြင့် သိရှိမှုများ ဖြစ်ပေမည်။ အချို့မှာ ကလေးသည် လူဝင်စားဖြစ် သောကြောင့်လည်း မဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် သေသူ့အကြောင်းကို သိရှိမှု ဖြစ်ပေမည်။ သို့ရာတွင် အချို့အမှုများမှာ လူဝင်စားမှုဖြစ်သည်ဟု ယူဆရန် အထောက် အထားများ ဖြစ်၏။

အထောက်အထားများမှာ လူဝင်စားမှုဖြစ်ရမည်ဟု မုချဆတ်ဆတ် ဆိုနိုင်လောက် အောင် ပြီးပြည့်စုံနိုင်လုံသော အထောက်အထားမဟုတ်။ လေ့လာခဲ့သောအမှုများ အတော် များပြားမှုကို ကြည့်၍လည်း လူဝင်စားခြင်းကို လက်ခံယုံကြည်ရန် အကြောင်းယုတ္တိ ရာခိုင်နှုန်းပြည့် ခိုင်လုံပြီဟု မဆိုသာချေ။ အဘယ့်ကြောင့်ဆိုသော် အမှုတိုင်းလိုလို၌ ဟာကွက်အားနည်းချက် အနည်းအများရှိနေသည်ကို တွေ့ရသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ ခုနှစ်၌ သူရေးသားသော လူဝင်စားမှုအကြောင်း သုတေသနစာအုပ်၌မူ သူ၏လေ့လာချက်အရ လူဝင်စားခြင်းကို ယုံကြည်ရန် အထောက်အထားများ ရှေးကထက် ပိုမိုများပြားလာပြီဖြစ်ကြောင်း နိဂုံး၌ဖော်ပြထား၏။ သို့ရာတွင် လူဝင်စားသည်ဆိုခြင်းမှာ မှုချမှန်ကန်ပါသည်ဟု သေချာတပ်အပ် မဆိုချေ။

ဒေါက်တာစတီဗင်ဆင်သည် သုတေသီပညာရှင် ဖြစ်သည်နှင့်အညီ ဆင်ခြင်၍ မယုတ်မလွန် ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။ ဤသည်မှာ သိပ္ပံပညာရှင်တို့၏ အစဉ်အလာ ကျင့်ထုံးဖြစ်၏။ စင်စစ် အခြား စိတ်ဝိညာဉ် စူးစမ်းလေ့လာမှုများကဲ့သို့ပင် လူဝင်စားမှု စူးစမ်းလေ့လာသော လုပ်ငန်းမှာ မပြီးဆုံးသေးချေ။ တစ်နည်းဆိုသော် တိကျပြတ်သားသော အဖြေများပေးနိုင်သော အဆင့်သို့ မရောက်သေးချေ။ ရှေ့ဆက်လက်၍ လေ့လာရပေလိမ့်မည်။

သိပ္ပံသုတေသီတစ်ဦးအနေဖြင့် လူသေလူဝင်စားဖြစ်သည်ဟု မည်သည့်အခါ ရဲရဲဝံ့ဝံ့ ဆိုနိုင်ပါမည်နည်းဟု ကျွန်ုပ်တို့ စဉ်းစားရန်ရှိ၏။ ဒေါက်တာစတီဗင်ဆင်ကမူ ထိုသို့ ဆိုနိုင်ရန်မှာ အဘက်ဘက်က အထောက်အထား ပြည့်စုံနိုင်လုံသော အမှုတစ်ခုကို လေ့လာ တွေ့ရှိမှ ဖြစ်မည်ဆို၏။ ထိုအမှု၌ သေသူနှင့်ပတ်သက်သော ကလေး၏ ပြောဆိုချက်များ မှန်ကန်ရမည်။ သေသူနှင့် စိတ်စရိုက်အမူအကျင့် တူညီမှုရှိရမည်။ သေသူပြောသော ဘာသာစကားကို ပြောဆိုနိုင်ရမည်။ သေသူ၌ရှိသော မွေးရာပါ အမှတ်အသားများကို ကလေး၌ တွေ့ရှိရမည်။ ကလေးနှင့် သေသူ၏ နှစ်ဖက်သော မိဘဆွေမျိုးသားချင်း များသည် မူလက ခင်မင်ရင်းနှီးသောသူများ မဖြစ်စေရ။ ကလေး၏မိဘများသည် သေသူ၏ မိဘဆွေမျိုးများကို သွားရောက်တွေ့ဆုံခြင်း မပြုမီက သေသူ့အကြောင်း ကလေးပြောသော အချက်များ၊ ကလေး၏ စိတ်ဓာတ်စရိုက်အမူအရာ စသည်များကို စာဖြင့် ရေးမှတ်ထားရမည် ဖြစ်၏။

ဒေါက်တာစတီဗင်ဆင်က ဤသို့သောအမှုမျိုးကို မိမိ မတွေ့ကြုံရသေးပါ။ နောင် တွေ့ကြုံရလိမ့်မည်ဟုလည်း သိပ်မမျှော်လင့်ပါဟု ဆို၏။ သို့သော် ထိုသို့ အဘက်ဘက်မှ အထောက်အထား ပြည့်စုံနိုင်လုံသောအမှုမျိုးကို မလေ့လာသေးစေကာမူ ယခုအထိ လေ့လာ ပြီးသော အမှုများထက် ခိုင်မာသည့်အမှုများကို တွေ့ရလိမ့်မည်ဟု မျှော်လင့်လျက်ရှိ၏။

ထို ပိုမိုခိုင်မာသော အမှုများမှာ ကလေးက မိမိ၏ဘဝဟောင်းအကြောင်းကို ပြောပြသောအခါ ဆိုင်ရာသေသူ၏ မိဘဆွေမျိုးသားချင်း၊ အပေါင်းအသင်းများကို မတွေ့ဆုံသေးမီ ကလေး၏ပြောပြချက်များကို အားလုံးစေ့စေ့သေချာစွာ ရေးမှတ်ထားသော အမှုမျိုးဖြစ်၏။ ထိုသို့ ကြိုတင်မှတ်သားထားရန်မှာ သုတေသီဆရာတို့ အမြင်အားဖြင့် အလွန်အရေးကြီးသော ကိစ္စဖြစ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော အမှုများသည် ကလေး၏ပရဝိညာဉ်အစွမ်းပြမှု၊ သို့မဟုတ် အပမှီမှု၊ သို့မဟုတ် လိမ်လည်မှုဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိ။ သို့ရာတွင် ကလေးက သေသူ့အကြောင်း မိမိ အမှတ်သညာ သက်သက်ဖြင့် ထိုမျှမှန်ကန်စွာ ပြောနိုင်သည်ဟု ယုံကြည်ရန် အထောက်အထား ပိုမို



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလိုသည်ဟု အခြားသုတေသီဆရာတို့က ဆိုကြ၏။

ဤအချက်ကို ဒေါက်တာစတီဗင်ဆင်က မငြင်းဆိုချေ။ လူဝင်စားမှုများကို သူကိုယ်တိုင် သွားရောက်လေ့လာသောအချိန်၌ ကလေးနှင့် သေသူ နှစ်ဦးနှစ်ဖက်မှ မိဘဆွေမျိုးများမှာ သိကျွမ်းရင်းနှီးနေကြပြီ ဖြစ်၏။ သူတို့ ပူးပေါင်းလိမ်လည်မှု မဖြစ်နိုင်သည်ကား မှန်၏။ သို့ရာတွင် အမှတ်သညာချွတ်ယွင်းမှု၊ စိတ်လှည့်စားမှု၊ ဆန္ဒစွဲ ရှေ့ဆောင်မှုစသော အကြောင်းများကြောင့် ကလေး၏ ရိုးရိုးနည်းဖြင့် သိသောအချက်များမှာ သုတေသီဆရာ စူးစမ်းသောအခါ ဘဝဟောင်းအကြောင်း အမှတ်သညာများလိုလို ဖြစ်ကောင်းဖြစ်နေသလောဟု အချို့က သံသယရှိကြပေလိမ့်မည်။

မည်သို့ဖြစ်စေ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ၌ တိကျသေချာမှုသည် အရေးကြီး၍ တယ်လီပသီကို လေ့လာရာမှာကဲ့သို့ပင် လူဝင်စားမှုလေ့လာရာ၌ ကလေးနှင့် သေသူ မိဘဆွေမျိုးများ မတွေ့ဆုံမီ ကလေးပြောသမျှကို ရေးမှတ်ထားပါမှ အမှန်တကယ် ခိုင်မာသော အထောက်အထား ရရှိနိုင်မည်ဖြစ်၏။ ဒေါက်တာစတီဗင်ဆင့် စုဆောင်းထားသော အမှုများတွင် ထိုအမှုမျိုး ၁၃ မှုပါဝင်၍ အိန္ဒိယနိုင်ငံမှ ခုနစ်မှု၊ လီဘနွန်၊ သီရိလင်္ကာနှင့် ဂျာမနီနိုင်ငံများမှ နှစ်မှုစီဖြစ်၏။

ဒေါက်တာစတီဗင်ဆင်သည် အိန္ဒိယနိုင်ငံ၌ ထိုအမှုမျိုး နောက်ထပ် လေ့လာနိုင်ရန် အိန္ဒိယသုတေသီဆရာတို့နှင့် စီစဉ်ထား၏။ အမှုတစ်မှုရှိကြောင်း သတင်းရရှိသည်နှင့် ဒေသခံ သုတေသီဆရာသည် ဆိုင်ရာကလေးနှင့် ကလေးမိဘများကို သွားရောက်တွေ့ဆုံရမည်။ သေသူ၏ မိဘဆွေမျိုးများနှင့် သူ၏အမူအရာ စရိုက်လက္ခဏာအားလုံးကို လေ့လာပြီး စာဖြင့် ရေးမှတ်ထားရမည်။ ဒေါက်တာစတီဗင်ဆင် မရောက်လာသေးမီ ကလေး၏ မိဘများအား ဘဝဟောင်းက သူ၏ မိဘဆွေမျိုးများ ဖြစ်သည်ဆိုသော ပုဂ္ဂိုလ်တစ်ယောက်ကိုမျှ သွားရောက်တွေ့ဆုံခြင်းမပြုရန် ပြောကြားထားရမည် ဖြစ်၏။

မြန်မာနိုင်ငံ၌ လူဝင်စားမှုအကြောင်းကို ကျွန်ုပ်တို့ မကြာခဏ ကြားသိရလေ့ရှိပေရာ အထက်ပါကိစ္စမျိုးကို သုတေသီလုပ်ငန်း စိတ်ဝင်စားသော ပုဂ္ဂိုလ်များက မဆောင်ရွက်နိုင်စရာ အကြောင်းမရှိချေ။ တတ်နိုင်သမျှ ကူညီဆောင်ရွက်ခြင်းဖြင့် လူဝင်စားမှုနှင့် ပတ်သက်သော အနောက်တိုင်းပညာရှင်တို့၏ သုတေသနလုပ်ငန်းကို မြန်မာနိုင်ငံက အထောက်အကူ ပြုသင့်လှပေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၈

# စဉ်းစားဖွယ်ရာများ

လူဝင်စားမှုများကို လေ့လာခဲ့သော ဒေါက်တာစတီဗင်ဆင်၏ တွေ့ရှိချက်များနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာများကို ဖော်ပြပါအံ့။

လူဝင်စားမှုများမှာ အခန်း(၂)နှင့် (၃)တွင် ပြဆိုခဲ့သော တမလွန်လောက (ဝါ) ဝိညာဉ်လောကနှင့် ဆက်စပ်လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် လူဝင်စားဖြစ်သည် ဆိုသော ကလေး၏ပြောပြချက်အရ ရှေးဘဝဟောင်းနှင့် ဘဝသစ်သည် တစ်ဆက်တည်း မဟုတ်ချေ။ လူသတ္တဝါသည် သေပြီးနောက် ဘဝသစ်အတွက် အမိဝမ်း၌ ချက်ချင်း ပဋိသန္ဓေမတည်ဘဲ ဝိညာဉ်လောကသို့ ရောက်ရှိသွား၏။ ထိုကြားကာလမှာ လူဝင်စား တစ်ဦးနှင့်တစ်ဦးအဖို့ အတိုင်းအရှည်မတူချေ။ စတီဗင်ဆင် လေ့လာသော အမှုများတွင် အတိုဆုံးကာလမှာ လပိုင်းမျှသာရှိ၍ အရှည်ဆုံးကြားကာလမှာ နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာ၏။ အိန္ဒိယပြည်မှ လူဝင်စားမှုများမှာ ပျမ်းမျှခြင်းအားဖြင့် နှစ်နှစ်မှ ဆယ်နှစ်အထိ ကြားကာလရှိ၏။

အချို့ လူဝင်စားမှုများ၌ သေသူသည် ထိုဝိညာဉ်လောကမှနေ၍ မိမိဝင်စားမည့် အကြောင်း မိခင်လောင်းအား အိပ်မက်ပေး၏။ လူဝင်စားများသည် အများအားဖြင့် ကြားကာလ အဖြစ်အပျက်များကို ပြောမပြနိုင်ကြချေ။ ဒေါက်တာစတီဗင်ဆင်ကဲ့သို့ လူဝင်စားမှုများကို လေ့လာခဲ့သော သုတေသီဖရန်စစ်စတိုရီ[၁]ကမူ ကြားကာလကို မှတ်မိ သောလူဝင်စားများကို တွေ့ရှိခဲ့သည်ဆို၏။ သူ၏အဆိုအားဖြင့် လူဝင်စားများ၏ ပြောပြ ချက်များမှာ နတ်ဝင်တို့ ခတ်စီးနေခိုက် ပြောပြသောအချက်များနှင့် အချို့နေရာများတွင် ကိုက်ညီနေ၏။ အစပထမ၌ သေသူသည် မိမိသေမှန်းမသိဘဲ မေ့ဆေးပေးထားသော လူနာကဲ့သို့ ခံစားရသည်။ သို့ရာတွင် ရုပ်ခတ်ကင်းသော ဝိညာဉ်သက်သက်ဖြစ်သည်

၁။ Francis Story တစ်ခါက မြန်မာနိုင်ငံ၌ နှစ်ပေါင်းအတော်ကြာ နေထိုင်သွားသော ဗုဒ္ဓဘာသာဝင် အင်္ဂလိပ်အမျိုးသားတစ်ဦး ဖြစ်၏။ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)၌ ကွယ်လွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းမှာ မမှန်။ တမလွန်ဘုံသားတို့သည် လူသားတို့ထိတွေ့ရန် မဖြစ်နိုင်သော အလွန်သိမ်မွေ့သော ရုပ်ထူး ရှိကြသည်ဆို၏။

ကြားကာလကို မှတ်မိသည်ဆိုသော လူဝင်စားများ၏ ပြောပြချက်အရ ဝိညာဉ်လောကသို့ ရောက်လာသောသူများကို ကူညီ၍ လမ်းညွှန်ပြသော ပုဂ္ဂိုလ်များရှိ၏။ ဖရန့်စစ် စတိုရီ လေ့လာခဲ့သော မြန်မာဘုန်းကြီးတစ်ပါး၏ လူဝင်စားမှု၌ လမ်းညွှန်ပုဂ္ဂိုလ်သည် သူသေပြီးနောက် မကြာမီပေါ်လာ၍ သူ ကူးပြောင်းရမည့် ဘဝသစ်ကို ညွှန်ပြ၏။ စတီဗင်ဆင်၏ အဆိုအားဖြင့် မြန်မာနှင့်ထိုင်း လူဝင်စားမှုများတွင် ဝိညာဉ်လောကမှ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်အကြောင်း တွေ့ရတတ်၏။ တစ်ခါတစ်ရံ ထိုပုဂ္ဂိုလ်က အထက်၌ ဖော်ပြခဲ့သော ဂျပန်ပြည်မှ လူဝင်စားမှုကဲ့သို့ သေသူအား လူဝင်စားဖြစ်ရမည့် အိမ်သို့ ခေါ်ဆောင်ပြသသည်ဆို၏။ အလားတူ လူဝင်စားမှုတစ်ခုကို အမေရိကန်ပြည်၌ တွေ့ရ၏။

လူဝင်စားကလေးသည် ကြားကာလ အဖြစ်အပျက်ကို မမှတ်မိသော်လည်း ဘဝဟောင်းအကြောင်းကို ပြောပြရာ၌မူ တိကျမှန်ကန်လှပေ၏။ အထူးသဖြင့် အချို့ကလေးများသည် အတိတ်ဘဝက သူတို့ မည်သို့မည်ပုံ သေဆုံးသည်၊ အသက်ထွက်ခါနီး၌ မည်သို့ဖြစ်ပျက်သည်၊ မည်သည့်စကားကို သူတို့ပြောခဲ့သည် စသည်တို့ကို ကောင်းစွာ မှတ်မိကြ၏။ အတိတ်ဘဝက ကြိုးပေးအသတ်ခံရသော သီဟိုဠ်ကျွန်းမှ လူဝင်စားမှုတွင် ထိုအချိန်က အသတ်မခံရမီ ငါးရက်အလိုတွင် ညီဖြစ်သူက မိမိအတွက် ထောင်ထဲ၌ အလှူဒါနပြုပုံ၊ ကြိုးစင်ကို ပြင်ဆင်ကြပုံ၊ သတ်ခါနီး၌ ဘုန်းတော်ကြီးက တရားဟောပုံ၊ မသတ်မီ ခေါင်းကို အဝတ်နက်စွပ်ပုံ စသည်တို့ကို ကလေးက အသေးစိတ် စုံလင်စွာ ပြောပြ၏။ သေခါနီး ဖြစ်ပျက်မှုများမှာ မျက်မှောက်ဘဝနှင့် အချိန်ကာလ အနီးကပ်ဆုံး ဖြစ်၍ ပူပူနွေးနွေး အမှတ်သညာများ ဖြစ်နေဟန်ရှိ၏။

ကမ္ဘာပေါ်၌ အတိတ်ဘဝကို မှတ်မိသည်ဆိုသော ကလေးများမှာ လုံးဝမမှတ်မိသော ကလေးဦးရေနှင့်စာသော် အလွန်နည်းပါး၏။ အမေရိကန်ပြည်ထောင်စုကဲ့သို့ လူဦးရေ သန်းနှစ်ရာကျော်သော နိုင်ငံ၌ လူဝင်စားပေါင်း ၃၈၈ မှုမျှသာရှိခြင်းမှာ စဉ်းစားဖွယ်ဖြစ်၏။ သို့ရာတွင် ဤသည်မှာ စိတ်ဝိညာဉ် သုတေသီဆရာတို့ မှတ်တမ်းတင်ထားသောအမှုများဖြစ်၍ ဆိုင်ရာကလေး၏ မိဘများက လူရယ်ခံရမည်စိုး၍ သော်လည်းကောင်း၊ မသိနားမလည်သောကြောင်းလည်းကောင်း မည်သူ့အားမျှ အသိမပေးဘဲ အမှတ်မထင် ပျောက်ကွယ်သွားသော လူဝင်စားမှုများလည်း ရှိ၏။ အချို့လူများက မိမိတို့သားသမီးများသည် ငယ်စဉ်က သူတို့ တစ်ချိန်တစ်ခါက ဘာဖြစ်ခဲ့သည်၊ ဘာလုပ်ခဲ့သည် စသည်များကို ပြောပြကြကြောင်း၊ သို့ရာတွင် မိမိတို့ လူဝင်စားမှုများအကြောင်းကို ကြားမှုမကြားဖူးသဖြင့် ကလေးတို့ဘာဝ စိတ်ကူးယဉ်ပြီး ပေါက်တတ်ကရ ပြောနေခြင်းဖြစ်သည်ထင်ပြီး မေးမြန်းစုံစမ်းမနေဘဲ သူတို့စကားကို မေ့ပျောက်ပစ်လိုက်ကြောင်း ဒေါက်တာစတီဗင်ဆင်အား ပြောပြကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သုတေသီဆရာတို့ တွေ့ရှိထားသော အနောက်နိုင်ငံ လူဝင်စားမှုများမှာ အာရုတိုက်မှအမှုများနှင့် လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သည့် အီတလီပြည်မှ အလက်ဇန္ဒရင်း အမှုကဲ့သို့ အထောက်အထား စုံလင်ကြွယ်ဝခြင်းမရှိချေ။ ဤသို့ အတိတ်ဘဝကို ကောင်းစွာ မမှတ်မိခြင်းမှာ ဒေါက်တာစတီဗင်ဆင်၏ အမြင်အားဖြင့် အကြောင်းသုံးခုကြောင့် ဖြစ်၏။ ပထမအချက်မှာ တမလွန်ဘဝ၊ သို့မဟုတ် အတိတ်ဘဝကို မယုံကြည်မှုဖြစ်၏။ တယ်လီပသီနှင့် ပတ်သက်သော စမ်းသပ်မှုများ ပြုလုပ်ရာ၌ အယုံအကြည်မရှိသော၊ သို့မဟုတ် သံသယရှိသော အစမ်းခံပုဂ္ဂိုလ်၌ တယ်လီပသီ အစွမ်းပြလေ့မရှိကြောင်း တွေ့ရသည်ဆို၏။ ထိုနည်းတူ အနောက်တိုင်းသားများသည် တမလွန်ဘဝကို မယုံကြည်သောကြောင့် လူဝင်စားဖြစ်သောအခါ အတိတ်ဘဝကို သတိရရှိရန် အမှတ်သညာ အားနည်းနေခြင်း ဖြစ်ပေလိမ့်မည်။

အခြားအကြောင်းမှာ ကြားကာလဖြစ်၏။ ယခုအထိ လေ့လာပြီး အမှုများအရ အနောက်တိုင်း လူဝင်စားများသည် အရှေ့တိုင်း လူဝင်စားများထက် အများအားဖြင့် ကြားကာလ ပိုမိုကြာရှည်ခဲ့ကြ၏။ ဤအချက်သည် နောက်ထပ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာမည့် လူဝင်စားမှုများ၌လည်း မှန်ကန်နေပါက အနောက်တိုင်းသားများသည် သေပြီးနောက် ဝိညာဉ်လောက၌ အချိန်ကြာသောကြောင့် ဘဝဟောင်းအကြောင်း အမှတ်သညာများ အားနည်းနေခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။

တတိယအကြောင်းမှာ အနောက်တိုင်းသားတို့သည် အရှေ့တိုင်းသားတို့ကဲ့သို့ တစ်နေရာ၌ အမြဲမနေဘဲ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လေ့ ရှိကြ၏။ ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲသွားသောအခါ အတိတ်သည် ပေါ်မလာဘဲရှိတတ်၏။ ပေါ်လာသည့်တိုင် မထင်ရှားဘဲ ဝိုးတဝါးဖြစ်နေတတ်၏။ ပတ်ဝန်းကျင် တူညီနေသော အခါ၌မူ အမှတ်သညာသည် သက်ဝင်လှုပ်ရှားလာ၏။ ထို့ကြောင့် လူဝင်စားမှုများ၌ ကလေးနေထိုင်သော အရပ်ဒေသနှင့် သေသူ၏ နောက်ဆုံးနေရာဌာနမှာ များစွာမဝေးကွာလှချေ။ မြစ်ကြီးနား၌သေ၍ ရန်ကုန်၌ ဘဝဟောင်းကို ပြန်မှတ်မိသော လူဝင်စားမှုမျိုးမှာ မရှိသလောက်ရှား၏။

မိမိ၏ ဇာတိနိုင်ငံမဟုတ်ဘဲ တိုင်းတစ်ပါး၌ လူဝင်စားဖြစ်ရသော ကလေးများက ဘဝဟောင်းကို ကောင်းစွာမမှတ်မိခြင်းမှာ ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲသွားသောကြောင့် ဖြစ်တန်ရာ၏။ စတီဗင်ဆင်၏ သုတေသနမှတ်တမ်း၌ ထိုအမှုမျိုး ငါးဆယ်ကျော်မျှရှိရာ မည်သည့်ကလေးမျှ ဘဝဟောင်းက အမည်နာမများကို မပြောနိုင်ချေ။ မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်လေယာဉ်မောင်းသမား၊ သို့မဟုတ် ဂျပန်စစ်သား ဖြစ်သည်ဆိုသော လူဝင်စားကလေးများရှိရာ ဘဝဟောင်းက စစ်တိုက်ခဲ့ကြောင်း၊ လေယာဉ် ပျက်ကျ သေဆုံးခဲ့ကြောင်း စသည်မှတစ်ပါး အခြား ဘာကိုမျှ သူတို့မမှတ်မိကြချေ။

စတီဗင်ဆင် လေ့လာခဲ့သော သီပိုဋ်ကျွန်းမှ အမှုတစ်မှုမှာ အင်္ဂလိပ်တစ်ယောက် သေ၍ ဝင်စားသောအမှုဖြစ်၏။ ကလေး၏ စိတ်ဓာတ်စရိုက်၊ အမူအကျင့်၊ ဝါသနာများကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ချင့်၍ ဘဝဟောင်းက အင်္ဂလိပ်တစ်ယောက်ဖြစ်ခဲ့ကြောင်း ယုံမှားစရာမရှိချေ။ သို့ရာတွင် အတိတ်က အမည်နာမ၊ နေရပ်လိပ်စာဌာနနှင့် အဖြစ်အပျက်များကို သူ လုံးဝပြောမပြနိုင်ချေ။

မိမိတို့၏ အတိတ်ဘဝအကြောင်းကို အချို့လူတို့ ဘာမျှ ပြောမပြနိုင်ခြင်းမှာ မမှတ်မိသောကြောင့် ဖြစ်ပေမည်။ အချို့လူများ ပြောမပြနိုင်ခြင်းမှာ မေ့နေသောကြောင့် မဟုတ်ဘဲ အခြားအကြောင်း တစ်ခုခုကြောင့်ပေလောဟု စဉ်းစားရန်ရှိ၏။ တစ်နည်း ဆိုသော် အချို့လူများသေပြီး လူဝင်စားဖြစ်ကြောင်း အထောက်အထားများ ရှိသည်မှန်၏။ သို့ရာတွင် လူသတ္တဝါတိုင်း သေပြီးနောက် လူဝင်စားဖြစ်ပါသလောဟု မေးဖွယ်ရှိ၏။

ဒေါက်တာစတီဗင်ဆင်ကမူ ယနေ့အထိ စေ့စေ့ချာချာ သူ စူးစမ်းလေ့လာပြီးသော လူဝင်စားမှုများမှာ ၁၃ဝဝ ခန့်မျှသာ ရှိသေး၍ ကုဋေကုဋာရှိသော ကမ္ဘာ့လူသားများနှင့် သက်ဆိုင်သော အထက်ပါမေးခွန်းကို မဖြေနိုင်ပါဟု ဆို၏။ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှု သုံးနည်းအရ "အချို့"မှ "အားလုံး"သို့ ခုန်ကူးတွေးခေါ်၍ ကောက်ချက်ချရန် မဖြစ်နိုင်ကြောင်း အခန်း(၄)၌ ပြဆိုခဲ့ပေပြီ။ သတိပြုရန်ကား ဒေါက်တာစတီဗင်ဆင်သည် လူသတ္တဝါ သေပြီးနောက် လူဝင်စားမဖြစ်ပါဟု ဆိုလိုခြင်းမဟုတ်။ ယခုအထိ လေ့လာ တွေ့ရှိချက်များအရ လူသတ္တဝါအသီးသီးသည် သေပြီးနောက် လူဝင်စားဖြစ်သည်ဟု ယူဆရန် အထောက်အထား မရှိကြောင်းကိုသာ ဆိုလိုခြင်းဖြစ်၏။

လူသေ လူဝင်စားဖြစ်ခြင်း၏ အကြောင်းတရားကို စိတ်ဝိညာဉ်သုတေသီတို့ တိတိကျကျ ထောက်မပြနိုင်သော်လည်း ဤပြဿနာနှင့် ပတ်သက်၍ စဉ်းစားဖွယ်ရာများ ရှိ၏။[၁] လူဝင်စားမှုများ၌ အများအားဖြင့် ကလေးသည် ဘဝဟောင်းက အသက်ငယ်ငယ် ရွယ်ရွယ်နှင့် သေဆုံးသူ ဖြစ်နေတတ်၍ ထိုဘဝဟောင်းမှ လူများသည် မဖျားမနာဘဲ ဥပစ္ဆေဒကကံဖြင့် သေဆုံးခဲ့သည်က များ၏။ စတီဗင်ဆင်၏ လေ့လာချက်အရ မိမိကိုယ် မိမိ သတ်သေမှု၊ ရေနစ်သေမှု၊ သူတစ်ပါးက သတ်ဖြတ်မှု၊ ကားတိုက်ခံရမှု စသည်ဖြင့် အသေဆိုးသေရမှုများမှာ သီဟိုဠ်ကျွန်းမှ လူဝင်စားမှုများတွင် အနိမ့်ဆုံး ၃၈ ရာခိုင်နှုန်း မှသည် လီဘနွန်နိုင်ငံ၌ အမြင့်ဆုံး ရာခိုင်နှုန်း ၇၈ အထိရှိ၏။ ထိုရာခိုင်နှုန်းများမှာ ဆိုင်ရာနိုင်ငံ လူဦးရေတွင် ဖြစ်ပွားသော အသေဆိုးသေမှု ရာခိုင်နှုန်းထက် ပိုများကြောင်း သိရ၏။

သူတို့သေဆုံးသော အသက်အရွယ်မှာ လူ့ဘဝ၏ ဆင်းရဲဒုက္ခမျိုးစုံကို မကြုံတွေ့ ရသေးဘဲ စိတ်ကူးမျှော်မှန်းချက်များဖြင့် တက်ကြွနေသောအရွယ်၊ လောကီအာရုံကာမဂုဏ် ကို သာယာမက်မောနေသော အရွယ်၊ သို့မဟုတ် သားသမီးများအပေါ်၌ လွန်စွာ သံယောဇဉ်ကြီးမားနေသော အရွယ်ဖြစ်၏။ တစ်နည်းဆိုသော် သူတို့သည် ဘဝကို တပ်မက်မှုပြင်းပြနေသော အသက်အရွယ်၌ သားသမီး၊ ပစ္စည်းဥစ္စာ၊ စိတ်ကူးအကြံအစည်၊

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



အစွဲဥပါဒါန်တန်းလန်းနှင့် ရုတ်တရက် သေဆုံးကြ၏။ သို့ဖြစ်၍ သူတို့သေပြီးနောက် လူဝင်စားဖြစ်ခြင်းသည် သူတို့၏ ဘဝတဏှာနှင့် အစွဲဥပါဒါန်များကြောင့် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

စင်စစ် အချို့လူဝင်စားများ၌ တလေးများ၏ပြောပြချက်အရ သူတို့သည် ဘဝ ဟောင်းက သေခါနီး၌ လူဝင်စားဖြစ်ရန် တောင့်တခဲ့ကြ၏။ အချို့မှာ မိမိတို့သေပြီးနောက် မည်သူ့ဝမ်း၌ ဝင်စားမည်ဟု ပြောခဲ့ကြ၏။ အတိတ်ဘဝက ကြိုးပေးခံရသော သီဟိုဠ် ကျွန်းမှ လူဝင်စားမှု၌ လူဝင်စားသည် ထိုအခါက အသတ်ခံရခါနီးဆဲဆဲတွင် မိမိအစ်ကိုကို အာရုံပြု၍ လူဝင်စားဖြစ်ရန် ဆုတောင်းခဲ့သည်ဆို၏။

ဘဝတဏှာနှင့် လူသေလူဝင်စားဖြစ်မှု၏ အကြောင်းအကျိုး ဆက်စပ်နေခြင်းသည် တမလွန်ဘဝကိုယုံကြည်သော နိုင်ငံများ၌ ထင်ရှား၏။ စင်စစ် တမလွန်ဘဝကို ယုံကြည် သောလူများသည် အများအားဖြင့် တမလွန်ဘဝ မျှော်မှန်းသူများ ဖြစ်ကြ၏။ တမလွန် ဘဝကို အလိုမရှိသော်လည်း အထောက်အထား ခိုင်လုံသောကြောင့် လက်ခံယုံကြည်သော သူများမှာ အလွန်နည်း၏။ အသိဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားမနေဘဲ ဘဝကို တပ်မက်မှု ကြောင့် ယုံကြည်ကြသည်က များ၏။ ဤတမလွန်ဘဝ ကိစ္စ၌သာမဟုတ်၊ အခြားကိစ္စ များ၌လည်း ဆန္ဒစွဲဖြင့် ယုံကြည်လေ့ရှိခြင်းမှာ ထင်ရှားသော လူ့စရိုက် လက္ခဏာတစ်ခု ဖြစ်၏။

သို့ဖြစ်၍ လူသေလူဝင်စားဖြစ်သည်ဟု အစဉ်အလာယုံကြည်သော နိုင်ငံများ၌ လူတို့သည် အများအားဖြင့် သေလျှင် လူဝင်စားဖြစ်လိုသောဆန္ဒ ရှိကြမည်ဟု ယူဆဖွယ် ရှိ၏။ ဒေါက်တာစတီဗင်ဆင်၏ လေ့လာချက်အရ ထိုနိုင်ငံများ၌ လူဝင်စားမှုပေါများ၍ ထိုသို့ အစဉ်အလာ ယုံကြည်မှုမရှိသော နိုင်ငံများ၌ လူဝင်စားမှု နည်းပါး၏။ အနောက် နိုင်ငံများ၌ လူဝင်စားမှုနည်းပါးခြင်းမှာ အထက်ဖော်ပြခဲ့သော အကြောင်းများအပြင် ယုံကြည်မှု မရှိသောကြောင့်လည်း ဖြစ်ရပေမည်။ အမေရိကန်နိုင်ငံ၌ အခြား အနောက် နိုင်ငံများထက် လူဝင်စားမှု ပိုမိုတွေ့ရှိရခြင်းမှာ ယုံကြည်မှု ပိုများသောကြောင့် ဖြစ်ဟန် ရှိ၏။ စူးစမ်းလေ့လာချက်အရ လူသေလူဝင်စားဖြစ်သည်ဟု လက်ခံယုံကြည်သောသူ များမှာ လူဦးရေ၏ နှစ်ဆယ်ရာခိုင်နှုန်းရှိကြောင်း သိရ၏။

ကမ္ဘာပေါ်၌ လူဝင်စားမှု အများဆုံးတွေ့ရသော နိုင်ငံများမှာ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနှင့် ထိုင်းနိုင်ငံများ ဖြစ်၏။ တရုတ်၊ ဂျပန်၊ ကိုရီးယားစသော အရှေ့ဖျားနိုင်ငံ များ၌မူ တမလွန်ဘဝကို လက်ခံသော ဗုဒ္ဓဘာသာ၊ ရှင်တိုဘာသာနှင့် ကွန်ဖြူးရှပ် ဘာသာဝါဒများ ရှိပါလျက် လူဝင်စားမှုများကို ပြောပလောက်အောင် မတွေ့ရချေ။ ထိုသို့မတွေ့ရခြင်းမှာ တရုတ်၊ ဂျပန်တို့သည် တမလွန်ဘဝကို လက်ခံသော်လည်း အရှေ့တောင်ပိုင်းသားများကဲ့သို့ မစွဲလမ်းဘဲ မျက်မှောက်ဘဝကောင်းစားရေးကို ဦးစားပေး ကြသောကြောင့် ဖြစ်ဟန်ရှိ၏။

ဘဝတဏှာကြောင့် ဘဝသစ်တစ်ဖန်ဖြစ်မှုသည် သေပြီးနောက် တမလွန်ဘဝသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားသည်ဆိုသော အချို့သုတေသီပညာရှင်တို့၏ အမည်စာရင်း၌လည်း ထင်ရှား၏။ တမလွန်လောကမှနေ၍ နတ်ဝင်များမှတစ်ဆင့် သက်ရှိလူများနှင့် ဆက်သွယ်သော ပညာရှင်များမှာ မေယာ၊ အိုလီဗာလော့ဒ်၊ ဟော့ဆင်၊ ကာရင်တန်[၁] စသည်တို့ဖြစ်၍ သူတို့အားလုံးလိုလိုပင် အသက်ရှိစဉ်က တမလွန်ဘဝကို ယုံကြည်သူများ ဖြစ်ကြ၏။ သူတို့ယုံကြည်မှုမှာ သာမန်လူတို့၏ ယုံကြည်မှုမျိုးမဟုတ်ဘဲ အသိပညာနှင့်ယှဉ်သော ယုံကြည်မှုဖြစ်၏။ သို့ဖြစ်စေကာမူ ထိုယုံကြည်မှု နောက်ကွယ်၌ ဘဝတဏှာသည် မသိမသာငြိတွယ်နေဟန်ရှိ၏။ သူတို့သည် အခန်း(၄)၌ ဖော်ပြခဲ့သော ဒဿနိကပါမောက္ခ ဗရော့ကဲ့သို့ ဘဝသစ်တစ်ဖန်ဖြစ်မှုကို ယုံကြည်သော်လည်း ထိုသို့ဖြစ်ရန် မိမိတို့ အလိုမရှိပါဟု မဆိုခဲ့ကြချေ။

ဤအချက်နှင့်အတူ အခြားသတိပြုသင့်သော အချက်သည်ကား တမလွန် လောကသို့ မိမိတို့ရောက်ရှိနေကြောင်း နတ်ဝင်များကို စာတ်စီး၍ ပြောသူများတွင် ပါမောက္ခဗရော့သော်လည်းကောင်း၊ တမလွန်ဘဝကို အယုံအကြည်မရှိ၊ လိုလားတောင့်တမှုလည်း မရှိသော ပုဂ္ဂိုလ်(ဘားနတ်ရှော၊ ဘာထရန်ရပ်ဆယ်၊ ဆမ္မားဆက်မွန်[၂] စသည်)တို့သော်လည်းကောင်း မပါဝင်ချေ။

လူသေလူဝင်စားဖြစ်မှု အလိုဆန္ဒ၊ သို့မဟုတ် ယုံကြည်ချက်နှင့်အညီ ဖြစ်တတ်ပုံကို မြောက်အမေရိကတိုက်၏ အလက်စကားပြည်နယ် အရှေ့တောင်ပိုင်း၌ နေထိုင်သော တလင်းဂျစ် တိုင်းရင်းသားလူမျိုးစု၌ အထင်အရှား တွေ့ရ၏။ တလင်းဂျစ်တို့သည် တမလွန်ဘဝအယူကို အာရှတိုက်မှ ရရှိဟန်တူ၍ သူတို့၏ လူဝင်စားမှုများမှာ လူဦးရေ အချိုးကျအားဖြင့် အရှေ့တောင်အာရှ နိုင်ငံများထက် ပိုမိုများပြား၏။

တလင်းဂျစ်တို့သည် စစ်တိုက်ဝါသနာပါ၍ တိုက်ခိုက်ရင်း သေရခြင်းသည် မြတ်သည်။ ရန်သူနှင့် တိုက်ခိုက်ရင်း၊ သို့မဟုတ် တစ်စုံတစ်ခုသောအမှုကို စွန့်စားလုပ်ကိုင်ရင်း သေသောသူသည် မြန်မြန်လူပြန်ဖြစ်၍ ပိုမိုကောင်းမွန်သောဘဝကို ရောက်ရှိသည်ဟု ယုံကြည်ကြ၏။ သေသူသည် လိင်ပြောင်းလဲခြင်းမရှိဘဲ မိမိဆွေမျိုးသားချင်းအတွင်း၌ ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု ယူဆကြ၏။ သူတို့သည် မသေမီကပင် နောက်ဘဝတွင် မည်သူ့အိမ်၌ ငါ လူဝင်စားဖြစ်မည်ဟု ပြောသွားလေ့ရှိကြ၏။ လူဝင်စားဖြစ်သောအခါ ဘဝဟောင်းက မည်သူမည်ဝါ ဖြစ်သည်ဟုသိရှိရန် အမှတ်အသားများ တွေ့ရလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြ၏။

ဒေါက်တာစတီဗင်ဆင်၏ စူးစမ်းလေ့လာချက်အရ တလင်းဂျစ်တို့၏ လူဝင်စားမှုများမှာ သူတို့အလိုဆန္ဒနှင့်အညီ ဖြစ်၏။ သူတို့တွင် ယောကျ်ားဘဝမှ မိန်းမဘဝ၊ သို့မဟုတ် မိန်းမဘဝမှ ယောကျ်ားဘဝသို့ ကူးပြောင်းခြင်းမရှိ။ အမှု ၄၃ မှုအနက် ၇၀ ရာခိုင်နှုန်း

---

၁။ Meyer, Oliver Lodge, Hodgson, Carrington

၂။ Bernard Shaw, Bertrand Russel, Somerset Maughm, etc



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်မှာ မိမိဆွေမျိုးသားချင်း၌ ပြန်၍ဝင်စားသော အမှုများဖြစ်၏။ လူဝင်စားကိုယ်ဝန်ရှိနေစဉ် မိခင်သည် မွေးမည့်ကလေးမှာ ဘဝဟောင်းက မည်သူမည်ဝါဟု အိပ်မက်မက်လေ့ရှိ၍ အိပ်မက်မှာ မှန်ကန်နေတတ်၏။ တလင်းဂျစ် လူဝင်စားမှုများ၏ ထူးခြားချက်မှာ ကလေးများ၌ ဘဝဟောင်းမှ မွေးရာပါအမှတ်များ ပါရှိခြင်းဖြစ်၏။ စတီဗင်ဆင် လေ့လာသော အမှုများ၏ တစ်ဝက်ကျော်ကျော်မှာ မွေးရာပါအမှတ်ပါ လူဝင်စားမှုများဖြစ်၍ အခြားနိုင်ငံများ၌ ထိုလူဝင်စားမှုမျိုးကို ထိုမျှ များများစားစား မတွေ့ရချေ။ မွေးရာပါအမှတ်များမှာ ဓား၊ လှံ၊ သေနတ်၊ ဒဏ်ရာ၊ ထိခိုက်ဒဏ်ရာ အမှတ်များနှင့် တူနေသည်ကို တွေ့ရ၏။

အခြားနိုင်ငံများမှ လူဝင်စားမှုများကို လေ့လာပါက အစဉ်အလာယုံကြည်ချက်နှင့် အညီဖြစ်သော လက္ခဏာများကို တွေ့ရပေမည်။ မြန်မာတို့သည် အချို့တိရစ္ဆာန်များကို လူ့ဘဝနှင့် နီးစပ်သည်၊ (ဝါ) လူသေလျှင် တိရစ္ဆာန်ဘဝသို့ ကူးပြောင်းနိုင်သည်ဟု ယုံကြည်ကြရာ ထိုယုံကြည်ချက်နှင့် ကိုက်ညီသောအမှုများကို မြန်မာနိုင်ငံ၌ တစ်ခါတစ်ရံ တွေ့ရ၏။ လူသေ လူသာလျှင် ပြန်ဖြစ်သည်ဟု ယုံကြည်သော တလင်းဂျစ်တို့၏ အရပ်ဒေသ၌ ထိုအမှုမျိုးကို မတွေ့ရချေ။

ဒေါက်တာစတီဗင်ဆင် လေ့လာသော လူဝင်စားမှုများ၌ ကလေးသည် ပျမ်းမျှအားဖြင့် နှစ်ခါလည်နှင့် ခြောက်လတွင် ဘဝဟောင်းကို မှတ်မိကြောင်း ပြောစပြုလာ၍ အသက်ငါးနှစ်၌ မေ့စပြုလာ၏။ ငါးနှစ်အရွယ်မှာ ကျောင်းစနေသောအရွယ် အပေါင်းအဖော်နှင့် ပျော်ရွှင်စွာကစားနေသော အရွယ်ဖြစ်ပေရာ ထိုအခါ၌ စိတ်အာရုံများပြား၍ ဘဝဟောင်းကို မေ့စပြုလာခြင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် လုံးဝမေ့သွားခြင်းမဟုတ်။ ဘဝဟောင်းဆိုင်ရာ အမှတ်သညာများ တစ်စတစ်စ မှေးမှိန်လာခြင်းမျှသာဖြစ်၍ ယေဘုယျအားဖြင့် ၁၄ နှစ်လောက်ကျမှ လုံးလုံးလျားလျား မေ့ပျောက်သွား၏။

ဘဝဟောင်းကို မှတ်မိသည်ဆိုခြင်းမှာ အရှေ့တိုင်းသားများအဖို့ အဆန်းမဟုတ်သော်လည်း အနောက်နိုင်ငံများ၌မူ အတိတ်ဘဝကို မယုံကြည်သော သူတို့၏ အမြင်အားဖြင့် စိတ္တဇရောဂါ၊ သို့မဟုတ် စိတ်ပုံမမှန်မှုလက္ခဏာ ဖြစ်လျက်ရှိ၏။ ဤထင်မြင်ချက်မှာ သုတေသီဆရာတို့၏ လေ့လာတွေ့ရှိချက်အရ မမှန်ကန်ချေ။ ဒေါက်တာစတီဗင်ဆင်သည် လူဝင်စားမှုများကို ပထမအကြိမ် လေ့လာပြီးနောက် နှစ်ပေါင်းအတန်ကြာသောအခါ အချို့လူဝင်စားများကို ဒုတိယအကြိမ် လေ့လာကြည့်၏။ ထိုသို့ နောက်ထပ်တစ်ကြိမ် လေ့လာခဲ့သော လူဝင်စားပေါင်း ၁၈ ဦးရှိသည့်အနက် သုံးဦးမှတစ်ပါး ကျန် ၁၅ ယောက်မှ စိတ်ဓာတ် ကျန်းကျန်းမာမာရှိသည်ကို တွေ့ရ၏။ သုံးဦးတွင် တစ်ဦးမှာ စိတ္တဝေဒနာဖြစ်နေ၏။ ကျန်တစ်ဦးမှာ ဘဝဟောင်းက လုပ်ခဲ့သို့ပင် မိမိကိုယ်မိမိ သတ်သေသွား၏။ ၁၅ ယောက်တွင်မူ စိတ်ပုံမမှန်မှု၊ စိတ်မကျန်းမာမှု လက္ခဏာ မတွေ့ရချေ။

၁။ ဒေါက်တာစတီဗင်ဆင် လေ့လာသော လူဝင်စားမှုများတွင် လိင်ပြောင်းလဲမှုမှာ တစ်ဆယ်ရာခိုင်နှုန်းသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဒေါက်တာစတီဗင်ဆင်၏ အဆိုအားဖြင့် လူဝင်စားတို့သည် ဘဝဟောင်းကို မှတ်မိသောကြောင့် နှစ်သိမ့်ကျေနပ်ကြသည်ဟု ထင်မှတ်ပါက လွဲမှားပေလိမ့်မည်။ သူတို့မှာ အတိတ်ဘဝကို မှတ်မိနေသော အချိန်ကာလအတွင်း၌ အခြားသူများလောက် စိတ်ချမ်းသာမှု ရရှိပုံမပေါ်ချေ။ ငယ်စဉ်က ဘဝဟောင်းမှ မိဘများကို အမြဲသတိရနေသောကြောင့် လက်ရှိမိဘများနှင့် ပဋိပက္ခဖြစ်ခဲ့ကြရ၏။ သူတို့မှတ်မိသောအကြောင်းအရာများမှာလည်း အများအားဖြင့် လင်မယားရန်ဖြစ်မှု၊ ရာဇဝတ်မှုနှင့် ဆိုးဆိုးရွားရွား အသက်ဆုံးရှုံးမှုစသော စိတ်မချမ်းသာဖွယ်ရာများ ဖြစ်၏။ ဘဝဟောင်းနှင့်ပတ်သက်သော အမှတ်သညာများသည် တစ်ခါတစ်ရံ မျက်မှောက်လုပ်ငန်း ကိစ္စရပ်များကို နှောင့်ယှက်၍ လူဝင်စားမှာ ပတ်ဝန်းကျင်နှင့် အံမဝင်ခွင်မကျ ဖြစ်နေတတ်၏။

ထို့ကြောင့် "လူဝင်စားဘဝမှာ နှစ်သက်တပ်မက်ဖွယ်ရာမဟုတ်၊ ဘဝဟောင်းကို မှတ်မိမှုသည် ကုသိုလ်ထူးသည်ဟု မဆိုနိုင်ဘဲ ဝဋ်ခံရခြင်းတစ်မျိုး ဖြစ်သည်ဟု ဆိုရပေမည်။ သို့စဉ်လျက် အချို့လူများက ဘဝဟောင်းကို မှတ်မိလိုသည်ဆိုခြင်းကို မိမိအံ့ဩမိပါသည်"ဟု ဒေါက်တာစတီဗင်ဆင်က ဆိုလေသည်။

ဘဝဟောင်းကို မှတ်မိခြင်းသည် ရိုးရိုးမသေဘဲ အစိမ်းသေမှုများနှင့် အကြောင်းအကျိုး ဆက်စပ်နေဟန်ရှိ၏။ အစိမ်းသေ သေမှုများ၌ မသေမီ ပြင်းပြစွာ စိတ်လှုပ်ရှားခံစားရခြင်းသည် အမှတ်သညာကို ပိုမိုခိုင်မြဲစေသလောဟု စဉ်းစားရန်ရှိ၏။ သို့ရာတွင် အစိမ်းသေ သေပြီးနောက် လူဝင်စားမဖြစ်သောသူ အမြောက်အမြားရှိခြင်းကို ထောက်ရှု၍ ဘဝဟောင်းကို မှတ်မိမှု၌ အခြားအကြောင်းများ ရှိလိမ့်ဦးမည်ဟု ယူဆရ၏။

စတီဗင်ဆင်၏ လေ့လာချက်အရ လူဝင်စားမှုများ၌ ဘဝဟောင်းက သွေးရိုးသားရိုး သေဆုံးသူများမှာ အများအားဖြင့် လောဘရမ္မက်ကြီးသော ငွေရှင်ကြေးရှင်၊ ယောက်ျားများနှင့် ဘုရားတရားကြည်ညို၍ စိတ်ထားကောင်းသော မိန်းမများဖြစ်ကြ၏။ လောဘကြီးသောသူဌေးများမှာ ပစ္စည်းဥစ္စာကိုစွဲလမ်း၍ ဘဝဟောင်းကို မှတ်မိခြင်းဖြစ်၍ ဘုရားတရားကြည်ညိုပြီး စိတ်သဘောကောင်းသော မိန်းမများမှာ စိတ်ကြည်လင် သန့်ရှင်းသောကြောင့် မှတ်မိခြင်း ဖြစ်ဟန်ရှိ၏။

မည်သို့ဖြစ်စေ အတိတ်ဘဝကို မှတ်မိခြင်းဖြင့် နှစ်သိမ့်ကျေနပ်ရန် အကြောင်းမရှိချေ။ ဘဝဟောင်းကို မှတ်မိပါက မျက်မှောက် ကြီးပွားတိုးတက်မှုအတွက် သင်ခန်းစာရရှိနိုင်သည်ဟု အချို့ကဆိုကြ၏။ သို့ရာတွင် မျက်မှောက်ဘဝ၌ ကျွန်ုပ်တို့သည် မိမိအားအကျိုးပြုသော အတွေ့အကြုံအားလုံးကို မမှတ်မိကြချေ။ သို့ဖြစ်၍ အတိတ်ဘဝကို လုံးဝ မမှတ်မိသော်လည်း ထိုဘဝမှ အတွေ့အကြုံများသည် ယခုဘဝ၌ ကျွန်ုပ်တို့၏ ကြီးပွားတိုးတက်မှုကို တစ်နည်းအားဖြင့် မသိမသာ အထောက်အကူ ပြုကောင်းပြုနေပေလိမ့်မည်။ ထို့အပြင် အတွေ့အကြုံများပြား၍ အမှတ်သညာကောင်းခြင်းသည် အလိမ္မာတိုးပွားမှုအတွက် တစ်ခုတည်းသော အကြောင်းတရား မဟုတ်ချေ။ ဘဝအတွေ့အကြုံစုံပါလျက် အချို့လူများ မိုက်မဲနေခြင်းကို သတိပြုသင့်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူသေလူဝင်စားဖြစ်မှုနှင့် ပတ်သက်၍ လူအများ အထူးစိတ်ဝင်စားသော အချက်မှာ ဘဝဟောင်းကပြုခဲ့သော အမှုများနှင့် ဘဝသစ် ဆက်စပ်နေမှုပင် ဖြစ်၏။ ဘဝဟောင်းမှ ကောင်းမှု မကောင်းမှုများသည် ဘဝသစ်ကို ပြုပြင်ဖန်တီးသည်ဟု လူအများယုံကြည်ကြ၏။ သို့ရာတွင် ဤကမ္မဝါဒသည် လူသေလူဝင်စားဖြစ်သည့် ယုံကြည်မှုနှင့် အမြဲယှဉ်တွဲနေသည်ဟု မထင်မှတ်သင့်ချေ။ တစ်နည်းဆိုသော် လူသေလူဝင်စား ဖြစ်သည်ဟု ယုံကြည်သော်လည်း ကမ္မဝါဒကို လက်မခံသော ကမ္ဘာသူကမ္ဘာသားများ ရှိ၏။

ဒေါက်တာစတီဗင်ဆင်၏ အဆိုအားဖြင့် တူရကီ၊ လီဘာနွန်နှင့် ဆီးရီးယားနိုင်ငံရှိ အချို့လူမျိုးစုတို့သည် လူသေလူဝင်စားဖြစ်သည်ဟု ယုံကြည်ကြ၏။ လူသည် ကြီးပွားတိုးတက်ရန်အတွက် လူအဖြစ်နှင့် ဘဝပေါင်းများစွာ ကျင်လည်ရသည်။ ဘဝဟောင်းကပြုခဲ့သော ကောင်းမှု၊ မကောင်းမှုအတွက် ဘုရားသခင်က ဘဝသစ်၌ ဆုချီးမြှင့်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း မရှိချေ။ သို့ရာတွင် ဘုရားသခင်က စီရင်ချက်ချမည့် နောက်ဆုံးနေ့၌ ဘဝသံသရာတစ်လျှောက်လုံးပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများကို စုပေါင်း၍ ကြည့်ရှုသုံးသပ်ပြီးနောက် ကောင်းကင်ဘုံ၌ဖြစ်စေ၊ ငရဲပြည်၌ဖြစ်စေ ထာဝရနေရာ သတ်မှတ်ပေးလိမ့်မည်။ လူဝင်စားဖြစ်ရာ၌ မိမိ၏အလိုဆန္ဒနှင့် ကောင်းမှု၊ မကောင်းမှုများမှာ အရေးမပါဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ရသည်ဆို၏။

အနောက်အာဖရိက လူမျိုးစုတို့သည်ကား လူသေလူဝင်စားဖြစ်ခြင်းကို ယုံကြည်သော်လည်း လူ့ဘဝသည်သာ ကောင်းသည်။ လူ့ဘဝတစ်ခုနှင့် တစ်ခုအကြား ဝိညာဉ်လောက၌ နေနေရသော ဘဝသည် မကောင်းဟု ယူဆကြ၏။ မိမိပြုသော အမှုအတွက် ကောင်းကျိုးဆိုးပြစ်ကို လူ့ဘဝ၌မခံရဘဲ ဝိညာဉ်လောက၌ ခံရသည်ဆို၏။

လူ့ဘဝက ပြုခဲ့သော အမှုများအတွက် ဝိညာဉ်လောက၌ ကောင်းကျိုးဆိုးပြစ်ခံရသည် ဆိုသောအယူကို ရှေးဂရိဒဿနဆရာကြီး ပလေတို၏ စာအုပ်တစ်အုပ်၌ ဖော်ပြထား၏။ သေသူ့ဝိညာဉ်များသည် လူဝင်စားဖြစ်ရန် အချိန် ကျရောက်လာသောအခါ မိမိတို့နှစ်သက်သော ဘဝမျိုးကို ရွေးချယ်ကြ၏။ ထိုရွေးချယ်ရာ၌ အတိတ်ဘဝများစွာမှ ရရှိခဲ့သော အသိအလိမ္မာများနှင့် လူဝင်စားမဖြစ်မီ ကြားကာလ အပြစ်ဒဏ်ခံရမှုသည် အထောက်အကူပြုသည်ဆို၏။ ဤအယူမှာ မိမိတို့ အလိုဆန္ဒနှင့်အညီ လူဝင်စားဖြစ်ကြသော အထက်ကဖော်ပြခဲ့သည့် အလက်စကားပြည်နယ်မှ တလင်းဂျစ်တို့၏ ယုံကြည်ချက်နှင့်တူသည်ဟု ဆိုရပေမည်။

မည်သို့ဆိုစေ မျက်မှောက်ဘဝ၌ လူတို့၏ ကြီးပွားချမ်းသာမှု၊ ဆင်းရဲနိမ့်ကျမှုသည် အတိတ်ဘဝ ကောင်းမှု၊ မကောင်းမှုကြောင့် ဖြစ်သည်ဆိုသောအယူမှာ ကမ္ဘာပေါ်ရှိ လူသားအများ လက်ခံထားသော အယူဖြစ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားမှုများ၌ ဤအယူအတွက် အထောက်အထားများ မတွေ့ရချေ။ ဘဝဟောင်းက ချမ်းသာကြွယ်ဝ၍ သေပြီးနောက် ဆင်းရဲသောအမျိုး၌ လူဝင်စားဖြစ်သော အမှုများနှင့် ဆင်းရဲသားက သေပြီး သူဌေးသူကြွယ် အမျိုး၌ဖြစ်သော လူဝင်စားမှုများ ရှိ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



လူဝင်စားမှုများ၌ အတိတ်ဘဝက ပုဂ္ဂိုလ်များအကြောင်းကို စုံစမ်းကြည့်ရာ ကောင်းမှု၊ မကောင်းမှု ထူးထူးခြားခြား ပြုလုပ်ခဲ့ကြသည်ကို မတွေ့ရပေ။ ကမ္မဝါဒကို ယုံကြည်သော သူတို့ကမူ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးပြုသော ကောင်းမှု၊ မကောင်းမှုသည် သေပြီးနောက်ဘဝ၌ အကျိုးမပေးဘဲ ဘဝများစွာ ခြားပြီးမှလည်း အကျိုးပေးတတ်သည်ဟု ဆိုကြပေမည်။ ဤအဆိုမှန်ပါက ကမ္မဝါဒကို သိပ္ပံနည်းဖြင့် စူးစမ်းလေ့လာရန် ဖြစ်မည်မဟုတ်ချေ။

ကမ္မဝါဒကဲ့သို့ပင် လူဝင်စားမှု၌ ယနေ့အထိ အထောက်အထား မတွေ့ရသေးသော လူတို့၏ အစဉ်အလာ အခြား ယုံကြည်ချက်တစ်ခုမှာ ကလေးဉာဏ်ကြီးရှင်များနှင့် ပတ်သက်သော ယုံကြည်ချက်ဖြစ်၏။ စာပေ၊ ဂီတ၊ ပန်းချီ၊ သင်္ချာစသော ပညာ တစ်ရပ်ရပ်၌ ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့သည် ငယ်စဉ်ကပင် ပညာစွမ်းပြ၍ ထင်ပေါ် ကျော်ကြားခဲ့ကြ၏။ ကြားရသူ၊ မြင်ရသူများ ရင်သပ်ရှုမော အံ့သြလောက်အောင် စန္ဒရား အတီးတော်သော ကလေးဂီတဝိဇ္ဇာ၊ ခက်ခက်ခဲခဲပုစ္ဆာများကို တစ်မဟုတ်ချင်းတွက်ချက် ပြသနိုင်သော ကလေးသင်္ချာဝိဇ္ဇာများအကြောင်း တစ်ခါတစ်ရံ သတင်းစာများ၌ ဖတ်ရှု ရ၏။ ထိုသို့ အသက်အရွယ်နှင့် မလိုက်အောင် ပညာဉာဏ်ထူးချွန်ခြင်းမှာ အတိတ်ဘဝမှ ပါရမီကြောင့် ဖြစ်သည်ဟုလည်း လူအများက ယူဆကြ၏။ အနောက်နိုင်ငံများ၌ အတိတ် ဘဝကိုမှတ်မိသော ကလေးဝိဇ္ဇာများ မထွက်ပေါ်သေးချေ။ အိန္ဒိယပြည်၌ အသက်သုံးနှစ် အရွယ်တွင် သက္ကတကျမ်းစာများကို ရွတ်ဆိုနိုင်သော လူဝင်စားမိန်းကလေးတစ်ဦး ရှိခဲ့ ဖူးရာ ၎င်း၏ဘဝဟောင်းကို သုတေသီတို့ စူးစမ်းလေ့လာခွင့် မရရှိခဲ့ကြချေ။

လူဝင်စားမှုများ၏ ထူးခြားသော လက္ခဏာခြင်းရာတစ်ရပ်မှာ ကလေးနှင့် ဘဝ ဟောင်းပုဂ္ဂိုလ်တို့၌ တူညီသော စိတ်နေသဘာထား၊ အမူအကျင့်၊ စရိုက်ဝါသနာများ ရှိနေခြင်းဖြစ်၏။ ဒေါက်တာစတီဗင်ဆင်၏ လေ့လာချက်အရ ဤလက္ခဏာခြင်းရာသည် ကလေး၌ ဘဝဟောင်းနှင့်ပတ်သက်သော အမှတ်သညာများ ပျောက်ကွယ်သွားသော် လည်း နှစ်ပေါင်းအတန်ကြာ ဆက်လက်တည်မြဲနေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ အချို့ လူများသည် အတိတ်ဘဝကို လုံးဝမမှတ်မိသော်လည်း သူတို့၏ အချို့သောအပြုအမူနှင့် စရိုက်လက္ခဏာများမှာ ဘဝဟောင်းနှင့် ဆက်စပ်နေသည်ဟု ယူဆရပေမည်။

ထိုသို့ယူဆရန် မျက်မှောက် အထောက်အထားများလည်း ရှိ၏။ လူတို့၏ အချို့ သော အမူအကျင့်၊ စိတ်ဓာတ်စရိုက်နှင့် စိတ်ခံစားချက်များ၏ မူလအစသည် အမှတ်သညာ နယ်၌ လုံးဝ ပျောက်ကွယ်နေတတ်၏။ အချို့မှာ မသိစိတ်က ဖျောက်ဖျက်ထားခြင်း ဖြစ်၏။ အချို့မှာ မသိစိတ်နှင့်မဆိုင်ဘဲ ကလေးဘဝက အဖြစ်အပျက်များကို မေ့နေပုံမျိုး ကဲ့သို့ မူလအစကို ရိုးရိုးတန်းတန်း မမှတ်မိခြင်းဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦး၏ အပြုအမူနှင့် စိတ်ဓာတ်စရိုက်ကို ဆန်းစစ်ရာ၌ လူအများ အသိအမှတ်ပြုထားသော အကြောင်းတရားနှစ်ပါးမှာ ဗီဇနှင့်ပတ်ဝန်းကျင် ဖြစ်၏။ ဗီဇမှာ မိဘထံမှ ဆက်ခံရရှိသော မွေးရာပါ အစွမ်းသတ္တိဖြစ်၍ ပတ်ဝန်းကျင်မှာ ဆရာမိဘ၊ အပေါင်းအသင်း၊ စီးပွားရေးအခြေအနေစသော အကြောင်းတရားများကို ဆိုလိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ လူတို့၏အပြုအမူနှင့် စရိုက်လက္ခဏာများသည် ထိုဗီဇနှင့်ပတ်ဝန်းကျင်တရား နှစ်ပါး၌သာ အရင်းခံမူလရှိသည်ဟု ပညာရှင်များကလည်း ယူဆကြ၏။

သို့ရာတွင် လူတို့၏အပြုအမူနှင့် စိတ်ဓာတ်စရိုက်ကို ဗီဇနှင့် ပတ်ဝန်းကျင်မှ တစ်ပါး စေ့ဆော်ဖန်တီးသော အခြားအကြောင်းတရားတစ်ခုခု ရှိပေလိမ့်မည်။ ဤသို့ ယူဆရန် အထောက်အထားမှာ အမြွှာကလေးများကို လေ့လာရာမှ တွေ့ရှိရချက်ဖြစ်၏။

အမြွှာများမှာ တစ်ခုတည်းသော သန္ဓေဥမှ မွေးဖွားလာသော ကလေးများဖြစ်၏။ မိဘထံမှ ဆက်ခံရရှိသော ဗီဇမျိုးစေ့(ခရိုမိုဆုန်း)များ အမျိုးအစား တူသောကြောင့် ရုပ်သွင်ပြင်လက္ခဏာမှာ တစ်ဦးနှင့်တစ်ဦး ခွဲမရအောင် ချွတ်စွပ်တူ၏။ စိတ်ဓာတ် စရိုက်မှာ အချို့နေရာ၌တူ၍ အချို့နေရာ၌ မတူချေ။ အမြွှာကလေးများ၏ မိဘများ အဆိုအားဖြင့် ကလေးများသည် ငယ်စဉ်ကပင် အပြုအမူအနေအထိုင် ကွဲပြားခြားနား ကြောင်း သိရ၏။ ဤခြားနားမှုသည် ပတ်ဝန်းကျင်တူညီသော အသက်အရွယ်၌ဖြစ်ရကား ပတ်ဝန်းကျင်နှင့် ဗီဇကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခု ရှိရပေမည်။

အခန်း(၆)၌ ဖော်ပြခဲ့သော အလက်ဇန္ဒရင်းအမှု၌ လူဝင်စား ကလေးသူငယ်မသည် အခြား အမြွှာမွေးဖော်နှင့် စရိုက်ဝါသနာ သိသိသာသာ ခြားနား၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော အမြွှာလူဝင်စားမှုပေါင်း ဆယ်မှုရှိရာ အမှုခုနစ်မှုတွင် အမြွှာတစ်ဦးနှင့် တစ်ဦး စရိုက်လက္ခဏာမတူ၊ ဘဝဟောင်းကို မှတ်မိပုံချင်းလည်း မတူချေ။ အိန္ဒိယပြည်မှ အမြွှာညီအစ်ကို လူစားမှုတွင် နှစ်ဦးစလုံးမှာ အတိတ်ဘဝကလည်း အမြွှာများဖြစ်၍ ၁၄ ကီလိုမီတာဝေးသော ရွာတစ်ရွာ၌ အသတ်ခံခဲ့ကြရသူများ ဖြစ်၏။

စတီဗင်ဆင် လေ့လာခဲ့သော မြန်မာနိုင်ငံမှ အမြွှာလူဝင်စားမှုမှာ ခင်မကြီးနှင့် ခင်မငယ်တို့၏ အမှုဖြစ်၏။ မိန်းကလေး နှစ်ယောက်စလုံးပင် ဘဝဟောင်းကိုမှတ်မိ၍ သူတို့၏ အဘိုးနှင့်အဘွား ဝင်စားခြင်းဖြစ်ကြသည် ဆို၏။ တစ်ဦးနှင့်တစ်ဦး မျက်နှာ ပုံပန်း အလွန်တူသော်လည်း အခြား ရုပ်လက္ခဏာများမှာ သိသိသာသာ ကွဲပြား၏။ ဘဝဟောင်းက အဘိုးဖြစ်ခဲ့သည်ဆိုသော ခင်မကြီးမှာ ကိုယ်လုံးကိုယ်ပေါက် ပိုမိုတောင့် တင်း၏။ ဘဝဟောင်းကိုလည်း သူ့ညီမထက် ပို၍မှတ်မိ၏။ ခင်မငယ်မှာ ကြွပ်ဆတ်ဆတ် မိန်းကလေးဖြစ်သော်လည်း ခင်မကြီးကဲ့သို့ ဉာဏ်မထက်မြက်ချေ။ သူတို့ဘဝဟောင်းက သူတို့အဘိုးမှာ အစိုးရအရာရှိတစ်ဦးဖြစ်၍ အဘွားမှာ သူတစ်ပါးအပေါ် ဆရာလုပ်တတ် သော်လည်း စာမဖတ်တတ်၊ မရေးတတ်ချေ။

လူသတ္တဝါတစ်ဦး၏ စိတ်ဓာတ်စရိုက်ကို ဗီဇနှင့် ပတ်ဝန်းကျင်အပြင် အခြား ပြုပြင်ဖန်တီးသော အကြောင်းတရား ရှိသေးသည်ဟု ယူဆရန် အထူးခိုင်မာသော အထောက်အထားမှာ ထိုင်းအမြွှာခေါ် အမြွှာတစ်မျိုးဖြစ်၏။ ထိုင်းအမြွှာကလေးများမှာ မွေးကတည်းက ကိုယ်ခန္ဓာချင်းဆက်၍ ပူးကပ်နေသဖြင့် ဗီဇနှင့်ပတ်ဝန်းကျင်ပါ တူညီ

---

၁။ Chromosomes "ဗီဇနှင့် ပတ်ဝန်းကျင်" အခန်း ၁-၂-၃။



www.burmeseclassic.com

www.burmeseclassic.com



သောကလေးများ ဖြစ်၏။ သို့ရာတွင် ဤ ထိုင်းအမြွှာကလေးများမှာ စိတ်ဓာတ်စရိုက် အမူအကျင့်အားဖြင့် တစ်ဦးနှင့်တစ်ဦး မတူချေ။ သုတေသီတို့ ပထမလေ့လာခဲ့သော ချင်နှင့်အင်ခေါ် ထိုင်းအမြွှာနှစ်ဦးမှာ စရိုက်ဝါသနာ သိသိသာသာ ကွာခြား၏။ ချင်သည် အလွန်အရက်သောက်၍ အင်မှာကား လုံးဝမသောက်ချေ။ အခြား ထိုင်းအမြွှာများ၌လည်း အလားတူ ခြားနားမှုများရှိ၍ ဤအချက်သည် သိပ္ပံပညာဖြင့်ဖြေရှင်းရန် အခက်ခဲဆုံး ပြဿနာတစ်ရပ်ဖြစ်၏။

လူ့ဝင်စားမှုများကို စေ့စေ့စပ်စပ် လေ့လာခဲ့သော သုတေသီဆရာအဖို့မှာကား ဗီဇ၊ သို့မဟုတ် ပတ်ဝန်းကျင် အကြောင်းတရားဖြင့် ရှင်းပြ၍မရအပ်သော လူတို့၏အပြု အမူနှင့် စရိုက်လက္ခဏာများသည် အံ့ဩစရာမရှိချေ။

အချို့ ကလေးသူငယ်များသည် အချို့သော အရာဝတ္ထုများ၊ တိရစ္ဆာန်များ၊ နေရာ ဌာနများကို အကြောင်းမဲ့ ကြောက်တတ်ကြ၏။ ဤကြောက်စိတ်မှာ ရောဂါတစ်မျိုးလို ဖြစ်၍ အတော်ကြီးပြင်းသည်အထိ ပျောက်ကွယ်မသွားချေ။ စိတ်ပညာဆရာတို့က ဤ စိတ် စတင်ဖြစ်ပေါ်ခြင်းမှာ နို့စို့ကလေးအရွယ်က အတွေ့အကြုံတစ်ခုခု၊ သို့မဟုတ် လူကြီးများ၏ ခြောက်လှန့်မှု၊ သို့မဟုတ် သူတစ်ပါးကို အတုယူမှု စသည်များကြောင့် ဖြစ်သည်ဆို၏။ သို့ရာတွင် ရေထဲသို့ မတော်တဆကျဖူးသော ကလေးတိုင်းသည် ရေကို မကြောက်၊ ငယ်စဉ်က ကြွက်နှင့် ခြောက်လှန့်ခြင်းခံရပါလျက် ကြွက်ကို လုံးဝမမူသော ကလေးသူငယ်များလည်း ရှိ၏။ သို့ဖြစ်၍ စိတ်ပညာဆရာတို့၏ အဆိုမှာ ကြောက်စိတ် ရောဂါစွဲနေသော လူအားလုံးအဖို့ မှန်သည်ဟု မဆိုသာချေ။

လူ့ဝင်စားမှုများ၌ကား အကြောင်းရှာမရသော ကြောက်စိတ်သည် ဘဝဟောင်းမှ ပါလာသော အစွဲဥပါဒါန် ဖြစ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော အမှုများ၌ ရေကို အကြောင်းမဲ့ကြောက်သော ကလေးသုံးယောက်မှာ ဘဝဟောင်းက ရေနစ်သေခဲ့သော သူများဖြစ်၍ မော်တော်ကားကို ကြောက်သော ကလေးနှစ်ယောက်၊ ဓားကိုကြောက်သော ကလေးတစ်ယောက်နှင့် ဒိန်ချဉ်ကိုကြောက်သော ကလေးတစ်ယောက်မှာ ယခင်ဘဝက ကားတိုက်သေသူ၊ ဓားထိုးခံရ၍ သေသူနှင့် ဒိန်ချဉ်သောက်ပြီး ဖျားနာသောသူများ အသီးသီး ဖြစ်နေသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံမှ လူ့ဝင်စားမှုတစ်ခု[၁] အပါအဝင် အမှုလေးမှု၌ ကလေးများသည် ဘဝဟောင်းက သူတို့ အသေဆိုးသေခဲ့ကြရသော နေရာ များကို ကြောက်နေကြကြောင်း သိရှိရ၏။

အချို့သော လူ့ဝင်စားများ၌ကား ဘဝဟောင်းမှ ကြောက်စိတ်များ ဘဝသစ်သို့ လိုက်ပါလာခြင်း မရှိချေ။ ဘဝဟောင်းက သေနတ် ပစ်သတ်ခံခဲ့ရသော ကလေးမှာ သေနတ် ကြောက်သောလက္ခဏာမပြ၊ အခြား ကလေးတစ်ဦးမှာ ဘဝဟောင်းက ဓားထိုး ခံရ၍ သေဆုံးသောသူ ဖြစ်သော်လည်း ဓားကြောက်သော လက္ခဏာမရှိချေ။ ဤလူ့ဝင်စား

---

၁။ မျိုးမင်းသိန်းအမှု

www.burmeseclassic.com

www.burmeseclassic.com



များမှာ ကျွန်ုပ်တို့ မျက်မှောက်တွေ့မြင်ရသော အချို့လူများနှင့် စရိုက်လက္ခဏာတူသည်ဟု ဆိုရပေမည်။ ရေနစ်မှု၊ မီးလောင်မှု၊ ကားတိုက်မှုစသော သေဘေးအမျိုးမျိုးမှ ကံကောင်းသဖြင့် လွတ်မြောက်သွားသောသူ အများအပြားရှိပေရာ ၎င်းတို့တွင် အချို့မှာ ရေ၊ သို့မဟုတ် မီး၊ သို့မဟုတ် မော်တော်ကား စသည်တို့ကို တစ်သက်လုံး ကြောက်သွားကြသော်လည်း အချို့မှာ ကြောက်စိတ် လုံးဝမရှိကြချေ။

ဒေါက်တာစတီဗင်ဆင်၏ ရှုးစမ်းလေ့လာချက်အရ ကလေးသူငယ်များ၏ အထုံဝါသနာများသည်လည်း ဘဝဟောင်းနှင့် ဆက်စပ်နေတတ်၏။ ဘာသာရေး၌ စိတ်ဝင်စားသော ကလေးငယ်များမှာ ဘဝဟောင်းက ဘုရားတရား ကြည်ညိုသော မိန်းမများဖြစ်၏။ စက်ပစ္စည်းအင်ဂျင်များကို ကိုင်တွယ်စမ်းသပ်လိုသော ကလေးများမှာ အတိတ်ဘဝက မော်တော်ကားမောင်း ဝါသနာပါသူများ ဖြစ်ကြ၏။ မြွေများကို မကြောက်ဘဲ စိတ်ဝင်စားသောကလေးမှာ ယခင်ဘဝက သူခိုးလူဆိုးရန်မှ ကာကွယ်ရန် အိမ်တွင် မြွေဟောက်တစ်ကောင် မွေးထားသော မိန်းမတစ်ယောက် ဖြစ်ခဲ့ဖူးကြောင်း သိရှိရ၏။

အရက်သောက်ချင်သော ကလေးသုံးယောက်မှာ ယခင်ဘဝက အလွန် အရက်ကြိုက်သောသူများ ဖြစ်နေကြ၏။ မကြာခဏ စီးကရက်သောက်ကြည့်သော ကလေးတစ်ဦးမှာ အတိတ်ဘဝက ဆေးလိပ် အလွန်သောက်သော မိန်းမဖြစ်နေ၏။ မူးယစ်ဆေးဝါးစွဲလမ်းမှုသည်လည်း ဘဝဟောင်းမှပါလာသော စွဲလမ်းမှုဖြစ်ကြောင်း တွေ့ရ၏။

လူဝင်စားမှုများ၌ ကလေးသည် ဘဝဟောင်းက စရိုက်ဝါသနာများကို သူတို့ကစားရာတွင် ပြလေ့ရှိကြ၏။ ကလေးတစ်ယောက်သည် သစ်သားတုံး တစ်တုံးကို ကလေးအရုပ်လုပ်၍ မိနုဟုခေါ်ပြီး ကစားလေ့ရှိ၏။ သူ ပြောပြသော ဘဝဟောင်းအကြောင်းကို လိုက်လံစုံစမ်းရာ ထိုဘဝက မိနုဆိုသော နို့စို့သမီးကလေးကို စွန့်လွှတ်၍ သေဆုံးသော မိန်းမငယ်တစ်ဦးဖြစ်ခဲ့ကြောင်း သိရ၏။ မိမိကိုယ်ကို ကျောင်းဆရာလုပ်၍ ကစားသောကလေးနှင့် ဈေးသည်လုပ်၍ ကစားသော ကလေးမှာ ရှေးဘဝက ကျောင်းဆရာမနှင့် ကုန်စုံဆိုင်ပိုင်ရှင် ဖြစ်ခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ တိုက်ပွဲ၌ သေဆုံးခဲ့သော ဂျပန်စစ်သားတစ်ဦး ဖြစ်ပါသည်ဆိုသော မြန်မာသူငယ်မလေး တင်အောင်မျိုးမှာ အသက်ဆယ်နှစ်အထိ စစ်သားလုပ်၍ ကစားလေ့ရှိ၏။

အချို့ကလေးများသည် အတိတ်ဘဝကို လုံးဝမမှတ်မိစေကာမူ သူတို့၏ ထူးခြားသောဝါသနာများမှာ ဘဝဟောင်းမှပါလာသော ဝါသနာများ ဖြစ်ပေလိမ့်မည်။ ဤနေရာ၌ ထိုကလေးမျိုးအားလုံးကို မဆိုလိုဘဲ အချို့သော ဆိုလိုခြင်းဖြစ်၏။ အချို့ကလေးများ၏ ထူးခြားသော စိတ်ဝင်စားမှုနှင့် အပြုအမူများမှာ ဗီဇ၊ သို့မဟုတ် ပတ်ဝန်းကျင်၊ သို့မဟုတ် ထိုအကြောင်းတရား နှစ်ပါးစလုံးကြောင့်ဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။ သို့ရာတွင် အချို့ကလေးများ၏ စရိုက်ဝါသနာများမှာကား ထိုသို့ အလွယ်တကူ အကြောင်းရှာ၍ မရသော ဝါသနာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် ဂျာမန်တေးပြုဆရာ ဂျော့ဖရီဒရစ်ဟင်ဒယ်[၁] မှာ ထင်ရှားသော သာဓကဖြစ်၏။ ဟင်ဒယ်၏ မိဘဘိုးဘွားများမှာ ဂီတကို လုံးဝ စိတ်မဝင်စားကြချေ။ သူ့အဖေမှာ ဆရာဝန်ဖြစ်၍ သူငယ်စဉ်က ဂီတဝါသနာပါမှုကို တင်းတင်းမာမာ ဆန့်ကျင်ခဲ့၏။ ဖလော်ရင့်နိုက်တင်ဂေး[၂] မှာ ငယ်စဉ်ကပင် သူနာပြုလုပ်ငန်းကို စိတ်ဝင်စား၍ မိဘဆွေမျိုးများ အလိုဆန္ဒကို ဆန့်ကျင်ကာ သူနာပြုဆရာမအဖြစ် ကမ္ဘာကျော် ထင်ရှားလာသူဖြစ်၏။

အီဂျစ် ရှေးဟောင်းစာပေကို စတင်ဖော်ထုတ်သော မာရှင်ချန်ပေါ်လီအင်[၃]သည် ကလေးဘဝကပင် စာပေ၌ စိတ်ဝင်စားခဲ့သောသူ ဖြစ်၏။ ဤသို့ဖြင့် ငယ်စဉ်က မိဘများ၏ အားပေးမှုမရှိဘဲ ပညာတစ်ရပ်ရပ်၊ အလုပ်တစ်ခုခု၌ အထူးစိတ်ဝင်စား၍ အနှောင့်အယှက်၊ အခက်အခဲများ အကြား၌ပင် ထိုပညာ၊ ထိုအလုပ်ဖြင့် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များမှာ မနည်းလှချေ။ အကျော်အမော်ပုဂ္ဂိုလ်များ မဟုတ်သော်လည်း ငယ်စဉ်ကပင် အတတ်ပညာ(အဆိုအက၊ အတီးအမှုတ်၊ အချက်အပြုတ်စသည်) တစ်ခုခု၌ အထူး အားထုတ်သင်ကြားမှုမရှိဘဲ) မိဘဆွေမျိုးသားချင်းများ၌လည်း အထုံဝါသနာပါသူ တစ်ဦး တစ်ယောက်မျှမရှိဘဲ ကျွမ်းကျင် လိမ္မာသောသူများ အကြောင်းကိုလည်း စာရှုသူတို့ ကြားဖူးကြမည် ဖြစ်၏။

ထိုသူတို့သည် ဘဝဟောင်းကို လုံးဝ မမှတ်မိကြချေ။ သို့ရာတွင် မျက်မှောက် အကြောင်းတရား ရှာ၍မရအပ်သော သူတို့၏ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်လိမ္မာမှုသည် ဘဝဟောင်းက ပါလာသည်ဟု ယူဆဖွယ်ရှိ၏။

အချို့သော လူဝင်စားမှု၌ ကလေးသည် ဘဝဟောင်းမှ မိဘဆွေမျိုး၊ သို့မဟုတ် ဇနီး၊ ခင်ပွန်း သားသမီးများထံသို့ သွားလိုသောဆန္ဒရှိ၏။ မိမိနှင့် အတူနေသောသူများကို ဆွေမျိုးသားချင်းအစစ်ဟု မယုံကြည်သဖြင့် ချစ်ခင်လေးစားခြင်း မရှိချေ။ အချို့ကလေး များ ဘဝဟောင်းကို လုံးဝမမှတ်မိသော်လည်း မိဘဆွေမျိုးသားချင်းနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ခြင်းသည် ဘဝဟောင်း၌ အကြောင်းရင်းခံ ရှိကောင်းရှိပေလိမ့်မည်။ အချို့လူများသည် မိမိတို့စကားကို နားထောင်၍ ချစ်ခင်လေးစားသော သားသမီးများ ကိုပင် မေတ္တာတုံ့ပြန်ခြင်း မရှိချေ။ ဤသို့ဖြစ်ရခြင်းမှာ ဘဝဟောင်းက သားသမီးများအား တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်နာကြည်းမှု အစွဲဥပါဒါန် ကျန်ရှိသေးသော လက္ခဏာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

တစ်မိသားချင်းဖြစ်ပါလျက် အချို့လူများ၏ ဆက်ဆံမှုသည် ပုံမမှန်ဘဲ စိတ်ပညာရှင်တို့ ရှင်းပြရန် ခက်ခဲသော ပြဿနာဖြစ်၏။ အချို့သော သားအမိနှင့် ညီအစ်မ

---

၁။ Frederick Handel

၂။ Florence Nightingale

၃။ Champollion



www.burmeseclassic.com

www.burmeseclassic.com



များသည် တစ်ဦးကိုတစ်ဦး ရန်သူပမာ သဘောထားကြ၏။ အချို့သော မောင်နှမများ၏ ချစ်ခင်မှုသည် မိဘနှင့်သားသမီး ချစ်ခင်မှုထက် ပိုမိုလေးနက်ခိုင်မြဲ၏။ အချို့ ယောကျ်ားများ မိမိတို့မိခင်အား ပြောဆိုဆက်ဆံပုံမှာ ဖခင်လုပ်သူက သမီးနှင့် ပြောဆိုဆက်ဆံပုံမျိုးဖြစ်၏။ အချို့ မိသားစုများ၌မူ ကလေးအပေါ်၌ အဒေါ်၊ သို့မဟုတ် အစ်မဖြစ်သူက မိဘများထက် ပို၍ သံယောဇဉ် ကြီးမားနေတတ်၏။

ဤအခြင်းအရာများမှာ အတိတ်ဘဝကို လက်ခံယုံကြည်သော မြောက်အမေရိက တိုင်းရင်းသားအက်စကီမိုးနှင့် တလင်းဂျစ်လူမျိုးအဖို့ မဆန်းလှချေ။ သူတို့အမြင်အားဖြင့် လူတစ်ဦး၏ မိဘ၊ အစ်ကိုအစ်မ၊ ဦးလေး၊ သားအမိ၊ မယားစသည်တို့သည် ဘဝဟောင်းက တစ်နည်းအားဖြင့် သွေးသားတော်စပ်ခဲ့သောသူများ ဖြစ်၏။ ယခုဘဝ၌ သမီးဖြစ်သူသည် ရှေးဘဝက မိမိအမေ၊ သို့မဟုတ်အဘွား ဖြစ်ကောင်းဖြစ်နေပေမည်။ တစ်ဦးကို တစ်ဦး အလွန်မုန်းသော သားနှင့်အမိသည် ဘဝဟောင်းက အမွေမှုကိစ္စကြောင့် ရန်သူဖြစ်သွားသော မောင်နှမနှစ်ဦး ဖြစ်နေပေမည်။

တလင်းဂျစ်နှင့် အက်စကီမိုးတို့တွင် သူတို့ ယုံကြည်ချက်အတိုင်း မိမိအမျိုး၌ လူဝင်စားပြန်ဖြစ်သော အမှုများရှိ၍ အချို့ကလေးများသည် ဘဝဟောင်းကို ကောင်းစွာမှတ်မိကြ၏။ သို့ဖြစ်၍လည်း "သူတို့သည် မိမိတို့၏ ကလေးများမှာ ရှေးဘဝက မိဘများဖြစ်ကောင်းဖြစ်ခဲ့မည်၊ သို့မဟုတ် နောင် ဘဝသံသရာတစ်ကွေ့၌ မိဘများ ဖြစ်လာလိမ့်မည်" ဟူသော ယုံကြည်ချက်ဖြင့် ချစ်ခင်ကြင်နာကြ၍ စိတ်ဆိုးသောအခါ၌ ရိုက်နှက်ပြီး အပြစ်ဒဏ်ပေးလေ့ မရှိကြချေ။

လူဝင်စားများ၌ ချစ်ခြင်းနှင့်မုန်းခြင်းသည် ဘဝဟောင်းမှ ပါလာတတ်သည်ကို တွေ့ရ၏။ အသတ်ခံရပြီးနောက် လူဝင်စားဖြစ်လာသော အချို့ကလေးများသည် မိမိတို့ ကြီးပြင်းလာသောအခါ ဘဝဟောင်းမှ ရန်သူများကို လက်စားချေမည်ဟု ပြောကြ၏။ ဒေါက်တာစတီဗင်ဆင်နှင့် အခြားသုတေသီတို့သည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ၌ ကျဆုံးသော အမေရိကန် ဗြိတိသျှစစ်သားနှင့် လေသူရဲအချို့ လူဝင်စားဖြစ်နေသည်ဆိုသော အမှုများကို လေ့လာခဲ့ကြ၏။ ထို လူဝင်စားကလေးများသည် ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးများအကြောင်း ပြောသံကြားလျှင် စိတ်လှုပ်ရှား၍ ဒေါသထွက်လာသော လက္ခဏာပြကြကြောင်း သူတို့မိသားစုများထံမှ ကြားသိရ၏။

ကမ္ဘာအရပ်ရပ်၌ သားစဉ်မြေးဆက် တစ်ဖက်နှင့်တစ်ဖက် အခဲမကျေဘဲ ကမ္ဘာရန်ဖြစ်နေကြသော လူမျိုးစုများရှိပေရာ အခြားအကြောင်းများ ရှိမည်ဖြစ်သော်လည်း ဘဝဟောင်းမှ ရန်ငြိုးသည်လည်း အကြောင်းတစ်ခု ဖြစ်ပေလိမ့်မည်။ ဘဝဟောင်းကို မမှတ်မိသော်လည်း လူတစ်ဦးတစ်ယောက်ကို အကြောင်းတရား လုံလုံလောက်လောက် မရှိဘဲ ချစ်ခြင်းမုန်းခြင်းသည် အတိတ်ဘဝက တွေ့ကြုံခံစားရချက်များနှင့် ဆက်စပ်နေဟန်ရှိ၏။ မိမိနှင့် အမျိုးဘာသာ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ် စသည်ဖြင့် အစစအရာရာ မတူသော လူများ ချစ်ခင်ကြင်နာ၍ ဆင်းရဲဒုက္ခခံကာ သူတို့အကျိုးစီးပွားကို ဆောင်ရွက်မှု (ပုံ၀



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ပထမကမ္ဘာစစ်အတွင်းက အာရပ်များကို ခေါင်းဆောင်၍ သူတို့ရန်သူ တူရကီအစိုးရကို တိုက်ခိုက်ခဲ့သော ဗြိတိသျှစစ်သား တီအီလော့ရင့်[၁]၏ စွန့်စားမှု)သည်လည်း ဘဝဟောင်းက သံယောဇဉ်တွယ်တာမှုကြောင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

လူဝင်စားမှုများဖြင့် ရှင်းပြနိုင်သော အခြား လူ့စရိုက်လက္ခဏာ နှစ်မျိုးရှိပေသေးရာ ပထမမှာ အချို့လူများ၌ ဆန့်ကျင်ဘက်လိင်စိတ် ဝင်နေမှုဖြစ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားမှုငါးခု၌ မိန်းကလေးသည် ဘဝဟောင်းက ယောက်ျားဖြစ်ခဲ့ဖူး၍ ယောက်ျားကလေးမှာ မိန်းမဘဝကလာသူ ဖြစ်၏။ ကလေးများသည် ဆန့်ကျင်ဘက်လိင်နှင့်ဆိုင်ရာ ဝတ်စားဆင်ယင်မှု၊ ကစားခုန်စားမှုနှင့် သွားလာနေထိုင်မှုကို ကြိုက်နှစ်သက်ကြ၏။ မိမိတို့ဘဝနှင့် ဆန့်ကျင်ဘက် စရိုက်လက္ခဏာများသည် အသက်ကြီးလာသောအခါ တဖြည်းဖြည်း ပျောက်ကွယ်သွားလေ့ရှိသော်လည်း အချို့လူဝင်စားများမှာ ကြီးပြင်းလာသည်အထိ ပုံမှန်ပြန်မဖြစ်ချေ။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ၌ ဂျပန်စစ်သားသေ၍ လူဝင်စားဖြစ်သည်ဆိုသော တင်အောင်မျိုးခေါ် သူငယ်မှာ နှစ်ဆယ့်ငါးနှစ်အရွယ်အထိ ယောက်ျားစိတ် မပျောက်သေးချေ။

စိတ်ပညာရှင် ဖရွိုက်[၂]၏ အဆိုအားဖြင့်ကား ကလေးသူငယ်၏ ကာမဘာဝသည် နို့စို့အရွယ်က စတင်ဖြစ်ပေါ်ခဲ့သော်လည်း အသက်ငါးနှစ်နှင့် ၁၁ နှစ်အကြားတွင် ကာမစိတ်ပျောက်ကွယ်သွား၏။ လူဝင်စားမှုအားလုံး၌ တွေ့ရသော လက္ခဏာတစ်ရပ်မှာ ကလေးသည် အသက်ငါးနှစ်နှင့် ရှစ်နှစ်အကြားတွင် ဘဝဟောင်းကို မေ့သွားခြင်းဖြစ်၏။ အသက်ငါးနှစ်မှာ ကျောင်းနေစပြု၍ အပေါင်းအသင်းလည်း များလာသောကြောင့် အတွေ့အကြုံသစ်များက ဘဝဟောင်းမှ အမှတ်သညာများကို ဖုံးအုပ်သွားရန်ရှိ၏။ သို့ဖြစ်၍ ကလေး၏ ကာမဘာဝ (ဝါ) လိင်စိတ်သဘာဝကို အခြား စိတ်ဓာတ်စရိုက်များနည်းတူ ပဋိသန္ဓေမတည်မီက အမှတ်သညာနှင့် ဆက်စပ်နားလည်မည်ဆိုပါက ဖရွိုက်၏ယူဆချက်ကို လက်မခံနိုင်စရာ အကြောင်းမရှိချေ။

စင်စစ် ဘဝဟောင်းမှ စရိုက်ဝါသနာများသည် အမိဝမ်းတွင်း၌ ကလေးရှိနေစဉ်ကပင် ထင်ရှားလာသည်ဟု ဆိုရပေမည်။ မိန်းမများသည် ကိုယ်ဝန်ရှိနေစဉ် အချို့သော အစားအစာကို စားလိုသောဆန္ဒ (ဝါ) ချင်ခြင်း ထူးထူးဆန်းဆန်း ဖြစ်ပေါ်တတ်၏။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားမှုများ၌ ကလေးသည် အချို့သော အစာကို ကြိုက်နှစ်သက်၍၊ အချို့ကို ရွံ့မုန်းခြင်းဖြစ်၍ ဘဝဟောင်းပုဂ္ဂိုလ်၌လည်း ထိုလက္ခဏာအခြင်းအရာကို တွေ့ရသည် ဆို၏။

ဤသည်တို့မှာ လူဝင်စားမှုများကို လေ့လာတွေ့ရှိချက်အရ ဘဝဟောင်းမှ ဘဝသစ်သို့ ပါလာဟန်ရှိသော အချို့သော စရိုက်လက္ခဏာများ ဖြစ်၏။ လူဝင်စားမှုသုတေသန

---

၁။ T.E. Lawrence
၂။ Sigmund Freud



www.burmeseclassic.com

www.burmeseclassic.com



ကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပါက အခြား စိတ်ဝင်စားဖွယ်ရာ အကြောင်း အချက်များ ပေါ်ထွက်လာကောင်း လာပေလိမ့်မည်။

သို့ရာတွင် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ စရိုက်လက္ခဏာနှင့် တွေ့ကြုံခံစားမှုအားလုံး သည် ဘဝဟောင်းနှင့် ဆက်စပ်နေသည်ဟု မဆိုသာချေ။ ယောကျ်ားတစ်ဦးနှင့် မိန်းမ တစ်ဦး ဇနီးမောင်နှံ ဖြစ်နေခြင်းသည် လူအများယူဆကဲ့သို့ ဘဝဟောင်းက အပေါင်း အသင်း ဖြစ်ခဲ့ဖူးသောကြောင့် မဟုတ်ဘဲ မညားမီ နီးနီးစပ်စပ်နေထိုင်မှု၊ စရိုက်ဝါသနာ တူညီမှုစသော မျက်မှောက်အကြောင်းများကြောင့် ဖြစ်ပေမည်။ မိန်းမချော၊ မိန်းမလှ တစ်ဦးက မိမိထက် အသက်များစွာကြီး၍ အရုပ်ဆိုးသော ယောကျ်ားတစ်ဦးကို ပေါင်းသင်း နေခြင်းမှာ ဘဝနဖူးစာကြောင့် မဟုတ်ဘဲ ယောကျ်ားမှာ မိမိအဖေနှင့်တူနေ၍ လိင်မတူ သောမိဘကို တပ်မက်သည့် ကလေးဘဝက အစွဲကြောင့် ဖြစ်ရပေမည်။

ဤသည်မှာ ရေစက်ဆိုသော စကားကို ကျွန်ုပ်တို့ အကြွင်းမဲ့ ငြင်းဆိုနေခြင်း မဟုတ်၊ လင်နှင့်မယား ဖြစ်နေခြင်းသည် တစ်ခါတစ်ရံ ဘဝဟောင်း၌ အကြောင်းရင်းခံ ရှိကောင်းရှိပေမည်။ သို့ရာတွင် မျက်မှောက်အကြောင်းအရာကို ရှာမရမှသာလျှင် ဘဝ ဟောင်းကို ထည့်သွင်းစဉ်းစားရမည် ဖြစ်၏။

ဘဝဟောင်းမှ စရိုက်လက္ခဏာများ လိုက်ပါလာမှုအကြောင်းကို ရေးသားရာ၌ ကျွန်ုပ်တို့သည် လူ့စရိုက်လက္ခဏာများကို သိပ္ပံနည်းကျ စူးစမ်းလေ့လာသော စိတ္တဗေဒ၊ စိတ်ရောဂါဗေဒနေရာများတွင် ထိုတွေ့ရှိချက်ကို အစားထိုး၍ ရွှေ့တန်းတင်ရန် ရည်ရွယ် ချက်မရှိပေ။ ထို လူမှုသိပ္ပံပညာရပ်များ သူ့နေရာနှင့်သူ အရေးပါမှုကို ကျွန်ုပ်တို့ အသိ အမှတ်ပြုရပေမည်။ လူဝင်စားမှုများမှ တွေ့ရှိရချက်များသည် ထိုပညာရပ်များ၏နေရာကို ယူရန်မဟုတ်ဘဲ ယင်းတို့ကို ထောက်ကူဖြည့်စွက်ရန်မျှသာ ဖြစ်၏။

လူ့စိတ်သဘာဝနှင့် ပတ်သက်၍ စိတ်ပညာရှင်၊ စိတ္တဗေဒပညာရှင်တို့ လေ့လာ တွေ့ရှိသော အချက်များကို ကျွန်ုပ်တို့ အလေးဂရုပြုသင့်သည် မှန်၏။ သို့ရာတွင် အထက်ကပြဆိုခဲ့သော လူဝင်စားမှု သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များ အရဆိုသော် လူ့သတ္တဝါတစ်ဦး၊ အထူးသဖြင့် ကလေးသူငယ်များ၏ စရိုက်နှင့်အပြုအမူများကို ဆင်ခြင် သုံးသပ်ရာ၌ စိတ္တဗေဒဆရာတို့၏ အဆိုအမိန့်ကိုချည်း လက်ကိုင်မထားသင့်ချေ။

ထိုဆရာတို့၏ အဆိုအားဖြင့်မူ ကလေးတစ်ယောက်သည် အကယ်၍ တစ်ကိုယ် ကောင်းစိတ်ကြီးမှု၊ လူကြီးမိဘများကို မထိမဲ့မြင်ပြုမှု၊ ဒေါသကြီးမှုစသည့် လက္ခဏာ များဖြင့် စိတ်ဓာတ်စရိုက် ညှံ့ဖျင်းနေငြားအံ့၊ ထိုညှံ့ဖျင်းမှုသည် မိဘများ၏ အအုပ်အထိန်း၊ အဆုံးအမ မကောင်းသောကြောင့် ဖြစ်၏။ သို့မဟုတ် မိဘများ၏ စိတ်ပုံမမှန်မှု၊ကလေး နှင့်ဆက်ဆံရာ၌ မသိနားမလည်မှုကြောင့် ဖြစ်၏။ ကလေးတစ်ယောက် လူတော်လူကောင်း

---

၁။ Oedipus Complex "လူ့စိတ်သဘာဝ" စာ-၂၄၉။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရန်အတွက် မိဘများ၏ အရေးပါမှုကို ကျွန်ုပ်တို့ မငြင်းဆိုလိုပါ။ သို့ရာတွင် မိဘများက ပညာဗဟုသုတရှိ၍ တစ်စုံတစ်ရာ ချွတ်ယွင်းချက်မရှိပါဘဲ သားသမီးများက စိတ်ဓာတ်စရိုက် ညံ့ဖျင်းနေမှု၊ မိဘများက မိုက်မဲနေပါလျက် သားသမီးများက လိမ္မာနေမှုများလည်းရှိကြောင်း သတိပြုသင့်ပေ၏။

သို့ဖြစ်၍ လူ့ဝင်စားမှုမှ ရရှိအပ်သော သင်ခန်းစာကို နှလုံးသွင်းပါက ကျွန်ုပ်တို့သည် လူသတ္တဝါတစ်ဦး၏ စိတ်ဓာတ်စရိုက်၊ အပြုအမူနှင့် ပတ်သက်၍ သူတစ်ပါးကို အကြောင်းမတန် အပြစ်တင်ဝေဖန်ခြင်း၊ မိမိ၏သားသမီး ဖြစ်နေလျှင်လည်း မိမိကိုယ်ကို ကဲ့ရဲ့စွပ်စွဲခြင်းကို ရှောင်ကြဉ်နိုင်ပေမည်။ ထိုသို့ရှောင်ကြဉ်၍ စိတ်ငြိမ်းချမ်းမှုအတွက် လိုအပ်သော ဥပေက္ခာတရားကို မွေးမြူကျင့်သုံးနိုင်မည် ဖြစ်ပေသတည်း။

❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၉

# လူ၏ကိုယ်ခွဲ

တမလွန်ဘဝ ရှိသည်ဆိုသော အယူအဆအတွက် အထောက်အထားတစ်ခုအဖြစ် လူအများ အသိအမှတ်ပြုထားသော အချက်မှာ ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာ့အရပ်ရပ်၌ တစ္ဆေကို ရံဖန်ရံခါ လူတို့တွေ့မြင်ကြခြင်း ဖြစ်၏။ မယုံသူတို့က တစ္ဆေကို လူတို့၏စိတ်ထင်မှု၊ စိတ်ဖန်တီးမှုမျှသာ ဖြစ်သယောင် ပြောဆိုကြ၏။တစ္ဆေသည် လူအများ ယူဆသကဲ့သို့ သေသူ့ဝိညာဉ် မဟုတ်သော်လည်း သေသူတစ်ဦးဦးနှင့် ပတ်သက်သော အရိပ်နိမိတ်သင်္ကေတ်ဖြစ်ကြောင်း အခန်း(၃)၌ ပြဆိုခဲ့ပေပြီ။

တစ္ဆေကို တွေ့မြင်ရသည် ဆိုခြင်းကိုလည်းကောင်း၊ သေသူနှင့် ပတ်သက်သည် ဆိုသော အခြား ကြုံတွေ့ရမှုများကိုလည်းကောင်း၊ အချို့လူတို့က မယုံကြည်ခြင်းမှာ ရုပ်ဝါဒကြောင့် ဖြစ်၏။ ရုပ်ဝါဒအရ စိတ်နှင့်ရုပ်ကို တိတိကျကျ ခွဲခြား၍မရအပ်။ ထို့ကြောင့် ရုပ်တရား လုံးဝပျက်စီးသွားသောအခါ သေသူနှင့်ပတ်သက်သော တစ်စုံတစ်ရာ အကြွင်းအကျန်မရှိဘဲ ဘဝပြတ်တောက်သွားမည် ဖြစ်၏။ တစ်နည်းဆိုသော် စိတ်နှင့် ကိုယ်ခန္ဓာသည် သေသည်အထိ အမြဲယှဉ်တွဲနေ၍ လူသေလျှင် ရုပ်နာမ်တရား နှစ်ပါးစလုံး အကြွင်းမဲ့ ပျက်စီးရမည်ဖြစ်၏။

သို့ရာတွင် လူသတ္တဝါသည် အသက်ရှင်နေသော အချိန်ကာလ၌ပင် စိတ်တခြား ကိုယ်ခန္ဓာတခြား ဖြစ်နေတတ်ပုံကို စိတ်ဝိညာဉ် သုတေသီဆရာတို့က နှစ်ပေါင်းများစွာ လေ့လာခဲ့ကြပြီး ဖြစ်၏။ ဤအခြင်းအရာနှင့် ပတ်သက်၍ သုတေသီဆရာတို့ တွေ့ရှိထားသော အထောက်အထား နှစ်မျိုးနှစ်စားရှိ၏။ ပထမအထောက်အထားမှာ ပုဂ္ဂိုလ် သတ္တဝါတစ်ဦးကို အခြားလူများက နှစ်ကိုယ်ခွဲ၍ မြင်ရခြင်းဖြစ်၍ ဒုတိယအထောက် အထားမှာ ခန္ဓာကိုယ်မှ မိမိတို့ စိတ်ဝိညာဉ် ခွဲထွက်သည်ဆိုသော ပုဂ္ဂိုလ်များ မိမိတို့ ကိုယ်တွေ့ကို ပြောပြခြင်းဖြစ်၏။

---

၁။ Poltergeist "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



အချို့သော ပုဂ္ဂိုလ်များသည် တစ်ချိန်တည်း၌ နှစ်ကိုယ်ခွဲ၍ နေရာဌာနနှစ်ခုတွင် ရှိနေတတ်သည်ဆိုခြင်းမှာ အနာဂတ်ကို ကြိုတင်သိမြင်မှု၊ ပုဗ္ဗေကတိုက်မှု၊ အပမှိမှု စသည်တို့ကဲ့သို့ပင် စိတ်ဝိညာဉ် သုတေသနလုပ်ငန်းများ မပေါ်ထွန်းမီ ရှေးပဝေသဏီကစ၍ ရှိခဲ့သော လူတို့၏ မျက်မြင်ကြုံတွေ့ရချက်များ ဖြစ်၏။ ရှေးဟောင်းစာပေ ကျမ်းဂန်များ အလိုအားဖြင့် ထိုပုဂ္ဂိုလ်များမှာ ဈာန်တန်ခိုး အသိဉာဏ်ရသော သူတော်သူမြတ်များ ဖြစ်၏။

တစ်ခါက ရန်ကုန်မြို့ရှိ နာမည်ကြီး ဆရာတော်တစ်ပါးသည် ရွှေတိဂုံကုန်းတော်ပေါ်၌ တရားဟောနေစဉ် မြို့ထဲ အခြားတစ်နေရာ၌ သူ့ကို တပည့်ဒါယကာများက ဖူးတွေ့ကြရသည် ဆို၏။ စပိန်ပြည် စတုဗ္ဗဖိလစ်ဘုရင် လက်ထက်က ဆော်မာရီယာ အမည်ရှိ သီလရှင်မသည် သူ၏ကျောင်းတိုက်မှ တစ်ဖဝါးမျှမခွာဘဲ တောင်အမေရိကတိုက်တောထဲ၌ တိုင်းရင်းသားများအား တရားဟောခဲ့သည် ဆို၏။ ထိုတိုင်းရင်းသားများက ဥရောပတိုက်သားတစ်ဦးတစ်ယောက်မျှ မပေါက်ရောက်သေးသော သူတို့အရပ်ဒေသသို့ ရောက်လာသော မျက်နှာဖြူသီလရှင်မ၏ ရုပ်ပုံသဏ္ဌာန်ကိုပြောပြကြရာ ဆော်မာရီယာ၏ ပုံသဏ္ဌာန်ဖြစ်နေကြောင်း တွေ့ရသည်ဆို၏။

ယခုခေတ် စိတ်ဝိညာဉ်သုတေသီဆရာတို့ လေ့လာတွေ့ရှိချက်များ အရဆိုသော် နှစ်ကိုယ်ခွဲနိုင်ခြင်းသည် သူတော်သူမြတ်များသာလျှင် တန်ခိုးအဘိညာဉ်ဖြင့် ပြုလုပ်နိုင်သော အမှု မဟုတ်ချေ။ ဤအစွမ်းသတ္တိမှာ အကျင့်သီလ၊ အသိပညာ၊ ဗဟုသုတ၊ အသက်အရွယ်နှင့်မဆိုင်ဘဲ လူတန်းစားအမျိုးမျိုး၌ တွေ့ရသော သတ္တိဖြစ်၏။ ၁၉ ရာစု ကုန်ခါနီးလောက်က ဗြိတိသျှသုတေသီသုံးဦးသည် သက်ရှိပုဂ္ဂိုလ် ခုနစ်ရာကျော်၏ နှစ်ကိုယ်ခွဲမှုအကြောင်းကို စုဆောင်းလေ့လာ၍ စာအုပ်ရေးသားခဲ့ကြ၏။ ယင်းတို့မှာ သေချာစွာဆန်းစစ်လျှင် အထောက်အထားခိုင်လုံသော သာဓကများဖြစ်၏။

၁၉၀၈ ခုနှစ်က ဗြိတိသျှပါလီမန် အမတ်တစ်ဦးဖြစ်သော ဆာကာန်းရစ်သည် ပါလီမန်အစည်းအဝေး၌ အဆိုတစ်ခုကို ထောက်ခံရန် စိတ်ဆန္ဒပြင်းပြနေစဉ် ရုတ်တရက်ဖျားနာ၍ အစည်းအဝေးသို့ မတက်ရောက်နိုင်တော့ချေ။ သို့ရာတွင် ပါလီမန်အဆိုကို ဆွေးနွေးနေစဉ်က ဆာကာန်းရစ်မှာ ခါတိုင်းထိုင်နေကျနေရာ၌ ထိုင်နေသည်ကို အမတ်သုံးဦးက အသေအချာ မြင်လိုက်ကြရသည် ဆို၏။

အခြားသာဓကမှာ ၁၈၉၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် စနေနေ့၌ အင်္ဂလန်ပြည်မှ နယူးကာဆယ်မြို့နေ ဂျိန်းအက်စ်သွန်မဆင်သည် ဓာတ်ပုံဆိုင်တစ်ဆိုင်သို့သွား၍ မိမိ အပ်ထားသော ဓာတ်ပုံများအကြောင်း စုံစမ်းမေးမြန်း၏။ ဆိုင်ရှင်က ဓာတ်ပုံများ ကူးမပြီးသေးကြောင်းပြောရာ သွန်မဆင်သည် အတော်စိတ်ပျက်သွား၍ သူ့မှာ အချိန်အနည်းငယ်သာရှိတော့ကြောင်း ဓာတ်ပုံများကိုယူရန် နောက်ထပ် လာနိုင်မည်မဟုတ်ကြောင်း ပြောဆိုပြီး ဆိုင်ထဲမှ ထွက်သွား၏။

သို့ရာတွင် ထိုစနေနေ့၊ နံနက်က သွန်မဆင်မှာ မိမိအိမ် အိပ်ရာထဲ၌ အသည်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အသန် မကျန်းမမာဖြစ်နေ၍ သူနာပြုဆရာမတစ်ဦးက အမြဲ စောင့်ကြပ်ကြည့်ရှုနေရ၏။ သူသည် ဓာတ်ပုံများအကြောင်း ကယောင်ကတမ်း တတွတ်တွတ်ပြောရင်း ဓာတ်ပုံဆိုင်သို့ သူ၏ကိုယ်ခွဲ ရောက်ရှိပြီးနောက် နာရီ အနည်းငယ်အကြာတွင် သေဆုံးသွား၏။

စိတ်ဝိညာဉ် သုတေသီဆရာတို့သည် အထက်ပါအဖြစ်အပျက် မည်မျှမှန်ကန်ကြောင်း အတော်အချိန်ကုန် လူအပင်ပန်းခံ၍ စူးစမ်းလေ့လာကြ၏။ ဓာတ်ပုံဆိုင်ရှင်နှင့် စာရေးများက သွန်မဆင်လာကြောင်း ကျိန်ဆို၍ အခိုင်အမာပြောကြ၏။ ဆိုင်မှတ်တမ်းစာအုပ်၌ ထိုနေ့က သွန်မဆင်လာကြောင်း ရေးမှတ်ထားသည်ကိုလည်း တွေ့ရ၏။

ဤသာဓကနှစ်ခု၌ ကိုယ်ခွဲကို တွေ့မြင်သည်ဆိုခြင်းမှာ စိတ်အထင်မှားမှု မဖြစ်နိုင်ကြောင်း ထင်ရှား၏။ စိတ်အထင်သက်သက် ဖြစ်သည်မှန်ပါက အမတ်သုံးဦးက အိမ်၌ဖျားနေသော သူကို တစ်ချိန်တည်း မြင်တွေ့မည် မဟုတ်ချေ။ ဒုတိယသာဓက၌ သွန်မဆင်ကို ဓာတ်ပုံဆိုင်ရှင်နှင့်စာရေးက တွေ့မြင်ပြောဆိုလိုက်ရသည် ဆိုခြင်းမှာလည်းဖြစ်နိုင်မည် မဟုတ်ချေ။

ဤအချက်မှာ ကျွန်ုပ်တို့ အထူးသတိပြုရမည့် အချက်ဖြစ်၏။ စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ အထက်ပါသာဓကမျိုး အမြောက်အမြားရှိသေရာ ပုဂ္ဂိုလ်တစ်ဦး၏ကိုယ်ခွဲကို အခြားလူများ တွေ့မြင်ရသည်ဆိုခြင်းနှင့် ပတ်သက်၍ ယုံမှားသံသယမရှိပါမူ နှစ်ကိုယ်ခွဲပုဂ္ဂိုလ်များ၏ ပြောပြချက်ကို ကျွန်ုပ်တို့ လက်ခံစဉ်းစားနိုင်ပေလိမ့်မည်။

မိမိ၏ကိုယ်ခွဲကို မြင်ရသည်ဆိုသော ပုဂ္ဂိုလ်အတော်များများ ရှိ၏။ နာမည်ကျော် ဂျာမန်ပညာရှင်ကြီး ဂိုသေ့[၁]သည် တစ်ခါက မြင်းစီးသွားစဉ် မိမိကိုယ်ကို ရှေ့တူရူ၌ မိမိတစ်ခါမျှ မဝတ်ဖူးသော အဝတ်အစားဖြင့် မြင်းစီးလာသည်ကို မြင်ရသည်ဆို၏။ ပြင်သစ်စာရေးဆရာ မိုပါးဆွန်း[၂]သည်လည်း တစ်ခါတစ်ရံ မိမိအိမ်သို့ပြန်လာ၍ တံခါးဖွင့်လိုက်သောအခါ မိမိကိုယ်ကို ပက်လက်ကုလားထိုင်၌ ထိုင်နေသည်ကို တွေ့မြင်ရသည်ဆို၏။

မိမိတို့၏ကိုယ်မှ ခွဲထွက်၍ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသမျှကို သိမြင်သော ပုဂ္ဂိုလ်များလည်း ရှိ၏။ ၁၉၃၇ ခုနှစ်က ဆေးပညာပါမောက္ခတစ်ဦးက အိဒင်ဗာရာ ဆေးသိပ္ပံပညာအသင်း အစည်းအဝေး၌ မိမိမိတ်ဆွေ ဆရာဝန်တစ်ဦး၏ ကိုယ်တွေ့ကို တင်ပြဖူး၏။ ထိုဆရာဝန်မှာ အသည်းအသန် ဖျားနာနေသော်လည်း သတိကောင်းစွာရ၍ ကိုယ်ခန္ဓာ၏ပြင်ပသို့ မိမိရောက်ရှိနေသည်ကို တွေ့ရ၏။ အခန်းထဲသို့ ဇနီးဖြစ်သူဝင်လာပြီး တယ်လီဖုန်းရှိရာသို့ ပြေးသွားသည်ကို မြင်ရ၏။ အခြားဆရာဝန်တစ်ဦး သူ့ထံ ကသောကမျောလာ၍ ဆေးထိုးပေးသည်ကိုလည်း မြင်ရ၏။ ထို့နောက် သူ့နှလုံးမှာ လျင်မြန်စွာ ခုန်လာပြီး မိမိခန္ဓာကိုယ်ထဲသို့ ပြန်ရောက်သွားသလို ခံစားလိုက်ရသည် ဆို၏။

---

၁။ Gothe

၂။ Maupassant



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အင်္ဂလန်ပြည်ရှိ သုတေသနဌာနတစ်ခုသည် မိမိကိုယ်မှ ခွာထွက်နိုင်သည်ဆိုသော သူများအကြောင်း သတင်းစာနှင့် ရေဒီယိုမှစုံစမ်းကြည့်ရာ ထိုသို့ တွေ့ကြုံဖူးသော လူလေးရာခန့်ထံမှ စာများရရှိ၏။ အချို့က အိပ်ရင်း၊ လမ်းလျှောက်ရင်း မိမိတို့ကိုယ်ကို မြင်ကြရသည်ဆို၏။ အချို့က တစ်ကြိမ်သာမြင်ဖူးပြီး အချို့ကမူ အကြိမ်ကြိမ်မြင်ဖူးကြောင်း၊ အချို့က ကိုယ်ခန္ဓာအပြင်ဘက်၌ မိမိတို့မှာ ရုပ်ရှိသည်မထင်ရဘဲ အသိဝိညာဉ်ဖြင့်သာ လေထဲ၌လွင့်ပါးနေသည် ထင်ရကြောင်း ရေးသားပေးပို့ကြ၏။ အချို့မှာ ကိုယ်ခန္ဓာနှင့် ကင်းကွာနေစဉ် မိမိတို့ သွားလိုရာသို့ သွားရောက်နိုင်ကြောင်း ရေးသားဖော်ပြကြ၏။

အထက်ပါလူတို့၏ ရေးသားချက်အတိုင်း နှစ်ကိုယ်ခွဲပုဂ္ဂိုလ်တို့၏ အတွေ့အကြုံများကို သုတေသနမှတ်တမ်းများ၌ အကျယ်ပြဆိုထား၏။ ကိုယ်ခွဲဖြင့် မိမိနေအိမ်မှ အခြားတစ်နေရာသို့ ရောက်ရှိသွားသော သာကေတစ်ခု[၁]ကို အကျဉ်းချုံး၍ ဖော်ပြပါအံ့။

ရုပ်ဝေးမှ အမေရိကန်ပြည်သို့ သင်္ဘောဖြင့် ပြန်လာသော လူတစ်ယောက်သည် လမ်းခရီး၌ တစ်ညတွင် အိပ်ပျော်နေစဉ် မိမိဇနီးသည်ကို အိပ်မက်မြင်မက်၏။ အိပ်မက်ထဲ၌ ဇနီးသည်သည် သူ၏သင်္ဘောအိပ်ခန်းထဲသို့ ဝင်လာ၍ သူ့ကိုနမ်း၏။ သူအိပ်ရာမှ နိုးသောအခါ တစ်ဖက်ရှိ အပေါ်အိပ်စင်မှ ခရီးသွားအဖော်က မိန်းမတစ်ယောက် ဝင်လာပြီး သူ့အား နမ်းသွားသည်ကို မိမိ မြင်လိုက်ကြောင်း ပြောပြ၏။

အမေရိကန်ပြည်ရှိ မိမိနေအိမ်သို့ ပြန်ရောက်ရှိသောအခါ သူ့ဇနီးသည်က ကိုယ်ခွဲဖြင့် မိုင်တစ်ထောင်ကျော်ဝေးသော ပင်လယ်ထဲရှိ မိမိစီးလာသော သင်္ဘောပေါ်သို့ ရောက်ရှိခဲ့ပုံကို ပြောပြ၏။ သူသည် တစ်ဖက်အိပ်စင်မှ လူတစ်ယောက်က သူ့ကို စိုက်ကြည့်နေသဖြင့် ပထမသော် အခန်းထဲသို့ဝင်ရန် တွန့်ဆုတ်နေကြောင်း၊ နောက်မှ အရဲစွန့်၍ ဝင်ပြီး မိမိကိုနမ်းကြောင်း ပြောပြ၏။ သင်္ဘောပုံသဏ္ဌာန်ကိုလည်း ပြောရာ အသေးစိတ်အားလုံးမှန်ကန်နေသည်ကို တွေ့ရ၏။

အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့ခန္ဓာကိုယ်မှ ခွဲခွာ၍ ကိုယ်ခွဲဖြင့် မိမိတို့အလိုရှိရာသို့ သွားနိုင်ကြောင်း စိတ်ဝိညာဉ် သုတေသီဆရာတို့၏ စမ်းသပ်ချက်ဖြင့်လည်း သိရှိ၏။ မစ္စတာဘီယားဆိုသူသည် သုတေသီဆရာ အက်မွန်ဂါနီနှင့်အတူ စမ်းသပ်ကြည့်ရာ အကြိမ်များစွာ အောင်မြင်သည်ကို တွေ့ရ၏။ တစ်ခါသော် သူ၏ချစ်သူ မိန်းမပျိုနှင့် သူ၏ညီမသို့ ကိုယ်ခွဲဖြင့်သွားရောက်ရန် ကြိုးစားကြည့်၏။ အချိန်မှာ ညအိပ်ရာဝင်ချိန်ဖြစ်နေသဖြင့် မိန်းမပျိုအား ကြိုတင်အကြောင်းကြားခွင့် မရချေ။ သို့ဖြင့် မိန်းမပျိုက အိပ်ရာဘေးတွင် သူရပ်နေသည်ကို ရုတ်တရက် မြင်ရသောအခါ ကြောက်လန့်ပြီး အော်တော့၏။ ညီမငယ်လည်း အိပ်ရာမှလန့်နိုး၍ ညီမနှစ်ယောက်စလုံး သူ့ကို ကောင်းစွာ မြင်လိုက်ကြရ၏။

---

၁။ “စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ”



www.burmeseclassic.com

www.burmeseclassic.com



ဆွီဒင်ပြည်မှ သုတေသီဆရာတစ်ဦးသည် မိန်းမပျိုတစ်ယောက်ကို အိပ်မွေ့ချပြီး လျှင် မိုင် ၂၅၀ ကွာဝေးသောဒေသရှိ သူ့မိသားစုထံသို့ စေလွှတ်လိုက်၏။ မိန်းမပျိုသည် ထိုင်ရာမှမရွေ့ဘဲ သူ တွေ့ကြုံခဲ့ရပုံကို ပြန်ပြောပြ၏။ သူသည် မိမိအိမ်သို့ ပြန်ရောက်၍ မီးဖိုခန်းထဲရှိ ကုလားထိုင်ပေါ်၌ ခြေတစ်ဖက်တင်၍ ထိုင်ခဲ့သည်။ သူ့အမေမှာ မီးဖိုခန်း ထဲ၌ အလုပ်လုပ်နေ၍ သူ့အဖေက သတင်းစာဖတ်နေသည်ကို မြင်ခဲ့သည်ဆို၏။ နောက် နာရီအနည်းငယ် ကြာသောအခါ သူ့မိဘများက သူ့ကို မီးဖိုခန်းထဲ၌ ကုလားထိုင်ပေါ် ခြေတစ်ဖက်တင်၍ ထိုင်နေသည်ကို မြင်လိုက်ကြောင်း၊ ထို့နောက် စကားမပြောဘဲ ကွယ်ပျောက်သွားကြောင်း သုတေသီဆရာထံသို့ တယ်လီဖုန်းဆက်၍ သတင်းပို့ကြလေ သည်။

ဤသည်တို့မှာ အချို့လူများ၌ ကိုယ်ခွဲရှိကြောင်း များစွာသော အထောက်အထား များမှ အနည်းငယ်သော သာဓကများဖြစ်၏။ ကိုယ်ခွဲရှိသောကြောင့် တမလွန်ဘဝလည်း ရှိရမည်ဟု လူအများက ယုံကြည်ကြ၏။ ဤအချက်မှာ ကိုယ်ခွဲနှင့် မူလခန္ဓာကိုယ် ဆက်သွယ်နေမှုအပေါ်၌ မူတည်ပေရာ ၎င်းတို့ မည်သို့ ဆက်သွယ်နေသည်ကို ကျွန်ုပ်တို့ အသေအချာ မသိရချေ။

သက်ရှိပုဂ္ဂိုလ်၏ ကိုယ်ခွဲနှင့် သေသူ၏တစ္ဆေမှာ တူညီသောအချက်များရှိ၏။ တစ္ဆေသည် အများအားဖြင့် ကိုယ်ခွဲကဲ့သို့ပင် အဓိပ္ပာယ်ကင်းမဲ့၍ ရည်ရွယ်ချက်မရှိဘဲ သက်ရှိလူတို့၏ မြင်ကွင်း၌ ပေါ်လာတတ်၏။ တစ်ခါတစ်ရံ၌မူ ကိုယ်ခွဲသည်လည်းကောင်း၊ တစ္ဆေသည်လည်းကောင်း ကိစ္စတစ်ခုခု ဆောင်ရွက်ရန်အတွက် ပေါ်လာခြင်းဖြစ်၏။ နံရံနှင့် အခြားအတားအဆီးများကို ဖြတ်၍သွားနိုင်ဟန်ရှိ၏။ လက်ရှိလူက ထိတွေ့၍မရ၊ ဓာတ်ပုံရိုက်၍ ရသည်ဟူ၍လည်း မကြားဖူးသေးချေ။

မည်သို့ဆိုစေ ကိုယ်ခွဲနှင့်ပတ်သက်သော သာဓက အထောက်အထားများအရ အစစအရာရာ၌ ရုပ်တရားသည်သာ ပဓာနဖြစ်သည်။ စိတ်ဝိညာဉ်သည် ရုပ်တရားအပေါ်၌ လုံးလုံးလျားလျား မှီနေသည်ဆိုသော ရုပ်ဝါဒမှာ လွဲမှားကြောင်း ထင်ရှားလှပေသည်။[၂]

❑

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"

၂။ ကိုယ်ခွဲနှင့်ပတ်သက်သော အခြားစိတ်ဝင်စားဖွယ်ရာ တွေ့ရှိချက်များကို "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာ တွေ့ရှိရချက်များ" စာအုပ်တွင် ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၀

# သေရွာပြန်တို့၏ ကိုယ်တွေ့

## (က) ဒေါက်တာမူဒီ၏ စူးစမ်းလေ့လာချက်

တမလွန်ဘဝ ပြဿနာသည် လူသတ္တဝါတစ်ဦး သေဆုံးပြီးနောက် ဖြစ်ပျက်မှုနှင့် ပတ်သက်သောကြောင့် သိပ္ပံနည်းကျ လေ့လာရာ၌ သေခြင်းတရားကို ချန်လှပ်ထား၍ ရမည် မဟုတ်ချေ။ ရှေးအခါက သေခြင်းအကြောင်းကို စိတ်ဝိညာဉ် သုတေသီဆရာတို့ လေ့လာမှုနည်းပါးသော်လည်း ယခုအခါ၌မူ သုတေသီဆရာ တော်တော်များများက စေ့ငသေချာစွာ လေ့လာနေကြပြီ ဖြစ်၏။

စူးစမ်းလေ့လာနေသော အကြောင်းမှာ သေမင်းတံခါးဝသို့ ရောက်ရှိပြီးနောက် ပြန်လည်သတိရလာသော သူများနှင့် သေခါနီးဆဲဆဲ လူနာများ ပြောပြချက်များဖြစ်၏။ သေခါနီးလူနာများအား လေ့လာတွေ့ရှိရချက်ကို ရှေ့အခန်းအတွက် ချန်လှပ်၍ သေရွာပြန် ပုဂ္ဂိုလ်များထံမှ ကြားသိရချက်များကို ယခု ဖော်ပြပါအံ့။

သေရွာပြန်ပုဂ္ဂိုလ် ဆိုသည်မှာ အသည်းအသန် ဖျားနေသောကြောင့်၊ သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိသောကြောင့် ဆရာဝန်က သေပြီဟု ဆုံးဖြတ်ထားပြီးနောက်မှ ပြန်လည်သတိရလာသော သူနှင့် ဖျားနာ၍၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိ၍ မေ့မြောသွားပြီးနောက် ဆရာဝန်၏ အားထုတ်မှုဖြင့် သေဘေးမှ လွတ်မြောက်လာသူကို ဆိုလိုခြင်းဖြစ်၏။ အမေရိကန်ပြည်၌ ဒေါက်တာရေမွန်မူဒီဆိုသော သုတေသီဆရာဝန် တစ်ဦးသည် ထိုသေရွာပြန်ပုဂ္ဂိုလ် ၁၅၀ တို့၏ ပြောပြချက်များကို စုဆောင်း၍ ဆန်းစစ်လေ့လာခဲ့ရာ ထိုသူတို့၏ သေမင်းနိုင်ငံ တံခါးဝရောက် အတွေ့အကြုံများမှာ အတော်များများ တူညီနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောပြသော အကြောင်းအရာများကို အားလုံးခြုံ၍ ကြည့်ပါက အချက် ၁၅ ချက်ခန့်ရှိ၍ ထိုအချက်များကို အားလုံးစုပေါင်း ဆက်စပ်လိုက်ပါက သေရွာပြန် တစ်ဦး၏ ကိုယ်တွေ့ကို အောက်ပါအတိုင်း ဖော်ပြရပေလိမ့်မည်။

လူတစ်ဦးသည် သေတော့မည့်ဆဲဆဲဖြစ်နေ၍ ဆရာဝန်က သူသေပြီဟု ပြောသံကို ကြားရ၏။ ထို့နောက် ကျယ်လောင်သော ခေါင်းလောင်းသံလိုလို၊ တဝီဝီနှင့် မနှစ်မြို့ ဖွယ်ရာ အသံကိုကြားရ၍ တစ်ချိန်တည်း၌ပင် ရှည်လျားမည်းမှောင်သော လိုဏ်ဂူတစ်ခု ထဲ၌ အလွန် လျင်မြန်သောအဟုန်ဖြင့် မိမိ ရွေ့လျားသွားသလို ခံစားရ၏။ ထိုမှနောက်၌ ခန္ဓာကိုယ်၏ အပြင်ဘက်သို့ မိမိရောက်ရှိနေသည်ကို တွေ့ရ၍ မိမိကိုယ်ကို မြင်ရ၏။ ဆရာဝန်နှင့် အခြားလူများက သူ သတိပြန်ရအောင် ပြုလုပ်နေကြသည်ကို ကြည့်၍ စိတ်လှုပ်ရှားနေ၏။

ခဏကြာသော် စိတ်ငြိမ်လာ၍ မိမိ၏ထူးဆန်းသော အခြေအနေတွင် နေသားတကျ ဖြစ်လာ၏။ မိမိ၌ ကိုယ်ရှိသည်၊ ထိုကိုယ်မှာ မိမိ၏ မူလခန္ဓာနှင့်မတူဘဲ အစွမ်းသတ္တိတစ်မျိုး ရှိနေကြောင်း သတိပြုမိ၏။ မကြာမီ သူ့ကိုကူညီရန် အခြားလူများ ရောက်လာကြ၏။ ထိုသူများတွင် ကွယ်လွန်ပြီဖြစ်သော ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသူငယ်ချင်းများကို တွေ့ရ၏။ ရှေးယခင်က သူ မတွေ့မြင်ဖူးသော မေတ္တာရှင် အလင်းရောင်ပုဂ္ဂိုလ်တစ်ဦး သည်လည်း သူ့ရှေ့မှောက်၌ ပေါ်လာ၏။ ထိုပုဂ္ဂိုလ်က သူ့အား မိမိဘဝကို ပြန်လည် သုံးသပ်ရန် နှုတ်ဖြင့်မဟုတ်ဘဲ စိတ်တန်ခိုးဖြင့် ပြော၏။ သူ့ဘဝတာ၌ အရေးပါသော အဖြစ်အပျက်များကို သူ့စိတ်အာရုံ၌ ရုတ်ခြည်း တစ်ခုပြီးတစ်ခု ပေါ်လာအောင် ဖန်တီး ပြ၏။ နောက်တစ်ချိန်၌ လူ့ပြည်နှင့် တမလွန်လောကကို ခြားထားဟန်ရှိသော နယ်နိမိတ် လိုလိုနေရာသို့ မိမိရောက်ရှိလာသည် ထင်ရ၏။ မိမိသေရန် အချိန်မရောက်သေးကြောင်း၊ လူ့ပြည်သို့ မိမိ ပြန်သွားရမည်ဖြစ်ကြောင်း သူ သိလာ၏။ ဤအချိန်၌ သူသည် စိတ် သာယာငြိမ်းချမ်း၍ ဘဝသစ်၌ နှစ်သိမ့်ကျေနပ်သောကြောင့် ဘဝဟောင်းသို့ ပြန်မသွားလို ချေ။ သို့ရာတွင် နောက်ဆုံး၌ မိမိခန္ဓာကိုယ်နှင့် ပြန်လည်ပေါင်းမိ၍ သတိပြန်ရလာ၏။

သူသည် မိမိ၏အတွေ့အကြုံကို သူတစ်ပါးအား ပြောပြလိုသော်လည်း နားလည် အောင် မည်သို့ပြောရမည်မသိ၊ ကြားရသောသူတို့ကလည်း သူ့ကို ပြက်ရယ်ပြုကြ၏။ သို့ဖြစ်၍ နောက်ထပ်မပြောဘဲ ဆိတ်ဆိတ်နေတော့၏။ သို့ရာတွင် ထိုအတွေ့အကြုံ ကြောင့် သေခြင်းတရားနှင့် ပတ်သက်သော သူ၏အတွေးအခေါ်များ သိသိသာသာ ပြောင်းလဲသွား၏။

အထူးသတိပြုရန်ကား အထက်ပါဖော်ပြချက်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်တွေ့မဟုတ်ဘဲ သေရွာပြန်တို့၏ ကိုယ်တွေ့အသီးသီးမှ ယေဘုယျအချက်များကို စုပေါင်းဖော်ပြထားခြင်းဖြစ်၏။ ကိုယ်တွေ့များမှာ ထူးထူးခြားခြား တူညီမှုများရှိသော်လည်း မည်သည့် ကိုယ်တွေ့နှစ်ခုမျှ အစစအရာရာ ထပ်တူဖြစ်သည်ဟု မဆိုနိုင်ချေ။ ယေဘုယျ အချက် ၁၅ ချက်ရှိရာ ထို ၁၅ ချက်နှင့် ပြည့်စုံသော ကိုယ်တွေ့ဟူ၍မရှိ၊ အချက်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျော်မျှရှိသော ကိုယ်တွေ့ကများ၏ အချက် ၁၂ ချက်အထိပါဝင်သော ကိုယ်တွေ့များသည်ပင် အနည်းငယ်သာရှိ၏။ ယေဘုယျအားဖြင့် ဆရာဝန်များက စမ်းသပ်၍ သေပြီဟု ယူဆထားသောသူများသည် သေဘေးကို ရင်ဆိုင်ရသော်လည်း ထိုမျှအခြေအနေ မဆိုးသော သူတို့ထက် အတွေ့အကြုံစုံ၍ ကြာရှည်မေ့မြောနေသော သူတို့သည် အချိန်အနည်းငယ်အတွင်း သတိပြန်လည်လာသော သူတို့ထက် ပိုမိုစုံလင်စွာ ပြောပြနိုင်ကြ၏။

အတွေ့အကြုံများမှာ အမြဲထာဝရ အထက်ပါ အစီအစဉ်အတိုင်း မဟုတ်ချေ။ ပုံစံအားဖြင့် အချို့လူများ အလင်းရောင်ပုဂ္ဂိုလ်နှင့် တွေ့ရခြင်းမှာ အထက်က ဖော်ပြသကဲ့သို့ ကိုယ်ခန္ဓာမှခွာပြီးနောက် အတန်ကြာမှ တွေ့ရခြင်းမဟုတ်ဘဲ ထိုသို့ မခွဲခွာမီက၊ သို့မဟုတ် တစ်ချိန်တည်း၌ တွေ့ဆုံကြရခြင်း ဖြစ်၏။ သို့ရာတွင် အထက်ပါအစီအစဉ်မှာ ယေဘုယျသဘောဖြစ်၍ ကွဲပြားခြားနားမှုများကို သိပ်မတွေ့ရချေ။

ဒေါက်တာမူဒီ၏ အဆိုအားဖြင့် သူစုံစမ်းသော အချို့သေရွာပြန်များမှာ မည်သို့မျှ ထူးထူးခြားခြား မတွေ့ကြုံခဲ့ကြရချေ။ သို့ရာတွင် သေရွာပြန်များ၏ ကိုယ်တွေ့ စူးစမ်းလေ့လာခြင်းမှာ စိတ်ဝိညာဉ် သုတေသနနယ်၌ ပထမအကြိမ်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးချေ။ ထို့အပြင် အချို့သေရွာပြန်များသည် တစ်မျိုးတစ်မည် အထင်ခံရမည်စိုးသဖြင့် မည်သူ့ကိုမျှ ပြောပြလိုသော ဆန္ဒမရှိကြောင်း သတိပြုသင့်ပေ၏။ မည်သို့ပင်ဖြစ်စေ ဒေါက်တာမူဒီ၏ ဟောပြောရေးသားချက်များကို အမေရိကန်နိုင်ငံ၌ လူအများစိတ်ဝင်စား၍ နယူး(စ်)ဝိ(ခ်)၊ ရီဒါးဒိုင်ဂျက် စသော ကမ္ဘာကျော်သတင်းဂျာနယ်၊ မဂ္ဂဇင်းများက ဖော်ပြကြ၏။

ဒေါက်တာမူဒီ၏စာအုပ်ကို မှီငြမ်းပြု၍ သေရွာပြန်တို့၏ကိုယ်တွေ့ကို အသေးစိတ်ဖော်ပြပါအံ့။

ဖျားနာ၍၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရ၍ သေလုမြောပါးဖြစ်နေသော သူတို့၏ ရှေးဦးပထမ ခံစားရချက်မှာ စိတ်ငြိမ်းသာယာမှု ဖြစ်၏။ လူတစ်ဦးက "မိမိသည် တစ်ခါက ခေါင်း၌ အပြင်းအထန် ဒဏ်ရာရ၍ ဇီဝိတရုပ်လက္ခဏာ ကင်းနေစဉ် နာကျင်မှု ပျောက်ကွယ်သွားပါသည်။ မည်းမှောင်သော လဟာပြင်၌ မျောပါသွားသလို ခံစားရပါသည်။ ထိုနေ့က ရာသီဥတုမှာ ခိုက်ခိုက်တုန် ချမ်းအေးနေသော်လည်း ကျွန်ုပ်ကိုယ်မှာ နွေးနေသည်ဟု ထင်ရပါသည်။ ရှေးက တစ်ခါမျှမကြုံဖူးသော ငြိမ်းချမ်းမှုမျိုး ခံစားရပါသည်" ဟုဆို၏။ ဗိုယက်နမ်စစ်ပွဲ၌ ဒဏ်ရာရပြီး မေ့မြောသွားသော စစ်ပြန်တစ်ဦးကလည်း "ထိုအခါက ကျွန်တော့်စိတ်ထဲ၌ အလွန်ပေါ့ပါးသွားသည်။ နာကျင်ခြင်းမရှိဘဲ သက်သောင့်သက်သာ ရှိလှပါသည်"ဟု ပြော၏။

သေခါနီးတွင် ထူးဆန်းသော အသံများကို ကြားရကြောင်း သေရွာပြန်အတော်များများက ပြောပြကြ၏။ အသံမှာ ခေါင်းလောင်းထိုးသံလိုလို၊ ပိုးမွှားများ အော်မြည်သံလိုလို အသံမျိုးဖြစ်၏။ တစ်ခါတစ်ရံ အလွန်ဆိုးရွားသော အသံဖြစ်၍ တစ်ခါတစ်ရံ၌မူ အသံများမှာ သာယာသလိုလို ရှိ၏။ ဆေးရုံသို့ရောက်ပြီး မြောနေရာမှ ပြန်လည် သတိရ



www.burmeseclassic.com

www.burmeseclassic.com



လာသော လူတစ်ဦးက "အဝေးမှ ခေါင်းလောင်းသံများ လေထဲ၌ လွင့်ပါလာသလို ကျွန်ုပ် ကြားရပါသည်။ အသံမှာ ဂျပန်ခေါင်းလောင်းသံနှင့် တူပါသည်။ အချို့အခါများ၌မူ ထိုအသံတစ်ခုတည်းကိုသာ ကျွန်ုပ် ကြားရပါသည်"ဟု ဆို၏။ အမျိုးသမီးတစ်ဦးက သွေးကြောပိတ်၍ မူးမေ့သွားစဉ်က သာယာငြိမ့်ညောင်းသော ဂီတသံကို သူ စတင်ကြားရပါသည် ဆို၏။

အသံကြားသော အချိန်၌ပင် သူတို့သည် မည်းမှောင်သောလဟာပြင်၌ အလွန် လျင်မြန်စွာ လွင့်ပါသွားသလို ခံစားကြရ၏။ ထိုလဟာပြင်ကို ဂူလိုဏ်ခေါင်း၊ တောင်ကြား၊ တွင်းပေါက်စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ပြောဆိုကြ၏။ အသက်ကိုးနှစ်သားအရွယ်က အပြင်းဖျား၍ ဆေးရုံသို့ရောက်သွားသော လူတစ်ဦးက သူ၏ "မမေ့တဲ့နိုင်" အဖြစ်အပျက်ကို ဤသို့ပြောပြ၏။ "ဆေးရုံရှိ ဆရာဝန်များက ကျွန်တော့်အား မေ့ဆေးပေးရန် ဆုံးဖြတ်ကြပါသည်။ ထိုအခါက သူတို့သည် အီသာကို မေ့ဆေးအဖြစ် သုံးလေ့ရှိကြပါသည်။ ကျွန်တော်၏နှာခေါင်းကို အဝတ်တစ်စဖြင့် အဖုံးအုပ်၍ အီသာပေးသောအခါ ကျွန်တော်၏ နှလုံးခုန်ခြင်းရပ်စဲ၍ ကျွန်တော် မေ့သွားပါသည်။ ရှေးဦးပထမ ကျွန်တော် ခံစားရသည်မှာ နားထဲ တဝီဝီမြည်သံကြား၍ ရှည်လျားမည်းမှောင်သော နေရာတွင် ရွေ့လျားနေပါသည်။ ထိုအခါမှာ လိုဏ်းခေါင်းလိုလို၊ မြေအောက်ဥမင်လိုလို နေရာဖြစ်ပါသည်။

လူတစ်ဦးမှာမူ မူလပထမက မှောင်ထဲ၌ နေရမည်ကို အလွန်ကြောက်သောသူ ဖြစ်၏။ စက်ဘီးစီးရင်း ထိခိုက်ဒဏ်ရာရ၍ ဒဏ်ရာပြင်းထန်သောကြောင့် နှလုံးသွေး ရပ်သွားသောအခါ "ကျွန်တော်သည် အလွန် နက်ရှိုင်းမည်းမှောင်သော တောင်ကြားထဲ၌ ရွေ့လျားနေပါတော့သည်။ အမှောင်ထုမှာ ပိန်းပိတ်နေသဖြင့် ဘာကိုမျှ မမြင်ရပါ။ သို့ရာတွင် ထိုအခါက ကျွန်တော့်မှာ ပူပန်သောက လုံးဝကင်းနေသည်ကို အံ့ဩဖွယ်ရာ ကြုံတွေ့ခံစားခဲ့ရပါသည်"ဟု ပြော၏။

မှောင်မည်းနေသော လိုဏ်ခေါင်းထဲ၌ လျင်မြန်စွာ ဖြတ်သွားပြီးနောက် သေရွာပြန် ပုဂ္ဂိုလ်သည် သာ၍ အံ့ဩစရာကောင်းသောအဖြစ်ကို ကြုံတွေ့ရ၏။ ယင်းမှာ မိမိခန္ဓာကိုယ်၏ အပြင်ဘက်သို့ရောက်၍ မိမိကိုယ်ကို မြင်နေရခြင်းဖြစ်၏။ အသက် ၁၇ နှစ်က ကန်ထဲ၌ ရေကူးရင်း ရေနစ်ခဲ့ဖူးသောသူက "ကျွန်တော့်မှာ ရေထဲ၌ အတန်ကြာအောင် မြုပ်ချည်ပေါ်ချည်ဖြစ်ပြီးနောက် ဖြုန်းခနဲ ခန္ဓာကိုယ်နှင့် တခြားစီဖြစ်ကာ လဟာပြင်ထဲသို့ ရောက်သွားပါသည်။ ထိုနေရာမှနေ၍ အောက်သုံးလေးပေအကွာမှ ရေထဲ၌ မြုပ်လိုက်၊ ပေါ်လိုက်ဖြစ်နေသော မိမိကိုယ်ကို မြင်ရပါသည်"ဟု ဆို၏။

ကားတိုက်မှုသေဘေးနှင့် ကြုံတွေ့ဖူးသော လူငယ်တစ်ဦးကမူ "ကျွန်တော်၏ အဖော်က အသံကုန်အော်လိုက်သည်နှင့် ရှေ့တူရူမှ ကားတစ်စီး ကျွန်တော်တို့ဆီသို့ မောင်းလာပြီး ကားချင်းတိုက်သောအသံကို ကြောက်မက်ဖွယ်ရာ ကြားရပါသည်။ ထိုခဏ၌ ကျွန်တော်သည် မှောင်ထဲ၌ လျင်မြန်စွာ ဖြတ်သန်းသွားသည် ထင်ရပါသည်။ ထိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ကားမှာ ငါးကိုက်အကွာ လမ်းမကြီးအပေါ် ငါးပေအကွာ လေထဲသို့ ရောက်ရှိသွားပါသည်။ လူများပြေးလာ၍ ကားကို ဝိုင်းအုံကြည့်နေသည်ကို လည်းကောင်း၊ ကျွန်တော့်အဖော်က ကားထဲမှ ထွက်လာသည်ကို လည်းကောင်း၊ ပျက်စီးသွားသော ကားထဲရှိ သွေးအိုင်ထဲမှ ကျွန်တော်၏ကိုယ်ကို ဆွဲထုတ်ရန် လူများ ကြိုးစားနေကြသည်ကိုလည်းကောင်း ကောင်းစွာမြင်ရပါသည်"ဟု ဆိုလေသည်။

မိမိတို့ခန္ဓာကိုယ်မှာ မိမိတို့နှင့် တခြားစီဖြစ်နေကြောင်း တွေ့မြင်ရသောအခါ လူနာများ၏ စိတ်လှုပ်ရှားခံစားရချက်များမှာ အမျိုးမျိုးအထွေထွေ ဖြစ်၏။ အများအားဖြင့် ပထမ၌ မိမိတို့ကိုယ်ထဲသို့ ပြန်ဝင်ရောက်လိုသောဆန္ဒ ပြင်းပြ၍ မည်သို့ ပြုလုပ်ရမည်ကိုကား မသိကြချေ။ အချို့မှာ အလွန် ထိတ်လန့်တုန်လှုပ်သွားကြ၏။ အချို့မှာ မိမိတို့က ဒုက္ခဝေဒနာကို လုံးဝမခံစားရဘဲ လူကောင်းပကတိလို ဖြစ်နေပါလျက် မိမိအတွက် အခြားလူများ ယောက်ယက်ခတ်ဖြစ်နေပုံ၊ ဆရာဝန်နှင့် သူနာပြုဆရာမများက မိမိကိုယ်ကို သက်ဝင်လှုပ်ရှားအောင် အမျိုးမျိုး ဝိုင်းဝန်းပြုလုပ်နေကြပုံကို ကြည့်ပြီး အံ့သြကြရ၏။

အချို့မှာမူ မိမိတို့ခန္ဓာကိုယ်နှင့် ကင်းကွာနေသည့်အတွက် စိုးစိမ်မှုတုန်လှုပ်ခြင်း မရှိချေ။ ကားတိုက်၍ အပြင်းအထန် ဒဏ်ရာရရှိသွားသော မိန်းမပျိုတစ်ဦးက "လူများဝိုင်းအုံနေသော ကားထဲ၌ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကျွန်မကိုယ်ကို ကျွန်မ မြင်ရပါသည်။ သို့ရာတွင် ၎င်းအတွက် ကျွန်မမှာ စိတ်လှုပ်ရှားခံစားရမှု ဘာမှုမရှိပါ။ ကျွန်မအဖို့ အသက်မဲ့ အရာဝတ္ထုတစ်ခု ဖြစ်နေပါသည်။ ကျွန်မ၏ခန္ဓာကိုယ် ဖြစ်မှန်းသိသော်လည်း ၎င်းအတွက် ဝမ်းနည်းခြင်း၊ နှမြောတသခြင်း မဖြစ်ပါ"ဟု ဆိုလေသည်။

ခန္ဓာကိုယ်နှင့် ကင်းကွာသွားခြင်းမှာ မမျှော်လင့်ဘဲ မြန်းစားကြီး ဖြစ်ပေါ်လာသောကြောင့် လူနာသည် မိမိအခြေအနေကို ချက်ချင်းမသိချေ။ မိမိအဖြစ်အပျက်ကို စဉ်းစားရင်း အတန်ကြာအောင် နားဝေတိမ်တောင် ဖြစ်နေပြီးမှ သေမင်းတံခါးဝနှင့် နီးကပ်နေပြီဖြစ်ကြောင်း နားလည်ကြ၏။

ထိုအခါ အချို့မှာ ထိုအချက်ကို လက်မခံဘဲ ငြင်းဆိုကြ၏။ အချို့မှာ မကျေမနပ်ဖြစ်ကြ၏။ မိန်းမတစ်ယောက်ကမူ ထိုအခါက "အို...ငါသေပြီ။ ကောင်းတယ်၊ ကောင်းတယ်"ဟု အောက်မေ့မိသည် ဆိုသည်။ မိန်းမပျိုတစ်ဦးကလည်း "ကျွန်မကိုယ်ကျွန်မသေနေပြီဖြစ်ကြောင်း သိပါသည်။ သို့ရာတွင် ထိုအချက်ကို သံသယဖြစ်လိုသော စိတ်များဝင်လာပါသည်။ အခြားသူများသာ သေကြမည်။ မိမိမသေနိုင်ဟု လူအများ မိမိစိတ်ကို လှည့်စားသကဲ့သို့ ကျွန်မကလည်း မိမိစိတ်ကို လှည့်စားမိပါသည်။ သို့ဖြစ်၍ ငါ ယခု ဘယ်သွားရမလဲ၊ ဘာလုပ်ရမလဲဟုသာ စဉ်းစားမိပါသည်။ ငါ့ခန္ဓာကိုယ်ကို သူတို့ သယ်ယူသွားပြီး လူတွေ ရှင်းသွားသည်အထိ ငါစောင့်နေမည်။ ပြီးမှ တစ်နေရာရာကို ငါသွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်"ဟု ဆိုလေသည်။

ခန္ဓာကိုယ်နှင့် တခြားစီဖြစ်သွားသော အချို့လူများသည် မိမိတို့၌ ရုပ်မရှိတော့ဘဲ စိတ်ဝိညာဉ်သက်သက်သာ ရှိသလို ခံစားကြရ၏။ အချို့မှာ ပတ်ဝန်းကျင် ဖြစ်ပျက်နေမှု



www.burmeseclassic.com

www.burmeseclassic.com



များ၌ စိတ်အာရုံ စူးစိုက်နေသဖြင့် မိမိတို့မှာ ရုပ်ခန္ဓာတစ်မျိုးမျိုး ရှိ၊ မရှိ သတိမပြုကြချေ။ အများအားဖြင့်ကား အခြား ရုပ်ဝတ္ထုတစ်ခုထဲသို့ ရောက်ရှိသွားပါသည်။ သို့သော် ထိုရုပ်ဝတ္ထုသစ်အကြောင်းကို အခြားလူများ နားလည်အောင် မိမိတို့ မပြောတတ်ပါဟု ဆိုကြ၏။

သေမင်းတံခါးဝသို့ ရောက်နေသော သူတို့၏ရုပ်နှင့် သက်ရှိလူတို့၏ ရုပ်ခန္ဓာ မတူညီကြောင်းမှာကား ယုံမှားစရာ မရှိချေ။ သက်ရှိလူတို့ကို သူတို့ စကားပြောကြသော်လည်း မည်သူကမျှ သူတို့စကားကို ကြားဟန်မတူချေ။ မည်သူကမျှလည်း သူတို့ကို မမြင်ဘဲရှိ၏။ သူ၏ကိုယ်ခန္ဓာအနီး၌ ဝိုင်းအုံနေကြသော ဆရာဝန်၊ ဆရာမများနှင့် အခြားလူများသည် သူရှိသော နေရာဆီသို့ မျက်စိရောက်သွားသော်လည်း သူ့ကိုမြင်သော လက္ခဏာ တစ်စုံတစ်ရာ မပြကြချေ။ သူ၏ရုပ်ဝတ္ထုမှာ အမာခံတတ်လည်း ကင်းမဲ့၏။ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများသည် သူ၏ရုပ်ကောင်ကို ဖြတ်သွားကြသည် ထင်ရ၏။ လူတစ်ဦးက "ပျက်စီးနေသော ကျွန်တော်၏ ကားရှိရာသို့ လူများ လာကြပါသည်။ ကျွန်တော့်မှာ သူတို့လာသော လမ်းကျဉ်းကလေးပေါ်၌ ရောက်ရှိနေ၍ သူတို့လာနေသည်ကို မြင်ရပါသည်။ သူတို့ကမူ ကျွန်တော့်ကို သတိပြုမိဟန် မတူပါ။ နီးကပ်လာသောအခါ ကျွန်တော်က လမ်းဖယ်ပေးမည် ပြုပါသည်။ သို့ရာတွင် ကျွန်တော့်ကို သူတို့ ဖြတ်သွားကြပါသည်"ဟု ဆိုလေသည်။

သူတို့မှာ ရုပ်ထူးရှိသောကြောင့် သက်ရှိလူများနှင့် မဆက်သွယ်နိုင်သော်လည်း သူတို့၏ရုပ်ထူးမှာ သူတို့အဖို့ စွမ်းအင်တစ်မျိုးဖြစ်၏။ ရုပ်ထူးတွင် အလေးချိန်မရှိသောကြောင့် အလွန်ပေါ့ပါး၍ လေထဲသို့ အတော်မြင့်မြင့် ပျံတက်နိုင်ကြ၏။ သက်ရှိလူများက သူတို့ကို မမြင်ရ၊ မကြားရသော်လည်း သူတို့က အခြားလူများကို မြင်နိုင်၊ ကြားနိုင်ကြ၏။ အရာဝတ္ထုများကို သူတို့ ဖြတ်သွားနိုင်သောကြောင့် သူတို့အလိုရှိရာသို့ တစ်မုဟုတ်ချင်း ရောက်သွားနိုင်ကြ၏။

မည်သို့ဖြစ်စေ ထိုအခါက သူတို့၏ဘဝသည် အရူပဘဝမဟုတ်ဘဲ တစ်စုံတစ်ခုသော၊ ရုပ်ဝတ္ထုရှိသော ဘဝဖြစ်ကြောင်း အားလုံး တညီတညွတ်တည်း ယုံကြည်ကြ၏။ ပုံသဏ္ဌာန်နှင့် အင်္ဂါအစိတ်အပိုင်းများ ရှိသည်ဟုပင် ဆိုကြ၏။ မည်သို့သော ရုပ်ထူးဖြစ်ကြောင်း သိသော်လည်း တိတိကျကျပြောပြရန် ဝေါဟာရစကား မရှိသဖြင့် မြူတိမ်၊ မီးခိုးအငွေ့၊ စွမ်းအင်စသော အနီးစပ်ဆုံး ဥပမာစကားဖြင့် ပြောပြကြ၏။

စင်စစ် သူတို့သည် ရုပ်ထူးနာမ်ထူး ရှိသောသူများ ဖြစ်ကြ၏။ ကိုယ်ခန္ဓာနှင့် ကင်းကွာနေသောအခါ၌ သူတို့၏စိတ်သည် အထူးကြည်လင်၍ တွေးခေါ်စဉ်းစားမှုလည်း လျင်မြန်လာ၏။ စက္ခုဝိညာဏစိတ် အားကောင်း၍ အလွန်ဝေးလံသောနေရာမှ အရာဝတ္ထုကို ကောင်းစွာမြင်နိုင်၏။ သူတို့၏ ကြားရမှုမှာကား နားဖြင့် အသံကို ကြားရမှု မဟုတ်ဘဲ သူတစ်ပါး၏စိတ်ကို သိရှိသော တယ်လီပသီ အစွမ်းသတ္တိမျိုး ဖြစ်၏။

မိန်းမတစ်ဦးက "ကျွန်မ၏ ပတ်ဝန်းကျင်ရှိ လူများကို ကျွန်မမြင်ရ၍ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောနေသည်ကို ကျွန်မ နားလည်ပါသည်။ သို့သော် သူတို့ပြောသောအသံကို ကြား ရခြင်း မဟုတ်ပါ။ သူတို့စိတ်၌ ဖြစ်ပေါ်နေသမျှကို တိတိကျကျ သိရှိခြင်းသာ ဖြစ်ပါသည်။ သူတို့ပါးစပ်က မဟမီကပင် သူတို့ ပြောလိုသောအချက်ကို ကျွန်မ သိရှိပြီးဖြစ်ပါသည်" ဟုဆို၏။

ထိုသို့ သူတို့သည် ရုပ်ထုးနာမ်ထုး ရှိသော်လည်း အခြားလူများနှင့် မည်သို့မျှ ဆက်သွယ်ခွင့်မရသောကြောင့် မိမိတို့၏ဘဝကို စိတ်ပျက်ကြ၏။ လူတစ်ဦးက "ကျွန်တော့် မှာ အံ့သြ၍မဆုံး ဖြစ်နေပါသည်။ မိမိ ရောက်ရှိနေသောဘဝကို မယုံနိုင်အောင် ဖြစ်နေ ပါသည်။ အို...ငါတော့သေပြီ။ ငါ့မိဘတွေနဲ့ နောက်မှာ ငါပြန်တွေ့ရတော့မှာ မဟုတ်ဘူး စသည်ဖြင့် တွေးတောပူပန်ခြင်း လုံးဝမဖြစ်ပါ။ အခြားတစ်နေရာမှ လူမရှိသောကမ္ဘာသို့ ရောက်လာ၍ ထီးတည်းဖြစ်နေသော အသိစိတ်ကသာ လွှမ်းမိုးနေပါသည်"ဟု ဆိုလေသည်။

အချို့လူများမှာမူ ထိုသို့ စိတ်အားငယ်နေသောအခါ၌ အားပေးမည့် တမလွန် ဘုံသားများနှင့် တွေ့ဆုံကြရ၏။ အောက်ပါမှာ မီးတွင်း၌ မေ့မြောသွားသော မိန်းမတစ်ဦး၏ ပြောပြချက်ဖြစ်၏။

"ကျွန်မမှာ မီးဖွားရာ၌ များစွာအခက်အခဲရှိ၍ သွေးလွန်သွားပါသည်။ ဆရာဝန်က လက်လျှော့၍ ကျွန်မ၏ ဆွေမျိုးသားချင်းများအား ကျွန်မအတွက် မျှော်လင့်ချက်မရှိ တော့ကြောင်း ပြောပါသည်။ သို့ရာတွင် ကျွန်မ ပြန်လည်သတိရလာပြီးလျှင် အခန်း မျက်နှာကြက်၌ ကျွန်မအရင် ကွယ်လွန်သွားသောသူများကို မြင်ရပါသည်။ သူတို့အထဲ တွင် ကျွန်မ၏အဘွားနှင့် ကျောင်းနေဖက် အသိတစ်ယောက်အပြင် အခြား ဆွေမျိုး သားချင်း၊ မိတ်ဆွေသူငယ်ချင်းများ ပါဝင်ပါသည်။ သူတို့မှာ အားလုံးဝမ်းသာနေကြပုံ ရပါသည်။ ကျွန်မကိုစောင့်ရှောက်ရန်၊ သို့မဟုတ် လမ်းညွှန်ပြသရန် ရောက်လာကြသည်ဟု ကျွန်မထင်ပါသည်။ ကျွန်မမှာ အိမ်ပြန်လာ၍ သူတို့က ဆီးကြိုနှုတ်ဆက်ရန် ရောက်ရှိ နေကြသလို ဖြစ်နေပါတော့သည်"

အခြားလူတစ်ဦး၏ ပြောပြချက်မှာ "ကျွန်တော် သေလုမြောပါးရောဂါ မခံစားရမီ ကာလအတန်ကြာက ကျွန်တော်၏ မိတ်ဆွေတစ်ဦးဖြစ်သော ဘော့မှာ သေဆုံးခဲ့ပါသည်။ မိမိကိုယ်ခန္ဓာမှ ဖယ်ခွာလိုက်သောခဏ၌ အနီးတွင် ဘော့ရပ်နေသည်ဟု ကျွန်တော် ထင်မိပါသည်။ သူ၏ရုပ်ကို မမြင်သော်လည်း သူ့ကိုမူ အသေအချာ မြင်ရပါသည်။ ကျွန်တော်က သူ့အား ဘော့ရေ။ ငါသေနေတာလား။ ငါဘာဖြစ်နေတာလဲ။ ငါသည်က ဘယ်ကိုသွားရမှာလဲ စသည်ဖြင့် မေးပါသည်။ သူက စကားတစ်ခွန်းမျှ ပြန်မပြောပါ။ သို့ရာတွင် ကျွန်တော် ဆေးရုံ၌ရှိနေစဉ် သူ မကြာခဏ ပေါ်လာပါသည်။ ကျွန်တော်က သူ့ကို ထပ်မေးသော်လည်း သူက လုံးဝပြန်မပြောပါ။ နောက်ဆုံး၌ ဆရာဝန်က သူ မသေနိုင်တော့ပါဘူးဟု ပြောသောအခါ ဘော့ ပျောက်ကွယ်သွားပါသည်။ ကျွန်တော် သူ့ကို နောက်ထပ် မတွေ့ရတော့ပါ။ ကျွန်တော် သေပြီးသည့်နောက်မှ အကျိုးအကြောင်း ပြောပြရန် စောင့်နေပုံရပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးက သူတို့ မြင်တွေ့ခဲ့ကြရသော သူများမှာ သူတို့၏ ကိုယ်စောင့်နတ်များ ဖြစ်ကြပါသည် ဆို၏။ အခြား သေရွာပြန်နှစ်ဦးကမူ ကိုယ်ခန္ဓာအပြင်ဘက်သို့ သူတို့ ရောက်ရှိနေစဉ်က သူတို့ မသေသေးကြောင်း၊ ပြန်သွားရမည်ဖြစ်ကြောင်း ပြောသောအသံကို ကြားရပါသည် ဆို၏။

သေရွာပြန်တို့ ပြောပြသော အကြောင်းအရာများ၌ အားလုံးလိုလိုတူညီ၍ အံ့သြစရာကောင်းသောအချက်မှာ အလင်းရောင်ရှင်နှင့် တွေ့ဆုံရသည်ဆိုသော အချက်ဖြစ်၏။ အလင်းရောင်မှာ အလွန်တရာ တောက်ပသော်လည်း သူတို့မှာ စက္ခုပသာဒရုပ်မရှိဘဲ မြင်နေရသောကြောင့်ပေလား မသိ၊ တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိချေ။ အလင်းရောင်ရှင်၏ မေတ္တာဓာတ်မှာ အလွန် ထူးခြားနက်နဲ၍ သေမင်းတံခါးဝသို့ရောက်နေသော သူတို့သည် သူ၏အရိပ်အာဝါသတွင် စိတ်ချမ်းမြေ့သာယာကြသည် ဆို၏။ အလင်းရောင်ရှင်က သူတို့ကို တစ်ဦးချင်းစီတွေ့ဆုံ၍ "သင်သေဖို့ အသင့်ရှိပြီလား။ ငါ့ကိုပြောပြဖို့ သင့်ဘဝတာမှာ ဘာများလုပ်ခဲ့သလဲ"ဟု မေး၏။ ဤနေရာ၌ မေးသည်ဆိုခြင်းမှာ နှုတ်ဖြင့် မေးခြင်းမဟုတ်။ အလင်းရောင်ရှင်ထံမှ ထွက်ပေါ်လာသော စကားသံကို သူတို့ မကြားရပါ။ သူ မေးလိုသောအချက်ကို မိမိတို့စိတ်က အလိုလိုသိခြင်းသာ ဖြစ်ပါသည်ဟု ဆိုကြ၏။

အလင်းရောင်ရှင်၏မေးခွန်းမှာ သူတို့ကို စွပ်စွဲခြိမ်းခြောက်ရန်မဟုတ်ဘဲ မိမိတို့၏ ဘဝကို ပြန်လည်သုံးသပ်ရန် စေတနာကောင်းဖြင့် မေးခြင်းဖြစ်ကြောင်း သူတို့အားလုံး နားလည်ကြ၏။ လူတစ်ဦး၏ပြောပြချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ကျွန်တော် သေတော့မည်ဖြစ်ကြောင်း ကျွန်တော် သိပါသည်။ ကျွန်တော်၏ စကားကို မည်သူမျှ ကြားနိုင်မည်မဟုတ်သဖြင့် ကျွန်တော် ဘာမျှမတတ်နိုင်ပါ။ မကြာမီ ကိုယ်ခန္ဓာနှင့်ကင်းကွာ၍ ခွဲစိတ်သောအခန်း၏ စားပွဲပေါ်၌ မိမိကိုယ်ကို မြင်ရပါသည်။ ပထမတွင် စိတ် ချောက်ချားသွားပါသည်။ သို့သော် ထိုခဏ၌ အလွန်တောက်ပသော အလင်းရောင်ကြီးကို မြင်ရပါသည်။ အလင်းရောင်မှာ အလွန် စူးရှတောက်ပသော်လည်း ကျွန်တော့်တွင် ဘာမျှမဖြစ်ပါ။ ခွဲစိတ်ခန်းနှင့် ဆရာဝန်၊ ဆရာမအားလုံးကို ယခင်ကဲ့သို့ပင် မြင်တွေ့နေရပါသည်။

အလင်းရောင်ကို မြင်ရသောအခါ ပထမ၌ ကျွန်တော် ဘာလုပ်ရမည်ကို မသိပါ။ လင်းရောင်က ကျွန်တော့်အား သေရန် အသင့်ရှိပြီလားဟု မေးပါသည်။ မေးသောပုဂ္ဂိုလ် သတ္တဝါကို မမြင်ရဘဲ အသံကို ကြားရသလိုလို ထင်မိပါသည်။ ကျွန်တော်၏စိတ်ကို စမ်းသပ်ရန် မေးခြင်းဖြစ်ဟန်တူပါသည်။ အလင်းရောင်က ထိုသို့မေးလိုက်သည်နှင့် ကျွန်တော်၏စိတ် အေးချမ်းသာသွားပါသည်။ အလင်းရောင်မှ ထွက်ပေါ်လာသော မေတ္တာဓာတ်မှာ ပြောမပြနိုင်အောင် ကြီးမားလှေးနက်ပါသည်"

အလင်းရောင်ရှင်သည် သေအံ့ဆဲဆဲ ပုဂ္ဂိုလ်တို့အား သူတို့ဘဝနောက်ကြောင်းကို မေးမြန်းသော်လည်း အားလုံးသိပြီးဖြစ်ဟန်ရှိ၏။ သူ၏ဖန်တီးမှုဖြင့် သူတို့၏ အမှတ်သညာများသည် ထူးထူးခြားခြား သက်ဝင်လှုပ်ရှားလာကြ၏။ သူတို့၏ ဘဝဖြစ်စဉ်များသည်



www.burmeseclassic.com

www.burmeseclassic.com



မနောဝိညာဉ်တွင် တစ်ခုပြီးတစ်ခု လျင်မြန်စွာ ကွက်ကွက်ကွင်းကွင်း ပေါ်လာ၏။ ၎င်းတို့သည် အသေးအဖွဲမှသည် အရေးပါသော အဖြစ်အပျက်များအထိ အမျိုးမျိုး အစားစားဖြစ်သည်ဟု အချို့ကဆို၍ အချို့ကမူ အများအားဖြင့် သူတို့ဘဝ၌ အရေးကြီးသော အကြောင်းအရာများဖြစ်သည် ဆို၏။ ၎င်းတို့ကို အလင်းရောင်ရှင်က ဖန်တီးပေးခြင်းမှာ သူတို့အား ပညာပေးသောသဘော ဖြစ်သည်ဟု သူတို့ယူဆ၍ အလင်းရောင်ရှင်သည် သူတို့အား မေတ္တာတရားမွေးမြူရန်နှင့် အသိပညာရှာမှီးရန် အရေးကြီးကြောင်း သိရှိနားလည်စေလိုဟန် တူ၏။

သေရွာပြန်တစ်ဦး၏ ပြောပြချက်မှာ "အလင်းရောင်ရှင်သည် ကျွန်တော်ပြုလုပ်ခဲ့သမျှကို သိပြီးဖြစ်ပါသည်။ သို့ရာတွင် အရေးပါသော အဖြစ်အပျက်များကို ထောက်ပြပါသည်။ အချို့မြင်ကွင်းများမှာ ကျွန်တော်၏ နှမနှင့် ပတ်သက်သော မြင်ကွင်းများဖြစ်ပါသည်။ အချို့မှာ နှမအပေါ်၌ ကျွန်တော် တစ်ကိုယ်ကောင်း ကြံစည်ခဲ့ပုံများဖြစ်၍ အချို့မှာ ကျွန်တော်က ကြင်နာသမှုပြသခဲ့ပုံများ ဖြစ်ပါသည်။ လူအများအကျိုးစီးပွားကို တတ်နိုင်သမျှဆောင်ရွက်ရန် ကျွန်တော့်အား တိုက်တွန်းလိုဟန် ရှိပါသည်။

ပညာရှာမှီးမှုနှင့် ပတ်သက်သော ကျွန်တော်၏ ဘဝဖြစ်စဉ်များကိုလည်း သူ ထောက်ပြပါသည်။ ကျွန်တော် ဆက်လက်၍ ပညာရှာဦးမည်ဖြစ်ကြောင်း၊ သူ့ထံသို့ ပြန်လာသောအခါ၌ပင် နောက်ထပ်ပညာရှာရန် လိုလိမ့်ဦးမည်ဖြစ်ကြောင်း ပြောပါသည်။ (ထိုအချိန်တွင် ကျွန်တော် ပြန်သွားရမည်ဖြစ်ကြောင်း သူက အသိပေးပြီး ဖြစ်ပါသည်။)

ကျွန်တော်၏ ကြုံတွေ့ရချက်မှာ အတော်ဆန်းပါသည်။ မိမိဘဝတာမှ နောက်ဖြစ်များကို ရုပ်ရှင်ပိတ်ကားပေါ်၌ မြင်ရသလို မြင်ရပါသည်။ ကျွန်တော် အားလုံးနားလည်သဘောပေါက်ပါသည်။ သို့ရာတွင် မယုံကြည်နိုင်လောက်အောင် လျင်မြန်ပါသည်။ ဘဝရုပ်ရှင်ကားဖြင့် ပညာပေးမှုမှာ ငါးမိနစ်အတွင်း ပြီးဆုံးသွားသည် ထင်ပါသည်။

အချို့လူများကမူ သေအံဆဲဆဲ၌ အလင်းရောင်ရှင်နှင့် မတွေ့ရဘဲ ဘဝဖြစ်စဉ်များ မနောဝိညာဉ်၌ အာရုံထင်လာသည် ဆို၏။ အလင်းရောင်ရှင်နှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ဘဝရုပ်ရှင်၏ ဝိသေသလက္ခဏာများမှာ ပါဝင်သော အခန်းများ၏ ကြင်လင်ပြတ်သားမှု၊ တိကျမှန်ကန်မှုနှင့် တစ်ခန်းမှတစ်ခန်းသို့ အပြောင်းအလဲ လျင်မြန်မှု ဖြစ်၏။

စစ်ပြန်ရဲဘော်တစ်ဦး၏ ပြောပြချက်မှာ "ကျွန်တော်သည် ဗီယက်နမ်စစ်ပွဲ၌ ဒဏ်ရာများရရှိ၍ သေမင်းနှုတ်ခမ်းဝသို့ ရောက်ရှိခဲ့ပါသည်။ အံ့ဩစရာကောင်းသည်မှာ ထိုအခါက ကျွန်တော်သည် ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်ခဲ့ပါ။ ကျွန်တော်၏ရှေ့၌ ဘဝဖြစ်စဉ်များ တစ်ခုပြီးတစ်ခု ပေါ်လာပါသည်။ ၎င်းတို့မှာ အလွန် ကြည်လင်ထင်ရှား၍ အားလုံး ကျွန်တော်မှတ်မိပါသည်။ အလွန်တိုတောင်းသော အချိန်အတွင်း၌ ပေါ်လာခြင်းဖြစ်၍ ဥပမာပြရမည်ဆိုလျှင် တစ်စုံတစ်ယောက်က ကျွန်တော့်ရှေ့၌ ဆလိုက်ကားများ အလွန်လျင်မြန်စွာ ထိုးပြနေသည်နှင့် တူပါသည်"



www.burmeseclassic.com

www.burmeseclassic.com



သေရွာပြန်များက သူတို့သေအံ့ဆဲဆဲ၌ နယ်နိမိတ်တစ်ခုအနီးသို့ ရောက်ရှိခဲ့ပုံကို ပြောပြကြ၏။ သူတို့အဆိုအားဖြင့် နယ်နိမိတ်မှာ ရေပြင်လိုလို၊ တံခါးလိုလို၊ ခြံစည်းရိုးလိုလို အရာမျိုးဖြစ်၏။ သေရွာပြန်နှစ်ဦး၏ ပြောပြချက်များမှာ အောက်ပါအတိုင်းဖြစ်၏။

"ကျွန်ုပ်မှာ နှလုံးရောဂါဖြင့် သေရတော့မည့်အခြေသို့ ဆိုက်ရောက်သွားသည်။ ထိုခဏ၌ လယ်ကွင်းကြီးတစ်ခုထဲသို့ ရောက်ရှိ၍ ပတ်ဝန်းကျင်၌ လှပသောအလင်းရောင် ဖုံးလွှမ်းနေပါသည်။ ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ စည်းရိုးတစ်ခုကို မြင်ရပါသည်။ စည်းရိုးရှိရာသို့ လျှောက်သွားရာ အခြားတစ်ဖက်မှ လူတစ်ယောက်ကလည်း ကျွန်ုပ်ဆီသို့ လာနေပါသည်။ ကျွန်ုပ်က သူနှင့် တွေ့လိုပါသည်။ သို့ရာတွင် ကျွန်ုပ်မှာ နောက်မှ တစ်စုံတစ်ယောက်က အတင်းဆွဲခေါ်သလို ခံစားရပါသည်။ ထိုအခါ သူသည် နောက်သို့ ပြန်လှည့်၍ ထွက်ခွာသွားသည်ကို မြင်ရပါသည်"

"ကျွန်မ ကိုယ်ဝန်ရှစ်လနှင့် ပထမကလေး မွေးစဉ်က ဖြစ်ပါသည်။ ကျန်းမာရေး အခြေအနေ မကောင်းသဖြင့် ဆေးရုံတက်ပြီး ခက်ခက်ခဲခဲ မီးဖွားရပါသည်။ မီးဖွားပြီးသည်နှင့် တစ်ပြိုင်နက် ပြင်းထန်စွာသွေးသွန်၍ ဆရာဝန်သည် ကျွန်မအသက်ကို လုယူရန် အထော်ကြိုးစားရပါသည်။ ကျွန်မမှာ တစ်ခါက သူနာပြုဆရာမဖြစ်ခဲ့၍ အသက်အန္တရာယ် ကြီးမားပုံကို ကောင်းစွာသိပါသည်။ ထိုခဏ၌ ကျွန်မ မေ့မြောသွားပြီး တဝီဝီမြည်သံကို ကြားရပါသည်။ ထို့နောက် ရေပြင်ကျယ်ကြီးတစ်ဖက်သို့ ရွေ့ရှားသွားနေသော သင်္ဘော တစ်စင်းပေါ်သို့ ရောက်နေသလို ထင်ရပါသည်။ အဝေးရှိကမ်းခြေ၌ ကွယ်လွန်ပြီဖြစ်သော မိဘများ၊ ညီမတစ်ယောက်နှင့် အခြားလူများကို မြင်ရပါသည်။ သူတို့က ကျွန်မအား လက်ပြပြီး ခေါ်နေကြဟန်တူပါသည်။ ကျွန်မက 'အို…ကျွန်မ မလာနိုင်သေးဘူး။ အခု မသေချင်သေးဘူး'ဟု ပြောပါသည်။

အံ့သြစရာကောင်းသည်ကား ထိုတစ်ချိန်လုံး၌ ဆရာဝန်၊ ဆရာမများက ကျွန်မ၏ ခန္ဓာကိုယ်အား ပြန်လည် သက်ဝင်လှုပ်ရှားလာအောင် ပြုလုပ်နေကြသည်ကို မြင်ရပါသည်။ ဆရာဝန်၊ ဆရာမ၊ သားဖွားခန်း၊ သင်္ဘောရေပြင်နှင့် တစ်ဖက်ကမ်းခြေများမှာ တစ်ခုပေါ် တစ်ခုထပ်၍ အားလုံးရောနေသော ရှုခင်းများ ဖြစ်နေပါသည်။

နောက်ဆုံး၌ သင်္ဘောသည် တစ်ဖက်ကမ်းသို့ ရောက်ခါနီးတွင် ပြန်လှည့်လာပါသည်။ ကျွန်မလည်း သတိပြန်လည်လာ၍ 'ကျွန်မ မသေသေးပါဘူး'ဟု ဆရာဝန်အား ပြောပြပါသည်။ ဆရာဝန်ကလည်း ကျွန်မမှာ သွေးလွန်၍ သေတော့မလို ဖြစ်ခဲ့ကြောင်း၊ ယခုမူ စိုးရိမ်စရာမရှိတော့ကြောင်း ပြောပြပါသည်"

သေရွာပြန်တို့၏ အဆိုအားဖြင့် လူ့ပြည်သို့ သူတို့ပြန်လာကြခြင်းမှာ အခြား လူများအပေါ်၌ တာဝန်ဝတ္တရားရှိသောကြောင့်၊ သို့မဟုတ် လုပ်ငန်းကိစ္စတစ်ခု ပြီးဆုံး အောင် ဆောင်ရွက်ရန်ရှိသောကြောင့် ဖြစ်၏။ စင်စစ် သူတို့သည် အလင်းရောင်နှင့် တွေ့ဆုံပြီးနောက် ပြန်လာလိုသော ဆန္ဒမရှိ၊ ထိုပုဂ္ဂိုလ်နှင့်အတူ အမြဲနေရလျှင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာကြလိမ့်မည်ဟု ယုံကြည်သည်။ သို့ရာတွင် လူ့ပြည်၌ ဆောင်ရွက်စရာ ကိစ္စများ ရှိနေသဖြင့် မပြန်ချင်ဘဲ ပြန်လာကြရသည်ဆို၏။

မိန်းမတစ်ဦး၏ ပြောပြချက်မှာ "ကျွန်မသည် အလင်းရောင်ရှင်၏ မျက်မှောက်တွင် အလွန်စိတ် နှစ်သက်ကြည်နူး၍ လူ့ပြည်သို့ ပြန်မလာလိုပါ။ သို့ရာတွင် ကျွန်မ၏ ကလေးသုံးယောက်နှင့် ခင်ပွန်းသည် ယောကျ်ားကို သတိရသောအခါ၌ မိမိ၌ တာဝန်ဝတ္တရားရှိသေးကြောင်း သိမြင်နားလည်၍ ပြန်လာရန် ဆုံးဖြတ်လိုက်ပါသည်"

လူငယ်တစ်ဦးကမူ "ကျွန်တော့်မှာ တက္ကသိုလ်၌ သုံးနှစ် ပညာသင်ကြားပြီး နောက်ထပ် တစ်နှစ်သင်ကြားရန် လိုသောကြောင့် ပြန်လာရပါသည်။ အကယ်၍ ကျွန်တော်သည် ထိုအချိန်က အလင်းရောင်ရှင်နှင့် နောက်ထပ် မိနစ်အနည်းငယ်ကြာအောင် အတူနေခဲ့ရပါက ကျွန်တော်၏ ပညာရေးကို ဂရုမစိုက်ဘဲ သူ့ထံပါး၌ပင် ဆက်လက်နေထိုင်သွားခဲ့မည် ဖြစ်ပါသည်"ဟု ဆို၏။

အချို့ကမူ သူတို့ သေလိုပါလျက် အခြားလူများက သူတို့အပေါ် သံယောဇဉ်ကြီးမား၍ ဆုတောင်းမေတ္တာပို့သသောကြောင့် မသေဘဲ ပြန်လာကြရပါသည် ဆို၏။ မိန်းမတစ်ဦးက သူ၏ သက်ကြီး အဒေါ်တစ်ယောက်အကြောင်း ပြောပြသည်မှာ "ကျွန်မသည် နာတာရှည်ရောဂါနှင့် မကျန်းမမာဖြစ်နေသော အဒေါ်တစ်ယောက်ကို ပြုစုပါသည်။ ဆွေမျိုးသားချင်း အားလုံးကလည်း သူ ပြန်လည်ကျန်းမာစေရန် ဆုတောင်းကြပါသည်။ နောက်ဆုံးတစ်နေ့၌ သူက ကျွန်မကို ကြည့်ပြီး 'ဂျူ...ငါ ဟိုကို ရောက်ခဲ့ပြီ။ အဲဒီနေရာဟာ သိပ်သာယာတာပဲ။ အဲဒီမှာ ငါနေချင်တယ်။ ဒါပေမဲ့ မင်းတို့က ငါ့အတွက် ဆုတောင်းနေလေတော့ ငါ နေလို့မရဘူး။ ဒါကြောင့် နောက်ထပ် ဆုမတောင်းကြပါနဲ့တော့ကွယ်' ဟု ပြောပါသည်။ ကျွန်မတို့လည်း ဆုမတောင်းကြတော့ပါ။ နောက် မကြာမီ သူ ကွယ်လွန်သွားပါသည်"

သေရွာပြန်များသည် လူ့ပြည်သို့ မည်သို့မည်ပုံ ပြန်ရောက်လာကြောင်း သေချာဂဏာ ပြောမပြနိုင်ခဲ့ချေ။ အထက်က ဖော်ပြခဲ့သည့်အတိုင်း တွေ့ကြုံခံစားပြီးနောက် သတိမေ့သွား၍ မိမိတို့၏ မူလခန္ဓာဖြင့် ပြန်လည် သတိရလာသည်ဟုသာ ပြောပြကြ၏။

မိမိတို့၏ တွေ့ကြုံခံစားရမှုမှာ အိပ်မက်မဟုတ်၊ စိတ်ကူးဖန်တီးမှုမဟုတ်ဘဲ ဒိဋ္ဌမမှုဖြစ်ကြောင်း စိုးစိမျှ သူတို့ သံသယမရှိကြချေ။ သို့ရာတွင် မည်သူ့မျှ ယုံကြည်မည် မဟုတ်၍ မိဘဆွေမျိုးစသော ရင်းနှီးသောသူများကိုသာ ပြောပြကြ၏။ အများအားဖြင့်မူ ခင်မင်ရင်းနှီးသောသူတို့ကပင် မယုံကြည်သောကြောင့် နောက်ဆုံး၌ မည်သူ့ကိုမျှ နောက်ထပ် မပြောကြတော့ချေ။ မိမိတို့ အတွေ့အကြုံများကို လျှို့ဝှက်ထား၍ မိမိကဲ့သို့ ကြုံတွေ့ခံစားရဖူးသော အခြားလူများရှိကြောင်းကိုလည်း မသိကြချေ။ မိမိ တစ်ဦးတည်းသာလျှင် ထိုထူးခြားသော အတွေ့အကြုံမျိုး ရရှိခဲ့သည်ဟု သူတို့ အသီးသီး ထင်မှတ်နေကြ၏။

သို့ရာတွင် သူတို့အားလုံးလိုလိုပင် သေခါနီး အတွေ့အကြုံကြောင့် ဘဝအတွေး



www.burmeseclassic.com

www.burmeseclassic.com



အခေါ်နှင့် ခံယူချက် ပြောင်းလဲလာကြ၏။ သူတို့ဘဝမှာ ကျယ်ပြန့်လေးနက်လာ၏။ မေတ္တာတရားနှင့် အသိပညာ၏ တန်ဖိုးကို ကောင်းစွာနားလည် သဘောပေါက်လာကြ၏။ ပတ်ဝန်းကျင်ရှိ လူများ၏ အပြစ်ကိုမရှုဘဲ သဘောထားကြီးစွာ ပေါင်းသင်းဆက်ဆံလာကြ၏။ သို့ရာတွင် မိမိ၏ အတွေ့အကြုံကြောင့် မြင့်မြတ်သောဘဝသို့ ရောက်ရှိသွားပြီ ဟူသော မာနစိတ်ကား မရှိကြချေ။ ဘဝဦးတည်ချက်နှင့်၊ အကျင့်သီလနှင့် ပတ်သက်သော ခံယူချက် ပြောင်းလဲမှုသာရှိ၍ ယင်းတို့နှင့်အညီ ကျင့်ကြံနေထိုင်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြသည် ဆို၏။

သေရွာပြန်ပုဂ္ဂိုလ် အနည်းငယ်ကမူ လူ့ပြည်သို့ ပြန်လည်ရောက်လာပြီးနောက် သူတို့မှာ အကြားအမြင်တစ်မျိုး ရရှိလာသည်။ သူတစ်ပါး စိတ်အလိုဆန္ဒကို မိမိတို့ အလိုလိုသိရှိလာသည်။ လူတစ်ဦး ပါးစပ်မဟမီ သူပြောမည့်စကားကို မိမိတို့သိပြီး ဖြစ်နေသည်ဟု ဆိုကြ၏။

သူတို့အားလုံး၌ တူညီသောအချက်သည်ကား သေရမည်ကို မကြောက်ခြင်းဖြစ်၏။ သို့ရာတွင် သူတို့သည် သေလိုသောစိတ်ဆန္ဒ ရှိနေကြသည်ကား မဟုတ်ချေ။ အသေဆိုး သေရခြင်းကိုလည်း အလိုမရှိ။ မိမိကိုယ်ကို သတ်သေခြင်းဖြင့် တမလွန်လောကသို့ ရောက်ရှိရန်လည်း သူတို့ မကြံစည်ကြ။ မိမိတို့ အသက်ရှင်နေစဉ် မိမိတို့ လုပ်ကိုင်ဆောင်ရွက်ရန် လုပ်ငန်းကိစ္စများရှိကြောင်း အသိအမှတ်ပြုကြ၏။ သို့ရာတွင် အချိန်ကျရောက်လာသောအခါ လူ့ဘဝကို စွန့်လွှတ်ရန် သူတို့ အသင့်ရှိကြ၏။ အခြားလူများကဲ့သို့ သေရမည်ကို တွေးတောပူပန် ကြောက်ရွံ့ခြင်း မရှိကြချေ။

ကြောက်စိတ်မရှိခြင်းမှာ တမလွန်လောကသို့ သူတို့ရောက်ရှိဖူး၍ သေပြီးနောက် မည်သို့မည်ပုံ ဖြစ်မည်ကို သိရှိသောကြောင့်ဖြစ်၏။ သူတို့ကြုံတွေ့ခဲ့ရသော တမလွန် လောကသည် လူတို့ အစဉ်အလာယုံကြည်ကြသော တမလွန်လောကနှင့် မတူချေ။ ထို အစဉ်အလာ ယုံကြည်ချက်အရဆိုသော် လူသည် သေဆုံးသောအခါ တမလွန်လောက၌ လူ့ပြည်တွင် မိမိပြုခဲ့သော အမှုများအတွက် စစ်ဆေးခြင်းခံရမည်။ ကောင်းမှုပြုခဲ့ပါက ကောင်းကင်ဘုံသို့ရောက်သွား၍ မကောင်းမှုပြုခဲ့ပါက ငရဲပြည်၌ အပြစ်ဒဏ်ခံရမည် ဖြစ်၏။ ဤအဆိုမှန်ပါက တမလွန်လောကသည် မကောင်းမှုပြုခဲ့သော လူများအတွက် ကြောက်မက်ဖွယ်ရာဖြစ်၏။

ဤစာအုပ်ပါ သေရွာပြန်တို့ ရောက်ရှိသော တမလွန်လောကမှာ ကြောက်စရာ အလျဉ်းမရှိချေ။ အလင်းရောင်ရှင်က သူတို့ကို မေးမြန်းခြင်းမှာ သူတို့ကံကြမ္မာကို ဆုံးဖြတ်၍ စီရင်ချက်ချမှတ်ရန် မဟုတ်ဘဲ အသိပညာ မျက်စိဖွင့်ပေးရန်ဖြစ်၏။ သူတို့၏ ပြောပြချက်အရဆိုသော် သူတို့တွေ့ခဲ့ရသော အလင်းရောင်ရှင်မှာ ကြီးမားသော မေတ္တာ ကရုဏာအရှင်ဖြစ်ပေရာ ထိုအရှင်ရှိရာ တမလွန်လောကသို့ သူတို့ပြန်လည်သွားရောက် လိုကြခြင်း(ဝါ) သေရမည်ကို မကြောက်ကြခြင်းမှာ အံ့ဩစရာမရှိချေ။

သူတို့အတွေ့အကြုံနှင့် ယုံကြည်ချက်များအတွက် မည်သည့်အထောက်အထား



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသနည်းဟု မေးဖွယ်ရှိ၏။ သေခါနီး၌ အသံများကြားခြင်း၊ မှောင်မည်းသော လိုဏ်ခေါင်းရှည်ကို ဖြတ်သွားခြင်း၊ အလင်းရောင်နှင့် တွေ့ဆုံခြင်း စသည်များနှင့် ပတ်သက်၍ ကာယကံရှင်မှတစ်ပါး အခြားလူများက အမှားအမှန် ဆုံးဖြတ်နိုင်မည် မဟုတ်ချေ။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ် တခြားစီ ဖြစ်သွားခြင်းမှာကား အထောက်အထား သာဓကအများ အပြားရှိကြောင်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပြီးဖြစ်၏။ သေခါနီးလူများ ကိုယ်ခန္ဓာအပြင်သို့ ရောက်ရှိနေစဉ်က သူတို့တွေ့မြင်သမျှ ပြောပြသောအချက်များ မှန်ကန်ကြောင်း ဆိုင်ရာဆရာဝန်နှင့် အခြားလူများက အတည်ပြုကြ၏။ ဆရာဝန် အတော်များများပင် ဗဟုသုတမရှိသော လူနာကို သူ မေ့မြောနေစဉ် မိမိတို့က သတိပြန်လည်လာအောင် မည်သို့မည်ပုံပြုလုပ်ကြောင်း အသေးစိတ် တိကျမှန်ကန်စွာ သူပြောပြနိုင်ခြင်းကို အံ့သြ၍ မဆုံးဖြစ်ကြ၏။

မိန်းမပျိုတစ်ဦးသည် သေခါနီးဆဲဆဲ၌ ခန္ဓာကိုယ်မှ ဖယ်ခွာ၍ ဆေးရုံအခန်းတစ်ခုထဲသို့ ရောက်ရှိသွားရာ ထိုအခန်း၌ သူ့အစ်မမှာ 'အို...ကစ်တီရယ်။ မင်းမသေပါနဲ့ဦးကွယ်' ဟုဆိုပြီး ငိုနေသည်ကို တွေ့ရ၏။ နောက် သူသတိရလာပြီးနောက် သူ့အစ်မအား စောစောပိုင်းက သူ(အစ်မ) မည်သည့်အခန်း၌ရှိသည်၊ ဘာပြောနေသည်ကို တိတိကျကျ ပြောပြရာ အားလုံးမှန်နေ၍ လူများအံ့သြကြရ၏။

## (ခ) ရှေးဟောင်းစာပေမှ အထောက်အထားများ

အထက်ပါ သေရွာပြန်တို့၏ ပြောပြချက်နှင့် ပတ်သက်၍ ဒေါက်တာမူဒီသည် ရှေးဟောင်းစာပေမှ အထောက်အထားများကို ဖော်ပြထား၏။ ၎င်းတို့မှာ ရှေးဂရိဒဿနဆရာ ပလေတို၏ ရေးသားချက်၊ ရှေးတိဗက်လူမျိုးတို့၏ ကျမ်းစာအုပ်တစ်အုပ်နှင့် ရှေးဆွီဒင်ပြည်သား ပညာရှင်ကြီး ဆွီဒင်ဗော့၏ အတွေ့အကြုံများ ဖြစ်၏။

### (၁) ပလေတို (၄၂၈-၃၃၈ ဘီစီ)

ပလေတိုသည် ကမ္ဘာ့အတွေးအခေါ်သမိုင်း၌ ထင်ရှားကျော်ကြားသော ရှေးဂရိဒဿနပညာရှင်ကြီး ဖြစ်၏။ သူသည် အသိပညာရှာရာ၌ ဆင်ခြင်တုံတရား၏ အရေးပါမှုကို အသိအမှတ်ပြုသော်လည်း အမှန်တရားကို ဝိပဿနာဉာဏ်ဖြင့်သာ ထိုးထွင်းသိမြင်နိုင်သည်ဟု ယုံကြည်၏။ ရုပ်လောကမှတစ်ပါး အခြားလောကများ ရှိသေးသည်။ ရုပ်လောကအကြောင်းကို အခြားတစ်ပါးသော လောက၏ရှုထောင့်မှသာလျှင် ကောင်းစွာ နားလည်နိုင်သည်ဟု ယူဆ၏။ သူ၏အဆိုအားဖြင့် ကိုယ်ခန္ဓာသည် စိတ်ဝိညာဉ်ခိုနားရာ ယာယီရုပ်ဝတ္ထုဖြစ်၍ ရုပ်ဝတ္ထုပျက်စီးပြီးသည့်နောက် ဝိညာဉ် မည်သို့ဖြစ်သွားသည်ကို သူ စိတ်ဝင်စား၏။

ပလေတို၏ရေးသားချက်မှာ အချို့နေရာတွင် အထက်ကဖော်ပြခဲ့သော သေရွာပြန်တို့၏ ကိုယ်တွေ့နှင့် ကိုက်ညီလျက်ရှိ၏။ သူက သေခြင်းသည် ဝိညာဉ်နှင့် ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကွဲကွာသွားခြင်း ဖြစ်သည်ဆို၏။ ဝိညာဉ်မှာ ကိုယ်ခန္ဓာနှင့်မတူဘဲ လွတ်လပ်၍ တမလွန် လောကဌ် အချိန်ကာလသည် အရေးမပါလှချေ။ တမလွန်လောကသို့ ကူးပြောင်းရာဌ် ကွယ်လွန်သူတို့က ဆီးကြိုအားပေး၍ ကိုယ်စောင့်နတ်များက လမ်းညွှန်ပြသကြ၏။ အချို့မှာ သေသောအခါ လှေတစ်စင်းဖြင့် ရေပြင်ကိုဖြတ်၍ တမလွန်လောက၏ နယ်နိမိတ် ကမ်းခြေသို့ လိုက်ပါသွားကြရသည် ဆို၏။

ပလေတို၏အလိုအားဖြင့် ရုပ်ခန္ဓာသည် ရုပ်ဝိညာဉ်၏ အကျဉ်းထောင်ဖြစ်၍ သေခြင်းသည် ဝိညာဉ်၏ လွတ်မြောက်ခြင်း ဖြစ်၏။ ပလေတို၏ဆရာဖြစ်သော အခြား ဂရိပညာရှင်ကြီး ဆော့ကရေးတီးက သေခြင်းသည် အိပ်ပျော်ခြင်း၊ သတိမေ့သွားခြင်း ဖြစ်သည်ဟု ဆိုပေရာ ပလေတိုကမူ ထိုအဆိုကို လက်မခံဘဲ မွေးဖွားလာခြင်းသည်သာ အိပ်ပျော်မေ့လျော့ခြင်း ဖြစ်သည်ဟု ယူဆ၏။ ဝိညာဉ်သည် အသိအမြင်ကျယ်သော အထက်ဘုံမှ အသိအမြင်ကျဉ်းသော ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာ၍ ရှေးက သိရှိခဲ့သော အမှန်တရားများကို မေ့လျော့နေပြီဖြစ်၏။ သို့ဖြစ်၍ သေခြင်းသည် တစ်နည်းအားဖြင့် နိုးကြားခြင်း၊ မှတ်မိခြင်းဖြစ်၏။ ခန္ဓာကိုယ်အနှောင်အဖွဲ့မှ လွတ်မြောက်သော ဝိညာဉ်သည် အတွေ့အမြင်စူးရှ၍ အရာရာကို ယထာဘူတကျကျ သိရှိလာသည်ဆို၏။ ထို့အပြင် လူ့ဘဝက ပြုခဲ့သောအမှုများကို နတ်တို့က ဖန်ဆင်းပြသ၍ သူ့ကြမ္မာကို ဆုံးဖြတ်ကြသည် ဆို၏။

ပလေတို၏ရေးသားချက်ဌ် ဂရိစစ်သား 'အာ'ဆိုသူ သေရွာပြန်တစ်ဦး၏အကြောင်း ပါရှိ၏။ 'အာ'သည် တိုက်ပွဲဌ်ကျဆုံးသော အခြား စစ်သားအလောင်းများနှင့် မီးသင်္ဂြိုဟ် တော့မည်အပြုတွင် သတိရလာ၍ သူ ရောက်ခဲ့သော တမလွန်လောကအကြောင်း ပြောပြ ၏။ သူ၏ဝိညာဉ်သည် ကိုယ်ထဲမှထွက်ခွာ၍ ဥမင်လိုဏ်ခေါင်းတစ်ခုကို ဖြတ်သွားရ၏။ သူနှင့် အခြားဝိညာဉ်များအား နတ်များက လူ့ဘဝက အမှုများကိုပြသ၍ စီရင်ချက် ချမှတ်၏။ စစ်သား 'အာ'ကိုမူ လူ့ပြည်သို့ ပြန်လွှတ်လိုက်ရာ ခန္ဓာကိုယ်ထဲသို့ သူ မည်သို့ ပြန်ရောက်ရှိသည်ကို မသိပါဟု ဆို၏။

ပလေတိုက တမလွန်လောကအကြောင်း မိမိ ရေးသားချက်များအားလုံးကို သေချာ မှန်ကန်သည်ဟု မဆိုချေ။ သူသည် တမလွန်လောကကို လက်ခံသော်လည်း ယင်းကို အကန့်အသတ်ရှိသော လူတို့၏ နား၊ မျက်စိ စသည်တို့နှင့် ထိတွေ့သိရှိရန် ခက်သည်။ ထိတွေ့သိရှိသည့်တိုင် လူများနားလည်အောင် ပြောပြရန် ဝေါဟာရစကားများ မရှိပါဟု ဆိုလေသည်။

## (၂) တိဗက်လူမျိုးတို့၏ ရှေးဟောင်းကျမ်း

ဤကျမ်းမှာ ရှေးတိဗက်ပညာရှင်တို့ ဆရာအစဉ်အဆက် နှုတ်ဖြင့် ဆောင်ခဲ့ကြ၍ ရှစ်ရာစု အတွင်းလောက်ကမှ စာပေဖြစ်လာသော ကျမ်းဖြစ်၏။ ကျမ်းစာအုပ်ဖြစ်ပြီးသည့် နောက်ဌ်ပင် ပညာရှင်တို့က လျှို့ဝှက်ထား၍ လူအများ ဖတ်ရှုခွင့် မရရှိကြချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းပြုသူတို့သည် သေရေးကိစ္စကို အတတ်ပညာတစ်ရပ်အဖြစ် သဘောထားကြ၏။ အသေတတ်လျှင် တမလွန်အကျိုးစီးပွားဖြစ်ထွန်း၍ အသေမတတ်ပါက အကျိုးယုတ်မည် ဖြစ်၏။ သူတို့၏ရည်ရွယ်ချက်မှာ သူတို့အား သေခြင်းတရားနှင့် ပတ်သက်၍ ပညာပေးရန်ဖြစ်၏။ သို့ဖြစ်၍ သေခါနီးလူမမာအား စာအုပ်ကို ရွတ်ဖတ်ပြရ၏။ လူမမာသည် ကြားနာ၍သေသောအခါ မိမိ ကြုံတွေ့ရမည့်အရာများကို ကြိုတင်သိရှိထားရမည် ဖြစ်၏။ ဆွေမျိုးသားချင်းများသည်လည်း သံယောဇဉ်မီး၊ ပရိဒေဝမီးကို အသိပညာဖြင့် တားဆီး၍ လူမမာသည် စိတ်အနှောင့်အယှက်မရှိဘဲ တမလွန်ဘဝသို့ ကူးပြောင်းနိုင်မည် ဖြစ်၏။

စာအုပ်တွင် သေသူ ဖြတ်သန်းသွားရမည့် ခရီးအဆင့်ဆင့်ကို စေ့စေ့သေချာစွာ ပြဆိုထား၏။ ဝိညာဉ်သည် ခန္ဓာကိုယ်မှဖယ်ခွာပြီးလျှင် လဟာပြင်ထဲသို့ ရောက်ရှိသွား၏။ ကြောက်မက်ဖွယ်ရာ ထစ်ချုန်းမြည်ဟည်းသံများကို ကြားရ၍ မိမိနှင့် ပတ်ဝန်းကျင်ကို အလင်းရောင်က မှိုင်းမှိုင်းမှုန်မှုန် လွှမ်းခြုံထားသည်ကို တွေ့ရ၏။

ဆွေမျိုးသားချင်းများက ငိုကြွေး၍ မိမိအလောင်းအား ဈာပနကိစ္စအတွက် ပြင်ဆင်နေသည်ကို မြင်ရ၏။ သို့ရာတွင် မိမိကို သူတို့ မြင်လည်းမမြင်၊ ကြားလည်း မကြားကြရချေ။ ပထမ၌ သူသည် မိမိကိုယ်ကို သေသည်ရှင်သည် မဝေခွဲနိုင်ဘဲ နားဝေတိမ်တောင် ဖြစ်နေ၏။ သေပြီဖြစ်ကြောင်း အသေအချာ သိရသောအခါ ဘယ်သွားရမည်၊ ဘာလုပ်ရမည် မသိသဖြင့် စိတ်ဓာတ်ကျသွား၏။

မိမိ၌ ကိုယ်ခန္ဓာရှိသေးသည်ကို သူ သတိပြုမိ၏။ ထိုကိုယ်ခန္ဓာမှာ ရုပ်ဝတ္ထု မဟုတ်ချေ။ ထို့ကြောင့် နံရံကျောက်ဆောင်နှင့် တောင်များကိုပင် သူ ဖြတ်သွားနိုင်၏။ ခရီးသွားလာမှုမှာ လျှပ်တစ်ပြက်အတွင်း ပြီးသောကိစ္စဖြစ်၏။ သူ သွားလိုသောနေရာသို့ တစ်ခဏအတွင်း ရောက်သွား၏။ သူ၏စိတ်မှာ အထူးကြည်လင်၍ အာရုံခံအင်္ဂါများ အလွန် ထက်မြက်နေသည်ကို တွေ့ရ၏။ အခြား တမလွန်ဘုံသားများတွင်လည်း သူကဲ့သို့ပင် ရုပ်ထူးရှိနေသည်ကို တွေ့မြင်ရ၏။ သန့်စင်ကြည်လင်သော အလင်းရောင်ကိုလည်း တွေ့ရပြီး ထိုအလင်းရောင်အနီးသို့ ချဉ်းကပ်သွားသောအခါ မေတ္တာ၊ ကရုဏာတရားရှိရန် ကျမ်းစာက သေခါနီးလူများအား သတိပေးထား၏။

သေခါနီးလူသည် စိတ်လက်သာယာချမ်းမြေ့ပုံ၊ တမလွန်လောက၌ ကြေးမုံပြင်တွင် သူ၏ ကောင်းမှု၊ မကောင်းမှုများပေါ်လာ၍ နတ်များက ကံကြမ္မာကို စီရင်ဆုံးဖြတ်ပုံများကိုလည်း တိဗက်ကျမ်းစာ၌ ဖော်ပြထား၏။ အချုပ်အားဖြင့်ကား ဤရှေးဟောင်းစာပေ၌ပါရှိသော သေသူ့ဝိညာဉ်၏ ကြုံတွေ့ရမှုများမှာ အထက်ဖော်ပြပါ သေရွာပြန် အမေရိကန်တို့၏ ပြောပြချက်များနှင့် နေရာအတော်များများတွင် အံ့ဖွယ်လိုလို ကိုက်ညီနေသည်ကို တွေ့ရပေသည်။

---

၁၈ "The Tibetan Book of the Dead" by Dr Evans-Wentz



www.burmeseclassic.com

www.burmeseclassic.com



(၃) အီမာညူယယ်ဆွီဒင်ဗော့ (၁၆၈၈–၁၇၆၂)

ဆွီဒင်ဗော့သည် ပလေတိုကဲ့သို့ပင် ကမ္ဘာ့ အတွေးအခေါ်သမိုင်း၌ ထင်ရှားသော ပညာရှင်ဖြစ်၏။ အနာတမီ၊ ဖီဆီဩလိုဂျီ စသော သဘာဝသိပ္ပံပညာများကို လိုက်စားသော စွယ်စုံပညာရှင်ဖြစ်၍ အသက်ကြီးသောအခါ ဘာသာတရားဘက်သို့ အာရုံပြောင်းသွား၏။ တမလွန်လောကနှင့် ဆက်သွယ်ရာမှ ရရှိသည်ဆိုသော သူ၏ အတွေ့အကြုံများအကြောင်း ရေးသားချက်များမှာ အထက်ပါ သေရွာပြန်တို့၏ ပြောပြချက်များနှင့် အံ့သြဖွယ်ရာ တူညီနေသည်ကို တွေ့ရ၏။

သူ၏အဆိုအားဖြင့် သေသူ၏ဝိညာဉ်သည် အမှတ်သညာ၊ အတွေးအခေါ်နှင့် အသိအမြင် ပိုမိုအားကောင်းလာ၏။ အချိန်ကာလနှင့် နေရာဌာနသည် လူ့ပြည်မှာကဲ့သို့ သူ့အား တားဆီးချုပ်ချယ်ထားခြင်း မရှိတော့ချေ။ သူသည် တမလွန်လောက၌ လူ့ပြည်မှ ကွယ်လွန်သွားသော ဆွေမျိုးသားချင်းနှင့် အသိမိတ်ဆွေများကို တွေ့ရ၏။ သူတို့က သူ့အား သူတို့လောကအကြောင်း ပြောပြကြ၏။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ၌ လူသားတို့ကဲ့သို့ စကားမပြောဘဲ စိတ်ဖြင့် ဆက်သွယ်ကြ၏။ တစ်ဦးပြောလိုသော အကြောင်းကို တစ်ဦးက စိတ်ဖြင့်သိကြ၏။

လူ့ပြည်၌ နို့စို့သူငယ်အရွယ်မှ ဇရာအရွယ်အထိပြုခဲ့သော ကာယကံမှု၊ ဝစီကံမှု များသည် တမလွန်လောက၌ ကောင်းကင်တမန်တို့၏ ရှေ့မှောက်တွင် ထင်ထင်လင်းလင်း ပေါ်လာ၏။ ကာယကံရှင်ကလည်း ယင်းတို့ကို ကောင်းစွာမှတ်မိ၍ မည်သည့်အမှုကိုမျှ ငြင်းဆိုဖုံးကွယ်ထားရန် မဖြစ်နိုင်ချေ။

ဆွီဒင်ဗော့က တမလွန်လောက၌ အလွန်တောက်ပသော အလင်းရောင်ကိုလည်း မြင်ခဲ့ရသည်ဆို၏။ ယင်းကို သစ္စာနှင့် ပညာအလင်းရောင်အဖြစ် သူက ဖော်ပြထား၏။

အထက်ပါ စာအုပ်သုံးအုပ်၌ တူညီချက်များကို တွေ့ရှိရခြင်းမှာ နေရာဌာနတစ်ခုမှ အတွေးအခေါ်ကို စာရေးသူများ ရရှိသောကြောင့်ပေလောဟု စဉ်းစားရန်ရှိ၏။ ပလေတိုက အရှေ့တိုင်းမှ အချို့အတွေးအခေါ်များကို မိမိတို့ရရှိပါသည်ဟု ဝန်ခံထား၏။ သို့ရာတွင် တိဗက်ကျမ်းစာအုပ်မှာ ၁၉၂၇ ခုနှစ်ကျမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ခြင်း ဖြစ်၏။ အခြား သတိပြုရန်အချက်မှာ စာရေးသူများ၏ တင်ပြချက်များသည် အစစအရာရာ အားလုံး တူညီခြင်း မရှိချေ။ သေရွာပြန်တို့ ပြောပြသော အချို့အချက်များကို စာအုပ်သုံးအုပ် စလုံး၌ မတွေ့ရဘဲ စာအုပ်တစ်အုပ်၊ နှစ်အုပ်၌သာ တွေ့ရ၏။ သေပြီးခါစ လူသည် မိမိ သေမှန်း ချက်ချင်းမသိကြောင်းကို တိဗက်စာအုပ်နှင့် ဆွီဒင်ဗော့စာအုပ်၌ တွေ့ရသော်လည်း ပလေတို၏ရေးသားချက်၌ မတွေ့ရချေ။

---

၁။ နောက်ဆက်တွဲ ၂ ၌ ဤ တိဗက်ရှေးဟောင်းကျမ်း၏ ဆိုလိုရင်းအချက်များကို အကျဉ်းချုပ် ဖော်ပြထားသည်။

၂။ Emanuel Swdenborg



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမူဒီ တွေ့ဆုံမေးမြန်းခဲ့သော သေရွာပြန်များအနက် နှစ်ဦး၊ သုံးဦးမှာ ပလေတို၏ အတွေးအခေါ်များအကြောင်း ကြားဖူး၏။ သို့ရာတွင် ရှေးတိဗက်ကျမ်းစာအုပ်နှင့် ဆွီဒင်ဗော့၏ ရေးသားချက်များအကြောင်းကို တစ်ဦးတစ်ယောက်မျှ မသိကြချေ။

## (ဂ) စဉ်းစားဖွယ်ရာများ

ဒေါက်တာမူဒီက သေရွာပြန်တို့၏ ကိုယ်တွေ့နှင့်ပတ်သက်သော မိမိ၏ စူးစမ်းလေ့လာမှုမှာ သိပ္ပံနည်းကျ လေ့လာမှုမဟုတ်ကြောင်း ဝန်ခံထား၏။ စင်စစ် သူ စူးစမ်းခဲ့သော ပုဂ္ဂိုလ်များမှာ ၁၅၀ မျှသာရှိ၍ အားလုံး အမေရိကန်နိုင်ငံသားများ ဖြစ်ကြ၏။ ပုဂ္ဂိုလ်အမြောက်အမြားကို စူးစမ်း၍ ၎င်းတို့တွင် ဓလေ့ထုံးစံ၊ ဘာသာဝါဒ၊ အစဉ်အလာ၊ ခံယူချက်မတူသော အခြားနိုင်ငံသားများ ပါဝင်ပါမှ စူးစမ်းမှုသည် ကျယ်ပြန့်၍ ထောင့်စေ့သော သုတေသနပြုမှု ဖြစ်ပေမည်။ တွေ့ရှိချက်များသည်လည်း ပိုမိုခိုင်မာပေလိမ့်မည်။

အထက်ဖော်ပြပါ အတွေ့အကြုံများ ရှိခဲ့ဖူးသောသူများမှာ လူအများထင်ထားသည်ထက် ပိုမိုများပြားသည်ဟု ယူဆဖွယ်ရှိ၏။ ဒေါက်တာမူဒီ၏ ဟောပြောပွဲတိုင်း၌ သူ ဟောပြောပြီးသည့်နောက်တွင် ထိုအတွေ့အကြုံမျိုး တစ်ခါက မိမိတို့၌ ရှိခဲ့ဖူးပါသည်ဟု ပြောသော ပုဂ္ဂိုလ်တစ်ဦး နှစ်ဦး ပရိသတ်ထဲမှ ထွက်ပေါ်လာစမြဲ ဖြစ်၏။ တွေ့ကြုံဖူးပါလျက်နှင့် မပြောသောသူများမှာလည်း နည်းမည်မဟုတ်ချေ။ တမလွန်လောကအကြောင်း ပြောဆိုခြင်းသည် မျက်မှောက် "သိပ္ပံခေတ်"နှင့် မအပ်စပ်သဲ့ အဝိဇ္ဇာဖုံးလွှမ်းနေသော အတိတ်ခေတ်က လူတို့၏ ဓလေ့စရိုက်ဖြစ်သည်ဟု လူအများ ယူဆထားရကား သိပ္ပံပညာနှင့်ဆန့်ကျင်သော အဖြစ်ဆန်းများကို ကြုံခဲ့ရဖူးသော သူတို့သည် မည်သူ့ကိုမျှမပြောဘဲ ဆိတ်ဆိတ်နေကြသည်က များ၏။

ဆရာဝန်များသည် လူနာများနှင့် အမြဲထိတွေ့နေ၍ သေရွာပြန်တို့၏ ကိုယ်တွေ့ကို ကြားဖူးများဝ ရှိသင့်ပါလျက် ကြားဖူးသူနည်းပါးခြင်းမှာ မဆန်းပါချေ။ ဆရာဝန်သည် လူနာ၏စိတ်အတွင်း ကြုံတွေ့ခံစားရချက်များကို ဂရုမပြုဘဲ ကိုယ်ခန္ဓာကိုသာ တိကျသေချာစွာ စမ်းသပ်စစ်ဆေးရ၏။ သူ၏ရည်ရွယ်ချက်မှာ လူနာ၏ရောဂါကို ကုစားရန်သာ ဖြစ်၍ လုပ်နည်းလုပ်ဟန်မှားသည်ဟု မဆိုသာချေ။ နေကောင်းပါသည် ဆိုသော်လည်း စမ်းသပ်ကြည့်သောအခါ အဖျားရှိနေသော လူနာကဲ့သို့ လူနာ၏ခံစားရချက်၊ ထင်မြင်ချက်သည် မကြာခဏ လွဲမှားတတ်၏။ သို့ဖြစ်၍ သေရွာပြန်များသည် မိမိတို့ တွေ့ကြုံရချက်ကို ဂရုတစိုက် နားထောင်မည့် ဆရာဝန်အား ပြောပြခွင့်ရရှိခဲ့ကြမည် မဟုတ်ချေ။

ရှေးအခါက သေရွာပြန်များ၏ ကိုယ်တွေ့ကို သိရှိသူနည်းပါးခြင်းမှာ ဆေးပညာ မတိုးတက်သောကြောင့် ဖြစ်၏။ ရောဂါပြင်းထန်၍ သေလုမြောပါးဖြစ်နေသော လူနာအား ကယ်တင်သောနည်းများမှာ ဆေးသိပ္ပံတိုးတက်သော ယခုခေတ်မှပေါ်လာသည့် နည်းများ ဖြစ်၏။ ရှေးအခါကမူ ထိုသူများမှာ မည်သည့်နည်းနှင့်မျှ အသက်ပြန်ရှင်ဖွယ်ရာ အကြောင်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမူဒီ အဆိုအားဖြင့် မိန်းမများက ယောက်ျားများထက် ပို၍ သေမင်းတံခါး၀ အတွေ့အကြုံများကို ပြောပြလိုကြ၏။ သူတို့အတွေ့အကြုံများမှာ အများအားဖြင့် မီးဖွားစဉ် အခက်အခဲရှိ၍ ရရှိခဲ့သော အတွေ့အကြုံများ ဖြစ်၏။ ယောက်ျားများမှာ မိန်းမများလောက် မိမိတို့ အတွေ့အကြုံကို ပြောလိုသောဆန္ဒ မရှိကြချေ။ ဤသည်မှာ သိပ္ပံပညာတတ်များနှင့် ပိုမိုဆက်ဆံ၍ လူရယ်ခံရမည် စိုးသောကြောင့် ဖြစ်ဟန်ရှိ၏။ မိန်းမများမှာ အများအားဖြင့် ဘာသာတရားကို ပိုမိုလေးစား၍ သူတို့၏အဖြစ်ဆန်းကို ပြောပြရန် ဝန်လေးမည်မဟုတ်ချေ။

သေရွာပြန်များ၏ အတွေ့အကြုံမှာ ဘာသာရေး ယုံကြည်ချက်များ၌ အခြေခံကောင်းပေလိမ့်မည်။ သို့ရာတွင် စဉ်းစားရန်ရှိသည်ကား သူတို့၏ ပြောပြချက်များ၌ ဘာသာတရား ကြည်ညိုလေးစားသောသူများ အစဉ်အလာခံယူထားသည့် နတ်ပြည်နှင့် ငရဲပြည်အကြောင်း လုံး၀မပါရှိချေ။ အချို့ သေရွာပြန်များမှာ နတ်ပြည်၊ ငရဲပြည်ကို အရိပ်အယောင်မျှပင် မတွေ့ခဲ့ရသဖြင့် များစွာ အံ့သြကြ၏။ ထို့အပြင် ဒေါက်တာမူဒီ စူးစမ်းသော သေရွာပြန်များတွင် နဂိုမူလက ဘာသာရေး ယုံကြည်ချက်မရှိသော ပုဂ္ဂိုလ် အနည်းငယ်ပါဝင်ရာ ထိုသူတို့၏ ပြောပြချက်မှာ ဘာသာတရား လေးစားသော သူတို့၏ ပြောပြချက်များနှင့် ကွဲလွဲခြင်းမရှိချေ။ သေရွာပြန် တစ်ဦး၊ နှစ်ဦးမှာ ကနဦးက ဘာသာတရားမရှိ ဖြစ်နေရာမှ နောက်ကာလတွင် ဘာသာရေးသမားများ ဖြစ်လာကြ၏။

ကျွန်ုပ်တို့ အထူးစဉ်းစားရန် လိုအပ်သောအချက်မှာ သေရွာပြန်များသည် သေမင်းတံခါး၀သို့သာ ရောက်ရှိခဲ့ကြ၍ သူတို့၏ပြောပြချက်သည် တမလွန်လောကအကြောင်း ဖြစ်နိုင်ပါမည်လော ဟူသောအချက်ဖြစ်၏။ စင်စစ် သေမင်းနိုင်ငံသို့သာ သူတို့ ရောက်ရှိခဲ့ပါက သူတို့အကြောင်း ကျွန်ုပ်တို့ ဘာမျှသိရတော့မည် မဟုတ်ချေ။ ဤနေရာ၌ သေခြင်းတရားကို ဆေးသိပ္ပံပညာရှင်တို့ အဓိပ္ပာယ်သတ်မှတ်ရာ၌ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားလျက်ရှိလေရာ သတ်မှတ်ချက်သုံးမျိုးကို ဖော်ပြပါအံ့။

ရှေးအခါက ယနေ့အထိ ဆရာဝန်အများစု လက်သုံးပြုသော သတ်မှတ်ချက်မှာ သိပ္ပံပစ္စည်းကိရိယာများဖြင့် စမ်းသပ်၍ရအပ်သော လက္ခဏာများဖြင့် သတ်မှတ်ချက်ဖြစ်၏။ ထိုလက္ခဏာများမှာ နှလုံးသွေးရပ်သွားခြင်း၊ အချိန်အတော်ကြာ အသက်ရှူရပ်စဲသွားခြင်း၊ သွေးကန်အား အဆုံးစွန်ကျဆင်းသွားခြင်း၊ မျက်ဖြူဆိုက်ခြင်း၊ ကိုယ်ပူချိန် လျော့နည်းသွားခြင်း စသည်တို့ဖြစ်၏။ ဒေါက်တာမူဒီ စမ်းသပ်ခဲ့သော သေရွာပြန်များမှာ ဤသတ်မှတ်ချက်နှင့်အညီ "သေဆုံး"ခဲ့ဖူးသောသူများ ဖြစ်၏။

ယခုခေတ်၌ကား လူနာဦးနှောက်၏ လျှပ်စစ်လှိုင်းများလှုပ်ရှားမှုကို စူးစမ်းလေ့လာပြီးမှ အသက်ရှိမရှိ ဆုံးဖြတ်ချက်သည် တိကျမှန်ကန်သည်ဟု အချို့ဆေးသိပ္ပံပညာရှင်တို့က ယူဆကြ၏။ ဦးနှောက်လှိုင်းကို စမ်းသပ်ရန်အတွက် အီးအီးဂျီ[၁] ခေါ် စက်တစ်မျိုး

၁။ EEG - electroencephaloegraph.



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ သို့ရာတွင် ထိုစက်ကို ရုတ်ရက်တပ်ဆင်၍ အသုံးပြုရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ သို့ဖြစ်၍ လူနာအား သေပြေးရှင်ပြေး အသက်လုယူရမည့် အချိန်၌ ထိုစက်ကို မသုံးဘဲ သမားရိုးကျနည်းဖြင့် စမ်းသပ်၍ ဆုံးဖြတ်ကြသည်က များ၏။

အချို့ဆရာတို့က အထက်ပါနည်းများထက် ပိုမို တင်းကျပ်သောနည်းများဖြင့် သေခြင်းတရားကို အဓိပ္ပာယ် သတ်မှတ်လိုကြ၏။ သူတို့၏အလိုအားဖြင့် လူနာသည် မည်သည့်အခြေအနေ၌ ရှိစေကာမူ အကယ်၍ နောက်ဆုံး၌ သတိပြန်လည်လာပါက အီးအီးဂျီစက်ဖြင့်သော်လည်းကောင်း၊ အခြားပစ္စည်းကိရိယာများဖြင့် သော်လည်းကောင်း စမ်းသပ်၍ သေပြီဟု ဆုံးဖြတ်ခြင်းသည် မှား၏။ တစ်နည်းဆိုသော် လူနာသည် အတွင်း ဇီဝလုပ်ငန်းကို လုံးဝရပ်စဲ၍ ဘယ်သောအခါမျှ သတိပြန်လည်ခြင်း မရှိမှသာလျှင် သေသည်ဟု ဆိုရမည်ဖြစ်၏။

မည်သို့ဖြစ်စေ ဤစာအုပ်၌ ဖော်ပြခဲ့သော သေရွာပြန်တို့မှာ အခြားလူများထက် ပို၍ သေခြင်းတရားနှင့် နီးကပ်ခဲ့ကြောင်းကို ယုံမှားစရာမရှိချေ။ တစ်ခုရှိသည်ကား ထိုအခါက သူတို့သည် အသက်ဇီဝိန် လုံးဝချုပ်ငြိမ်းပြီဟု မဆိုနိုင်ပါက သူတို့၏ အတွေ့အကြုံများကို လေ့လာသုံးသပ်ရာ၌ တမလွန်လောကကို အစွဲမထားဘဲ အခြားဖြစ်နိုင်သော အကြောင်းတရားများကိုလည်း ထည့်သွင်း စဉ်းစားရပေလိမ့်မည်။ ဒေါက်တာမူဒီက ထိုဖြစ်နိုင်သော ပဓာနအကြောင်း တရားသုံးခုကို ထောက်ပြထား၏။

(က) သေခါနီးလူနာ၏ အတွေ့အကြုံများသည် လူနာအား အခိုက်အတန့် အသက်ဆက်ပေးရန်၊ သို့မဟုတ် ဒုက္ခဝေဒနာခံစားမှု သက်သာစေရန်အတွက် ပေးကျွေးထားသော ခေတ်ပေါ်ဆေးဝါးများ၏ အာနိသင်ကြောင့် ဖြစ်သည်ဟု အချို့သုတေသီဆရာတို့က ယူဆကြ၏။ ဆေးခြောက်နှင့် အခြားမူးယစ်ဆေးဝါး[၁]များသည် စိတ်ကိုဖောက်ပြန်ပြောင်းလဲစေတတ်ကြောင်း၊ လူနာအား ရောဂါဝေဒနာ သက်သာစေရန်အတွက် ဆရာဝန်များအသုံးပြုသော စားဆေး၊ ထိုးဆေးများသည် သေခါနီး အတွေ့အကြုံနှင့် ဆင်တူယိုးမှားဖြစ်သော စိတ်လှုပ်ရှား ခံစားမှုများကို ဖန်တီးပေးလေ့ရှိကြောင်း ခိုင်မာသော အထောက်အထားများရှိ၏။ မိန်းမတစ်ဦး၏ အတွေ့အကြုံမှာ အောက်ပါအတိုင်းဖြစ်၏။

"သွားနုတ်ရန်အတွက် သွားဆရာဝန်၏ ဆေးခန်းသို့ ကျွန်မ ရောက်ရှိစဉ် အသက် ၁၇ နှစ်အရွယ်က ဖြစ်ပါသည်။ ကျွန်မအား နိုက်ထရပ်အောက်ဆိုက်[၂]ခေါ် မေ့ဆေးပေးပါသည်။ မေ့ဆေးက တန်ခိုးအာနိသင် ပြလာသောအခါ ကျွန်မထိုင်နေသော ကုလားထိုင်သည် ချာလပတ်လည်၍ အပေါ်သို့ တဖြည်းဖြည်း မြောက်တက်နေသည်ဟု ထင်[illegible]သည်။

အရာအားလုံးသည် တောက်ပဖြူလက်နေ၍ အပေါ်သို့ ကျွန်မ ရောက်သွားသော အခါ ကောင်းကင်တမန်များသည် ကျွန်မအား ကောင်းကင်ဘုံသို့ ခေါ်ဆောင်နိုင်ရန်

၁။ Marijuana, LSD, mescalin, etc.

၂။ nitrous oxide



www.burmeseclassic.com

www.burmeseclassic.com



သက်ဆင်းလာကြပါသည်။ သွားဆရာဝန်နှင့် ဆရာမသည် အခြားလူတစ်ဦးအကြောင်း ပြောနေသံကို ကျွန်မ ကြားရပါသည်။ သူတို့၏စကားသံသည် ပဲ့တင်ထပ်၍ ကျွန်မကလည်း ကောင်းကင်ဘုံသို့တက်နေသဖြင့် အသံများ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားပါသည်။

ထိုအခါ ကျွန်မသည် သေရမည်ကိုတွေး၍ ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်မိချေ။ ထိုအသက်အရွယ်က ငရဲခံရမည်ကို ကြောက်၍ ထိုအချိန်အခါကမှ ကောင်းကင်ဘုံသို့ ရောက်တော့မည်ဟု ကျွန်မ ယုံကြည်နေပါသည်။ စင်စစ် မေ့ဆေးပေးထားစဉ်က ကျွန်မမှာ ပူပန်ကြောင့်ကြမှု လုံးဝကင်း၍ စိတ်ပျော်ရွှင်နေပါသည်"

အထက်ပါ မိန်းမ၏ ပြောပြချက်၌ ဖြူဝင်းတောက်ပသော အလင်းရောင်ကို တွေ့ရှိခြင်း၊ တမလွန်လောကသို့ ခေါ်ဆောင်ရန် တမလွန်ဘုံသားများ ရောက်ရှိလာခြင်း၊ သေနေသည့်အတွက် ထိတ်လန့်တုန်လှုပ်မှု မဖြစ်ခြင်းနှင့် ကိုယ်ခန္ဓာအပြင်ဘက်သို့ ရောက်ရှိနေခြင်းမှာ သေရွာပြန်တို့၏ ကိုယ်တွေ့နှင့် တူညီလျက်ရှိ၏။ သို့ရာတွင် အသေးစိတ် မတူညီသောအချက်များကို သတိပြုသင့်ပေ၏။ အလင်းရောင်ကို ပုဂ္ဂိုလ်ဖြစ်သည်ဟု သူ မဆိုချေ။ သူ တွေ့ခဲ့ရသောသူများမှာ ကောင်းကင်တမန်များ ဖြစ်သည်၊ ကောင်းကင်ဘုံသို့ သူ တက်သွားသည်ဆိုခြင်းမှာ သူ၏ ဘာသာရေးယုံကြည်ချက်များနှင့် အညီဖြစ်၍ သေရွာပြန်သူတို့၏ ကိုယ်တွေ့နှင့် မကိုက်ညီချေ။

ဤမိန်းမ၏ စိတ်ခံစားမှုမှာ သေခါနီးလူနာ၏ ကိုယ်တွေ့နှင့် အများဆုံးတူညီသောသာဓကဖြစ်၍ ယေဘုယျအားဖြင့်ကား ၎င်းတို့မှာ တစ်မျိုးနှင့်တစ်မျိုး များစွာ ကွဲပြားခြားနား၏။

သေခါနီးလူနာ၏ ဖြစ်ပျက်ကြုံတွေ့မှုသည် ဆေးဝါးကြောင့် မဟုတ်ကြောင်း ယူဆရန် အခြား အထောက်အထားများ ရှိသေး၏။ သေမင်းနှုတ်ခမ်းဝ အတွေ့အကြုံရှိခဲ့သည်ဆိုသူများမှာ ကနဦးက ဆေးဝါးများဖြင့် အသက်ဆက်ခဲ့ရသောသူများ မဟုတ်ချေ။ ဆေးဝါးစားသုံးခဲ့ရသော လူနာများမှာလည်း ဆေးတစ်မျိုးတည်းမဟုတ်ဘဲ အက်စပရင်၊ အင်တီဗိုင်အိုတစ်ဟော်မုန်း၊ အဒရိနလင် စသည်ဖြင့် ဆေးအမျိုးမျိုးကို စားသုံးခဲ့ကြရာ ၎င်းတို့မှာ အများအားဖြင့် မည်သည့် တွေ့ကြုံခံစားရမှုကိုမျှ ဖန်တီးမပေးသောဆေးဝါးများဖြစ်၏။ ဆေးဝါးအမျိုးမျိုး ပေးကျွေးထားသော လူနာများနှင့် မည်သည့်ဆေးဝါးမျှ ပေးမထားသော လူနာများမှာလည်း သေမင်းတံခါးဝ အတွေ့အကြုံနှင့် ပတ်သက်၍ အုပ်စုတစ်စုနှင့်တစ်စု ခြားနားခြင်းမရှိချေ။ နှစ်ကြိမ်တိုင် သေရွာမှပြန်လာသော မိန်းမတစ်ဦးကမူ ပထမအကြိမ် မေ့ဆေးပေးစဉ်က သူမမှာ ဘာမှမဖြစ်ဘဲ မေ့ဆေးမပေးသော ဒုတိယအကြိမ်၌ အဖြစ်ဆန်းများ ကြုံတွေ့ခဲ့ရပါသည် ဆို၏။

(ခ) သေခါနီး ကြုံတွေ့ခံစားရမှုများသည် အချို့သော အာရုံကြောရောဂါ ဝေဒနာရှင်များ၌လည်း တစ်ခါတစ်ရံ ဖြစ်ပေါ်တတ်ကြောင်း ဒေါက်တာမူဒီက ရေးသားထား၏။ သေရွာပြန်များ ကြုံတွေ့ခဲ့ရသကဲ့သို့ အတိတ်ကာလမှ အဖြစ်အပျက်များ ကွက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကွင်း အာရုံထဲထင်လာပုံ၊ တစ်ခုပြီးတစ်ခု လျင်မြန်စွာပေါ်လာ၍ ပျောက်ကွယ်သွားပုံများ ကြုံတွေ့ခဲ့ရသော ဝေဒနာရှင်တစ်ဦး၏ ပြောပြချက်ကို ဖော်ပြထား၏။ သို့ရာတွင် အာရုံထင်လာသော အဖြစ်အပျက်များမှာ သေအံ့ဆဲဆဲ လူနာ၏ ကိုယ်တွေ့မှာကဲ့သို့ အရေးပါသော ဘဝဖြစ်စဉ်များ မဟုတ်ချေ။ ထို့အပြင် ထိုအာရုံများမှာ သေခါနီးလူနာမှာကဲ့သို့ ဦးနှောက်၌ စွဲမြဲမကျန်ရစ်ဘဲ တစ်ခဏအတွင်း မေ့ပျောက်သွားသည်ဆို၏။

(ဂ) သေခါနီး အတွေ့အကြုံ ခံစားရမှုများကို အချို့က စိတ်ပညာဖြင့် ရှင်းပြကြ၏။ သူတို့အမြင်အားဖြင့် ၎င်းတို့မှာ လူတို့ အလိုဆန္ဒနှင့်အညီ အိပ်မက်မက်၊ စိတ်ကူးဖန်တီးမှုနှင့် အာရုံထင်မှုများ ဖြစ်၏။ ဒေါက်တာမူဒီ၏ စူးစမ်းလေ့လာချက်အရဆိုသော် ဤယူဆချက်မှာ ယုတ္တိမရှိလှချေ။

အမေရိကန် သေရွာပြန်များ၏ ပြောပြချက်များ၌ သူတို့အစဉ်အလာ၊ စွဲလမ်းသော အကြောင်းအရာ (ငရဲပြည်၊ ကောင်းကင်ဘုံ၊ ထာဝရဘုရားသခင်၊ ယေရှုစသည်)များ မပါရှိချေ။ ထိုသူတို့သည် စိတ်ကူးယဉ်အိပ်မက် မက်တတ်သောသူများလည်း မဟုတ်ဘဲ စိတ်တည်ငြိမ် ကြံ့ခိုင်သောသူများ ဖြစ်ကြ၏။ စိတ်ကူးယဉ်နှင့် အမှန်တကယ်ဖြစ်မှုကို သူတို့ ခွဲခြားနားလည်ကြ၏။ "လူဝင်စား"ကလေးသည် ဘဝဟောင်းက မိမိ မည်သူမည်ဝါ ဖြစ်ခဲ့သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သည့်နည်းတူ သေရွာပြန်သည် မိမိ တွေ့ကြုံခံစားရမှုမှာ ဒိဋ္ဌဓမ္မဖြစ်ကြောင်း စိုးစဉ်းမျှ သံသယမရှိချေ။

သူတို့၏ ပြောပြချက်အားလုံး မှန်ကန်သည်ဟု မဆိုနိုင်သော်လည်း ကိုယ်ခန္ဓာ၏ အပြင်သို့ စိတ်ဝိညာဉ် ရောက်ရှိသွားသည်ဟူသော သူတို့အဆိုမှာကား ယုတ္တိအထောက်အထားရှိကြောင်း ဖော်ပြခဲ့ပေပြီ။

သေခါနီးတွေ့ကြုံရမှုနှင့် ဆင်ဆင်တူ၍ ကျွန်ုပ်တို့ အထူးလေ့လာ သုံးသပ်သင့်သောစိတ်ဖြစ်စဉ်မှာ ဒေါက်တာမူဒီ ထောက်ပြသော ပုဂ္ဂိုလ်တစ်စု၏ စိတ်ဖြစ်စဉ် ဖြစ်၏။ ထိုပုဂ္ဂိုလ်များမှာ ဆိတ်ငြိမ်ရာ၌ ကာလရှည်ကြာ ထီးတည်းနေထိုင်သော သူများဖြစ်၍ သူတို့၏ ကြုံတွေ့ခံစားရချက်များကို စိတ်ပညာရှင်တို့ စူးစမ်းလေ့လာလျက် ရှိကြ၏။ ထိုသူတို့တွင် ပင်လယ်၌ သင်္ဘောပျက်၍ လူသူမရှိသော ကျွန်းပေါ်တွင် ရော်ဘင်ဆင်ကရူဆိုးကဲ့သို့ တစ်ကိုယ်တည်း နေထိုင်ခဲ့သူများ၊ ဟိမဝန္တာနှင့် မြောက်ဝင်ရိုးစွန်းကဲ့သို့ လူသူမရှိသော နေရာဒေသသို့ တစ်ကိုယ်တည်း စွန့်စားသွားရောက်သောသူများ ပါဝင်၏။ စမ်းသပ်ခံလိုသော အချို့လူများကိုမူ သုတေသီဆရာတို့က မျက်နှာကို အဝတ်ဖြင့် စည်းခြင်း၊ နားများကို ပိတ်ဆို့ခြင်း၊ လက်များကို မလှုပ်နိုင်အောင် ချုပ်ထားခြင်း စသည်ဖြင့် အာရုံကင်းဆိတ်အောင် ပြုပြင်စီရင်၍ စူးစမ်းလေ့လာကြ၏။

ဤသို့ အာရုံဆိတ်သုဉ်းသောနေရာ၌ တစ်ကိုယ်ထီးတည်းနေရသော သူတို့သည် သေခါနီးလူတို့၏ အဖြစ်မျိုးကို ကြုံတွေ့ရတတ်၏။ မြောက်ဝင်ရိုးစွန်းအနီး၌ အချိန်ကာလ အတန်ကြာနေခဲ့ဖူးသော မိန်းမတစ်ယောက်သည် မိမိ၏ ဘဝအဖြစ်အပျက်များ တစ်ခုပြီး တစ်ခု အာရုံထင်လာသည်ကို ကြုံတွေ့ခဲ့ရသည်ဆို၏။ ပင်လယ်ထဲတွင် သင်္ဘောပျက်၍



www.burmeseclassic.com

www.burmeseclassic.com



လှေငယ်တစ်စင်းနှင့် တစ်ကိုယ်တည်း ရက်ပေါင်းများစွာ မျောပါသွားသော၊ သင်္ဘောသား များသည်လည်း မိမိတို့ကို ကိုယ်စောင့်နတ်သားများနှင့် အခြား တမလွန်ဘုံသားများက လာ၍ ကယ်ဆယ်သလို ထင်မှားကြသည်ဆို၏။ တစ်ကိုယ်တည်းနေသော သူတို့ကြုံတွေ့ ရသော အခြားအဖြစ်ဆန်းများမှာ အချိန်ကာလနှင့် ပတ်သက်သော အမှတ်သညာများ တစ်မျိုးတစ်မည် ဖြစ်လာခြင်း၊ စိတ်ဝိညာဉ်နှင့်ခန္ဓာကိုယ် တစ်စိတ်တစ်ဒေသ ကွဲကွာ သွားသည် ထင်ရခြင်း၊ မိမိတို့ ကြုံတွေ့ခံစားရမှု သာယာ၍ ဘဝဟောင်းသို့ ပြန်မသွား လိုခြင်း၊ ဘဝဟောင်းသို့ ပြန်ရောက်ရှိသွားလျှင်လည်း အတွေးအမြင်များ ပြောင်းလဲ ဆန်းသစ်နေခြင်း စသည်တို့ဖြစ်၏။

ဤအဖြစ်ဆန်းများမှာ သေခါနီးလူတို့၏ အတွေ့အကြုံမျိုးဖြစ်၏။ စင်စစ် သေခါနီးလူတို့၏ အခြေအနေမှာ အာရုံခံယူမှုမရှိဘဲ ထီးတည်းဖြစ်နေသော ပုဂ္ဂိုလ်၏ ရုပ်ပိုင်းအခြေအနေနှင့် များစွာခြားနားခြင်း မရှိချေ။ လူနာမှာ ပြင်ပနှင့် အဆက်အသွယ် မရှိတော့ဘဲ တိတ်ဆိတ်သော သီးသန့်ဆေးရုံထဲ၌ နေရ၏။ သေရွာပြန်များကလည်း ခန္ဓာကိုယ်၏ အပြင်ဘက်သို့ရောက်သွားသောအခါ လူများနှင့် အဆက်ပြတ်သွားသဖြင့် ပထမ၌ သူတို့ စိတ်ပျက်အားငယ်မိကြောင်း ပြောပြကြ၏။

သေခါနီးလူ၏ အတွေ့အကြုံများမှာ တစ်ကိုယ်ထီးတည်းနေသူ၏ တွေ့ကြုံမှု နှင့် အတော်နီးစပ် တူညီသည်ဆိုခြင်းဖြင့် ၎င်း၏အကြောင်းကို ဓမ္မဓိဋ္ဌာန်ကျကျ သိနိုင် မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အထက်ကဖော်ပြခဲ့သော တစ်ကိုယ်တည်းနေ သောပုဂ္ဂိုလ်များ၏ တွေ့ကြုံမှုများမှာလည်း သေခါနီးလူ၏ အတွေ့အကြုံကဲ့သို့ပင် ခြေခြေ မြစ်မြစ် အဖြေရှာ၍မရသေးသော ပြဿနာဖြစ်၏။ သို့ဖြစ်စေကာမူ ကျွန်ုပ်တို့ အထူး သတိပြုသင့်သော အချက်တစ်ခုရှိ၏။ ၎င်းမှာ ရှေးအခါက သူတော်ကောင်းပညာရှိတို့ သည် လူသူကင်း၍ ဆိတ်ငြိမ်သောတောထဲ၌ တစ်ကိုယ်တည်း နှစ်ရှည်လများ နေထိုင်၍ တရားရှာခဲ့ကြခြင်း ဖြစ်၏။ စင်စစ် ကမ္ဘာပေါ်ရှိ ဘာသာတရားကြီးများသည် ထို ကေစာရီ ကျင့်သုံးသော ပုဂ္ဂိုလ်သူမြတ်များမှာ အစပြု၍ ပေါ်ပေါက်ခဲ့ကြောင်း ကျွန်ုပ်တို့ မမေ့ သင့်ချေ။

## (ဃ) နောက်ထပ်တွေ့ရှိရချက်များ

အထက်ပါအချက်များမှာ ၁၉၇၅ ခုနှစ်က ထွက်ပေါ်လာခဲ့သော ဒေါက်တာမူဒီ၏ စာအုပ်ကို အခြေပြု၍ ရေးသားထားသော အချက်များဖြစ်၏။ ဒေါက်တာမူဒီသည် ထိုစာအုပ်ကို ရေးသားပြီးနောက် အခြား သေရွာပြန်ပုဂ္ဂိုလ်များကို ရှာဖွေ၍ ဆက်လက် စူးစမ်းခဲ့ရာ ထိုသူတို့၏ ပြောပြချက်များမှာ ယေဘုယျအားဖြင့် ပထမ ကြားသိရချက်များ နှင့် တူညီနေသည်ကို တွေ့ရ၏။ ပထမသေရွာပြန်များထက် ထူးခြားသော အချက်အနည်း ငယ်ကိုလည်း သိရှိရ၏။ ဒေါက်တာမူဒီ စူးစမ်းသော သေရွာပြန် ဒုတိယအုပ်စုမှာ လူ ၁၅၀ ခန့်ရှိပေရာ ထူးခြားချက်များမှာ ဤအခန်းအစ၌ ဖော်ပြခဲ့သော အချက် ၁၅ ချက်

www.burmeseclassic.com



ကဲ့သို့သော လူအများအပြား၏ ကြုံတွေ့ရမှု မဟုတ်သော်လည်း လူအချို့က အလေးအနက် ပြောပြသော အချက်များဖြစ်၏။

ပထမအချက်မှာ သေရွာပြန်အချို့က သူတို့သည် တမလွန်လောက၌ အစစ အရာရာကို ထိုးထွင်းသိမြင်ခဲ့သည်ဟု ဆိုကြ၏။ ထိုသိမြင်မှုကို ပြောပြရန် မဖြစ်နိုင်ပါ။ လူ့ပြည်သို့ ပြန်လာသောအခါ သူတို့နှင့် ပါမလာပါ။ တစ်ခဏမျှသာရရှိသော သိမြင်မှု ဖြစ်ပါသည် ဆို၏။ မိန်းမတစ်ယောက်ကမူ "ကျွန်မ၏ ဘဝအဖြစ်အပျက်များ ပေါ်လာပြီးနောက် ဤသိမြင်မှု ရုတ်တရက် ရရှိလာပါသည်။ နေရာဌာန၊ အချိန်ကာလ၊ အကန့်အသတ်မရှိသော အသိအမြင် ဖြစ်ပါသည်။ စကြဝဠာနှင့် နေ၊ လ၊ ကြယ်တာရာများ စသော အရာအားလုံး၏ မူလဘူတ အနက်အဓိပ္ပာယ်ကို ကျွန်မ သိမြင်ခဲ့ပါသည်။ သို့သော် ထိုသိမြင်မှုမှာ တစ်စက္ကန့်မျှသာကြာ၍ လူ့ပြည်သို့ ပြန်သွားခါနီးတွင် အားလုံး မေ့ပျောက်သွားပါသည်"ဟု ဆို၏။

အချို့ သေရွာပြန်တို့၏ ထူးခြားသော အခြားကြုံတွေ့ရမှုမှာ တမလွန်လောက၌ စိတ်ဓာတ်ကျနေသော သတ္တဝါများကို တွေ့မြင်ခဲ့ရမှု ဖြစ်၏။ ထိုသတ္တဝါများသည် ရုပ်လောကနှင့် တဏှာသံယောဇဉ် မပြတ်နိုင်ဘဲ ဝတ္ထုပစ္စည်းဥစ္စာ၊ သက်ရှိပုဂ္ဂိုလ်၊ အလေ့အကျင့် စသည်တို့၏ အနှောင်အဖွဲ့ မိနေဟန်ရှိ၏။ တမလွန်လောကတွင် ဘာလုပ်ရမှန်း မသိဘဲ ဟိုယောင်ယောင်၊ သည်ယောင်ယောင်နှင့် ကြောင်တောင်တောင် ဖြစ်နေကြသည်။ အခြား တမလွန်ဘုံသားများနှင့်မတူဘဲ ထုံထိုင်း၍ သူတို့မဖြေရှင်းနိုင်သော ပြဿနာများ အတွက် စိတ်နောက်ကျိ ရှုပ်ထွေးနေကြဟန် ရှိသည်ဆို၏။

သေမင်းနိုင်ငံသို့ ၁၅ မိနစ်ကြာမျှ ရောက်ရှိခဲ့သော မိန်းမတစ်ဦးက "သူတို့မှာ ခေါင်းအောက်စိုက်လျက် စိတ်မချမ်းသာသော လက္ခဏာဆောင်နေပါသည်။ ဘယ်သွားရမည်၊ ဘာလုပ်ရမည်မသိဘဲ ယောင်ချာချာနှင့် ဦးတည်ချက်မရှိဘဲ အမြဲ သွားလာလှုပ်ရှားနေကြပါသည်။ ရုပ်လောကကို သော်လည်းကောင်း၊ တမလွန်လောကကို သော်လည်းကောင်း၊ သူတို့ ဘာမျှသိဟန်မတူပါ။ မိမိတို့ မည်သူမည်ဝါ ဖြစ်သည်ကိုပင် လုံးဝမေ့နေကြဟန်တူပါသည်။ သို့ရာတွင် လူ့ပြည်ကို သူတို့ မျှော်ခေါ်တမ်းတနေကြဟန် ရှိပါသည်။ သူတို့၏ နေရာဌာနမှာ အလင်းရောင်ကင်းမဲ့လျက် ခြောက်ကပ်ပျင်းရိဖွယ် ကောင်းပါသည်။ ကျွန်မရှိမှန်း သူတို့မသိကြပါ။ ဘယ်သောအခါမျှ ခေါင်းမမော့ဘဲ အောက်စိုက်ထားပါသည်။ ကျွန်မဖတ်ဖူးသော တစ္ဆေဆိုသည်မှာ သူတို့ပင် ဖြစ်ပါလိမ့်မည်"ဟု ပြော၏။

ထိုတစ္ဆေများက သက်ရှိလူများနှင့် ဆက်သွယ်ရန် ကြိုးစားသည်ကို အချို့သေရွာပြန်များ မြင်ခဲ့ကြရသည်ဆို၏။ သေရွာပြန်တစ်ဦး၏ အဆိုအားဖြင့် လမ်းလျှောက်သွားသော လူတစ်ယောက်ကို တစ္ဆေက နောက်မှကပ်၍ လိုက်ပါသွားသည်ကို မြင်ခဲ့ရသည်။ စာတ္ဆေမှာ ရှေးကမိခင်ဖြစ်ခဲ့ဖူး၍ မိမိသားအား တစ်စုံတစ်ရာ ပြောလိုဟန်ရှိသည်။ သို့ရာတွင် သားက ဘာမျှမသိသဖြင့် သူ၏ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်ပါသည် ဆို၏။ အိမ်တစ်အိမ်ရှိ မိန်းမကြီးတစ်ဦးနှင့် ကလေးများကို ချဉ်းကပ်ရန် အားထုတ်နေသော တစ္ဆေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အခြားသေရွာပြန် မိန်းမတစ်ဦးက မြင်ခဲ့ရ၏။ တစ္ဆေမှာ ဘဝဟောင်းမှ မိမိ၏သားသမီးများနှင့် မိခင်ကို ဆက်သွယ်လိုသော်လည်း မည်သူကမျှ သူ့ရှိမှန်းမသိကြချေ။

ဒေါက်တာမူဒီ သိရှိရသော အခြား ဆန်းကြယ်သည့်အမှုများမှာ သေရွာပြန် အမှုမျိုးမဟုတ်ဘဲ အသက်အန္တရာယ် ကြုံတွေ့နေရသောသူအား တမလွန်ဘုံသားလိုလို ပုဂ္ဂိုလ်တစ်ဦးက ကယ်ဆယ်မှုများ ဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်းက ဥရောပတိုက် တစ်နေရာ၌ စစ်သားတစ်ဦးသည် မိမိ၏တပ်စိတ် စခန်းချနေသော အဆောက်အအုံဆီသို့ ရန်သူ့လေယာဉ်ပျံတစ်စင်း ထိုးစိုက်ပျံသန်းလာသည်ကို မြင်ရ၏။ ပထမ၌ မိမိနှင့် ရဲဘော်အားလုံး သေတော့မည်ထင်၍ များစွာ ထိတ်လန့်တုန်လှုပ်သွား၏။ သို့ရာတွင် တစ်ခဏအတွင်း မိမိအနီး၌ ကယ်မည့်ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိနေသည်ဟု ယုံကြည်၍ ကြောက်စိတ် မရှိတော့ချေ။ "မင်း မသေနိုင်ပါဘူး။ ငါ မင်းနဲ့အတူ ရှိပါတယ်"ဟု ကြင်နာသိမ်မွေ့စွာ ပြောသောအသံကို ကြားရ၏။ သို့ဖြင့် သူသည် ထိခိုက်ဒဏ်ရာရခြင်းပင် မရှိဘဲ သေဘေးမှ လွတ်မြောက်ခဲ့သည် ဆို၏။

မိန်းမတစ်ဦးမှာ အသည်းအသန်ဖျားနာ၍ ဆရာဝန်များက လက်လွှတ်ရမည့် အခြေသို့ ရောက်ရှိနေ၏။ "ကျွန်မမှာ အသက်ထွက်တော့မည့်ဆဲဆဲ ဖြစ်နေပါသည်။ ထိုခဏ၌ ဘုရားသခင်၏ ကြင်နာသိမ်မွေ့သောအသံကို ကြားရပါသည်။ အသံကြားခြင်းမှာ စိတ်ကယောင်ချောက်ချားဖြစ်ပြီး အထင်မှားခြင်းမဟုတ်ပါ။ အခန်းထဲရှိ အခြားလူများ၏ အသံနှင့် တသီးတခြား၊ ကွဲကွဲပြားပြား ကြားရခြင်း ဖြစ်ပါသည်။ အသံရှင်က ကျွန်မအား အသက်ရှူရန်ပြော၍ ကျွန်မ နှစ်ကြိမ် အသက်ရှူလိုက်သည်နှင့် သက်သာ၍ ကိုယ်ခန္ဓာ သက်ဝင်လှုပ်ရှားလာပါသည်။ ဆရာဝန်များမှာ များစွာ အံ့သြကြပါသည်။ ကျွန်မ ကြားသောအသံကို သူတို့မကြားပါ။ အဘယ့်ကြောင့် ကျွန်မ ပြန်ကျန်းမာလာသည်ကို သူတို့ နားမလည်ကြပါ"ဟု ဆို၏။

အမေရိကန်နိုင်ငံ၌ ဒေါက်တာမူဒီအပြင် သေရွာပြန်တို့၏ ကိုယ်တွေ့ကို စူးစမ်းလေ့လာသော အခြားသုတေသီပညာရှင်တို့လည်း ရှိ၏။ အထူးထင်ရှားသော ပုဂ္ဂိုလ်မှာ ဒေါက်တာအယ်လီဇဗက်ကူဗလာရော့[၁]ဆိုသော စိတ္တဗေဒဆရာဝန်မ ဖြစ်၏။ ကူဗလာရော့သည် မူလပထမက စိတ်ပိညာဉ် သုတေသန၌ စိတ်ဝင်စားခြင်းမရှိ၊ တမလွန်ဘဝကိုလည်း မယုံကြည်ချေ။ သေခါနီးဆဲဆဲ လူနာ အတော်များများ၏ စိတ်ခံစားရချက်ကို နီးနီးကပ်ကပ် လေ့လာသောအခါမှ အမြင်ပြောင်းလဲ၍ ယခုအခါ တမလွန်ဘဝကို လက်ခံယုံကြည်နေပြီ ဖြစ်၏။ သူ၏ တွေ့ရှိရချက်များမှာ ဒေါက်တာမူဒီ၏ တွေ့ရှိချက်များနှင့် တူညီနေသည်ဆို၏။

ဒေါက်တာရော့ ဖော်ပြသော အမှုတစ်ခု၌ ကလေးတစ်ယောက်သည် မိမိ၏ ဝိညာဉ်နှင့် ခန္ဓာကိုယ်ကင်းကွာနေစဉ်က မည်မျှ ပျော်မွေ့ဖွယ်ကောင်းပုံကို မိခင်အား ပြောမပြလိုချေ။ အဘယ့်ကြောင့်ဆိုသော် သားသမီးများက တခြားတစ်နေရာရာ၌ အိမ်မှာ

---

၁။ Elisabeth kubler Ross

www.burmeseclassic.com



ထက် ပျော်ရွှင်ခဲ့သည်ဟု ပြောသည်ကို မိဘများက မကြိုက်မနှစ်သက်သောကြောင့် ဖြစ်၏။ နောက်ဆုံး၌မူ ကလေးက ဖခင်အား မိမိ၏အစ်ကိုအား တစ်နေရာ၌ တွေ့ခဲ့ရပုံ၊ လူ့ပြည်၌ ဘယ်အခါကမှ မရှိခဲ့သော အစ်ကိုကို တွေ့မြင်ခဲ့ရသောကြောင့် အံ့ဩမိပုံကို ပြောပြ၏။ ထိုအခါ၌ ဖခင်ဖြစ်သူက သမီးမှာ တစ်ခါက အစ်ကိုတစ်ယောက်က အမှန်ပင် ရှိခဲ့ကြောင်း၊ ထိုအစ်ကိုမှာ သူမမွေးမီ သုံးလလောက်က သေဆုံးခဲ့ကြောင်း မျက်ရည် စက်လက်ဖြင့် ပြောပြလေသည်။

ဒေါက်တာရေ့၏ လူနာကိုယ်တွေ့များအကြောင်းကို အစုံအလင် ကျွန်ုပ်တို့ မသိရသေးချေ။ ယင်းတို့ကို အခြေပြု၍ သူ လက်ခံယုံကြည်သော အချက်များကား မိမိ သေမည့်အချိန်ကို လူနာတိုင်း သိရှိသည်။ သေပြီးသောသူတို့သည် အများအားဖြင့် လူ့ပြည် သို့ ပြန်လာလိုသော ဆန္ဒမရှိ။ မေ့မြော၍ တစ်ကြိမ်သေဖူးသော သူတို့သည် သေရမည်ကို မကြောက်ကြတော့ပါ။ သေသောသူသည် မိမိအလျင် သေသွားသော မိမိချစ်သူနှင့် ပြန်တွေ့ရသည်။ သေခါနီးဆဲဆဲ၌ အနီးတွင် မည်သူမျှမမြင်ရသော လမ်းညွှန်ပုဂ္ဂိုလ်များ ရှိသည်။ တမလွန်လောကသို့ ကျွန်ုပ်တို့အား မည်သူကမျှ စီရင်ဆုံးဖြတ်ခြင်းမရှိ၊ မိမိကိုယ် မိမိသာလျှင် စီရင်ဆုံးဖြတ်ကြရသည် ဆို၏။ အသက်အရွယ်၊ လူနေမှုအဆင့်အတန်းနှင့် ဘာသာရေးယုံကြည်ချက် အမျိုးမျိုးရှိသောသူများနှင့် ဘာသာတရား ယုံကြည်မှုမရှိသော သူများပါ များစွာသော သေရွာပြန်တို့၏ ကိုယ်တွေ့မှ သိရှိရသောအချက်မှာ လူတို့ အသက်ရှင်နေမှုအတွက် အရေးကြီးသော အကြောင်းတရားနှစ်ပါးသာ ရှိပါသည်။ ယင်းတို့မှာ မေတ္တာတရားကျင့်သုံးရန်နှင့် လူ့လောကအကျိုးစီးပွားကို ဆောင်ရွက်ကြရန်ဖြစ်သည်ဟု ဒေါက်တာရေ့က ခံယူထားပေသည်။

သေရွာပြန်တို့၏ ကိုယ်တွေ့ကို လေ့လာခဲ့ကြသော အခြား သုတေသီပညာရှင် နှစ်ဦးမှာ ဒေါက်တာကားလစ်အောဆစ်နှင့် ဒေါက်တာဟာရယ်ဆန်[၁]တို့ဖြစ်၏။ သူတို့၏ မူလရည်ရွယ်ချက်မှာ သေရွာပြန်တို့၏ အတွေ့အကြုံကို လေ့လာရန်မဟုတ်။ သေဆုံးသွား သော သူတို့၏ မသေမီ-နိမိတ်အာရုံထင်မှုကို လေ့လာရန်ဖြစ်၏။ ထိုသေခါနီး နိမိတ်အာရုံ ထင်မှုနှင့် ပတ်သက်၍ သူတို့ လေ့လာတွေ့ရှိရချက်များကို ရှေ့၌ဖော်ပြပါအံ့။ အမေရိကန် နှင့် အိန္ဒိယနိုင်ငံများ၌ သေခါနီးလူနာ အမြောက်အမြားအကြောင်းကို သူတို့စုံစမ်း လေ့လာရာ၌ တစ်ဆယ်ရာခိုင်နှုန်းခန့်မှာ မသေဘဲ ပြန်လည် ကျန်းမာလာသောသူများ ဖြစ်နေသည်ကို တွေ့ရ၏။

ဒေါက်တာမူဒီ ဖော်ပြသော အချက်အားလုံး (ပုံစံ–လိုဏ်ဂူထဲ၌ ဖြတ်သွားခြင်း၊ ခန္ဓာကိုယ်နှင့်ဝိညာဉ် တခြားစီဖြစ်သွားခြင်း၊ အလင်းရောင်ရှင်နှင့် တွေ့ရခြင်းစသည်တို့)ကို ဤသုတေသီနှစ်ဦး၏ စာအုပ်၌ မတွေ့ရချေ။ သေရွာပြန်တို့၏ အာရုံထင်မှုမှာ အများအား ဖြင့် တမလွန်လောကနှင့် မဆက်စပ်ဘဲ ရောဂါအခြေအနေကြောင့် ဖြစ်ဟန်ရှိ၏။ လူ

၁။ Karliss Osis and Erlendur Haraldsson



www.burmeseclassic.com

www.burmeseclassic.com



အတော်များများထဲမှ အနည်းငယ် လူ ၁၅၀ ခန့်ကသာလျှင် တမလွန်ဘုံသားများကို တွေ့မြင်ကြရသည် ဆို၏။ ၎င်းတို့မှာ ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်းများဖြစ်၍ မိမိတို့ကို လူ့ပြည်သို့ ပြန်လွှတ်လိုက်ကြသည် ဆို၏။

အသက်ငါးဆယ်ကျော် မိန်းမတစ်ဦးမှာ နှလုံးရောဂါဖြင့် မေ့မြော၍သွား၏။ သူ၏ အဆိုအားဖြင့် သူ့ကို ကွယ်လွန်သူမိဘနှစ်ပါးက ခေါ်ဆောင်သွားရာ တစ်နေရာသို့ ရောက်သောအခါ သူ့ကိုပြန်သွားရန် သူတို့ကပြော၏။ ထိုမှ နောက် ၈ နာရီခန့်အကြာ နောက်တစ်နေ့နံနက်၌ မိန်းမ၏အခြေအနေမှာ ကောင်းမွန်လာ၏။ သူ သတိပြန်လည် မရမီက ဆရာဝန်သည် သူ မုချသေတော့မည်ဟု တွက်ဆထား၏။

အသက်ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်ကမူ ဖျားနာနေစဉ် မိမိအား ကွယ်လွန်သူဦးလေးက လာရောက်ကုသပုံကို ပြောပြ၏။ ကလေးမှာ ဆေးရုံ၌ ရောဂါ အခြေအနေ ဆိုးရွားနေသော်လည်း ဆရာမများကို ထော်လော်ကန့်လန့်လုပ်၍ ဆေးသောက် ရန် ငြင်းဆန်လျက်ရှိ၏။ ထိုအခိုက်တွင် ကွယ်လွန်သောသူ၏ဦးလေး ရုတ်တရက် ပေါ်လာ၏။ ဦးလေးမှာ မသေမီက ထိုဆေးရုံအဆောင်၌ ဆရာဝန်အဖြစ် အလုပ်လုပ် ခဲ့သူဖြစ်၏။ ကလေး၏အဆိုအားဖြင့် သူ၏ဦးလေး ချာလီသည် သူ့နံဘေး၌ထိုင်ပြီးလျှင် သူ နေကောင်းလာရန် ဆေးသောက်ဖို့ ချော့မော့ပြော၏။ သတိရလာသောအခါ ကလေး သည် ချက်ချင်း ဆေးသောက်၍ နောက်တစ်နေ့တွင် သက်သာလာ၏။

အိန္ဒိယနိုင်ငံ၌ သုတေသီနှစ်ဦး တွေ့ခဲ့ရသော သေရွာပြန်အမှုများမှာ အခြေခံ အားဖြင့် အမေရိကန်အမှုများနှင့် တူ၏။ ၈၀ ရာခိုင်နှုန်းမှာ တမလွန်ဘုံသားများကို တွေ့မြင်ကြ၍ ၃၀ ရာခိုင်နှုန်းမှာ တမလွန်လောကမှ ပြန်လွှတ်ခဲ့ရသောသူများ ဖြစ်၏။ အချို့မှာ လူမှား၍ သေမင်းနိုင်ငံသို့ ရောက်သွားပြီး ပြန်လာကြရသည် ဆို၏။

လူနာတစ်ဦးမှာ မေ့မြောသွားရာမှ ပြန်လည် သတိရလာသောအခါ မိမိအား အဝတ်ဖြူနှင့် တမလွန်ဘုံသားများက နေရာသစ်တစ်ခုသို့ ခေါ်ဆောင်သွားကြပါသည်။ ထိုနေရာ၌ အမည်စာရင်းစာအုပ်နှင့် လူတစ်ယောက်ကို တွေ့ရပါသည်။ သူက သူ့တပည့် များအား လူမှားပြီးခေါ်လာသဖြင့် လူနာကို ပြန်ခေါ်သွားရန် ပြောသည်။ ထိုနေရာမှာ အလွန် သာယာလှပသောကြောင့် လူနာမှာ ဆေးရုံသို့မပြန်လိုဘဲ ပြန်သွားရသည်။ ဆေးရုံ၌ သူနှင့် နာမည်တူ လူနာတစ်ဦးရှိသည်။ ပထမလူနာ ပြန်သတိရလာသောအခါ ဒုတိယလူနာ သေဆုံးသွားသည် ဆို၏။

မိန်းမလူနာတစ်ဦး၏ အဆိုအားဖြင့်ကား သူသည် နတ်ပြည်သို့ရောက်သွားသည်။ သူနှင့်အတူပါလာသော နတ်သားက သူ့မှာ လူ့ပြည်၌ လုပ်ငန်းကိစ္စ မပြီးဆုံးသေးသော ကြောင့် သူ့အတွက် ဗိမာန်အသင့်မရှိသေးကြောင်း၊ သူသည် သူ့အား မင်္ဂလာဆောင်ရန် ကိစ္စကို ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ မြေးတစ်ယောက်ရပြီးမှ နတ်ပြည်သို့ ပြန်လာ ရမည်ဖြစ်ကြောင်း ပြောပြ၏။ ဆရာဝန်၏အဆိုအားဖြင့် သူသည် နှစ်ပေါင်းအတန်ကြာ နေပြီးနောက် မြေးတစ်ယောက် မွေးဖွားပြီးမှ သေဆုံးသွား၏။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူနေမှုစနစ်နှင့် ဘာသာရေး ယုံကြည်ချက် ကွဲပြားခြားနားသော အိန္ဒိယနှင့် အမေရိကန်နိုင်ငံများ၌ အချို့သေရွာပြန်တို့၏ ကိုယ်တွေ့တူညီနေခြင်းမှာ အံ့သြဖွယ်ရာဖြစ်၏။ ဒေါက်တာမူဒီ၏ စူးစမ်းလေ့လာချက်အရ အလားတူ သေရွာပြန်အမှုများမှာ ရှေးအခါက တိဗက်နှင့် ဂရိလူမျိုးများ၌သာမက အခြားလူမျိုးများ၌လည်း ရှိခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိရ၏။ ခရစ်နှစ် ၇၃၁ ခုနှစ်က အင်္ဂလိပ်ဘုန်းကြီးတစ်ပါး ရေးသားသော သမိုင်းစာအုပ်တစ်အုပ်၌ သူ၏ကိုယ်တွေ့ သေရွာပြန်တစ်ဦးအကြောင်း ဖော်ပြထား၏။

ထိုပုဂ္ဂိုလ်မှာ ဘုရားတရား ကြည်ညိုသောသူ ဖြစ်၏။ တစ်နေ့သ၌ သူသည် အပြင်းဖျား၍ ညဦးသန်းခေါင်ကျော်တွင် သေဆုံး၏။ သို့သော် နံနက်အရုဏ်တက်၌ ရုတ်တရက်ထထိုင်၍ ငိုနေသောသူများ ထွက်ပြေး၏။ ဇနီးဖြစ်သူမှာ အလွန်ကြောက်သော်လည်း သူ့ကိုချစ်သဖြင့် ထွက်မပြေးချေ။ သူက မိမိဇနီးအား "မင်း ဘာမှမကြောက်နဲ့။ ငါ့ကို သေမင်းနိုင်ငံက ပြန်လွှတ်လိုက်သည်။ သို့သော် ငါသည် အလျင်ကလို နေ၍မဖြစ်၊ အနေအထိုင်ပြောင်းလဲ၍ တစ်မျိုးတစ်ဖုံ နေရတော့မည်"ဟု ပြော၏။ ထို့နောက် မကြာမီ သူသည် လောကီလုပ်ငန်း အားလုံးကိုစွန့်၍ သာသနာ့ဘောင်သို့ ကူးပြောင်းသွား၏။

သူ၏အဆိုအားဖြင့် သူ့ကို ကိုယ်ရောင်ကိုယ်ဝါတောက်ပသော မွန်မွန်ရည်ရည် ပုဂ္ဂိုလ်တစ်ဦးက ခေါ်သွားသည်။ နက်ရှိုင်းသော တောင်ကြားတစ်ခုကိုဖြတ်၍ ကြီးမားသော တံတိုင်းကြီးတစ်ခုရှိရာသို့ ရောက်သွားသည်။ တံတိုင်းပေါ်မှ ကြည့်လိုက်သောအခါ နေ၏အလင်းရောင်ထက် ပိုမိုတောက်ပသော အလင်းရောင်လွှမ်းခြုံထားသည့် အလွန်သာယာသော မြက်ခင်းပြင်ကြီးကို မြင်ရသည်။ လမ်းပြပုဂ္ဂိုလ်က မိမိအား သင် ယခု လူ့ပြည်သို့ ပြန်သွားပြီး သီလကို ရှေးကထက် ပိုမိုလုံခြုံစွာ စောင့်ထိန်းပါ။ သင် သေသောအခါ ဤနေရာသို့လာ၍ အေးချမ်းသာယာစွာ နေရလိမ့်မည်ဟု ပြော၏။ သူသည် လူ့ပြည်သို့ ပြန်မသွားချင်သော်လည်း လမ်းပြပုဂ္ဂိုလ်၏စကားကို မလွန်ဆန်ရဲချေ။ ထို့နောက် မည်သို့ဖြစ်မှန်းမသိဘဲ ရုတ်တရက် မိမိခန္ဓာကိုယ်ထဲသို့ ပြန်ရောက်သွားသည် ဆို၏။

သေရွာပြန်တို့၏ ဆန်းကြယ်သော ကိုယ်တွေ့များအကြောင်းကို ဒေါက်တာမူဒီ သုတေသနမပြုမီကပင် ကြားဖူးသူ အတော်များများ ရှိပေလိမ့်မည်။ တစ်ခါတစ်ရံ နာမည်ကျော် စာရေးဆရာများ၏ စာအုပ်များ၌ ထိုအကြောင်းများကို တွေ့ရ၏။ မိမိ၏ ဘဝဖြစ်စဉ်များကို အခြေပြု၍ ရေးသားထားသော ဟဲမင်းဝေး[၁]၏ ဝတ္ထုတစ်ပုဒ်၌ သေဘောကြုံတွေ့နေရစဉ် ခန္ဓာကိုယ်နှင့်ဝိညာဉ် တခြားစီဖြစ်နေပုံကို ရေးသားထား၏။ ရုရှားစာရေးဆရာကြီး တော်လစတွိုင်း[၂]၏ ဝတ္ထုတစ်ပုဒ်၌မူ သေပြီးနောက် မည်းမှောင်သော

၁။ Ernest Hemingway
၂။ Leo Tolstoy



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဂူလိုလိုနေရာသို့ ရောက်ရှိသွားပုံ၊ ဘဝဟောင်းမှဖြစ်ရပ်များ အာရုံထင်လာပုံနှင့် အလွန်တောက်ပသော အလင်းရောင်ပေါ်လာပုံများကို ဖော်ပြထား၏။

ဤသည်တို့မှာ သေရွာပြန် ကိုယ်တွေ့နှင့် ပတ်သက်၍ ဒေါက်တာမူဒီ ရှာဖွေ ရှာဖွေစုဆောင်းထားသော များစွာသော သာဓကများမှ အနည်းငယ်မျှသာ ဖြစ်သည်။ သူ၏ မူလပထမ လေ့လာတွေ့ရှိချက်များမှာ ရှေးပဝေသဏီမှ ယခုခေတ်အထိ ကမ္ဘာ အရပ်ရပ်၌ အသစ်အဆန်းမဟုတ်ဘဲ လူအတော်များများ ကြားဖူးကြုံဖူးသော တွေ့ကြုံ ခံစားရမှုများဖြစ်ကြောင်း ထင်ရှားလှပေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၁

# သေခါနီး နိမိတ်အာရုံထင်မှု

## (က) သေခါနီးလူနာကို စူးစမ်းလေ့လာမှု

သေခါနီးလူနာသည် မိမိလားရမည့် ဘုံဌာနကို နိမိတ်အာရုံ ထင်လာသည်၊ တမလွန်ဘုံသားများက လာ၍ခေါ်တတ်သည် စသည်ဖြင့် အချို့လူများက ယုံကြည်ကြ၏။ ဤကြည်ချက်မှာ တမလွန်ဘဝရှိသည်ဆိုခြင်းနှင့် ဆက်စပ်နေသောကြောင့် မည်မျှမှန်ကန်သည်ကို စူးစမ်းလေ့လာရန် လိုအပ်ပေသည်။

သေခါနီး နိမိတ်အာရုံထင်မှုများကို ရှေးဗြိတိသျှ စိတ်ဝိညာဉ်သုတေသီနှစ်ဦး၏ စာအုပ်များ၌ အတော်များများ ဖော်ပြထား၏။ သို့ရာတွင် မည်သူမျှ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာမှု မပြုခဲ့ချေ။ ထိုသို့ မပြုကြခြင်းမှာ ဆေးရုံဆရာဝန်နှင့် သူနာပြုဆရာမများထံမှ အကူအညီမရရှိသောကြောင့် ဖြစ်ဟန်ရှိ၏။ စင်စစ် ဆရာဝန်တို့လုပ်ငန်းမှာ လူမမာကို သေမင်းလက်မှ ကယ်တင်ရန်ဖြစ်ရာ သူတို့အရေးရှုံးနိမ့်မှုကို ပြယုဂ်ဖြစ်သော သေခါနီးလူနာကို သူတို့ များစွာစိတ်မဝင်စားကြချေ။ ရုပ်ဝါဒကို အခြေပြုသော သူတို့ဆေးပညာမှာလည်း ဆန်းကြယ်သော စိတ်ဝိညာဉ်ဖြစ်ရပ်များနှင့် ဆန့်ကျင်လျက်ရှိ၏။ သို့ရာတွင် အထက်ပါ လူတို့၏ ယုံကြည်ချက်သည် လုံးဝ အခြေအမြစ်မရှိဟု မဆိုနိုင်ကြောင်း ရှေးစိတ်ဝိညာဉ် သုတေသီတစ်ဦး၏ အောက်ပါမှတ်တမ်း၌ ထင်ရှား၏။

တစ်ခါသော် ဒဗ္ဗလင်မြို့၌ သားဖွားဆရာဝန်တစ်ဦးသည် ဆေးရုံမှအိမ်သို့ အလျင်အမြန်ပြန်လာ၍ မိမိကြုံတွေ့ခဲ့ရပုံကို ခင်ပွန်းသည်ဖြစ်သူအား ပြောပြ၏။ သူ၏ခင်ပွန်းမှာ သိပ္ပံတက္ကသိုလ်မှ ပါမောက္ခဆာဝီလျံဘားရက်[၁] ဖြစ်၏။ လေဒီဘားရက်သည် ဆေးရုံ၌ ဒေါရစ်ဆိုသော မိန်းမငယ်တစ်ယောက် မီးဖွားရန်ကိစ္စကို ဆောင်ရွက်ပေးခဲ့ရာ ကလေးကို ချောမောစွာမွေးဖွားခဲ့သော်လည်း မိခင်မှာ အတော် အခြေအနေဆိုးရွားလျက် ရှိ၏။ လေဒီဘားရက်၏ အဆိုအားဖြင့်–

---

၁။ William Barret



www.burmeseclassic.com

www.burmeseclassic.com



"ထိုမိန်းမသည် အခန်းတစ်နေရာကို ကြည့်ပြီးပြုံး၍ 'အို...တယ်သာယာပါလား' ဟု ဆိုပါသည်။ ကျွန်မက 'ဘာ သာယာတာလဲ'ဟုမေးရာ သူက 'ကျွန်မမြင်ရတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ကိုယ်ရောင်ကိုယ်ဝါ တလက်လက်နဲ့ သိပ်အံ့ဩစရာကောင်းတာပဲ'ဟု ဆိုပါသည်။ ထို့နောက် တစ်နေရာကို စူးစိုက်ကြည့်ပြီး "အို...ဖေဖေပါလား"ဟု ဝမ်းသာ အားရ အော်ပါသည်။ "ဖေဖေက ကျွန်မလာမှာမို့ ဝမ်းသာနေတယ်။ ဝီလီ(သူ့ခင်ပွန်း အမည်)ပါ ကျွန်မနဲ့အတူ လိုက်နိုင်ရင် သိပ်ကောင်းမှာပဲနော်"ဟု ဆိုပါသည်။ ထို့နောက် သူသည် အံ့ဩသောအမူအရာနှင့် "ဟင်...ဖေဖေနဲ့အတူ ဗီဒါလည်း ရောက်နေပါလား"ဟု ဆို၍ ကျွန်မဘက်သို့လှည့်ပြီး ဗီဒါက "ဖေဖေ အနားမှာရှိသည်"ဟု ပြောပါသည်။ ထို့နောက် ထိုနေရာကို ပြန်ကြည့်၍ "ဖေဖေက ကျွန်မကို ခေါ်နေတယ်။ ကျွန်မလာပြီ ဖေဖေ"ဟု ဆိုပြီး သေဆုံးသွားပါသည်။

ဗီဒါဆိုသူမှာ ဒေါရစ်အစ်မဖြစ်၍ ထိုနေ့မတိုင်မီ ရက်သတ္တသုံးပတ်လောက်က သေဆုံးခဲ့ပြီဖြစ်၏။ ထိုအချိန်က ဒေါရစ်၏ကျန်းမာရေးမှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေသဖြင့် သူ့အား ဗီဒါသေဆုံးကြောင်း အသိမပေးခဲ့ချေ။ သို့ဖြစ်၍ မိမိ၏အစ်မကို မြင်သည်ဆိုခြင်းမှာ စိတ်အထင်သက်သက် မဖြစ်နိုင်ချေ။

ဆာဝီလျံဘားရက်သည် အလားတူ သေခါနီး နိမိတ်အာရုံ ထင်ရှားမှုများကို တတ်နိုင်သမျှ ရှာဖွေစုဆောင်းပြီးလျှင် ၁၉၂၆ ခုနှစ်၌ စာအုပ်တစ်အုပ် ရေးသား၏။ လူနာများသည် မိမိတို့အား လာခေါ်သော သေသူများကို မြင်ရကြောင်း၊ ထိုအချိန်၌ လူနာသည် သတိရှိ၍ စိတ်ကြည်လင်နေကြောင်း၊ ဝမ်းသာအားရသော လက္ခဏာရှိကြောင်း၊ တစ်ခါတစ်ရံ သူနာပြုဆရာမ၊ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးက လူနာနှင့်အတူ တမလွန်ဘုံသားကို မြင်ရကြောင်း စသည်များကို ဖော်ပြထား၏။

၁၉၅၆ ခုနှစ်၌ အမေရိကန် စိတ်ပညာဉ်သုတေသီ ဒေါက်တာကားလစ်အောာဆစ် သည် အထက်ပါစာအုပ်ကို ဖတ်ရှုပြီးနောက် သေခါနီး နိမိတ်အာရုံထင်မှုများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာရန် စတင်စီစဉ်၏။ သူ၏လုပ်ငန်းကို ကွန်ဂရက် လွှတ်တော်အမတ်တစ်ဦးနှင့် နာမည်ကျော် စာရေးဆရာတစ်ဦးက အားပေး၏။ သူ့အား ကူညီအားပေးသော အခြားသူနှစ်ဦးမှာ အတော်ထူးခြားသော ပုဂ္ဂိုလ်များဖြစ်၏။

တစ်ဦးမှာ နယူးယောက်မြို့ရှိ ပရစိတ္တဗေဒအသင်းဥက္ကဋ္ဌ အီလင်းဂါရက်[၁]ဖြစ်၏။ မစ္စစ်ဂါးရက်မှာ စာရေးသူနှင့် စာအုပ်ထုတ်ဝေသူလည်း ဖြစ်၏။ အံ့ဖွယ်လီလီ အကြားအမြင် ရရှိသည်ဟု ထိုခေတ် စိတ်ဝိညာဉ် သုတေသနနယ်၌ ကျော်ကြား၏။ နတ်ဝင်ကဲ့သို့ ဘဝင်ကျနေရန်မလိုဘဲ နိုးကြားနေသောအခိုက်၌ပင် မိမိနှင့် စကားပြောနေသော လူများ၏ အနီးအနားတွင် သူတို့၏ ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်းများကို မြင်နိုင်စွမ်း ရှိသည်ဆို၏။ သို့ရာတွင် မိမိမြင်သမျှကို ဒိဋ္ဌိဓမ္မအဖြစ်ဖြင့် အမြဲလက်မခံဘဲ စူးစမ်း

၁။ Eileen Garret



www.burmeseclassic.com

www.burmeseclassic.com



လေ့လာလိုသောသူဖြစ်၏။ သို့ဖြစ်၍ ဒေါက်တာအောဆစ်၏ သုတေသနလုပ်ငန်းကို ထောက်ခံအားပေး၏။

ဒေါက်တာအောဆစ်သည် ရှေးဦးစွာ မေးခွန်းလွှာတစ်ခုကို စီစဉ်ရေးဆွဲ၏။ ထိုမေးခွန်းလွှာထဲ၌ ဆရာဝန်နှင့် သူနာပြုဆရာမများအား မိမိတို့ကုသခဲ့သော သေခါနီးလူနာများနှင့် ပတ်သက်၍ မည်သို့ ကြုံတွေ့ခဲ့ရသည်၊ လူနာများက မည်သို့ နိမိတ်အာရုံထင်သည်၊ အာရုံထင်သောအရာများမှာ မည်သို့သော အရာဝတ္ထုများနှင့် ပုဂ္ဂိုလ်မျိုးဖြစ်သည်၊ အာရုံထင်သော လူနာများမှာ ရောဂါအခြေအနေနှင့် စိတ်ဓာတ် မည်သို့ဖြစ်နေသည်၊ လူနာ၏ ပညာအရည်အချင်း၊ ဘာသာရေးယုံကြည်မှုစသည်ဖြင့် များစွာသော အချက်များကို မေးထား၏။ ဤသို့ စေ့စေ့စပ်စပ်ပြုလုပ်ထားသော မေးခွန်းလွှာများကို နိုင်ငံတစ်ဝန်းရှိ ဆရာဝန်နှင့်သူနာပြုဆရာမ တစ်သောင်းထံသို့ပေးပို့ရာ မေးခွန်းလွှာ ၆၄၀ ကို အဖြေများနှင့်အတူ ပြန်လည်ရရှိ၏။ ယင်းတို့မှာ ဆရာဝန်၊ ဆရာမများက သေခါနီးလူနာ ၃၅၀၀ ၏ အတွေ့အကြုံများကို အခြေပြု၍ ဖြေဆိုထားခြင်းဖြစ်၏။ ထိုအဖြေလွှာများကို လေ့လာဆန်းစစ်ပြီးလျှင် ဒေါက်တာအောဆစ်သည် အချို့ဆရာဝန် ဆရာမများအား တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်တွေ့ဆုံ၍သော်လည်းကောင်း ထပ်မံစုံစမ်းမေးမြန်း၏။ ထို့နောက် ၁၉၆၁ ခုနှစ်၌ မိမိ၏တွေ့ရှိချက်များကို ပရစိတ္တဗေဒအသင်းသို့ စာတမ်းရေးသားတင်ပြခဲ့လေသည်။

၁၉၆၁–၆၄ ခုနှစ်များ၌ ပထမတွေ့ရှိရချက်များနှင့် နှိုင်းယှဉ်လေ့လာရန် အလားတူ သုတေသနလုပ်ငန်းကို ဒေါက်တာအောဆစ်သည်ပင် ပြုလုပ်၏။ ထိုအချိန်က ပရစိတ္တဗေဒအသင်းမှာ ငွေအင်အားနည်းလျက်ရှိရာ နာမည်ကျော် သူဌေးတစ်ဦး၏ အကူအညီကို မရရှိပါက ဒုတိယအကြိမ် စူးစမ်းလေ့လာမှု ပြုလုပ်နိုင်ခဲ့မည် မဟုတ်ချေ။ သူဌေးမှာ စာကူးစက်ကိုတီထွင်၍ ကြီးပွားချမ်းသာလာသော ချက်စတာကာလဆန်[၁]ဖြစ်၏။ သူသည် မူလက ရူပဗေဒဆရာတစ်ဦးဖြစ်၍ တမလွန်ဘဝကို အကြွင်းမဲ့လက်ခံလိုသူ မဟုတ်ချေ။ သို့ရာတွင် သူ၏စာကူးစက် ထီထွင်ရန်အကြံကို သိပ္ပံဆရာများသည်ပင် ပထမက မဖြစ်နိုင်ဆိုပြီး ပယ်ချခဲ့သည် မဟုတ်ပါလော။ သို့ဖြစ်၍ သိပ္ပံဆရာတို့က အလွေးအနက် ငြင်းဆိုထားသော တမလွန်ဘဝသည်လည်း ရှိကောင်းရှိပေလိမ့်မည်ဟု တွက်ဆပြီးလျှင် ဒေါက်တာအောဆစ်အား သုတေသနပြုရန် ငွေကြေးအကူအညီပေး၏။

ဒေါက်တာအောဆစ်သည် ဆေးပညာရှင်၊ စိတ်ပညာရှင်၊ အခြားပညာရှင်တို့နှင့် တိုင်ပင်၍ အမေရိကန်ပြည်နယ်ငါးခုရှိ ဆရာဝန်၊ ဆရာမ ၅၀၀၀ ထံသို့ မေးခွန်းလွှာများ ပေးပို့၏။ ဆရာဝန် ၁၀၀၄ ဦးထံမှ အဖြေများရရှိရာ ၎င်းတို့မှာ သေခါနီး လူနာ ငါးသောင်းနီးပါးတို့ လေ့လာပြီး သိရှိရသောအချက်များ ဖြစ်၏။

ဒုတိယအကြိမ်မြောက် စူးစမ်းလေ့လာမှုပြုပြီးနောက်၌ ဒေါက်တာအောဆစ်မှာ

---

၁။ Chester Caslson



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သော အထောက်အထား အမြောက်အမြား ရရှိနေပေပြီ။ သို့ရာတွင် ပြီးပြည့်စုံပြီ ဟူ၍ကား မဆိုသာချေ။ သေခါနီး နိမိတ်အာရုံများကို လေ့လာရာ၌ သိပ္ပံနည်းကျရန် လူနာ၏ ဘာသာရေး ယုံကြည်ချက်ကို ထည့်သွင်းစဉ်းစားရန်လို၏။ အမေရိကန်နိုင်ငံတွင် စူးစမ်းလေ့လာရာ၌ ဆိုင်ရာလူနာများမှာ အများအားဖြင့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ရကား သူတို့၏ နိမိတ်အာရုံထင်မှုများ တူညီနေခြင်းသည် ဘာသာရေးခံယူချက်၊ ဓလေ့ထုံးစံ စသည်များ တူညီနေသောကြောင့် ဖြစ်လေသလားဟု မေးဖွယ်ရှိ၏။ သို့ဖြစ်၍ ဘာသာဝါဒ၊ ဓလေ့ထုံးစံမတူသော အိန္ဒိယပြည်သို့ သွားရောက်လေ့လာရန် စီစဉ်ကြ၏။

သို့ရာတွင် ထိုအချိန်၌ ကာလဆန် ကွယ်လွန်သွားသောကြောင့် သုတေသနလုပ်ငန်း အတွက် ငွေကြေးအခက်အခဲ ပေါ်လာ၏။ ပညာရေးဖောင်ဒေးရှင်းများထံ အကူအညီ တောင်းသော်လည်း မရရှိချေ။ ထိုသို့ အခက်အခဲ ကြုံတွေ့နေရစဉ် ကံအားလျော်စွာ မည်သူမျှ မမျှော်လင့်သော ပုဂ္ဂိုလ်တစ်ဦးထံမှ ငွေကြေးအကူအညီ ထွက်ပေါ်လာလေသည်။ ထိုသူမှာ ဂျိမ်း(စ်)ကစ်[၁]ဆိုသူဖြစ်၍ သူ၏အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ဂျိမ်း(စ်)ကစ်သည် အရီဇိုနားပြည်နယ်မှ သတ္တုတွင်း တူးဖော်ရေးသမား တစ်ဦးဖြစ်၏။ တစ်လလျှင် ၁၆ ဒေါ်လာပေးရသော အခန်းတစ်ခုခု၌ ရိုးရိုးကုပ်ကုပ် နေထိုင်သဖြင့် အိမ်နီးချင်းများက သူ့ကို အလွန်ဆင်းရဲသော အလုပ်သမားဟု ထင်ကြ၏။ တစ်နေ့သော် သူသည် အပြင်သို့ထွက်သွားရာမှ လုံးဝပြန်မလာတော့ချေ။ နောက် နှစ်အနည်းငယ် ကြာသောအခါ သူ့ကို ကွယ်လွန်သူအဖြစ် အစိုးရက ကြေညာလေသည်။

ထို့နောက် မကြာမီ ဘဏ်တစ်ခု၌ ဂျိမ်း(စ်)ကစ် အပ်နှံထားသော ငွေစုစာချုပ်များ နှင့် သူ၏သေတမ်းစာရှိကြောင်း သတင်းထွက်ပေါ်လာ၏။ သေတမ်းစာထဲ၌ သူက မိမိမှာ သားမယား မရှိ၊ အမွေစားအမွေခံ မရှိ၊ သူစုဆောင်းထားသော ငွေထဲမှ အသုဘ စရိတ် ဒေါ်လာတစ်ရာနှင့် သင်္ချိုင်း၌ ဆုတောင်းမေတ္တာပို့သမည့် တရားဟောဆရာအတွက် ငွေတစ်ရာနုတ်ပြီးလျှင် ကျန်ငွေအားလုံးကို သူ သေသောအခါ အသက်ဝိညာဉ် ကျန်ရှိကြောင်း သိပ္ပံနည်းကျကျ စူးစမ်းလေ့လာသော သုတေသနအဖွဲ့အား ပေးလှူခဲ့ကြောင်း ရေးသားထား၏။

– ဂျိမ်း(စ်)ကစ်၏ အလှူငွေမှာ ဒေါ်လာ ၂၇၀,၀၀၀ ဖြစ်၏။ ထိုငွေရရှိရန် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့ ၁၃၀ က တရားရုံးသို့ လျှောက်ထားကြ၏။ တရားရုံးက ကြားနာစစ်ဆေး ပြီးနောက် ၁၉၇၁ ခုနှစ်၌ ပရစိတ္တဗေဒအသင်းအား အနိုင်ပေးလိုက်၏။

သို့ဖြင့် ဒေါက်တာအောဆစ်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာရန် အခွင့် အလမ်း ရရှိသွား၏။ အိန္ဒိယနိုင်ငံ၌ တစ်နှစ်ကြာနေထိုင်ဖူးသော အခြားသုတေသီတစ်ဦးမှာ နှင့်အတူ ၁၉၇၂–၇၃ ခုနှစ်များ၌ လှည့်လည်စူးစမ်း လေ့လာကြ၏။ အိန္ဒိယစိတ်ပညာရှင် များနှင့် ဆရာဝန်များက လိုအပ်သော အကူအညီပေးကြ၏။ အိန္ဒိယနိုင်ငံ၌ အခြေအနေအရ

---

၁။ . James Kidd



www.burmeseclassic.com

www.burmeseclassic.com



လေ့လာလိုသောသူဖြစ်၏။ သို့ဖြစ်၍ ဒေါက်တာအောဆစ်၏ သုတေသနလုပ်ငန်းကို ထောက်ခံအားပေး၏။

ဒေါက်တာအောဆစ်သည် ရှေးဦးစွာ မေးခွန်းလွှာတစ်ခုကို စီစဉ်ရေးဆွဲ၏။ ထိုမေးခွန်းလွှာထဲ၌ ဆရာဝန်နှင့် သူနာပြုဆရာမများအား မိမိတို့ကုသခဲ့သော သေခါနီးလူနာများနှင့် ပတ်သက်၍ မည်သို့ ကြုံတွေ့ခဲ့ရသည်၊ လူနာများက မည်သို့ နိမိတ်အာရုံထင်သည်၊ အာရုံထင်သောအရာများမှာ မည်သို့သော အရာဝတ္ထုများနှင့် ပုဂ္ဂိုလ်မျိုးဖြစ်သည်၊ အာရုံထင်သော လူနာများမှာ ရောဂါအခြေအနေနှင့် စိတ်ဓာတ် မည်သို့ဖြစ်နေသည်၊ လူနာ၏ ပညာအရည်အချင်း၊ ဘာသာရေးယုံကြည်မှုစသည်ဖြင့် များစွာသော အချက်များကို မေးထား၏။ ဤသို့ စေ့စေ့စပ်စပ် ပြုလုပ်ထားသော မေးခွန်းလွှာများကို နိုင်ငံတစ်ဝန်းရှိ ဆရာဝန်နှင့်သူနာပြုဆရာမ တစ်သောင်းထံသို့ပေးပို့ရာ မေးခွန်းလွှာ ၆၄၀ ကို အဖြေများနှင့်အတူ ပြန်လည်ရရှိ၏။ ယင်းတို့မှာ ဆရာဝန်၊ ဆရာမများက သေခါနီးလူနာ ၃၅၀၀ ၏ အတွေ့အကြုံများကို အခြေပြု၍ ဖြေဆိုထားခြင်းဖြစ်၏။ ထိုအဖြေလွှာများကို လေ့လာဆန်းစစ်ပြီးလျှင် ဒေါက်တာအောဆစ်သည် အချို့ဆရာဝန် ဆရာမများအား တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်တွေ့ဆုံ၍သော်လည်းကောင်း ထပ်မံစုံစမ်းမေးမြန်း၏။ ထို့နောက် ၁၉၆၁ ခုနှစ်၌ မိမိ၏တွေ့ရှိချက်များကို ပရစိတ္တဗေဒအသင်းသို့ စာတမ်းရေးသားတင်ပြခဲ့လေသည်။

၁၉၆၁–၆၄ ခုနှစ်များ၌ ပထမတွေ့ရှိရချက်များနှင့် နှိုင်းယှဉ်လေ့လာရန် အလားတူသုတေသနလုပ်ငန်းကို ဒေါက်တာအောဆစ်သည်ပင် ပြုလုပ်၏။ ထိုအချိန်က ပရစိတ္တဗေဒအသင်းမှာ ငွေအင်အားနည်းလျက်ရှိရာ နာမည်ကျော် သူဌေးတစ်ဦး၏ အကူအညီကို မရရှိပါက ဒုတိယအကြိမ် စူးစမ်းလေ့လာမှု ပြုလုပ်နိုင်ခဲ့မည် မဟုတ်ချေ။ သူဌေးမှာ စာကူးစက်ကိုတီထွင်၍ ကြီးပွားချမ်းသာလာသော ချက်စတာကာလဆန်[1]ဖြစ်၏။ သူသည် မူလက ရူပဗေဒဆရာတစ်ဦးဖြစ်၍ တမလွန်ဘဝကို အကြွင်းမဲ့လက်ခံလိုသူ မဟုတ်ချေ။ သို့ရာတွင် သူ၏စာကူးစက် ထိထွင်ရန်အကြံကို သိပ္ပံဆရာများသည်ပင် ပထမက မဖြစ်နိုင်ဆိုပြီး ပယ်ချခဲ့သည် မဟုတ်ပါလော။ သို့ဖြစ်၍ သိပ္ပံဆရာတို့က အလွေးအနက်ငြင်းဆိုထားသော တမလွန်ဘဝသည်လည်း ရှိကောင်းရှိပေလိမ့်မည်ဟု တွက်ဆပြီးလျှင် ဒေါက်တာအောဆစ်အား သုတေသနပြုရန် ငွေကြေးအကူအညီပေး၏။

ဒေါက်တာအောဆစ်သည် ဆေးပညာရှင်၊ စိတ်ပညာရှင်၊ အခြားပညာရှင်တို့နှင့် တိုင်ပင်၍ အမေရိကန်ပြည်နယ်ငါးခုရှိ ဆရာဝန်၊ ဆရာမ ၅၀၀၀ ထံသို့ မေးခွန်းလွှာများပေးပို့၏။ ဆရာဝန် ၁၀၀၄ ဦးထံမှ အဖြေများရရှိရာ ၎င်းတို့မှာ သေခါနီး လူနာငါးသောင်းနီးပါးကို လေ့လာပြီး သိရှိရသောအချက်များ ဖြစ်၏။

ဒုတိယအကြိမ်မြောက် စူးစမ်းလေ့လာမှုပြုပြီးနောက်၌ ဒေါက်တာအောဆစ်မှာ

---

၁။ Chester Caslson



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သော အထောက်အထား အမြောက်အမြား ရရှိနေပေပြီ။ သို့ရာတွင် ပြီးပြည့်စုံပြီဟူ၍ကား မဆိုသာချေ။ သေခါနီး နိမိတ်အာရုံများကို လေ့လာရာ၌ သိပ္ပံနည်းကျရန် လူနာ၏ ဘာသာရေး ယုံကြည်ချက်ကို ထည့်သွင်းစဉ်းစားရန်လို၏။ အမေရိကန်နိုင်ငံတွင် စူးစမ်းလေ့လာရာ၌ ဆိုင်ရာလူနာများမှာ အများအားဖြင့် ခရစ်ယာန်ဘာသာဝင်များဖြစ်ရကား သူတို့၏ နိမိတ်အာရုံထင်မှုများ တူညီနေခြင်းသည် ဘာသာရေးခံယူချက်၊ ဓလေ့ထုံးစံ စသည်များ တူညီနေသောကြောင့် ဖြစ်လေသလားဟု မေးဖွယ်ရှိ၏။ သို့ဖြစ်၍ ဘာသာဝါဒ၊ ဓလေ့ထုံးစံမတူသော အိန္ဒိယပြည်သို့ သွားရောက်လေ့လာရန် စီစဉ်ကြ၏။

သို့ရာတွင် ထိုအချိန်၌ ကာလဆန် ကွယ်လွန်သွားသောကြောင့် သုတေသနလုပ်ငန်းအတွက် ငွေကြေးအခက်အခဲ ပေါ်လာ၏။ ပညာရေးဖောင်ဒေးရှင်းများထံ အကူအညီတောင်းသော်လည်း မရရှိချေ။ ထိုသို့ အခက်အခဲ ကြုံတွေ့နေရစဉ် ကံအားလျော်စွာ မည်သူမျှ မမျှော်လင့်သော ပုဂ္ဂိုလ်တစ်ဦးထံမှ ငွေကြေးအကူအညီ ထွက်ပေါ်လာလေသည်။ ထိုသူမှာ ဂျိမ်း(စ်)ကစ်[၁]ဆိုသူဖြစ်၍ သူ၏အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ဂျိမ်း(စ်)ကစ်သည် အရီဇိုးနားပြည်နယ်မှ သတ္တုတွင်း တူးဖော်ရေးသမား တစ်ဦးဖြစ်၏။ တစ်လလျှင် ၁၆ ဒေါ်လာပေးရသော အခန်းတစ်ခု၌ ရိုးရိုးကုပ်ကုပ် နေထိုင်သဖြင့် အိမ်နီးချင်းများက သူ့ကို အလွန်ဆင်းရဲသော အလုပ်သမားဟု ထင်ကြ၏။ တစ်နေ့သော် သူသည် အပြင်သို့ထွက်သွားရာမှ လုံးဝပြန်မလာတော့ချေ။ နောက် နှစ်အနည်းငယ်ကြာသောခါ သူ့ကို ကွယ်လွန်သူအဖြစ် အစိုးရက ကြေညာလေသည်။

ထို့နောက် မကြာမီ ဘဏ်တစ်ခု၌ ဂျိမ်း(စ်)ကစ် အပ်နှံထားသော ငွေစုစာချုပ်များနှင့် သူ၏သေတမ်းစာရှိကြောင်း သတင်းထွက်ပေါ်လာ၏။ သေတမ်းစာထဲ၌ သူက မိမိမှာ သားမယား မရှိ၊ အမွေစားအမွေခံ မရှိ၊ သူစုဆောင်းထားသော ငွေထဲမှ အသုဘစရိတ် ဒေါ်လာတစ်ရာနှင့် သချိုင်း၌ ဆုတောင်းမေတ္တာပို့သမည့် တရားဟောဆရာအတွက် ငွေတစ်ရာနုတ်ပြီးလျှင် ကျန်ငွေအားလုံးကို သူ သေသောအခါ အသက်ဝိညာဉ် ကျန်ရှိကြောင်း သိပ္ပံနည်းကျကျ စူးစမ်းလေ့လာသော သုတေသနအဖွဲ့အား ပေးလှူခဲ့ကြောင်း ရေးသားထား၏။

- ဂျိမ်း(စ်)ကစ်၏ အလှူငွေမှာ ဒေါ်လာ ၂၇၀,၀၀၀ ဖြစ်၏။ ထိုငွေရရှိရန် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့ ၁၃၀ က တရားရုံးသို့ လျှောက်ထားကြ၏။ တရားရုံးက ကြားနာစစ်ဆေးပြီးနောက် ၁၉၇၁ ခုနှစ်၌ ပရစိတ္တဗေဒအသင်းအား အနိုင်ပေးလိုက်၏။

သို့ဖြင့် ဒေါက်တာအောဆစ်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာရန် အခွင့်အလမ်း ရရှိသွား၏။ အိန္ဒိယနိုင်ငံ၌ တစ်နှစ်ကြာနေထိုင်ဖူးသော အခြားသုတေသီတစ်ဦးမှာနှင့်အတူ ၁၉၇၂-၇၃ ခုနှစ်များ၌ လှည့်လည်စူးစမ်း လေ့လာကြ၏။ အိန္ဒိယစိတ်ပညာရှင်များနှင့် ဆရာဝန်များက လိုအပ်သော အကူအညီပေးကြ၏။ အိန္ဒိယနိုင်ငံ၌ အခြေအနေအရ

---

၁။ James Kidd



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံမှာကဲ့သို့ပင် မေးခွန်းလွှာနှင့် တယ်လီဖုန်းမသုံးတော့ဘဲ ဆရာဝန်နှင့် သူနာပြုဆရာမများကိုယ်တိုင် တွေ့ဆုံပြီးလျှင် မေးမြန်းစုံစမ်းကြ၏။

အောက်ပါ အကြောင်းအရာများမှာ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများ၌ သေခါနီး လူနာများနှင့် ပတ်သက်၍ စူးစမ်းလေ့လာရာမှ သိရှိရသောအချက်များကို ဖော်ပြထားသည့် သုတေသီနှစ်ဦး၏စာအုပ်မှ အထူးထင်ရှားသော အချက်များဖြစ်၏။ ဇယားများကို ချန်လှပ်၍ ဆရာဝန်များ၏ ကိုယ်တွေ့သာဓကများကိုလည်း အနည်းငယ်မျှသာ ကောက်နှုတ် ဖော်ပြထားပါသည်။

## (ခ) စိတ်ငြိမ်းချမ်းသာယာမှု

ဆရာဝန်နှင့် သူနာပြုဆရာမတို့၏ အဆိုအားဖြင့် များစွာသော သေခါနီးလူနာ များ၏ ထူးခြားချက်မှာ ရောဂါဝေဒနာကြောင့် စိတ်ပူပန် ညှိုးနွမ်းနေရာမှ ရုတ်ခြည်း စိတ်ငြိမ်းအေး လန်းဆန်းလာခြင်း ဖြစ်၏။ စိတ်ပြောင်းလဲမှု၏ လက္ခဏာများမှာ လူနာ သည် ပြန်လည်အားရှိလာသော အမူအရာကိုပြ၏။ ကြာရှည်အစာမစားဘဲ နေရာမှ အံလွှန် စားချင်၊ သောက်ချင်သောဆန္ဒ ဖြစ်ပေါ်လာ၏။ စိတ်ငြိမ်သက်၍ ရှေးကထက် ပိုမိုစကားပြောလာ၏။ မိမိကိုယ်ရေးကိစ္စများ၌ ပြန်လည်စိတ်ဝင်စား၍ မည်သို့လုပ်ကိုင်ရန် ကြံစည်စိတ်ကူးလာ၏။ ဆရာဝန်၊ ဆရာမများ၏စကားကို နာခံ၍ မိမိပတ်ဝန်းကျင်ရှိ လူများ၊ မိမိထံလာရောက်သော ဆွေမျိုးသားချင်းများနှင့် ခင်မင်ဖော်ရွေစွာ ဆက်ဆံလာ၏။ မိမိအား ပြုစုစောင့်ရှောက်သောသူများကို ကျေးဇူးတင်စကား ပြောလာ၏။ အချို့မှာ မိမိတို့ ကိုးကွယ်သော ဘာသာတရားနှင့်အညီ ဆုတောင်းပတ္ထနာပြုခြင်း၊ တရားစာ ရွတ်ဆိုခြင်း၊ ဘုရားတရား စကားပြောခြင်း ပြုလာကြ၏။

ဤသို့ စိတ်ခံစားရချက် ပြောင်းလဲမှုသည် သေခါနီးကာလ၌ ဖြစ်၏။ သုတေသီ ဆရာတို့ လေ့လာသော လူနာများအနက် ၄၁ ရာခိုင်နှုန်းသည် ထိုသို့ စိတ်ငြိမ်းအေး လန်းဆန်းလာပြီးနောက် ၁၀ မိနစ်အတွင်း၌ သေဆုံး၍ တစ်ဝက်ကျော်ခန့်မှာ တစ်နာရီ အတွင်း သေဆုံးကြ၏။

အသက် ၆၀ ကျော် လူနာတစ်ဦးမှာ ခွဲစိတ်ခံရပြီးနောက် ရောဂါဖောက်လာ၏။ ဆရာဝန်၏ အဆိုအားဖြင့် "ကျွန်ုပ်သည် အခန်းထဲသို့ဝင်လာ၍ သူ့ကိုကြည့်ပါသည်။ သူ၏မျက်နှာမှာ ငြိမ်းချမ်းသော အသွင်လက္ခဏာ ဆောင်နေပါသည်။ ထို့နောက် မိနစ် အနည်းငယ်အတွင်း သူ သေဆုံးပါသည်။

"လူနာမှာ အိပ်ရာပေါ်၌နေရသော်လည်း သူ မလုပ်နိုင်သောအရာများကို လုပ်ချင် ပါသည်။ သူ့ဘာသာသူ ရေချိုးချင်ပါသည်။ ထမင်းစားခန်းသို့သွား၍ မိမိ၏ မိသားစုနှင့် အတူစားချင်ပါသည်။ စားသောက်၍ ကောင်းသည်ဆိုပါသည်။ အမှန်မှာ ရောဂါသက်သာ လာခြင်းမဟုတ်ဘဲ စိတ်လန်းဆန်းလာသော လက္ခဏာဖြစ်ဟန် တူပါသည်။ မကြာမီ သူ သေဆုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့သောအခါ လူနာမှာ ရုတ်တရက် သိသိသာသာ ပြောင်းလဲသွားပါသည်။ ကောင်းစွာ သတိရှိ၍ ရေးကာထကိုပြီး စားနိုင်လာပါသည်။ ရှေးက သူတစ်ပါးကူညီ လုပ်ကိုင်ပေးရသော အလုပ်များကို သူကိုယ်တိုင် လုပ်လာပါသည်။ သွေးခုန်နှုန်းမှန်၍ ကိုယ်ပူချိန်မှာ နဂိုအတိုင်း ရှိပါသည်။ သို့ရာတွင် နောက် ၂၄ နာရီအတွင်း သေဆုံးပါသည်။

သေခါနီးလူများသည် အများအားဖြင့် အနာရောဂါ၏ ဖိစီးနှိပ်စက်မှုကို မခံကြရတော့ချေ။ ဆရာဝန်တစ်ဦး၏အဆိုအားဖြင့် "လူနာမှာ ဒီမိရောဆေး[၁]ကို ၂၄ နာရီကြာမျှ မသောက်ဘဲနေပါသည်။ သူက မိမိမှာ နာကျင်မှု လုံးဝမရှိ။ သက်သာလာပြီဖြစ်သဖြင့် ဘာဆေးမျှသောက်ရန် မလိုတော့ကြောင်း ပြောပါသည်။ ထို့နောက် သူသည် မေ့မြောသွားပြီး မကြာခင် သေဆုံးပါသည်"

"လူနာမှာ လေဖြတ်ထားသော အသက်ရှစ်ဆယ်အရွယ် အဘိုးအိုဖြစ်ပါသည်။ ပထမတွင် ဆရာဝန်၏စကား နာခံသော်လည်း နောက်တွင် တစ်မျိုးဖြစ်လာသည်။ ဘာဆေးမျှ မသောက်တော့ပါ။ ရှေးက ခံစားခဲ့ရသော ဒုက္ခဝေဒနာအား လုံးဝပျောက်ကင်းသလို ဖြစ်သွားပါသည်။ သူ၏ သွေးတိုးနှုန်းနှင့် သွေးခုန်နှုန်းလည်း မှန်လာပါသည်"

အချို့လူနာများမှာ နာကျင်မှု ကင်းဆေးသွားသည်နှင့် မိမိတို့ သေတော့မည့်အခါကို ကြိုတင်သိမြင်ကြ၏။ အိန္ဒိယပြည် ဆေးရုံတစ်ခု၌ ဆရာဝန်များသည် ခွဲစိတ်ထားသော လူနာအမျိုးသမီးတစ်ဦးကို သေလိမ့်မည်ဟု မတွက်ဆကြချေ။ သို့ရာတွင် သူက လူ့လောကကို မိမိ စွန့်ခွာသွားတော့မည်ဆို၍ ဆရာဝန်၊ သူနာပြုနှင့် သူ့ထံလာသော လူနာများအား ကျေးဇူးတင်စကားပြော၏။ ဆရာဝန် နောက်ဆုံးအခေါက် လာကြည့်သောအခါ သူ စိတ်လက်သာယာ ကြည်လင်နေသည်ကို တွေ့ရ၏။ ဆရာဝန်က သူ ကျန်းမာလာတော့မည်ဟု ထင်၏။ သို့ရာတွင် သူက မကြာမီ သေတော့မည်ဟုပြော၍ နောက်တစ်နေ့ နံနက်၌ သေဆုံးလေသည်။

အိန္ဒိယဆေးရုံကြီးတစ်ခု၌ အုပ်ချုပ်ရေးမှူး ဆရာဝန်ကြီးတစ်ဦးက အသက်ခုနစ်ဆယ်ကျော်ရှိ မိမိ၏ဖခင် သေဆုံးသွားပုံကို ပြောပြ၏။ လူနာမှာ ကင်ဆာရောဂါဖြင့် ပြင်းစွာ ဝေဒနာခံစားရ၍ အိပ်မရချေ။ တစ်နေ့သော် တစ်ခဏတာမျှ အိပ်ပျော်သွား၍ အိပ်ရာမှ နိုးသောအခါ ပြုံးပြုံးရွှင်ရွှင်နှင့် ဝေဒနာလုံးဝပျောက်ကင်းသွားပြီး စိတ်ငြိမ်းချမ်းသာယာသော အသွင်လက္ခဏာရှိ၏။ လူအားလုံးကို နှုတ်ဆက်၍ မိမိ မကြာမီသေတော့မည်ဟု ပြော၏။ သူသည် ၁၀ မိနစ်ကြာမျှ ကောင်းစွာ သတိရှိနေရာမှ မေ့မြောသွားပြီးနောက် မိနစ် အနည်းငယ်အတွင်း ငြိမ်ငြိမ်သက်သက် သေဆုံးသွား၏။

အချို့သူများ သေခါနီး၌ ဆင်းရဲဝေဒနာ မခံစားရခြင်းသည် ရောဂါဖိစီးနေသော ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ် တခြားစီဖြစ်နေ၍လေလောဟု စဉ်းစားရန်ရှိ၏။ ဒေါက်တာ

---

၁။ (demirol) ဝေဒနာ သက်သာစေသောဆေး



www.burmeseclassic.com

www.burmeseclassic.com



အောဆစ် လေ့လာသော သေခါနီးလူနာများတွင် လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သည့် သေရွာပြန်များမှာကဲ့သို့ မိမိကိုယ်မိမိ မြင်ရသောသူများကို မတွေ့ရသော်လည်း ကိုယ်ခန္ဓာမှ စိတ်ဝိညာဉ်လွတ်မြောက်နေဟန် အထောက်အထားများကို တွေ့ရ၏။ အသက် ၁၇ နှစ်က မျက်စိကွယ်ခဲ့သော လူနာမှာ အသက် ၂၂ နှစ် သေခါနီး၌ ပတ်ဝန်းကျင်ရှိ လူများကို မြင်ပါသည်ဟု ဆရာဝန်တစ်ဦးက ပြော၏။ နှလုံးရောဂါဖြစ်နေသော အသက် ခြောက်ဆယ်ကျော် မိန်းမတစ်ဦးမှာ မသေမီ အံ့သြဖွယ်ရာ ပြောင်းလဲသွား၏။ သူ့မြေးကလေး ကစားနေသည်ကိုကြည့်ပြီး ဝမ်းသာအားရ ရယ်မော၏။

နာတာရှည် စိတ္တဇရောဂါစွဲကပ်၍ လုံးဝ သတိကင်းလွတ်နေသော လူနာနှစ်ဦးမှာ ဆရာဝန်တို့၏ အဆိုအားဖြင့် သေခါနီး၌ ပကတိလူကောင်း ဖြစ်လာ၏။ စကီဇိုဖရီးနီးယား[၁]ခေါ် အလွန်အကုရခက်သည့် စိတ္တဇရောဂါ စွဲကပ်နေသော လူနာများသည်ပင် သေခါနီးတွင် စိတ်ကြည်လင်၍ ရောဂါပျောက်ကင်းသွားကြသည် ဆို၏။ ဦးနှောက်ရောဂါဖြင့် သေတော့မည့် မိန်းမတစ်ယောက်မှာ သတိကင်းလွတ်ပြီး ပေါက်တတ်ကရ စကားများ ပြောနေရာမှ အသက်ထွက်ခါနီး၌ စိတ်ကောင်းဝင်လာပြီး သူ့အား မေးသမျှကို ကောင်းစွာ ပြန်လည်ဖြေကြား၍ ပြုံးပြုံးရွှင်ရွှင်နှင့် စိတ်တက်ကြွသော အမူအရာကို ပြ၏။

အိန္ဒိယနိုင်ငံ၌ စိတ်တန်ခိုးသတ္တိဖြင့် ရုပ်တရားကို ပြုပြင်ဖန်တီးရန် အားထုတ်သော ယောဂီများရှိ၏။ အမေရိကန်သုတေသီတို့သည် သေခါနီးယောဂီ၊ သို့မဟုတ် ဆွာမိများ အကြောင်းကို စူးစမ်းသော်လည်း ဘာမျှ မသိကြရချေ။ ဆွာမိများသည် ဆေးရုံ၌မသေ၊ ဆရာဝန်တို့၏ကုသမှုကိုလည်း မခံယူဘဲ တပည့်များဝိုင်းရံလျက် သူတို့ရိပ်သာ၊ သို့မဟုတ် ဗာရာဏသီကဲ့သို့သော အထွတ်အမြတ်နေရာဌာနများ၌ ကွယ်လွန်လေ့ရှိသည် ဆို၏။

ဗာရာဏသီ ဆေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦးကမူ ယောဂီလမ်းစဉ်ကိုကျင့်သော မိမိ၏အဘိုး ကွယ်လွန်ပုံကို ပြောပြ၏။ ထိုအဘိုးမှာ ဘုရားတရား ကြည်ညို၍ သူတစ်ပါးကို သနားကူညီတတ်၏။ သူသည် မသေမီ ၄၈ နာရီလောက်ကစ၍ စိတ်တည်ငြိမ် လန်းဆန်းလာ၏။ ဆရာဝန်များက သူ့အတွက် အသက်အန္တရာယ် တစ်စုံတစ်ရာ မမြင်သော်လည်း မိမိသေမည့် နေ့ရက်၊ အချိန်နာရီကို ကြိုတင်၍သိ၏။ သားထံ ကြေးနန်းရိုက်၍ မိမိအလောင်း မီးသင်္ဂြိုဟ်ရန်ကိစ္စအတွက် ဆွေမျိုးသားချင်းများအား ပြင်ဆင်စေ၏။ နောက်ဆုံးနေ့၌ ၅ နာရီ ၃၀ မိနစ်အချိန်တွင် မိမိသေမည်ဟု ပြော၏။ သတိကောင်း၍ ကြောက်စိတ်လုံးဝမရှိဘဲ မျက်နှာမှာ တည်ငြိမ်အေးဆေးသော အသွင်လက္ခဏာ ရှိ၏။ မိမိခန္ဓာကိုယ်မှာ မည်သို့ ဇီဝိန်ချုပ်နေသည်၊ ခြေလက်အင်္ဂါများ မည်သို့ မာတောင့်လာသည် စသည်ဖြင့် စုံစေ့စွာ ပြောပြ၏။ ထိုသို့ပြောနေရင်း ၅ နာရီ ၃၅ မိနစ်၌ သေဆုံး၏။

---

၁။ Schizophrenia



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ရှေးက လေ့ကျင့်အားထုတ်မှုကြောင့် သေခါနီး၌ ရရှိအပ်သော အကျိုးတရား ဖြစ်ရပေမည်။ အထက်က ဖော်ပြခဲ့သော များစွာသော သေခါနီး လူနာများ၏ စိတ်ကြည်လင် သာယာမှုသည်လည်း နာမ်ဝိညာဉ်၏ အစွမ်းသတ္တိသက်သက် ပေလော၊ သို့မဟုတ် အခြား အကြောင်းတရားများ ရှိလေသလောဟု စဉ်းစားရန်ရှိ၏။

အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံး၌ သေခါနီးလူနာများ၏ စိတ်သာယာ ကြည်လင်မှုသည် လူနာ၏ အသက်အရွယ်နှင့် ဆက်စပ်နေခြင်းမရှိချေ။ ၎င်းတို့မှာ အများအားဖြင့် ငါးဆယ်ကျော်အရွယ် ဖြစ်သော်လည်း အခြား အသက်အရွယ် လူနာများ လည်း ပါဝင်၏။ သူတို့၏ ရှေးက ကျန်းမာရေးမှတ်တမ်းနှင့် နောက်ဆုံး ကျန်းမာရေး အခြေအနေ၌ ရုတ်တရက် စိတ်ခံစားမှု ပြောင်းလဲရန် အကြောင်းတစ်စုံတစ်ရာမျှလည်း ဆရာဝန်များက ရှာ၍မတွေ့ချေ။ သူတို့မှာ အဖျားမရှိ၊ သတိကင်းလွတ်ခြင်းမရှိ၊ စိတ်ငြိမ် ဆေးများ ကျွေးပေးထားခြင်းလည်း မရှိ၊ စိတ်ခံစားမှုကို ဖန်တီးပေးသော ဦးနှောက် ရောဂါမျိုး စွဲကပ်နေခြင်းလည်း မရှိချေ။

သေခါနီး၌ စိတ်သာယာကြည်လင်မှုသည် ပညာတတ်လူနာနှင့် ပညာမဲ့လူနာ နှစ်မျိုးစလုံး၌ ဖြစ်ပေါ်လေ့ရှိ၏။ သို့ရာတွင် သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက် အရ ထိုသို့ စိတ်ခံစားမှု ပြောင်းလဲသွားသော အထက်တန်းပညာတတ် (ဝါ) အထက်တန်း ကျောင်းနှင့် တက္ကသိုလ်ပညာသင်ကြားခဲ့သော လူနာများ၏ ရာခိုင်နှုန်းမှာ အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံစလုံး၌ အလားတူ ပညာတတ်ဦးရေ ရာခိုင်နှုန်းထက် မြင့်မားနေသည်ကို တွေ့ရ၏။ ဆိုလိုသည်မှာ ပုံစံအားဖြင့် အထက်တန်းပညာတတ်များသည် နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်း ဖြစ်ငြားအံ့၊ သေခါနီးလူနာများတွင် ၃၀ ရာခိုင်နှုန်းထက် ပိုများ၏။

နှစ်နိုင်ငံစလုံး၌ လူနာ ၅၀ ရာခိုင်နှုန်းခန့်မှာ ဘာသာတရားကို များစွာကြည်ညို လေးစားသူများ ဖြစ်၏။ ဤသည်မှာ ဆရာဝန်၊ ဆရာမများထံမှ စုံစမ်းသိရှိရချက် ဖြစ်ပေရာ သူတို့မသိဘဲ ဘုရားတရား ကြည်ညိုသော လူနာများလည်း ရှိခဲ့တန်ရာ၏။ စကားမပြောဘဲ တိတ်ဆိတ်စွာ ဘုရားအာရုံပြုနေသော၊ သို့မဟုတ် တရားနှလုံးသွင်းနေသော ဘာသာရေး သမားများကို မည်သို့သိရှိနိုင်ပါမည်နည်း။ တမလွန်ဘဝ ယုံကြည်မှုသည်လည်း ထိုနည်း အတူဖြစ်၏။ ဆရာဝန်၊ ဆရာမများနှင့် တမလွန်ဘဝအကြောင်း ပြောဆိုသော လူနာများမှာ သုံးပုံတစ်ပုံမျှသာရှိ၍ အားလုံးလိုလို ယုံကြည်ကြ၏။ သို့ရာတွင် ကျန်လူနာအားလုံး တမလွန်ဘဝကို မယုံကြည်သူများဖြစ်သည်ဟု မဆိုနိုင်ချေ။

သုတေသီတို့၏အဆိုအားဖြင့် သေခါနီးလူနာ စိတ်ကြည်လင်သာယာမှု၌ ဘာသာ ရေးခံယူချက်သည် အကြောင်းမဟုတ်၊ ဘုရားတရား ကြည်ညိုလေးစားမှု အတိုင်းအတာ သည်သာ ပဓာနဖြစ်၍ ဤအကြောင်းတစ်ခုတည်းဖြင့် စိတ်ခံစားရမှု ပြောင်းလဲခြင်း ဖြစ်သည်ဟုကား တထစ်ချ မဆိုသာချေ။ လူနာများတွင် ဘာသာတရား၌ လုံးဝ စိတ်မဝင်စားသူလေးဦးနှင့် တမလွန်ဘဝကို မယုံကြည်ဟု ဆိုသောသူ လေးဦးပါရှိ၏။ သို့ရာတွင် ဤသည်မှာ လူနာအားလုံး၏ အလွန်သေးငယ်သော အစိတ်အပိုင်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သေခါနီး စိတ်ငြိမ်းချမ်းမှုအတွက် ဘာသာတရား အရေးကြီးခြင်းကို ယုံမှားစရာ မရှိချေ။

ဘာသာတရား ကြည်ညိုလေးစားသော လူနာများသည် ဘုရားသခင် အလိုတော်အတိုင်း ဖြစ်သည်။ ကံစီမံသည့်အတိုင်း ဖြစ်သည် စသည်ဖြင့် နှလုံးသွင်း၍ စိတ်သက်သာမှု ရရှိကြမည်ဖြစ်၏။ ဘာသာတရားမရှိသော သူသည်ပင် မိမိ၏ ရောဂါအခြေအနေကို သိ၍ အသက်ရှင်နေရန် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ပါက အတော်အတန် စိတ်ငြိမ်းချမ်း လာပေလိမ့်မည်။ ဤသို့ လုံးလုံးလျားလျား စိတလျှော့ချလိုက်ရာမှ စိတ်ငြိမ်းချမ်းလာခြင်း အကြောင်းကို သုတေသီဆရာများ စူးစမ်းလေ့လာခဲ့ကြဟန် မတူ။ သူတို့မှတ်တမ်း၌ တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိချေ။

သေခါနီး၌ နိမိတ်အာရုံထင်၍ စိတ်ငြိမ်းချမ်းသာယာသော လူနာများအကြောင်းကို ဆရာဝန်၊ ဆရာမများထံမှ အတော်စုံစုံစေ့စေ့ သိရှိရ၏။ အထက်က ဖော်ပြခဲ့သော လူနာများမှာ နိမိတ်အာရုံမထင်ဘဲ စိတ်ကြည်လင် သာယာသောသူများ ဖြစ်ဟန်ရှိ၏။ နိမိတ်အာရုံထင်ပြီး ထူးခြားစွာ စိတ်ခံစားရမှုကို ရှေ့၌ဖော်ပြပါအံ့။

## (ဂ) နိမိတ်အာရုံထင်မှု

အာရုံထင်မှုဟူသည် တစ်စုံတစ်ခုသော အဆင်း၊ အသံနှင့် အနံ့စသည်ကို မိမိတစ်ဦးတည်း မြင်သလိုလို၊ ကြားသလိုလို ကြုံတွေ့ခံစားရမှုမျိုး ဖြစ်၏။ အများအားဖြင့် စိတ္တဇလူနာများ၌ ဖြစ်တတ်သော်လည်း စိတ်စွဲလမ်းမှု၊ မူးယစ်ဆေးဝါးမှီဝဲမှု၊ ကိုယ်ပူချိန်ကြီးမားမှု၊ ဦးနှောက်၌ဖြစ်သော ရောဂါဝေဒနာခံစားမှု စသည်ဖြင့် အာရုံထင်ရန် အကြောင်း အမျိုးမျိုးရှိ၏။ အီးအက်(စ်)ပီ (၀၁) ပရစိညာဉ် သက်ဝင်လှုပ်ရှားနေသောအခိုက်၌ အာရုံထင်မှုဖြစ်တတ်ပုံကို စိတ်ဝိညာဉ်သုတေသန မှတ်တမ်းများ၌ အကျယ်ဖော်ပြထား၏။

လူနာများ၏ အာရုံထင်မှုသည် ဘာမျှ ဧကန်ထင်ရှား မရှိဘဲ စိတ်လှည့်စား ထင်မှားခြင်း ဖြစ်တတ်ကြောင်း အထူးရေးသားရန် မလိုချေ။ သို့ရာတွင် ပရစိညာဉ် အရင်းခံသော အာရုံထင်မှုများအားလုံးကို ထိုသို့ မှတ်ယူပါမူကား မှားပေလိမ့်မည်။ ပရစိညာဉ်အစွမ်းဖြင့် အတိတ်၊ အနာဂတ် အဖြစ်အပျက်များနှင့် အခြား အကြောင်းအရာများကို အာရုံထင်မှုသည် ဒိဋ္ဌဓမ္မနှင့် ဆက်စပ်နေကြောင်း ခိုင်လုံသော အထောက်အထား အမြောက်အမြားရှိ၏။

သေခါနီးလူများ၏ အာရုံထင်မှုသည် အခြားလူများ၏ အာရုံထင်မှုနှင့်မတူဘဲ တစ်မူတစ်ဘာသာ ဖြစ်၏။ ကျန်းမာသောသူတို့သည် အများအားဖြင့် သက်ရှိပုဂ္ဂိုလ်များကို အာရုံထင်၍ သေခါနီးလူများမှာမူ မိမိတို့အလျင် သေဆုံးသွားသော ပုဂ္ဂိုလ်များကို အာရုံထင်လေ့ရှိ၏။ လူကောင်းများ အာရုံထင်သော ပုဂ္ဂိုလ်သည် ရည်ရွယ်ချက်မရှိ။ သေခါနီး အာရုံထင်သော ပုဂ္ဂိုလ်မှာကား လူနာ၏အဆိုအားဖြင့် သူ့ကို တမလွန်လောက သို့ခေါ်ဆောင်ရန် ပေါ်လာခြင်းဖြစ်၏။

---

၁။ / "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" အခန်း ၄ ၊ ၅၊ နောက်ဆက်တွဲ ၁၊ ၉။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တမလွန်လောကမှ လာခေါ်သည်ဆိုခြင်းမှာ လူနာက အစွဲဥပါဒါန်ဖြင့် ကယောင်ကတမ်းပြောခြင်း ဖြစ်သည်ဟု အချို့က ယူဆကြပေမည်။ သို့ရာတွင် ဤအခန်းအစ၌ ဖော်ပြခဲ့သည့် လူနာက မိမိ၏အစ်မ သေဆုံးသွားကြောင်း လုံးဝမသိဘဲ မိမိ၏ ကွယ်လွန်သူဖခင်နှင့်အတူ အစ်ကိုမြင်သည်ဆိုသော သာဓက၌ လူနာ၏ စွဲလမ်းထင်မှားမှုကြောင့် မဟုတ်ကြောင်း ထင်ရှား၏။ အခြားသာဓကများ၌လည်း စိတ်ထင်မှားမှုဖြစ်သည်ဟု မဆိုသာချေ။

၁၆ နှစ်ရွယ် အမေရိကန်မိန်းမပျိုတစ်ဦးမှာ သေခါနီး၌ မြောသွားရာမှ သတိပြန်ရလာ၏။ သူ၏စိတ်မှာ ကြည်လင်နေ၍ သူနာပြုဆရာမအား "ကျွန်မ မထနိုင်ဘူး"ဟု ပြော၏။ ဆရာမ သူ့ကို အနည်းငယ် ထူမပေးရာ "အို...ကျွန်မ သူ့ကိုမြင်ပြီ၊ မြင်ပြီ။ ကျွန်မလာမယ်"ဟုပြောပြီး သေဆုံး၏။ သူ၏မျက်နှာမှာ ကြည်လင်ရွှင်ပျသော အသွင်လက္ခဏာရှိ၏။

ကလေးတစ်ယောက်မှာ အိပ်ရာပေါ်၌ ငြိမ်သက်စွာ လဲနေရာမှ ရုတ်တရက်ထထိုင်လိုက်၏။ ထို့နောက် လက်နှစ်ဖက်ကို ဆန့်တန်း၍ 'မာမာ' (မေမေ)ဟုခေါ်ပြီး နောက်ပြန်လဲကျ သေဆုံး၏။ ကလေးမှာ အသက်နှစ်နှစ်၊ ခြောက်လသားအရွယ်ယောကျ်ားကလေးဖြစ်၍ သေခြင်းအကြောင်း ဘာမျှနားလည်မည် မဟုတ်ချေ။ သူ၏ မိခင်မှာ လွန်ခဲ့သောခြောက်လက သေဆုံးခဲ့ပြီးဖြစ်၏။

ဤကဲ့သို့သော လူနာအဖြစ်အပျက်များမှာ စိတ်ဝိညာဉ် သုတေသနရှုထောင့်မှ လေ့လာရမည့် အကြောင်းအချက်များ ဖြစ်၏။ စင်စစ် သုတေသီဆရာတို့သည် စိတ်ဝိညာဉ်သဘောလက္ခဏာ ထင်ရှားသော လူနာများအကြောင်းကို ခွဲခြားရွေးထုတ်၍ လေ့လာခဲ့ကြ၏။ သေသူကို မြင်သည်ဆိုတိုင်း စူးစမ်းလေ့လာနေရန် မလိုကြောင်း အောက်ပါလူနာအဖြစ်အပျက်၌ ထင်ရှား၏။

လူနာမှာ အသက်ခုနစ်ဆယ်ကျော်ရွယ် မိန်းမတစ်ဦးဖြစ်၏။ သူငယ်ပြန်ချင်သလိုဖြစ်ပြီး သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသဖြင့် စိတ်ငြိမ်ဆေး ကျွေးထားရ၏။ တစ်နေ့တွင် လူနာသည် ကွယ်လွန်သူ မိမိ၏အစ်ကိုနှင့် ညီမအကြောင်း တတွတ်တွတ်ပြောနေသည်ကို တွေ့ရ၏။ သူ၏အမူအရာမှာ လွန်ခဲ့သော နှစ်အနည်းငယ်က တခြားတစ်နေရာရာတွင် ဖြစ်ပျက်မှုကို ပြန်လည် စားမြုံပြန်နေပုံမျိုးဖြစ်၏။ သေသူများကိုလက်ပြ၍ သူ့ထံလာပြီး စကားပြောရန် ခေါ်လျက်ရှိ၏။ မိမိအနီး၌ သူနာပြုဆရာမရှိနေကြောင်း သိဟန်မတူချေ။

ဆရာဝန်ပြောပြသော အခြားလူနာတစ်ဦးမှာကား အထက်ပါ လူနာနှင့်မတူဘဲ သတိကောင်းစွာရ၍ ဆေးပေးကျွေးထားခြင်း မရှိချေ။ စိတ်ကြည်လင်နေပြီး ရောဂါသက်သာ၍ အိမ်သို့ ပြန်လာရတော့မည်ဟု မျှော်လင့်လျက်ရှိ၏။ သူသည်လည်း အသက်ခုနစ်ဆယ်ကျော် မိန်းမလူနာဖြစ်၏။ သူသည် ရုတ်တရက်ပြုံး၍ ဆရာမကိုခေါ်ပြီး "ဟိုမှာ ချာလီ (သူမ၏ကွယ်လွန်သူခင်ပွန်း)ကို မင်း မမြင်ဘူးလား။ သူ ငါ့ကိုစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်”ဟုပြော၏။ သူ သတိကောင်းပြီး စိတ်ကြည်လင်နေပုံကို ထောက်ချင့်၍ ဆရာမက သူ့ခင်ပွန်းကို သူ တကယ်အမှန် မြင်လိုက်ခြင်းဖြစ်မည်ဟု ယုံကြည်၏။

သုတေသီဆရာတို့သည် လူနာအာရုံထင်မှု၏ အကြောင်းရင်းကို ခြေခြေမြစ်မြစ် သိရှိရန် ဆရာဝန်၊ ဆရာမများအား စေ့စေ့သေချာစွာ မေးမြန်းကြ၏။ အာရုံထင်မှုသည် မည်မျှအချိန်ကြာသည်၊ အာရုံထင်ပြီးနောက် မည်မျှ အချိန်ကြာသောအခါ လူနာသေသည်၊ မည်သို့သောအရာများကို အာရုံထင်သည်၊ လူနာ မည်သို့ အမူအရာပြောင်းလဲသွားသည်၊ လူနာ၏ အနာရောဂါ၊ စိတ်ဓာတ်အခြေအနေ၊ အသက်အရွယ်၊ ပညာအခြေခံ၊ ဘာသာတရားစသည်ဖြင့် များစွာသော အချက်များကို စုဆောင်းလေ့လာကြ၏။

ထိုလေ့လာချက်အရ သေခါနီးလူနာ၏ အာရုံထင်မှုသည် နှစ်မျိုးနှစ်စားရှိ၏။ အချို့လူနာများသည် ဘုံဌာနကို အာရုံထင်၍ ကောင်းကင်ဘုံ၊ နတ်ပြည်စသော တမလွန်လောကသို့ မိမိတို့ ရောက်ရှိနေသည်ဟု ယုံကြည်ကြ၏။ တမလွန်ဘုံသားများနှင့် စကားပြောနေသောအခါ၌ မိမိ၏အနားတွင် ဆရာဝန်၊ ဆရာမနှင့် အခြားလူနာများရှိကြောင်း လုံးဝမသိကြချေ။

အသည်းရောဂါဖြစ်နေသော အိန္ဒိယလယ်သမားတစ်ဦးက မိမိသည် လေထဲ၌ ပျံသန်း၍ နတ်ပြည်သို့ရောက်ခဲ့ပုံ၊ နတ်သားများက သူတို့ထံ လာရန်ခေါ်ပုံကို ပြောပြ၏။ ဆွေမျိုးသားချင်းများ၏ စကားကို လက်မခံဘဲ သူသည် အလွန်ပျော်ရွှင်၍ နတ်ပြည်သို့ ပြန်သွားမည်ဆို၏။ နောက်မကြာမီ မြောသွားပြီး နှစ်ရက်အကြာတွင် သေဆုံး၏။

အချို့ လူနာများမှာကား တမလွန်လောကသို့ မရောက်ရှိဘဲ ဆေးရုံအဆောင်ထဲ၌ပင် မိမိတို့ထံသို့လာသော တမလွန်ဘုံသားတို့ကို မြင်ကြရသည် ဆို၏။ တမလွန်ဘုံသားများနှင့် တွေ့ဆုံသောအခါ၌ မိမိတို့ ပတ်ဝန်းကျင်တွင် အခြားလူများရှိကြောင်း ကောင်းစွာသိကြ၏။ သူတို့ ပြောဆိုပြုမူပုံမှာ အနီးရှိလူများ အမြင်အားဖြင့် အာရုံထင်မှု မဟုတ်ဘဲ တမလွန်ဘုံသားများနှင့် အမှန်တကယ်ပင် တွေ့ဆုံနေပုံမျိုးဖြစ်၏။

မိမိအိမ်၌ နှလုံးရောဂါဖြင့် သေဆုံးသော အသက်ခုနစ်ဆယ်ကျော် လူနာတစ်ဦးမှာ သေခါနီး၌ သတိကောင်း၍ အဖျားမရှိ၊ စိတ်ငြိမ်ဆေး စသည်များ ကျွေးထားခြင်းလည်း မရှိချေ။ ဆရာဝန်၏အဆိုအားဖြင့် “သူသည် ကျွန်တော့်ကိုကျော်ပြီး ကွယ်လွန်သူ မိမိဇနီးအား ‘မေရီ၊ မင်း ငါ့ဖို့ ခရမ်းချဉ်သီးတစ်လုံး သွားယူစမ်းပါလားကွယ်’ဟု ပြောပါသည်။ သူ့ဇနီးနှင့် အခြားစကားများ ပြောပြီးနောက် ကျွန်တော့်ဘက်သို့လှည့်၍ ‘ကျုပ်မိန်းမနဲ့ ကျုပ်စကားပြောနေတယ်ဆိုတော့ ခင်ဗျားက ကျုပ်ကို ရူးတယ်လို့ ထင်မှာပဲ။ ဒါပေမဲ့ ကျုပ် သူ့ကို တကယ်မြင်ရပါတယ်’ဟု ဆိုပါသည်”

ကင်ဆာရောဂါဖြင့် သေခါနီးဆဲဆဲ မိန်းမတစ်ဦး၏ ပြောဆိုပြုမူပုံမှာ တမလွန်လောကနှင့် တကယ်ပင် ထိတွေ့နေပုံမျိုးဖြစ်၍ သူနာပြုဆရာမ၏ ခေါင်းထဲ၌ စွဲမြဲကျန်ရစ်၏။ “လူနာသည် ပြုံး၍ တိုးတိတ်ညင်သာသော အသံဖြင့် သူ၏ကွယ်လွန်သူခင်ပွန်းယောက်ျားနှင့် ချစ်စားမြို့ပြန်နေပါသည်။ မိမိခင်ပွန်းကို မည်မျှချစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သတိရခဲ့ကြောင်း၊ မကြာမီ မိမိတို့နှစ်ဦး ပြန်လည်ပေါင်းဆုံကြရတော့မည်ဖြစ်ကြောင်း ပြောပါသည်။ ယောက်ျားလက်ကို ဆုပ်ကိုင်သလိုပြု၍ 'ရှင် တော်တော် ကျန်းမာပုံရတယ်' ဟု ဆိုပါသည်"

သူနာပြုဆရာမက "အဲဒီတုန်းက ကျွန်မ မြင်တွေ့ခဲ့ရတာဟာ တကယ် ကြောက်စရာကောင်းတာပဲ။ ကျွန်မ တစ်သက်နှင့်တစ်ကိုယ် တွေ့ကြုံသမျှထဲမှာ စိတ်ချောက်ချားစရာ အကောင်းဆုံးပါပဲ။ သူ့ယောက်ျား သူမြင်တယ်ဆိုတာ အမှန်ဖြစ်ရမယ်။ အဲဒီတုန်းက ကျွန်မမှာ ကင်မရာရှိရင် သူ့မျက်နှာကို ဓာတ်ပုံရိုက်ထားမိမှာပဲ။ သူ့မျက်နှာဟာ ပြုံးလို့၊ ကြည်လို့ နှစ်သိမ့်ကျေနပ်တဲ့ လက္ခဏာ အထင်းသားပေါ်နေပါတယ်"ဟု ဆိုလေသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံများ၌ သုတေသီတို့ စုံစမ်းလေ့လာခဲ့သော လူနာအားလုံးတွင် သုံးပုံနှစ်ပုံမှာ အထက်ပါလူနာကဲ့သို့ ပုဂ္ဂိုလ်ကို အာရုံထင်၍ ကျန်သုံးပုံတစ်ပုံမှာ ဘုံဌာနကိုသာ အာရုံထင်ကြ၏။ ပုဂ္ဂိုလ်အာရုံထင်မှုသည် အိန္ဒိယနိုင်ငံ၌ အမေရိကန်နိုင်ငံမှာထက် ပိုများ၏။ လူနာအာရုံထင်သော ပုဂ္ဂိုလ်များမှာ အများအားဖြင့် ကွယ်လွန်သူ ဆွေမျိုးသားချင်းများဖြစ်၍ အများဆုံးမှ အနည်းဆုံးသို့ အစဉ်အတိုင်း ဖော်ပြရမည်ဆိုသော် လူနာ၏မိခင်၊ ဇနီးခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမသားချင်းများနှင့် ဖခင်ဖြစ်၏။

လူမျိုးဓလေ့ထုံးစံနှင့် အစဉ်အလာ ယုံကြည်ချက်ကိုလိုက်၍ အမေရိကန်နှင့် အိန္ဒိယနိုင်ငံများမှာ အာရုံထင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော ခြားနားချက်များရှိ၏။ လူနာမြင်သော ကွယ်လွန်သူများတွင် အမေရိကန်နိုင်ငံ၌ မိန်းမကများ၍ အိန္ဒိယနိုင်ငံ၌မူ အများအားဖြင့် ယောက်ျားဖြစ်၏။ သက်ကြီးများကို ရိုသေလေးစားသော အိန္ဒိယနိုင်ငံ၌ အများအားဖြင့် တမလွန်ဘဝမှ မိဘဘိုးဘွားများကို မြင်လေ့ရှိ၍ မောင်နှမသားချင်းများတို့ မြင်ရမှု နည်းပါး၏။ အမေရိကန်နိုင်ငံ၌မူ မိဘဘိုးဘွားများကိုမြင်သော လူနာများမှာ ၅၀ ရာခိုင်နှုန်း မရှိချေ။ ကွယ်လွန်သော ကလေးသူငယ်များကို မြင်ရသော လူနာများမှာ အမေရိကန်နိုင်ငံ၌ အိန္ဒိယနိုင်ငံမှာထက် ပိုများ၏။

နှစ်နိုင်ငံစလုံး၌ပင် သက်ကြီးလူနာများသည် အများအားဖြင့် မိမိတို့နှင့် သက်တူရွယ်တူ တမလွန်ပုဂ္ဂိုလ်များကို မြင်ကြ၍ သက်ငယ်လူနာများမှာ သက်ကြီးပုဂ္ဂိုလ်များကို မြင်လေ့ရှိ၏။ ဤသည်မှာ အံ့ဩစရာမရှိချေ။ လူငယ်တစ်ဦး သေခါနီး၌ သူနှင့် သက်တူရွယ်တူ ဆွေမျိုးသားချင်းများမှာ အသက်ရှင်နေ၍ သက်ကြီးလူနာအဖို့ သူနှင့် အသက်များစွာမကွာသော ကွယ်လွန်သူသားချင်းများ ရှိပြီးဖြစ်ပေလိမ့်မည်။

အချို့လူနာများ အာရုံထင်သော ပုဂ္ဂိုလ်များမှာ ဘာသာရေးပုဂ္ဂိုလ်များ ဖြစ်၏။ ဘာသာရေးပုဂ္ဂိုလ်ဆိုရာ၌ အမေရိကန်လူနာများအဖို့ သခင်ယေရှု၊ ကောင်းကင်တမန်စသည်တို့ဖြစ်၍ အိန္ဒိယလူနာများအဖို့ ကရစ်ရှနား၊ ရှီဗာစသော ဟိန္ဒူဘုရားများကို ဆိုလိုခြင်းဖြစ်၏။ သေသူကို အာရုံထင်မှုကဲ့သို့ပင် ဘာသာရေးပုဂ္ဂိုလ်ကို အာရုံထင်မှုသည် ရိုးရိုးလူကောင်းများမှာထက် သေခါနီးလူများ၌ ဖြစ်ပွားသောရာခိုင်နှုန်း ပိုများ၏။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယလူနာများက အမေရိကန်လူနာများထက် ပို၍ ဘာသာရေးပုဂ္ဂိုလ်ကို မြင်လေ့ရှိ၏။

နှလုံးရောဂါ ခံစားနေရသော အသက်ရှစ်ဆယ်ကျော် အမေရိကန်လူနာတစ်ဦးသည် သခင်ယေရှုနှင့် ကွယ်လွန်သူမိခင်ကိုပါ မြင်သည်ဆို၏။ သူသည် အနီး၌ ဆရာဝန်ရှိမှန်း သိဟန်မတူချေ။ သူက "သခင်ယေရှု၊ တပည့်တော် လာပါမယ်"ဟု ဆို၏။ ထို့နောက် တစ်ဖက်သို့လှည့်၍ "အမေ။ ကျွန်တော် ဒီမှာရှိတယ်"လို့ပြောပြီး အိပ်ပျော်သွား၏။ လူနာသည်ငြိမ်သက်လာ၍ နောက် ၂၄ နာရီအကြာတွင် သေဆုံးသွား၏။

သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက်အရ အမေရိကန်နိုင်ငံ၌ ၆၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ၌ ၇၉ ရာခိုင်နှုန်းဖြစ်သော အာရုံထင်မှုများတွင် တမလွန်ပုဂ္ဂိုလ်သည် လူနာအား တမလွန်လောကသို့ ခေါ်ဆောင်ရန် ပေါ်ပေါက်လာခြင်း ဖြစ်၏။

ဤသို့ တမလွန်ပုဂ္ဂိုလ် လာ၍ခေါ်ဆောင်မှုသည် လူနာများက ဖွင့်ဟမပြောသော်လည်း ၎င်းတို့၏ ကိုယ်နှုတ်အမူအရာအားဖြင့် ထင်ရှား၏။ ဆရာဝန်တစ်ဦး၏ အဆိုအားဖြင့် "ကင်ဆာဖြစ်နေသော အသက်ခြောက်ဆယ်ကျော် မိန်းမလူနာသည် ရုတ်တရက် မျက်စိဖွင့်ပြီး သူ၏ ကွယ်လွန်သူ ခင်ပွန်းအမည်ကိုခေါ်၍ သူ လာတော့မည်ဟု ပြောပါသည်။ သူသည် မိမိချစ်သူ၏ ရင်ခွင်သို့ သွားတော့မည့်နှယ် တည်ငြိမ်ပြီး နှစ်လိုဖွယ်အပြုံးကို ဆောင်နေပါသည်။ 'ဂိုင်ရေ၊ ကျွန်မ လာတော့မယ်'ဟု ဆိုပါသည်။ သူ့အနီး၌ ကျွန်တော် (ဆရာဝန်)ရှိကြောင်း သိဟန်မတူပါ"

အများအားဖြင့်မူ လူနာကိုယ်တိုင်က မိမိကို တမလွန်လောကမှ ဆွေမျိုးသားချင်း တစ်ဦးက လာခေါ်နေကြောင်း ဖွင့်ဟပြောပြလေ့ရှိ၏။ သွေးကင်ဆာဖြစ်နေသော အိန္ဒိယကျောင်းသားတစ်ဦးသည် သေမည့်နေ့၌ မိမိဖခင်အား "ကျွန်တော် သွားဖို့အချိန်ရောက်ပြီ။ မေမေက ခေါ်နေတယ်။ ဟိုမှာ မေမေ့ကို မမြင်ဘူးလား"ဟုဆိုပြီး ဖခင်လက်ကို ဆွဲကိုင်၍ တစ်နေရာသို့ လက်ညှိုးထိုးပြ၏။ ထိုအချိန်က သူ့မှာ အဖျားမရှိ၊ သတိကောင်း၍ ဖခင်ကို သေသည့်အချိန်အထိ စကားပြောသွား၏။

အမေရိကန်ဆေးရုံတစ်ခု၌ ဆယ်နှစ်ရွယ် မိန်းကလေးတစ်ယောက်မှာ နမိုးနီးယားဖြစ်ပြီး သက်သာလာ၏။ အဖျားကျသွား၍ ကောင်းစွာ သတိရလာ၏။ သို့ရာတွင် မကြာမီ ရောဂါဖောက်လာ၍ မိခင်အား ကောင်းကင်တမန်တစ်ဦးကို မြင်ကြောင်း၊ မိမိအား လက်ဆွဲခေါ်နေကြောင်း ပြောပြီးနောက် ချက်ချင်းပင် အသက်ပျောက်သွား၏။ သူသည် မသေမီကပင် တည်ငြိမ်အေးဆေး၍ ထိုမျှ လျင်မြန်စွာသေလိမ့်မည်ဟု မထင်သောကြောင့် ဆရာဝန်၊ ဆရာမများမှာ များစွာအံ့ဩသွားကြ၏။

နယူးဒေလီ ဆေးရုံတစ်ခု၌ အသက်နှစ်ဆယ်ရွယ် မိန်းမပျိုတစ်ဦးမှာ မေးခိုင်ရောဂါဖြစ်၍ ကုသနေရာမှ သူနာပြုဆရာမအား မိမိကို မှသီခေါ် ဘုရားက လာ၍ခေါ်နေသည်ဟု ပြော၏။ ဆွေမျိုးသားချင်းများအား ဘုရားနှင့်အတူ လိုက်သွားတော့မည်ဟု ပြောပြီး ဆေးမသောက်တော့ချေ။ မိနစ်အနည်းငယ်အတွင်း မိမိ သေတော့မည်ဟု ယုံကြည်၍ အကယ်ပင် ၁၅ မိနစ်အတွင်း၌ သူ သေဆုံး၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ တမလွန်ပုဂ္ဂိုလ် လာခေါ်သည်ဆိုသော အချိန်၌ သက်မဲ့ရုပ်ဝတ္ထုများက ထူးဆန်းစွာ နိမိတ်ပြတတ်၏။ လူတစ်ဦးသေချိန်၌ ထိုသို့သော နိမိတ်ပြမှုမျိုးကို စိတ်ဝိညာဉ် သုတေသနမှတ်တမ်းများ၌ သာဓကများဖြင့် ဖော်ပြထား၏။ နာမည်ကျော် အမေရိကန် စက်မှုတီထွင်သော သောမတ်အယ်ဒီဆင် သေသောအခါ သူ့မိတ်ဆွေနှစ်ဦး၏ စားပွဲတင်နာရီနှစ်လုံးမှာ ရပ်သွား၍ သူ၏ တိုင်ကပ်နာရီကြီးမှာ သူ သေပြီးနောက် မိနစ် အနည်းငယ်အကြာတွင် ရပ်သွားသည်ဆို၏။

အိန္ဒိယနိုင်ငံမှ ခရစ်ယာန်ဘာသာဝင် သူနာပြုဆရာမတစ်ဦး၏ အဆိုအားဖြင့် "အဆုတ်ရောဂါဖြစ်နေသော ယောက်ျားလူနာတစ်ဦးမှာ မိမိ သေရတော့မည်ဟု ယုံကြည်ပြီး ကျွန်မတို့အား သူ့အတွက် ဆုတောင်းပေးကြဖို့ ပြောပါသည်။ သူ့အခန်းတွင် ဒုတိယအထပ်သို့သွားသော လှေကားတစ်ခု ရှိပါသည်။ သူက ကောင်းကင်တမန်တွေ လှေကားက ဆင်းလာပြီဟု ရုတ်တရက် အော်ပြောပါသည်။ ကျွန်မတို့အားလုံး လှေကားဆီသို့ ကြည့်လိုက်ရာ လှေကားထစ်ပေါ်၌တင်ထားသော ဖန်ခွက်တစ်လုံးမှာ အကြောင်းတစ်စုံတစ်ရာ မရှိဘဲ အလိုလို ကွဲသွားပါသည်။ (အောက်သို့ကျခြင်းမရှိဘဲ အလိုလိုကွဲသွားခြင်း ဖြစ်ပါသည်။) ကောင်းကင်တမန်များကိုကား ကျွန်မတို့ မမြင်ရပါ။ လူနာ၏ မျက်နှာပေါ်၌ ငြိမ်းချမ်းသော လက္ခဏာပေါ်လာပြီးနောက် တစ်ခဏ၌ သူ သေဆုံးပါသည်"

အချို့လူနာများမှာ မိမိတို့ထံလာသော တမလွန်ပုဂ္ဂိုလ်များနှင့် အတန်ကြာ အေးအေးဆေးဆေး စကားပြောကြ၏။ လူနာမိန်းမတစ်ဦးမှာ မိမိ၏ သားဖြစ်သူအား ဒုတိယကမ္ဘာစစ်အတွင်းက စစ်မြေပြင်တွင် မည်သို့ကျဆုံးခဲ့ကြောင်း မေးမြန်းနေသည်ကို တွေ့ရ၏။ သူနာပြုဆရာမတစ်ဦးက ကင်ဆာလူနာတစ်ဦးအကြောင်း ပြောပြသည်မှာ "သူ့အခန်းထဲသို့ ကျွန်မ ဝင်သွားသောအခါ သူသည် တတွတ်တွတ် စကားပြောနေပါသည်။ သူ့အိပ်ရာအနီး၌ ထိုင်နေသော သူ့သားက 'အဖေနဲ့သူ စကားပြောနေတယ်၊ အဖေသေတာ ၁၇ နှစ်ရှိပါပြီ'ဟု ကျွန်မအား ပြောပါသည်။ လူနာသည် သူ့ခင်ပွန်း ယောက်ျား သေဆုံးပြီးကတည်းက မိသားစုအတွင်း ဖြစ်ပျက်ခဲ့သမျှအကြောင်းကို ပြန်ပြောပြနေဟန် တူပါသည်။ မေးသမျှကိုလည်း ပြန်လည်ဖြေကြားနေပါသည်"

တမလွန်လောကမှ ပုဂ္ဂိုလ်တစ်ဦး လာခေါ်သည်ဆိုသော လူနာသည် အာရုံထင်ပြီးနောက် သိသိသာသာ ပြောင်းလဲသွားတတ်၏။ အာရုံမထင်မီကကဲ့သို့ ကြောက်ခြင်း၊ စိတ်အားငယ်ခြင်း အလျဉ်းမရှိဘဲ မျက်နှာတွင် သာယာငြိမ်းချမ်းသော အသွင်လက္ခဏာ အထင်အရှား ပေါ်လာ၏။ ဆရာဝန်၊ ဆရာမတို့၏ အဆိုအားဖြင့် အခြား သေခါနီး လူနာများတွင် ထိုပြောင်းလဲမှုမျိုးကို ပြောပလောက်အောင် မတွေ့ရချေ။ အာရုံထင်ပြီးနောက် လူနာများသည် တစ်နာရီအတွင်း သေဆုံးလေ့ရှိကြ၏။

ဤထူးဆန်းသော ဖြစ်ပျက်မှုများအတွက် သုတေသီဆရာတို့သည် ရှေးဦးစွာ တမလွန်ဘဝကို မစဉ်းစားဘဲ အခြားဖြစ်နိုင်သော အကြောင်းတရားများကို ရှာဖွေစဉ်းစားကြ၏။ လူနာအား တမလွန်လောကမှ လာခေါ်သည်ဆိုသော အမှုများတွင် လူနာ၏



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်၊ ဗဟုသုတနှင့် ယောက်ျားမိန်းမဖြစ်ခြင်းသည် အကြောင်းမဟုတ်ချေ။ ထိုလူနာများတွင် ပညာတတ်များ ပါဝင်သလို ပညာအခြေခံ နည်းပါးသူများလည်း ပါဝင်၏။ ၎င်းတို့တွင် လူကြီးကများ၍ အိန္ဒိယနိုင်ငံ၌ ယောက်ျားများက ပိုများကြောင်း တွေ့ရသည် မှန်၏။ သို့သော် ထိုသို့တွေ့ရခြင်းမှာ လူငယ်ထက် လူကြီးက အသေအပျောက်များသော သဘာဝတရားနှင့် အိန္ဒိယပြည်တွင် မိန်းမများက ယောက်ျားများလောက် ဆေးရုံ၌ ကုသမှုခံယူသော အလေ့အထမရှိခြင်းကြောင့် ဖြစ်ဟန်ရှိ၏။

ဘာသာတရားနှင့် တမလွန်ဘဝကို ယုံကြည်မှုသည်လည်း အရေးပါသော အကြောင်းတရား ဖြစ်ဟန်မတူချေ။ ထိုယုံကြည်မှုနှင့် ပတ်သက်၍ သုတေသီတို့သည် လူနာ အနည်းငယ်အကြောင်းကိုသာ သိရှိခဲ့ရလေရာ ၎င်းတို့တွင် ၁၃၉ ယောက်မှာ ယုံကြည်သူများဖြစ်၍ ၁၂ ယောက်သာလျှင် မယုံကြည်သူများဖြစ်၏။ ဆရာဝန်အား ဘာမျှဖွင့်မပြောသောသူများတွင် မယုံကြည်သော လူနာများလည်း ပါဝင်ပေလိမ့်မည်။ နယူးယောက်မြို့၌ ကင်ဆာဖြင့် သေခါနီးဖြစ်နေသော လူနာတစ်ဦးသည် ဆရာဝန်အား မိမိသည် ဘာသာတရားမရှိသောသူ ဖြစ်သည်ဟု ပြော၏။ သို့ရာတွင် နောက်မကြာမီ သူက မိမိအခန်းထဲ၌ သခင်ခရစ်တော်ကို မိနစ်အနည်းငယ်ကြာမျှ တွေ့မြင်လိုက်ရပါသည်ဟု ဆိုလေသည်။

ဦးနှောက်ရောဂါနှင့် အခြား အချို့သောရောဂါများသည် လူနာအား အာရုံထင်မှု ဖြစ်စေတတ်၏။ သို့ရာတွင် သုတေသီတို့၏ စုံစမ်းလေ့လာချက်အရ ထိုရောဂါမျိုး ဖြစ်ပွားမှုကို တမလွန်လောကမှ လာခေါ်သည်ဆိုသော လူနာများတွင် ထူး၍ ခြား မတွေ့ရချေ။ ထိုရောဂါမျိုးစွဲကပ်နေသော လူနာများတွင်လည်း ထိုသို့သော အာရုံထင်မှု၊ လာခေါ်မှုများ မရှိချေ။ ဆေးရုံများတွင် သေခါနီးလူနာများအား ဝေဒနာသက်သာစေရန်နှင့် စိတ်ငြိမ်သက်စေရန် ဆေးများ ကျွေးထားလေ့ရှိရာ ထိုဆေးများသည်လည်း အာရုံထင်မှုကို ဖြစ်စေတတ်၏။ သို့ရာတွင် အထက်ပါလူနာများတွင် ၆၁ ရာခိုင်နှုန်းမှာ ထိုဆေးများ စားထားခြင်းမရှိ။ ကျန်လူနာများမှာ အချိန်ပမာဏနည်း၍ ညံ့သက်သောဆေးများ စားထားသဖြင့် လူနာ၏စိတ်ကို ထိခိုက်စရာ အကြောင်းမရှိဟု ဆရာဝန်များက ယူဆကြ၏။

လူနာသည် အဖျားကြီးသောအခါ၌ စိတ်ကယောင်ချောက်ချားဖြစ်၍ အာရုံထင်တတ်သည်ဟု အဆိုရှိရာ သုတေသီတို့လေ့လာသော လူနာများတွင် ၅၈ ရာခိုင်နှုန်းမှာ အဖျားလုံးဝမရှိ၊ အဖျားကြီးသော လူနာများမှာ ၈ ရာခိုင်နှုန်းမျှသာ ဖြစ်၏၊ ထိုလူနာများသည် အာရုံထင်သောအခါ၌ သတိကောင်း၍ စိတ်ကြည်လင်နေကြသည်က များ၏။ သတိရတစ်ချက်၊ မရတစ်ချက်ဖြစ်နေသော လူနာများမှာ အာရုံထင်လေ့ မရှိကြချေ။

တမလွန်လောကမှ လာ၍ခေါ်သည်ဆိုခြင်းမှာ လူနာ၏မသိစိတ်က ဖန်တီးမှု ဖြစ်အံ့သည်ဟု အချို့စိတ်ပညာရှင်တို့က ယူဆကြ၏။ ဘာသာတရားကို မယုံကြည်သော ရုပ်ဝါဒီတို့သည်ပင် မိမိတို့ဘဝကို တွယ်တာ၍ သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်ခြင်းကို မသိမသာ တောင့်တကြသည်။ ထိုအလိုအနှ၊ ထိုအစွဲနှင့်အညီ မသိစိတ်က လှည့်စားခြင်း ဖြစ်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအဆိုနှင့်ပတ်သက်၍ စဉ်းစားရန်အချက်များ ရှိ၏။ ဘာသာတရားကို ယုံကြည်သောသူများအား 'တမလွန်ဘဝအကြောင်း' အလေးအနက် ဟောပြောသောသူများမှာ အများအားဖြင့် ဘုန်းကြီးများဖြစ်၏။ လူတို့ကလည်း ဘုန်းကြီးများ၏ ဆုံးမဩဝါဒကို လေးစားနာခံကြ၏။ သို့စဉ်လျက် သေခါနီး အာရုံထင်မှုများတွင် ခရစ်ယာန်၊ သို့မဟုတ် ဟိန္ဒူဘုန်းကြီးများက တမလွန်လောကမှ လာခေါ်သည်ဆိုသော လူနာတစ်ဦးတစ်ယောက်မျှ မရှိချေ။ ဘုရားတရားကြည်ညိုသော အိန္ဒိယတိုင်းသားတို့သည် သူတို့အား ဘဝသံသရာ ခရီး၌ ရှေ့ဆောင်လမ်းပြသည်ဆိုသော ဂုရု(အထက်ဆရာကြီး)များကို ယုံကြည်ကိုးစားကြ၏။ သို့ရာတွင် သူတို့သေခါနီး၌ ထိုဂုရုဆရာကြီးများ ပေါ်ပေါက်လာသည်ဆိုသော လူနာများမှာ ငါးဦးသာရှိ၏။

ထို့အပြင် အလိုဆန္ဒကြောင့် ဖြစ်ပေါ်လာသည်ဟု စိတ်ပညာဆရာများက ယူဆသော သေခါနီးအာရုံထင်မှုများတွင် အချို့လူနာများသည် တမလွန်လောကမှ လာခေါ်သည်ဆိုသော ပုဂ္ဂိုလ်များနှင့်အတူ လိုက်ပါသွားလိုသော ဆန္ဒမရှိကြချေ။ ထိုသို့ လိုက်ပါရန် ငြင်းဆန်သော လူနာများကို အမေရိကန်နိုင်ငံ၌ တစ်ယောက်၊ အိန္ဒိယနိုင်ငံ၌ လူနာအားလုံး၏ သုံးပုံတစ်ပုံခန့် သုတေသီတို့ တွေ့ကြရ၏။

နယူးဒေလီမြို့မှ လူနာတစ်ဦးမှာ ခွဲစိတ်ခံပြီး သက်သာမှ ကွယ်လွန်သူ မိမိအဘိုးကို အာရုံထင်လာ၏။ "ကျွန်တော့်အဘိုးက ဒီနားရောက်နေတယ်။ သူ ကျွန်တော့်ကို ခေါ်ဖို့လာတာပါ။ ကျွန်တော် သူနဲ့ လိုက်မသွားချင်ဘူး။ ကျွန်တော့်ကို တစ်ယောက်တည်း ပစ်မထားပါနဲ့"ဟု ဆရာဝန်အား ပြော၏။ သူသည် ထိုအခါက သတိကောင်း၍ မေးသမျှကို ကောင်းစွာဖြေကြားနိုင်၏။ သို့ရာတွင် သူ့အဘိုးကိုမြင်၍ စိတ်တုန်လှုပ်ချောက်ချားပြီး တစ်နာရီအတွင်း သေဆုံး၏။

အမေရိကန် လူနာအားလုံးလိုလိုပင် တမလွန်လောကမှ လာခေါ်သော ပုဂ္ဂိုလ်နှင့်အတူ အသာတကြည် လိုက်ပါသွားကြ၍ အိန္ဒိယလူနာ သုံးပုံတစ်ပုံခန့်က ငြင်းဆန်ကြခြင်းမှာ စဉ်းစားဖွယ်ရာဖြစ်၏။ အိန္ဒိယလူနာများမှာ အသက်ငယ်ရွယ်စဉ် သေကြရသောကြောင့် သေခါနီးတွင် ဘဝတဏှာက ဟန့်တားခြင်းဖြစ်သည်ဟု သူတို့ဆရာဝန်တို့က ယူဆကြ၏။ ဤယူဆချက်မှာ ငြင်းဆန်သော လူနာအားလုံးအဖို့ မှန်ကန်မည် မဟုတ်ချေ။ အသက်သုံးဆယ်အထက် လူနာနှစ်ဦးမှာ တမလွန်လောကသို့ ရှောရှောရှူရှူ လိုက်ပါသွားကြောင်း သိရှိရ၏။

များသောအားဖြင့်ကား တမလွန်လောကသို့ မသွားလိုကြခြင်းမှာ ဘာသာရေး ယုံကြည်ချက်ကြောင့် ဖြစ်တန်ရာ၏။ အိန္ဒိယတိုင်းသားတို့သည် ယမရာဇခေါ် သေမင်းနိုင်ငံရှိသည်ဟု ယုံကြည်ကြ၏။ ယမမင်း၏ တမန်တို့သည် သေခါနီးလူနာကို ယမမင်းထံသို့ ခေါ်ဆောင်ရန် လူနာ၏အိပ်ရာအနီး၌ ပေါ်လာတတ်သည်။ လူနာသည် ကောင်းမှုပြုခဲ့ပါက သေမင်းတမန်သည် နှစ်လိုဖွယ်အဆင်းဖြင့် ပေါ်လာ၍ မကောင်းမှုပြုခဲ့သောသူဖြစ်ပါက ကြောက်မက်ဖွယ် အသွင်သဏ္ဌာန်ဖြင့် ပေါ်လာတတ်သည် ဆို၏။ သေမင်း



www.burmeseclassic.com

www.burmeseclassic.com



တမန်ကို အိန္ဒိယသားတို့က ယမ်ဒု¹ဟု ခေါ်ကြ၏။ ဆရာဝန်တို့၏ အဆိုအားဖြင့်မူ လူနာက မိမိအားလာခေါ်သော ယမ်ဒုမှာ မည်သို့သော ပုံသဏ္ဍာန်ရှိသည်ဟု မပြောချေ။

လူနာတစ်ဦးမှာ အဖျား ၁၀၃ ဒီဂရီရှိသော်လည်း သတိမလစ်ချေ။ သူသည် အမေဖြစ်သူအား "မာမိ၊ ဟိုမှာ လူတစ်ယောက်ရပ်နေတယ်။ သူ့မှာ လှည်းပါလာတယ်။ သူဟာ ယမ်ဒုဖြစ်မှာပဲ။ သူက ကျွန်တော့်ကို ခေါ်မယ်လို့ ပြောနေတယ်။ ကျွန်တော် သူနဲ့ လိုက်မသွားချင်ဘူး။ မာမိနဲ့ အတူနေချင်တယ်"ဟု အော်ပြော၏။ ထို့နောက် "ကျွန်တော့်ကို အတင်းဆွဲခေါ်နေတယ်။ ကျွန်တော့်ကို ကိုင်ထားပါ။ ကျွန်တော် သူနဲ့ လိုက်မသွားချင်ဘူး"ဟုပြောရင်း သေဆုံး၏။

အတွေ့ကြုံများသော အိန္ဒိယ ယောကျ်ားသူနာပြုတစ်ဦး၏ ပြောပြချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"လူနာမှာ အသက်လေးဆယ်ကျော် ဆင်းရဲသားတစ်ဦးဖြစ်၍ အဆုတ်ရောဂါဖြင့် ဆေးရုံပေါ် ရောက်ရှိနေပါသည်။ ထိုအချိန်က သူ့မှာ အဖျားအနည်းငယ် ရှိပါသည်။ သူက 'ယမ်ဒု ကျွန်တော့်ကိုခေါ်ဖို့ လာနေပြီ။ ကျွန်တော့်ကို ယမ်ဒုမတွေ့အောင် တခြားခေါ်သွားကြပါ'ဟု ပြောပါသည်။ အပြင်နှင့် အပေါ်သို့ လက်ညှိုးထိုးပြ၍ 'သူ ဟိုမှာ'ဟု ပြောပါသည်။ ဆေးရုံအခန်းမှာ အောက်ဆုံးထပ် ဖြစ်ပါသည်။ အပြင် ဆေးရုံဝင်းထဲ၌ သစ်ပင်ကြီးတစ်ပင်ရှိ၍ သစ်ကိုင်းများပေါ်၌ ကျီး အတော်များများ နားနေကြပါသည်။ လူနာက အာရုံထင်သော တစ်ခဏ၌ တစ်စုံတစ်ယောက်က သူတို့ကို သေနတ် ပစ်ဖောက် လိုက်သကဲ့သို့ ကျီးများ ရုတ်တရက် လန့်ဖျပ်အော်မြည်ပြီး တခြားသို့ ပျံပြေးကြပါသည်။ ကျွန်တော်တို့မှာ များစွာအံ့သြ၍ အပြင်သို့ထွက်ပြီး ကြည့်ကြပါသည်။ သို့ရာတွင် ကျီးများ အနှောင့်အယှက်ဖြစ်စရာ ဘာမျှမမြင်ပါ။ နဂိုက တိတ်တိတ်ဆိတ်ဆိတ်ရှိသော ကျီးများ စူးစူးရှရှအော်မြည်ပြီး ပျံပြေးကြခြင်းမှာ ကြောက်မက်ဖွယ်ရာ တစ်ခုခုကို မြင်၍ပေလောဟု တွေးတောစရာ ဖြစ်နေပါသည်။ ကျီးပြုသည်နှင့် မရှေးမနှောင်း လူနာသည် မြောသွား၍ နောက် မိနစ်အနည်းငယ် အကြာတွင် သေဆုံးပါသည်"

လည်ချောင်းကင်ဆာဖြစ်နေသော အသက်ရှစ်ဆယ်ရွယ်ရှိ အိန္ဒိယ မိန်းမလူနာ တစ်ဦးကမူ သူ့ကို လာခေါ်သောသူများမှာ မည်သို့သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မပြော သော်လည်း သူတို့နောက်သို့ မလိုက်လိုကြောင်း အပြင်းအထန် ဆန္ဒပြ၏။ "ငါ့ကိုခေါ်ဖို့ လူတွေလာနေကြပြီ။ ငါ မသွားချင်ဘူး။ ငါ့လက်ကို ကိုင်ထားကြပါ"ဟု အော်ပြော၏။ သို့ဖြင့် သူ့အနီးတွင် ထိုင်နေသော ချွေးမ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း သေဆုံးသွား၏။

မီးလောင်သောဒဏ်ရာများဖြင့် သေခါနီးနေပြီဖြစ်သော အသက်သုံးဆယ်အရွယ်ရှိ မိန်းမလူနာတစ်ဦးမှာ ပထမတွင် အကြောက်လွန်၍ သူနာပြုဆရာမအား အကူအညီ တောင်း၏။ "ဆရာမ၊ ကျွန်မကို ကယ်ပါ။ အဝတ်ဖြူနဲ့ လူလေးယောက် ကျွန်မဆီ

---

၁။ yamdoot



www.burmeseclassic.com

www.burmeseclassic.com



လာနေကြတယ်။ သူတို့နောက်ကို လိုက်ရမယ်လို့ ကျွန်မကို ပြောနေတယ်"ဟု ပြော၏။ နောက် ၁၀ မိနစ်ခန့်အကြာ၌မူ သူ့မှာ ကြောက်စိတ်မရှိတော့ချေ။ သစ်ပင်ကြီးတစ်ပင်ကို သူ မြင်သည်။ သစ်ရွက်များပေါ်၌ ရမ်ရမ်(အိန္ဒိယဘုရား၏အမည်)ဟု ရေးသားထားသည် ဆို၍ ငြိမ်ငြိမ်သက်သက် သေဆုံး၏။

တမလွန်ဘဝကို လက်မခံလိုသော သူတို့နားလည်ရန် ခက်ခဲသောအချက်တစ်ခု ရှိ၏။ ၎င်းမှာ အချို့လူနာများသည် ဆရာဝန်က သေလိမ့်မည်မဟုတ်ဟု တွက်ဆထားပါလျက် ကွယ်လွန်သူ ဆွေမျိုးသားချင်း၊ သို့မဟုတ် ဘာသာရေးပုဂ္ဂိုလ် (ကောင်းကင်တမန်၊ သေမင်းတမန် စသည်)ကို တွေ့မြင်ပြီးနောက် ထိုသူတို့ အလိုဆန္ဒကို လိုက်လျောဘိသကဲ့သို့ ထူးဆန်းစွာ သေဆုံးကြရခြင်း ဖြစ်၏။

ဆေးရုံ၌ ရင်ကျပ်ပန်းနာဖြစ်နေသော အသက်ခြောက်ဆယ်ကျော် အိန္ဒိယ လူနာတစ်ဦးမှာ ဆရာဝန်က မုချ ရောဂါသက်သာလာလိမ့်မည်ဟု ပြောဆိုထား၏။ လူနာကိုယ်တိုင်ကလည်း မသေချင်။ ပြန်လည် ကျန်းမာလာလိမ့်မည်ဟု ယုံကြည်၏။ သို့ရာတွင် များမကြာမီ "ငါ့ကို တစ်ယောက်ယောက်က ခေါ်နေတယ်"ဟုဆိုပြီး သူ၏ ဆွေမျိုးသားချင်းများကိုမူ "ငါ့အတွက် သိပ်စိတ်ပူမနေကြပါနဲ့။ ငါ ဘာမှမဖြစ်နိုင်ပါဘူး"ဟု ပြော၏။ ထိုသို့ ပြောပြီးနောက် ၁၀ မိနစ်အကြာတွင် သေဆုံး၏။

အသက်နှစ်ဆယ်ကျော် တက္ကသိုလ်ပညာတတ် ခရစ်ယာန်ဘာသာဝင် ယောက်ျား လူနာတစ်ယောက်အကြောင်းကို သူ၏ဆရာဝန်က အောက်ပါအတိုင်း ပြောပြ၏။

"လူနာမှာ ခွဲစိတ်ကုသခံပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ ဆေးရုံမှ ဆင်းရတော့မည်ဖြစ်၍ သူ့မှာ အဖျားမရှိ၊ ဆေးဝါးပေးကျွေးထားခြင်းလည်း မရှိ သူက ရင်အောင့်သည်ဆိုသဖြင့် ကျွန်တော် သူ့ကို သွားကြည့်ပါသည်။ သူက 'သေတော့မည်'ဟု ဆိုပါသည်။ ကျွန်တော်က 'ခင်ဗျား ဘာကြောင့် သေရမှာလဲ။ ရင်ထဲက နည်းနည်းနာတာနဲ့ မသေနိုင်ပါဘူး'ဟု ပြောပါသည်။ သူက ရင်ထဲကနာပြီး နောက်မကြာမီ ဤကမ္ဘာပေါ်၌ မရှိတော့ဘဲ အခြားတစ်နေရာသို့ စက္ကန့်အနည်းငယ်ကြာမျှ ရောက်ရှိသွားသလို ခံစားခဲ့ရပါသည်။ ထိုအချိန်၌ ခရစ်တော်သည် ကောင်းကင်မှ ဆင်းသက်လာသည်ကို သူ ဖူးတွေ့ရသည်။ ခရစ်တော်က သူ့ကို လက်ပြပြီးခေါ်သည်။ ထို့နောက် ခရစ်တော် ပျောက်ကွယ်သွားပြီး သူ သတိရလာသည်ဟု ဆိုပါသည်။ သူက သူ့ကို ခရစ်တော်က ခေါ်သဖြင့် ဝမ်းသာသည်၊ မကြာမီ သူသေတော့မည်ဟု ပြောပြီးနောက် မိနစ်အနည်းငယ် အကြာတွင် သေဆုံးပါသည်"

"အသက်ခြောက်ဆယ်ကျော် ခေတ်ပညာတတ် မိန်းမတစ်ဦးသည် ကျန်းမာရေး စမ်းသပ်ရန် ဆေးရုံသို့ ရောက်လာပါသည်။ ကျွန်တော် (ဆရာဝန်)က သူ့ကို သေချာစွာ စမ်းသပ်စစ်ဆေးရာ အဖျားအနည်းငယ်ရှိသည်မှအပ အခြား ရောဂါလက္ခဏာ ဘာမျှ မတွေ့ရပါ။ သို့ဖြစ်၍ အိမ်သို့ပြန်နိုင်ကြောင်း ပြောလိုက်ပါသည်။ သို့ရာတွင် နောက်တစ်ရက် မကြာမီ သူသည် တစ်စုံတစ်ယောက်က သူ့ကို 'မင်း အချိန်စေ့ပြီ။ ငါနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်ဟု တီးတိုးပြောနေသည်'ဟု ဆိုပါသည်။ မည်သူက ပြောသနည်းဟု ဆွေမျိုးသားချင်းများက မေးသောအခါ ယမ်ဒု(သေမင်းတမန်)ဟု သူက ပြောပါသည်။ ဤအကြောင်းကို သူ နှစ်ကြိမ်၊ သုံးကြိမ် ပြောပြီးနောက် ငြိမ်သက်သွား၍ သုံးနာရီအကြာတွင် သေဆုံးသွားပါသည်"

ဆရာဝန် ပြောပြသော အထက်ပါအမှု၌ သေမင်းတမန်သည် အထက်က ဖော်ပြခဲ့သော အိန္ဒိယသားတို့၏ အစဉ်အလာ ယုံကြည်ချက်နှင့်အညီ နှစ်လိုဖွယ်အဆင်းရှိ၍ မိန်းမသည် အကျင့်သီလရှိသော မိန်းမ ဖြစ်ခဲ့ပေလိမ့်မည်။

တက္ကသိုလ်ပညာတတ် လူငယ်တစ်ဦးမှာ ဆေးရုံ၌ အတော်ရောဂါ သက်သာနေပြီ ဖြစ်၏။ သူ နေကောင်းတော့မည်ဟု ဆရာဝန်က ပြောထား၏။ သို့ရာတွင် ဆေးရုံမှ ဆင်းတော့မည့်နေ့ နံနက် ၅ နာရီ၌ သူက 'ဟိုမှာ အဝတ်ဖြူနဲ့ လူတစ်ယောက်ရပ်နေတယ်။ ငါ မင်းနဲ့အတူ မသွားဘူး'ဟု အော်ပြော၏။ ထိုသို့ပြောပြီးနောက် ၁၀ မိနစ်အတွင်း သေဆုံး၏။

အိန္ဒိယနိုင်ငံသို့ သုတေသီဆရာတို့ မသွားရောက်မီ သုံးနှစ်လောက်က ဖြစ်ပွား၍ အလွန်ဆန်းကြယ်ပြီး ဆရာဝန်များ ဦးနှောက်ခြောက်ရသော အမှုမှာ အောက်ပါအတိုင်း ဖြစ်၏။

အသက်သုံးလေးနှစ်အရွယ် မိန်းကလေးတစ်ယောက်ကို သူ့မိဘများက နယူးဒေလီ ဆေးရုံကြီးတစ်ခုသို့ ခေါ်ဆောင်လာကြ၏။ လွန်ခဲ့သော သုံးရက်လောက်ကစ၍ ကလေးသည် သူ့ကို ဘုရားကခေါ်နေသဖြင့် မကြာမီ သူ သေတော့မည်ဖြစ်ကြောင်း ထပ်တလဲလဲ ပြောနေသည် ဆို၏။ ကလေးသည် ဖျားနာခြင်းမရှိသော်လည်း ပူပန်ကြောက်ရွံ့သော လက္ခဏာရှိ၏။ တစ်စုံတစ်ခုကို မြင်ဟန်ကြားဟန်ရှိသော်လည်း မည်သို့သောအရာဖြစ်ကြောင်း ပြောမပြချေ။ ဆရာဝန်က သူ့ကို သေချာစွာ စစ်ဆေးကြည့်ရာ ရောဂါလက္ခဏာ ဘာမျှ မတွေ့ရချေ။ သို့ရာတွင် မိဘများက တောင်းပန်သဖြင့် သူ့ကို ဆေးရုံ၌သာထားရန် ခွင့်ပြုလိုက်၏။ မိဘများက သူ့အာရုံပြောင်းလွှဲရန် ကြိုးစားသော်လည်း ခဏမျှငြိမ်သွားပြီး ဘုရားက ခေါ်သဖြင့် သူ သေရတော့မည်ဖြစ်ကြောင်း ပြောမြဲပြောနေ၏။ နောက်တစ်နေ့၌ ကလေးသည် အကြောင်းရှာမရဘဲ သွေးကြောများ တဖြည်းဖြည်း အားနည်းပြီး သေဆုံး၏။

ဤသို့ တမလွန်လောကမှ အခေါ်ခံရသည်ဆိုသော လူနာများတွင် ဆရာဝန်များက အနာရောဂါလက္ခဏာ တစ်စုံတစ်ရာမတွေ့ရဘဲ သေဆုံးမှုများအပြင် ဆရာဝန်က ရောဂါအခြေအနေကိုကြည့်၍ ခန့်မှန်းထားသော အချိန်ကာလမကုန်ဆုံးမီ ရုတ်တရက် သေဆုံးမှုများလည်းရှိ၏။ သို့ဖြင့် ဤလူနာမျိုးကို တွေ့ကြုံဖူးသော ဆရာဝန်တို့က "ဘယ့်နှယ်လဲဗျာ။ ကျုပ်တို့က လူနာသေရမယ့် အချိန်ကို ဆွဲထားပေမယ့် နောက်ဆုံး သူတို့ကပဲ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နာရီမှာ သေရမယ်လို့ ဆုံးဖြတ်ကြလေရော့သလား"ဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝကို မယုံကြည်သောသူတို့ စဉ်းစားရန် သုတေသီဆရာတို့၏ လေ့လာတွေ့ရှိချက်တစ်ခု ရှိသေး၏။ ၎င်းတို့မှာ လူနာသည် မိမိ မသိဘဲနှင့် သေဆုံးသွားသောသူကို မိမိအား လာခေါ်သော တမလွန်ပုဂ္ဂိုလ်နှင့်အတူ တွေ့မြင်ရခြင်း ဖြစ်၏။ ဤလူနာမျိုးမှာ များများစားစား မရှိချေ။ ဤအခန်းအစ၌ ထိုသို့မြင်သော အင်္ဂလန်ပြည်မှ မိန်းမလူနာ တစ်ဦးအကြောင်းကို ဖော်ပြခဲ့ပေပြီ။ အောက်ပါမှာ အလားတူ အမှုတစ်ခု ဖြစ်၏။

မိန်းမပျိုတစ်ဦးမှာ အဆုတ်ရောဂါစွဲကပ်၍ ပတ်ဝန်းကျင်ကို သတိမရတော့ဘဲ သေခါနီးဆဲဆဲအခြေသို့ ရောက်ရှိနေ၏။ သူသည် သတိပြန်လည်လာပြီး ရှေးက အဆုတ်ရောဂါဖြင့် သေဆုံးသွားသော အစ်မသုံးဦး မိမိ အနီး၌ရှိကြောင်း အသိအမှတ်ပြုသကဲ့သို့ "စူးစန်၊ ဂျန်စဲ၊ သီလင်"ဟု အမည်များကို ခေါ်၏။ ထို့နောက် "ဟင်...အက်ဒဝပ်ပါလား" ဟု မိမိအစ်ကိုကို အစ်မများနှင့်အတူ တွေ့မြင်ရသဖြင့် အံ့သြသွားသည့် အမူအရာဖြင့် ပြော၏။ ထိုအခါက အက်ဒဝပ်မှာ အိန္ဒိယပြည်၌ ကျန်းမာ၍ အသက်ရှင်နေသည်ဟု အားလုံး ယူဆထားကြ၏။ ထို့နောက် လူနာသည် ဘာမျှမပြောတော့ဘဲ မကြာမီ သေဆုံးသွား၏။ ရက်အနည်းငယ် ကြာသောအခါ အိန္ဒိယပြည်မှ စာရောက်လာ၍ အက်ဒဝပ်မှာ သူ့နှမ မသေမီ ရက်သတ္တနှစ်ပတ်လောက်က ထိခိုက်ဒဏ်ရာရ၍ ကွယ်လွန်ကြောင်း သိရ၏။

ဤသို့လျှင် တမလွန်လောကမှ လာခေါ်သည်ဟုဆိုသော လူနာများနှင့်ပတ်သက်၍ ဆရာဝန်၊ ဆရာမများ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များမှာ အလွန်ဆန်းကြယ်၍ လူနာ၏ ရောဂါအခြေအနေ၊ စိတ်စွဲလမ်းမှု၊ ယုံကြည်မှု စသည်ဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။

## (ဃ) သူတို့မြင်သော တမလွန်လောက

သေခါနီးလူနာနှင့် သေရွာပြန်များသည် တမလွန်လောကသို့ မိမိတို့ ရောက်ခဲ့ကြသည်ဟု ပြောလေ့ရှိကြ၏။ ဤနေရာ၌ တမလွန်လောကဆိုသည်မှာ သေသည်၏အခြားမဲ့၌ ဘဝသစ်တစ်ဖန်ဖြစ်သော နေရာဌာနအဖြစ် လူတို့အစဉ်အလာ ခံယူထားသော နတ်ပြည်၊ ကောင်းကင်ဘုံ အစရှိသည်တို့ကို ဆိုလိုခြင်းဖြစ်၏။

အချို့လူနာများသည် သူတို့ရောက်ခဲ့သည်ဆိုသော တမလွန်လောကအကြောင်း ဘာမျှမပြောပြကြချေ။ မေ့ဆေးပေးထားရာမှ သတိပြန်လည်လာသော အသက် ၂၆ နှစ်ရှိ အမေရိကန်လူနာအား အကျိုးအကြောင်း မေးကြည့်ရာ "ဟုတ်ကဲ့။ ကျွန်တော် ကောင်းကင်ဘုံသို့ ရောက်ခဲ့ပါတယ်"ဟုပြောပြီး ချက်ချင်းပြောသွားရာ နောက်နာရီဝက်ခန့်အကြာတွင် သေဆုံး၏။

သုတေသီတို့ လေ့လာခဲ့သော တမလွန်လောက အာရုံထင်မှုများတွင် သုံးပုံနှစ်ပုံမှာ သေဆုံးသူများ၏ အာရုံထင်မှုဖြစ်၍ ကျန်သုံးပုံတစ်ပုံမှာ မသေဘဲ ပြန်နေကောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သေသောသူတို့၏ အာရုံထင်မှုများ ဖြစ်၏။ အာရုံထင်ခြင်းသည် အများအားဖြင့် အချိန်တိုတောင်း၍ ၅၂ ခိုင်နှုန်းမှာ စက္ကန့်အနည်းငယ်မှ ငါးမိနစ်အထိသာ ကြာ၏။

နေရာဌာနနှင့် အရာဝတ္ထုများကို အာရုံထင်မှုထက် တမလွန်ပုဂ္ဂိုလ်ကို အာရုံထင်မှုက ငါးဆခန့်ပိုများ၏။ ဤနေရာ၌ ဒေါက်တာမူဒီ၏ သေရွာပြန်များပြောပြသော တမလွန်လောက ကိုယ်တွေ့များတွင်လည်း အရာဝတ္ထုနှင့် နေရာဌာနအကြောင်း မပါရှိဘဲ တမလွန်ပုဂ္ဂိုလ်(အလင်းရောင်ရှင်)ကိုသာလျှင် အထူးဖော်ပြထားကြောင်း သတိပြုသင့်ပေ၏။ သို့ရာတွင် ထို သေရွာပြန်အမှုများမှာကဲ့သို့ တမလွန်ပုဂ္ဂိုလ်က လူနာအား လူ့ပြည်၌ မိမိပြုခဲ့သော အမှုများနှင့်ပတ်သက်၍ မေးမြန်းဆုံးမ သြဝါဒပေးခြင်း စသည်များကို မတွေ့ရပေ။

အချို့လူနာတို့၏ ပြောပြချက်အရဆိုသော် တမလွန်ဘုံသားတို့၏ ပတ်ဝန်းကျင် ရုပ်လောကမှာ အလွန် သာယာပျော်မွေ့ဖွယ်ကောင်းသော လောကဖြစ်၏။ အသက် ရှစ်ဆယ်၌ အသည်းရောဂါဖြင့် သေခါနီးနေသော အမေရိကန်မိန်းမတစ်ဦးက သူရောက်ခဲ့သောနေရာမှာ အလွန်သာယာ၍ စိမ်းလန်းသော မြက်များနှင့် လှပသောပန်းများ တွေ့မြင်ခဲ့သည်ဆို၏။ လူနာသည် အာရုံထင်ပြီးနောက် စိတ်သာယာငြိမ်းချမ်းလာ၍ နောက် နာရီ အနည်းငယ်ကြာသောအခါ ငြိမ်ငြိမ်သက်သက် သေဆုံး၏။

သုတေသီတို့၏ စူးစမ်းလေ့လာချက်အရ သာယာလှပသော ဥယျာဉ်ပန်းမန် ပြိုးပြိုးပြက်ပြက် အရောင်အဆင်းနှင့် အခြားကြည်နူးဖွယ်ရာ ရှုခင်းများကို တွေ့မြင်ခဲ့ရသော လူနာများမှာ ၁၆ ရာခိုင်နှုန်းရှိ၍ အဆောက်အအုံဗိမာန် စသည်တို့ကို မြင်ခဲ့ရသူများမှာ ၅ ခိုင်နှုန်းရှိ၏။ တူရိယာတေးဂီတ ကြားရသူများမှာလည်း ၆ ရာခိုင်နှုန်းမျှသာ ရှိ၏။ ဤနေရာ၌ မြင်မှုထက် ကြားမှုဖြင့် ပိုမိုအာရုံထင်လေ့ရှိသော စိတ္တဇလူနာများနှင့် မတူကြောင်း သတိပြုသင့်ပေ၏။

ဒေါက်တာမူဒီ၏ သေရွာပြန်များကဲ့သို့ အချို့လူနာများသည် ခန္ဓာကိုယ်မှ ဝိညာဉ် ဖဲခွာ၍ ကောင်းကင်ခရီးဖြင့် တမလွန်လောကသို့ ရောက်ရှိခဲ့ပုံကို ပြောပြကြ၏။ အိန္ဒိယ ကွန်မြူနစ်ပါတီဝင် တက္ကသိုလ်ပညာတတ် လူငယ်တစ်ဦးသည် နလုံးရောဂါဖြင့် မေ့မြော သွားစဉ်က မိမိကိုယ်မိမိ အလွန်ပေါ့ပါးသွားပြီး တိမ်များအကြားတွင် ပျံသန်းနေသလို ခံစားရသည်။ တေးဂီတသံများ ကြားရသည်။ သာယာလှပသော နေရာသို့ ရောက်ခဲ့သည် ဆို၏။ သူသည် ရုပ်ဝါဒကိုလက်ခံ၍ ဘာသာတရားကို ယုံကြည်သူမဟုတ်ပေ။

အမေရိကန် လူနာတစ်ဦးက သူနာပြုဆရာမအား "သူတို့ ယခုစပွန်နစ်(ငြိုဟ်တု) တွေ ဘာတွေ လွှတ်နေကြတယ်။ ဒါကတော့ ဟိုကိုရောက်ခဲ့ပြီ။ သူတို့က ငါ့ကို ယခု လက်မခံသေးဘူး"ဟု ပြော၏။ သူ့မျက်နှာမှာ ဝင်းလက်၍ နှစ်သိမ့်ကြည်နူးဟန်ရှိ၏။ သူသည် အခြားတစ်နေရာ၌ သူ့နှမသေဆုံးပြီးနောက် တစ်နေ့၌ သေဆုံး၏။ သူ့နှမ သေဆုံးကြောင်း သူမသိချေ။ သို့ရာတွင် သူမသေမီက သူ့နှမကို ဆေးရုံ၌ တွေ့မြင်သည်ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကသို့ တစ်ခဏမျှ ရောက်ရှိခဲ့ခြင်းသည် လူနာများ၏ မမေ့နိုင်သော တွေ့ကြုံခံစားမှုဖြစ်၏။ ဆရာဝန်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြေပြင်နေရာမှ ပြန်လည်သတိရလာသောအခါ တမလွန်လောက၏ သာယာလှပမှုသည် သူတို့၏ မနောဝိညာဉ်၌ အမှတ်ထင်ထင် စွဲမြဲကျန်ရှိ၍ ထို ပျော်မွေ့ဖွယ်ကောင်းသောနေရာသို့ ပြန်သွားလိုကြ၏။ လူ့ပြည်သို့ သူတို့ပြန်ရောက်လာအောင် ပြုလုပ်ပေးသော ဆရာဝန်၊ ဆရာမများကို စိတ်ဆိုး၍ အပြစ်တင်ကြ၏။

အသက်ငါးဆယ်ကျော် အမေရိကန် အမျိုးသမီးတစ်ဦးမှာ ကင်ဆာဖြင့် သေခါနီးဖြစ်နေသော်လည်း သတိကောင်းတုန်းပင် ဖြစ်၏။ "သူက ပန်းမန်၊ အလင်းရောင်၊ အရောင်အဆင်းများဖြင့် အလွန်သာယာလှပသော နေရာတစ်ခုသို့ သူ ရောက်တော့မလို ဖြစ်နေသည်။ "ငါ့ဥယျာဉ်ထဲ လာခဲ့"ဟု ခေါ်သံကို ကြားရသည် ဆိုပါသည်။ သူက ကျွန်မ(သူနာပြုဆရာမ)ကို သူ့အား နှောင့်ယှက်ရပါမည်လားဟု စိတ်ဆိုး၍ ကျွန်မက သူ့ကို ထိုပန်းဥယျာဉ်သို့ သွားရောက်ခွင့်မပေးဘဲ ထားသည်ဟု စွပ်စွဲပါသည်။ သူသည် ကျွန်မကို စိတ်ဆိုးသော်လည်း သူ၏ခံစားရမှုကြောင့် နှစ်သိမ့်ကြည်နူးနေပါသည်"

ဆရာဝန်၊ ဆရာမများ ကြုံတွေ့ခဲ့ရသော သေခါနီးလူနာများတွင် ငရဲပြည်သို့ ရောက်ခဲ့သည်ဆိုသော လူနာမှာ တစ်ဦးတည်းသာရှိ၏။ ထိုလူနာမှာ ဆေးရုံ၌ ဆီးအိမ်ခွဲစိတ်ကုသခံရသော အမေရိကန် အမျိုးသမီးတစ်ဦးဖြစ်၏။ သူသည် သတိရလာသောအခါ သူ ငရဲပြည်ရောက်ခဲ့ကြောင်း မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် အထိတ်တလန့် ပြောပါသည်။ သူ မကောင်းမှုများ လုပ်ခဲ့မိပုံ၊ ပတ်ဝန်းကျင်လူများက သူ့အပေါ် သဘောထားပုံများကို ပြော၏။ ပြောရင်းပြောရင်း စိတ် ပိုမို တုန်လှုပ်ချောက်ချားလာသဖြင့် ဆရာမများက ဝိုင်းဆွဲထားကြရ၏။ သူသည် သူ့ထက် အသက် ၂၅ နှစ်ကြီးသော ယောကျ်ားကို အိမ်ထောင်ပြုခဲ့ခြင်း၊ လင်ကြီးရှိလျက်နှင့် လော်လီဖောက်ပြားသဖြင့် မအေ မပေါ်သော ကလေးများ မွေးခဲ့ရခြင်းအတွက် နောင်တရနေဟန်တူ၏။ သူ့ကို ဘုရားသခင်က သူ့မကောင်းမှုများအတွက် အပြစ်ဒဏ်ပေးတော့မည်ဟု ထင်မှတ်နေ၏။

ဤလူနာ ရောက်ရှိခဲ့သည်ဆိုသော ငရဲမှာ ဘာသာစာပေ ကျမ်းဂန်များ၌လာသော ငရဲမဟုတ်ဘဲ မိမိ၏ မျက်မှောက်ဘဝ ပြစ်မှုများအတွက် စိတ်နှလုံးပူပန် စိုးရိမ်မှုကိုပြသော ငရဲဖြစ်ကြောင်း ထင်ရှား၏။

ဤလူနာမှတစ်ပါး အခြားလူနာ အားလုံးလိုလိုပင် ပျော်မွေ့ဖွယ်ကောင်းသော တမလွန်ဘုံသို့ ရောက်ရှိခဲ့သည်ဆို၍ ထိုဘုံသို့ ပြန်သွားလိုကြ၏။ နတ်ပြည်၌ ယမမင်းနှင့် သူ၏တမန်များကို တွေ့မြင်ခဲ့ရသည်ဆိုသော တက္ကသိုလ်ပညာတတ် အိန္ဒိယလူနာ တစ်ဦးကပင် ထိုအခါ၌ လူ့ပြည်သို့ပြန်မလာဘဲ ထိုနေရာ၌သာနေ၍ နေလိုသောစိတ်ဆန္ဒ ဖြစ်ပေါ်ခဲ့သည်ဟု သူနာပြုဆရာမအား ပြော၏။ သူသည် အာရုံမထင်မီက သေရမည်ကို ကြောက်သော်လည်း အာရုံထင်ပြီးနောက် မကြောက်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကသို့ ရောက်ရှိခဲ့သည်ဆိုသော လူနာများသည် အများအားဖြင့် သေရမည်ကို လုံးဝမကြောက်တော့ဘဲ စိတ်သာယာငြိမ်းချမ်းလာကြ၏။ အချို့မှာ စိတ်နေသဘောထား သိသိသာသာ ပြောင်းလဲသွားကြ၏။ အမေရိကန်သူနာပြုဆရာမတစ်ဦး၏ ပြောပြချက်အရ "အသက် ၇၈ နှစ်ရှိ မိန်းမကြီး လူနာတစ်ယောက်မှာ အမြဲစရိုက်ကြမ်းတမ်း၍ စိတ်သဘောထား အလွန်သေးနုပ်၏။ တစ်ညတွင် သူက ကျွန်မ(သူနာပြု)ကိုခေါ်ပြီး ကောင်းကင်ဘုံ မည်မျှ သာယာလှပပုံကို ပြောပါသည်။ ကျွန်မကိုကြည့်ပြီး သူ အံ့သြသွားဟန်တူပါသည်။ 'အို…ဒါပေမဲ့ မင်း ဘယ်မြင်နိုင်မလဲ။ မင်း နတ်ပြည် ရောက်ခဲ့တာမှ မဟုတ်ဘဲ'ဟု ဆိုပါသည်။ သူသည် စိတ်ငြိမ်းချမ်း၍ နှစ်သိမ့်ကြည်နူးနေပါသည်။ ရှေးကကဲ့သို့ စိတ်ဓာတ်မသေးသိမ်တော့ဘဲ စိတ်နေစရိုက် ပြောင်းလဲသွားပါသည်။

ဤသို့ဖြင့် အချို့သော သေခါနီးလူနာများသည် သူတို့ ရောက်ခဲ့သည်ဆိုသော တမလွန်လောက၏ သာယာလှပပုံ၊ နှစ်လိုပျော်မွေ့ဖွယ် ကောင်းပုံများကို ပြောပြကြ၏။ မိမိတို့၏ အတွေ့အကြုံကြောင့် စိတ်ငြိမ်းချမ်းကြ၏။ ဆရာဝန်များ၏ အဆိုအားဖြင့် ထို တွေ့ကြုံခံစားရမှုသည် လူနာ၏ရောဂါအခြေအနေ၊ ဆေးဝါးမှီဝဲမှု၊ ယုံကြည်စွဲလမ်းချက် စသည်များနှင့် ဆက်စပ်နေသော လက္ခဏာ အထင်အရှားမရှိချေ။

## (c) သုတေသီတို့၏ ထင်မြင်ချက်

စိတ်ဝိညာဉ် သုတေသီဆရာတို့သည် အထက်ပါအချက်များကို အမေရိကန်နှင့် အိန္ဒိယနိုင်ငံများတွင် ရှာဖွေစုဆောင်းရာ၌ အဘက်ဘက်တွင် လိုလေသေးမရှိ စေ့စေ့ သေချာလှပေ၏။ ကျွန်ုပ်တို့ ရေးသားချက်များမှာ သူတို့၏ တွေ့ရှိရချက်များ အပြည့်အစုံ မဟုတ်ဘဲ အဓိကအချက်များကို စာဖတ်သူတို့ ရိပ်စားမိရုံ အကြမ်းဖျင်း တင်ပြချက်သာ ဖြစ်၏။

သေခါနီးလူများ၏ နိမိတ်အာရုံထင်မှုအတွက် ဖြစ်နိုင်သော အကြောင်းတရားများကို စူးစမ်းရာ၌ သုတေသီတို့သည် မည်သည့်အချက်ကိုမျှ လျစ်လျူမပြုခဲ့ကြချေ။ လူနာ၏ အသက်အရွယ်၊ အခြေခံဘာသာရေးခံယူချက်၊ ရောဂါအခြေအနေ၊ လူနာစားထားသော ဆေးဝါး၏အာနိသင် စသည်တို့ကို နိမိတ်အာရုံထင်မှုနှင့် သက်ဆိုင်သော အကြောင်းတရားများအဖြစ်ဖြင့် အထင်အရှား မတွေ့ရချေ။

နိမိတ်အာရုံထင်မှုသည် လူမျိုး၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်အစဉ်အလာ၊ ယုံကြည်ချက်စသည်တို့၏ ဖန်တီးမှုမဟုတ်ကြောင်း သုတေသီတို့၏ လေ့လာတွေ့ရှိချက်၌ ထင်ရှား၏။ ယဉ်ကျေးမှုနှင့် ဘာသာဝါဒမတူသော အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံး၌ လူနာကို တမလွန်လောကမှ လာခေါ်သည်ဆိုခြင်း၊ လာခေါ်သူများမှာ အများအားဖြင့် ဆွေမျိုးသားချင်းများ ဖြစ်ကြခြင်း၊ အများအားဖြင့် လူနာက လိုက်ပါသွားလိုသော ဆန္ဒရှိခြင်း၊ အာရုံထင်ပြီးနောက် လူနာသည် စိတ်ငြိမ်းချမ်းလာခြင်း စသည်ဖြင့် တူညီသောအချက်အတော်များများ တွေ့ရ၏။ ပိုမိုအံ့သြစရာကောင်းသည်ကား လူနာများ ပြောပြသော



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကသည် သူတို့ ဘာသာရေးကျမ်းများ၌ ပြဆိုထားသော တမလွန်လောကနှင့် မတူညီချေ။

ဤအချက်များကို ထောက်ချင့်၍ သုတေသီဆရာတို့က တမလွန်လောကသည် အမှန်ရှိ၍ ၎င်းကို ပရဝိဥာဉ်(ဝါ) တယ်လီပသီ(ဝါ) အီးအက်စ်ပီစွမ်းအင်ဖြင့် လူနာများ မြင်ခြင်းဖြစ်သည်ဟု ယူဆကြ၏။

သေခါနီးလူနာ၏ အသိအမြင်သည် ပရဝိဥာဉ်စွမ်းအင်နှင့် တူညီသော လက္ခဏာများရှိ၏။ ၎င်းဖြစ်ပေါ်မှုသည် ပရဝိဥာဉ် သက်ဝင်လှုပ်ရှားမှုကဲ့သို့ပင် အလွန် အချိန်တိုတောင်း၏။ ဒေါက်တာရိုင်း၏ စမ်းသပ်လေ့လာမှု၌ ပရဝိဥာဉ်ကို နဂိုက လက်ခံယုံကြည်သောသူသည် ၎င်း၏အစွမ်းသတ္တိကို ပြတတ်သကဲ့သို့ တမလွန်လောကနှင့် တမလွန်ပုဂ္ဂိုလ်များကိုမြင်သော လူနာများသည်လည်း အများအားဖြင့် မူလက တမလွန်ဘဝကို ယုံကြည်သောသူများ ဖြစ်၏။

ပရဝိဥာဉ်၏ သဘောလက္ခဏာဖြစ်သော ဆန်းကြယ်မှုများကိုလည်း သေခါနီးလူနာများတွင် တစ်ခါတစ်ရံ တွေ့ရ၏။ အချို့လူနာများသည် မိမိတို့ သေမည့်နေ့ရက်၊ အချိန်နာရီကို ကြိုတင်၍ တိတိကျကျ သိမြင်ကြ၏။

အသက်ခုနစ်ဆယ်ခန့်ရှိ လူနာမိန်းမတစ်ဦးသည် ကွယ်လွန်သူ မိမိ၏ ခင်ပွန်းယောက်ျားကလာခေါ်နေ၍ မိမိ သေတော့မည်ဟု သမီးနှင့် ဆွေမျိုးသားချင်းများအား ပြော၏။ ထို့နောက် မေမြုပ်သင်္ဂြိုဟ်ရာ၌ လိုအပ်သော အဝတ်များကို ဝတ်ဆင်ပြီးလျှင် အိပ်ရာပေါ်၌ လှဲအိပ်လိုက်၍ နောက်တစ်နာရီခန့်အကြာတွင် သေဆုံး၏။ ခင်ပွန်းယောက်ျားကို မမြင်မီက သေမည့်ကိစ္စကို သူ လုံးဝမပြောချေ။ ရောဂါအခြေအနေအရ ထိုသို့ ရုတ်တရက် သေဆုံးရန် အကြောင်းမရှိသောကြောင့် သူ၏ဆရာဝန်သည် အလွန်အံ့ဩ၍ အဆိပ်သောက်ပြီး သေလေသလောဟု စုံစမ်းစစ်ဆေး၏။ သို့ရာတွင် အဆိပ်သောက်သော လက္ခဏာကို မတွေ့ရ။ အဆိပ်ဖြစ်စေမည့် ဆေးဝါးများကိုလည်း သူ့အိမ်တွင် မတွေ့ရချေ။

အသက် ၆၁ နှစ်ရှိ ကက်သလစ်ဘာသာဝင် မိန်းမတစ်ဦးမှာ ကင်ဆာရောဂါဖြင့် သေခါနီးနေပြီ ဖြစ်၏။ သူက သူသည် လ၏ပထမသောကြာနေ့တွင် သေမည်ဖြစ်ကြောင်း တမလွန်လောကမှ မိခင်က ပြောထားသည်ဆို၏။ (ထို့နေ့မှာ ကက်သလစ် ဘာသာဝင်တို့၏ ယုံကြည်ချက်အရ နေ့ထူးနေ့မြတ်ဖြစ်သည်။) လူနာသည် နေ့ရက် အမှတ်များ၍ နောက်တစ်နေ့သည် ပထမသောကြာနေ့ ဖြစ်မည်ထင်ပြီး "နက်ဖြန် နံနက် ၈ နာရီထိုးရန် ၁၀ မိနစ်အလိုတွင် ကျွန်မ သေမည်။ ထိုအချိန်မီလာပါ"ဟု ဘုန်းကြီးအား မှာကြားလိုက်၏။ သို့ရာတွင် နောက်တစ်နေ့၌မသေဘဲ နောက်ရက်သတ္တတစ်ပတ်အကြာမှ နံနက် ၇ နာရီ ၅၀ မိနစ်၌ သေဆုံး၏။

သူနာပြုဆရာမတစ်ဦးက လူနာတစ်ဦးတွင် ဆန်းကြယ်သော ပရဝိဥာဉ် သတ္တိရှိပုံကို အောက်ပါအတိုင်း ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



လူနာမှာ ကျွန်မ၏မိခင် ဖြစ်ပါသည်။ စိတ်တည်ကြည်ပြီး လက်တွေ့ကျကျ လုပ်တတ်သူ ဖြစ်ပါသည်။ ကျွန်မမှာ ဘာသာမတူသော ယောက်ျားတစ်ယောက်ကို လက်ထပ်လိုက်သဖြင့် မိဘများက မကျေမနပ် ဖြစ်နေကြသည်။

ကျွန်မယောက်ျားသည် ကျွန်မအား ဆေးရုံသို့ပို့လိုက်ပြီးနောက် ပြန်သွားပါသည်။ မေမေက "တက်ဒီ(ကျွန်မခင်ပွန်းအမည်) မကြာခင် ပြန်လာလိမ့်မယ်။ သူပြန်လာတော့မှ မင်းတို့အားလုံး ဆုတောင်းကြတာပေါ့"ဟု ဆိုပါသည်။ ကျွန်မက "မေမေ၊ သူ အခုပဲ ထွက်သွားတယ်။ ပြန်လာမှာ မဟုတ်ဘူး"ဟု ပြောပါသည်။

နောက်မိနစ် အနည်းငယ်အကြာတွင် ကျွန်မ မော့ကြည့်လိုက်ရာ တံခါးဝ၌ တက်ဒီရပ်နေသည်ကို မြင်ရသဖြင့် များစွာအံ့သြသွားပါသည်။ "တက်ဒီ၊ ရှင် ဘာကြောင့် ပြန်လာတာလဲ"ဟု မေးရာ သူက "ဘာကြောင့်မှန်းမသိဘူး။ ဒီကို ပြန်လာချင်တဲ့စိတ် ပေါ်လာတာနဲ့ လမ်းတစ်ဝက်က ပြန်လာခဲ့တာပဲ"ဟု ပြောပါသည်။ မေမေက သူ့အား ဆုတောင်းခိုင်းပါသည်။ တက်ဒီ ဆုတောင်းပြီးသောအခါ မေမေ၏မျက်နှာမှာ သာယာငြိမ်းချမ်းသော အသွင်လက္ခဏာ ပေါ်လာပါသည်။

သေခါနီး၌ နိမိတ်အာရုံထင်သော လူနာများသည် တမလွန်လောကကို ပရဝိညာဉ်ဖြင့် တစ်စွန်းတစ်စ တွေ့မြင်ခဲ့ကြရသည်ဟု စိတ်ဝိညာဉ်သုတေသီ ဆရာနှစ်ဦးက ယူဆကြ၏။ ဤယူဆချက်ကို လက်မခံလိုသောသူများ ရှိကြပေလိမ့်မည်။ သို့ရာတွင် ထောင်သောင်းမကသော ဆရာဝန်၊ သူနာပြုဆရာမများအား စုံစမ်း၍ အခိုင်အမာသိရှိရသော အချက်များမှာ အလွန်ဆန်းကြယ်ပြီး အခြားနည်းဖြင့် ရှင်းပြရန် မလွယ်ကူချေ။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

# ပြန်လည်သုံးသပ်ချက်

လူသည် သေသည်၏ အခြားမဲ့၌ မည်သို့မည်ပုံ ဖြစ်သွားကြောင်း အနောက်တိုင်း စိတ်ဝိညာဉ် သုတေသီဆရာတို့ နှစ်ပေါင်းများစွာ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ တွေ့ရှိရချက် အမျိုးမျိုးကို ဖော်ပြခဲ့ပေပြီ။ အချို့သော စိတ်ဝိညာဉ်ပညာရှင်တို့က 'သေသူများက ကိုယ်ထင်ပြမှု၊ နတ်ဝင်တို့က သေသူ့အကြောင်း ပြောပြမှုနှင့် သေခါနီးလူနာများ နိမိတ်အာရုံထင်မှု၊ သေရွာပြန်တို့၏ တွေ့ကြုံခံစားမှု၊ ကိုယ်နှင့် စိတ်ဝိညာဉ် တခြားစီ ဖြစ်မှုနှင့် လူဝင်စားမှုများသည် တမလွန်လောက၊ တမလွန်ဘဝရှိသည်ဟု ယူဆရန် အထောက်အထားများဖြစ်သည်ဟု ဆိုကြ၏။

အချို့ဆရာတို့ကမူ ထိုအဆိုကို လက်မခံဘဲ အမှုအားလုံးကို ပရဝိညာဉ်ဖြင့် ရှင်းပြလိုကြ၏။ သူတို့အမြင်အားဖြင့် လောက၌ အချို့သော သက်ရှိပုဂ္ဂိုလ်များ၏ ပရဝိညာဉ်စွမ်းအား ကြီးမားခြင်းမှာ အလွန် ထင်ရှားခြင်းကြောင့် မည်သည့် ဆန်းကြယ်သောအမှုကိုမဆို လေ့လာသုံးသပ်ရာ၌ သေသူ့ဝိညာဉ်၊ တမလွန်လောက စသည်တို့ကို စဉ်းစားရန်မလို။ ဆိုင်ရာပုဂ္ဂိုလ်၏ ပရဝိညာဉ်စွမ်းအားကိုသာလျှင် စူးစမ်းလေ့လာရမည် ဖြစ်၏။

တမလွန်လောကနှင့် မည်သို့မျှ မပတ်သက်ဘဲ ပရဝိညာဉ်စွမ်းအားဖြင့် အံ့ဖွယ်သရဲအမှုများ ပြုလုပ်ပြသနိုင်သော ပုဂ္ဂိုလ်များအကြောင်း အခန်း(၄)၌ အနည်းငယ် ဖော်ပြခဲ့ပေပြီ။ ၎င်းတို့ကို နတ်ဝင်ဟုမခေါ်ဘဲ တန်ခိုးရှင်၊ သို့မဟုတ် အကြားအမြင်ပုဂ္ဂိုလ်[၁၈] ဟုခေါ်မှ မှန်ပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များမှာ ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာ အရပ်ရပ်၌ တစ်ခါတစ်ရံ ထွက်ပေါ်လာတတ်၏။

---

၁၈ Clairvoyant; psychic; sensitive



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားခိုင်လုံသော ထိုဖုဂ္ဂိုလ်ထူးအချို့ကို ဖော်ပြရမည်ဆိုသော် ၁၉ ရာစုခေတ်က ဒင်နီယယ်ဒန်ဂလပ်(စ်)ဟုမ်ဆိုသော အင်္ဂလိပ်ဣဒ္ဓိရှင်တစ်ဦးသည် သတင်းစာဆရာနှင့် သိပ္ပံပညာကျော်များရှေ့၌ လေထဲပျံသန်းခြင်း၊ စားပွဲကုလားထိုင်များကို အလိုလို အပေါ်သို့ မြောက်တက်လာစေခြင်းစသော အံ့ဖွယ်သရဲအမှုများကို ပြုလုပ်ပြသခဲ့ဖူး၏။[၁] ယခုခေတ်၌ အသက် ၂၆ နှစ်ရွယ် အစ္စရေးအမျိုးသား ယူရီဂယ်လာ[၂]သည် ဇွန်းနှင့် ခက်ရင်းများကို စိတ်တန်ခိုးဖြင့် ကောက်ကွေးသွားအောင် ပြုလုပ်နိုင်သဖြင့် အမေရိကန် သိပ္ပံပညာရှင်များ လေ့လာခဲ့ကြ၏။ ရုရှားအမျိုးသမီး နီနာကုလဂီနာ[၃]သည် မီးခြစ်ဆံနှင့် အခြားသေးငယ်သော အရာဝတ္ထုများကို ဆိုဗီယက်နှင့် နိုင်ငံခြားစိတ်ဝိညာဉ် သုတေသီတို့၏ရှေ့၌ စိတ်တန်ခိုးဖြင့် ရွေ့လျားအောင် ပြုလုပ်ပြသခဲ့၏။

ဟော်လန်နိုင်ငံ၌ အကြားအမြင်ရသဖြင့် နာမည်ကြီးနေသောသူမှာ ဂျိုရစ်ခရိုင်ဆက်[၄]ဖြစ်၏။ တစ်ခါသော် ပျောက်ဆုံးနေသော ကလေးတစ်ယောက်ကိုရှာဖွေရန် ဂျပန်နိုင်ငံသို့ လေယာဉ်ပျံဖြင့် လိုက်ပါသွား၏။ သူ့ကို လေဆိပ်မှ တယ်လီဗေးရှင်း စတူဒီယိုသို့ခေါ်သွား၏။ ကင်မရာများရှေ့၌ သူသည် ပျောက်ဆုံးနေသောကလေး၏ ဓာတ်ပုံကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကလေးကို တွေ့ရမည့်နေရာဌာန၏ မြေပုံကို ရေးဆွဲပြ၏။ တယ်လီဗေးရှင်းသမားက ထိုမြေပုံဖြင့် နေရာကို ရှာဖွေကြရာ ရေအိုင်တစ်ခု၌ ကလေးသူငယ်မ၏ အလောင်းပေါ်နေသည်ကို တွေ့ကြရ၏။

ဤသို့သော ဣဒ္ဓိရှင်များအကြောင်းကို ရေးသားနေပါက ဆုံးနိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့ အထူး သတိပြုသင့်သောအချက်မှာ သူတို့က ထိုသို့ အံ့ဖွယ်သရဲ ပြုလုပ်နိုင်ခြင်းသည် တမလွန်လောကနှင့် ဆက်သွယ်သောကြောင့် ဖြစ်သည်၊ သို့မဟုတ် တမလွန်လောကမှ ဘိုးဘိုးအောင်လို အထက်ဆရာကြီးများ၏ အကူအညီရရှိသောကြောင့်ဖြစ်သည်ဟု မဆိုချေ။

တမလွန်ဘုံသားများနှင့် ဆက်သွယ်ခွင့်ရသည်ဆိုသော နတ်ဝင်များနှင့် ကျွန်ုပ်တို့ နှိုင်းယှဉ်လေ့လာသင့်သောသူမှာ နာမည်ကျော် အကြားအမြင်ရ အင်္ဂလိပ်အမျိုးသမီး ရိုဇလင်ဟေးဝု[၅]ဖြစ်၏။ ဗြိတိသျှ နိုင်ငံခြားရေးအရာရှိတစ်ဦး၏ ဇနီးဖြစ်သော မစ္စစ်ဟေးဝုသည် ငယ်စဉ်ကပင် မိမိ၊ သို့မဟုတ် သူတစ်ပါး၏ အရေးကိစ္စတစ်ခုခု ပေါ်လာသော အခါ နားထဲတွင် ကြားယောင်လာသော "အမိန့်"ကို နာခံ၍ ပြုလုပ်ပါက ဘယ်အခါမျှ မလွဲမှားကြောင်း တွေ့ရ၏။ သို့ရာတွင် ထိုအမိန့်သည် သေသူ့ဝိညာဉ်၏စကားဖြစ်သည်ဟု သူမကမဆိုဘဲ မိမိ၏ပရဝိညဉ် သက်ဝင်လှုပ်ရှားမှု ဖြစ်လိမ့်မည်ဟု ယူဆ၏။ မစ္စစ်

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" စာ–၉၃။
၂။ Uri Geller "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"
၃။ Nina Kulagina
၄။ Gerard Croiset
၅။ Rosalind Heywood "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" စာ–၂၆၆။



www.burmeseclassic.com

www.burmeseclassic.com



ဟေးဝုသည် အစစအရာရာကို စူးစမ်းဆင်ခြင်လိုသော စိတ်ဝိဉာဉ်သုတေသီဖြစ်၍ နှစ်ပေါင်းများစွာ ဗြိတိသျှ စိတ်ဝိဉာဉ်အသင်း၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။

မစ္စစ်ဟေးဝုနှင့် အသိအမြင်၊ အတွေးအခေါ်တူသော အမေရိကန်နိုင်ငံမှ နာမည်ကျော်အကြားအမြင်ရ အမျိုးသမီးမှာ မစ္စစ်အီလင်ဂါးရက်[၁]ဖြစ်၏။ မစ္စစ်ဂါးရက်သည် ကလေးဘဝကပင် ပရိဝိဉာဉ် အစွမ်းသတ္တိ ပြလာသောသူဖြစ်၏။ အကြားအမြင်ရမှုအတွက် ထင်ပေါ်ကျော်ကြား၍ သူ၏ ထူးခြားဆန်းကြယ်သော စိတ်တန်ခိုးသတ္တိကို စိတ်ဝိဉာဉ် သုတေသီဆရာတို့က အသိအမှတ်ပြုကြရ၏။ သေသူ့ဝိဉာဉ်များကို သူမြင်ရသည်ဆိုသော်လည်း တမလွန်လောကကို စိတ်မဝင်စားချေ။ မည်သို့မည်ပုံ မိမိအကြားအမြင် ရရှိသည်ကို ရှင်းမပြနိုင်ပါဟု ဝန်ခံ၍ ပရဝိဉာဉ်အကြောင်း စူးစမ်းလေ့လာသော သုတေသီတို့အား ကူညီအားပေး၏။ စာအုပ်နှင့် မဂ္ဂဇင်းများထုတ်ဝေ၍ ၁၉၅၁ ခုနှစ်၌ **ပရစိတ္တဗေဒအသင်းကို တည်ထောင်ခဲ့လေသည်။**

နာမည်ကျော် အမေရိကန် စိတ်ဝိဉာဉ် သုတေသနပညာရှင် ဒေါက်တာရိုင်းသည် မစ္စစ်ဂါးရက်၏ ပရဝိဉာဉ်စွမ်းအင်သတ္တိကို လေ့လာရာမှ တမလွန်ဘဝ ပြဿနာနှင့် ပတ်သက်၍ အမြင်ပြောင်းလဲသွား၏။ ဒေါက်တာရိုင်း[၂]သည် မူလက တမလွန်ဘဝ ပြဿနာ၌ စိတ်ဝင်စား၍ စိတ်ဝိဉာဉ်သုတေသနနယ်ထဲသို့ ဝင်ရောက်လာခြင်းဖြစ်၏။ သူသည် နတ်ဝင်များကို လက်တွေ့စမ်းသပ်ရန်အတွက် ဖိတ်ခေါ်သော်လည်း မည်သူမျှ မလာချေ။ ထို့နောက်မှ မစ္စစ်ဂါးရက်က အစမ်းသပ်ခံရန် သဘောတူသဖြင့် သူ့ကို ဂျူ့တတ္တသိုလ်၌ စမ်းသပ်ကြည့်ကြရာ နာမည်ကျော် နတ်ဝင်တို့ကဲ့သို့ပင် သေသူ့အကြောင်း လျှို့ဝှက်ချက်များကို အံ့ဖွယ်လိလိ မှန်ကန်စွာ သူ ပြောပြနိုင်သည်ကို တွေ့ရ၏။ သို့ရာတွင် လျှို့ဝှက်ချက်များကို မိမိ မည်သို့ရရှိကြောင်း မသိပါဟု မစ္စစ်ဂါးရက်က ဆိုလေသည်။

ထို့ကြောင့် ဒေါက်တာရိုင်းသည် နတ်ဝင်၏ အကြားအမြင်ရရှိမှုသည် ပရဝိဉာဉ်ကြောင့်ဖြစ်သည်ဟု ယူဆပြီး တမလွန်ဘဝပြဿနာကို မစူးစမ်းတော့ဘဲ ပရဝိဉာဉ်ကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့လေသည်။ အခြား သုတေသီဆရာ အချို့ကလည်း ပရဝိဉာဉ်၏ နယ်နိမိတ်ကို ရှေးဦးစွာ စူးစမ်းရန်လိုသည်။ ထိုနယ်နိမိတ်ကို အသေအချာ သိရပြီးမှ ၎င်းနှင့် ဆောင်မဝင်သော တွေ့ရှိရချက်များကို တမလွန်ဘဝအတွက် အထောက်အထားအဖြစ် စဉ်းစားသင့်သည်ဟု ဆိုကြ၏။

ဤအဆိုကို လှုဝင်စားမှု သုတေသီ ဒေါက်တာစတီဗင်ဆင်က လက်မခံချေ။ သူ၏အလိုအားဖြင့် တစ်ဖက်က ပရဝိဉာဉ်၏ နယ်နိမိတ်ကို စူးစမ်းရှာဖွေနေသည်နှင့် အမျှ အခြားတစ်ဖက်၌ တမလွန်ပြဿနာကို ဆက်လက်လေ့လာနေရမည် ဖြစ်၏။စင်စစ် အချို့သော တွေ့ရှိရချက်များမှာ ပရဝိဉာဉ်ဖြင့် ရှင်းပြရန် မဖြစ်နိုင်ကြောင်း ထင်ရှား၏။

---

၁။ Eileen J. Garrett

၂။ Dr. Rhine



www.burmeseclassic.com

www.burmeseclassic.com



လူဝင်စားကလေးက အတိတ်ဘဝပုဂ္ဂိုလ်နှင့် ဝေလေ့စရိုက်၊ အထုံဝါသနာတူညီနေမှု၊ အချို့လူများ ဘာသာစကားတစ်ခုကို လုံးဝမသင်ကြားရဘဲ အလိုလိုတတ်ကျွမ်းနေမှု စသည်များကို ပရဝိဉာဉ်ဖြင့် မည်သို့ ရှင်းပြနိုင်ပါမည်နည်း။ သို့ဖြစ်၍ ပရဝိဉာဉ်အကြောင်းကို ဆက်လက်စူးစမ်းရန် လိုအပ်သည်နှင့်အမျှ လူတို့၏ဝေလေ့စရိုက်၊ အထုံဝါသနာနှင့် စွမ်းဆောင်နိုင်မှုကို ခြေခြေမြစ်မြစ် နှိုက်ချွတ်လေ့လာရန် လိုအပ်သည်ဟု ဒေါက်တာစတီဗင်ဆင်က ယူဆ၏။

ဒေါက်တာရိုင်းသည် တက္ကသိုလ်၌ ပရဝိဉာဉ်အကြောင်းကို သိပ္ပံနည်းကျ နှစ်ပေါင်းများစွာ စမ်းသပ်လေ့လာခဲ့ရာ ပရဝိဉာဉ်ဖြင့် အနာဂတ်ကို သိမြင်နိုင်ပုံ၊ ရုပ်တရားကို စေစားနိုင်ပုံစသော စိတ်ဝင်စားဖွယ်အချက်များကို တွေ့ရှိခဲ့၏။ သို့ရာတွင် တက္ကသိုလ်စမ်းသပ်ခန်း၌ သူ၏တွေ့ရှိရချက်များသည် အခန်း(၃)၌ ဖော်ပြခဲ့သော အချို့နတ်ဝင်တို့၏ အံ့ဖွယ်သရဲ စွမ်းဆောင်နိုင်မှုကို ကောင်းစွာရှင်းပြနိုင်ခြင်း ရှိမရှိ မသိရချေ။ ထိုနတ်ဝင်တို့နှင့် ပတ်သက်သော တွေ့ရှိရချက်များ အားလုံးသည် ပရဝိဉာဉ်ကြောင့်ဖြစ်သည်ဆိုပါက ပရဝိဉာဉ်ကို အလုံးစုံသိမြင်သော ဉာဏ်တစ်မျိုးအဖြစ် ကျွန်ုပ်တို့မှတ်ယူရတော့မလိုဖြစ်ကြောင်း အထက်က ရေးသားခဲ့ပေပြီ။

တမလွန်ဘဝပြဿနာကို စူးစမ်းလေ့လာမှုများမှာ မပြီးဆုံးသေးချေ။ စိတ်ဝိဉာဉ်သုတေသီတို့သည် မိမိတို့၏ စူးစမ်းလေ့လာမှုများ၌ ဟာကွက်ချွတ်ယွင်းချက် အနည်းအများ ပါရှိနိုင်ကြောင်း အသိအမှတ်ပြု၍ ပိုမိုခိုင်မာသော အထောက်အထားများကို ဆက်လက်ရှာဖွေလျက်ရှိကြ၏။

သေရွာပြန်များအကြောင်း၊ မိမိ၏လေ့လာမှုမှာ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးကြောင်း ဒေါက်တာမူဒီက ဝန်ခံထား၏။ အမေရိကန်တို့နှင့် အစဉ်အလာ ဘာသာရေးယုံကြည်ချက်မတူသော အခြားနိုင်ငံများမှ သေရွာပြန်တို့၏ အတွေ့အကြုံများကို စူးစမ်းလေ့လာပါမှ မည်ရွေ့မည်မျှအထိ ဒိဋ္ဌမေ့ဖြစ်ကြောင်း နှိုင်းယှဉ်ဆန်းစစ်၍ ကောက်ချက်ချနိုင်ပေမည်။[၁] သေရွာပြန်တို့က ခန္ဓာကိုယ်နှင့်စိတ်ဝိဉာဉ် တခြားစီ ဖြစ်သွားသည်ဆိုခြင်းမှာ ယခုခေတ်သိပ္ပံအမြင်ဖြင့် လက်ခံရန် မလွယ်ကူချေ။ သို့ရာတွင် ဤအဖြစ်မျိုးမှာ အခြားပုဂ္ဂိုလ်အတော်များများ ကြုံတွေ့ခဲ့ရ၍ အထောက်အထားခိုင်လုံသော ဒိဋ္ဌမေ့ဖြစ်ရကား ပရဝိဉာဉ်ကဲ့သို့ပင် အနက်အဓိပ္ပာယ် ကြံဆ၍မရသော်လည်း ကျွန်ုပ်တို့ အသိအမှတ်ပြုရပေလိမ့်မည်။

---

၁။ သေရွာပြန်များက စိတ်ငြိမ်းအေးသည်၊ အလင်းရောင်မြင်ရသည် ဆိုခြင်းနှင့်ပတ်သက်၍ စဉ်းစားရန်ရှိသည်ကား တရားအားထုတ်သော ယောဂီသည် တစ်ခါတစ်ရံ စိတ်ငြိမ်းအေးမှု ခံစားရသည်။ အလင်းရောင်ကို မြင်ရသည်။ သို့ရာတွင် ထိုကြုံတွေ့ရမှုများဖြင့် သာယာမနေဘဲ ဆက်လက်အားထုတ်ရမည်။ ၎င်းတို့မှာ တရားပေါက်သော လက္ခဏာများမဟုတ်ကြောင်း ဗုဒ္ဓဘာသာ ဝိသုဒ္ဓိနာကျမ်းများ၌ အဆိုရှိ၏။ နောက်ဆက်တွဲ(၂)တွင် ဤအချက်ကို အကျယ်ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သေရွာပြန်တို့၏ အချို့ကိုယ်တွေ့(သွားလာ၍ အပိတ်အပင်၊ အတားအဆီးမရှိခြင်း၊ အချိန်ကာလ၏ အနှောင်အဖွဲ့ကင်းခြင်း စသည်)များမှာ လူကောင်းပကတိက ခန္ဓာကိုယ်မှ ခွဲထွက်၍ ကြုံတွေ့ရမှု (အခန်း၉)များနှင့် တူညီကြောင်း သတိပြုသင့်ပေ၏။ သူတို့အား တူညီ၍ လမ်းညွှန်ပြသမည့်သူ၊ သို့မဟုတ် အလင်းရောင်ရှင်နှင့် ကြုံတွေ့ရမှုမှာလည်း ပဋိသန္ဓေမတည်မီ ကြားကာလ၌ မိမိတို့အား လမ်းညွှန်ပြသော သူတော်စင်ပုဂ္ဂိုလ်တစ်ဦးကို တွေ့ခဲ့သည်ဆိုသော အရှေ့တိုင်းလူဝင်စားများ၏ အဖြစ်မျိုးနှင့် တူညီလျက်ရှိ၏။

သေရွာပြန်များနှင့် သေခါနီးလူနာတို့၏ ပြောပြချက်များတွင် အချို့သော စကားများမှာ သူတို့ တစ်ခါမျှမကြုံဖူးသော တွေ့မြင်ခံစားမှုများကို သူတို့ နားလည်သော အရာများဖြင့် နှိုင်းယှဉ်ပြောပြသော စကားများ ဖြစ်ပေလိမ့်မည်။ သူတို့၏ အတွေ့အကြုံမှာ အခြားလူနာများ နားလည်သဘောပေါက်အောင် ပြောပြရန် အလွန်ခက်ခဲကြောင်း သတိပြုသင့်ပေ၏။ သို့ဖြစ်၍ လိုဏ်ခေါင်းကို ဖြတ်သွားရသည်ဆိုခြင်းမှာ ခန္ဓာကိုယ်မှ စိတ်ဝိညာဉ်ခွဲထွက်ခြင်းကို ရည်ညွှန်းဟန်ရှိ၏။ ရေပြင်၊ ခြံစည်းရိုး စသည်တို့မှာ တမလွန်လောက၏ နယ်နိမိတ်ကို ဆိုလိုဟန်ရှိ၏။ ပန်းဥယျာဉ်မှာ တမလွန်လောက၏သာယာပုံကို ဖော်ဆောင်သော ဥပမာစကားမျှသာ ဖြစ်ပေလိမ့်မည်။

သုတေသီတို့၏ မှတ်တမ်း၌ အမေရိကန်မိန်းမလူနာတစ်ဦးက ကောင်းကင်ဘုံသို့ မိမိကားဖြင့် ရောက်ရှိခဲ့ပုံကို ပြောပြ၍ အိန္ဒိယအမျိုးသမီး လူနာတစ်ဦးကမူ နွားစီးပြီး နတ်ပြည်သို့ ရောက်ခဲ့သည်ဆို၏။ ရှေး ဘာသာရေးကျမ်းတစ်ခု၌မူ ကုသိုလ်ကောင်းမှု ပြုခဲ့သော ပုဂ္ဂိုလ်တစ်ဦးသည် သေခါနီး၌ သူ့အား နတ်ပြည်သို့ခေါ်ဆောင်ရန် နတ်ရထားများ ဆိုက်ရောက်လာကြောင်း၊ ထိုရထားများကို လူနာမှတစ်ပါး အခြား မည်သူမျှမမြင်ရကြောင်း ဖော်ပြထား၏။ ဤနေရာ၌ အမေရိကန်နိုင်ငံ၌ မော်တော်ကား ပေါများမှု၊ အိန္ဒိယနိုင်ငံ၌ နွားကို မြတ်သောသတ္တဝါအဖြစ် လူအများစွဲမှတ်ထားမှုနှင့် ရှေးအခါက တစ်နေရာမှတစ်နေရာသို့ မြင်းရထားများဖြင့် သွားလာလေ့ရှိမှုများကို သတိပြုရပေမည်။ ကား၊ နွားနှင့်ရထားမှာ အခြေခံအားဖြင့် တူညီသော ကြုံတွေ့ခံစားမှုကို ပြောပြရာ၌ စကားတန်ဆာဆင်ထားခြင်း ဖြစ်ပေလိမ့်မည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံများ၌ သေခါနီးလူနာများ၏ နိမိတ်အာရုံထင်မှုများ တစ်ပုံစံတည်းလို ဖြစ်နေခြင်းမှာ ထူးခြားသည်မှန်၏။ သို့ရာတွင် ထိုလူမျိုးနှစ်မျိုးသည် ဘာသာရေးယုံကြည်ချက် အသေးစိတ် မတူညီစေကာမူ တမလွန်လောကကို လက်ခံရာ၌ တူညီကြရကား သူတို့ သေခါနီး၌ထင်လာသော နိမိတ်အာရုံများသည် ယုံကြည်စွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာသော စိတ်အထင်မျှသာ ဖြစ်လေသလောဟု စဉ်းစားဖွယ်ရှိ၏။ သုတေသီတို့လေ့လာသော လူနာများတွင် တမလွန်ဘဝကို မယုံကြည်သူများ ပါဝင်သည်မှန်သော်လည်း အနည်းငယ်မျှသာဖြစ်၍ မယုံကြည်သူ ပေါများသောနိုင်ငံ (ဥပမာ၊ ဆိုဗီယက်ရုရှား)၌ စူးစမ်းလေ့လာပါက မည်သို့ တွေ့ရမည်မသိချေ။

တမလွန်ဘဝပြဿနာနှင့် ပတ်သက်နေသော နတ်ဝင်တို့၏ စွမ်းဆောင်မှုကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုခိုင်မာသော အထောက်အထားများရရှိရန် ဆက်လက်လေ့လာဖို့ လိုပေလိမ့်မည်။ သုတေသီဆရာက အကြောင်းအရာတစ်ခုကို မည်သူမျှမသိစေဘဲ စာရေးသား၍ စာအိတ်ကို ချိပ်ပိတ်ပြီးနောက် သေသောအခါမှ တမလွန်လောကမှနေ၍ လျှို့ဝှက်ချက်ကို ပြောပြရန် စီစဉ်ထားသည့် စမ်းသပ်မှုမျိုးမှာ အောင်မြင်သည်ဟု မကြားရချေ။ အမေရိကန်သုတေသီ ဆရာတစ်ဦး ကြံစည်ထားသော စမ်းသပ်မှုမှာကား သေခါနီးလူနာတစ်ဦးအား တမလွန် လောကမှနေ၍ သက်ရှိလူများအား ပြောလိုသော အကြောင်းအရာများကိုမေး၍ ရေးမှတ်ထားရမည်။ လူနာသေဆုံးပြီးနောက် လူနာအကြောင်း ဘာမျှမသိသော လူစိမ်းတစ်ဦးအား နတ်ဝင်များထံ စေလွှတ်၍ သေသူ့အကြောင်း စုံစမ်းကြည့်ရန်ဖြစ်၏။

တမလွန်ဘဝကို လက်မခံလိုသော သူတို့အဖို့မူ မည်သည့်စမ်းသပ်မှုမျှ အရာရောက် မည်မဟုတ်ချေ။ နတ်ဝင်က လျှို့ဝှက်ချက်ကို မှန်ကန်စွာ ပြောပြနိုင်ခြင်းမှာ သူ၏ ပရစိတ်ဉာဏ်ဖြင့် သိနေသောကြောင့် ဖြစ်ဘည်ဟုပင် ဆိုပေလိမ့်မည်။ စင်စစ် တမလွန် ဘဝကို မယုံကြည်သူတို့၏ အကြောင်းပြချက်များမှာ အတော်ဆန်း၏။ စိတ်သည် ရုပ်တရားကို လုံးဝမှီနေရ၍ နဂိုပကတိ အစွမ်းသတ္တိကင်းမဲ့သောကြောင့် တမလွန်ဘဝ မရှိဟု ရှေးအခါက ဆိုကြ၏။ ယခုအခါ၌မူ နတ်ဝင်တို့၏ စိတ်တန်ခိုးသတ္တိသည် အလွန်ကြီးမားသည်ဟု ခံယူ၍ တမလွန်ဘဝကို ငြင်းဆိုကြ၏။ တမလွန်ဘဝကို လက်မခံ လိုခြင်းမှာ သိပ္ပံပညာနှင့် ဆန့်ကျင်သောကြောင့် ဖြစ်၏။ သို့ရာတွင် သူတို့ လက်ခံယုံကြည် သော စိတ်တန်ခိုးသတ္တိမျိုးကို သိပ္ပံပညာက အသိအမှတ်ပြုမည် မဟုတ်ချေ။

အထက်က ဖော်ပြခဲ့သည့်အတိုင်း နတ်ဝင်မဟုတ်ဘဲ(ဝါ) သေသူနှင့်မပတ်သက်ဘဲ အံ့ဖွယ်လိလိ အကြားအမြင်ရသောပုဂ္ဂိုလ်များ ရှိသည်မှန်၏။ သို့ရာတွင် တမလွန်ဘဝကို လက်မခံလိုသောသူသည် သေသူ့အကြောင်း လျှို့ဝှက်ချက်များကို အံ့ဖွယ်လိလိ ပြောပြ နိုင်သော နတ်ဝင်မှာ အနန္တတန်ခိုးရှင်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် အထောက် အထားပြရမည် ဖြစ်၏။ သေသူနှင့်ပတ်သက်သော ပြောပြချက်များ မှန်ကန်ခြင်းသည်ပင် ထို လိုအပ်သော အထောက်အထား ဖြစ်သည်ဆိုပါက လွဲချော်သော အကြောင်းပြချက် ဖြစ်နေပေလိမ့်မည်။

ဥပမာအားဖြင့် ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦး အတူပေါင်းသင်းနေခြင်းသည် နဖူးစာပါသောကြောင့် ဖြစ်သည်။ လူတစ်ဦးသေခြင်းသည် သေနေ့စေ့သောကြောင့် ဖြစ် သည်ဟု ဆိုလေ့ရှိကြ၏။ အဘယ်ကြောင့် နဖူးစာပါသည်၊ သေနေ့စေ့သည် ဆိုပါသနည်း ဟု မေးပါက ပေါင်းသင်းနေခြင်းဖြင့်ပင် နဖူးစာပါကြောင်း ထင်ရှားသည်။ ဤနေ့ဤရက်၌ သေခြင်းသည်ပင် သေနေ့စေ့သောလက္ခဏာ ဖြစ်သည်ဟု ဆိုကြမည်ဖြစ်၏။ ဤသည်မှာ လိုအပ်သော အကြောင်းပြချက်များ မဟုတ်ချေ။[၁] ထိုနည်းအတူ နတ်ဝင်၌ အလွန်ကြီးမား

---

၁။ ဤလွဲမှားသော အကြောင်းပြချက်ကို အင်္ဂလိပ်တက္ကဗေဒကျမ်းများ၌ Begging the question ဟု ခေါ်သည်။ "သိပ္ပံပညာစူးစမ်းမှု..." စာ-၁၅၇။

www.burmeseclassic.com



သောတန်ခိုးသတ္တိ ရှိသည်ဆို၍ အခြား အထောက်အထားများမပြနိုင်ဘဲ သေသူနှင့် ပတ်သက်သော သိမြင်မှုကိုသာ ထောက်ပြခြင်းမှာ ကျေနပ်ဖွယ်ရာ မရှိချေ။

တမလွန်ဘဝအယူအတွက် အခြား ခိုင်မာသောအထောက်အထားမှာ လူဝင်စားမှုများဖြစ်၏။ လူဝင်စားနှင့်ဆိုင်ရာ ကွယ်လွန်သူပုဂ္ဂိုလ်တို့၏ စရိုက်ဝါသနာ၊ ခံစားရချက်နှင့် မွေးရာပါအမှတ်များ တူညီနေမှု၌ ပရဗိညာဉ်ကို ထည့်သွင်းစဉ်းစားရန် မဖြစ်နိုင်ချေ။ ဒေါက်တာစတီဗင်ဆွန်နှင့် အခြားသုတေသီဆရာတို့သည် လူဝင်စားမှုများကို ဆက်လက်လေ့လာနေကြ၏။ လူဝင်စားမှုများနှင့် ပတ်သက်၍ စူးစမ်းရန် လိုအပ်သောအချက်များ ရှိသေး၏။ ပုံစံအားဖြင့် လူဝင်စားနှင့် ဘဝဟောင်းပုဂ္ဂိုလ်၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေ တူညီခြင်းရှိမရှိ၊ လူဝင်စားက ဘဝဟောင်းမှ ဆွေမျိုးသားချင်းအပေါ် သဘောထားမှု၊ ဆက်ဆံမှု၊ ဘဝဟောင်းမှပါလာသော စရိုက်ဝါသနာများ တည်မြဲခြင်းရှိမရှိ စသည်များဖြစ်၏။ ထိုအချက်များကို လေ့လာစုဆောင်း၍ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံကို ကွန်ပျူတာဖြင့် တွက်ထုတ်လိုက်ပါက စိတ်ဝင်စားဖွယ် အကြောင်းခြင်းရာများ ထွက်ပေါ်လာပေလိမ့်မည်။

လူဝင်စားများအကြောင်း တွေ့ရှိရချက်များမှာ ရာခိုင်နှုန်းပြည့် မှန်ကန်သေချာမည်ဟု မဆိုသာချေ။ သုတေသီဆရာသည် ဝေးလံသော တိုင်းပြည်များသို့သွား၍ လေ့လာရ၏။ ကလေးက မိမိ ဘဝဟောင်းအကြောင်း ပြောပြပြီး နောက်ကာလအတန်ကြာမှ သူ ရောက်ရှိသွားပြီး အများအားဖြင့် တစ်ဆင့်စကားဖြင့် အချက်အလက်များ ရှာဖွေစုဆောင်းရ၏။ ဆွေမျိုးသားချင်းနှင့် အခြားသတင်းပေးသူများသည် မဟုတ်မမှန် လုပ်ကြံပြောကြသည်ဟု ယူဆရန် အကြောင်းမရှိ။ သို့ရာတွင် စူးစမ်းလေ့လာမှုသည် ကျပ်ပြည့် တင်းပြည့် သိပ္ပံနည်းကျရန် ယခုထက် ပို၍စေ့စပ်သေချာဖို့ လိုပေသည်။

ခက်သည်ကား လူဝင်စားမှုကို ဒေသခံပုဂ္ဂိုလ်များက စိတ်ဝင်စားမှု နည်းပါးခြင်းဖြစ်၏။ အနောက်တိုင်း သုတေသီဆရာသည် ဒေသခံလူများ၏ အကူအညီကို မရရှိပါက စေ့စေ့သေချာစွာ စူးစမ်းလေ့လာနိုင်မည် မဟုတ်ချေ။ ကလေးတစ်ယောက်သည် လူစားမှု လက္ခဏာပြသည်နှင့် မရှေးမနှောင်း ဒေသခံလူများက မေးမြန်းစုံစမ်း၍ ဆိုင်ရာအချက်များကို စုဆောင်းမှတ်သားထားပြီးနောက် သုတေသီဆရာတို့အား လိုအပ်သလို ကူညီပါမှ စူးစမ်းလေ့လာမှုမှာ ပိုမိုသေချာပြီး ခရီးရောက်မည်ဖြစ်၏။

တမလွန်ဘဝပြဿနာကို စူးစမ်းလေ့လာသော စိတ်ဝိညာဉ် သုတေသီတို့၏ တွေ့ရှိရချက်များမှာ အထက်ကပြဆိုခဲ့သည့်အတိုင်း အမျိုးမျိုးအစားစားရှိပေရာ တွေ့ရချက် တစ်မျိုးတည်းအနေဖြင့် တမလွန်ဘဝရှိသည်ဟု ယူဆရန်အတွက် ခိုင်မာသော အထောက်အထားမဖြစ်ဘဲ ရှိကောင်းရှိပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့အားလုံးကို စုပေါင်း၍ ဆင်ခြင်သုံးသပ်ပါက အထောက်အထား အတော်ခိုင်မာလာမည် ဖြစ်၏။ ဥပမာအားဖြင့် တရားခံက လူသတ်မှုကျူးလွန်ကြောင်း ထွက်ဆိုသော မျက်မြင်သက်သေ တစ်ဦးမျှမရှိသော အမှု၌ တရားခံသည် အသတ်ခံရသူနှင့် ခိုက်ရန်ဒေါသဖြစ်ဖူးခြင်း၊ အချင်းဖြစ်ပွားသောနေ့က



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရသူအိမ်မှ ထွက်လာခြင်း၊ တရားခံ၏အိမ်၌ လက်နက်နှင့် အခြားမသင်္ကာဖွယ်ရာ ပစ္စည်းများ တွေ့ရှိခြင်းစသော ဆိုင်ရာအထောက်အထားများ[၁]ကို စုပေါင်းလိုက်ပါက တရားသူကြီး၏ အမြင်အားဖြင့် အပြစ်ထင်ရှားနေသကဲ့သို့ ဖြစ်၏။

အမှန်ဆိုသော် စိတ်ဝိညာဉ်သုတေသီဆရာတို့၏ တွေ့ရှိချက်မှာ များစွာသော ကမ္ဘာသူကမ္ဘာသားများအဖို့ အသစ်အဆန်းမဟုတ်ချေ။ ၎င်းတို့အကြောင်း ကြားဖူးသော၊ သို့မဟုတ် ကိုယ်တိုင်ကြုံတွေ့ဖူးသောသူ အငေ ာ်များများရှိ၏။ တစ်ခါက အမေရိကန် တက္ကသိုလ်တစ်ခုရှိ သုတေသနဌာနမှ စုံစမ်းကြည့်ရာ လူတစ်ဦးဦးကို သေပြီးသည့်နောက်မှ မိမိ တွေ့ဖူးသည်ဆိုသောသူများမှာ နိုင်ငံဦးရေ၏ ၂၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရ၏။ အိုက်စလန်နိုင်ငံ၌ အလားတူ အတွေ့အကြုံမျိုး ရှိဖူးသောသူများမှာ ၃၁ ရာခိုင်နှုန်း၊ အင်္ဂလန်နိုင်ငံ၌ ၄၇ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရှိရ၏။

သို့ဖြစ်၍ လူသေလျှင် ဘဝပြတ်သည်ဟု ခံယူထားသော အချို့ရုပ်ဝါဒီတို့သည်ပင် တစ်ခါတစ်ရံ တမလွန်ဘဝပြဿနာနှင့် ပတ်သက်၍ သို့လောသို့လော ဖြစ်ကြခြင်းမှာ အံ့သြစရာမရှိချေ။ မကြာမီက ကွယ်လွန်သွားသော ယူဂိုစလားဗီးယားသမ္မတ **တီးတိုးသည်** ကွန်မြူနစ်နိုင်ငံခေါင်းဆောင် ဖြစ်သည်နှင့်အညီ သူ့ကိုယ်သူ ဘာသာတရားမဲ့**ရှိသူအဖြစ်** ပြောဆိုလေ့ရှိ၏။ သို့ဖြစ်စေကာမူ တစ်ခါက သူနှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်တစ်ဦးက လူသေသည့်အခါ အချည်းနှီး ဖြစ်သွားသည်ဟုဆိုရာ မာရှယ်တီးတိုးကပြုံး၍ "မင်း ဘယ်တော့မှ ဒီလိုမပြောနဲ့၊ မင်း ဘာမှမသိနိုင်ပါဘူး"ဟု ပြောဖူး၏။[၂]

အစစအရာရာကို ဆင်ခြင်တိုင်းထွာပြီးမှ လက်ခံယုံကြည်လိုသော အသိပညာရှင်များတွင် နဂိုမူလက တမလွန်ဘဝကို ငြင်းဆိုလိုသော ပုဂ္ဂိုလ်သည်ပင် နတ်ဝင်များကို စူးစမ်းလေ့လာကြည့်သောအခါ၊ သို့မဟုတ် သုတေသီတို့၏ တွေ့ရှိရချက်များကို လေ့လာကြည့်သောအခါ စိတ်ဇဝေဇဝါ ဖြစ်ကြရ၏။ တမလွန်ဘဝကို လက်မခံသည့်တိုင် ငြင်းဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေကြ၏။ ဤနေရာ၌ နာမည်ကျော် အမေရိကန်စိတ်ပညာရှင်တစ်ဦး၏ ရေးသားချက်ကို ဖော်ပြပါအံ့။

ဂါဒနာမာဖီ[၃]သည် စိတ်ပညာကျမ်းများ ရေးသားခဲ့သော ထိပ်တန်းစိတ်ပညာရှင် တစ်ဦးဖြစ်၍ တစ်ခါက အမေရိကန်စိတ်ပညာအသင်း၏ ဥက္ကဋ္ဌဖြစ်ခဲ့ဖူး၏။ အနောက်တိုင်း စိတ်ပညာသည် ရုပ်ဝါဒကိုအခြေခံ၍ စိတ်ပညာရှင်တို့သည် အများအားဖြင့် တမလွန်ဘဝကို မဆိုထားဘိ၊ စိတ်ဝိညာဉ် သုတေသနနယ်မှ အချို့သော တွေ့ရှိရချက်များကိုပင် အသိအမှတ်မပြုလိုကြချေ။ ဂါဒနာမာဖီသည် နဂိုမူလက တမလွန်ဘဝကို ငြင်းဆိုလိုသောသူဖြစ်၏။ အခန်း(၄)၌ ကျွန်ုပ်တို့ဖော်ပြခဲ့သော တမလွန်လောကနှင့် ဆက်သွယ်

---

၁။ Circumstantial Evidence

၂။ Newsweek, May 19. 1980

၃။ Gardner Murphy



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသည့် နတ်ဝင်တို့၏စကားကို သံသယဖြစ်ဖွယ်ရာ အချက်များမှာ ဂါဒနာမာဖီ ထောက်ပြသော အချက်များဖြစ်၏။ သို့ရာတွင် သူ၏စာအုပ်တစ်အုပ်၌ ဂါဒနာမာဖီက အောက်ပါအတိုင်း ရေးသားထား၏။

"တမလွန်ဘဝပြဿနာနှင့် ပတ်သက်၍ ကျွန်ုပ် မည်သို့ခံယူပါသနည်းဟု စာဖတ်သူတို့က မေးငြားအံ့၊ ရွေ့ပြောင်း၍မရနိုင်သော အရာဝတ္ထုတစ်ခုကို အလွန်ကြီးမားသော အားတစ်ခုက ရိုက်ခတ်သောအခါ မည်သို့ဖြစ်ပျက်ပါသနည်းဟု ပြန်မေးရပါမည်။ ကျွန်ုပ်အဖို့ တမလွန်ဘဝအတွက် တွေ့ရှိရသော အထောက်အထားများကို မျက်ကွယ်ပြုရန် မဖြစ်နိုင်ပါ။ သို့ရာတွင် တမလွန်ဘဝကိုလည်း ကျွန်ုပ် လက်မခံနိုင်ပါ။ ကျွန်ုပ်၏ ယုံကြည်မှုသည် ၅၅ ရာခိုင်နှုန်းဖြစ်သလော၊ ၄၅ ရာခိုင်နှုန်းဖြစ်သလောဟု မေးပါက အချည်းနှီးဖြစ်ပေလိမ့်မည်။ အသက်ခြောက်ဆယ်ကျော် စိတ်ပညာရှင်တစ်ဦးအနေနှင့် ပြောရမည်ဆိုပါက ကျွန်ုပ်သေပြီးသည့်နောက် ဆက်လက်၍ ရှိနေလိမ့်မည်ဟု မမျှော်လင့်ပါ။ သို့ရာတွင် ဒဿနဗေဒ(ဖီလော်ဆိုဖီ) ဆွေးနွေးပွဲ၌ အလေးအနက် ထင်မြင်ချက်ပေးရမည်ဖြစ်ပါက တမလွန်ဘဝမရှိဟု ကျွန်ုပ် ပြောမည်မဟုတ်ပါ။ ကျွန်ုပ်စိတ် မတင်မကျဖြစ်နေခြင်းမှာ ဤပြဿနာနှင့် ပတ်သက်၍ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သောကြောင့် ဖြစ်ပါသည်။ နောက်ထပ် အထောက်အထားများ၊ အတွေးအမြင်သစ်များနှင့် ရဲရဲပြတ်သားသော စိတ်ဓာတ်ရှိဖို့ ကျွန်ုပ်တို့ လိုနေပါသည်"

အသိပညာရှင်၊ သို့မဟုတ် သိပ္ပံပညာရှင်တစ်ဦးသည် တမလွန်ဘဝကို လက်ခံယုံကြည်သည့်တိုင် သူ၏ခံယူချက်သည် ရိုးရိုးလူအများစု၏ ခံယူချက်နှင့် တူမည်မဟုတ်ချေ။ ဒေါက်တာစတီဗင်ဆင်က မိမိလေ့လာခဲ့သော လူဝင်စားမှုများမှာ ကမ္ဘာ့လူဦးရေ၏ အလွန်သေးငယ်သော အစိတ်အပိုင်းနှင့်သာ သက်ဆိုင်သောကြောင့် လူသတ္တဝါအားလုံးသည် သေပြီးနောက် လူပြန်ဖြစ်ကြသည်ကို မိမိမပြောနိုင်ပါဟု ဆို၏။ နတ်ဝင်၊ သေရွာပြန်နှင့် သေခါနီးလူနာများအကြောင်း လေ့လာတွေ့ရှိရချက်များသည်လည်း ထိုနည်းအတူပင်ဖြစ်၏။ တစ်နည်းဆိုသော် အသိပညာရှင်သည် စိတ်ဝိညာဉ်သုတေသီတို့၏ တွေ့ရှိရချက်များကို လေ့လာ၍ အချို့လူများ သေပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု ခံယူပေလိမ့်မည်။ အချို့လူများဟုဆိုရာ၌ လူအားလုံးအတွက် ငြင်းဆိုသောသဘော မပါဝင်ဘဲ သိပ္ပံနည်းကျ ဆင်ခြင်သုံးသပ်၍ မယုတ်မလွန် ပြောဆိုခြင်းဖြစ်ကြောင်း သတိပြုသင့်ပေ၏။

အချို့လူများ သေပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်ခြင်းသည် သိပ္ပံဓာတ်ခွဲခန်း၌ စမ်းသပ်လေ့လာ၍ မရအပ်သောကြောင့် ဆိုင်ရာအကြောင်းတရားကို သိပ္ပံနည်းကျကျ ထောက်ပြရန် မဖြစ်နိုင်ချေ။ သို့ရာတွင် စိတ်ဝိညာဉ်သုတေသီတို့၏ တွေ့ရှိရချက်များအရ ဖြစ်နိုင်သောအကြောင်းတရားမှာ ဘဝတဏှာ(ဝါ) အလိုဆန္ဒနှင့်ယှဉ်နေသော ယုံကြည်မှု ဖြစ်၏။ သိပ္ပံအမြင်ဖြင့် ထိုယုံကြည်မှုသည် မုချဘဝသစ်ဖြစ်စေသည်ဟု မဆိုနိုင်သော်လည်း အရေးပါသော အကြောင်းတရား ဖြစ်ဟန်လက္ခဏာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



လူသေလူဝင်စား ဖြစ်မှုများ၌ ယုံကြည်မှု၏အရေးပါပုံ အထောက်အထားများကို အခန်း(၈)၌ ပြဆိုခဲ့ပေပြီ။ သေရွာပြန်နှင့် သေခါနီး နိမိတ်အာရုံထင်မှုများ၌လည်း လူနာများသည် အများအားဖြင့် တမလွန်ဘဝကို ယုံကြည်သောသူများ ဖြစ်ကြ၏။

လူတို့သည် မရှိသောအရာကို ယုံကြည်လေ့ရှိကြသည်မှန်၏။ သို့ရာတွင် တစ်ခါတစ်ရံ ယုံကြည်သည့်အတိုင်း အမှန်တကယ် ဖြစ်တတ်ခြင်းကို ကျွန်ုပ်တို့ မမေ့သင့်ချေ။ မိမိကိုးကွယ်သော အရှင်သခင်အား ယုံယုံကြည်ကြည် ဆုတောင်း၍ အလိုဆန္ဒပြည့်ဝသော သူတို့နှင့် ပျောက်စေဆရာတို့၏ တန်ခိုးဖြင့် အနာရောဂါပျောက်ကင်းသော သူတို့၏ သာဓကများကို သတိပြုသင့်ပေ၏။ ဤသာဓကများ၌ ဘာသာဝါဒ၊ အသိပညာ၊ အသက်အရွယ် စသည်တို့မှာ အကြောင်းမဟုတ်၊ ယုံကြည်မှုသာ ပဓာနဖြစ်၏။ ရှေးပဝေသဏီကစ၍ ယနေ့အထိ အတိုင်းတိုင်း အပြည်ပြည်၌ ကြုံတွေ့ရသော ထိုသာဓကများကို အကြောင်းမဲ့ တိုက်ဆိုင်မှုအဖြစ် ပေါ့ပေါ့တန်တန် မှတ်ယူပါက ယထာဘူတကျမည် မဟုတ်ချေ။

စင်စစ် ယုံကြည်မှုအပါအဝင် စေတသိက်တရားများသည် လူအများ ထင်သည်ထက် ပို၍တန်ခိုးသတ္တိရှိကြောင်း စိတ်ပိညာဉ်သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များ၌ ထင်ရှား၏။ ပရဝိညာဉ်နှင့်ပတ်သက်သော ဒေါက်တာရိုင်း၏ စမ်းသပ်မှု၌ အစမ်းသပ်ခံပုဂ္ဂိုလ်၏ ယုံကြည်မှု၊ စိတ်ပါဝင်စားမှု၊ စိတ်ကြည်လင်မှု၊ စမ်းသပ်သောသူနှင့် သဟဇာတဖြစ်မှုများ အရေးပါကြောင်း သိရ၏။ အဝေးမှ တယ်လီပသီဖြင့် ပေးပို့လိုက်သော သတင်းသည် တစ်ခါတစ်ရံ ဆိုင်ရာပုဂ္ဂိုလ်၏ စိတ်ခံစားရမှုနှင့် ရုပ်တရားကိုပါ ရိုက်ခတ်တတ်၏။[၁] အနာရောဂါဖြစ်ပွားရာ၌ စိတ်ဓာတ်၏အရေးပါမှု[၂]ကို ယခုခေတ် ဆေးပညာရှင်များက အသိအမှတ်ပြုကြ၏။

ရုပ်ဝါဒီတို့က စိတ်သည် ရုပ်တရားပေါ်၌မှီနေသည်ဟု ဆိုသော်လည်း အချို့နေရာများ၌ စိတ်နှင့်ရုပ်၏ စွမ်းအားများမှာ ပြောင်းပြန်အချိုးအားဖြင့် ဆက်စပ်နေဟန်ရှိ၏။ တစ်နည်းဆိုသော် စိတ်အားကောင်းလျှင် ရုပ်အားပျော့၍ ရုပ်အားကောင်းလျှင် စိတ်အားပျော့သော လက္ခဏာများကို တွေ့ရ၏။

ကမ္ဘာဦးခေတ်က ရှိခဲ့သော ဒိုင်နိုဇော[၃] စသော သတ္တဝါကြီးများသည် ကိုယ်ခန္ဓာကြီးမားသော်လည်း အသိဉာဏ်မရှိသောကြောင့် ပျောက်ကွယ်ခဲ့ကြ၏။ လူသည် သတ္တလောကတွင် စိတ်ဓာတ်ခွန်အား အကြီးမားဆုံး ဖြစ်သော်လည်း တိရစ္ဆာန်များထက် ကာယအားချို့တဲ့၍ ရောဂါဖြစ်ပွားမှု ပိုများ၏။ စိတ်ပိုင်း ပျက်စီးယိုယွင်းနေသော စိတ္တဇဝေဒနာရှင်များသည် လူကောင်းများထက် ပို၍ ကျန်းမာနေတတ်သည် ဆို၏။[၄] သုတေသီ

၁။ "စိတ်ပိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ" စာ-၂၃၇။
၂။ Psychosomatic medicine
၃။ Dainosaur
၄။ "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု" စာ-၁၂၇။



www.burmeseclassic.com

www.burmeseclassic.com



တို့၏ တွေ့ရှိရချက်အရ ရုပ်တရား အဆုံးစွန်ဖောက်ပြန်ပျက်စီးနေသော သေခါနီးလူနာများသည် စိတ်ကြည်လင်လန်းဆန်း၍ တယ်လီပသိစွမ်းအား ရရှိလာကြပုံကို အထက်က ဖော်ပြခဲ့ပေပြီ။

ဘဝတဏှာနှင့်ယှဉ်သော ယုံကြည်မှုသည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ မျက်မှောက်ဘဝတည်မြဲမှု၌ ပဓာနအကြောင်းတရား ဖြစ်၏။ လူသည် မိမိဘဝကို တပ်မက်၍ အသက်ရှင်နေလိုကြ၏။ အနာဂတ်ကာလတွင် မည်သို့မည်ပုံ ဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်၏။ ထို ဘဝတပ်မက်မှု၊ ထို ယုံကြည်မျှော်လင့်မှုဖြင့်ပင် ကလေးလူငယ်၊ လူကြီးစသော ဘဝကဏ္ဍအမျိုးမျိုးကို ဖြတ်သန်းပြီး နောက်ဆုံး၌သေရ၏။ စင်စစ် သေခြင်းတရားသည် ဘဝအဆုံး၌သာလျှင် ဖြစ်ပေါ်သောတရားမဟုတ်၊ ရုပ်ခန္ဓာတို့သည် အမြဲတစေ ချုပ်ပျောက် ပျက်စီးနေ၍ သေခြင်းတရားကို နေ့စဉ် လူတို့ ကြုံတွေ့နေကြရ၏။ သို့ဖြင့် နောက်ဆုံးရုပ်နာမ်တရား လုံးဝချုပ်ငြိမ်းခါနီး၌ ဘဝတဏှာနှင့် ယုံကြည်မှုသည် အားကောင်းနေပါက သေသည်၏အခြားမဲ့၌ ဘဝသစ်တစ်ဖန် မဖြစ်နိုင်စရာ အကြောင်းမရှိချေ။

စိတ်စေတသိက်တို့၏ စွမ်းအင်သတ္တိကို လက်ခံယုံကြည်သောသူသည် အထက်ပါစကားကို ငြင်းဆိုမည်မဟုတ်ချေ။ သို့ရာတွင် တမလွန်ဘဝကို လက်မခံလိုသော ပုဂ္ဂိုလ်အဖို့ စောဒနာရန် အကြောင်းတစ်ခုရှိ၏။ မျက်မှောက်ဘဝ၌ ကလေးသူငယ် မောင်ဘနှင့် လူကြီးဦးဘတို့သည် ပရမတ္ထအားဖြင့် ရုပ်နာမ်ခန္ဓာက တခြားစီဖြစ်သော်လည်း မောင်ဘသည် ဦးဘဖြစ်လာသည်ဟု လောကဝေါဟာရအားဖြင့် ပြောဆိုရန် အကြောင်းများရှိသည်မှန်၏။ ဦးဘသေပြီးနောက် လူဝင်စားမောင်နီ ဖြစ်လာရာ၌ လောကဝေါဟာရအားဖြင့် ဦးဘသည် မောင်နီ ဖြစ်လာသည်ဟုဆိုရန် အလားတူ အကြောင်းများ ရှိပါသလောဟု သူက စောဒနာပေလိမ့်မည်။

ဤသည်မှာ စဉ်းစားဖွယ်ရာဖြစ်၏။ မောင်ဘသည် ဦးဘဖြစ်လာသည် ဆိုရာ၌ လူငယ်ဘဝနှင့် လူကြီးဘဝ အကြောင်းအကျိုး ဆက်သွယ်နေမှု၊ လူငယ်ဘဝက အဖြစ်အပျက်ကို ဦးဘက မှတ်မိမှုအပြင် စရိုက်ဝါသနာ စေတနာ၊ ခံစားရချက်စသော စေတသိက်များ တူညီမှုကို အကြောင်းပြု၍ ထိုသို့ဆိုခြင်းဖြစ်၏။ တမလွန်ဘုံသားတို့၏ ကိုယ်စားတစ်စီးမှတစ်ဆင့် နတ်ဝင်ပြောပြသော စကားများ၌မူ အမှတ်သညာမှတစ်ပါး အခြားစေတသိက်များ ထင်ရှားခြင်းမရှိချေ။ သို့ဖြစ်၍ သုတေသီတစ်ဦးဖြစ်သော ပါမောက္ခဗရော့က လူတစ်ဦးသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုခြင်းကို လက်မခံဘဲ တစ်စုံတစ်ခုသော စေတသိက်ကျန်ရှိခြင်းသာ ဖြစ်ပါသည်ဟု ဆိုလေသည်။ (စာ-၆၃)

လူဝင်စားမှုများ၌မူ ဘဝဟောင်းမှပုဂ္ဂိုလ်နှင့် စရိုက်ဝါသနာ၊ ခံစားရချက် စသည်များ တူညီမှုကို တွေ့ရ၏။ သို့ရာတွင် ထိုတူညီမှု၏ အတိုင်းအတာ အတိမ်အနက်ကို ကျွန်ုပ်တို့ အသေအချာ မသိရသေးချေ။ ထိုသို့သိရှိရန် ဒေါက်တာစတီဗင်ဆင်၏ လူဝင်စားမှု စူးစမ်းလေ့လာရေးလုပ်ငန်းသည် ယခုထက် ပိုမို ကျယ်ပြန့်နက်ရှိုင်းရန် လိုပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးလေ့လာရန် လိုအပ်သောအချက်မှာ တစ်စုံတစ်ခုသော ရည်ရွယ်ချက်ဖြင့် ကြံစည်အားထုတ်မှုဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသေပြီးနောက် ဘ၀သစ်တစ်ဖန်ဖြစ်မှုသည် တစ်စုံတစ်ခုသော ကိစ္စအတွက် ဆက်လက်၍ အစဉ်တစိုက် ကြံစည်အားထုတ်မှု၌ များစွာ ထင်ရှား၏။ တစ်ခါတစ်ရံ တစ္ဆေသည် ကွယ်လွန်သူ၏ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ဆိုင်ရာသက်ရှိလူတစ်ဦးအား သတိပေးခြင်း၊ အကြံဉာဏ်ပေးခြင်းစသော သာဓကများ ရှိပေရာ ယင်းတို့ကိုထောက်ပြ၍ သုတေသီတို့က တစ္ဆေမှာ ၎င်းတို့ တွေ့မြင်သောသူ၏ စိတ်အထင်မဟုတ်ဘဲ သေသူပင်ဖြစ်သည်။ သို့မဟုတ် သေသူနှင့် တစ်နည်းနည်း ဆက်သွယ်နေသည်ဟု ဆိုကြ၏။

နတ်ဝင်က သေသူ၏အကြောင်းကို တိကျမှန်ကန်စွာ ပြောပြနိုင်ခြင်းမှာ သူ၏ တယ်လီပသီ အစွမ်းသတ္တိကြောင့် ဖြစ်သည်ဟု အချို့သုတေသီဆရာတို့က ယူဆကြ၏။ သို့ရာတွင် အခန်း(၃)၌ ဖော်ပြခဲ့သော အော်တိုမက်တစ် ပဟေဠိစာပေကိစ္စ၌မူ ထိုသို့ ယူဆရန် မဖြစ်နိုင်ချေ။ ထိုစာပေ ထွက်ပေါ်လာမှုမှာ အလွန်ဆန်းကြယ်၍ သေချာဂဏ စိစဉ်မှု၊ ရည်ရွယ်ချက်ရှိမှု၊ ပူးပေါင်းကြံစည် အားထုတ်မှုများ ထင်ရှားသောကြောင့် ကွယ်လွန်သူ စာပေပညာရှင်များ တမလွန်လောကမှနေ၍ ဆောင်ရွက်မှု ဖြစ်ရမည်ဟု သုတေသီဆရာ အတော်များများက လက်ခံယုံကြည်ကြ၏။

လူဝင်စားမှုများ၌ ဘဝဟောင်းနှင့် ဆက်နွှယ်နေသော ကြံစည်အားထုတ်မှုမျိုးကို မတွေ့ရချေ။ ဒေါက်တာစတီဗင်ဆင်၏ သုတေသနမှတ်တမ်း၌ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ ရန်ဂျစ်မကာလန္တဆိုသော ကလေးသူငယ်တစ်ယောက်အကြောင်း ဖော်ပြထား၏။ ရန်ဂျစ်၏ဖခင်သည် အင်္ဂလိပ်လူမျိုးကို မလိုမုန်းထားသောသူ ဖြစ်၏။ သို့ရာတွင် ရန်ဂျစ်သည် ဘဝဟောင်းက အင်္ဂလန်ပြည်၌ မိမိ နေထိုင်ခဲ့သည်ဟုပြော၍ ငယ်စဉ်ကပင် အင်္ဂလိပ်စာကို လျင်မြန်စွာ သင်ကြားတတ်မြောက်ပြီး အင်္ဂလိပ်အမူအကျင့်၊ စရိုက်လက္ခဏာ များကို ပြ၏။ မိဘ သဘောမတူဘဲ အင်္ဂလန်နိုင်ငံသို့ ထွက်သွား၏။ သူသည် ကားမောင်း အလွန်ဝါသနာပါ၍ စကော့တလန်ပြည် ကားမောင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရာ ပထမ ရခဲ့လေသည်။[၁]

ဤသာဓက၌ အရှေ့တိုင်းသားတစ်ဦးက အစဉ်အလာအားဖြင့် အနောက်တိုင်းသား များသာ ကျွမ်းကျင်သောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်၍ ထူးချွန်ပြောင်မြောက်ခြင်းမှာ အံ့သြ ဖွယ်ရာ ကောင်း၏။ အကယ်၍ ရန်ဂျစ်ပြောပြသော ဘဝဟောင်းမှ လူသည်ကား ဝါသနာပါ၍ ကားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် ဆန္ဒရှိကြောင်း သိရှိရပါက ကြံစည်အားထုတ်မှု သည် ဘဝသစ်သို့ ပါလာသည်ဟု ဆိုနိုင်ပေသည်။ သို့ရာတွင် ဘဝဟောင်းနှင့် ပတ်သက် သော ရန်ဂျစ်၏ပြောပြချက်မှာ အနည်းအကျဉ်းမျှသာဖြစ်၍ အထက်ပါအကြောင်း မပါ ရှိချေ။

---

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ"



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ သုတေသီတို့၏ လေ့လာတွေ့ရှိရချက်အရ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦး သေသည့်၏အခြားမဲ့၌ ဘဝဟောင်းမှ အမှတ်သညာ၊ စရိုက်ဝါသနာစသော အချို့သော စေတသိက်များဖြင့် ဘဝသစ်တစ်ဖန် ဖြစ်မှုသည် ထင်ရှား၏။ ဘဝကူးပြောင်းသည်ဟူ၍ အတ္တစွဲဖြင့် လူတို့ပြောသောစကားကို လက်ခံရန်မလိုသော်လည်း တစ်ဘဝနှင့် တစ်ဘဝ အကြောင်းအကျိုး ဆက်စပ်နေခြင်းကိုကား ကျွန်ုပ်တို့ အသိအမှတ်ပြုရပေမည်။

အထက်က ဖော်ပြခဲ့သော စိတ်ပညာရှင် ဂါဒနာမာဖီကဲ့သို့ပင် စိတ်ဝိဉာဉ် သုတေသီတို့၏ တွေ့ရှိရချက်များကို အစွဲဥပါဒါန်မရှိဘဲ လေ့လာခဲ့သော သိပ္ပံပညာရှင်၊ အသိပညာရှင်တို့သည် တမလွန်ဘဝအယူကို အခြေအမြစ်မရှိဟူ၍ ပြောဆိုမည်မဟုတ် ချေ။ သို့ရာတွင် လူအများကဲ့သို့ တမလွန်ဘဝရှိသည်ကို ပြောဆိုမှုကိုလည်း ရှောင်ကြဉ် ပေလိမ့်မည်။ သူတို့၏အမြင်အားဖြင့် တမလွန်ဘဝ ရှိပါသလောဟူသော မေးခွန်းကို ရှိသည်၊ သို့မဟုတ် မရှိဟူသော တစ်ခွန်းတည်းသော စကားဖြင့် ဖြေဆို၍မရအပ်ချေ။ ပုဂ္ဂိုလ်သတ္တဝါဟူသည် အဘယ်နည်း။ ဘဝဟူသည် မည်သို့သော အဓိပ္ပာယ်ကို ဆောင် သနည်း။ တမလွန်ဘဝ ရှိသည်ဆိုလျှင် မည်သို့မည်ပုံ ရှိသနည်း။ မရှိဟုဆိုလျှင် မည်သို့ မည်ပုံ မရှိသနည်း စသည်တို့ကို အကျယ်ရှင်းပြရန် လိုပေလိမ့်မည်။

တမလွန်ဘဝအယူနှင့် ပတ်သက်၍ လူတို့သည် ရှိသည်၊ သို့မဟုတ် မရှိဟူ၍ ပြတ်သားစွာ ခံယူထားကြသည်က များ၏။ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဆိုပါက ကျေနပ်ကြမည် မဟုတ်ချေ။ သို့ရာတွင် သိပ္ပံပညာသည်ပင် အချို့ ပြဿနာများနှင့် ပတ်သက်၍ တိကျပြတ်သားမှု မရှိချေ။ ထို့အပြင် အချို့သော တရား များကို ပုထုဇဉ် လူသတ္တဝါများ နားလည်သဘောပေါက်အောင် ရှင်းပြရန် ခက်ခဲနေသော ကြောင့် ကမ္ဘာ့ဘာသာကြီးများသည် တိကျပြတ်သားမှုမရှိဘဲ "မဟုတ်"သဘောဖြင့် ဟောပြောလေ့ရှိခြင်းကို သတိပြုသင့်ပေ၏။[၂]

အနောက်တိုင်း သုတေသီတို့သည် အထက်က ပြဆိုခဲ့သည့်အတိုင်း နည်းအမျိုးမျိုး ဖြင့် တမလွန်ဘဝပြဿနာကို လေ့လာလျက်ရှိကြပေရာ အကယ်၍ နောက်ဆုံးတစ်နေ့ တွင် တမလွန်ဘဝရှိကြောင်း ရာခိုင်နှုန်းပြည့် တိကျခိုင်မာသော အထောက်အထားများ ပြနိုင်ပါက ကမ္ဘာ့လူသားတို့အား မည်သို့ အကျိုးပြုပါမည်နည်းဟု စဉ်းစားရန်ရှိ၏။

---

၁။ "သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံပညာသဘော" စာ ၁၆၅-၁၆၇။

၂။ နိဗ္ဗာန်ဘုံသည် ဘုံဌာနမဟုတ်၊ ခံစားမှုမဟုတ်၊ ဖြစ်ခြင်းမဟုတ်၊ မဖြစ်ခြင်းမဟုတ် စသည်ဖြင့် ဖွင့်ဆိုလေ့ရှိကြ၏။ ရှေးအိန္ဒိယတိုင်းရင်းသားတို့၏ ဥပနိသျှကျမ်းများ၌လည်း သူတို့၏ ပရမတ္ထ (အမြတ်ဆုံးတရား)ကို ဤသို့မဟုတ်၊ ထိုသို့မဟုတ်ဟူ၍သာ ရေးသားထား၏။ နာမည်ကျော် ရူပဗေဒသိပ္ပံပညာရှင် J.R. Oppenheimer က အီလက်ထရွန်နစ်နှင့်ပတ်သက်၍ အီလက်ထရွန်နစ် သည် နေရာတည်မြဲနေပါသလောဟု မေးပါက မဟုတ်ပါဟု ကျွန်ုပ်တို့ ဖြေဆိုရမည် ဖြစ်သည်။ တည်နေရာ ပြောင်းလဲသလောဟု မေးလျှင်လည်း မဟုတ်ပါဟု ဆိုရမည်။ လှုပ်ရှားနေသလောဟု မေးလျှင်လည်း မဟုတ်ပါဟု ဖြေဆိုရမည်ဖြစ်သည် စသည်ဖြင့် ဟောပြောဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝ မုချရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါက လူ့ဘဝသည် အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ရှိလိမ့်မည်ဟု အချို့လူများက ဆိုကြပေရာ လူဝင်စားများကို လေ့လာခဲ့သော ဒေါက်တာစတီဗင်ဆင်က ထိုအဆိုကို လက်မခံချေ။ လူ့ဘဝတန်ဖိုးရှိရန်အတွက် တမလွန်ဘဝယုံကြည်မှုသည် အကြောင်းမဟုတ်၊ တမလွန်ဘဝကို ယုံကြည်သော်လည်း အချည်းနှီး အသက်ရှင်နေသူများရှိ၍ တမလွန်ဘဝကို လက်မခံသော်လည်း ပညာရှာမှီးခြင်း၊ လူ့လောက အကျိုးစီးပွားကို ဆောင်ရွက်ခြင်း စသည်ဖြင့် လူဖြစ်ရကျိုးနပ်သော ပုဂ္ဂိုလ်များ ရှိကြပါသည် ဆို၏။

လူသည် သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်ရာ၌ အဆင့်အတန်း ပိုမိုမြင့်မားသော ဘဝသို့ ရောက်ရှိသွားသည်။ သို့မဟုတ် ဘဝဟောင်းမှ အတွေ့အကြုံများကြောင့် ဘဝသစ်၌ ကြီးပွားတိုးတက်ရန် အလားအလာ ပို၍ရှိလာမည်ဆိုပါက ဘဝသံသရာ၌ ကျင်လည်ရခြင်းသည် ဦးတည်ချက်ရှိပေလိမ့်မည်။ သို့ရာတွင် နတ်ဝင်တို့မှတစ်ဆင့် အချို့သော တမလွန်ဘုံသားတို့၏ ပြောပြချက်အရသော်လည်းကောင်း၊ လူဝင်စားများကို လေ့လာတွေ့ရှိရချက်များအရ သော်လည်းကောင်း သေပြီးနောက် ဘဝသစ်၌ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ရန် အကြောင်းမရှိချေ။

ကိုယ်ကျင့်တရားကောင်းရေးအတွက် တမလွန်ဘဝကို ယုံကြည်ရန် လိုအပ်သည် ဆိုသော လူအများ၏ ထင်မြင်ချက်ကိုလည်း ဒေါက်တာစတီဗင်ဆင်က လက်မခံချေ။ ရှေးလူတို့သည် တမလွန်ဘဝကို လေးလေးနက်နက် ယုံကြည်သော်လည်း သူတို့၏ ဆိုးသွမ်းမိုက်မဲမှုများမှာ ကမ္ဘာ့သမိုင်း၌ ထင်ရှား၏။ ယခုခေတ်၌ တမလွန်ဘဝကို မယုံကြည်သောသူ အတော်များများရှိရာ ထိုသူတို့ထက် ယုံကြည်သူတို့က အများအားဖြင့် ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်သည်ဟု မဆိုသာချေ။

စင်စစ် တမလွန်ဘဝကို ယုံကြည်မှု၊ မယုံကြည်မှုသည် လူတစ်ဦး၏ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ သို့မဟုတ် ကြီးပွားတိုးတက်ရေးအတွက် များစွာအရေးမပါလှချေ။ ယုံကြည်သူတို့သည် သေသည်၏အခြားမဲ့၌ မျှော်လင့်ချက်ထားရှိသောကြောင့် မျက်မှောက်ဘဝကောင်းစားရေးကို ဂရုမပြုဘဲ ဆုတ်ယုတ်ညံ့ဖျင်းနေကြသည်ဟု အချို့ကဆိုကြ၏။ ဤအဆိုမှာ လူအများစုအဖို့ မှန်မည်မဟုတ်ချေ။ ထိုကိုအားကိုးသော အချို့လူများသည် လူပျင်းလူညံ့များဖြစ်ပေရာ သူတို့ ပျင်းရိညံ့ဖျင်းခြင်းသည် ထိကြောင့်မဟုတ်ဘဲ သူတို့၏ စရိုက်ဗီဇကြောင့်ဖြစ်၍ ထိမရှိလျှင်လည်း ပျင်းရိညံ့ဖျင်းနေမည် ဖြစ်၏။ ထို့အတူ အချို့လူများ တိုးတက်မှုမရှိခြင်းမှာ ဗီဇဓာတ်ညံ့ဖျင်းမှုကြောင့်ဖြစ်၍ သူတို့၏ တမလွန်ဘဝ ယုံကြည်မှုကို အပြစ်တင်ရန် မလိုချေ။

လူတို့သည် အများအားဖြင့် အလိုဆန္ဒမပြည့်ဝစေဘဲ ရုန်းကန်လှုပ်ရှားရင်း နောက်ဆုံး၌ သေမင်းကို ရင်ဆိုင်ကြရပေရာ တမလွန်ဘဝ ယုံကြည်မှုသည် သေခါနီး၌ စိတ်သက်သာရာရရှိမည့် အထောက်အကူဖြစ်၏။ ဘဝတကာအားကောင်းသော သူတို့အဖို့လည်း တမလွန်ဘဝသည်သာ အားထားရာရှိ၏။ အနောက်နိုင်ငံသား အသိပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကမူ "သေပြီးနောက် ကျွန်ုပ် ငရဲခံရမည်ဆိုသော် ခံရပါစေ။ ငရဲခံရမည်ထက် ဘဝပြတ်စဲသွားမည်ကို ပိုပြီးကြောက်လှပါသည်" ဟု ဆိုဖူး၏။[၁] ထိုကဲ့သို့သော လူများအဖို့ တကယ်ပင် တမလွန်ဘဝ မရှိသည့်တိုင် ရှိအောင်ဖန်တီးပေးရန် လိုပေလိမ့်မည်။

ယခုအခါ အနောက်နိုင်ငံများ၌ သေခြင်းတရားနှင့် ပတ်သက်၍ အချို့လူတို့၏ အတွေးအမြင် ပြောင်းလဲလာခြင်းမှာ တမလွန်ဘဝအယူ ပြန်လည်ပေါ်ထွန်းလာသောကြောင့်ဖြစ်၏။ သိပ္ပံပညာကို အကြွင်းမဲ့ လက်ခံယုံကြည်ခဲ့ကြသော ရှေးအခါက မရဏတရားသည် သူတို့အမြင်အားဖြင့် လူ့ဘဝကို အချည်းနှီးဖြစ်စေ၍ မစဉ်းစားအပ်၊ မပြောဆိုအပ်သော အမင်္ဂလာတရားဖြစ်၏။ ယခုအခါ၌မူ တမလွန်ဘဝကို ပြန်လည်ယုံကြည်လာကြ၍ သေရမည်ကို အလွန်အမင်း မကြောက်ကြတော့ချေ။ သေခြင်းကိစ္စနှင့် ပတ်သက်သောစာအုပ်များ ထုတ်ဝေ၍ ဟောပြောပွဲများ လုပ်ကြ၏။ တစ်ခါက အမေရိကန်တက္ကသိုလ်တစ်ခု၌ သေခြင်းအကြောင်း နှီးနှောဖလှယ်ပွဲပြုလုပ်ရာ ဆရာဝန်၊ စိတ်ပညာရှင်စသော ပညာရှင်များပါဝင်၍ လူပေါင်းတစ်ထောင်ကျော် တက်ရောက်လေ့လာကြ၏။

အနောက်နိုင်ငံများတွင် တမလွန်ဘဝယုံကြည်မှု ပြန်လည်ထွန်းကားလျက်ရှိပေရာ လူသေ-လူဝင်စားဖြစ်ခြင်းကို လက်ခံယုံကြည်ကြသော လူများလည်း တိုးပွားလာဟန်ရှိ၏။ အတိတ်ဘဝ အကြောင်းတရားများကို ဖော်ထုတ်ခြင်းဖြင့် အစွဲဥပါဒါန်နှင့်ယှဉ်သော စိတ်ဝေဒနာများကို ကုစားနိုင်လိမ့်မည်ဟု အချို့က မျှော်လင့်ကြ၏။ ထိုသို့ကုသသော စိတ္တဇဆရာဝန်များလည်း ရှိ၏။

အင်္ဂလန်နိုင်ငံ၌ ထိုသို့ကုသခြင်းဖြင့် နာမည်ထင်ရှားသောသူများမှာ ကယ်လစီနှင့် ဂျုံဂရန့်[၂] ဆရာဝန်ဇနီးမောင်နှံ ဖြစ်၏။ ဒေါက်တာကယ်လစီသည် စိတ္တဇဆရာဝန်ဖြစ်၍ ဂျုံဂရန့်မှာ သူတစ်ပါး၏ အတိတ်ဘဝများကို ပရဝိဉာဉ်ဖြင့် သိမြင်နိုင်သည် ဆို၏။ ဒေါက်တာကယ်လစီသည် သမားရိုးကျနည်းများဖြင့် ပစ္စုပ္ပန် အကြောင်းတရားများကို ရှာဖွေပြီး မတွေ့ရှိသောအခါ အိပ်မွေ့ချနည်းကိုသုံး၍၊ ဇနီးဖြစ်သူနှင့် ညှိနှိုင်းတိုင်ပင်ကာ ရောဂါအရင်းအမြစ်ကို စိစစ်ဖော်ထုတ်ကြ၏။ သူ၏ကုသနည်းဖြင့် လူနာ အတော်များများ ဝေဒနာပျောက်ကင်းကြသည် ဆို၏။

ဒေါက်တာကယ်လစီ ရေးသားထားသော လူနာတစ်ဦးအကြောင်းကို ဖော်ပြပါအံ့။ လူနာမှာ အသက်လေးဆယ်ကျော် ယောက်ျားဖြစ်၏။ သူ၏ ကာမရာဂစိတ်မှာ မိန်းမများဘက်သို့ဦးမတည်ဘဲ ဓာတ်တူသားချင်းအပေါ်သို့ ညွတ်လျက်ရှိ၏။ တစ်နည်းဆိုသော် သူသည် အခြားယောက်ျားတစ်ဦးနှင့် သွားလာရပါမှ ရာဂပြေငြိမ်း၏။

ဒေါက်တာကယ်လစီသည် လူနာကို သမားရိုးကျနည်းအမျိုးမျိုးဖြင့် ကြိုးစားကုသသော်လည်း မအောင်မြင်ချေ။ ထို့ကြောင့် နောက်ဆုံး၌ အိပ်မွေ့ချပြီးလျှင် အတိတ်

---

၁။ Miguel de Unmuno. "The Tragic Sense of Life" p. 43

၂။ Dr. Kelsey and Joan Grant

www.burmeseclassic.com



ဘဝကို ဖော်ကြည့်၏။ လူနာသည် ရှေးအခါက အနောက်အာရှနိုင်ငံတစ်ခု၌ မြို့စား တစ်ဦး၏ ဇနီးမယားဖြစ်ခဲ့ဖူးသော မိမိ၏အတိတ်ဘဝ ဇာတ်ကြောင်းကို ပြောပြ၏။ ထိုဘဝဇာတ်လမ်းအတိုချုပ်ကား မြို့စား၏မယားသည် မိမိလင်အပေါ်၌ မေတ္တာ၊ စေတနာ မဖြူစင်ဘဲ ဂုဏ်ပကာသနကိုမက်မော၍ ပေါင်းသင်းနေခြင်းဖြစ်၏။ နောက်ကာလ၌ မြို့စားက သူ့အပေါ် ချစ်မေတ္တာ လျော့ပါးလာသောအခါ နာကြည်း၍ ဘုန်းကြီးတစ်ပါး အား မိမိလင်ကို ကြောက်မက်ဖွယ်ရာ ကျိန်ဆဲစေ၏။

ဆရာဝန်၏ဦးဆောင်မှုဖြင့် လူနာသည် အတိတ်ဘဝက မိမိ၏မကောင်းမှုကို သိမြင်လာပြီးနောက် လိင်တူချင်း တပ်မက်သောစိတ် ဖြစ်ပေါ်မလာတော့ချေ။

ဤနေရာ၌ စဉ်းစားရန်ရှိသည်ကား လိင်တူချင်းတပ်မက်မှုသည် အနောက်နိုင်ငံ များ၌ လူငယ်လူရွယ် အတော်များများတွင် စွဲကပ်နေ၍ ကုသရန်ခက်ခဲသော စိတ်ရောဂါ ဖြစ်၏။ စိတ်ဆရာဝန်တို့၏ အတွေ့အကြုံအရဆိုသော် အတိတ်ကာလမှ စိတ်ဒဏ်ရာ ဒဏ်ချက်ကြောင့်ဖြစ်သော စိတ်ရောဂါကို ကုသရာ၌ ရောဂါ၏မူလအစကို ဖော်ထုတ် ရုံမျှဖြင့် မပျောက်ကင်းနိုင်ချေ။ လူနာသည် ဆရာဝန်၏ အကူအညီဖြင့် ရောဂါစတင် ဖြစ်ပုံကို မိမိအလိုအလျောက် သိမြင်၍ ဝေဒနာစေတသိက်ဖြင့် ခံယူပါမှ ဝေဒနာသက်သာ ပျောက်ကင်းမည်ဖြစ်၏။ သိမြင်ခံယူသည်ဆိုရာ၌ ရိုးရိုးသိရှိမှု မဟုတ်ကြောင်း သတိပြု ရပေမည်။ ဆိုင်ရာ ဆိုင်ကိုအနာလစ် စိတ်ရောဂါကုထုံးကို ရှင်းပြနေပါက ဤအခန်းမှာ လိုအပ်သည်ထက် ပိုမိုရှည်လျားနေမည်စိုး၍ ချန်လှပ်ထားခဲ့ပါအံ့။[၁]

ဒေါက်တာစတီဗင်ဆင်၏ လေ့လာတွေ့ရှိချက်အရ လူဝင်စားကလေးသည် ဘဝ ဟောင်းအဖြစ်အပျက်များကို ကောင်းစွာမှတ်မိသော်လည်း ယင်းတို့နှင့် ယှဉ်နေသော ကြောက်ခြင်း၊ မုန်းခြင်း အစရှိသည့် ဝေဒနာခံစားရမှုများ ကွယ်ပျောက်မသွားချေ။ စင်စစ် အတိတ်ဘဝဖော်သော စိတ်ရောဂါကုနည်းမှာ သံသယဖြစ်ဖွယ် အချက်များရှိ၍ စိတ်ပိညာဉ်သုတေသီဆရာတို့က လျစ်လျူရှုထားကြဟန်တူ၏။

ဒေါက်တာစတီဗင်ဆင် လေ့လာသော လူဝင်စားမှုများ၌ ဝေဒနာစေတသိက်က သညာစေတသိက်လောက် အရေးပါသောလက္ခဏာ မတွေ့ရချေ။ ကလေးသည် ဘဝ ဟောင်းမှ ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ရသောအခါ ပထမ၌ ဝမ်းသာသော အမူအရာ၊ ခင်မင်သောလက္ခဏာများ ပြသော်လည်း ထိုခံစားရချက်များသည် ကြာရှည် မခြဘဲ ရက်ပိုင်းလပိုင်းအတွင်း ပျောက်ကွယ်သွားသည်က များ၏။ အတိတ်ဘဝကို မှတ်မိသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးနှင့်တစ်ဦး ကြာရှည်လေးမြင့် ချစ်ခင်ပေါင်းသင်း သော်သာဓကကို မတွေ့ရချေ။

ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ကို တွေ့မြင်၍ ထိုမိန်းမသည် ဘဝဟောင်းက မိမိ၏ ဇနီးမယားဖြစ်ခဲ့ပုံ၊ မိမိနှင့် သက်ဆုံးတိုင် ချစ်ခင်စွာပေါင်းသင်း

---

၁။ "လူ့စိတ်သဘာဝ" "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု"



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံကို ကောင်းစွာ ပြန်လည်မှတ်မိသည် ဆိုပါစို့။ အကယ်၍ ထိုမိန်းမ၏ ရုပ်ရည်လှပခြင်းစသော စွဲမက်ဖွယ်ရာ အရည်အချင်းတစ်ခုခု မရှိပါက ထိုယောကျ်ားသည် ထိုမိန်းမကို အမှတ်သညာတစ်ခုတည်း ရှိကာမျှနှင့် ချစ်ခင်စုံမက်နိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ စင်စစ် လူတို့ နေ့စဉ် သွားလာလုပ်ကိုင်နေရာ၌ အမှတ်သညာသည် အကြောင်းမဟုတ်၊ နှလုံးသား၏ ခံစားချက်သည်သာ ပဓာနဖြစ်၏။

အတိတ်ဘဝကို မမှတ်မိသော်လည်း ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၌ အတိတ်ဘဝမှ ပါလာသော စရိုက်ဝါသနာနှင့် စေတသိက်များ ရှိပေမည်။ သို့ရာတွင် ၎င်းတို့သည် မျက်မှောက်ဘဝကို စွဲမှီ၍ဖြစ်သော စရိုက်ဝါသနာနှင့် စေတသိက်တို့လောက် အရေးပါမည်မဟုတ်ချေ။ ဘဝသစ်တစ်ဖန်ဖြစ်ရာ၌ ဇီဝနှင့်ပတ်ဝန်းကျင်မှာ လုံးလုံးလျားလျားပြောင်းလဲသွား၍ ပိုမိုများပြားပြီး အင်အားကြီးမားသော မျက်မှောက်ဘဝ အကြောင်းတရားများက ပိုမို၍ အရေးပါ အရာရောက်ပေလိမ့်မည်။

တစ်နည်းဆိုသော် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး ကြီးပွားချမ်းသာရန်အတွက် မိဘနှစ်ပါး၏ အရေးပါမှုကို သံသယရှိရန် မလိုချေ။ မိဘများထံမှ ဆက်ခံရရှိသော ဇီဝသတ္တိနှင့် မိဘများ၏ ပြုစုစောင့်ရှောက်မှု၊ ပြုပြင်ဆုံးမမှု စသည်တို့ကို အကြောင်းပြု၍ ကလေးသူငယ်သည် ကြီးပွားတိုးတက်ရ၏။ အတိတ်ဘဝမှ ဆိုင်ရာပုဂ္ဂိုလ်၏ နေရာကဏ္ဍသည် မိဘနှစ်ပါး၏ နေရာကဏ္ဍလောက် အရေးပါမည် မဟုတ်ချေ။

လူသတ္တဝါ၏ ဘဝဖြစ်စဉ်သည် ကလေးသူငယ်အရွယ်၊ အပျိုလူပျိုအရွယ်၊ လူကြီးအရွယ် စသည်ဖြင့် အသက်အရွယ် ပိုင်းခြားထားသော်လည်း အကြောင်းအကျိုးအားဖြင့် ဆက်စပ်နေသော ရုပ်နာမ်ခန္ဓာအစဉ်ဖြစ်၏။ တစ်ခုသော အသက်အရွယ်၌ လူတစ်ဦး၏ ဘဝအခြေအနေသည် လွန်လေပြီးသော အသက်အရွယ် ဘဝဖြစ်စဉ်အပေါ်၌ အခြေခံ၍ ပေါ်ထွန်းလာသော အကျိုးတရားဖြစ်၏။ ဘဝအခြေအနေကို ပြုပြင်ဖန်တီးရာ၌ အတိတ်ဘဝသည် မျက်မှောက်ဘဝလောက် အရာရောက်မည် မဟုတ်ချေ။

ထိုနည်းအတူ အနာဂတ်ဘဝကို ကျွန်ုပ်တို့အလိုကျ များစွာ ပြုပြင်ဖန်တီးနိုင်စွမ်းမရှိကြောင်း ထင်ရှား၏။

ကျွန်ုပ်တို့၏ ယခုဘဝ စရိုက်ဝါသနာများသည် တမလွန်ဘဝသို့ တစ်စိတ်တစ်ဒေသ လိုက်ပါသွားမည် ဖြစ်သည်မှန်၏။ သို့ရာတွင် ယနေ့အထိ ဒေါက်တာစတီဗင်ဆင်၏ လှုဝင်စားမှု လေ့လာတွေ့ရှိရချက်များကို အမှီပြု၍ ကောက်ချက်ချရမည်ဆိုပါက ၎င်းတို့မှာ အားနည်း၍ မိဘထံမှရရှိသော ဇီဝသတ္တိနှင့် ပတ်ဝန်းကျင်တရားများကို အများအားဖြင့် လွန်ဆန်နိုင်မည့်လက္ခဏာ မရှိချေ။ စင်စစ် မိဘများသည် ကလေးအား မိမိတို့အလိုကျ ဇီဝအမွေ ပေးစွမ်းနိုင်ခြင်းမရှိ။ ကလေး၏ ပတ်ဝန်းကျင်တရားများကိုလည်း အစစအရာရာ မိမိတို့အလိုကျ ဖန်တီးနိုင်ခြင်းမရှိချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဘဝတဏှာ၏ မျက်မှောက်အဆွယ်အပွားဖြစ်သော သားသမီးများ၏ ဘဝကိုသော်မှ များစွာပြုပြင်ဖန်တီးနိုင်စွမ်းမရှိပါက သေပြီးနောက် ဘဝတဏှာ၏အဆွယ်အပွားအဖြစ် ကျန်ရှိမည့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ မသိမမြင်ရသေးသော တမလွန်ဘဝကို အဘယ်မှာ မိမိအလိုကျ များစွာပြုပြင် ဖန်တီးနိုင်စွမ်း ရှိပါမည်နည်း။

အချုပ်အားဖြင့်ကား ကျွန်ုပ်တို့၏ စိတ်ဓာတ်၊ စရိုက်၊ ဝါသနာ စသည်တို့သည် သေသည်၏အခြားမဲ့၌ အားလုံး အချည်းနှီးဖြစ်မသွားကြောင်း စိတ်ဝိညာဉ်သုတေသီတို့၏ လေ့လာတွေ့ရှိချက်များ၌ ထင်ရှား၏။ အစွမ်းကုန် ကြိုးစားအားထုတ်ပါလျက် ဖြေရှင်း၍ မရသော အချို့ပြဿနာများသည် အတိတ်ဘဝ၌ အရင်းခံ ရှိကောင်းရှိမည်ဖြစ်သောကြောင့် ဥပေက္ခာတရားကို နှလုံးသွင်း၍ စိတ်သက်သာမှု ရှာကြံရမည်ဖြစ်၏။ သို့ဖြစ်စေကာမူ မျက်မှောက်ဘဝ၊ မျက်မှောက်အကြောင်းတရားများသည် အရေးအကြီးဆုံးဖြစ်ခြင်းကို ကျွန်ုပ်တို့ မမေ့သင့်ပေ။ ထို့ကြောင့် ရှေးပညာရှိတို့သည် ဘဝသစ်တစ်ဖန်ဖြစ်မှုကို အသိအမှတ်ပြုသော်လည်း တမလွန်ဘဝနှင့် အတိတ်ဘဝကို အစွဲဥပါဒါန်မထားဘဲ မျက်မှောက်ဘဝကို အလေးဂရုပြုရန် အလေးအနက် ဟောပြောခဲ့ကြောင်း သတိပြုသင့်လှပေသည်။[၁]

❑

၁။ "ဗိဇနှင့်ပုတ်ဝန်းကျင်" အခန်း ၃။

၂။ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" ပထမပိုင်း ၂၃၆–၂၅၇။ ဒုတိယပိုင်း ၁၁၂။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၃

# စာရေးသူတို့၏ ယုံကြည်ချက်

လူ့သတ္တဝါသည် သေသည်၏အခြားမဲ့၌ မည်သို့ဖြစ်ပျက်သွားကြောင်း အနောက်တိုင်း စိတ်ဝိညာဉ် သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များကို အတော် စုံစုံလင်လင် တင်ပြပြီးပေပြီ။ စာအုပ်နိဂုံးအဖြစ်ဖြင့် စာရေးသူတို့၏ ယုံကြည်ချက်ကို ဖော်ပြရန်လိုပေ၏။ စာရေးသူနှစ်ဦးမှာ အချို့နေရာများ၌ အမြင်ချင်း မတူညီသောကြောင့် မိမိတို့ ယုံကြည်ချက်ကို တသီးတခြားစီ ဖော်ပြပါအံ့။

## (၁) ဦးအေးမောင်

ကျွန်ုပ်၏ အမြင်အားဖြင့် သုတေသီဆရာတို့၏ လေ့လာတွေ့ရှိရချက်များမှာ တမလွန်ဘဝရှိသည်ဟု ယူဆရန် ခိုင်မာသော အထောက်အထားများဖြစ်၏။ စင်စစ် ကျွန်ုပ်သည် ဤစာအုပ်၌ ဖော်ပြခဲ့သော ကင်းဗရစ်တက္ကသိုလ်မှ ပါမောက္ခဗရော့နှင့် အမေရိကန်စာရေးဆရာမ ကာလဝယ်[၁] တို့ကဲ့သို့ပင် တမလွန်ဘဝ အသစ်တစ်ဖန်ဖြစ်ခြင်းကို အလိုမရှိသော်လည်း တမလွန်ဘဝရှိသည်ဟု ယုံကြည်သောသူဖြစ်၏။[၂]

သို့ရာတွင် သေသည်၏အခြားမဲ့၌ မည်သည့်ဘဝမျိုးကိုမျှ ကျွန်ုပ်အလိုမရှိချေ။ အဘယ့်ကြောင့် မလိုချင်ပါသနည်းဟု မေးပါက မည်သို့ဖြေရမည် မသိပေ။ ယခုဘဝ၌ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ရပါလျက် တမလွန်ဘဝ မျှော်မှန်းနေသောသူ အမြောက်အမြားရှိ၏။ အစစအရာရာ ဘဝအဆင်ပြေ၍ လိုတရနေပါလျက် သေလျှင် ဘဝပြတ်လိုသောသူများကိုလည်း ကျွန်ုပ် တွေ့ဖူး၏။ ကျွန်ုပ်၏ ဘဝလမ်းခရီးမှာ အမြဲသာယာချောမွေ့သည်ဟု မဆိုနိုင်သော်လည်း များစွာသောသူများနှင့်စာသော် ကျွန်ုပ်မှာ အတော်ဘဝအဆင်ပြေသောသူ ဖြစ်၏။ သို့ဖြစ်စေကာမူ ကျွန်ုပ်သည် သေသောအခါ ဘဝပြတ်စဲမှုကို လိုလားတောင့်တ၏။

၁။ ဤစာအုပ် စာမျက်နှာ ၅၁-၉၇

၂။ ယုံကြည်မှုမှာ အကြောင်းအကျိုး နိယာမတရားအရ ဘဝသစ်တစ်ဖန် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ခြင်းဖြစ်၍ ဘဝကူးပြောင်းသည်ဆိုသော လူများ၏ ယုံကြည်မှုမျိုး မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို အလိုဆန္ဒနှင့်အညီ သေလျှင် ကျွန်ုပ် ဘဝပြတ်လိမ့်မည်ဟုလည်း ယုံကြည်၏။ ထိုသို့ ယုံကြည်ရန် သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များ၌ အထောက်အထားမရှိ။ သို့ရာတွင် သေသောပုဂ္ဂိုလ်သတ္တဝါတိုင်း ဘဝသစ်တစ်ဖန် ဖြစ်သည်ဟုယူဆရန် အထောက်အထားလည်း မရှိချေ။ တစ်ခုတော့ ရှိ၏။ နတ်ဝင်တို့ကို စာတ်စီး၍ပြောသော တမလွန်ဘဝ ဘုံသားများနှင့် ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားများတွင် အတိတ်ဘဝက ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို အလိုမရှိသောသူများကို မတွေ့ရချေ။ ဤသည်မှာ ကျွန်ုပ်တို့ ယုံကြည်မှုကို ထောက်ကူပေးသော အချက်ဖြစ်၏။

ကျွန်ုပ်နှင့် အမြင်ချင်းတူသော နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးမှာ အမေရိကန်ပြည်ထောင်စုမှ ပါရာဆိုင်ကိုလိုဂျီ (စိတ်ဝိဇ္ဇာဉ် သုတေသန)အသင်းဥက္ကဋ္ဌ မစ္စစ်ဂါးရက်[၁] ဖြစ်၏။ မစ္စစ်ဂါးရက်၏ အဆိုကား...

*"ကျွန်ုပ်သည် လူသေ–လူဝင်စား ဖြစ်သည်ဆိုခြင်းကို ယုံကြည်သူမဟုတ်ပါ။ ဤအယူကို ကျွန်ုပ် စိတ်မဝင်စားသောကြောင့် ယင်းနှင့်ပတ်သက်၍ အငြင်းပွားရန်မရှိ။ ကျွန်ုပ်မှာ အခြားဘဝ (အတိတ်ဘဝ)ရှိသည်ဟု မယုံကြည်ပါ။ ထိုဘဝရှိသည့်တိုင် ထိုဘဝဟောင်းမှ ကျွန်ုပ်အကြောင်းကို သိခြင်းဖြင့် ကျွန်ုပ်အဖို့ အကျိုးတစ်စုံတစ်ရာ ရှိမည်မထင်ပါ။*

*လူသားတို့၏ ဘဝင်စိတ်(မသိစိတ်)သည် အတိတ်ကာလ အတွေ့အကြုံများနှင့် ဆက်စပ်နေ၍ ထိုအတွေ့အကြုံများသည် အတိတ်ဘဝ ဖြစ်ကောင်းဖြစ်ပေမည်။ သို့ရာတွင် ကျွန်ုပ်အဖို့ ဒိဋ္ဌဓမ္မမှာ ပစ္စုပ္ပန်သာလျှင်ဖြစ်၏။ မိမိ၊ သို့မဟုတ် သူတစ်ပါး၏ အတိတ်ဘဝအကြောင်းကို စဉ်းစားတွေးခေါ်ရန် ကျွန်ုပ်မှာ ဆန္ဒမရှိပါ။*

*သို့ရာတွင် အသိပညာရှိသော ပုဂ္ဂိုလ်အတော်များများပင် လူသေ လူဝင်စား ဖြစ်ခြင်းကို အလေးအနက် ယုံကြည်ကြ၍ သူတို့၏ ယုံကြည်ချက်ကို ကျွန်ုပ် လေးစားပါ၏"*

အံ့ဩဖွယ်ရာကောင်းသည်ကား မစ္စစ်ဂါးရက်သည် လူသေလူဝင်စား ဖြစ်သည်ဆိုခြင်းကို မယုံကြည်၊ စိတ်မဝင်စားဟု ဆိုသော်လည်း ဒေါက်တာစတီဗင်ဆင်၏ လူဝင်စားမှု သုတေသနလုပ်ငန်းကို အားပေးသောသူ ဖြစ်၏။ အထက်ပါအဆိုမှာ ၁၉၅၀ ပြည့်နှစ်က သူ ရေးသားသောစာအုပ်၌ ဖော်ပြထားခြင်းဖြစ်ရာ နောက်ကာလ၌ သူ၏အမြင် ပြောင်းလဲခြင်းရှိမရှိ မသိရချေ။

အထက်ပါအဆို၌ မစ္စစ်ဂါးရက်က လူသေလူဝင်စား ဖြစ်သည်ဆိုခြင်းကို မယုံ၊ ကျွန်ုပ်ကား ယုံ၏။ ဤအချက်မှလွဲလျှင် ကျွန်ုပ်သည် မစ္စစ်ဂါးရက်နှင့် ခံယူချက် တူညီသည်ဟု ဆိုရပေမည်။

တမလွန်ဘဝ ပြဿနာကို ကျွန်ုပ် စိတ်ဝင်စားခြင်းသည် အသိပညာရှာမှီးလိုသော

---

၁။ Eileen Garret



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် စိတ်ဝင်စားခြင်းဖြစ်၍ မိမိ၏ ဘဝအတွေးအခေါ်၊ အကျင့်အကြံ အတွက် အခြေခံရရှိရန် စိတ်ဝင်စားခြင်းမဟုတ်ပေ။ ကျွန်ုပ်၏ ကိုယ့်ကျင့်စာရားမှာ တမလွန်ဘဝနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိသောကြောင့် တမလွန်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်စုံတစ်ရာ မပြောင်းလဲဘဲ ယခုအတိုင်း တည်မြဲနေမည်ဖြစ်၏။

ကျွန်ုပ်အဖို့ မျက်မှောက်ဘဝသည်သာ အရေးကြီး၏။ သေသောအခါ ဘဝပြတ်လိုသော ဆန္ဒရှိ၏။ ဘဝပြတ်ရန်လည်း ဘဝသံယောဇဉ်ကို တတ်နိုင်သမျှ ကြိုးစားပယ်ဖြတ်လျက်ရှိရာ မိမိ အလိုဆန္ဒအတိုင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

## (၂) ဦးဝင်းမောင်

သိပ္ပံပညာဟူသည် လောကီဆိုင်ရာ ဝတ္ထုပစ္စည်းများ၊ ဖြစ်ရပ်များနှင့် ကိစ္စများကို စနစ်တကျ စုပေါင်းလေ့လာ နှိုင်းယှဉ်ပြီး အမှန်တရားကို ရှာဖွေစူးစမ်းသော နည်းလမ်းတစ်ရပ်ဖြစ်၏။ ၎င်းသည် လူသားတို့၏ အခြေအနေ တိုးတက်မှုကို ဖန်တီးပေး၏။ စကြဝဠာအတွင်းရှိ ရုပ်ပစ္စည်းအားလုံးတို့၏ သဘာဝနှင့် အကျိုးအကြောင်းတရားများကို တိုင်းတာတွက်ချက်၍ လူသားတို့၏ ဗဟုသုတကို အထူးပြည့်တင်းပေး၏။ ရှေးအခါက ခံယူခဲ့သော အယူမှား၊ အမြင်မှားတို့ကို ပြင်ဆင်ပေး၏။ သို့ဖြစ်၍ သိပ္ပံပညာရှင်တို့သည် အလုံးစုံတို့ကို သိအပ်သောဉာဏ်ကို ရထားဘိသည့်အလား ပြဿနာရပ်အားလုံး၊ ကိစ္စရပ်အားလုံးတို့ကို မိမိတို့သာလျှင် ဖြေရှင်းပေးနိုင်သည်၊ အဆုံးအဖြတ်ပေးနိုင်သည်ဟူ၍ ရှေး တစ်ကြိမ်တစ်ခါက ယူဆခဲ့ကြ၏။

လူတို့၏ အာရုံငါးပါးဖြင့် တွေ့ထိသိနိုင်သော ကိစ္စများမှအပ အခြားစိတ်လောက၊ ဝိညာဉ်လောကများနှင့် ပတ်သက်သည့် အခြင်းအရာ၊ အကြောင်းအရာတို့ကိုမူ အမှန်တကယ် ရှိမရှိ၊ ဖြစ်မဖြစ်ကို တိကျစွာ မသိနိုင်သောကြောင့် အတွေးအခေါ် အယူအဆ နယ်ပယ်၌သာလျှင် တည်ရှိရမည်ဟူ၍ မူလက သိပ္ပံပညာရှင်တို့က အခြေခံအားဖြင့် ခံယူထားကြ၏။ သို့ရာတွင် ယခုအခါ အဏုမြူရူပဗေဒ ရုပ်လောက၌ပင် အလားတူ အခြေခံအယူအဆများမှ စယူ၍ နောင်အခါ အကောင်အထည်ဖော်နိုင်လာကြသည်ကို တွေ့ရှိလာကြ၏။ အိုင်စတိုင်း၏ စကြဝဠာ၊ အညမညနိယာမနှင့် အဏုမြူဖုံးကိစ္စသည် ဥပမာအဖြစ် ထင်ရှား၏။ သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ တစ်နေ့တခြား မိမိတို့ မသိသေးသော အကြောင်းအရာများနှင့် ကိစ္စရပ်များ အနန္တပင်ရှိကြောင်းကို သိပ္ပံပညာရှင်တို့သည် ရိပ်စားမိလာကြ၏။ ရုပ်လောကသည် တစ်ခုတည်း၊ ထီးတည်းချည်း ရှိလျက် မနေဘဲ နာမ်လောက၊ ဝိညာဉ်လောကတို့နှင့် ပူးပေါင်းဆက်စပ်လျက်ရှိကြောင်းကို တွေ့မြင်လာကြ၏။ ၎င်းအပြင် ယခင်က သိပ္ပံဆရာတို့သည် မိမိတို့ ကျွမ်းကျင်စွာ လိုက်စားသော ဘာသာရပ်တို့ကိုသာလျှင် အထူးဂရုပြု အလေးထားလေ့ရှိသော်လည်း ယခုခေတ် သိပ္ပံပညာရှင်တို့ကမူ အခြား ပညာဘာသာရပ် အားလုံးကိုပါ လေ့လာစုံစမ်းကြသဖြင့် အမြင်ပိုမိုကျယ်ပြန့်လာခြင်း၊ တစ်ယူသန်အစွဲများ လျော့နည်းခြင်း၊ အကြံဉာဏ်သစ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလာခြင်း အစရှိသော မကောင်းသောအင်္ဂါရပ်များနှင့် ပြောင်းလဲပြည့်စုံလာကြပြီ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ နာမ်နှင့်ဝိညာဉ် ကိစ္စရပ်များ၌ အချို့ သိပ္ပံပညာရှင်တို့သည် သာမန်လူသားများသာ ဖြစ်ကြသည့်အလျောက် မိမိတို့၌ လက်မလွှတ်နိုင်သော ပင်ကို အယူအဆ ခံယူချက်များ ရှိကြ၏။ ရုပ်ဝါဒစွဲကို မပယ်ဖျက်နိုင်၍ တမလွန်ဘဝကို လက်ခံ ယုံကြည်အားထားသော သိပ္ပံပညာရှင်တို့ ရှိကြသလို၊ မယုံကြည်၊ လက်မခံသော သိပ္ပံပညာရှင်များလည်း အမြောက်အမြားရှိကြ၏။ အမှန်အားဖြင့်ဆိုသော် ယုံကြည်ချက်များ သည် တစ်ဦးချင်း၏ စိတ်ဓာတ်အခံအပေါ်၌ တည်၏။ သို့ဖြစ်၍ ပြီးခဲ့သောအခန်းများ တွင် ဖော်ပြခဲ့သော သိပ္ပံပညာရှင်တို့၏ မြွက်ကြားချက်များသည် ပုဂ္ဂိုလ်အသီးသီးတို့၏ ကိုယ်ပိုင်ခံယူချက်နှင့် ယုံကြည်ချက်များသာ ဖြစ်၏။ တကယ်ဖြစ်ရမည်၊ တကယ်မှန်ရမည် ဟူ၍ကား ၎င်းတို့၏ အာဏာကုန် အဆုံးအဖြတ်ပေးခြင်းမျိုး မဟုတ်ချေ။

ကျွန်ုပ်အနေဖြင့် တမလွန်ဘဝနှင့် ဘဝဆက်များရှိသည်ဟု ယုံကြည်၏။ ဤမျှသာ မဟုတ်သေး။ ဒွန်တွဲလျက်ရှိသော ကမ္မဝါဒ၊ ကံ၏ အကျိုးအကြောင်းတရားကိုပါ အကြွင်းမဲ့ လက်ခံ၏။ ကောင်းတာလုပ်လျှင် ကောင်းတာသာ ဖြစ်ရမည်။ မကောင်းတာလုပ်လျှင် လည်း မကောင်းတာသာလျှင် ခံစားရမည်ဟူ၍ တထစ်ချ လုံးဝယုံကြည်သောကြောင့် ကျွန်ုပ်အနေဖြင့် တမလွန်ဘဝကို ကြောက်လည်းမကြောက်၊ လိုလားသည်လည်း မဟုတ်၊ ပယ်လည်းမပယ် ရင်ဆိုင်ရဲ၏။ တတ်နိုင်သမျှ ကြိုးစားပြီး ကံသုံးပါး ကိုယ်ကျင့်တရား များကို ကောင်းစွာစောင့်ထိန်း၏။ လောဘ၊ ဒေါသ၊ မောဟတို့ကို နည်းနိုင်သလောက် နည်းအောင် သတိထား၍ ပြောဆိုနေထိုင် စားသောက်၏။

ကမ္ဘာပေါ်ရှိ လူဦးရေ ၉၀ ရာခိုင်နှုန်းလောက်သည် မိမိတို့၏ လက်ရှိဘဝ တည်မြဲနေမှုအတွက် ရုန်းကန်နေရသည်။ နောင်ဘဝပြဿနာကို စဉ်းစားချိန်မရ။ တမလွန် ဘဝ ရှိဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတို့ ကိုယ်ကျင့်တရားသီလကို စောင့်ထိန်းပါမှ ကိုယ့် အကျိုး၊ လူမျိုးအကျိုး၊ တိုင်းပြည်အကျိုးကို ပစ္စုပ္ပန်မျက်မှောက်၌ ဖြစ်စေမည်။

မြန်မာပြည်အရပ်ရပ်ရှိ လူဝင်စားပေါင်း ၄၀၀ ကျော်တို့ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ဆုံမေးမြန်း စုံစမ်းလေ့လာခဲ့ရာ၌ လွန်ကဲသော တွယ်တာမှုနှင့် အစွဲအလမ်းကြီးမှု တို့သည် ဘဝဟောင်း၊ ဘဝသစ်တို့၏ ကွင်းဆက်များ ဖြစ်သည်ဟူ၍ တိကျစွာ မပြနိုင် သော်လည်း ဘဝဟောင်းမှ အစွဲအလမ်းများက ဘဝသစ်များ၏ ကိုယ်ခန္ဓာနှင့် စိတ်ဓာတ် တို့ကို လွှမ်းမိုးနိုင်စွမ်းရှိသည်ကိုမူ တိတိကျကျ တွေ့ရှိလာရ၏။ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲစေတတ်၏။ ကိုယ်လက် မသန်မစွမ်း ဖြစ်စေတတ်၏။ အကျင့်ဆိုး၊ ဉာဉ်ဆိုး၊ ဝါသနာဆိုးများ ပြန်လည်ပါလာတတ်၏။ ဤသင်ခန်းစာအရ ကျွန်ုပ်အနေဖြင့် တဏှာ သံယောဇဉ်နှင့် ဥပါဒါန်စွဲလမ်းမှုတို့ လွန်ကဲမှုကို ကြိုးစား၍ရှောင်ကြဉ်၏။

အချို့သောသူများကဲ့သို့ မျက်မှန်နက်တပ်ဆင်ပြီး ဖြစ်ရာလောကရှိ အစစအရာရာ တို့ကို အလင်းမဲ့၊ အဆင်းမဲ့ ငြီးငွေ့စိတ်ပျက်စရာကြီးဟူ၍ ကျွန်ုပ်မမြင်။ အလားတူပင်



www.burmeseclassic.com

www.burmeseclassic.com



အချို့သော အခြားသူများကဲ့သို့လည်း မျက်မှန်စိမ်းတပ်ဆင်၍ ယင်း လောကကြီးကို ပျော်ရွှင်စရာ၊ တွယ်တာစရာဟူ၍လည်း ကျွန်ုပ်မမြင်။ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ အရောရော အထွေးထွေးရှိသော လက်ရှိဘဝကို ရင်ဆိုင်နိုင်ရန်သာလျှင် စိတ်၏သတ္တိ၊ ကိုယ်၏ သတ္တိတို့ကို မွေးမြူ၏။ ဘဝဆက်တို့၏ ဆင်းရဲခြင်းကို ကြောက်လန့်မုန်းတီး၍ သံသရာမှ လွတ်မြောက်အောင် ကြိုးစားအားထုတ်ကြသူများကိုမူ ကျွန်ုပ် ချီးကျူးပါ၏။ ရိုသေ လေးစားပါ၏။

❑



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ

## ၁။ ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော မြန်မာနိုင်ငံလူ့ဝင်စားမှုများ၏ ထူးခြားချက်

လူဝင်စားမှုများကို ကမ္ဘာအနှံ့အပြား လေ့လာလျက်ရှိသော အမေရိကန်ပညာရှင် ဒေါက်တာစတီဗင်ဆင်၏ လူဝင်စားမှု သုတေသနစာအုပ် စတုတ္ထတွဲ၌ ထိုင်းနိုင်ငံမှ လူဝင်စားမှုခုနစ်မှုနှင့် မြန်မာနိုင်ငံမှ လူဝင်စားမှုငါးခုမှာ ဆရာတော်ဦးသောဘဏ၊ မတင်အောင်မျိုး၊ မသိန်းသန်းဆင့်၊ မတင်တင်မြင့်နှင့် မောင်ရင်မောင်တို့၏ လူဝင်စားမှုများ ဖြစ်၏။

၁၉၇၀ ပြည့်နှစ်လောက်ကစ၍ မြန်မာနိုင်ငံသို့ မကြာခဏလာရောက်ပြီး ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော လူဝင်စားမှုများမှာ လေးရာခန့်ရှိ၍ လူဝင်စားမှု သုတေသနအတွက် သူ သွားရောက်ခဲ့သော နိုင်ငံများတွင် မြန်မာနိုင်ငံသည် လူဝင်စားမှု အများဆုံး သူလေ့လာခဲ့သော နိုင်ငံဖြစ်၏။ ထို လူစားမှုလေးရာအနက် ၂၃၀ မှာ အထောက်အထား တိကျမှန်ကန်ခိုင်မာ၍ စာအုပ်၌ ဖော်ပြထားသော လူဝင်စားမှုငါးခုမှာ ထိုမှန်ကန် သေချာသော လူဝင်စားမှုများမှ ရွေးချယ်တင်ပြထားခြင်း ဖြစ်၏။ ရှေ့၌ဖော်ပြမည့် မြန်မာ့လူဝင်စားမှု၏ ထူးခြားချက်များမှာလည်း ထိုအထောက်အထား ခိုင်လုံပြည့်စုံသည့် အမှုများကို မှီငြမ်းပြုသော ဒေါက်တာစတီဗင်ဆင်၏ ရေးသားချက်များ ဖြစ်၏။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ လူဝင်စားမှုများကို သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ တွေ့ရှိရသော အချက်များမှာ အခြားနိုင်ငံ၊ အထူးအားဖြင့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများမှ အလားတူ လေ့လာတွေ့ရှိရချက်များနှင့် ယေဘုယျအားဖြင့် များစွာ ကွဲပြားခြားနားခြင်း မရှိချေ။ သို့ရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ တစ်မူထူးခြားသော လူဝင်စားမှုများကို မြန်မာနှင့် ထိုင်းလူမျိုးတို့၌ တွေ့ရှိရ၏။ ထို ထူးခြားချက်သုံးခုမှာ လူဝင်စားသည် ဘဝဟောင်းပုဂ္ဂိုလ်နှင့် လိင်မတူဖြစ်နေခြင်း၊ ဘဝဟောင်း၌ နိုင်ငံခြားသား ဖြစ်သည်ဆိုခြင်းနှင့် ဘဝဟောင်းက သေဆုံးပြီးနောက် ဘဝသစ်မဖြစ်မီ ကြားကာလ အဖြစ်အပျက်ကို မှတ်မိသည်ဆိုခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားခိုင်မာ၍ ဒေါက်တာစတီဗင်ဆင် စုံစမ်းလေ့လာခဲ့သော မြန်မာနိုင်ငံ လူဝင်စားမှု ၂၃၀ ရှိသည့်အနက် ၇၅ မှုမှာ လိင်ပြောင်းလဲသော လူဝင်စားမှုများဖြစ်၏။ အခြားနိုင်ငံများထက် ရာခိုင်နှုန်းများ၍ မြန်မာတို့ထက် ရာခိုင်နှုန်းပိုများမှုကို ကနေဒါနိုင်ငံ အနောက်တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးစုသာလျှင် တွေ့ရ၏။ ဘဝဟောင်းက ယောကျ်ားဖြစ်ခဲ့သည်ဆိုသော လူဝင်စားမိန်းမ ၅၆ ဦးရှိ၍ အတိတ်ဘဝက မိန်းမဖြစ်ခဲ့သည်ဆိုသော လူဝင်စားယောကျ်ား ၁၉ ဦးရှိ၏။

ဒေါက်တာစတီဗင်ဆင်၏ အဆိုအားဖြင့် မြန်မာနိုင်ငံ၌ လိင်ပြောင်းလဲသော လူဝင်စားမှု အထူးများပြားခြင်းမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ား၊ မိန်းမ မရှိဆိုသော ဗုဒ္ဓ၏ အနတ္တဝါဒနှင့်အညီ မြန်မာဗုဒ္ဓဘာသာဝင်များ၌ လိင်သဘာဝကို စွဲလမ်းမှုမရှိသောကြောင့် ဖြစ်ဟန်ရှိ၏။ ကျား–မ ခွဲခြားမှုကို အလေးဂရုပြုသော လစ်ဘနွန်၊ တူရကီစသော နိုင်ငံများ၌ လိင်ပြောင်းလဲသော လူဝင်စားမှုကို အလျဉ်းမတွေ့ရချေ။ သို့ရာတွင် ဗုဒ္ဓဘာသာ သီရိလင်္ကာနိုင်ငံ၌ မြန်မာနိုင်ငံမှာကဲ့သို့ လိင်ပြောင်းလဲသော လူဝင်စားမှု မများဘဲ ကိုးရာခိုင်နှုန်းမျှသာ ရှိနေခြင်းကို အထက်ပါအဆိုဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။

အခြား စိတ်ဝင်စားဖွယ်ကောင်းသော မြန်မာ့လူဝင်စားမှုများမှာ ဘဝဟောင်းက နိုင်ငံခြားသား ဖြစ်သည်ဆိုသော လူဝင်စားမှုများဖြစ်၏။ နိုင်ငံခြားသား ဖြစ်သည်ဆိုရာ၌ အများအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံတိုက်ပွဲ၌ သေဆုံးသွားသော အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်စစ်သားနှင့် လေယာဉ်မောင်းသမားများ ဖြစ်ကြသည် ဆို၏။ ထိုလူဝင်စားများသည် အတိတ်ဘဝက မိမိတို့ အမိနိုင်ငံ၏ အမည်မှတစ်ပါး အခြားအကြောင်းအရာ၊ အဖြစ်အပျက်များကို လုံးဝပြောပြနိုင်ခြင်း မရှိချေ။ သို့ရာတွင် မိမိမှာ အတိတ်ဘဝက မြန်မာလူမျိုးမဟုတ်ဘဲ တခြားတိုင်းတစ်ပါးသားဖြစ်ကြောင်း ထပ်တလဲလဲ ပြောတတ်၍ စိတ်ဓာတ်စရိုက်၊ ဝါသနာ၊ အမူအကျင့် စသည်တို့တွင် ပတ်ဝန်းကျင်လူများနှင့် သိသိသာသာ ကွဲပြားခြားနားကြောင်း တွေ့ရှိရ၏။

ဥပမာ–ဘဝဟောင်းက ဂျပန်စစ်သားဖြစ်သည်ဆိုသော လူဝင်စားများသည် မြန်မာနိုင်ငံ ပူပြင်းသော ရာသီဥတု၊ ပူစပ်သော မြန်မာ့အစာနှင့် ပေါ့ပါးသော မြန်မာ့အဝတ်တန်ဆာများကို မနှစ်သက်ကြဘဲ ဂျပန်ဘောင်းဘီ ခါးပတ်များနှင့် ဂျပန်အကြိုက်ဖြစ်သော အချိုမုန့်ပဲသရေစာများနှင့် မကျက်တကျက် ချက်ထားသောငါးကို ကြိုက်နှစ်သက်ကြ၏။ အလုပ်ကြမ်းကို မညည်းမညူ မမောမပန်း ကြာရှည်လုပ်နိုင်ကြ၏။ မြန်မာစာ သင်ကြားရာ၌ အခက်အခဲရှိ၍ မြန်မာစကားပြောရာ၌ နိုင်ငံခြားလေသံဖြင့် ပြောတတ်၏။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အစဉ်အတိုင်းမဟုတ်ဘဲ ဂျပန်နည်း၊ ဂျပန်ဟန်ဖြင့် ဘုရားဝတ်ပြုလိုသော စိတ်ဆန္ဒရှိ၏။ လေယာဉ်ပျံသံကြားလျှင် ကြောက်လန့်၍ အင်္ဂလိပ်–အမေရိကန်တို့အကြောင်း ပြောသံကြားလျှင် ဒေါသထွက်သော အမူအရာပြတတ်၏။

ဒေါက်တာစတီဗင်ဆင် အထူးစေ့စေ့စပ်စပ် လေ့လာခဲ့သော ဂျပန်လူဝင်စားမှာ မတင်အောင်မျိုးဖြစ်၏။ မတင်အောင်မျိုးမှာ ကျောက်ဆည်ခရိုင် ကျေးရွာတစ်ရွာမှ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ငယ်တစ်ဦးဖြစ်၍ မိခင်ဖြစ်သူ၏ အဆိုအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ပျံ ဗုံးထိ၍ သေဆုံးသွားသော ဂျပန်စစ်သား ဝင်စားသောသူဖြစ်၏။ မတင်အောင်မျိုးသည် ငယ်စဉ်ကပင် ယောကျ်ားစိတ်ပေါက်ပြီး ယောကျ်ားလိုဝတ်ဆင်၍ ဂျပန်လူမျိုး စရိုက် လက္ခဏာများ ပြလေ့ရှိ၏။

ထူးခြားသော အခြား မြန်မာလူဝင်စားမှုများမှာ ဘဝဟောင်းက လူသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်အထိ ကြားကာလကို လူဝင်စားက မှတ်မိသောအမှုများ ဖြစ်၏။ ထိုကြားကာလမှာ အချို့လူဝင်စားများ အဆိုအားဖြင့် လပိုင်းမျှသာဖြစ်၍ အချို့မှာ နှစ်ပေါင်း အတန်ကြာသည်ဆို၏။ ဥပမာ–ဆရာတော်ဦးသောဘဏအဖို့ ကိုးလမျှသာကြာ၍ မတင်အောင်မျိုးအမှု၌ ရှစ်နှစ်ကြာ၏။ အချို့လူဝင်စားများက တဲစ္ဆေဘဝတွင် သူတို့ကို ဝတ်ဖြူစင်ကြယ်ဝတ်ထားသော သက်ကြီးပုဂ္ဂိုလ်တစ်ဦးက သူတို့ ဘဝသစ်တစ်ဖန်ဖြစ်မည့် အိမ်သို့ လမ်းညွှန်ခေါ်ဆောင်သွားသည် ဆို၏။ အချို့အမှုများ၌ လူဝင်စား မွေးဖွားပြီးသည့် နောက်ကာလ၌ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်သည် အရေးကြီးသော အချိန်အခါ၌ ကိုယ်ယောင် ပြ၍၊ သို့မဟုတ် အိပ်မက်ပေးပြီး လူဝင်စားကို သတိပေးကာ ကူညီစောင့်ရှောက်လေ့ ရှိသည် ဆို၏။

အချို့လူဝင်စားမှုများ၌ လူဝင်စား ပဋိသန္ဓေမတည်မီကပင် မိခင်လောင်းအား ဆိုင်ရာတစ္ဆေက အိပ်မက်ပေး၍ တင်ကြိုအကြောင်းကြားတတ်၏။ မတင်အောင်မျိုး၏ မိခင်သည် ကလေးကိုယ်ဝန်မရှိမီကပင် အသက်ရှိစဉ်က မိမိနှင့်ခင်မင်သော ဂျပန်စစ်သားက အကြိမ်ကြိမ် အိပ်မက်ပေး၍ မိမိဝမ်းထဲ၌ ပဋိသန္ဓေတည်ရန် ခွင့်တောင်းခဲ့သည်ဆို၏။

ဒေါက်တာစတီဗင်ဆင် လေ့လာခဲ့သော အချို့လူဝင်စားမှုများ၌ လူဝင်စားသည် ဘဝဟောင်းမှ ဆိုင်ရာပုဂ္ဂိုလ် မသေဆုံးမီက မွေးဖွားပြီး ဖြစ်နေကြောင်း တွေ့ရှိရသည် ဆို၏။ ဤအမှုမျိုးမှာ လူဝင်စားမှုများထဲ၌ ရာခိုင်နှုန်း အနည်းငယ်မျှသာဖြစ်၏။ သို့ရာတွင် ဤတွေ့ရှိရချက် မှန်ကန်ပါက တမလွန်ဘဝကို ယုံကြည်သောသူတို့အဖို့ ဖြေရှင်းရန်မှာ မလွယ်ကူချေ။ စိတ်ဝိညာဉ်သုတေသီတို့ကမူ ထိုအမှုမျိုးကို သေသူ့ဝိညာဉ် အပမှီမှု ဖြစ်သည်ဟု ဆိုပေလိမ့်မည်။ အပမှီမှုနှင့် လူဝင်စားမှုသည် တူညီသောအချက်များရှိ၍ ကွဲပြားခြားနားသော အချက်များလည်းရှိကြောင်း ဖော်ပြခဲ့ပေပြီ။ (စာ ၈၅–၈၉)

❑



www.burmeseclassic.com

www.burmeseclassic.com

## ၂။ ရှေးဟောင်းတိဗက်စာပေမှ တမလွန်လောက

သေရွာပြန်တို့၏ ပြောပြချက်များ (အခန်း–၁၀)နှင့်ပတ်သက်၍ သုတေသနဆရာ ဒေါက်တာမူဒီ အထောက်အထားပြခဲ့သော ရှေးဟောင်းတိဗက်ကျမ်းသည် အင်္ဂလိပ်စာပေနယ်၌ လူသိများသော စာအုပ်ဖြစ်၏။ ၁၉၂၇ ခုနှစ်က တိဗက်ပညာရှင်တစ်ဦးနှင့် အမေရိကန်ပညာရှင်တစ်ဦး တွဲဖက် ပြန်ဆိုရေးသားခဲ့ကြ၍ အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်ရပြီး အခြားဥရောပဘာသာများသို့လည်း ပြန်ဆိုထားပြီးဖြစ်၏။ အနောက်တိုင်း ပညာရှင်အတော်များများ စိတ်ဝင်စားကြ၍ ကမ္ဘာကျော် စိတ်ပညာရှင်တစ်ဦးကမူ ထိုစာအုပ်မှာ မိမိ မကြာခဏ ဖတ်ရှုလေ့လာ၍ မိမိ၏ အတွေးအခေါ်များကို အထောက်အကူပြုခဲ့ပါသည်ဟု ရေးသားဖူး၏။

စာဖတ်သူများ စိတ်ဝင်စားလောက်အောင် တကယ်ထူးခြားသော စာအုပ်လည်းဖြစ်၏။ အလားတူ ရှေးဟောင်း အီဂျစ်ကျမ်းစာတစ်ခုရှိသော်လည်း ရှေးတိဗက်တို့၏ တမလွန်လောကမှာ ရှေးအီဂျစ်တို့၏ တမလွန်လောကနှင့် များစွာမတူညီချေ။ ဒေါက်တာမူဒီ၏ လေ့လာတွေ့ရှိချက် အတော်များများ(လိုဏ်ခေါင်းကို ဖြတ်သွားရခြင်း၊ အလင်းရောင်ရှင်ကို မြင်ရခြင်း၊ ကွယ်လွန်သူ ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ရခြင်း စသည်)ကိုလည်း တိဗက်ကျမ်း၌ မတွေ့ရချေ။ အထူးခြားဆုံးမှာ အနှစ်သာရအားဖြင့် အခြားကျမ်းများ၌ သေရွာပြန်တို့၏ ပြောပြချက်များနှင့် မတူညီခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တိဗက်ကျမ်း တမလွန်လောက၌ သေသူတွေ့ကြုံရသမျှ အားလုံးကို ဒိဋ္ဌမွေအဖြစ် လက်မခံဘဲ စိတ်၏ဖန်တီးမှုများအဖြစ် ဖော်ပြထား၏။

---

၁။ Dr. Evans Wentz, "The Tibetan Book of the Dead"

၂။ C.J.Jung.

၃။ "Egyptian Book of the Dead"



www.burmeseclassic.com

www.burmeseclassic.com



ကျမ်း၏တိဗက်အမည်မှာ "တမလွန်လောက၌ ကြားနာရ၍ လွတ်မြောက်ခြင်း"[၁] ဟူသော အနက်အဓိပ္ပာယ်ထွက်၏။ ကွယ်လွန်သူသည် တမလွန်လောကမှနေ၍ ကျမ်းစာပါ ဆုံးမဩဝါဒကို ကြားနာနလုံးသွင်းခြင်းဖြင့် ဘဝသံသရာမှ လွတ်မြောက်ရန် လမ်းညွှန် စာအုပ်ဟု ဆိုလိုခြင်းဖြစ်၏။ ကျမ်းစာ၏ရည်ရွယ်ချက်မှာ သေခါနီးလူနာ၊ သို့မဟုတ် သေပြီးနောက် တမလွန်လောကသို့ ရောက်ရှိနေသူအား ဘဝသံသရာမှ လွတ်မြောက်စေရန်၊ မလွတ်မြောက်နိုင်ပါက ကောင်းမွန်ရာဘဝသို့ ရောက်ရှိစေရန် လမ်းညွှန်ပြသဖို့ဖြစ်၏။ သေသူအတွက် ဝမ်းနည်းပူဆွေးနေသော ဆွေမျိုးသားချင်းအဖို့လည်း စိတ်သက်သာစေရန် ဖြစ်၏။

လူနာ မသေမီကသော်လည်းကောင်း၊ သေပြီးမှသော်လည်းကောင်း တိဗက်လားမား ဘုန်းကြီးများက ကျမ်းစာကို ရွတ်ဖတ်ကြရ၏။ သို့ရာတွင် ရွတ်ဖတ်နေသော အချိန် ကာလ၌ တီရစ္ဆာန်များကို မသတ်ရ။ ကျန်ရစ်သော ဆွေမျိုးသားချင်းများက ဟစ်အော် ငိုကြွေးခြင်း မပြုကြရ။ သေသူကိုရည်စူး၍ ကုသိုလ်ကောင်းမှု ပြုကြရမည်ဟု ကျမ်းစာ၌ ဆိုထား၏။

ကျမ်းစာ၏အလိုအားဖြင့် တမလွန်လောကဟူသည် ဘုံဌာနမဟုတ်ဘဲ လူသတ္တဝါ တစ်ဦး သေသည်၏အခြားမဲ့၌ ဖြစ်ပေါ်လာသော ဘဝအခြေအနေကိုသာ ဆိုလိုခြင်းဖြစ်၍ တမလွန် ကြားကာလဟုဆိုပါက ပို၍တိကျမှန်ကန်ပေလိမ့်မည်။ ထိုကြားကာလသည် သေသောအချိန်နှင့် ဘဝသစ်တစ်ဖန် ဖြစ်သောအချိန်၏ ကြားကာလ အပိုင်းအခြားဖြစ်၏။ တိဗက်ကျမ်းစာ၌ ထို ကြားကာလကို လေးဆယ့်ကိုးရက် သတ်မှတ်၍ အပိုင်းသုံးပိုင်း ခွဲခြားထား၏။

ပထမပိုင်းမှာ သေပြီးနောက် သုံးလေးရက်မျှကြာသော အချိန်ကာလဖြစ်၏။ ထိုအချိန်၌ သေသူ၏ဝိညာဉ်သည် မေ့မြောနေသော်လည်း လုံးဝသတိမရရှိခြင်း မဟုတ်ဘဲ အိပ်မက်မက်နေသလို ခံစားနေရ၏။ မိမိ သေဆုံးခဲ့ပြီဖြစ်ကြောင်းကို မသိ။ ဘဝဟောင်း၌ပင် မိမိ ဆက်လက်တည်ရှိနေသည်ဟု ထင်မြင်လျက်ရှိ၏။ ဆွေမျိုးသားချင်းများကို ရှေးကကဲ့သို့ မြင်နေရ၍ သူတို့၏ ငိုကြွေးသံများကိုပင် ကြားရ၏။ သို့ရာတွင် မိမိ၏ ကိုယ်ခန္ဓာမရှိတော့ဘဲ နာမ်ဝိညာဉ်သာ ကျန်ရှိကြောင်း သတိပြုမိ၏။ ထိုဝိညာဉ်သည် သိမ်မွေ့၍ အလင်းရောင်နှင့်ကြေးမုံ၌ အရိပ်မထင်။ ထူးခြားသော သတ္တိရှိ၍ နံရံနှင့် တောင်များကို ဖောက်ထွင်းသွားလာနိုင်သည် ဆို၏။

စင်စစ် ထိုအချိန်၌ သေသူ၏ဝိညာဉ်နှင့် အသိဉာဏ်သည် အတ္တစွဲ၊ အတ္တမာန ကင်းကွာ၍ ဖြူစင်သန့်ရှင်းနေရကား ဤအချက်ကို ကောင်းစွာသိမြင်မှုသည်ပင် ဘဝ သံသရာမှ မုချလွတ်မြောက်ရန် အကြောင်းဖြစ်သည်ဟု တိဗက်ကျမ်းစာ၌ ပြဆိုထား၏။ သို့ရာတွင် ထိုသိမြင်မှုသည် မသေမီက တရားကျင့်ကြံအားထုတ်၍ အသိဉာဏ်ရင့်ကျက်

၁။ Bardo Thodal "တမလွန်လမ်းညွှန်" ကျမ်းဟု ခေါ်ဆိုက မှားမည်မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



နေသော ပုဂ္ဂိုလ်များအဖို့သာ ဖြစ်၏။ ထိုသူတို့သည် ထိုသို့ သိမြင်ခြင်းဖြင့် ဘဝသံသရာမှ လွတ်မြောက်ကြ၏။ သို့တည်းမဟုတ် ကောင်းမွန်ရာဘဝသို့ ရောက်ရှိ၍ သူတို့၏ တမလွန် ကြားကာလသည် ဤတွင်ပြီးဆုံး၏။ လူသတ္တဝါ အများစုမှာကား ထိုသို့မသိမြင်ဘဲ တမလွန်လောကသို့ ဆက်လက်ကျင်လည်၍ ကြားကာလ၏ ဒုတိယပိုင်းသို့ ရောက်ရှိသွားကြ၏။

ဒုတိယပိုင်း ကြားကာလသည် သေသူပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများ၏ ရှေးဦးပထမ အကျိုးပေးကာလ ဖြစ်၏။ ထိုကာလ၌ သေသူသည် မိမိပြုခဲ့သော အမှုများကို စွဲမှီ၍ဖြစ်သော စိတ်နှင့် နဂိုမူလက ရှိပြီးဖြစ်သော စိတ်စေတသိက်တို့က ဖန်တီးသည့် အဆင်းသဏ္ဌာန် အမျိုးမျိုးကို မြင်ရ၏။ ကောင်းမွန်သောစိတ်များသည် ဘုရားအသွင် သဏ္ဌာန်ဖြင့် ပေါ်လာ၍ ဆိုးညစ်သောစိတ်များမှာ မကောင်းဆိုးရွား သရဲများအဖြစ်ဖြင့် ရုပ်လုံးပေါ်လာကြ၏။

"တမလွန်လမ်းညွှန်" တိဗက်ကျမ်း၌ ဒုတိယကြားကာလတွင် သေသူ တွေ့မြင်ရမည့် ထိုဘီလူးသရဲများ၏ ပုံသဏ္ဌာန်အမျိုးမျိုးကို ရှည်လျားစွာ စုံစုံစေ့စေ့ ဖော်ပြထား၏။ ၎င်းတို့မှာ မိမိစိတ်၏ ဖန်တီးမှုများ သက်သက်ဖြစ်၍ ကြောက်ရန်မလိုကြောင်းကိုလည်း အတိအလင်း သတိပေးထား၏။ ဤသတိပေးချက်မှာ ကျမ်းစာအုပ် တစ်နေရာတည်း၌သာ မဟုတ်ဘဲ နေရာများစွာ၌ ထပ်တလဲလဲ အလေးအနက် ဖော်ပြထားသော အချက်ဖြစ်၏။ သေသူသည် ထို ဘီလူးသရဲများကိုကြောက်၍ ထွက်ပြေးလျှင်လည်း လွတ်မြောက်မည် မဟုတ်။ ၎င်းတို့သည် မိမိစိတ်၏ ဖန်တီးမှုများသာလျှင်ဖြစ်၍ မိမိ၏နောက်သို့ ထက်ကြပ်မကွာ လိုက်ပါနေမည် ဖြစ်သည်ဟုလည်း ဆိုထား၏။

ဤ ရှေးဟောင်းတိဗက်ကျမ်း၏ အလိုအားဖြင့် တမလွန်လောကနှင့် ပတ်သက်သောလူတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက် အတော်များများသည် စိတ်၏ဖန်တီးမှုဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။ ကျမ်းစာတစ်နေရာ၌ သေသူသည် ငရဲမင်းကြီးထံသို့ ရောက်သွား၍ ငရဲမင်းကြီးက ဘဝဟောင်းက သူပြုခဲ့သော အမှုများအကြောင်း ကြားနာစစ်ဆေးပုံကို ဖော်ပြထား၏။ မကောင်းမှုပြုလုပ်သောသူသည် ငြင်းကွယ်၍မရအပ်။ အဘယ့်ကြောင့်ဆိုသော် ကမ္မကြေးမုံဟုခေါ်သော ကြေးမုံပြင်၌ သူ၏ မကောင်းမှုအားလုံး ထင်ဟပ်လျက်ရှိ၏။

"ငရဲထိန်းတစ်ဦးသည် ဒုစရိုက်သတ္တဝါ၏ လည်ပင်းကို ကြိုးတပ်၍ တရွတ်ဆွဲသွားပေလိမ့်မည်။ အသည်းနှလုံးနှင့် အူများကိုဆွဲနုတ်၍ အရိုးအသားကို ဝါးစားပေလိမ့်မည်။ သို့ရာတွင် သင်သည် ခေါင်းနှင့်ကိုယ် အပိုင်းပိုင်း ပြတ်နေသော်လည်း နာမ်ခန္ဓာသာလျှင်ရှိ၍ သေမည်မဟုတ်။ သို့ဖြစ်၍ မကြောက်လင့်။ စင်စစ် သင်၏စိတ်အထင်မှတစ်ပါး ပြင်ပလောက၌ ငရဲမင်းကြီး၊ ဘီလူး၊ သရဲ၊ နတ်ဘုရားဟူ၍ မရှိ။ ဤအချက်ကို သိမြင်အောင် ကြိုးစားပါ"ဟု ဆိုထား၏။

စင်စစ် သေသူသည် ဤ ဒုတိယကြားကာလ၌ပင် အတွဲစွဲကင်း၍ ဖြူစင်သန့်ရှင်းသော မိမိစိတ်ဝိညာဉ်၏ မူလသဘာဝကို သိမြင်နားလည်ပါက ဘဝသံသရာမှ လွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ရန် မျှော်လင့်ချက် ရှိဆဲဖြစ်၏။ ထိုသို့သိမြင်ရန် ဘီလူး၊ သရဲစသော အနိဋ္ဌာရုံများကို ကြောက်လန့်ရွံ့ရှာခြင်း မဖြစ်ရ။ နတ်ဘုရား စသော ဣဋ္ဌာရုံများကို နှစ်လိုတပ်မက်ခြင်းလည်း မဖြစ်ရချေ။ သို့ရာတွင် သေသူသည် မောဟပိတ်ဖုံး၍ မိမိစိတ်က ဖန်တီးထားသော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံများကို စွဲလမ်းပြီး ချစ်ခြင်း၊ မုန်းခြင်း မကင်းနိုင်ရကား သံသရာနယ်မှ ထွက်မြောက်ရန် ခဲယဉ်း၏။ စင်စစ် ဤအချိန်၌ ဘဝဟောင်းကပြုခဲ့သော အမှုများကို စွဲ၍ဖြစ်သော စိတ်တို့သည် အားကောင်းလာ၍ နားခိုရန် ဘဝသစ်ကို ရှာဖွေစပြုလာ၏။

ဤသို့ သေသူ၏ဝိညာဉ်က ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို ရှေးရှုချဉ်းကပ်လာသော ကာလသည် နောက်ဆုံးပိုင်း ကြားကာလဖြစ်၏။

ဤအချိန်အခါ၌ သေသူဝိညာဉ်သည် ဘဝတဏှာ ဆွဲဆောင်ရာသို့ လိုက်ပါ၍ ဘဝသစ်တစ်ဖန်ဖြစ်ရန် အခွင့်အလမ်းကို ရှာဖွေလျက်ရှိ၏။ သို့ဖြစ်စေကာမူ တမလွန်လောကလမ်းညွှန် တိဗက်ဆရာတို့သည် လက်မလျှော့ဘဲ သေသူအား လမ်းမှန်သို့ ပို့ဆောင်ရန် ကြိုးပမ်းကြသေး၏။ မ–သတ္တဝါ၏ ဝမ်းဗိုက်တွင်းသို့ မဝင်မိအောင် စီမံကာကွယ်ရန် နည်းလမ်းများကို ညွှန်ပြထား၏။ မိမိပြုခဲ့သော ကောင်းမှုများကို ပြန်လည်သုံးသပ်ရမည်၊ မြင်မြင်သမျှ အရာအားလုံး၏ အနိစ္စသဘောကို နှလုံးသွင်းရမည်၊ သံဝါသပြုနေသော ဖို–မ သတ္တဝါနှစ်ဦး၏ အနီးအနားသို့ မရောက်ရှိရန် သတိပြုရမည်၊ ချစ်ခြင်း၊ မုန်းခြင်းကို ရှောင်ကြဉ်ရမည် စသည်ဖြင့် ဆုံးမဩဝါဒ ပေးထား၏။

တိဗက်ဆရာတို့၏ အလိုအားဖြင့် ဘဝသစ်၌ ရင်ဆိုင်ရမည့် ချစ်ခြင်း၊ မုန်းခြင်း စေတသိက် တရားများစွာ ရှိသည့်အနက် ဆန့်ကျင်ဘက် စေတသိက်တရားနှစ်ပါးမှာ ဘဝသစ်ဖြစ်ခါနီး၌ ကပ်၍ စတင်ပေါ်ပေါက်လာသည်ဟု ဆိုရပေမည်။ သေသူ့ဝိညာဉ်သည် ဘဝကူးပြောင်းရန်အတွက် သံဝါသပြုနေသော ဖို–မ သတ္တဝါ နှစ်ဦးအနီးသို့ ရောက်ရှိသွားသောအခါ အကယ်၍ ဖို–ဘဝရရှိမည့်သူ ဖြစ်ပါက မိခင်လောင်း မ–သတ္တဝါကိုတပ်မက်၍ ဖခင်လောင်း ဖို–သတ္တဝါကို မုန်းတီးသည်။ အကယ်၍ မ–ဘဝရရှိမည်ဖြစ်ပါက ဖခင်လောင်းကို တပ်မက်၍ မိခင်လောင်းကို မုန်းတီးသည် ဆို၏။ ဤအဆိုမှာ သားသမီးက မိဘအား ချစ်ခြင်း၊ မုန်းခြင်းနှင့် ပတ်သက်၍ ယခုခေတ် စိတ်ပညာရှင်တို့ လေ့လာ တွေ့ရှိရသောအချက်နှင့် ကိုက်ညီလျက်ရှိ၏။

တိဗက်ဆရာတို့သည် သူတို့၏ တမလွန်လမ်းညွှန်ကျမ်းကို သေသူတို့ ကြားနာပါက အချို့သော အသိဉာဏ်နည်းပါးသော သူတို့သည်ပင် ဘဝသံသရာမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်၌ သေသူ့ဝိညာဉ်သည် တန်ခိုးသတ္တိထူးရှိ၍ ကြားနာရသမျှကို နားလည်၏။ မသေမီက မျက်မမြင်၊ နားမကြားသောသူသည် နား၊ မျက်စိစသည်တို့ အားကောင်း၍ သူ့အတွက် ရွတ်ဖတ်သော အသံများကို ကောင်းစွာ ကြားရ၏။ မြင်ရ၊ ကြားရသော အဆင်းသဏ္ဌာန်၊ အသံတို့ကြောင့် အမြဲထိတ်လန့် ကြောက်ရွံ့နေရသဖြင့် လွတ်မြောက်ရာလမ်းကို မနားမနေ ရှာဖွေနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်မှာ ခန္ဓာကိုယ်မရှိသဖြင့် စိတ်အလိုရှိရာသို့ တစ်မုဟုတ်ချင်း ရောက်သွားနိုင်၏။ အမှတ်သညာနှင့် အသိဉာဏ်သည် အလွန်ကြည်လင်နေ၍ ကျမ်းစာ၏ညွှန်ကြားချက်ကို ကောင်းစွာ သိမြင်နားနိုင်သည်ဆို၏။

သို့ဖြစ်စေကာမူ ဤ တမလွန်လမ်းညွှန်ကျမ်းသည် ရှေးတိဗက်ဆရာတို့ လျှို့ဝှက်စွာ သင်ကြားပို့ချခဲ့သော ကျမ်းဖြစ်၍ သာမန်လူများအဖို့ အားလုံး မိမိရရ နားလည်သဘော ပေါက်ရန် မလွယ်ကူချေ။ တစ်နေရာ၌ ဘီလူးများက လက်နက်မျိုးစုံကိုင်စွဲ၍ ကြောက်မက်ဖွယ်အသံများဖြင့် သေသူ၏နောက်သို့ လိုက်ကြပုံ၊ ထိုဘီလူးများနှင့် အသံများမှာ မိမိစိတ်၏ ဖန်တီးမှုဖြစ်ကြောင်း မသိသဖြင့် ကြောက်ရွံ့ပြီး ထွက်ပြေးပုံ၊ လမ်းတွင် ချောက်ကမ်းပါး သုံးခုကို တွေ့ရပုံ၊ အလွန်နက်ရှိုင်း၍ ကြောက်မက်ဖွယ်ကောင်းသော ချောက်ကြီးများဖြစ်၍ ၎င်းတို့အထဲသို့ ကျတော့မလိုဖြစ်ပုံ၊ ၎င်းတို့မှာ ချောက်အစစ် မဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးဖြစ်ပုံကို ဖော်ပြထား၏။ ဤတွင် ဘာသာပြန် တိဗက်ဆရာက ချောက်ထဲသို့ ကျတော့မလိုဖြစ်ခြင်းမှာ ဘဝသစ် တစ်ဖန် မဖြစ်မီ အမိဝမ်းထဲ ဝင်ခါနီးဖြစ်ခြင်းကို ပြသည်ဟု ဖွင့်ဆိုထား၏။

စင်စစ် ဤစာအုပ်ကို လေ့လာရာ၌ ရှေးဟောင်းတိဗက်စာပေ၌ ကျွမ်းကျင်နှံ့စပ်သော ဆရာတို့၏ အကူအညီကိုရရှိပါမှ ၎င်း၏အနှစ်သာရ ပိုမိုထင်ရှားမည်ဖြစ်၏။ ထိုဆရာတို့ အလိုအားဖြင့် လမ်းညွှန်ကျမ်း၌ ထပ်တလဲလဲတွေ့ရသော အလင်းရောင် ဆိုသည့်စကားမှာ အသိပညာ အလင်းရောင်ကို ဆိုလိုခြင်းဖြစ်၏။ ကြားကာလအဆုံး၌ နွားဘဝ၊ ကျားဘဝစသော တိရစ္ဆာန်ဘဝသို့ ကူးပြောင်းသွားသည်ဆိုခြင်းမှာ ထိုထိုသော တိရစ္ဆာန်တို့၏ စရိုက်ဝါသနာမျိုးရှိသော လူ့ဘဝသို့ ရောက်ရှိခြင်းကို ပြသသည်ဟု ဆိုကြ၏။ ကြားကာလကိုလည်း ၄၉ ရက်ဟူ၍ ပုံသေမှတ်ယူရမည်မဟုတ်။ ထိုကာလ အပိုင်းအခြားမှာ သေသူပြုခဲ့သော ကောင်းမှု၊ မကောင်းမှုအပေါ် တည်သည်ဆို၏။

အမှန်ဆိုသော် တမလွန် လမ်းညွှန်ကျမ်းသည် တိဗက်နိုင်ငံ၌ အထက်လမ်း ဘာသာရေးသမားများအတွက် ရည်စူး၍ စီရင်ရေးသားထားသော ရှေးဟောင်းကျမ်း ဖြစ်၏။ ဘာသာတရားကို အလေးထားသော တိဗက်လူမျိုးတို့မှာ သာမန်လမ်းလိုက်သူ နှင့် အထက်လမ်းလိုက်သူဟူ၍ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား ရှိ၏။ တိဗက်လူမျိုးစုမှာ သာမန် လမ်းလိုက်သူများဖြစ်၍ အခြားနိုင်ငံရှိ လူများစု ဘာသာရေးသမားများနှင့် များစွာ မခြားနားလှချေ။ ငရဲ၊ နတ်ပြည်၊ ဘီလူး၊ ပြိတ္တာစသည်တို့ မုချရှိသည်ဟု ယုံကြည် ကြ၏။ အထက်လမ်းဆရာတို့၏ ယုံကြည်ချက်မှာမူ ထိုသို့မဟုတ်။ သူတို့သည် အလွန် မြင့်မား၍ ဆီးနှင်းဖုံးအုပ်နေသော ဟိမဝန္တာတောင်၏ ဂူများထဲ၌ နှစ်ရှည်လများ ကျင့်ကြံ အားထုတ်၍ မိမိတို့၏ ခံယူချက်များကို သီးသန့်အထက်လမ်းသမားများအား လျှို့ဝှက်စွာ ဟောပြောကြ၏။

---

၁။ Oedipus Complex "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု"



www.burmeseclassic.com

www.burmeseclassic.com



တမလွန်လောကနှင့် ပတ်သက်သော သူတို့၏ခံယူချက်မှာ တမလွန်လမ်းညွှန်ကျမ်း၌ ပါရှိသည့်အတိုင်း ဖြစ်၏။ ထိုအကြောင်းကို ပြင်သစ်ပညာရှင် အလီဇန္ဒရားဒေးဗစ်နီးက အောက်ပါအတိုင်း ရေးသားထား၏။ အလီဇန္ဒရားဒေးဗစ်နီးသည် တိဗက်နိုင်ငံ၌ နှစ်ပေါင်းများစွာ လှည့်လည်သွားလာ၍ တိဗက်တို့၏ အယူဝါဒကို လေ့လာခဲ့ဖူးသောသူဖြစ်၏။[၁]

"တမလွန်လောကနှင့် ပတ်သက်၍ စာပေကျမ်းဂန်တတ် လားမားဘုန်းကြီးများနှင့် တရားအားထုတ်သော ယောဂီတို့၏ ယုံကြည်ချက်မှာ လူအများစု၏ ယုံကြည်ချက်နှင့် များစွာကွာခြားပါသည်"

"တမလွန်လောက၌ ကြုံတွေ့ရသမျှသည် စိတ်အထင်သက်သက် ဖြစ်သည်ဟု သူတို့ယူဆကြ၏။ သေသူမြင်သမျှ အရာအားလုံး၏ သဘောလက္ခဏာသည် အသက်ရှိစဉ်က ခံယူထားသော ယုံကြည်ချက်များအပေါ် တည်၏။ နတ်ပြည်၊ ငရဲပြည်နှင့် ငရဲမင်းကြီး၏ စီရင်ဆုံးဖြတ်မှုသည် ၎င်းတို့ကို မူလက ယုံကြည်သောသူတို့၏ အာရုံထင်မှုဖြစ်၏"

"လားမားဘုန်းကြီးတစ်ပါးက ကျွန်မအား ပြောဖူးသည်မှာ ပန်းချီဆရာတစ်ဦးသည် ဘုရားနံရံများပေါ်၌ ဘီလူး၊ သရဲပုံများ ရေးဆွဲလေ့ရှိရာ သူ၏ သားငယ်သည် အနီး၌ ထိုင်ကြည့်လေ့ရှိ၏။ သူငယ်သည် သေဆုံး၍ တမလွန်လောက၌ ထိုဘီလူးသရဲများကို တွေ့မြင်ရ၏။ သို့ရာတွင် သူသည် လုံးဝမကြောက်ဘဲ "အို...မင်းတို့ကို ငါသိပါတယ်။ မင်းတို့ဟာ ဘုရားနံရံပေါ်မှာ ငါ့အဖေ ရေးဆွဲတဲ့ သတ္တဝါတွေပဲ" ဟု ရယ်မောပြောဆိုပြီး ၎င်းတို့နှင့်အတူ ကစားသည် ဆို၏။

လူသေလျှင် ဘဝလုံးဝပြတ်စဲသည်ဟု ယုံကြည်သော ရုပ်ဝါဒီအဖို့ တမလွန်လောက၌ မည်သို့ ကြုံတွေ့ရပါသနည်းဟု တစ်ခါက လားမားဘုန်းကြီးတစ်ပါးအား ကျွန်မ မေးဖူး၏။

ဘုန်းကြီးက ထိုရုပ်ဝါဒီသည် မိမိ ကလေးသူငယ်ဘဝက ခံယူထားသည့် ယုံကြည်ချက်များ၊ သို့မဟုတ် မိမိပတ်ဝန်းကျင် လူများကလက်ခံ၍ မိမိ သိရှိနားလည်ခဲ့သော ယုံကြည်ချက်များနှင့်အညီ ပေါ်ပေါက်လာသော အဆင်းသဏ္ဌာန်များကို မြင်ရမည်။ ကြာ့ကာလ၌ အသိဉာဏ်ရင့်ကျက် ကြည်လင်နေပါက ထို ရှေးအယူများအား မိမိ ပယ်ခဲ့သည့် အကြောင်းများကို ပြန်လည်သတိရ၍ ထိုအနိဋ္ဌာရုံများကို ကြောက်မည် မဟုတ်ချေ။

အသိဉာဏ်ထိုင်းမှိုင်း၍ ကြောင်းကျိုးမဆင်ခြင်ဘဲ ဘဝပြတ်စဲမှုကို ယုံကြည်သောသူမှာ မည်သည့်အရာကိုမျှ တွေ့မြင်ရမည်မဟုတ်။ သို့ရာတွင် သူသည် အတိတ်က

---

၁။ Alexandra David-Neel, "Magic and Mystery in Tibet" စာအုပ်ရေးသားသူ ပြင်သစ် အမျိုးသမီးဖြစ်၍ တစ်ခါက စစ်ကိုင်းတောင်၌ တရားအားထုတ်ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့သော အမှုများ၏ စွမ်းအင်သတ္တိကြောင့် ဘဝသစ်တစ်ဖန် ဖြစ်ရပေလိမ့်မည်ဟု ပြော၏။

အချို့သော အထက်လမ်း လားမားဆရာတို့သည် သရဲတစ္ဆေ ကြောက်သော မိမိတို့ တပည့်များအား အစွဲချွတ်ပစ်ရာ၌ တရားဟောမနေဘဲ လက်တွေ့ကျင့်သုံးခိုင်း၏။ သူတို့၏ချွတ်နည်းမှာ တစ္ဆေကြောက်သောသူအား သင်္ချိုင်းသို့ ညအခါ သွားခိုင်းပုံမျိုး ဖြစ်၏။

တရားအားထုတ်လိုသော တပည့်များသည် ရှေးဦးစွာ ထိုလမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးကြရ၏။ တစ္ဆေခြောက်သည်ဆိုသော တောတောင်လျှိုမြောင်များသို့ ညအခါ တစ်ကိုယ်တည်း သွားရောက်၍ မိမိကိုယ်တိုင် သစ်ပင်တစ်ပင်၌ ကြိုးဖြင့် ချည်နှောင်ပြီးလျှင် သရဲတစ္ဆေများကို "စိန်"ခေါ်ရ၏။ တစ်နည်းဆိုသော် "ကဲ...တစ္ဆေသရဲတွေ မင်းတို့ တကယ်ရှိရင် ငါ့ဆီ လာခဲ့ကြစမ်း"ဟု ရဲဝံ့စွာ ဖိတ်ခေါ်ရ၏။ တပည့်သည် ကြောက်စိတ်ဝင်လာသော်လည်း ထွက်မပြေးဘဲ နောက်တစ်နေ့ နေထွက်လာချိန်အထိ ထိုနေရာ၌ နေရ၏။

တစ်ခါတစ်ရံ အချို့တပည့်များသည် အစာစားခြင်း၊ အိပ်စက်ခြင်း လုံးဝမပြုဘဲ သုံးရက်သုံးညတိုင်အောင် ထိုသို့ တစ္ဆေသရဲ အစွဲချွတ်နည်းကို ကျင့်ကြ၏။ အချို့မှာ ထိုသို့ကျင့်ရင်း စိတ်ချောက်ချား၍ ဒုက္ခရောက်ကြရ၏။ အချို့မှာ တကယ်ပင် တစ္ဆေသရဲ အခြောက်ခံကြရ၏။ အများအားဖြင့် တစ္ဆေသရဲကို ဘယ်အခါမျှ မတွေ့ရသောကြောင့် ၎င်းကို အယုံအကြည်မရှိတော့ဘဲ ပြန်လာကြ၏။

အချိန်အခါမရောက်မီ အစွဲပျောက်သွားခြင်းကို တိဗက် ကမ္မဋ္ဌာန်းဆရာများက မနှစ်သက်ကြချေ။ သူတို့ကျင့်စဉ်၏ ရည်ရွယ်ချက်မှာ တစ္ဆေသရဲကို မတွေ့မြင်ရသောကြောင့် မယုံကြည်ခြင်းမျိုး မဟုတ်ဘဲ အသိဉာဏ်နှင့်ယှဉ်သော သံသယဝင်လာပြီး ကြောက်စိတ်ပျောက်မှု ဖြစ်၏။ သူတို့အဆိုအားဖြင့် တစ္ဆေသရဲသည် ယုံကြည်သောသူအဖို့ အမှန်တကယ်ရှိ၏။ သို့ရာတွင် ၎င်းကိုမကြောက်လျှင် လူကို မည်သို့မျှ မနှောင့်ယှက်နိုင်ချေ။

အချို့သော တစ္ဆေသရဲများမှာ လူတို့၏စိတ်က ဖန်တီးမွေးထုတ်လိုက်သော တစ္ဆေသရဲများဖြစ်၏။ တမလွန်လောက၌ တွေ့ရသော စိတ်အထင် အရိပ်အယောင်မဟုတ်ဘဲ ရုပ်ဝတ္ထုရှိ၍ သက်ဝင်လှုပ်ရှားနေသော တစ္ဆေဖြစ်၏။ သမာဓိအား ကောင်းကောင်းနှင့် စိတ်ကို လေ့ကျင့်ပေးပါက ထို စိတ္တဇတစ္ဆေမျိုးကို ဖန်တီးနိုင်သည် ဆို၏။ အထက်က ဖော်ပြခဲ့သော ပြင်သစ်အမျိုးသမီး ပညာရှင်သည် စမ်းသပ်ကြည့်ရာ ထိုတစ္ဆေတစ်ကောင်ကို ဖန်တီးနိုင်ခဲ့ကြောင်း၊ သူ့နောက်သို့ တကောက်ကောက်လိုက်ပါနေရာ ခြောက်လကြာမှ ၎င်းကို ချထုတ်ပစ်နိုင်ကြောင်း ရေးသားခဲ့၏။ သူက ၎င်းတစ္ဆေမှာ မိမိ၏ စိတ်နိမိတ်အာရုံသာ ဖြစ်ကောင်းဖြစ်ပေမည်။ ထူးခြားသည်မှာ ၎င်းကို မိမိအပြင် အခြားလူများကပါ မြင်ရခြင်း ဖြစ်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်လမ်း တိဗက်ဆရာတို့၏ အလိုအားဖြင့် စိတ်သည် အရာရာ၌ ပဓာန ဖြစ်၏။ အရာရာ၌ ရုပ်သည်သာ ပဓာနဖြစ်သည်ဟု ယုံကြည်သော ရုပ်ဝါဒီတို့သည် တမဲလွန်လောကၾ သေသူ ကြုံတွေ့ခံစားရမှုများသည် စိတ်၏ဖန်တီးမှုများသာ ဖြစ်သည် ဆိုသော စကားကို လက်ခံနိုင်မည်ဖြစ်သော်လည်း အခြားလူများ မြင်နိုင်သော ရုပ်ပါရုံ တစ်ခုကို စိတ်တန်ခိုးဖြင့် ဖန်တီးနိုင်သည်ဆိုခြင်းကိုမူ လက်ခံလိုကြမည် မဟုတ်ချေ။ သို့ရာတွင် စိတ်တန်ခိုးဖြင့် ရုပ်တရားကို ပြုပြင်ဖန်တီးနိုင်ခြင်း၊ တယ်လီပသီနည်းဖြင့် အဝေးရှိ လူတစ်ဦးမှာ စိတ်အထင်မဟုတ်ဘဲ အမှန်ပင် ဝေဒနာခံစားရခြင်း[၁] စသော စိတ်က ရုပ်အား အစိုးရမှု သာဓက အထောက်အထားများမှာ ခိုင်မာလှရကား စိတ်ဝိညာဉ် သုတေသီတို့သည် တိဗက်ဆရာတို့၏ အဆိုကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာသင့် ပေသည်။

❑

၁။ "စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ"



www.burmeseclassic.com

www.burmeseclassic.com

# ၃။ သေရွာပြန်များ၏ ကိုယ်တွေ့

## (နောက်ထပ်လေ့လာတွေ့ရှိချက်)

သေရွာပြန်များ၏ ကိုယ်တွေ့အကြောင်း ရေးသားထားသော ဒေါက်တာမူဒီ၏ စာအုပ် ထွက်ပေါ်လာပြီးနောက် အမေရိကန်နိုင်ငံ၌ လူအများ စိတ်ဝင်စားလာကြ၍ အခြားပညာရှင်များက တသီးတခြား စူးစမ်းလေ့လာကြ၏။ ထိုသုတေသီများအနက် သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့သော ပုဂ္ဂိုလ်မှာ ကွန်နက်တီကပ်တက္ကသိုလ်မှ စိတ္တဗေဒ ပါမောက္ခဒေါက်တာကက်နက်ရိန်း ဖြစ်၏။

ဒေါက်တာကက်နက်ရိန်းသည် ၁၉၇၇ ခုနှစ်က ဆေးရုံဆရာဝန် စိတ္တဇဆရာဝန် သူနာပြုဆရာမတို့၏ အကူအညီဖြင့် ကွန်နက်တီကပ်ပြည်နယ်မှ သေရွာပြန် ၁၅၀ ခန့်ကို ၁၃ လကြာမှ စူးစမ်းလေ့လာခဲ့၏။ ထိုသို့လေ့လာရာ၌ မိမိ တစ်ဦးတည်းမဟုတ်ဘဲ အဖွဲ့တစ်ခုဖွဲ့ကာ သေရွာပြန်များကို မေးခွန်းလွှာဖြင့်လည်းကောင်း၊ တွေ့ဆုံမေးမြန်းခြင်း ဖြင့်လည်းကောင်း စူးစမ်းလေ့လာကြ၏။ စူးစမ်းသိရှိရသော အချက်များကို မှတ်သား၍ ခွဲခြားစိစစ်ကြ၏။ ဆိုင်ရာ အကြောင်းအချက်များအားလုံး ထည့်သွင်းစဉ်းစားကြ၏။ သို့ဖြစ်၍ သူ၏လေ့လာချက်မှာ ဒေါက်တာမူဒီ၏ လေ့လာချက်ထက် ပိုမိုသေချာစေ့စပ်ပြီး ကျယ်ပြန့်သည်။ သိပ္ပံနည်းကျသည်ဟု ဆိုရပေမည်။

တွေ့ရှိရချက်များမှာ အများအားဖြင့် ဒေါက်တာမူဒီ၏ တွေ့ရှိရချက်များနှင့် မခြားနားလှချေ။ အခန်း(၁၀)၌ ဖော်ပြခဲ့သော ပုံစံအတိုင်းဖြစ်၏။ ဒေါက်တာမူဒီ၏ စာအုပ်၌ မပါရှိသော ထူးခြားသော အချက်များကိုသာလျှင် ဖော်ပြပါအံ့။[၁]

ဒေါက်တာရိန်းသည် သေရွာပြန်များ၏ ကိုယ်တွေ့ကို ဒေါက်တာမူဒီကဲ့သို့ အချက် ၁၅ ချက်အထိ အသေးမစိတ်ဘဲ အချက် ငါးချက်ဖြင့် သူ၏စာအုပ်၌ တင်ပြထား၏။

---

၁။ Dr. Kenneth Ring, "Life at Death"



www.burmeseclassic.com

www.burmeseclassic.com



ထိုငါးချက်မှာ သေမင်းနိုင်ငံ နယ်နိမိတ်သို့ ရောက်ရှိချိန်၌ စိတ်ငြိမ်းချမ်းခြင်း၊ စိတ်ဝိညာဉ်နှင့် ကိုယ်ခန္ဓာတခြားစီ ဖြစ်သွားခြင်း၊ မှောင်ထဲသို့ ရောက်ရှိခြင်း၊ အလင်းရောင်ကို မြင်ရခြင်းနှင့် အလင်းရောင်နယ်ထဲသို့ ရောက်ရှိခြင်းဖြစ်၏။ ၎င်းတို့မှာ သေရွာပြန် အားလုံး၏ တွေ့ကြုံခံစားရချက်များ မဟုတ်။ ကြုံတွေ့ခံစားရမှုသည် စိတ်ငြိမ်းချမ်းရာမှ အလင်းရောင်နယ်ထဲသို့ ရောက်ရှိသည်အထိ ပို၍ပို၍ နက်ရှိုင်းသွားလေရာ ပိုမိုနက်ရှိုင်းလေ၊ ယင်းနှင့်ပတ်သက်သော အချက်ကို ပြောပြနိုင်သောသူ နည်းလေဖြစ်သည်ကို တွေ့ရ၏။ သို့ဖြင့် ဒေါက်တာရိန်း၏ သေရွာပြန်များတွင် သေခါနီး၌ စိတ်ငြိမ်းချမ်းပါသည်ဟု ပြောသောသူများမှာ ၆၀ ရာနှုန်းဖြစ်၍ အလင်းရောင်နယ်ထဲသို့ ရောက်ရှိခဲ့သည် ဆိုသူများမှာ ၁၀ ရာခိုင်နှုန်းမျှသာ ဖြစ်၏။

သေခါနီး၌ ခံစားရသော စိတ်ငြိမ်းချမ်းမှုအကြောင်းကို သေရွာပြန်များက လေးလေးနက်နက် ပြောပြကြ၏။ ဆင်းရဲနာကျင်မှု လုံးဝမရှိဘဲ စိတ်သာယာ ချမ်းမြေ့ပုံကို အမျိုးမျိုး ချီးကျူးပြောဆိုကြ၏။ မိမိကိုယ်ကို သတ်သေရန် ပင်လယ်ထဲသို့ ခုန်ချရာမှ ကျောက်ဆောင်တစ်ခုနှင့် ခိုက်မိ၍ သတိမေ့မြောသွားခဲ့သော မိန်းမတစ်ဦးက ထိုအချိန်တွင် နာကျင်မှုလုံးဝမရှိဘဲ စိတ်ငြိမ်းအေးမှုက ကျွန်မ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားပါသည်။ တစ်သက်တွင် ရှေးက တစ်ခါမျှမကြုံဖူးသော စိတ်ငြိမ်းချမ်းမှု၊ အခြား မည်သည့် စိတ်ခံစားရမှုနှင့်မျှ နှိုင်းယှဉ်၍မရသော စိတ်ငြိမ်းချမ်းမှုဖြစ်၍ ကျွန်မ ပြောမပြနိုင်ပါဟု ဆိုလေသည်။

နောက်တစ်ဆင့်မှာ စိတ်ဝိညာဉ်က ရုပ်ခန္ဓာကို ဖဲခွာသွားဖြစ်၏။ လူနာသည် မိမိကိုယ်ခန္ဓာကိုစွန့်၍ အထက်တစ်နေရာသို့ ရောက်ရှိသွားပြီးလျှင် မိမိ၏ ကိုယ်ခန္ဓာအား အခြားလူများက မည်သို့ ပြုလုပ်နေကြသည်၊ မည်သို့ ပြောဆိုနေကြသည်ကို မြင်ရကြားရ၏။ အချို့ကမူ အခန်းနံရံခြားထားသော အခြားနေရာ၌ လူများ သွားလာလှုပ်ရှားနေပုံကိုပါ မြင်ကြရသည် ဆို၏။

အခန်းနံရံကိုဖောက်၍ မြင်ရကြားရခြင်းမှာ ထိုအချိန်၌ လူနာမှာ ရုပ်ခန္ဓာသာ ရှိသောကြောင့် ဖြစ်၏။ မိမိတို့၌ ကိုယ်မရှိဘဲ စိတ်ဝိညာဉ်အဖြစ်သာ တည်ရှိကြသည် ဆို၏။ လူနှစ်ဦးကသာ ကိုယ်ခွဲရှိသည်။ ၎င်းမှာ အလွန် ပေါ့ပါးသိမ်မွေ့သော ရုပ်တစ်မျိုး ဖြစ်သည်ဟု ပြောကြ၏။

ကိုယ်ခန္ဓာ၏ပြင်ပသို့ နာမ်ဝိညာဉ် ရောက်ရှိလာပုံကို ဖော်ပြသော စာပေများ၌ မူလကိုယ်ခန္ဓာနှင့် ပြင်ပရှိ နာမ်ဝိညာဉ်ကို ငွေကြိုး၊ သို့မဟုတ် ငွေမျှင်တန်းလေးတစ်ခုက ဆက်သွယ်ထားကြောင်း ရေးသားထား၏။ ဒေါက်တာရိန်း၏ သေရွာပြန်များတွင် ထိုငွေကြိုး၊ သို့မဟုတ် အမျှင်တန်းကို မြင်ခဲ့ရသည်ဆိုသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

ထို့နောက် လူနာသည် အမှောင်ထဲသို့ ရောက်ရှိသွား၏။ ထိုနေရာမှာ အလွန်မည်းမှောင်၍ အလွန်ငြိမ်းအေးသည်။ အလျားအနံ ပုံသဏ္ဌာန်မရှိ။ လေထဲ၌ မျောပါသွားသလို ခံစားကြရသည် ဆို၏။ အချို့က မည်းမှောင်သော လိုဏ်ခေါင်းကြီးတစ်ခုထဲ၌



www.burmeseclassic.com

www.burmeseclassic.com



အလွန်လျင်မြန်သော အဟုန်ဖြင့် ဖြတ်သန်းသွားရသလို ပြောကြ၏။ ဤအဆင့်သို့ ရောက်ရှိသော သေရွာပြန်များမှာ ဒေါက်တာရိန်း၏ လေ့လာချက်အရ လေးပုံတစ်ပုံမျှသာ ရှိ၏။

စတုတ္ထအဆင့်မှာ အလင်းရောင်ကို မြင်ရသော အဆင့်ဖြစ်၏။ ဒေါက်တာရိန်း၏ သေရွာပြန်များတွင် အလင်းရောင်ကို မြင်ခဲ့ရသောသူများမှာ သုံးပုံတစ်ပုံခန့်သာ ရှိ၏။ အလင်းရောင်မှာ တောက်ပသော ရွှေဝါရောင်ဖြစ်သည်။ ထိန်လင်းတောက်ပသော်လည်း မျက်စိကျိန်းစပ်ခြင်းမရှိဘဲ အေးမြချမ်းမြေ့သည်၊ သာယာလှပသည်ဟု ဆိုကြ၏။ အချို့က သူတို့ကို အလင်းရောင်က လွှမ်းခြုံထားသလိုလို၊ ဆွဲငင်သလိုလို ခံစားကြရသည်ဟု ဆို၏။

အလင်းရောင်ကို မြင်ရပြီးနောက် သေရွာပြန်သည် အလင်းရောင်နယ်ထဲသို့ ရောက်ရှိသွား၏။ ဤ နောက်ဆုံးအဆင့်နှစ်ခု၏ ခြားနားချက်မှာ ပထမတွင် အလင်းရောင်နှင့် ထိတွေ့ခြင်းမျှသာဖြစ်ပြီး ထိုမှနောက်၌ အလင်းရောင်စတင်ပေါ်ပေါက်သော နေရာဌာနသို့ ရောက်ရှိသွားခြင်း ဖြစ်၏။ အလွန် သာယာလှပသော လောကဖြစ်၍ ရှုမငြီးသော၊ မည်သည့်အခါမျှ မမေ့နိုင်သော အဆင်းအရောင်များ၊ လှပသော ပန်းများကို မြင်ရသည်။ သာယာငြိမ့်ညောင်းသော တေးသံများကို ကြားရသည်ဆို၏။ ထို အလင်းရောင်လောကသို့ ရောက်ရှိခဲ့သော သေရွာပြန်များမှာ ရာခိုင်နှုန်း အနည်းဆုံးဖြစ်၍ သတိပြန်လည် ရရှိလာသောအခါ အများအားဖြင့် လူ့လောကသို့ ပြန်လာရသည့်အတွက် မကျေနပ်ကြောင်း ပြောဆိုတတ်ကြ၏။

သေရွာပြန်သည် သေမင်း၏တံခါးဝသို့ ရောက်ရှိနေသော အခိုက်အတန့်၏ တစ်ခုသောအချိန်၌ မိမိ၏ အတိတ်ဘဝ အဖြစ်အပျက်များသည် မနော၀ိညာဉ်၌ တစ်ခုပြီးတစ်ခု လျင်မြန်စွာပေါ်လာ၏။ တစ်ချိန်တည်းလိုလို၌ပင် ပုဂ္ဂိုလ်တစ်ဦးဦး ရှိနေကြောင်း သိရှိလာ၏။ ဒေါက်တာမူဒီ၏ စာအုပ်၌ ထိုပုဂ္ဂိုလ်ကို အလင်းရောင်ရှင်ဟုခေါ်၍ သေရွာပြန်က မြင်ရသည်ဆိုသော်လည်း ဒေါက်တာရိန်း၏ သေရွာပြန်များထဲတွင် မြင်ခဲ့ရသူ တစ်ဦးတစ်ယောက်မျှမရှိ၊ ထိုပုဂ္ဂိုလ်ရှိကြောင်း စိတ်ထဲက အလိုလို သိလာကြသည် ဆို၏။ လူရှစ်ဦးမှာ ကွယ်လွန်သူ ဆွေမျိုးသားချင်းများကို တွေ့မြင်ခဲ့ကြရ၏။ သူတို့က သေရွာပြန်များအား သူ၏ အချိန်မကျသေး၍ ပြန်သွားရန် တိုက်တွန်းကြသည် ဆို၏။

သို့ဖြင့် သေရွာပြန်သည် မိမိသဘောအတိုင်း ဆုံးဖြတ်၍ဖြစ်စေ၊ အလင်းရောင်နယ်မှ ပုဂ္ဂိုလ်၊ သို့မဟုတ် ဆွေမျိုးသားချင်းများက ပြန်လွှတ်သောကြောင့်ဖြစ်စေ လူ့ပြည်သို့ ပြန်လာ၏။ ထိုသို့ပြန်လာခြင်းမှာ ကျန်ရစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီးများအတွက်၊ သို့မဟုတ် မိမိ၏ ဘဝရည်ရွယ်ချက်အတွက် ဆောင်ရွက်ရန်ကိစ္စများ ရှိသောကြောင့် ဖြစ်သည်ဟု ဆိုကြ၏။

သေရွာပြန်တို့၏ တွေ့ကြုံခံစားရမှုမှာ ယေဘုယျအားဖြင့် တစ်ပုံစံတည်းလိုလို ဖြစ်သော်လည်း ကာယကံရှင်ပုဂ္ဂိုလ်၏ အကြောင်းအရာကိုလိုက်၍ အတိုင်းအတာ၊ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အနက်မတူပုံကို ဒေါက်တာရိန်းက ထောက်ပြထား၏။ သေမင်းတံခါးဝသို့ ရောက်ခဲ့သူများမှာ ဖျားနာသောသူ၊ ထိခိုက်ဒဏ်ရာရရှိသောသူနှင့် မိမိကိုယ်ကို သေကြောင်းကြံစည်သောသူဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ ၎င်းတို့တွင် ဖျားနာသောသူများသည် အထက်က ဖော်ပြခဲ့သော တွေ့ကြုံခံစားမှုကို အစအဆုံးအထိ အများဆုံး ရရှိခဲ့သောသူများ ဖြစ်၏။

ထိခိုက်ဒဏ်ရာရသောသူတို့သည် အခြားလူနာများထက် ပို၍ အတိတ်ဘဝ ဖြစ်စဉ်များကို အာရုံမြင်လာကြ၏။ ပေ ၃၅၀၀ မြင့်သော လေယာဉ်ပျံပေါ်မှ လေထီးဖြင့် ခုန်ဆင်းရာ လေထီးမပွင့်သောကြောင့် မြေပြင်သို့ကျသွားသော လူတစ်ဦးက ထိုသို့ ကျနေစဉ် အတိတ်ကာလ အဖြစ်အပျက်များသည် မျက်စိထဲ၌ ပေါ်လာကြောင်း၊ အချို့မှာ သူ လုံးဝမေ့နေပြီဖြစ်သော အသေးအဖွဲ ဖြစ်ပျက်မှုများဖြစ်ကြောင်း၊ ထိုအခါ သူ့မှာ သာယာသော ခံစားမှုရှိကြောင်း၊ ရုပ်ရှင်ကင်မရာတစ်ခုဖြင့် ပြနေသလိုထင်ရ၍ အလွန် လျင်မြန်ပြီး နှစ်စက္ကန့်လောက်အတွင်း ပြီးဆုံးသွားကြောင်း စသည်ဖြင့် ပြောပြ၏။

မိမိကိုယ်မိမိ သတ်သေရန် အားထုတ်သောသူများမှာကား စိတ်ငြိမ်းချမ်းခြင်းနှင့် ကိုယ်ခန္ဓာမှ စိတ်ဝိညာဉ် ဖဲခွာခြင်းကိုသာ ကြုံတွေ့ကြရ၏။ သူတို့၏ ပြောပြချက်များတွင် အလင်းရောင်ကို တွေ့မြင်ရခြင်း၊ ကွယ်လွန်သူသားချင်းများနှင့် ခေတ္တပြန်လည်ဆုံစည်းခြင်းစသော အခြား ကြုံတွေ့မှုများ မပါရှိချေ။ သူတို့မှာ အားလုံးလိုလို ဆေးဝါးဖြင့် သတ်သေရန် ကြံစည်သူများဖြစ်ရာ ဆေးဝါး၏ တန်ခိုးသတ္တိကြောင့် နောက်ပိုင်း အတွေ့အကြုံများကို သတိမေ့နေခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

ဒေါက်တာရိန်း၏ လေ့လာချက်အရ ဘာသာရေးစွဲလမ်းမှုသည် သေခါနီး အတွေ့အကြုံနှင့် မည်သို့မျှ ဆက်စပ်နေခြင်းမရှိချေ။ ဘာသာတရား ကြည်ညိုလေးစားသူနှင့် ကြည်ညိုလေးစားမှု မရှိသောသူသည် အတွေ့အကြုံကို ရှုမြင်သုံးသပ်ရာ၌သာ ခြားနား၏။ အလင်းရောင်ပုဂ္ဂိုလ်ကို ဘာသာရေးသမားက ဘုရားသခင် ဖြစ်သည်ဆို၍ ဘာသာရေးသမားမဟုတ်သူက ထိုသို့မဆိုချေ။ အလင်းရောင်လောက၏ သာယာလှပပုံကို ချီးကျူးသော်လည်း ကောင်းကင်ဘုံ၊ သို့မဟုတ် နတ်ပြည်ဖြစ်ပါသည်ဟု မဆိုကြချေ။ ငရဲပြည် အကြောင်းကိုလည်း သူတို့၏ ပြောပြချက်များ၌ လုံးဝမတွေ့ရချေ။

ဒေါက်တာမူဒီကဲ့သို့ပင် ဒေါက်တာရိန်းသည် သေရွာပြန်တို့မှာ မိမိတို့၏ တွေ့ကြုံခံစားရမှုကြောင့် နောက်ကာလ၌ စိတ်နေစရိုက်၊ အတွေးအခေါ် ပြောင်းလဲသွားကြောင်း တွေ့ရ၏။ အချို့သော ပြောင်းလဲမှုများမှာ သေခါနီး အတွေ့အကြုံကြောင့် မဟုတ်ဘဲ အလွန်ကံကောင်း၍ သေဘေးမှ လွတ်မြောက်လာခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ ပေ ၃၀၀၀ ကျော်မြင့်သော လေယာဉ်ပျံပေါ်မှကျပါလျက် ပြန်လည် အသက်ရှင်လာသော သူက မိမိဘဝမှာ ဦးတည်ချက်တစ်ခုခုရှိ၍ သေမင်းလက်က လွတ်လာခဲ့သည်ဟု ဆိုခြင်း မှာ အံ့ဩစရာ မရှိချေ။

သို့ရာတွင် ပြောင်းလဲမှုအားလုံးသည် သေဘေးမှ လွတ်မြောက်လာကြောင့် ဖြစ်သည်ဟု မဆိုသာချေ။ သူတို့သည် ပိုက်ဆံကြေးငွေနှင့် ပစ္စည်းဥစ္စာကို ရှေးကလောက်



www.burmeseclassic.com

www.burmeseclassic.com



မတပ်မက်တော့ဘဲ မေတ္တာကရုဏာတရား မွေးမြူခြင်း၊ အလှူဒါနပြုခြင်းနှင့် ပညာရှာမှီးခြင်းကို ပိုမိုတန်ဖိုးထားလာကြ၏။ သူတစ်ပါးအား ခွင့်လွှတ်သော၊ သည်းခံသော၊ သဘောထားကြီးသောစိတ် ရှိလာကြ၏။

ပြောင်းလဲမှုမှာ အလင်းရောင်လောကထဲသို့ ရောက်ရှိသည်အထိ အတွေ့အကြုံစုံခဲ့သောသူများ၌ ပိုမိုထင်ရှား၏။ ဘာသာတရားကို ရှေးကထက် ပို၍ သူတို့ ကြည်ညိုလေးစားလာကြ၏။ သို့ရာတွင် သူတို့၏ ဘာသာတရား ကြည်ညိုမှုသည် ဘုရားရှိခိုးကျောင်းသွားခြင်း၊ ကျမ်းစာဖတ်ခြင်းစသော အပေါ်ယံ သမားရိုးကျအလုပ်များ မဟုတ်တော့ဘဲ အသိအမြင် ရင့်ကျက်၍ စိတ်နှလုံးသိမ်မွေ့လာခြင်းဖြင့် ထင်ရှား၏။ တမလွန်ဘဝရှိကြောင်း လေးနက်စွာယုံကြည်၍ သေရမည်ကိုကြောက်သော စိတ်သည် သိသိသာသာ ယုတ်လျော့သွား၏။

ဒေါက်တာရိန်းက သူ လေ့လာခဲ့သော အတွေ့အကြုံများမှာ အချို့လူတို့၏ သေခါနီး အတွေ့အကြုံများသာဖြစ်၍ သေပြီးနောက် အတွေ့အကြုံများ မဟုတ်ကြောင်း ရေးသားထား၏။ တစ်နည်းဆိုသော် အကယ်၍ တမလွန်လောက ရှိသည်မှန်ပါက ထိုလူများသည် သက်ရှိလူ့လောကနှင့် တမလွန်လောကအကြား နယ်နိမိတ်သို့သာ ရောက်ရှိခဲ့သူများဖြစ်သည်ဟု သူ ယူဆ၏။ သို့ဖြစ်၍ ထိုသူတို့၏ အတွေ့အကြုံများကို မှီငြမ်းပြု၍ သေပြီးသည့်နောက်၌ မည်သို့ဖြစ်သည်ဟု အခိုင်အမာပြောရန် မဖြစ်နိုင်။ ထိုအတွေ့အကြုံများ၏ နောက်ဆက်တွဲ ရှိကောင်းရှိမည်။ သို့မဟုတ် အဆက်မရှိဘဲ ပြတ်တောက်သွားကောင်းသွားပေမည်ဟု ဆို၏။

ဤအဆိုမှာ သိပ္ပံနည်းကျသော အဆိုဖြစ်၏။ သို့ရာတွင် ဒေါက်တာရိန်းသည် စိတ္တဗေဒသိပ္ပံပညာရှင် တစ်ဦးအနေဖြင့်မဟုတ်ဘဲ ရိုးရိုးတွေးခေါ်ရှင် တစ်ဦးအနေဖြင့် မိမိယုံကြည်ချက်ကို တင်ပြထား၏။ လူ သေသည်၏အခြားမဲ့၌ စိတ်ဝိညာဉ်သည် ပြတ်တောက်မသွားဘဲ ဆက်လက်တည်ရှိနေသည်ဟု သူ ယုံကြည်၏။ ဤနေရာ၌ အတ္တဝိညာဉ်ဟု သူ မဆို။ တမလွန်ဘဝဆိုသော စကားကိုလည်း သူ ရှောင်ကြဉ်ကြောင်း သတိပြုသင့်ပေ၏။

စင်စစ် ဒေါက်တာရိန်းသည် တမလွန်လောကကို ရောက်ခဲ့သည်ဆိုသော အချို့သော သေရွာပြန်များ၏စကားကို လက်မခံဘဲ သူတို့၏ အတွေ့အကြုံများကို စိတ်အစဉ်၏မသေမီ ပြောင်းလဲမှုများအဖြစ်ဖြင့် ရှင်းပြထား၏။ ဤနေရာ၌ သူ၏ရှင်းပြချက်ကို လိုရင်းအကျဉ်းချုပ်မျှသာ ဖော်ပြပါအံ့။

ဒေါက်တာရိန်း၏ အဆိုအားဖြင့် သေခါနီး တွေ့ကြုံခံစားရမှုများသည် ကိုယ်ခန္ဓာမှ စိတ်ဝိညာဉ် ကင်းကွာသွားသောကြောင့် ဖြစ်ပေါ်လာသော ကြုံတွေ့ခံစားရမှုများ ဖြစ်၏။ စိတ်ဝိညာဉ်သည် ခန္ဓာကိုယ်မှ ဖဲခွာသွားသောအခါ ကိုယ်ခန္ဓာကို စွဲမှီ၍ဖြစ်သော ဝေဒနာစေတသိက်အားလုံး ဆိတ်သုဉ်း၍ ငြိမ်းအေးလာ၏။ ရှေးက မကြုံဖူးသော သာယာချမ်းမြေ့မှုကို ခံစားရ၏။ ထူးဆန်းသောအသံများကို ကြားရ၍ လိုဏ်ခေါင်းလိုလို၊ အမှောင်ထုထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းသွားရသလို ခံစားရခြင်းသည် စိတ်ဝိညာဉ် အလွှာတစ်ခုမှ အခြားအလွှာတစ်ခုသို့ ကူးပြောင်းသွားခြင်း၏ အမှတ်လက္ခဏာဖြစ်၏။ အခြားအလွှာတစ်ခုသို့ ကူးပြောင်းသွားသည်ဆိုရာ၌ လူတို့သိရှိသော ရုပ်နာမ်လောကနှင့် မတူသောလောကသို့ ရောက်ရှိသွားသည်ဟု ဆိုလိုခြင်းဖြစ်၏။ ထိုလောက၌ နာမ်ဝိညာဉ်သည် ထူးခြားသောသတ္တိဖြင့် လောကဓာတ် စကြဝဠာကို ထိတွေ့ရ၍ ထိုသတ္တိကြောင့် အလင်းရောင်ကို ထူးထူးခြားခြား မြင်ရခြင်းဖြစ်၏။ သို့တည်းမဟုတ် အလင်းရောင်သည် စိတ်ဝိညာဉ်ကိုမှီ၍ ထွက်ပေါ်လာသော အလင်းရောင် ဖြစ်ရပေမည်။ အလင်းရောင်လောက၌ တွေ့ရသည်ဆိုသော ပုဂ္ဂိုလ်မှာ အခြားမဟုတ်။ မိမိ၏ ဖြူစင်သန့်ရှင်းသော မူလပကတိ စိတ်ဝိညာဉ်ဖြစ်သည်။ ထိုမူလဝိညာဉ်မှာ သက်ရှိ လူ့လောကမှ ဝိညာဉ်နှင့်မတူသောကြောင့် မမှတ်မိဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ထင်မှားနေခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းမှာ တန်ခိုးသတ္တိထူးရှိ၍ မိမိ၏ဘဝဖြစ်စဉ် အားလုံးကို သိမြင်နိုင်သည်ဆို၏။

ဒေါက်တာရိန်းက အထက်ပါ မိမိ၏ ယုံကြည်ချက်အတွက် ခိုင်မာသော သိပ္ပံနည်းကျ အထောက်အထားများမရှိပါဟု ဝန်ခံထား၏။ သို့ရာတွင် သေရွာပြန်တို့၏ ကိုယ်တွေ့မှာ အသစ်အဆန်းမဟုတ်ဘဲ သေခါနီးဆဲဆဲမဟုတ်သော အခြားအခြေအနေ၊ အခြားအကြောင်းတရားများကြောင့်လည်း ဖြစ်ပေါ်နိုင်သည်ဆို၏။

ဤစကား မှန်ပေလိမ့်မည်။ သေခါနီးအခြေအနေ၌ မဟုတ်ကြောင်း အခြားအချိန်အခါများ၌ စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာ တသီးတခြားစီဖြစ်သွားပုံကို အခန်း(၉)၌ ဖော်ပြခဲ့ပေပြီ။ ထိုသို့ ကိုယ်ခန္ဓာ၏ပြင်ပသို့ စိတ်ဝိညာဉ် ရောက်သွားသော သူတို့က မိမိတို့မှာ စိတ်ဝိညာဉ်သာလျှင် ရှိတော့သလို ထင်မှတ်ရပါသည်၊ စိတ်ပေါ့ပါးလန်းဆတ်၍ ကြည်လင်လာပါသည်ဟု ဆိုကြ၏။ အချို့လူများသည် အုံ့ဖွယ်လီလီ' စိတ်(ပရ)ဝိညာဉ် တန်ခိုးသတ္တိရှိကြောင်း အထက်က ပြဆိုခဲ့ပြီးဖြစ်ရာ ထိုလူများမှာ သေခါနီးဆဲဆဲလူများ မဟုတ်ချေ။

သေခါနီး အတွေ့အကြုံမျိုးကို ဝိပဿနာတရားအားထုတ်သော ပုဂ္ဂိုလ်များသည်လည်း ရရှိကြကြောင်း ဒေါက်တာရိန်းက ထောက်ပြထား၏။ ဝိပဿနာတရားအားထုတ်မှုသည် စိတ်ကို ပြုပြင်လေ့ကျင့်၍ အမှန်တရား ရှာဖွေမှုဖြစ်၏။ ကမ္ဘာ့ဘာသာဝါဒကြီးများကို ကိုးကွယ်သော အချို့လူများသည် မိမိတို့ ယုံကြည်ချက်နှင့်အညီ ဝိပဿနာတရားအားထုတ်ခဲ့ကြပေရာ အနောက်တိုင်း စိတ်ပညာရှင်တို့၏ စူးစမ်းလေ့လာချက်အရ ထို ဝိပဿနာ တရားသမားများတွင် တူညီသော တွေ့ကြုံခံစားရမှုများ ရှိကြောင်းသိရ၏။

အချို့နေရာများ၌ ဝိပဿနာတရားသမားများသည် သေခါနီးလူများနှင့် တွေ့ကြုံခံစားရပုံချင်း တူညီ၏။ မိမိတို့၏ တွေ့ကြုံခံစားရမှုကို အခြားလူများ နားလည်သဘောပေါက်အောင် ပြောပြရန် ခက်ခဲခြင်း၊ စိတ်သာယာငြိမ်းချမ်းခြင်းနှင့်၊ အချိန်ကာလနှင့်

---

၁။ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" ဒုတိယပိုင်း၊ စာ ၈၄-၉၁။



www.burmeseclassic.com

www.burmeseclassic.com



နေရာဌာန အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကို ထိုပုဂ္ဂိုလ်နှစ်မျိုးစလုံး၌ တွေ့ရ၏။ မြန်မာ ဗုဒ္ဓဝိပဿနာကျမ်းများ၌ကား တရားအားထုတ်စဉ် အလင်းရောင် ထွက်ပေါ်လာခြင်းနှင့် ပီတိသုခ ဝေဒနာဖြစ်ပေါ်လာပုံကို ဖော်ပြထား၏။[၁]

ကိုယ်ခန္ဓာမှ စိတ်ဝိညာဉ် ဖယ်ခွာခြင်း၊ လိုဏ်ဂူကဲ့သို့သော အမှောင်ထုကို ဖြတ်သွားရခြင်းစသော အတွေ့အကြုံမျိုးကိုမူ ဝိပဿနာစာပေများ၌ အလျဉ်း မတွေ့ရချေ။ ဝိပဿနာတရားသမားများသည် ရုပ်ခန္ဓာကို မစွန့်လွှတ်ဘဲ အတွေ့အကြုံထူးများ ရရှိခဲ့ကြဟန် တူ၏။ ဒေါက်တာရိန်းကမူ ထိုအတွေ့အကြုံထူးများသည် ရုပ်တရားနှင့် နာမ်တရား တသီးတခြားစီ ဖြစ်သွားမှုအပေါ်၌ တည်သည်ဟုဆိုရာ ဤအဆိုမှာ ဝိပဿနာ တရားသမားများ၏ ကိုယ်တွေ့နှင့် မကိုက်ညီချေ။

မည်သို့ဖြစ်စေ ဒေါက်တာရိန်းသည် သေခါနီးကာလ အတွေ့အကြုံများကို သိပ္ပံနည်းကျကျ ဆက်လက်လေ့လာလျက်ရှိရာ နောင်တွင် အသစ်အဆန်းများ တွေ့ရှိရလိမ့်ဦးမည်ဟု မျှော်လင့်ရပေသည်။

❑

၁။ ဆရာတော်တစ်ပါး ရေးသားသော ဝိပဿနာကျမ်းတစ်စောင်၌ ယောဂီပုဂ္ဂိုလ်တို့ ကြုံတွေ့ရတတ်သော ဝိပဿနာညစ်ညူးကြောင်း တရား ၁၀ ပါးကို ဖော်ပြထားရာ ၎င်းတို့တွင် အောက်ပါ တရားသုံးပါးမှာ သေရွာပြန်တို့၏ ကိုယ်တွေ့နှင့် နှိုင်းယှဉ်စဉ်းစားဖွယ်ရာ ဖြစ်၏။

(၁) **ဩဘာသ။** စိတ်စေတသိက်၏ ကြည်လင်မှုကြောင့် ကိုယ်မှ အရောင်အဝါတို့သည် စိတ်အစွမ်းအားလျော်စွာ အချို့ မိမိထက် ဝန်းကျင်အနားတွင်လည်းကောင်း၊ အချို့ တစ်ခန်းလုံးလင်းအောင်လည်းကောင်း၊ အချို့ တစ်ကျောင်းလုံး၊ တစ်ကိုယ်လုံး၊ တစ်နယ်လုံးမှစ၍ စကြဝဠာတစ်ခုလုံးလင်းအောင်လည်းကောင်း ထွက်ကုန်၏။ (ဤအချက်မှာ အလင်းရောင်သည် မိမိကိုယ်မှထွက်သော အလင်းရောင်ဖြစ်သည်ဟူသော ဒေါက်တာရိန်း၏အဆိုနှင့် ကိုက်ညီနေကြောင်း သတိပြုသင့်ပေ၏။)

(၂) **ပီတိ။** ဝိပဿနာဉာဏ်နှင့် ယှဉ်သော ပီတိစေတသိက်အတွက် ယောဂီပုဂ္ဂိုလ်သည် အလွန် နှစ်သက်မွေ့လျော်၏။ ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်း ထတတ်၏။ ခန္ဓာကိုယ် ကြွတက်လှုပ်ရှားရွေ့သွားအောင် ဖြစ်ပေါ်တတ်၏။

(၃) **သုခ။** မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် တစ်ကိုယ်လုံးထုံမွှမ်း၍ ချမ်းမြေ့စေသော သုခဝေဒနာလည်း ဖြစ်ပေါ်လာ၏။

အသျှင်ဇာဂရ "ဝိပဿနာကြေးမုံကျမ်း" စာ-၄၈၂

အထူးသတိပြုရန်ကား၊ ထိုတရားများသည် ဝိပဿနာ တရားအားထုတ်မှု၏ ပန်းတိုင်မဟုတ်။ သာယာမှု၊ အထင်ကြီးမှု၊ ငါ-စွဲလမ်းမှု ဖြစ်စေ၍ ဝိပဿနာတရားကို လမ်းလွဲစေသော၊ ညစ်နွမ်းစေတတ်သော ဘေးရန်များဖြစ်ကြောင်း ဗုဒ္ဓဝိပဿနာကျမ်းများ၌ ပြဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com

## ၄။ ဘဝချုပ်ငြိမ်းခါနီး သတိပညာရှိမှု

[ဤနောက်ဆက်တွဲမှာ "သေသည်၏ အခြားမဲ့၌" အကြောင်းအရာနှင့် မဆိုင်ဟု ဆို၍ အချို့သော စာရှုသူများက စိတ်ဝင်စားကြမည် မဟုတ်ချေ။ သို့ရာတွင် တမလွန်ဘဝ ထက် မျက်မှောက်ဘဝက ပိုမိုအရေးကြီးကြောင်း အထက်က (စာ–၁၉၅) ရေးသားခဲ့ပေပြီ။ ထို့အပြင် တမလွန်ဘဝ မှချရှိသည်မှန်ပါက လူတစ်ဦး၏ သေခါနီးကာလသည် စပ်ကူး မပ်ကူး(ဝါ) ကြားကာလဖြစ်၏။ ယောက်ျားကလေး၊ မိန်းကလေးများ အပျိုလူပျိုဖြစ်ခါနီး အရွယ် အိမ်ထောင်ပြုခါနီးကာလနှင့် အစိုးရဝန်ထမ်းများ ပင်စင်ယူခါနီးအချိန်ကာလ များသည် အရေးကြီးသော ကြားကာလများဖြစ်သကဲ့သို့ ဘဝချုပ်ငြိမ်းခါနီးကာလ၏ အရေးကြီးခြင်းကို ယုံမှားစရာ မရှိချေ။

ထို့ကြောင့် ဘာသာတရားကြီးများသည် ဘဝကူးကောင်းရန်အတွက် သေခါနီး၌ သတိပညာရှိရန် လိုအပ်ကြောင်း အလေးအနက် ဟောကြားခဲ့ကြ၏။ အောက်ပါစာတမ်းမှာ သတိပညာဖြင့် သေခြင်းတရားကို နှလုံးသွင်းမှုအကြောင်း စာတမ်းဖြစ်၏။ ဘာသာရေး အတွေးအခေါ်၊ အဆိုအမိန့်များ လုံးဝမပါရှိစေဘဲ ယခုခေတ် ပညာရှင်တို့၏ လေ့လာ တွေ့ရှိချက်များကို မှီငြမ်းပြု၍ ရေးသားထားပါသည်။]

လူတို့သည် သေရမည်ကို ကြောက်ကြ၏။ ဤကြောက်စိတ်သည် ဘဝတဏှာ၌ အရင်းခံ၍ ဘဝတဏှာမှာလည်း လူသတ္တဝါမျိုးစု တည်မြဲရန်အတွက် သဘာဝဓမ္မက ဖန်တီးပေးထားသော ပဋိသန္ဓေ အနုသယဓာတ် ဖြစ်ရကား ၎င်းကို ပယ်သတ်ရန် မလွယ်ကူချေ။ ထို့ကြောင့် သေရမည်ကို ကြောက်သောစိတ်သည် အတတ်ပညာ၊ အတွေ့ အကြုံ၊ အသက်အရွယ် စသည်တို့နှင့် မဆိုင်ဘဲ လူသတ္တဝါတိုင်းကို စိုးမိုးလျက်ရှိ၏။

စင်စစ် လူတို့သည် အသက်ကြီးလာလေ၊ ဘဝတဏှာအားကောင်း၍ သေရမည်ကို ပို၍ကြောက်လာလေ ဖြစ်တတ်ကြ၏။ အသက်ခုနစ်ဆယ်အရွယ်၌ ကွယ်လွန်သော သိပ္ပံ ပညာကျော် သောမတ်ဟတ်(ခ)စလီ[၁]သည် ကွယ်လွန်ခါနီး၌ ကျွန်ုပ်သည် အသက်ကြီး၍

---

၁။ Thomas Huxley

www.burmeseclassic.com



သချိုင်းနှင့်နီးလာလေ၊ ဘဝချုပ်ငြိမ်းမှုကို ရှုမှန်းလာလေ ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရပါသည် ဆို၏။ အသက် ၈၈ နှစ်ရှိ အခြား ပညာရှင်တစ်ဦးကမူ သူမသေမီ ရက်အနည်းငယ်ခန့်က "လူတို့သည် အလွန် အသက်ကြီးသောအခါ သေမင်းကိုရင်ဆိုင်ရန် မလွယ်ကူပါ။ လူငယ်များက သက်ကြီးများထက် သေရဲကြပါသည်။ အသက်ရှစ်ဆယ် ကျော်သောအခါ သတ္တိနည်း၍ သေရန်တွန့်ဆုတ်ကြပါသည်"ဟု ဖွင့်ဟဝန်ခံခဲ့လေသည်။

အသက်ရှည်မှုကို လေ့လာသော နာမည်ကျော် ရုရှားသတ္တဗေဒပညာရှင် အီလျာ မက်နဲကော့^၁သည်လည်း သက်ကြီးရွယ်အိုများ၌ ဘဝကိုတွယ်တာမှု အားနည်းမသွားဘဲ ပိုမိုပြင်းပြလာကြောင်း စူးစမ်းတွေ့ရှိရသည် ဆို၏။ လူတို့သည် အသက်ဇီဝအားကုန်ခန်း၍ သစ်သီးအမှည့်ကြွေ–ကြွေသော သဘောမျိုး သေရမည်ဆိုပါက ပင်ပန်းနွမ်းနယ်သောအခါ အိပ်လိုသော ဆန္ဒရှိသကဲ့သို့ အချိန်စေ့သောအခါ သေလိုသောစိတ် ရှိလာရမည်ဟု သူက ယူဆ၏။ သို့ရာတွင် သက်ကြီးရွယ်အို အတော်များများကို စူးစမ်းလေ့လာရာ၌ သေလိုသော ပုဂ္ဂိုလ်နှစ်ဦးသာ သူ တွေ့ခဲ့ရသည်ဆို၏။

အသက်အရွယ်ကြီးသူများမှာ အိုမင်းမစွမ်းခြင်း၊ ဖျားနာခြင်းစသည်ဖြင့် ဆင်းရဲ ဒုက္ခ ပိုမိုကြုံတွေ့ရသော်လည်း မိမိကိုယ်မိမိ သတ်သေသူများမှာ အများအားဖြင့် သက်ကြီး များမဟုတ်ဘဲ လူငယ်များဖြစ်ကြ၏။

သေခြင်းတရားကို လူတို့ ရင်ဆိုင်နိုင်ရန်အတွက် ဘာသာတရားများ ပေါ်ထွန်း လာကြ၏။ ငယ်ရွယ်စဉ်က လျစ်လျူပြုခဲ့သော ဘာသာတရားကို ဇရာအရွယ်၌ လူများ ဖက်တွယ်လာကြ၏။ သို့ရာတွင် ရှေးယခင်က ထိတွေ့နီးစပ်ခြင်းမရှိခဲ့သော ဘာသာ တရားကို အသက်အရွယ်ကြီးရင့်ကာမှ လေးလေးနက်နက် ယုံကြည်ကိုးစားရန် မလွယ် ကူချေ။ ငယ်စဉ်ကစ၍ ဘာသာတရား ကြည်ညိုမှုသည်ပင် ဘာသာတရားမှ ရရှိအပ်သည့် အသိပညာကင်းသော အပေါ်ယံ ကြည်ညိုမှုဖြစ်ပါက သေခါနီးကာလ၌ များစွာ အရေး ပါမည်မဟုတ်ချေ။

စင်စစ် သေခြင်းတရားနှင့် ပတ်သက်၍ လူတို့ ခံယူထားချက်မှာ ရန်သူကို မိမိ မမြင်ရလျှင် ရန်သူ၏ဘေးမှ လွတ်သည်ထင်ပြီး သဲထဲ၌ ဦးခေါင်းဝှက်ထားသည်ဆိုသော ငှက်ကုလားအုပ်၏ လုပ်ပုံနှင့်တူ၏။ သေမှုသည် တစ်နေ့နေ့တွင် လူတိုင်း မုချတွေ့ကြုံ ရမည့် အမှုဖြစ်သော်လည်း ၎င်းကို အလေးအနက် မစဉ်းစားလိုကြချေ။ မစဉ်းစားအပ်၊ မပြောဆိုအပ်သော အမင်္ဂလာကိစ္စကဲ့သို့ စွဲမြဲမှတ်ယူ၍ ရှောင်ကွင်းကြ၏။ ဘာသာစကား တိုင်းလိုလို၌ သေမှုကိစ္စကို သွယ်ဝိုက်လှည့်ပတ်၍ ပြောဆိုသော စကားပရိယာယ် အတော် များများရှိ၏။

ဤသို့ သေမှုကိစ္စကို မျက်စိမှိတ်၍ ရှောင်ကွင်းလိုသော လူတို့စရိုက်သည် ယနေ့ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးဖြစ်သော အမေရိကန်ပြည်ထောင်စုနိုင်ငံ၌ အထူးထင်ရှား၏။

---

၁။ Ilya Metchnikoff



www.burmeseclassic.com

www.burmeseclassic.com



သူတို့နိုင်ငံ၌ မသာအသုဘများ၌ပင် အနိဋ္ဌာရုံများကို ငွေကုန်ကြေးကျခံ၍ နည်းပရိယာယ် အမျိုးမျိုးဖြင့် ဖုံးကွယ်ကြ၏။ အလောင်းကိုမပုပ်အောင် ဆေးထိုး၊ ဆေးစိမ်ပြီးလျှင် ဖယောင်းဖုံးအုပ်ခြင်း၊ မျက်နှာချေ၊ အလှဆီ၊ အမွှေးအထုံလိမ်းကျံခြင်း၊ အရောင်တင်ခြင်း ပြုရ၏။ ဤသို့ အသုဘရုပ် ပျောက်ကွယ်သွားအောင် အမျိုးမျိုး ပြုပြင်စီရင်ပြီးသော် ဝတ်ကောင်းစားလှ ဆင်ယင်၍ အိပ်ခန်း၌ အသက်ရှင်စဉ်က အိပ်ပျော်နေသည့် ပုံသဏ္ဌာန် အတိုင်း ဟန်ကျပန်ကျ ပြင်ဆင်ထားရ၏။ သေသူသည် အသက်ရှင်စဉ်က စာဖတ်ဝါသနာ ပါသူဖြစ်ပါမူ စာအုပ်တစ်အုပ်ကို လက်နှင့်ကိုင်ထားဟန်၊ ဆေးတံသောက်သမား ဖြစ်ခဲ့ပါမူ ဆေးတံကိုက်သောက်နေဟန် ပြုလုပ်ထားရ၏။ ကလေးသူငယ်ဖြစ်ပါမူ ကစားစရာ အရုပ်ကလေးတစ်ခုကို ပိုက်ထားဟန် ပြင်ဆင်ပြသထားရ၏။ ရည်ရွယ်ချက်မှာ အသက်ရှင် နေသော လူကောင်းနှင့် ထင်ယောင်ထင်မှား ဖြစ်စေရန်ဖြစ်၏။

မရဏတရားကို မျက်ကွယ်ပြုမထားဘဲ ဟန့်တားရန် ကြိုးပမ်းသော ဆေးသိပ္ပံ ပညာရှင်တို့သည်လည်း အမြဲ တိုးတက်အောင်မြင်နေသည်ဟု မဆိုသာချေ။ လူ့အသက်ကို သတ်ဖြတ်သော ရောဂါဆိုးများကို တိုက်ဖျက်ရာ၌ အချို့နေရာများတွင် တိုးတက်၍ အချို့နေရာများ၌ ရပ်တန့်လျက်ရှိ၏။ နောက်ဆုံးပေါ် ဆေးသိပ္ပံ ပစ္စည်းကိရိယာများဖြင့် လူနာ၏အသက်ကို သေမင်းလက်မှ တတ်နိုင်သမျှ လုယူရန် ယခုခေတ်ဆရာဝန်တို့၏ ကြိုးပမ်းမှုမှာ သေခါနီးလူနာကို ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်သည်ဟုဆို၍ လူအများက မနှစ်သက်ကြချေ။ အချို့သော သူဌေးသူကြွယ်တို့သည်ကား တစ်နေ့နေ့၌ သိပ္ပံပညာဖြင့် သေသူကို ပြန်ရှင်အောင် ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်၍ သူတို့သေသောအခါ မြေ မမြှုပ်ဘဲ ကိုယ်ခန္ဓာကို အမြဲလန်းဆန်းနေအောင် ရေခဲတိုက်၌ အထူး ပြုပြင်စီရင်ပြီး သိုလှောင်ထားကြသည် ဆို၏။

မည်သို့ဖြစ်စေ သူတို့ အနောက်နိုင်ငံများ၌သော်လည်းကောင်း၊ မြန်မာနိုင်ငံ၌သော် လည်းကောင်း မရဏတရားကို လူတို့ လေးလေးနက်နက် ဆင်ခြင်သုံးသပ်လေ့ မရှိကြချေ။ မရဏတရားကို နှလုံးသွင်းလျှင် ကြီးပွားတိုးတက်ရေးလမ်း၌ အနှောင့်အယှက်ဖြစ်မည်ဟု ဆင်ခြင်ပေးကြ၏။ သို့ရာတွင် မရဏတရားက မမျှော်လင့်ဘဲ အချိန်မရွေး ဆိုက်ရောက် လာတတ်ခြင်းကို သတိပြု၍ တက်တက်ကြွကြွ အလုပ်လုပ်သဖြင့် ကြီးပွားအောင်မြင် သူများရှိ၍ ထိုသို့ သတိမပြုမိသောကြောင့် ပြုသင့်ပြုထိုက်သော အလုပ်ကိစ္စများကို ပြီးဆုံးအောင် မပြုလုပ်ရဘဲ သေမင်းနောက်သို့ လိုက်ပါသွားကြသူများလည်းရှိကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။ မရဏတရားကို နှလုံးသွင်းမှုသည် အသက်ဇီဝအားကို ယုတ် လျော့စေသည်ဆိုသော စကားမှာလည်း အခြေအမြစ်မရှိကြောင်း မရဏာနုဿတိ အမြဲ ပွား၍ အသက်ရှည်နေသော ရဟန်းဘုန်းကြီးများ၌ ထင်ရှား၏။

သေခြင်းကဲ့သို့ပင် နာခြင်း၊ အိုခြင်းသည် လူတို့ကြောက်သော်လည်း တစ်နေ့တွင် မုချကြုံတွေ့ရမည့် အနိဋ္ဌာရုံတရားများ ဖြစ်၏။ နာခြင်း၊ အိုခြင်း အကြောင်းတရားများကို ခြေခြေမြစ်မြစ် သိရှိနားလည်၍ ဇာတိပညာဖြင့် ကြိုတင်ပြင်ဆင်ထားသော သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိဘေး၊ ဇရာဘေး၏ ဖိစီးနှိပ်စက်မှုကို ပြင်းပြင်းထန်ထန် ခံရမည်မဟုတ်ချေ။ ထိုအတူ သေခြင်းတရားကို ယထာဘူတကျကျ နှလုံးသွင်း၍ လေ့ကျင့်ပြင်ဆင်ထားပါက သေမင်းကို ရင်ဆိုင်ရသောအခါ များစွာ စိတ်တုန်လှုပ်ချောက်ချားခြင်း ဖြစ်မည်မဟုတ်ချေ။ ထို အချိန်အခါ၌ ဖြစ်ပေါ်လာမည့် ကိုယ်စိတ် နာကျင် ဆင်းရဲမှုဒုက္ခကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်း ရှိပေလိမ့်မည်။

သေခါနီးကာလ၌ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများမှာ ကိုယ်ဖြင့်ခံစားရသော ဆင်းရဲဒုက္ခနှင့် စိတ်ကိုထိခိုက်စေသော ဆင်းရဲဒုက္ခဟူ၍ နှစ်မျိုးနှစ်စားရှိပေရာ လူတို့သည် အများအားဖြင့် ကာယိကဒုက္ခကို အထူး ကြောက်ကြဟန်ရှိ၏။ သေခါနီး၌ ဆင်းရဲဝေဒနာ မခံစားရဘဲ သေရမည်ဆိုလျှင် မကြောက်ပါဘူးဟု ပြောလေ့ရှိကြ၏။

သေခါနီးဆဲဆဲ လူတို့ခံစားရသော ဆင်းရဲနာကျင်မှု အတိုင်းအတာသည် အသက် အရွယ်နှင့် ဆက်စပ်နေတတ်၏။ လူငယ်များသည် လူကြီးများထက် ပို၍ ဆင်းရဲဝေဒနာ ခံစားကြရ၏။ အနောက်နိုင်ငံ ဆေးရုံများတွင် သေခါနီးလူနာများကို လေ့လာသော ဆရာဝန်တစ်ဦး၏ အဆိုအားဖြင့် ကာယိကဒုက္ခ (ဆင်းရဲနာကျင်မှု) ခံစားကြရသော သူများမှာ အသက်ငါးဆယ်အောက်တွင် ၄၅ ရာခိုင်နှုန်း၊ အသက်ငါးဆယ်နှင့် အသက် ခုနစ်ဆယ်အကြားတွင် ၃၂ ရာခိုင်နှုန်းနှင့် အသက်ခုနစ်ဆယ်ကျော်ရွယ်များ၌ ၁၀ ရာခိုင်နှုန်း ရှိ၏။ သက်ကြီးများမှာ ဇီဝိတရုပ်အားနည်း၍ ညင်ညင်သာသာ အသက်ထွက်သွားကြ၏။ လူငယ် များမှာ ပိုမိုကြံ့ခိုင်သောကြောင့် မြန်မြန် အသက်မထွက်နိုင်ဘဲ ဆင်းရဲဝေဒနာ ကြာရှည် ခံစားကြရသည် ဆို၏။

သေခါနီး**လူနာများသည်** အများအားဖြင့် စိတ်အာရုံများ တစ်နေ့တခြား မှုန်ဝါးဝါး ဖြစ်လာ၍ နောက်ဆုံး၌ **မိမိတို့၏** ခံစားမှုကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း ဘာမျှမသိကြတော့ချေ။ ဆေးရုံများ၌ လူနာသုံးပုံတစ်ပုံမှာ သေမည့်နေ့၌ လုံးဝမေ့မြော နေ၍ လူနာ ခြောက်ရာခိုင်နှုန်းမျှသာ သေခါနီးအထိ သတိရှိခဲ့ကြသည် ဆို၏။ ဆင်းရဲဝေဒနာခံစားရပါက အများအားဖြင့် အသက်မထွက်မီ စောစောကပင် ဝေဒနာချုပ်ငြိမ်း သွားတတ်၏။

မည်သို့ဖြစ်စေ သေခါနီး၌ ကြုံတွေ့ရသော ဆင်းရဲနာကျင်မှုသည် လူအများ ထင်သလောက် ကြောက်မက်ဖွယ်ရာ မဟုတ်ချေ။ ဆင်းရဲနာကျင်မှု လုံးဝပျောက်ကင်း စေရန် ဆေးပညာက မတတ်နိုင်သော်လည်း သက်သာအောင် ပြုလုပ်ပေးနိုင်သော ခေတ်မီ ဆေးအမျိုးမျိုးရှိ၏။ သေခါနီးလူနာများကို စောင့်ကြည့်ခဲ့သော ဆရာဝန်တို့၏ အဆို အားဖြင့် ထိုအခါ၌ လူနာသည် စိတ်ကို လုံးဝလျှော့၍ ကြောက်စိတ်မရှိတော့ဘဲ အသက် ထွက်မည့်အချိန်ကို တည်ငြိမ်စွာ စောင့်မျှော်နေဟန်ရှိ၏။

နာမည်ကျော် အင်္ဂလိပ်ဆရာဝန်တစ်ဦးက "ကျွန်ုပ်သည် သေခါနီးဆဲဆဲ လူမမာ အတော်များများကို တွေ့မြင်ဖူးပါသည်။ အချို့မှာ နေကောင်းစဉ်က သေရမည်ကို အလွန် ကြောက်ပါသည်။ သို့ရာတွင် သူတို့အားလုံးပင် သေခါနီး၌ ကြောက်စိတ်များပျောက်၍



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးသော လက္ခဏာပြကြပါသည်"ဟု ဆို၏။ အခြား ဆရာဝန်ကြီးတစ်ဦးကလည်း "ကျွန်ုပ်သည် သေခါနီး လူနာငါးရာခန့်ကို အနီးကပ် လေ့လာခဲ့ပါသည်။ လူကိုးဆယ်မှာ နာကျင်မှုတစ်မျိုးမျိုး ခံစားရ၍ ၁၃ ယောက်မှာ ကြောက်ကြပါသည်။ ကျန်လူအများစုမှာ မည်သည့်အမှုအရာ လက္ခဏာမျှမပြဘဲ ငြိမ်သက်စွာ အိပ်ပျော်၍ ဇီဝိန်ချုပ်သွားကြပါသည်" ဟု ဆို၏။[၂]

အချို့သော သေခါနီးလူနာများ၏ ပြောပြချက်များမှလည်း အထက်ပါ ဆရာဝန်တို့၏ အဆိုနှင့်အညီ ဖြစ်၏။ ၁၉၀၀ ပြည့်နှစ်က အင်္ဂလန်ပြည်၌ အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သော စာရေးဆရာတစ်ဦးသည် သေခါနီး၌ သူ၏မိတ်ဆွေအား "ရောဘတ်ရေ၊ သေရတာ သိပ်မဆိုးလှပါဘူးကွာ။ ခုသေခါနီးမှာ ငါဖြင့် အိပ်ချင်တာပဲ။ နောင် ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး။ ခု အိပ်မက်မက်သလို နည်းနည်းမိုးတဝါး ဖြစ်နေတယ်။ သေတယ်ဆိုတာ ဒါပါပဲ"ဟု ပြောခဲ့၏။ ပြင်သစ်ဘုရင် လူဝီ ၁၄ သည်လည်း နတ်ရွာစံခါနီး၌ အနီးရှိ လူများအား "ဟေး...မင်းတို့ ဘာကြောင့် ငိုနေကြရတာလဲ။ ငါ အမြဲထာဝရ အသက်ရှင် နေရမယ့်လို့များ မင်းတို့ ထင်နေကြသလား။ သေရတာဟာ အရင်က ငါထင်ခဲ့သလို မဆိုးပါဘူးကွာ"တည်ငြိမ်စွာ ပြောကြားခဲ့သည်ဆို၏။

ဤစကားများဖြင့် သေခါနီးခံစားရသော ကာယိကဒုက္ခသည် လူများ ထင် သလောက် မဆိုးရွားကြောင်း ထင်ရှား၏။ ထိုအခါ ခံစားရသော စေတသိကဒုက္ခကို ယခု စဉ်းစားရန်ရှိ၏။

စိတ်ဝိညာဉ် သုတေသီဆရာနှစ်ဦး၏ လေ့လာတွေ့ရှိချက်အရ လူတို့သည် သေခါ နီး၌ စိတ်ငြိမ်းချမ်းသော လက္ခဏာပြတတ်ကြောင်း အခန်း(၁၁)၌ ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် ထိုလက္ခဏာများမှာ လူနာမသေမီ နာရီပိုင်းအတွင်း၊ သို့မဟုတ် အလွန်ဆုံး တစ်ရက် လောက်အလိုတွင် စတင်ပေါ်ပေါက်လာသော လက္ခဏာဖြစ်၍ ထိုထက်စောသောအချိန် ကာလနှင့် မသက်ဆိုင်ချေ။ သေခါနီးလူနာ၏ စိတ်ဖြစ်စဉ်ကို စေ့စေ့ချာချာ လေ့လာရာ၌ ထိုထက် ပိုမိုရှည်လျားသော အချိန်ကာလကို သတ်မှတ်ရပေလိမ့်မည်။ စင်စစ် ပုဂ္ဂိုလ် တစ်ဦး၏ ဘဝနိဂုံးမချုပ်မီ စိတ်ဖြစ်စဉ် လှုပ်ရှားပြောင်းလဲမှုသည် မိမိ သေရတော့မည်ဟု ယုံကြည်သောနေ့မှ စသည်ဟု ဆိုရပေမည်။

ဆရာဝန်နှင့် လူနာ၏ ဆွေမျိုးသားချင်းတို့သည် လူနာအဖို့ မျှော်လင့်ချက် လုံးဝမရှိသောအခါ အများအားဖြင့် အမှန်ကို ဖွင့်မပြောလိုကြချေ။ ဆရာဝန်များက ပြောမပြလိုခြင်းမှာ လူနာ စိတ်တုန်လှုပ် ချောက်ချားမည်ကိုစိုးသောကြောင့် ဖြစ်သည် ဆိုသော်လည်း လူနာ၏အသက်ကိုကယ်ရန် မိမိတို့ မတတ်နိုင်ခြင်းကို မသိစိတ်က ဝန်မခံလိုသောကြောင့်လည်း ဖြစ်တန်ရာ၏။

---

၁။ Sir Arbuthnot Lane
၂။ Sir William Osler



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်နှင့် မိမိ၏ ဆွေမျိုးသားချင်းများက မည်မျှပင် လျှို့ဝှက်ထားစေကာမူ လူနာသည် နောက်ဆုံးတစ်နေ့၌ အမှန်ကို သိရှိလာစမြဲ ဖြစ်၏။ မိမိခံစားနေရသော ရောဂါအခြေအနေနှင့် ဆရာဝန်နှင့် ဆွေမျိုးသားချင်းများက မိမိအား ဆက်ဆံပုံ၊ ပြောဆိုပြုမူပုံများကို အကဲခတ်၍ မိမိအတွက် မျှော်လင့်ချက်မရှိတော့ကြောင်း သိမြင်လာ၏။ ထိုအချိန်မှစ၍ လူနာ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသော စိတ်အစဉ်(ဝါ)ခံစားရချက်များကို ကူဗလာရော့ဆိုသော အမေရိကန် စိတ္တဇဆရာဝန်တစ်ဦးက စာအုပ်သစ်တစ်အုပ်[၁] ၌ ရေးသားဖော်ပြထား၏။ သူ၏ဖော်ပြချက်များမှာ သေခါနီး ဆေးရုံလူနာပေါင်း နှစ်ရာခန့်ကို နီးနီးကပ်ကပ် လေ့လာခြင်း၊ လူနာများက ဖွင့်ဟပြောပြခြင်းဖြင့် သိရှိခဲ့ရသော အချက်များ ဖြစ်၏။ ၎င်းတို့မှာ တစ်နေ့နေ့တွင် သေမင်းကို ရင်ဆိုင်ရမည့် ကျွန်ုပ်တို့အဖို့ သော်လည်းကောင်း၊ သေခါနီးလူနာကို ပြုစုစောင့်ရှောက်ရသော ဆရာဝန်နှင့် ဆွေမျိုးသားချင်းများအဖို့သော်လည်းကောင်း မှတ်သားဖွယ်ကောင်း၍ အကျဉ်းချုပ်ဖော်ပြပါအံ့။

သေခါနီးကာလ၌ လူနာသည် အဆင့်လေးဆင့်ရှိသော ဒေါမနဿ ဝေဒနာများကို ခံစားရ၏။

ပဌမအဆင့်၌ လူနာသည် မိမိရောဂါ၏ အခြေအနေအမှန်ကို ငြင်းဆိုလေ့ရှိ၏။ ဆရာဝန်က အသိပေး၍ဖြစ်စေ၊ မိမိ အလိုအလျောက် ဆင်ခြင်သုံးသပ်၍ဖြစ်စေ လူနာသည် မိမိမှာ မျှော်လင့်ချက်မရှိတော့ကြောင်း သိရှိလာစေကာမူ လက်ဦးပဌမ၌ ထိုအသိကို အများအားဖြင့် လက်မခံလိုချေ။ "အို…ဒါမဖြစ်နိုင်ဘူး"ဟု အစွဲအမြဲခံယူ၍ နည်းအမျိုးမျိုးဖြင့် စိတ်သက်သာမှုရရှိရန် ကြိုးစားလေ့ရှိ၏။ ဆေးရုံ၌ ကုသမှုခံယူနေသော လူနာဖြစ်ပါက ဆရာဝန်၏ စစ်ဆေးတွေ့ရှိရချက် မှားယွင်းသည်၊ သို့မဟုတ် တစ်ခုခုလွဲနေသည်၊ သို့မဟုတ် တွေ့ရှိရချက်မှတ်တမ်းမှာ အခြား လူနာတစ်ဦးဦးအတွက် မှတ်တမ်းနှင့် လွဲမှားနေခြင်းဖြစ်မည် စသည်ဖြင့် ဆင်ခြေပေးတတ်ကြ၏။ ဆေးရုံမှဆင်း၍ အခြားဆရာဝန်များဖြင့် မိမိတို့ကိုယ်ကို စမ်းသပ်စစ်ဆေးကြည့်ကြ၏။ တစ်ခါတစ်ရံ ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့သည်ပင် ဆရာဝန်၏တွေ့ရှိချက်ကို အသိအမှတ်မပြုဘဲ ရှေးက မိမိတို့ လျစ်လျူပြုခဲ့သော၊ သို့မဟုတ် အထင်သေးခဲ့သော ဗေဒင်မေးမြန်းခြင်း၊ ဓာတ်ရိုက်ယတြာချေခြင်း၊ ပျောက်စေဆရာကို ချဉ်းကပ်ခြင်း ပြုလာတတ်ကြ၏။

သို့ရာတွင် လူနာသည် ရောဂါဝေဒနာက တစ်နေ့တခြား ဖောက်ပြန်ဆိုးရွားလာသောကြောင့် မိမိစိတ်ကို ကြာရှည်မလှည့်စားနိုင်တော့ဘဲ နောက်ဆုံး၌ အမှန်ကို လက်ခံလာရတော့၏။ ထိုအခါ ဒုတိယအဆင့်သို့ ရောက်ရှိ၍ လူနာသည် မိမိ ဘဝကံကြမ္မာကို နာကြည်း၍ ထိုနာကြည်းမှုကြောင့် ပတ်ဝန်းကျင်လူများကို မကျေမနပ် ဖြစ်လာတတ်၏။

သေရေးကိစ္စ၌ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သူတစ်ပါးနှင့်ယှဉ်၍ စိတ်သက်သာမှုကို

၁။ Elisabeth Kubler-Ross, "On Death and Dying"



www.burmeseclassic.com

www.burmeseclassic.com



ရှာကြကြ၏။ သတင်းစာ နာရေးကြော်ငြာများကို နေ့စဉ်ဖတ်၍ အခြားလူများ သေသော်လည်း မိမိမသေသေးဟူသော အသိဖြင့် စိတ်ချမ်းသာမှု ရရှိကြ၏။ အကယ်ပင် မိမိအလှည့်သို့ ရောက်ရှိလာသောအခါ၌လည်း မိမိကိုယ်ကို သူတစ်ပါးနှင့် ယှဉ်၍ပင် စိတ်ဆင်းရဲကြရ၏။ အခြားလူများမှာ ဘာမျှမဖြစ်ဘဲ မိမိမှာမှ အဘယ့်ကြောင့် ဤသို့ဖြစ်ရပါသနည်းဟု မခံမရပ်နိုင် ဖြစ်တတ်ကြ၏။

အကယ်၍ လူနာသည် ရှေးက ကျန်း ၁ရေးကို ဂရုစိုက်ခဲ့သောသူ၊ သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းသောသူ၊ သို့မဟုတ် ကြီးပွားအောင်မြင်နေသူ ဖြစ်ပါက ခံစားရချက် ပိုမိုဆိုးရွား၏။ မိမိ၏ အပေါင်းအဖော်၊ အသိုက်အဝန်းထဲမှ အချို့လူများသည် နေ့စဉ် အရက်သောက်၊ စီးကရက်သောက်နေပါလျက် ကျန်းမာနေပြီး အရက်၊ စီးကရက် အမြဲရှောင်ကြဉ်နေသော မိမိအား အဘယ့်ကြောင့် အဆုတ်ကင်ဆာရောဂါ စွဲကပ်လာပါသနည်း။ မိမိ၏ အိမ်နီးချင်းတစ်ဦးမှာ မကောင်းမှုမျိုးစုံ ပြုလုပ်နေပါလျက် ဘာမျှမဖြစ်ဘဲ အကျင့်သီလရှိသော မိမိအား အဘယ့်ကြောင့် သေမင်းက ခေါ်လိုပါသနည်း။ မိမိတွေ့မြင်ဖူးသော အဘိုးအိုတစ်ဦးမှာ အထီးကျန်ဘဝတွင် ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ရပြီး မသေနိုင်ဘဲ အစစအရာရာ ဘဝဆင်ပြေနေသော မိမိအား အရွယ်ကောင်းတုန်းတွင် ဤရောဂါဆိုးက အဘယ့်ကြောင့် ဝင်ရောက် သတ်ဖြတ်လိုဘိသနည်း။

မိမိဘဝကို နာကြည်းမှုမှ ဖြစ်ပေါ်လာသော ဒေါမနဿစိတ်တို့သည် ပတ်ဝန်းကျင်လူများဆီသို့ မြားဦးလှည့်၍ ဆေးရုံဆရာဝန်၊ ဆရာမများကို သော်လည်းကောင်း၊ ဆွေမျိုးသားချင်းများကို သော်လည်းကောင်း အပြစ်ရှာလာ၏။ သူတို့က မိမိအား ဂရုမစိုက်ဘဲ ပစ်ထားသည်ဟု စွပ်စွဲတတ်၏။ ဇနီး၊ ခင်ပွန်း၊ သားသမီးများနှင့် ဆက်ဆံရာ၌ စိတ်တို၍ သည်ဟာ မစားချင်ဘူး၊ ဟိုဟာ စားချင်တယ် စသည်ဖြင့် အလွန်ဇီဇာကျယ်ပြီး ဒုက္ခပေးတတ်၏။ ဤကဲ့သို့သော လူနာမျိုးကို ပြုစုစောင့်ရှောက်ရသူများမှာ သူ စိတ်မကျေမနပ်ဖြစ်ခြင်း၏ အကြောင်းရင်းကို သိရှိနားလည်ပါမှ စိတ်ရှည်လက်ရှည် ပြုစုနိုင်ပေလိမ့်မည်။

လူနာသည် မိမိရောဂါအကြောင်းကို ငြင်းကွယ်၍ မရတော့သော အချိန်မှစ၍ မိမိဘဝကို နာကြည်းပြီး ပတ်ဝန်းကျင်လူများအား မကျေမနပ်ဖြစ်ရသော်လည်း ရောဂါမသက်သာဘဲ ပိုမိုဆိုးရွားလာသောအခါ စိတ်မချမ်းမသာ ဖြစ်လာ၏။ စိတ်မချမ်းသာခြင်းမှာ အလုပ်မလုပ်နိုင်သဖြင့် စီးပွားရေးထိခိုက်ခြင်း၊ ဆေးဝါးကုသမှုအတွက် ငွေကြေးများစွာကုန်ကျခြင်း၊ မိမိ၏ မိသားစုအတွင်းရေးကိစ္စများကို လျစ်လျူပြုထားရခြင်း စသည်ဖြင့် လောလောဆယ် ယိုင်လဲနေသော ဘဝအခြေအနေနှင့် မကြာမီ မိမိဘဝနှင့် မိမိလောကကို အပြီးတိုင် စွန့်ခွာသွားရတော့မည့် အရေးကြောင့်ဖြစ်၏။ စီးပွားရေးနှင့် မိသားစုအရေးကို တွေးတောရာမှ စိတ်ညှိုးနွမ်းနေသောလူနာကို ဆွေမျိုးသားချင်းနှင့် အပေါင်းအသင်းများက အားပေးနှစ်သိမ့်နိုင်စွမ်း၊ သို့မဟုတ် ထိထိရောက်ရောက် ကူညီနိုင်စွမ်း ရှိကောင်းရှိပေမည်။ မကြာမီ သေရတော့မည့်အရေးကိုတွေး၍ ဘဝတဏှာကြောင့်ဖြစ်သော စိတ်ပူပန်မှုကိုကား ငြိမ်းအေးသက်သာအောင် ပြုလုပ်ရန် မလွယ်ကူချေ။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကြောက်သော သေခြင်းတရားကို လူနာအား မကြောက်ရန် ကျွန်ုပ်တို့ မည်သို့ အားပေးနိုင်ပါမည်နည်း။ ကျွန်ုပ်တို့ ကိုယ်၌က မိမိတို့၏ သားမယားများနှင့် မခွဲခွာနိုင်ပါဘဲ လူနာအား သူ့မိသားစုအပေါ် သံယောဇဉ်ဖြတ်ရန် မည်သို့တရားဟောနိုင်ပါမည်နည်း။ လူနာ၏ စိတ်သက်သာမှု၊ မသက်သာမှုမှာ သူ၏ ရှေးကအတွေးအခေါ်၊ ဝလေ့စရိုက်များအပေါ်၌ မူတည်၍ ဘေးလူများ၏ အားပေးနှစ်သိမ့်မှုမှာ များစွာအရာမရောက်ချေ။ သေခါနီးလူနာများကို ,လေ့လာခဲ့သော အထက်ပါ စိတ္တဗေဒဆရာဝန်၏ အဆိုအားဖြင့်မူ ဤအခြေအနေ၌ လူနာအား တရားဟောပြောခြင်းသည် သူ့အား အနှောင့်အယှက်ဖြစ်သည်။ သူ့အနီး၌ထိုင်၍ ဘာမျှမပြောဘဲ လက်ကိုဆုပ်ကိုင်ခြင်း၊ ဆံပင်သပ်ရပ်ပေးခြင်း စသည်ဖြင့် ကြင်နာမှုကိုပြခြင်းက ပိုကောင်းသည်ဆို၏။

လူနာသည် မိမိဘဝကို နာကြည်းမှု၊ ပတ်ဝန်းကျင်လူများအား မကျေနပ်မှုနှင့် စိတ်ပူပန် ဆင်းရဲမှုများ တစ်စတစ်စ ပျောက်ကွယ်၍ နောက်ဆုံး၌ မိမိ၏အခြေအနေကို အမှန်အတိုင်း သိမှတ်လက်ခံသောအဆင့်သို့ ရောက်ရှိလာ၏။ ထိုအချိန်၌ သူသည် စိတ်သာယာ ကြည်လင်နေသည်ဟု မဆိုသာချေ။ ခံစားမှုများက ကင်းဆိတ်လျက် ဆင်းရဲနာကျင်မှုမရှိတော့သလို၊ ရုန်းကန်လှုပ်ရှားမှု ပြီးဆုံးသွားသလို၊ ခရီးရှည်မသွားမီ နောက်ဆုံးအနားယူသလို လက္ခဏာများကို ဆောင်လျက်ရှိ၏။

ဤအချိန်အခါ၌ လူနာမှာ ငြိမ်းချမ်းစွာနေလို၍ မကြာခဏ အိပ်ပျော်နေတတ်၏။ ပြင်ပလောကမှ သတင်းများ၊ အရေးကိစ္စများ၌ စိတ်မဝင်စားဘဲ လူနာမေး ဧည့်သည်များလာစေလိုသော ဆန္ဒလည်း မရှိတော့ချေ။ ဧည့်သည်လာလျှင်လည်း လက်ရိပ်ပြထိုင်ခိုင်း၍ ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေတတ်၏။

ဤလူနာမျိုးကို ဆရာဝန်၊ ဆရာမနှင့် ဆွေမျိုးသားချင်းဖြစ်သူများက ကောင်းစွာနားလည်ရန်လို၏။ စင်စစ် လူနာသည် ဘဝတဏှာအားနည်းလာ၍ ငြိမ်းချမ်းစွာ ဘဝချုပ်ငြိမ်းရန်အတွက် ပြင်ဆင်နေခြင်းဖြစ်၏။ ဤအခြေအနေ၌ လူနာအား တစ်စုံတစ်ရာမမေးဘဲ အနီးတွင် တိတ်ဆိတ်စွာ ထိုင်ကြည့်နေခြင်းဖြင့် လူနာ၏မသေမီ ငြိမ်းချမ်းမှုကို ကျွန်ုပ်တို့ အထောက်အကူ ပြုနိုင်ပေလိမ့်မည်။ ဤအချက်ကို မသိနားမလည်ဘဲ လူနာစိတ်ဓာတ် ပျော့လွန်းသည်ဟု ထင်မှတ်ပြီး တဖွဖွ အားပေးစကား ပြောနေပါက လူနာအဖို့ စိတ်အနှောင့်အယှက် ဖြစ်သည်ကလွဲ၍ အခြား ဘာမျှအကျိုးရှိမည် မဟုတ်ချေ။

စင်စစ် ဒေါက်တာကူဗလာရော့၏ အဆိုအားဖြင့် လူနာများသည် အများအားဖြင့် သေခါနီးအထိ တစ်ချိန်ချိန်၌ မျှော်လင့်ချက် ရှိနေတတ်ကြ၏။ လူနာသည် အထက်က ဖော်ပြခဲ့သည့်အတိုင်း စိတ်အစဉ်အမျိုးမျိုး ပြောင်းလဲနေသော်လည်း မျှော်လင့်ချက်ကို အပြီးထာဝရ စွန့်လွှတ်မထားချေ။ မိမိ၏ရောဂါသည် အသက်ကို ခြိမ်းခြောက်သော ရောဂါဆိုးဖြစ်ကြောင်း သိရှိစေကာမူ ဘုရားသခင်၏ တန်ခိုးတော်ကြောင့် အသက်ချမ်းသာရာ ရရှိလိမ့်မည်၊ သို့မဟုတ် ဆေးသိပ္ပံက နောက်ဆုံးတီထွင် ဖန်တီးလိုက်သော ဆေးဝါးကြောင့် သေမင်းလက်က လွတ်လိမ့်မည်ဟု အချို့က ယုံကြည်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခြင်း၊ အရှိကိုအရှိအတိုင်း အသိအမှတ်မပြုဘဲ ငြင်းကွယ်လိုခြင်း၊ သူတစ်ပါးကို အပြစ်တင်လိုခြင်းစသော လူနာတို့၏ စရိုက်လက္ခဏာများသည် ဘဝတက်ဘဲ စရိုက်လက္ခဏာများဖြစ်၍ ၎င်းတို့ရှိသောကြောင့် လူနာသည် ကိုယ်ခန္ဓာ ပျက်စီးယိုယွင်းနေပါလျက် ဆက်လက် အသက်ရှင်နေနိုင်ခြင်း ဖြစ်၏။ မျှော်လင့်ချက်ကို အပြီးတိုင် စွန့်လွှတ်လိုက်သော လူနာများသည် ထိုအကြောင်းကို ဖွင့်ဟပြောပြပြီးနောက် ၂၄ နာရီအတွင်း သေဆုံးသွားကြသည် ဆို၏။

ဘဝတက်နှင့် အချို့သော စရိုက်လက္ခဏာ(ဝါ)စေတသိက်များမှာ အတ္တစွဲနှင့် ယှဉ်နေသဖြင့် နှစ်လိုဖွယ်ရာများ မဟုတ်ချေ။ သို့ရာတွင် ၎င်းတို့သည်ပင် လူသတ္တဝါ အသက်ရှင်နေမှုကို အထောက်အကူပြုလျက် ရှိ၏။ တစ်ခါက အမေရိကန်နိုင်ငံ၊ ချီကာဂို တက္ကသိုလ်မှ စိတ်ပညာရှင်တစ်ဦးသည် သက်ကြီးရွယ်အိုများကို စူးစမ်းလေ့လာခဲ့ရာ သူတစ်ပါးအပေါ် ဆရာလုပ်လိုခြင်း၊ သူတစ်ပါးကို အပြစ်ရှာတတ်ခြင်း၊ မိမိအပြစ်ကို မမြင်ခြင်း၊ မယုံသင်္ကာရှိတတ်ခြင်း၊ ခေါင်းမာခြင်း၊ စိတ်တိုရန်လိုခြင်း စရိုက်လက္ခဏာ ရှိသည့် လူအိုများမှာ အခြားလူအိုများထက် ပို၍ ဇီဝိတရုပ် အားကောင်းနေသည်ကို တွေ့ရ၏။ ဤသို့သော စိတ်ဓာတ်စရိုက်များဖြင့် အသက်ရှည်နေသူများကို စာဖတ်သူတို့ မိမိတို့ပတ်ဝန်းကျင်တွင် တစ်ခါတစ်ရံ တွေ့မြင်ဖူးကြပေလိမ့်မည်။

ဤနေရာ၌ မနှစ်လိုဖွယ်ရာ စရိုက်လက္ခဏာများဖြင့် အသက်ရှင်နေခြင်းသည် ကောင်းပါ၏လောဟု စဉ်းစားရန် အချက်ပေါ်လာ၏။ ဤအချက်မှာ အနောက်နိုင်ငံများ၌ ယနေ့ အတော်အငြင်းပွားရ၍ ဆေးသိပ္ပံပညာရှင်များနှင့် ဆရာဝန်များ ရင်ဆိုင်နေကြရသော ပြဿနာဖြစ်၏။ ကုသ၍မရသော၊ ရောဂါဖိစီးနှိပ်စက်သဖြင့် ဆင်းရဲဝေဒနာ ကြာရှည်ခံစားနေရသော လူနာများအား သူတို့၏ သဘောတူညီမှုဖြင့် ဆရာဝန်က ဘဝချုပ်ငြိမ်းအောင် ပြုလုပ်ပေးနိုင်ခွင့် ဥပဒေပြဋ္ဌာန်းပေးရန် အချို့လူများက တောင်းဆိုနေကြပေပြီ။ နိုင်ငံအစိုးရများက ထိုသို့ပြုလုပ်ခွင့်ကို တားမြစ်ပိတ်ပင်ထားသော်လည်း တိတ်တဆိတ် ပြုလုပ်ပေးဖူးကြောင်း အချို့ဆရာဝန်များက ဝန်ခံကြသည်ဟု ဆို၏။

ကုသ၍မရတော့ဘဲ အသက်ကို ခြိမ်းခြောက်နေသော ရောဂါခံစားနေရပါလျက် မျှော်လင့်ချက်ရှိနေခြင်းသည် သေမင်းကို အခိုက်အတန့် ဟန့်တားထားနိုင်သည် မှန်သော်လည်း လူနာနှင့် သူ၏မိသားစုအဖို့ စီးပွားရေးနှင့် လူမှုရေးအရ ဆုံးရှုံးနစ်နာတတ်ခြင်းကို ကျွန်ုပ်တို့ မမေ့သင့်ချေ။ ပြန်လည်ကျန်းမာလာလိမ့်မည်ဟု အချည်းနှီးမျှော်လင့်နေသော လူနာသည် အပြောကောင်းသော သမားတု၊ သမားယောင်များ၏ လိမ်လည်ခြင်းကို ခံရတတ်၏။ မိမိ နောက်ဆုံးဆောင်ရွက်လိုသောကိစ္စ၊ ဆွေမျိုးသားချင်းနှင့်ဆိုင်ရာ အခြားပုဂ္ဂိုလ်များအား နောက်ဆုံးမှာကြားလိုသော ကိစ္စများကိုလည်း မဆောင်ရွက်၊ မမှာကြားဖြစ်ဘဲ သေဆုံးသွားရ၍ ထိုကိစ္စများသည် မိမိအဖို့၊ သို့မဟုတ် အခြားလူများအဖို့ အလွန် အရေးကြီးသောကိစ္စ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် သူတစ်ပါး အကျိုးစီးပွားမထိခိုက်စေရန် လူနာသည် သေခြင်းတရားကို နှလုံးသွင်းရန် အရေးကြီး၏။ ဤကိစ္စ၌ ဆရာဝန်နှင့် လူနာ၏ ဆွေမျိုးသားချင်းများမှာ အဓိကအကြောင်းမဟုတ်။ လူနာကိုယ်၌က လက်ခံရန် အသင့်မရှိသေးဘဲ သူ့ကို သတိပေးပါက အကျိုးယုတ်ရန်သာ အကြောင်းရှိ၏။ အသက်ရှစ်ဆယ်ကျော် အဘိုးအို တစ်ဦး နေမကောင်းနေစဉ် သားသမီး၊ မြေးဖြစ်သူများက သွားရောက်ကန်တော့ကြသော အခါ မင်းတို့ ငါသေခါနီးလို့ လာကန်တော့ကြတာလားဟုဆိုပြီး ငိုယိုသည်ကို ကြားဖူး၏။ သို့ဖြစ်၍ သတိပညာဖြင့် သေမင်းကိုရင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့သည် ကျန်းမာနေစဉ်အခါ၌ ငှက်ကုလားအုပ်ကဲ့သို့ အမြဲပုန်းရှောင်မနေဘဲ မကြာခဏ သေခြင်းတရားကို နှလုံးသွင်းသော အလေ့အကျင့် ရှိရန်လို၏။

သေခြင်းတရား ရှိခြင်းသည် စင်စစ် လူ့လောက၏ အနာဂတ်ကောင်းစားရန် အတွက် ဖြစ်၏။ အကယ်၍ ဆေးသိပ္ပံပညာ၏ တီထွင်ဖန်တီးမှုကြောင့် လူသတ္တဝါတိုင်း သည် အသက်တစ်ရာကျော် နေရမည်ဆိုပါက လူသားတို့ ကမ္ဘာကြီးသည် ပြဿနာ အမျိုးမျိုး ကြုံတွေ့ရ၍ ဆုတ်ယုတ်ပျက်စီးမည် အမှန်ဖြစ်၏။ ယခုပင်လျှင် အနာဂတ်ရေး အတွက် စိုးရိမ်ကြောင့်ကြနေကြရသည် မဟုတ်ပါလော။

သို့ဖြစ်၍ အမေရိကန်တွေးခေါ်ရှင်တစ်ဦးက အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကျွန်ုပ်တို့သည် လူ့လောက အကျိုးစီးပွားအတွက် သေကြရ၏။ စင်စစ် ကျွန်ုပ် တို့သည် ပုဂ္ဂိုလ်သတ္တဝါများ မဟုတ်။ ပုဂ္ဂိုလ်စွဲ၊ ငါစွဲရှိနေသောကြောင့် သေခြင်းတရားကို ရွံရှာနေကြခြင်း ဖြစ်၏။ ကျွန်ုပ်တို့သည် လူ့လောက၏ ယာယီအင်္ဂါအစိတ်အပိုင်း ဖြစ်၏။ လူ့လောက နုပျိုရှင်သန်နေစေရန် ဖဲခွာကြရ၏။ အကယ်၍ မသေဘဲ အမြဲအသက်ရှင် နေပါက လူ့လောကမှာ ကြီးပွားမှုရပ်ဆိုင်း၍ လူငယ်များ ရှိတော့မည်မဟုတ်ချေ။ သေခြင်း သည် အမှိုက်များကို ရှင်းလင်းသုတ်သင်သော တရားဖြစ်၏။ ကျွန်ုပ်တို့သည် လူ့လောက ပုံသဏ္ဌာန်ဟောင်း မချုပ်ငြိမ်းမီ မေတ္တာစိတ်ဖြင့် ပုံသဏ္ဌာန်သစ်ကို အားမာန်သွန်းလောင်း ပေးကြရ၏။ မျိုးပွားခြင်းဖြင့် လူ့လောကကို အသက်ဆက်ပေးကြရ၏။ လူသတ္တဝါများ သေဆုံးခြင်းဖြင့် လူ့လောကသည် ထာဝရတည်မြဲရ၏"

သဘာဝတရား၏ အလိုအားဖြင့် လူနှင့်တကွ အခြား သတ္တဝါအားလုံး၏ အဓိက လုပ်ငန်းမှာ မျိုးပွားမှုဖြစ်၏။ နိမ့်ကျသော သတ္တဝါမျိုးစုများသည် မျိုးပွားမှုကိစ္စ ဆောင်ရွက် ပြီးသည့်နောက် မကြာမီ သေကြရ၏။ ပင့်ကူသည် မိတ်လိုက်ပြီးလျှင် ပင့်ကူမ၏ စားခြင်း ကို ခံရသည်ဆို၏။ လူတို့မှာ အဆင့်အတန်းမြင့်မားသော သတ္တဝါမျိုးစုဖြစ်၍ အိမ်ထောင် သားမွေးခြင်းဖြင့် ကိစ္စမပြီးဘဲ သားသမီးများကို ကြီးပြင်းသည်အထိ ပြုစုစောင့်ရှောက် ခြင်းဖြင့် နှစ်ပေါင်းအတော်ကြာ နေကြရ၏။ သဘာဝတရားက ပေးအပ်သော လုပ်ငန်း ကိစ္စကို ဆောင်ရွက်ပြီးသောအခါ ဘဝချုပ်ငြိမ်းမှုသို့ ရှေးရှုကြရ၏။ ဤနေရာ၌ သက်သက် သာသာ ချုပ်ငြိမ်းရန် (ဝါ) သေရမည်ကို အလွန်အမင်း မကြောက်ရန် သဘာဝတရားက ဖန်တီးပေးထားသော အချက်နှစ်ချက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမအချက်မှာ လူတို့တွင် သေခြင်းကို လိုလားတောင့်တသော သဘာဝစိတ်[၁] ရှိသည်ဟူသော စိတ်ပညာရှင်ကြီး ဆစ်ဂမန်ဖရွိုက်[၂]၏ အဆိုဖြစ်၏။ ဤသည်မှာ ဘဝတဏှာနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၍ လူအများက လက်ခံလိုမည်မဟုတ်ချေ။ သို့ရာတွင် ချစ်ခြင်း၊ မုန်းခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ သနားခြင်း၊ ရက်စက်ခြင်း စသည်ဖြင့် လူတို့၌ ဆန့်ကျင်ဘက်တရားများ ရှိတတ်ကြောင်း သတိပြုသင့်ပေ၏။[၃]

ဒုတိယအချက်မှာ သက်ကြီးရွယ်အိုများ၌ အထူးထင်ရှား၏။ လူများမသေလိုဘဲ အမြဲ အသက်ရှင်နေလိုခြင်းသည် ဘဝဏှာကြောင့်ဖြစ်ရာ ထိုဘဝတဏှာသည် ကာမဂုဏ် ခံစားမှုနှင့် သားသမီး သံယောဇဉ်ကိုမှီ၍ ရှင်သန်ကြီးပွား၏။ သက်ကြီးများမှာ တစ်စတစ်စ အိုမင်းယိုယွင်းလာသော ကိုယ်ခန္ဓာ၏ အခြေအနေအရ ရှေးကကဲ့သို့ ကာမဂုဏ်ချမ်းသာကို ခံစားနိုင်စွမ်း မရှိတော့ချေ။ သို့ဖြစ်၍ သဘာဝတရား၏ စီမံဖန်တီးမှုဖြင့် ကာမဂုဏ် ခံစားမှု ယုတ်လျော့သွား၍ ဘဝတွယ်တာမှုလည်း လျော့ပါးသွားရန် အကြောင်းရှိ၏။ သို့ရာတွင် လူတို့မှာ အများအားဖြင့် အမြဲ ကာမဂုဏ်ခံစားခဲ့သော စရိုက်ဝါသနာကြောင့် အသက်ကြီးသောအခါ၌လည်း သတိတရားမရဘဲ ဆက်လက်ခံစားနိုင်ရန် နည်းအမျိုးမျိုး ဖြင့် ကြံစည်ဖန်တီးကြ၍ ဘဝတဏှာ အားကောင်းမြဲ ကောင်းနေပြီးလျှင် သေခြင်းတရားကို မစဉ်းစားလိုကြချေ။

လူတို့၏ ဘဝတဏှာသည် ငါစွဲအတ္တနှင့် ယှဉ်နေသော ဘဝတဏှာဖြစ်၏။ လူသတ္တဝါသည် တည်မြဲသော အတ္တဇီဝကင်းသည့် ရုပ်နာမ်နှစ်ပါးမျှသာဖြစ်ကြောင်း၊ ယခုခေတ် သိပ္ပံပညာရှင်၊ အသိပညာရှင်တို့ ပြောဆိုရေးသားချက်များကို အခြားစာအုပ်[၄] ၌ ဖော်ပြခဲ့ပေပြီ။ လူကို ပုဂ္ဂိုလ်–သတ္တဝါ အတ္တဇီဝအဖြစ်ဖြင့် မရှုဘဲ လူ့လောက(ဝါ) လူသားမျိုးနွယ်၏ တစ်ခုသော အစိတ်အပိုင်းအဖြစ် မှတ်ယူပါက မရဏတရားကို ကျွန်ုပ်တို့ အမြဲရွံမုန်းနေရန် အကြောင်းမရှိချေ။ မရဏတရားရှိသောကြောင့် လူ့လောက သည် အမြဲ နုပျိုလန်းဆန်းလျက်ရှိ၏။ အတ္တစွဲကိုဖယ်ခွာ၍ ဆင်ခြင်သုံးသပ်ပါက ပုဂ္ဂိုလ် သတ္တဝါတစ်ဦးသည် အတ္တဇီဉာဉ် မရှိစေကာမူ သေသည်၏အခြားမဲ့၌ အချည်းနှီးဖြစ် သွားသည်ဟု မဆိုနိုင်ချေ။ ထိုပုဂ္ဂိုလ်၏ အပြုအမူနှင့် သတ္တိအရည်အချင်းများသည် အခြား သူများအဖို့ အကျိုးတရားအဖြစ် ကျန်ရှိနေမည်ဖြစ်၏။ အကျိုးသက်ရောက်မှုမှာ ပုဂ္ဂိုလ်၏ အရည်အချင်းကိုလိုက်၍ အတိမ်အနက်၊ အတိုင်းအတာ ကွာခြားပေလိမ့်မည်။ သိပ္ပံပညာ ကျော်တစ်ဦး၏ တွေ့ရှိမှုသည် ကမ္ဘာ့လူသားအားလုံးအဖို့ ပညာအမွေဖြစ်၍ သာမန် လူတစ်ဦး၏ ကြိုးပမ်းမှုမှာကား သားသမီးများ၌သာ ထင်ဟပ်ကျန်ခဲ့မည် ဖြစ်၏။

---

၁။ Death-instint
၂။ Sigmund Freud
၃။ "စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု"
၄။ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" ပထမပိုင်း၊ အခန်း–၆ (ဈ)
"အနတ္တဝါဒနှင့် ယခုခေတ် ပညာရှင်တို့အမြင်"



www.burmeseclassic.com

www.burmeseclassic.com



အတ္တအစွဲ ဥပါဒါန် ကင်းသောသူသည် မိမိ အသက်အရွယ်မကြီးမီ၊ သို့မဟုတ် မိမိ၏ မွန်မြတ်သောလုပ်ငန်းကိစ္စ မပြီးဆုံးမီ သေရမည့်အတွက် ရင်ထဲတွင် အလွန်အမင်း နာကျင်ခံခက် ဖြစ်နေမည်မဟုတ်ချေ။ အမြဲ အကျင့်သီလကောင်းမွန်ခဲ့ပါလျှက် အသက် ရှည်စွာ မနေရသော မိမိဘဝကိုလည်း များစွာ နာကြည်းမနေဘဲ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ပေလိမ့်မည်။ အကြောင်းမူ မိမိကဲ့သို့သော လူများမှာ ရှေးအခါမှစ၍ ယနေ့ အထိ ကမ္ဘာအရပ်ရပ်၌ အမြောက်အမြားရှိ၏။ ရှေးဂရိလူမျိုးတို့ကမူ ဤအချက်နှင့် ပတ်သက်၍ နတ်ဘုရားများ၏ ချစ်ခြင်းကို ခံရသူသည် ငယ်ငယ်ရွယ်ရွယ်နှင့် သေတတ် သည်[၁]ဟု ဆိုစမှတ်ပြုကြ၏။ တစ်နည်းအားဖြင့်ဆိုသော် လောက၌ လူလိမ္မာ၊ လူကောင်း တို့သည် သက်ဆိုးမရှည်ဟု ပြောလေ့ရှိ၏။

အသက်ကြီးခြင်း၊ ငယ်ခြင်း၊ အကျင့်သီလကောင်းခြင်း၊ မကောင်းခြင်း စသည် တို့သည် လူတို့၏ ဝေါဟာရပညတ်များဖြစ်၍ သဘာဝတရားက ၎င်းတို့ကို အသိအမှတ် မပြုချေ။ သတ္တဝါတစ်ဦး သေဆုံးခြင်းသည် ထိုဝေါဟာရပညတ်များနှင့် လုံးဝ မသက်ဆိုင် သော အကြောင်းတရားများ၏ ပေါင်းဆုံမှုကြောင့်ဖြစ်၏။ ထိုအကြောင်းတရားများသည် များပြောင်ရှုပ်ထွေး၍ အများအားဖြင့် လူတို့က အစိုးမရချေ။ လူတစ်ဦးသည် မိမိ၏ ကျန်းမာရေးကို မည်မျှဂရုစိုက်စေကာမူ အသက်ကို ထိခိုက်စေမည့် မိမိအစိုးမရသော အခြားအကြောင်းတရားများ အင်အားကြီးမားနေပါက ဇရာအရွယ်မရောက်မီ တစ်နေ့နေ့ တွင် မလွဲမရှောင်သာ သေရမည်သာဖြစ်၏။

ဥပမာအားဖြင့် လေထဲသို့ အရာဝတ္ထုတစ်ခုကို ပစ်လွှတ်လိုက်သောအခါ မြေပြင်မှ အပေါ်သို့ စတင်တက်သွားစဉ်က အရှိန်အဟုန်၊ မြေပြင်နှင့် ၎င်းသွားသော လမ်းကြောင်း အကြားရှိထောင့်၊ လေ၏ခုခံအား၊ ကမ္ဘာ့ဆွဲအား အစရှိသည့် အကြောင်းတရားများက စုပေါင်းပြဋ္ဌာန်းထားသော အချိန်၊ နာရီနှင့် နေရာဋ္ဌာနတွင် ထိုဝတ္ထုသည် မြေကြီးပေါ်သို့ မလွဲမသွေ ကျရောက်ရမည်ဖြစ်၏။ ပစ်လွှတ်လိုက်သောပုဂ္ဂိုလ်မှာ မည်သူမည်ဝါ ဖြစ်ပါ လျက်၊ သို့မဟုတ် ဝတ္ထုမှာ အဖိုးတန်သော အရာဝတ္ထုဖြစ်ပါလျက် အလွန် တိုတောင်းသော အချိန်အတွင်း မြေပေါ်သို့ ကျရောက်ရပါမည်လော။ ၎င်း ကျရောက်လေသော နေရာမှာ လည်း မကောင်းသောနေရာ ဖြစ်ရပါမည်လော စသည်ဖြင့် ပြစ်တင်ညည်းညူနေပါက အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ထို့အတူ မည်သူမျှ အစိုးမရသော အကြောင်းများ ပေါင်းဆုံ၍ ဖြစ်ပွားသော လူသတ္တဝါတစ်ဦး သေဆုံးမှု၌ အသက်ကြီးခြင်း၊ ငယ်ခြင်း၊ အကျင့်သီလရှိခြင်း၊ မရှိခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစား၍ မကျေမနပ် ဖြစ်နေပါက ယထာဘူတ လမ်းမှန်ကျမည် မဟုတ်ချေ။

လူတို့သည် သေမင်းကို ရင်မဆိုင်ရဲသောအခါ အတ္တစွဲဖြင့် ဆင်ခြေပေးလေ့ ရှိကြ၏။ သေရမည်ကို ကြောက်သည်ဟု ဝန်မခံဘဲ မိမိတို့ကိုယ်ကို အခြားလူများ

---

၁။ "He whom the gods love dies young"



www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားအတွက် မရှိလျှင်မဖြစ်သော ပုဂ္ဂိုလ်များအဖြစ်ဖြင့် မြင်လာတတ်၏။ မိမိ မရှိလျှင် မဖြစ်၊ မိမိရှိမှ လုပ်ငန်းအောင်မြင်မည်ဆို၍ ပင်စင်သက်စေ့ပါလျက် ရာထူးကို ဖက်တွယ်ထားလိုသော အစိုးရဌာန အကြီးအကဲများနှင့် အသင်းအဖွဲ့များတွင် ရာသက်ပန် ဥက္ကဋ္ဌလုပ်လိုသော သူများကဲ့သို့ မဟုတ်မမှန် အကြောင်းပြ၍ သေမင်းကို ရှောင်ကွင်းလို ကြ၏။

အမှန်ဆိုသော် လောက၌ တိုင်းပြည်နိုင်ငံ၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် မရှိလျှင်မဖြစ်သော ပုဂ္ဂိုလ်ဟူ၍မရှိချေ။ အကြင်ပုဂ္ဂိုလ်တစ်ဦးသည် မည်မျှ စွမ်းဆောင် နိုင်သည်ဆိုစေ၊ ထိုပုဂ္ဂိုလ် ကွယ်လွန်သောအခါ သူ၏နေရာကို ဆက်ခံ၍ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည့် အခြား ပုဂ္ဂိုလ်တစ်ဦးဦး ပေါ်ထွက်လာစမြဲဖြစ်၏။ ပုဂ္ဂိုလ် ကျော်တစ်ဦး ကွယ်လွန်သောအခါ အစားထိုးမရသော ပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးရသလို၊ ပြောဆိုရေးသား၍ ဂုဏ်ပြုကြ၏။ သို့ရာတွင် များစွာသောနိုင်ငံတို့၌ ထိပ်တန်းခေါင်းဆောင် များ ကွယ်လွန်သောအခါ ထိခိုက်ပျက်စီးခြင်း မရှိချေ။ အိမ်ထောင်စုများတွင်လည်း အိမ်ထောင်ဦးစီးသောသူသည် မိမိ အသက်ထင်ရှားစဉ်က မိသားစုအား တာဝန်ခွဲဝေပေး မည်၊ ကိုယ့်အစွမ်းအစဖြင့် ရပ်တည်နိုင်အောင် ပြင်ဆင် လေ့ကျင့်ပေးမည်ဆိုပါက မိမိ ကွယ်လွန်သည့်နောက်၌ ကျန်ရစ်သူများ ကလီလင်တဖြစ်ရန် အကြောင်းမရှိချေ။

မိမိ၏ ရည်မှန်းချက်များ အောင်မြင်မှုသည် သေခါနီး စိတ်ငြိမ်းချမ်းရန်အတွက် အရေးပါသော အထောက်အကူဖြစ်သည် မှန်၏။ မြန်မာနိုင်ငံ၌ လူအများစုမှာ သားသမီး ရှင်ပြုခြင်း၊ အလှူပေးခြင်း၊ သီလဘာဝနာ ပွားများခြင်းစသော အောင်မြင်မှုများဖြင့် သေပျော်ကြ၏။ သို့ရာတွင် ရည်မှန်းချက် မြင့်မားနေပါက မိမိမသေမီ အောင်မြင်ပြီးဆုံး သည်အထိ လုပ်ကိုင်သွားနိုင်လိမ့်မည်ဟု စွဲမှတ်မထားသင့်ချေ။ ထိုသို့ အစွဲဥပါဒါန်ရှိနေ ပါက အလုပ်မပြီးမြောက်မီ သေမင်းကို မမျှော်လင့်ဘဲ ရင်ဆိုင်ရသောအခါ စိတ်ဆင်းရဲ ရပေလိမ့်မည်။

သိပ္ပံဆရာသည် မိမိ စူးစမ်းရှာဖွေသော လုပ်ငန်းမအောင်မြင်မီ သေမင်းကို ရင်မဆိုင်လိုချေ။ လူတို့သည် မိမိတို့၏ သားသမီးများ ကြီးပွားချမ်းသာသည်ကို မြင်ပြီးမှ ဘဝချုပ်ငြိမ်းလိုကြ၏။ သို့ရာတွင် မည်သူသည် အရေးပါသော လုပ်ငန်းတစ်ခုကို ဘဝ တစ်သက်တာ၌ အပြီးအပြတ် ဆုံးခန်းတိုင် လုပ်သွားနိုင်ပါမည်နည်း။ သိပ္ပံပညာ၏ အောင်မြင်တိုးတက်မှုသည် ပညာရှင်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောကြောင့် ဖြစ်၏။ လူသတ္တဝါတစ်ဦး၏ ကြီးပွားချမ်းသာမှုသည် မိဘများ၏ မေတ္တာ၊ စေတနာ၊ လုံ့လဝီရိယ စသည်ဖြင့် မပြီးဘဲ မိဘများ မရှိသည့်နောက် မိမိကိုယ်တိုင် ဆက်လက် အားထုတ်မှုအပေါ်၌ တည်ကြောင်း သတိပြုသင့်ပေ၏။

သေမင်းကို လူတို့ ရင်မဆိုင်ရဲခြင်း၏ နောက်ဆုံး အကြောင်းတရားကို ယခု စဉ်းစားရန်ရှိ၏။

ထိုအကြောင်းတရားမှာ သေပြီးသည့်နောက်၌ မည်သို့ဖြစ်မည်ကို မသိရမှုဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ ဤ မသိရှိမှုသည် သေခါနီး၌ စိတ်ငြိမ်းချမ်းမှုကိစ္စတွင် မည်မျှ အရေးပါသည်ကို သုတေသီဆရာတို့ စူးစမ်းလေ့လာခြင်း မပြုကြရသေးချေ။ ဘာသာရေး ယုံကြည်ချက်နှင့် ပတ်သက်သော လေ့လာတွေ့ရှိရချက်မှာမူ မှတ်သားဖွယ်ကောင်း၏။ ထိုလေ့လာခဲ့သော သုတေသီတစ်ဦး၏ အဆိုအားဖြင့် ဘာသာရေးယုံကြည်ချက်ရှိ၍ ထိုယုံကြည်ချက်နှင့်အညီ အမြဲကျင့်သုံးခဲ့သောသူသည် သေရမည်ကို မကြောက်။ ဘာသာရေးယုံကြည်ချက် လုံးဝ မရှိသောသူသည်လည်း သေခါနီး၌ စိတ်တုန်လှုပ်ခြင်း မရှိ။ ဘာသာရေးတရားကို စွဲမြဲစွာ ယုံကြည်၍ ယုံကြည်ချက်အတိုင်း မကျင့်ဘဲ မေ့မေ့လျော့လျော့ နေခဲ့သောသူမှာကား သေခါနီး၌ စိုးရိမ်ပူပန်ရတတ်ကြောင်း သိရ၏။

တမလွန်ဘဝ ရှိသည်ဟူသော ယုံကြည်မှုသည်လည်းကောင်း၊ တမလွန်ဘဝမရှိ၊ သေလျှင် ဘဝပြတ်သည်ဟူသော ယုံကြည်မှုသည်လည်းကောင်း၊ သေပြီးသည့်နောက် မည်သို့ဖြစ်သည်ဟု မစဉ်းစားဘဲ ကြောင့်ကြမဲ့နေမှုသည်လည်းကောင်း ဤယုံကြည် ခံယူချက်များသည် သတ္တဝါတစ်ဦး သေခါနီး၌ လွှမ်းမိုး ထင်သလောက် အရေးမပါလှ ချေ။ လူတို့သည် မိမိတို့၏ ခံယူချက်များအတွက် အထောက်အထားများ ပြကြစေကာမူ အများအားဖြင့်ကား ဆန္ဒစွဲဖြင့် ခံယူထားကြသည်က များ၏။ စင်စစ် ဤစာအုပ်၌ တမလွန်ဘဝ ပြဿနာအတွက် နှစ်ဖက်စလုံးမှ ထောက်ပြရန် အချက်များရှိကြောင်း ထင်ရှား၏။ သို့ရာတွင် များစွာသော လူတို့အဖို့ ထိုအချက်များသည် အကြောင်းမဟုတ်။ အလိုဆန္ဒနှင့် စိတ်ဓာတ်စရိုက်သည်သာ ပဓာနဖြစ်၏။ တမလွန်ဘဝနှင့် ပတ်သက်သော ယုံကြည်ချက်သည် မှားသည်မှန်သည် အပထား၍ မိမိ၏အလိုဆန္ဒ၊ စိတ်ဓာတ်စရိုက်နှင့် ကိုက်ညီပါက သေခါနီး၌ မည်သို့မျှ အနှောင့်အယှက် ဖြစ်မည်မဟုတ်ချေ။

တမလွန်ဘဝကို ခံယူထားသော အချို့ဗုဒ္ဓဘာသာဝင်များသည် သေခါနီး၌ မိမိတို့ ရေးကပြုခဲ့သော ကောင်းမှုများကို သတိရ၍ ကောင်းရာသုဂတိသို့ ရောက်မည်ဟူသော ယုံကြည်ချက်ဖြင့် ချမ်းသာစွာ သေကြရမည်ဖြစ်၏။ အချို့လူတို့သည် ဘာသာတရား အလွန်ကြည်ညိုသောသူများ မဟုတ်သော်လည်း တမလွန်ဘဝကို ယုံကြည်၍ သေရမည်ကို မကြောက်ကြချေ။ အမေရိကန်သိပ္ပံပညာရှင် ဘင်ဂျမင်ဖရင့်ကလင်[၁]သည် မိမိသေသော အခါ ပိုမိုကောင်းမွန်သောဘဝသို့ ရောက်ရှိမည်ဖြစ်ကြောင်း ကြိုတင်ရေးသားခဲ့၏။

အင်္ဂလိပ်ဒဿနိကဆရာ ဒေးဗစ်ဟျုမ်(မ်)[၂]သည်ကား တမလွန်ဘဝကို လက်မခံ သော်လည်း သေရမည်ကို မကြောက်ဘဲ သူ သေခါနီး၌ သူ့အား ငရဲမင်း၏တမန်က လာ၍ ခေါ်ပုံကို မိတ်ဆွေတစ်ဦးထံ ရယ်စရာစာတစ်စောင် ရေးသားခဲ့၏။ သိပ္ပံပညာကျော် အိုင်းစတိုင်း[၃]သည်လည်း တမလွန်ဘဝကိုပယ်၍ သေရမည်ကို ကြောက်ဟန်မတူချေ။

---

၁။ Benjamin Franklin
၂။ David Hume
၃။ Einstein



www.burmeseclassic.com

www.burmeseclassic.com



"သေပြီးသည့်နောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုခြင်းကို ကျွန်ုပ်နားမလည်ပါ။ ထိုသို့ဖြစ်မှုကို ကျွန်ုပ် မလိုလားပါ။ ထိုသို့ ဖြစ်လိုသောဆန္ဒရှိခြင်းမှာ ပျော့ညံ့သောလူတို့၏ အတ္တစွဲနှင့် ကြောက်စိတ်ကြောင့်ဖြစ်ပါသည်"ဟု အိုင်စတိုင်းက ဆိုလေသည်။

သေပြီးနောက် ဘဝသစ်ဖြစ်မဖြစ် ပြဿနာကို လုံးဝမစဉ်းစားဘဲ တမလွန်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုခံယူကာ သေမင်းကို ရဲဝံ့စွာ ရင်ဆိုင်သွားသော ကမ္ဘာ့သမိုင်းဝင် ပုဂ္ဂိုလ်ကျော်ကား ရှေး ဂရိဒဿနိကပညာရှင် ဆော့ကရေးတီး[၁] ဖြစ်၏။ ဆော့ကရေးတီးသည် လူငယ်များ၏စိတ်ဓာတ်ကို ဖျက်ဆီးသည်ဟု စွပ်စွဲခံရ၍ သေဒဏ်ပေးခြင်းခံရ၏။ သူသည် တရားသူကြီးများအား အသနား ခံလျှင်သော်လည်းကောင်း၊ အသိမိတ်ဆွေများ၏ အကူအညီဖြင့် ထွက်ပြေးလျှင်သော်လည်း ကောင်း သေဘေးမှ လွတ်မြောက်နိုင်သော်လည်း မိမိအသက်ကို ပမာမထားဘဲ မိမိ ယုံကြည်ချက်အတွက် ရဲဝံ့စွာ အသက်စွန့်လွှတ်သွား၏။ တရားသူကြီးများအား သူပြော ခဲ့သော စကားများမှာ စိတ်ဝင်စားဖွယ်ကောင်း၏။

"ယခု ကျွန်ုပ်သည် သင်တို့နှင့် ခွဲခွာ၍ သွားရပေတော့မည်။ ကျွန်ုပ်မှာ သေရမည် ဖြစ်၍ သင်တို့မှာ အသက်ရှင်၍ နေရပေဦးမည်။ မည်သည့်ဘဝမျိုးက ပိုကောင်းသည်ကို ဘုရားသခင်သာ သိပေလိမ့်မည်။ တစ်နည်း စဉ်းစားကြည့်လျှင် သေခြင်းသည် ကောင်း သည်ဟု ကျွန်ုပ်တို့ မျှော်လင့်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် လူသေလျှင် ဘဝပြတ်၍ ခံစားမှု လုံးဝချုပ်ငြိမ်းခြင်းသော်လည်း ဖြစ်ရမည်၊ သို့မဟုတ် လူအများ ယုံကြည်သည့် အတိုင်း ဘဝကူးပြောင်းခြင်းသော်လည်း ဖြစ်ရပေမည်။ သေလျှင်ဘဝပြတ်၍ ခံစားမှု လုံးဝချုပ်ငြိမ်းသည်ဆိုပါက သေခြင်းသည် အိပ်မက် တစ်စုံတစ်ရာမမက်ဘဲ နှစ်ခြိုက်စွာ အိပ်စက်ရခြင်းမျိုးဖြစ်၍ ကျွန်ုပ်အဖို့ အံ့ဩဖွယ်ရာ ဆုလာဘ်ကြီးဖြစ်ပါသည်။ သာမန်လူတို့ မဆိုထားဘိ၊ ပါးရှားဘုရင်ကြီးသည်ပင် တစ်ခါတစ်ရံမှသာ ညအခါ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ရပေရာ ထိုအိပ်စက်ခြင်းမျိုး ဖြစ်သည်ဆိုပါက သေခြင်းမှာ ကျွန်ုပ်အဖို့ ချမ်းသာ သုခဖြစ်ပါသည်။ သေခြင်းသည် ဘဝကူးပြောင်းမှုဖြစ်၍ သေသောသူအားလုံး ဘဝသစ် တစ်ဖန်ဖြစ်သည်ဆိုလျှင် ကွယ်လွန်သောပညာရှိများကို တမလွန်လောက၌ တွေ့ဆုံရမည် ဖြစ်သဖြင့် ကျွန်ုပ် ဝမ်းသာမိပါသည်"

သေပြီးနောက် မိမိ မည်သို့ဖြစ်မည်နည်းဟူသော မေးခွန်းထက် ပိုမိုအရေးကြီး၍ သေခါနီးလူတို့ အထူးနှလုံးသွင်းသင့်သော တရားများမှာ လူ့ဘဝ၏ မမြဲမှု၊ ဆင်းရဲမှုနှင့် အစိုးမရမှု သဘောတရားများ ဖြစ်၏။ ထိုတရားများကို လေးလေးနက်နက် နှလုံးသွင်းပါက

---

၁။ Socrates

၂။ W Somerest Maugham "A Writer's Note-book" p-322
မကောင်းမှုအတွက် အလွန်အမင်း စိုးရိမ်ပူပန်မှုမဖြစ်ရန် ဗုဒ္ဓကလည်း ဟောကြားထား၏။ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" (၃) စာ–၁၆။



www.burmeseclassic.com

www.burmeseclassic.com



သေခါနီး၌ ကြုံတွေ့ရတတ်သော မိမိဘဝကို နာကြည်းမှု၊ ဒေါသထွက်မှု၊ စိုးရိမ်ပူပန်မှု အစရှိသည့် စေတသိက ဒုက္ခများကို အထိုက်အလျောက် ရှောင်ကွင်းနိုင်မည် အမှန် ဖြစ်၏။

အနိစ္စတရားကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ပါက သေခါနီး၌ ကြုံတွေ့ရမည့် ကာယိကဒုက္ခကို များစွာကြောက်ရွံ့နေရန် မလိုချေ။ အနိစ္စတရားအရ ဆင်းရဲဒုက္ခသည်လည်း ချမ်းသာသုခကဲ့သို့ပင် မမြဲသောသဘောရှိခြင်း (ဝါ) နောက်ဆုံး၌ ချုပ်ငြိမ်းရမည်ဖြစ်ခြင်းကို သတိပြု၍ စိတ်သက်သာမှု ရရှိနိုင်၏။ အစိုးမရမှု အနတ္တ တရားကို ဆင်ခြင်သုံးသပ်သော ပုဂ္ဂိုလ်သည် သေခါနီး၌ မိမိ၏ မိသားစုအတွက် စိုးရိမ် ကြောင့်ကြမှု၊ မိမိဘဝကံကြမ္မာကို မကျေမနပ်ဖြစ်မှုနှင့် မိမိပြုခဲ့သော မကောင်းမှုအတွက် ကြီးစွာနောင်တရ၍ ပူပန်မှုများစွာ ဖြစ်မည်မဟုတ်ချေ။

မိမိပြုခဲ့သော ဖြစ်မှု၊ သို့မဟုတ် အမှားတစ်ခုခုအတွက် ကြီးစွာနောင်တရရှိမှု (သံသယကုက္ကုစ္စ)သည် လူ အတော်များများအား သေခါနီး၌ စိတ်နှလုံး ပူပန်စေတတ်၏။ ဤနေရာ၌ နာမည်ကျော် ဗြိတိသျှစာရေးဆရာ ဆမ္မားဆက်မွန်၏ ရေးသားချက်မှာ မှတ်သားဖွယ်ကောင်း၏။

---

၁။ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" (ပ) အခန်း–၅၊ (တ) အခန်း–၇၊ ၁၉။
အောက်ပါမှာ တစ်ခါက အနောက်နိုင်ငံများ၌ အထူးကျော်ကြား၍ စာဖတ်ပရိသတ်၏စိတ်ကို များစွာဆွဲဆောင်ခဲ့သော ဆာအက်ဒဝင်အာနိုး၏ ဗုဒ္ဓဝင်ကဗျာဝတ္ထုမှ ဒုက္ခသစ္စာအကြောင်း ရေးသား ထားချက် ဖြစ်၏။

"We are the voices of the wandering wind, which moan for rest and rest can never find., Lo! As the wind is, so is mortal life; A moan, a sigh, a sob, a storm, a strife"

Sir Edwin Arnold, "The Light of Asia"

ဤကမ္ဘာမြေ၊ လှည့်ပတ်နေသည်
လေအလျဉ်သည်၊ ညည်းညည်းစီကာ
အော်မြည်ညည်းတွား၊ နေသည်လားသို့
နားခိုဖို့ရာ၊ တမ်းတပါလည်း
နားရာမတွေ့၊ ထရွေ့ရွေ့။
ရှုကြည့်ပါလော
ရှည်ကြာမြော့ရ၊ လူ့ဘဝသည်
သောကဝေဝေ၊ နားရာဖွေသည်
လေနှင့်သာပင်၊ တူရတော့သည်။
မှန်တိုင်းကတိုက်၊ ရိုက်ခတ်လိုက်နှင့်
ရှိုက်ရငိုရ၊ သက်ပြင်းချကာ
ဘဝဟူသည် ဤသို့တကား။

မုံရွာဝင်းဖေ ပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



*"ကျွန်ုပ်၏ စိတ်အာရုံများသည် တစ်ခါတစ်ရံ ယော်ရွယ်စဉ်က အဖြစ်အပျက်များဆီသို့ ရောက်ရှိသွားပါသည်။ ကျွန်ုပ်သည် မပြုသင့်သော အမှုအမျိုးမျိုးကို ပြုခဲ့မိပါသည်။ သို့ရာတွင် ၎င်းတို့ကို သတိရခြင်းဖြင့် ကျွန်ုပ် စိတ်အနှောင့်အယှက် မဖြစ်စေရန် ကြိုးစားပါသည်။ ၎င်းတို့ကို ပြုခဲ့သောသူမှာ ယခု ငါမဟုတ်။ ထိုစဉ်က အခြားတစ်ပါး ငါဖြစ်သည်ဟူ၍ ခံယူထားပါသည်။ ကျွန်ုပ်ကြောင့် အချို့လူများ အကျိုးစီးပွား ထိခိုက်ခဲ့ပါသည်။ သို့ရာတွင် ထိုသူများအပေါ်၌ ပြုခဲ့သောအမှားကို မပြင်နိုင်သဖြင့် အခြားလူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြင့် ထိုအမှားများအတွက် လျော်ကြေးပေးဆပ်ခဲ့ပါသည်"*

ဘဝတဏှာကိုပယ်၍ သေမင်းကို ရဲဝံ့စွာ ရင်ဆိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့ အထူးနှလုံးသွင်းသင့်သောတရားမှာ ဒုက္ခသစ္စာဖြစ်၏။ ဒုက္ခသစ္စာကိုသိမြင်ရန် အားထုတ်ရာ၌ ဘာသာတရားကို စိတ်မဝင်စားသော ပုဂ္ဂိုလ်သည် ဘာသာရေးစာပေကို ဖတ်ရှုလေ့လာနေရန် မလိုချေ။ မိမိ ဘဝအတွေ့အကြုံ၊ ပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်ဝန်းလုံး၌ လူတို့ ဖြစ်ပျက်ခံစားနေရပုံများကို ဆင်ခြင်သုံးသပ်ပါက၊ သို့တည်းမဟုတ် ကမ္ဘာ့တွေးခေါ်ရှင်၊ အသိပညာရှင်တို့၏ စာပေကိုလေ့လာပါက ဤလူ့ဘုံသည် ဒုက္ခဘုံဖြစ်ကြောင်း သိမြင်လာမည် ဖြစ်၏။[၃]

လူ့ဘဝ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားများကို ဆင်ခြင်သုံးသပ်မှုသည် သေခါနီး၌ စိတ်တည်ငြိမ်မှုကို အကျိုးပြုစေရန်အတွက် ကျန်းမာနေစဉ် စောစောစီးစီးက လေ့ကျင့်ပေးရန် လိုပေလိမ့်မည်။ ရှေးက အလေ့အကျင့်မရှိခဲ့ဘဲ ဒေါမနဿစိတ်အမျိုးမျိုး လွှမ်းမိုးနေသော သေခါနီးအချိန်ကာလ၌ ထိုတရားများကို ဆင်ခြင်သုံးသပ်ရန်၊ သို့မဟုတ် အခြားလူများက ထိထိရောက်ရောက် ဟောပြောရန် မလွယ်ကူချေ။

တရားဆင်ခြင် သုံးသပ်ရုံနှင့် ကိစ္စမပြီးဘဲ သိမြင်နားလည်သည်နှင့်အမျှ ကျင့်ကြံအားထုတ်ရန်လည်း လိုပေသေး၏။ သိမြင်မှုထက် ကျင့်သုံးမှုက ပိုမိုအရေးကြီးကြောင်း အထူး ရေးသားရန်မလိုချေ။ ကျန်းကျန်းမာမာ ရှိစဉ်ကပင် ကာမဂုဏ်ချမ်းသာနှင့် ပစ္စည်းဥစ္စာကို တပ်မက်မှု၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများအပေါ် သံယောဇဉ်အားကြီးမှု၊ ငါစွဲအတ္တဖြင့် မိမိကိုယ်ကို အထင်ကြီးမှုနှင့် နောင်တမလွန်ဘဝနှင့် ပတ်သက်၍ အစွဲဉပါဒါန်ရှိမှုများကို နည်းပါးအောင် ကျင့်ကြံအားထုတ်ရပေမည်။ ထိုသို့ ရှေးမဆွက ကျင့်ကြံအားထုတ်ထားပါက ဘဝချုပ်ငြိမ်းခါနီး၌ များစွာမတုန်လှုပ်ဘဲ သေခြင်းတရားကို သတိပညာဖြင့် ရဲဝံ့စွာ ရင်ဆိုင်နိုင်ပေလိမ့်မည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၅။ သေအောင် ကြောက်သူများအတွက် ဆေးတစ်ခွက်

ကမ္ဘာကျော် သိပ္ပံပညာရှင် အင်္ဂလိပ်စာရေးဆရာကြီး ဆာဖရန်စစ်ဘေကွန်[၁] က "ကလေးများသည် မှောင်ထဲသွားရာမှာ ကြောက်သလို၊ လူကြီးတို့သည်လည်း သေရမှာကို ကြောက်ကုန်၏"ဟု ဆို၏။ ဤစကားသည် အလွန်မှန်၏။

လူတို့သည် မည်သည့်အကြောင်းများကြောင့် သေရမည်ကို ကြောက်ရွံ့ကြပါသနည်းဟု လေ့လာစုံစမ်းရာ၌ အဓိက အဖြေသုံးချက် ပေါ်ထွက်လာပေသည်။

ပထမအချက်မှာ သေခါနီး လူတို့၏ ဝေဒနာခံစားမှုကို မိမိတို့ကိုယ်တိုင် မကြုံဖူး၊ မခံစားဖူး၍ စိုးရိမ်ကြောက်လန့်ခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ သေသည်၏အခြားမဲ့၌ မိမိတို့ရောက်ရှိမည့် တမလွန်ဘဝကို ကြိုတင် မသိမမြင်နိုင်မှုကြောင့် ထိတ်လန့်ကြောင့်ကြခြင်း ဖြစ်သည်။ တတိယအချက်မှာကား မိမိတို့ ကွယ်လွန်သေဆုံးသော ကာလ၌ ကျန်ရစ်ကုန်သော မိဘသားချင်း သားသမီး၊ ခင်ပွန်းတို့ မည်သို့မည်ပုံ ဖြစ်ပျက်နေထိုင်မည်ကို မတွေးတော မတွက်ချက်၊ မမျှော်လင့်နိုင်သောကြောင့် ပူပန်သောက စိုးရိမ်ကြောက်လန့်ခြင်းပင် ဖြစ်သည်။ "အနာသိလျှင် ဆေးရှိသည်"ဟူသော ဆိုရိုးစကားရှိသည့်အတိုင်း အနာသိပြီးဖြစ်၍ ဆေးရှာရန်သာ လိုအပ်တော့သည်။

ပထမ အဓိကအချက်၌ ဤစာအုပ်၌ ဖော်ပြခဲ့သည့်အတိုင်း ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိသူများနှင့် အသည်းအသန် ရောဂါဝေဒနာ ဖိစီးနေသူများသည် သေခါနီး အခြေအနေသို့ ရောက်ရှိသော အချိန်အခါ၌လည်းကောင်း၊ အတော်ကြာမြင့်စွာ သတိလစ်မေ့မြောနေခဲ့ပြီး သေရွာမှ ပြန်လာကြသောအခါ၌လည်းကောင်း နောက်ဆုံး အသက်ထွက်ခါနီး ဝေဒနာသည် အများထင်သလို စိုးရိမ်ကြောက်ရွံ့သလို မဆိုးရွားကြောင်းကို သိပ္ပံပညာရှင်များက စနစ်တကျ လက်တွေ့လေ့လာ စုံစမ်းမေးမြန်း၍ ပြုစုထားသော သုတေသနစာစောင်များစွာမှ သိရှိနိုင်ပါသည်။ ယင်းပညာရှင်တို့သည် အမေရိကန် ခရစ်ယာန် တိုင်းပြည်တွင်သာလျှင်မဟုတ်၊ လူမျိုးမတူ၊ ဘာသာမတူ၊ ယဉ်ကျေးမှုကွဲပြားခြားနားသော ဟိန္ဒူ အိန္ဒိယပြည်၌လည်း အဆိုပါ သေခါနီး ဝေဒနာအတွေ့အကြုံတို့သည်

---

[၁] Sir Francis Bacon



www.burmeseclassic.com

www.burmeseclassic.com



အတော်အတန် အများအပြား တူညီနေကြောင်းကို တွေ့ရှိရသဖြင့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌လည်း တစ်မျိုးတစ်မည် တစ်နည်းတစ်ဖုံ ကွဲပြားခြားနားလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍ သေခြင်းတရားသည် ကြောက်စရာ၊ လန့်စရာ မဟုတ်ကြောင်း ယုံကြည်သိမှတ်သင့်ပေသည်။

ဒုတိယအဓိကအချက်၌ သေသည်၏အခြားမဲ့၌ ရောက်ရှိမည့် တမလွန်ဘဝကို ကြိုတင်မျှော်မှန်း စိုးရိမ်ကြောက်လန့်ခြင်းသည် အချည်းနှီးပင်ဖြစ်သည်။ ကံ(အလုပ်)၏ အကြောင်းအကျိုး နိယာမတရားသည် ဤကာလကို အုပ်စိုးဖုံးလွှမ်းနေကြောင်းကို ရုပ်ဝါဒီ သိပ္ပံပညာရှင်တို့ပင်လျှင် လက်ခံယုံကြည်ကြသည်။ မကောင်းမှုများကို ကြံစည်ပြောဆို ပြုလုပ်သူတို့သည် တစ်နေ့ တစ်ကြိမ်တစ်ခါတွင် မကောင်းကျိုးများကို ခံစားရရှိကြောင်းနှင့် ကောင်းမှုများကို ကြံစည်ပြောဆို ပြုလုပ်သူတို့သည် နောက်အခါများ၌ ကောင်းကျိုးများကို ခံစားရကြောင်း၊ ဤလူ့ဘဝတွင်ပင် လက်တွေ့ဖြစ်ရပ်များက မှန်ကန်ကြောင်း သက်သေခံကြသည်။ ထိုနည်းအတူ အဆိုပါ ကံ အကြောင်းအကျိုးတရားသည် ဤဘဝကိုကျော်လွန်၍ နောင်တမလွန်ဘဝကိုလည်း လွှမ်းမိုးအုပ်စိုး ပြုပြင်ထိန်းသိမ်းသည်ဟူ၍ ယုံကြည်ပါက ပစ္စုပ္ပန်မျက်မှောက်ကာလတွင် ကြံစည်၊ ပြောဆို၊ ပြုလုပ်သမျှ ကိစ္စအဝဝတို့သည် တမလွန်ဘဝတွင် ကုသိုလ်၊ အကုသိုလ်အလိုက် အကျိုးပေးလိမ့်မည်ကိုလည်း စွဲစွဲမြဲမြဲ လက်ခံသင့်ပေသည်။ ကမ္ဘာ့ဘာသာတရားကြီး အားလုံးတို့ကလည်း ဤဝါဒကို အနည်းနှင့်အများ သွန်သင်ပြသ ဆုံးမကြပါသည်။ သို့ဖြစ်ပါ၍ နေ့စဉ်နေ့တိုင်း အမြဲတစေ ဖော်ပြပါ ကံသုံးပါးကို သတိ၊ ဝီရိယထား၍ အစစအရာရာ၌ စောင့်ရှောက်ထိန်းသိမ်း ဆောင်ရွက်ပါက နောင်တလွန်ဘဝအတွက် စိုးရိမ်ကြောက်ရွံ့စရာ အကြောင်းမရှိတော့ပေ။

တတိယ အဓိကအချက်၌ မိမိတို့ ကွယ်လွန်သေဆုံးပြီးသည့် နောက်ပိုင်းတွင် ကျန်ရစ်ခဲ့မည့် ဆွေမျိုးသားချင်းများအတွက် စိုးရိမ်ကြောင့်ကြ ပူပင်သောက၊ ထိတ်လန့်တုန်လှုပ်ခြင်းသည် သဘာဝ၏ဖြစ်စဉ် လောကဓမ္မကို သတိမမူဘဲ မေ့လျော့နေခြင်းကြောင့်ပင်ဖြစ်သည်။ လူတိုင်းလူတိုင်း မိမိတို့ မှတ်မိသော အသက်အရွယ်ကစ၍ ယခုအချိန်အခါအထိ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေးများမှအစ အခြား အရေးကြီးကိစ္စအဝဝတို့တွင် မည်သည့်အကြိမ်အခါကမျှ မိမိတို့ ကြံစည်အားထုတ် ဆောင်ရွက်ခဲ့သလောက် မဖြစ်မြောက် မပေါက်ရောက်သည်ကို ဝန်ခံကြရပေမည်။ ယင်းကဲ့သို့ မိမိ၏ စိတ်နှင့်ကိုယ် အစွဲပြု၍ ပေါ်ပေါက်လာသော ကိစ္စရပ်များနှင့် အခြေအနေများ၌ပင် စိတ်တိုင်းကျ အောင်မြင်စွာ မဆောင်ရွက်နိုင်ပါက အခြားသူတို့၏ စိတ်နှင့်ကိုယ်ကို စွဲမှီ၍ ပေါ်ပေါက်လာသော ကိစ္စရပ်များ၌ မိမိက မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါအံ့နည်း။ ဤလောကတွင် မည်သည့်ပစ္စည်းဥစ္စာ ဖြစ်ရပ်များကိုမဆို မည်သူတစ်ဦးတစ်ယောက်ကမျှ မပိုင်ကြောင်း၊ မဆိုင်ကြောင်းနှင့် မိမိစိတ်တိုင်းကျ မဖန်တီးနိုင်ကြောင်း အမြဲတစေ ယုံကြည်သတိရအပ်ပေသည်။ ကမ္ဘာ့ဘာသာတရားကြီးများကလည်း ဤနိယာမတရားကို "အနတ္တလက္ခဏာ"ဟူ၍လည်းကောင်း၊ "ဘုရားသခင်၏အလိုတော်အရ"ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ "အတ်မန်အတုဏ် လှည့်စားမှု"ဟူ၍လည်းကောင်း၊ "အလ္လာရှင်မြတ်၏ အမိန့်တော်အရ"ဟူ၍လည်းကောင်း သွန်သင်ပြသ ဆုံးမကြပေသည်။ သို့ဖြစ်၍ မိမိတို့ ကွယ်လွန် သေပြီးသည့်နောက်ပိုင်း၌ ကျန်ရစ်မည့်သူများ၏ မဖြစ်သေးသော ကိစ္စများ၊ ပြဿနာများအတွက် ပူပင်သောက ဖြစ်နေမည့်အစား မိမိတို့နှင့် အသက်ရှင်နေစဉ် အခါတွင်းကပင်လျှင် သက်ဆိုင်သူများအတွက် ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး အဘက်ဘက်သို့တွင် ပြည့်စုံစိတ်ချနိုင်လောက်အောင် ကြိုးစား၍ ပဲ့ပြင်ဆုံးမ၊ ပြုပြင် စောင့်ရှောက်၊ ပေးကမ်းစွန့်ကြဲ၊ ထူထောင်ပေးထားခဲ့သင့်ပေသည်။ ဤလောကဝတ္တရားများကို ဆောင်ရွက်ပြီးစီးသောအခါ ကျန်ရစ်မည့်သူများအပေါ် သံယောဇဉ်နည်းပါးလာပြီး သေဘေးကို ပိုမိုရဲရင့်စွာ ရင်ဆိုင်နိုင်လာမည် ဖြစ်သည်။

သို့ရာတွင် အထက်ဖော်ပြပါ ယုံကြည်ချက်များဖြင့်သာလျှင် သေဘေးကို ကြောက်လန့်သည့် စိတ်ရောဂါကို မပျောက်ကင်းစေနိုင်သေးပါ။ နေ့စဉ်နေ့တိုင်း အမြဲတစေ သတိထား၍ ကံသုံးပါးဖြင့် ပြုလုပ်ဆောင်ရွက်ရမည့် ကျင့်ဝတ်များ ရှိသေးသည်။ ယင်းကျင့်ဝတ်တို့သည် ထိုကြောက်စိတ်ကို အမြဲတစေ ပုန်ကန်တွန်းလှန် ဖြိုဖျက်နေသောကြောင့် ရက်၊ လပေါင်းများစွာ ဆက်လက်လေ့ကျင့်ပြီးဖြစ်ပါက မိမိတို့၏ ဓလေ့စရိုက်ဖြစ်လာပြီး သေခါနီး အချိန်အခါများတွင် စိတ်ချမ်းသာမှုအတွက် အထောက်အကူများစွာ ပေးမည်မှာ အမှန်ဖြစ်သည်။

စင်စစ်အားဖြင့် သေဘေးကို ကြောက်လန့်သောသူများသာလျှင် မဟုတ်၊ လူတိုင်းပင် အမြဲတစေ ရှုမှတ်လေ့ကျင့်သင့်သည့် တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဖြစ်သမျှကိစ္စရပ်များသည် တစ်နေ့ပျက်ရမည်။ သေခြင်းတရားကို မည်သူ တစ်ဦးတစ်ယောက်မျှ မလွန်ဆန်နိုင်ကြပေ။ သို့ဖြစ်၍ ငါလည်း သေရမည်။ သို့ရာတွင် အသက်ရှင်စဉ် အချိန်အခါ၌ အကျိုးရှိမည်၊ အသုံးကျမည်၊ ကောင်းမွန်သည့် အကြောင်းကိစ္စရပ်များကို ငါ အစွမ်းကုန် ကြိုးစားဆောင်ရွက်မည်။ သေခြင်းသည် အထူးအဆန်း မဟုတ်။ စိုးရိမ်စရာမဟုတ်။ ကြောက်လန့်စရာမဟုတ်။"

"ငါသည် ဤလောကတွင် မည်သည့်ပစ္စည်း၊ မည်သည့်ကိစ္စ၊ မည်သူ့ကိုမျှ အမြဲတစေ မပိုင်၊ မဆိုင်၊ မနိုင်ပါ။ အခွင့်အခါရစဉ် ခေတ္တခဏမျှသာလျှင် ပိုင်ဆိုင် ထိန်းသိမ်း၊ အုပ်စိုး အသုံးပြုခွင့်ရှိသည်။ သို့ဖြစ်၍ ငါ ဆန္ဒ၊ ငါ၏ဩဇာ၊ ငါ၏ကိစ္စ၊ ငါ၏ပစ္စည်းဉစ္စာတို့သည် အချည်းနှီးပင် ဖြစ်သည်။ ယင်းတို့အပေါ်၌ ငါ၏သံယောဇဉ် တွယ်မှု မရှိခဲ့လျှင် ငါ့မှာ ကြောက်စရာ၊ စိုးရိမ်စရာများ ပျောက်ကွယ်သွားမည်။"

"လူတိုင်း၊ ကိစ္စတိုင်း၊ ဖြစ်ရပ်တိုင်းတို့တွင် ယခင်က ပြုခဲ့သော အကြောင်းတရားပေါ်တို့တွင်တည်၍ အကျိုးကျေးဇူးများ ဖြစ်ကြသည်။ အသင့်အတင့်၊ အထိုက်အလျောက်သာလျှင် ငါတို့ ပြုပြင်ထိန်းသိမ်း၍ရသည်။ သို့ဖြစ်၍ ယခင်က ပြုခဲ့ပြီးသော ကိစ္စများကို ယခုအခါကျမှ ပြုပြင်၍ မရတော့ကြောင်းကို သိပါလျက် အကြောင်းမတန် စိတ်စွဲလမ်းနေခြင်းသည် ငါ၏ စိုးရိမ်စိတ်၊ ကြောက်စိတ်ကို အားပေးနေခြင်းသာ ဖြစ်သည်။ ငါ



www.burmeseclassic.com

www.burmeseclassic.com



မသေခင်အချိန်၊ အခွင့်အခါနေစဉ် ပြောစရာ၊ ပေးစရာ၊ လှူစရာ၊ ပြုပြင်စရာ၊ ဆောင်ရွက်စရာတွေ တတ်နိုင်သလောက် ပြီးစီးအောင် စီစဉ်ရမည်။ ငါ၏စွဲလမ်းမှု ပျောက်ကင်းလျှင် စိုးရိမ်မှုလည်း ကုန်သွားမည်။ ကြောက်စိတ်လည်း ပျောက်ကွယ်သွားမည်။"

"ရောဂါကင်း၍ အသက်ရှည်ခြင်းကို ကောင်းစွာသိသော အချို့ဆရာဝန်ကြီးများနှင့် ဆေးဆရာ၊ သမားတော်ကြီးများတို့သည်လည်း သက်တမ်းမပြည့်မီ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြသေးသည်။ လူမမည် မွေးခါစ အရွယ်မှစ၍ အသက် ၁၀၊ ၂၀၊ ၃၀ အစရှိသည်ဖြင့် ကျားမ မရွေး သေဆုံးကြသူများနှင့် နှိုင်းစာလျှင် ငါသည် အလွန်ပင် ကံကောင်း၏။ နှစ်ပေါင်းများစွာ အမြတ်အစွန်း ရခဲ့သည်။ နောက်တစ်ရက်၊ နောက်တစ်လ၊ နောက်တစ်နှစ်အတွက် ငါမစဉ်းစား၊ မကြံစည်၊ မတွက်ချက်တော့ပြီ။ ငါသည် ပစ္စုပ္ပန်တည့်တည့် ကြည့်၍သာနေတော့မည်။ ယနေ့နံနက်မှ ညနေဝင် မိုးချုပ်သည်အထိ ငါသည် လောဘ္ဓီ လောကုတ္တရာ ကိစ္စများကို ကြိုးစားဆောင်ရွက်မည်။ ဆင်းရဲသူများကို မစမည်။ မကျန်းမာသူများကို ပြုစုမည်။ အားနည်းသူများကို ကူညီမည်။ အခြားသူများ၏ ကိုယ်စိတ်နှစ်ဖြာ သက်သာမှုအတွက် လုပ်ကိုင်မည်။ ဤ ပရဟိတ ကုသိုလ်ကောင်းမှုတို့သည် နောင်အခါ၊ နောင်ဘဝများ၌ တူညီသော အကျိုးပေးလိမ့်မည်ဟု ငါ ယုံကြည်သည်။ ငါသည် ဘဝကူးကောင်းမည်ဖြစ်၍ သေရမည်ကို စိုးရိမ်စရာ၊ ကြောက်စရာ အကြောင်းမရှိချေ။"

"ငါ ရှိသေလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်နေသော ဘာသာတရားသည် ငါ့အား ကောင်းသော ဘုံဘဝအခြေအနေများကို ရောက်ရှိစေရန် ဆုံးမပဲ့ပြင် သွန်သင်ပြသနေကြောင်းကို ငါ အကြွင်းမဲ့ ယုံကြည်ကိုးစားသည်။ သို့ဖြစ်၍ ထို တရားတော်၊ ဓမ္မလမ်းစဉ်များကို ငါ လိုက်နာဆောင်ရွက်ပါက ငါ၏ တမလွန်ဘဝအတွက် စိုးရိမ်စရာ မရှိပြီ။ ကြောက်စရာ မရှိပြီ။ သေခြင်းတရားကို ငါ ရင်ဆိုင်ရဲပြီ"

ဤအခန်းကို ဖြည့်စွက်ရေးသားရခြင်းမှာ ကျွန်တော်များ၏ စာဖတ်ပရိသတ်များနှင့် မိတ်ဆွေအချို့တို့က "ခင်ဗျားတို့ သေခါနီး၊ သေရွာပြန်နှင့် သေပြီးနောက် ဘဝအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ ရေးတာကတော့ ဟုတ်ပြီ။ မသေခင်မှာ သေရမှာ ကြောက်တဲ့လူတွေအတွက်ကော ခင်ဗျားတို့က အကြံဉာဏ်များ မပေးနိုင်ဘူးလား" ဟူ၍ မေးကြသည်။ ကျွန်တော်တို့က "အနေတတ်ရင် အသေတတ်တာပေါ့ဗျာ"ဟု တိုတိုတုတ်တုတ်ဖြင့် ပြန်ဖြေလိုက်သည်။ "ဆက်လက်ရှင်းပါဦး"ဟူ၍ တောင်းပန်သဖြင့် ကျွန်တော်များကိုယ်တိုင် ယုံကြည်အားထားသော အယူအဆများနှင့် လက်တွေ့ကျင့်ကြံအားထုတ်မှုများကို ဖော်ပြရပါသည်။ ကျွန်တော်များ၏ ကိုယ်ပိုင်ပြဿနာကို ကိုယ်တိုင်ဖြေရှင်းချက်သည် အခြားသူတို့အတွက်လည်း မှန်ကန်လိမ့်မည်ဟူ၍ မဆိုနိုင်ပါ။ ပြည့်စုံမှုလည်း ပြည့်စုံပေမည်။ ယခု တင်ပြထားသော အဖြေများထက် ကောင်းသောနည်းလမ်းများ ရှိကောင်းရှိပေလိမ့်မည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဝေါဟာရများ

| | | |
|---|---|---|
| စိတ်ဝိညာဉ် | – | Mind, Spirit, Personality |
| စိတ်ဝိညာဉ်သုတေသန | – | Psychical Research, Parapsychology |
| တယ်လီပသီ | – | Telepathy, E.S.P. |
| တစ္ဆေ | – | Apparition, Ghost |
| ဒိဋ္ဌဓမ္မ | – | Fact, Reality |
| ဓာတ်စီး | – | Control |
| နတ်ဝင် | – | Medium |
| နိမိတ်မြင်မှု | – | Seeing Visions |
| ပရဝိညာဉ် | – | ESP, Extrasensory Perception; Telepathy |
| ဘဝင်စိတ် | – | Subconscious |
| ဘဝင်ကျနေမှု | – | Trance |
| မသိစိတ် | – | Unconscious |
| လူသေလူပြန်ဖြစ်မှု | – | Reincarnation |
| အကြားအမြင်ရပုဂ္ဂိုလ် | – | Clairvoyant, Sensitive |
| အတိတ်ထင်မြင်လာမှု | – | Retrocognition |
| အော်တိုမက်တစ်စာပေ | – | Automatic Writing |
| အာရုံထင်မှု | – | Hallucination |
| အတိတ်လို့လို့ထင်လာမှု | – | de javu |
| အနာဂတ်ကိုမြင်မှု | – | Precognition |
| အပမှီခိုရမှု | – | Possession |

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# မှီငြမ်းပြုသော စာအုပ်များ


| | | |
|---|---|---|
| 1. | Broad, C.D. | Lectures on Psychical Raearch |
| 2. | Bernstein, Morey. | The Search for Bridey Murphy |
| 3. | Carrington., W.W. | Art. "Survival of Death" in Chamber's Encylopaedia |
| 4. | David-Neel, Alexandra | Magic and Mystery in Tibet |
| 5. | Ducasse, C.J. | A Critical Examination of the Belief in a Life after Death |
| 6. | Ebon, Martin. | The Evidence for Life after Death |
| 7. | Eysenck, H.J. | Sense and Nonsense in Pyschology |
| 8. | Kelsy, Denys and Joan Grant. | Many Lifetimes |
| 9. | Evans-Wentz, Dr.W.Y, | The Tibetan Book of the Dead |
| 10. | Langdon-Davies. | On the Nature of Man |
| 11. | Kubler-Ross, Elisabeth. | On Death and Dying |
| 12. | Muller, Dewitt. | Reincarnation |
| 13. | Myers, F.W.H. | Human Personality and its Survival of Death |
| 14. | Murphy, Gardener. | Three Papers on Survival Problem |
| 15. | Moody, Raymond. | Life after Life |
| 16. | Moody, Raymond. | Reflections on Life after Life |
| 17. | Osis, Karlis. | Deathbed Observations by Physicians and Nurses |
| 18. | Osis, Karlis and Haraldsson, E. | At the Hour of Death |
| 19. | Ring, Dr. Kenneth | Life at Death |
| 20. | Rosher, Grace. | Beyound the Horizon |
| 21. | Smith, Susy. | The Enigma of out-of-the-Body Travel |
| 22. | Stevenson, Ian. | Twenty Cases Suggestive of Reincarnation |
| 23. | Stevenson, Ian. | The Explanatory Value of the Idea of Reincarnation |
| 24. | Stevenson, Ian. | Some Questions Related to cases of reincarnation Type |
| 25. | Stevenson, Ian. | The Evidence of Survival from Claimed memories of Former Incarnation |
| 26. | Stevenson, Ian. | Some Psychological Principles Relevaent To Research in Survival |
| 27. | Stevenson, Ian. | Some Implications of Parapsychological Research on Survival after Death |
| 28. | Stevenson, Ian. | Research into the Evidence of Man's Survival after Death |




www.burmeseclassic.com